အမရပူရ

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

အမှတ် (၂၇) ကျမ်းစာ

အင္ဌသာလိနီဘာသာဋီကာ

နှင့်

မူလဋီကာနိဿယ

(တတိယအုပ်)

အင္ဌသာလိနီအင္ဌကထာကို နိဿယအဓိပ္ပာယ်

စုံလင်စွာ တန်ဆာဆင်ထားပါသည်။



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန

သာသနာ ၂၅၄၆ ကောဇာ ၁၃၄၄ ဇန္ဓဝါရီလ ၁၉၈၃

စာကြည့်ခန်း

၁၂၄၅

၁၉၃၇၉

အရှင်ဇနကာဘိဝံသ

၏

အမှတ် (၂၇) ကျမ်းစာ

အဌသာလိနီဘာသာဋီကာ

[နောက်ပိုင်း၌ မူလဋီကာနိဿယနှင့် တွဲထားပါသည်။]

တတိယအုပ်



ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန

သာသနာ—၂၅၂၆ ကောဇာ—[illegible] ခရစ်—၁၉၈၃
အဌသာလိနီ (ဂ) စာ

ဒုတိယအကြိမ်

—

အုပ်ရေ - ၃၀၀၀

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနအတွက် ဦးတင်မောင် (ဝ၂၅၆-မြ) စာပေပေါင်းကူး စာပုံနှိပ်တိုက်၊ အမှတ် ၉၀ အော့, ဘီ၊ ဝဇယန္တာလမ်း၊ (ဂ)-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန် (ဖုန်း-၅၅၉၁၅) က ပုံနှိပ်၍၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင် (ဝ၂၅၂၇) က ထုတ်ဝေသည်။



မှတ်ဖွယ် အကွရာစဉ် မာတိကာ

အကွရာစဉ်		စာမျက်နှာ
အင်္ဂဝိဇ္ဇာပါဌကော	....	.... ၅၅
အညာဏုပေက္ခာ	....	.... ၄၃
အညာတာဝိန္ဒြိယ်	....	.... ၃၄၅
အညိန္ဒြိယ်	....	.... ၂၀၄
အတ္တဘာဝ၏ ဝိဂ္ဂဟ	....	.... ၃၅၆
အဓိကာရ	....	.... ၁၄
အဓိမုစ္စနဌေန	....	.... ၃၅
အနညာတညဿာမီတိန္ဒြေ	....	.... ၁၄၂
အနညာတံ၏ ကံ	....	.... ၁၃၅
အနန္တန္တိမနသိကာတဗ္ဗ	....	.... ၉၄
အနဘိသမယော	....	.... ၂၄၅
အနူပဒမ္မေဝိပဿနာ	....	.... ၁၀၆
အနူပ ပရိက္ခာ	....	.... ၂၃၃
အနေကေ (ကာ)	....	.... ၅၅
အပစ္စက္ခကမ္မံ	....	.... ၂၄၃
အပဏ္ဏကဏ် အနက်	....	.... ၄၉၁
အပဏိဟိတ	....	.... ၁၅၃
အပ္ပမညာ	....	.... ၆၁
အဘိဘာယတန	....	.... ၂၃
အဘိသခ်ါရ ဝိညာဏ	....	.... ၁၉၅
အယာထာဝဒိဋ္ဌိ	....	.... ၂၂၈
အရတိဝိဃာတ	....	.... ၄၆
အရူပသမာပတ်၏ အကျိုး	....	.... ၄၄၉
အသတိယစိတ္တေ	....	.... ၂၃၄
အသနိပါတောဝိယ	....	.... ၂၅၃
အသမ္မောဓော	....	.... ၂၄၆
အသုစိမဏ္ဍပေလဂ္ဂေါ	....	.... ၁၁၂
အသု (အဿု) ရောပေါ	....	.... ၂၆၁
အာဂန္တုကဘဝင်ဌ် မှတ်ဖွယ်	....	.... ၃၁၈
အာဂမနဝသေနပိ	....	.... ၁၆
အာဒါသမဏ္ဍလံ	....	.... ၄၂၅
အာဘိသမာစာရိကဝတ္တံ	....	.... ၃၅၂
အာယသ္မာ သာရိပုတ္တောအပိ	....	.... ၁၀၅
အာရတ (တိ) ဝိရတ (တိ)	....	.... ၃၄၃
အာရတိ စသည်	....	.... ၁၄၅

အာရဗ္ဘနှင့် အာရမဏ	....	.... ၃၉၈
အာရုံတခုက ဒွါရ ၂-ပါးထင်	....	.... ၃၂၁
အာသပ္ပနာ	....	.... ၂၆၇
ဥဒ္ဓစ္စစိတ်နှင့် အပါယ်ပဋိသန္ဓေ	....	.... ၂၇၁
ဥဒ္ဓစ္စ ဝိစိကိစ္ဆာစိတ်	....	.... ၂၆၉
ဥဒ္ဓုမာတက်	....	.... ၆၄
ဥပါယ, ဟေတု, ကာရဏ	....	.... ၇၆
ဥပေက္ခာ၏ အဝေး အနီးရန်	....	.... ၅၄
ဥမာပုပ္ပသမာန်	....	.... ၄၂၁
ဥသဒကိတ္တန မှတ်ချက်	....	.... ၂၉၁
ဥဿာရဏာယ	....	.... ၂၅၃
ဦးကာသိရမတ္တံ	....	.... ၃၉၂
ဧကံ ဘဝံ	....	.... ၁၉၃
ဧကန် အဝိနိဘုတ္တ	....	.... ၄၂၀
ကခ်ါယနာ	....	.... ၂၆၅
ကဋ္ဌုကဋ္ဌုကတာ	....	.... ၂၅၉
ကဋ္ဌမုခစသော မြွေ ၄-မျိုး	....	.... ၃၆၈
ကတတ္တာ, ဥပစိတတ္တာ	....	.... ၂၇၃,၄
ကန္တာရ	....	.... ၂၄၁
ကမ္ဘာမြေကြီး၏ ပုံသဏ္ဌာန်	....	.... ၅၆၁
ကမ္ဘဒွါရာနိ	....	.... ၁၂၁
ကရုဏာ၏ အနီး အဝေးရန်	....	.... ၅၁
ကရုဏာ၏ စစနတ္ထ	....	.... ၄၄
ကသိဏုဂ္ဆါဋိမ	....	.... ၉၁,၉၃
ကသိုဏ်း ၈-ပါးသာ ဟောတော်မူ	....	.... ၂၂
ကိသ္မိဉ္စိ ပရိယာယေ	....	.... ၅၉
ကုက္ကုစ္စံ	....	.... ၂၆၀
ကုမဂ္ဂ	....	.... ၂၄၃
ကုသလာနူဂတိကံ	....	.... ၃၄၀
ကုဟနဝတ္ထု	....	.... ၁၅၂
ကေနဋ္ဌေန	....	.... ၃၅
ကောဌာသပုဒ်အနက်	....	.... ၃၅၉
ကောတုဟလမင်္ဂလာဒိ	....	.... ၂၂၇
ခိပ္ပနိသန္တိဘာဝေါ	....	.... ၂၆
ဂဏနသင်္ဟဋ္ဌ မှတ်ဖွယ်	....	.... ၃၈၆
ဂဟဏိ (ဝမ်းမီး)	....	.... ၂၈
ဂဟန	....	.... ၂၄၁
ဂါမိလော (ရွာသားကလေး)	....	.... ၃၂၀

ဂုဋ္ဌ, ဖာဏိတ, သက္ကရ	...	.... ၈၇
ဂေဟသိတ	....	.... ၅၀
ဂေါတ္တစရဏာနီ	....	.... ၁၂၁
ကျောလောကစသည်	....	.... ၃၂၇
ကျေ ၅-မျိုး	....	.... ၃၀၇
စကျေ့ဝိညာဏ်၌ ကျေ့အကျိုး	....	.... ၂၇၄
ငလျှိုက်ကံ	....	.... ၂၆၁
စတုဝေသာရဇ္ဇံဉာဏ်	....	.... ၂၀
စလတိ (ပဋိပဒါ)	....	.... ၁၉၆
ဇိတ္တသေ စိတ္တာဓိပတေယျ	....	.... ၁၂၂
ဆန္ဒစသည်မှ တပါး၌ အဓိပတိမရ	....	.... ၄၀၅
ဆမ္ဘိတတ်ံ	....	.... ၂၆၃
တတ္ထ (တထာ) ဟိနသ္မိံ	....	.... ၁၂၀
တဒနုဓမ္မတာသတိ	....	.... ၁၅
တိတ္ထာယတနံ	....	.... ၂၄၄
တေလဉ္ဇနရောဂေါ	....	.... ၂၃၁
ထိနံ, မိဒ္ဓံ	....	.... ၂၅၀
ဒသဗလဉာဏ်	....	.... ၂၀
ဒါသဗျံ	....	.... ၂၆၀
ဒိဋ္ဌဂတ၏ အနက် ၃-မျိုး	....	.... ၁၂၉
ဒိဋ္ဌဂတာနံ	....	.... ၁၂၃
ဒိဋ္ဌနှင့်မာန စူပုံ	....	.... ၄၀၆
ဒီဃရဿစသော အခေါ်	....	.... ၄၂၃
ဒုက္ခပ္ပဋိပဒါ စသည်	....	.... ၁၀
ဒုက္ခပ္ပဋိပဒါ(လောကုတ္တရာအတွက်)	....	.... ၄၃၂
ဒုဋ္ဌံ(ဒုဋ္ဌု)မနော	....	.... ၂၅၅
ဒုမဇံ	....	.... ၂၄၃
ဒွေဘဝေ	....	.... ၁၉၃
ဒွေဠှကံ	....	.... ၂၆၆
နာရာယန ဝိရာဇန	....	.... ၂၅၂
နိကန္တိခဏ ယူပုံတမျိုး	....	.... ၅၁၉
နိဒ္ဒေါသ ဘာဝ (ခြင်္ဂာ)	....	.... ၅၃
နိဗ္ဗာယေန	....	.... ၅၀
နိယာမ ၅-ပါး	....	.... ၃၀၃
နိယျာနိကံ	....	.... ၁၂၆
နိလ္လောလုပ္ပစာရော	....	.... ၆၉
ပကိဏ္ဏက ကထာ	....	.... ၄၂
ပစလာယသိနော	....	.... ၁၉၃

ပစလာယိကာ	....	....	၂၅၁
ပစ္စနီက	....	....	၁၆၄
ပဋ္ဌကနည်း, စဘုက္ကနည်း	....	....	၂
ပဋ္ဌကနည်း ဒုတိယချာန်	....	....	၄၃၁
ပဋ္ဌဝဏ္ဏာနံ၌ ဝဏ္ဏအနက်	....	—	၄၁၈
ပဋိစသညာနံ	....	....	၈၀
ပဋိပက္ခ	....	....	၁၆၄
ပဋိပတ္တိအန္တရာယ်ပြုတရား	....	....	၂၆၄
ပဘိဟာရ (တံခါးစောင့်)	....	....	၃၂၂
ပဘိန္ဒ ပဋိသမ္ဘိဒေါ	....	....	၂၀
ပရာယတ္တ (သောဓနေ+အာယတ္တ)	....	....	၄၉၄
ပရိဏာမ	....	....	၁၆၉
ပရိဏာယကဋ္ဌ	....	....	၃၉၅
ပဝတ္တိဋ္ဌိတိမတ္တကမေဝ	....	....	၂၆၅
ပဟာနသံဝရ	....	....	၂၂၆
ပါသာဒတလသာဋ္ဌိကာ	....	....	၁၁၀
ပါဋ္ဌိတော်ပါဋ္ဌ စိစစ်	....	....	၁၁၈
ပိဋ္ဌိဘဝင်	....	....	၃၀၀
ပီဌသပ္ပိ	....	....	၃၂၅
ပုပ္ပဆဋ္ဌက၏ အကျိုးမြင်	....	....	၇၂
ဗောဇ္ဈင် (ဗောဓိ+အင်)	....	....	၁၃၈
ဗျာပါဒေါ	....	....	၂၅၈
ဗြဟ္မုတ္တမေန	....	....	၄၂
ဘင်မတ္တမ္ပိ နတ္ထိ	....	....	၉၈
ဘတ္တဝမိုစာကံ	....	....	၃၀
ဘသ္တာ (တြာ)	....	....	၆၃
ဘာဝေတိ ဝမေုတိ	....	....	၁၂၆
ဘုရားအလောင်း၏ ပဋိသန္ဓေစိတ်	....	....	၂၈၈
ဘူမိလဒ္ဓ ဝဋ္ဌသေတု သမုဂ္ဂါတ	....	....	၁၉၀
မဂ္ဂဝုဋ္ဌာနံ	....	....	၁၅၅
မန္ဒထာမဂတ	....	....	၃၃၀
မနောဝေဋ္ဌ ဝေ၏ မတ္တအနက်	....	....	၂၈၀
မဟဂ္ဃသော	....	....	၃၀
မဟာဂဇံနာမ	....	....	၃၅၅
မဟာတိဿ၏ အဋ္ဌိက ကမ္မဋ္ဌာန်း	....	....	၇၃
မဟာဘူတာနိ အဖွင့်	....	....	၃၆၁
မဟာဝိပါက်၌ ကမ္မဒွါရစသော အပြားမရှိခြင်းအကြောင်း		....	၂၈၅
မဟာဝိပါက်၌ သခ်ါရအပြား	....	....	၂၈၆

မာန၏ ဒိဋ္ဌိအရာ၌ စာည်ပုံ	....	....	၂၀၈
မိခင်ဥပမာနှင့်ဗြဟ္မဝိဟာရ	....	....	၅၉
မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း	....	....	၂၂၅
မိစ္ဆာဓိမောက္ခ	—	....	၂၃၄
မုဒိတာ၏အနီးအဝေးရန်	....	—	၅၂
မုဒိတာ၏ ဝစနတ္ထ	....	....	၄၄
မူလဝိဘင်္ဂ	—	—	၂၉၈
မေတ္တာ၏ အနီးအဝေးရန်	....	....	၄၉
မေတ္တာ၏ ဝစနတ္ထ	....	....	၄၃
မွေးပြီး နဲနဲကြီးမှ တဒါရုံဖြစ်	....	....	၂၉၅
ရာဂစရိတဘေဒ	—	—	၇၀
ရူပသညာနံ	—	—	၇၇
ရောဂိနောဏ် အန်ဆေးအကျိုး	....	—	၇၃
လက္ခဏာရမဏော	....	—	၁၆၇
လဂ္ဂီ	—	....	၂၄၈
လဗိမာန်မှတ်ချက်	....	....	၄၂၅
လီန,ပတိဋ္ဌာန,အာယူဟန	....	....	၁၃၈
လောကနာသကအနက်	....	—	၂၃၉
လောကုတ္တရာ၏ ဝစနတ္ထ	....	....	၁၂၅
လောလုပ္ပတဏ္ဍာ	....	....	၃၅၂
လောဟိတက် စသည်	....	....	၆၇
ဝစီဒုစ္စရိတေဟိ	....	—	၁၄၄
ဝဏ္ဏနိဘာ	....	....	၄၂၁
ဝဋ္ဌဋ္ဌနက ပဝတ္တိ	....	....	၃၅၁
ဝဋ္ဌဋ္ဌနဋ္ဌ	....	—	၃၉၆
ဝါတပုပ္ပံ	—	....	၃၄၉
ဝိက္ခာယိတက်	....	....	၆၆
ဝိစ္ဆိဒ္ဒက်	....	....	၆၅
ဝိဓာ၏ အနက်များ	....	....	၃၈၃
ဝိနီလက်	—	....	၆၅
ဝိပရိယာသ	—	....	၂၄၄
ဝိပွလ္လတ္ထဂ္ဂါဟော	....	....	၂၄၄
ဝိပုပ္ပက်	....	....	၆၅
ဝိမာနံ	....	....	၄၂၄
ဝိမောက္ခ	....	....	၁၅၈
ဝိရတိ ၃ ပါး၏ အနက်ပြ	....	....	၁၃၆
ဝိသပွနရသော	....	....	၂၅၇
ဝိသပွနရသော	....	....	၄၉၃

ဝိသယ, ဂေါစရ	....	....	၄၂၇
ဝိသသံသဋ္ဌ ပူတိမုတ္တ	....	....	၂၅၃
ဝိသုကာယိက်ိ	....	....	၂၄၂
ဝုဋ္ဌော ၂ ကြိမ် ၃ ကြိမ် မသင့်	....	....	၅၂၃
ဝေရမဏိ	....	....	၁၄၅
ဝေလာ အနတိက္ကံမော	....	....	၁၄၃
သက္ကရာ, သက္ခရာ	....	....	၈၈
သက္ကာယဒိဋ္ဌိနှင့် သီလဗ္ဗတပရာမာသ	....	....	၁၂၈
သခ်ါရာရမဏ	....	....	၁၆၃
သခ်ါရာဝသေသ သမာပတ္တိ	....	....	၁၀၁
သင်္ဂဟသဒ္ဓါ၏ အနက်များ	....	....	၃၈၄
သဂုဏ	....	....	၁၆၃
သတ္တဘဝေ	....	....	၁၉၂
သတ္တမဇော၏အစွမ်း	....	....	၄၈၁
သတိသံဝရ	....	....	၂၂၆
သမ္ပတ္တ, အသမ္ပတ္တ ဂေါစရ	....	....	၄၁၀
သမ္ပန္နဂဟဏိကော	....	....	၂၈
သဗ္ဗ ၂ မျိုး	....	....	၃၃၈
သဘာဝ	....	....	၁၆၃
သမ္ဘာဝေတွာ၏အနက်	....	....	၆၀
သမ္ဘာအာဇီဝ၏ ဝေါဒါန	....	....	၄၆၄
သမာပန္န, ဥပပန္န	....	....	၈၀
သမ္မာဝါစာ၏ သိမ်းသွင်းပုံ	....	....	၄၆၃
သရသ	....	....	၁၆၃
သရီရသဘာဝပတ္တိ	....	....	၆၉
သဝိဂ္ဂဟ, သနိမိတ္တ	....	....	၁၆၀
သိတံ ပါတွာကာသိ	....	....	၃၅၃
သုညဲ, သုညတ	....	....	၁၅၄
သူနဘာဝေန	....	....	၆၃
သေဋ္ဌတ္ထေန (ဗြဟ္မ)	....	....	၅၃
သေမှော ဂုဋ္ဌော	....	....	၂၃၃
သောတပတိဘအဓိပ္ပါယ်	....	....	၅၀၉
သံသယော	....	....	၂၆၃
ဟတဝိက္ခိတ္တကံ	....	....	၆၃
ဟရိဝဏ္ဏ (သဒ္ဒလ)	....	....	၄၂၂
ဟီနကုသိုလ် စသည်အခွဲ	....	....	၁၁၆
ဟေတု ၄ မျိုး	..	....	၃၃၉

အဌသာလိနီအဌကထာ

ဘာသာဋီကာ

ရူပကုသိုလ် ပဋ္ဌကနည်း

ဣဒါနိ-စတုက္ကနည်းကို အားထုတ်တော်မူပြီးရာ ယခုအခါ၌၊ ကတမေ ဓမ္မာ ကုသလာတိ-အစရှိသော၊ ပဋ္ဌကနယော-ပဋ္ဌကနည်းကို၊ (ဘဂဝတာ) အာရဒ္ဓေါ - အားထုတ်တော်မူအပ်ပြီ၊ ကသ္မာ-ကြောင့်၊ (ပဋ္ဌကနယော ဘဂဝတာ အာရဒ္ဓေါ-နည်း၊) ဣတိစေ-ဤသို့မေးအံ့၊ ပုဂ္ဂလဗျာသယဝသေန စေဝ-ပုဂ္ဂလဗျာသယ၏ အစွမ်းကြောင့်လည်းကောင်း၊ ဝါ-အဘိဓမ္မာတရားကို နာယူကြသောနတ်ဗြဟ္မာပုဂ္ဂိုလ်တို့၏အလိုဆန္ဒ၏အစွမ်းကြောင့်လည်းကောင်း၊ ဒေသနာဝိလာသေနစ-ဒေသနာဝိလာသကြောင့်လည်းကောင်း၊ ဝါ-ဒေသနာ တော်ကို တင့်တယ် စံပယ်စေတတ်သော ဉာဏ်တော်၏အစွမ်းကြောင့်လည်း ကောင်း၊ [ကသ္မာကို ကြည့်၍ ဟိတ်အနက်ပေးလိုက်သည်၊] (ပဋ္ဌကနယော ဘဂဝတာ အာရဒ္ဓေါ-ပြီ။)

ကိရ-ချဲဦးအံ့၊ သန္ဒိသိန္ဒဒေဝ ပရိသာယ - တပေါင်းတည်း ထိုင်နေသော နတ်ဗြဟ္မာပရိသတ်တွင်၊ ကေစွာနံ-အချိုကုန်သော၊ ဒေဝါနံ-နတ်ဗြဟ္မာတို့အား၊ ဝါ - နတ် ဗြဟ္မာတို့၏ စိတ်၌၊ (ဥပဋ္ဌာသိ၌စပ်၊) ဝိတက္ကောဧဝ - သည်သာ၊ သြဋ္ဌာရိကတော-ကြမ်းတမ်းသည်၏အဖြစ်ဖြင့်၊ ဥပဋ္ဌာသိ-ထင်လာပြီ၊ ဝိစာရပီတိ သုခ စိတ္တေကဂ္ဂတာ - ဝိစာရ, ပီတိ, သုခ, စိတ္တေကဂ္ဂတာတို့သည်၊ သန္တတော-ငြိမ်သက်ကုန်သည်၏ အဖြစ်ဖြင့်၊ (ဥပဋ္ဌာသုံ-ထင်လာကုန်ပြီ၊) တေသံ-ထိုနတ် ဗြဟ္မာတို့အား၊ သပ္ပာယဝသေန-လျောက်ပတ်သည်၏အစွမ်းဖြင့်၊ သတ္ထာ-သည်၊ စတုရဏ်ကံ-၄ ပါးသောအင်္ဂါရှိသော၊ အဝိတက္ကံ-ဝိတက်မရှိသော၊ ဝိစာရမတ္တံ-ဝိစာရမျှသာရှိသော၊ ဒုတိယဗျာနံ နာမ-ဒုတိယစျာန်မည်သည်ကို၊ ဘာဇေသိ-ဝေဖန်တော်မူပြီ၊ ကေစွာနံ-အချိုသော နတ်ဗြဟ္မာတို့အား၊ ဝါ-၌၊ ဝိစာရော-သည်၊ သြဋ္ဌာရိကတော ဥပဋ္ဌာသိ၊ ပီတိသုခစိတ္တေကဂ္ဂတာ-တို့သည်၊ သန္တတော-ဖြင့်၊ (ဥပဋ္ဌာသုံ)၊ တေသံ-ထိုနတ်ဗြဟ္မာတို့အား၊ သပ္ပာယဝသေန-ဖြင့်၊ တိဝဏ်ကံ-၃ ပါးသောအင်္ဂါရှိသော၊ တတိယဗျာနံနာမ-ကို၊ ဘာဇေသိ၊ ကေစွာနံ-တို့အား၊ ဝါ-၌၊ ပီတိ-သည်၊ သြဋ္ဌာရိကတော ဥပဋ္ဌာသိ၊ သုခစိတ္တေကဂ္ဂတာ သန္တတော (ဥပဋ္ဌာသုံ)၊ တေသံ-တို့အား၊ သပ္ပာယဝသေန-ဖြင့်၊ ဒုဝဏ်ကံ-၂ ပါးသော

အင်္ဂါရှိသော၊ စတုတ္ထဈာနံ နာမ-ကို၊ ဘာဇေသိ-ကေစ္စာနံ, သုခံ-သည်၊ ဩဋ္ဌာရိကတော ဥပဋ္ဌာသိ၊ ဥပေက္ခာ စိတ္တေ ကဂ္ဂတာ-တို့သည်၊ သန္တတော, (ဥပဋ္ဌာသုံ)၊ တေသံ, သပ္ပါယဝသေန-ဖြင့်၊ ဒုဝင်္ဂိကံ-သော၊ "ဒုဝင်္ဂိကမေဝ" ဟု ရှိလျှင်ကောင်း၊ နောက်၌ရှိလတ္တံ.။] ပဉ္စမဈာနံနာမ-ကို၊ ဘာဇေသိ၊ အယံ-ဤ ဆိုအပ်ပြီးကား၊ တာဝ-ဒေသနာ ဝိလာသမှရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌော)ပုဂ္ဂလဈာ-သယော-တည်း၊ (အဘိဓမ္မာတရားကို နာယူကြသော နတ်ဗြဟ္မာပုဂ္ဂိုလ်တို့၏ အလိုဆန္ဒ ကွဲပြားပုံတည်း။)

ပန-ကား၊ ယဿာ ဓမ္မဓာတုယာ-အကြင်သဗ္ဗညုတဉာဏ်မြတ် ဓမ္မဓာတ်၏၊ ဝါ-ကို၊ သုပ္ပဋိဝိဒ္ဓတ္တာ-ကောင်းစွာ ထိုးထွင်း၍ သိတော်မူအပ်ပြီး၏ အဖြစ်ကြောင့်၊ ဒေသနာ-ဒေသနာတော်သည်၊ ဝိလာသပ္ပတ္တာ နာမ-တင့်တယ် စမ္ပယ်ခြင်းသို့ ရောက်သည်မည်သည်၊ ဟောတိ-ဖြစ်၏၊ သာ(ဓမ္မဓာတု)-ထို သဗ္ဗညုတဉာဏ်မြတ် ဓမ္မဓာတ်ကို၊ တထာဂတဿ-မြတ်စွာဘုရားသည်၊ သုဋ္ဌု-ကောင်းစွာ၊

ယဿာ ဓမ္မဓာတုယာ။ ။ဓမ္မဓာတုယာကို "သဗ္ဗညုတဉာဏဿ"ဟု ဋီကာဖွင့်၏၊ ဓမ္မဓာတ်တရားအများတို့တွင် ဤနေရာ၌ သဗ္ဗညုတဉာဏ်ဟူသော ဓမ္မဓာတ်ကို ယူပါ-ဟူလို၊ "ဓမ္မေ-သိသင့်သိထိုက်သော ဉေယျတရားတို့ကို၊ ဓာရေတိ-ဆောင်ရွက်သိမှတ်တတ်၏၊ ဣတိ, ဓမ္မဓာတု"ဟု ပြု၊ ယင်းဉာဏ်တော်ဖြင့် ဒေသေတဗ္ဗ ဓမ္မတို့၏ ဟောထိုက်သော အထူးအပြားကိုလည်း သိတော်မူ၏၊ ထိုအပြားအားလျော်စွာ ဟောပြောမှုဒေသနာကိုလည်း သတ်မှတ်တော်မူနိုင်၏၊ [ပဏာမဂါထာ၌ပြခဲ့သော သဗ္ဗညုတဉာဏ်၏အစွမ်း ၃ ပါးတွင်"ဒေသေတဗ္ဗပကာရဇာနန"ဟူသောအစွမ်းကို ဆိုလိုသည်။]

ဒေသနာ ဝိလာသပ္ပတ္တာနာမ။ ။[ဝိလာသ၏ အနက်ကို ဟေတု သမ္ပယုတ္တ ဒုက်အဖွင့်၌ ပြခဲ့ပြီ၊] ထိုဒေသေတဗ္ဗတရားတို့၏ အမျိုးမျိုးအဖုံဖုံ နည်းစုံအောင် သိတော်မူနိုင်ခြင်း, ထိုသို့ဟောထိုက်သောအပြားရှိသမျှကို ဟောပြတော်မူနိုင်ခြင်းကို "ဒေသနာ ဝိလာသ"ဟု ထိုဒုက်၌ ဋီကာဖွင့်ခဲ့ပြီ။["ဒေသနာ+ဝိလာသပ္ပတ္တာ နာမ, ဝိလာသပ္ပတ္တော နာမ"ဟု မူ ၂ မျိုး ရှိ၏၊ ရှေ့မူကို အနက်ပေးထားသည်။

မှတ်ချက်။ ။ပဉ္စကနည်း၌ ဒုတိယဈာန်သည် စတုက္ကနည်းဝယ် ဒုတိယဈာန်သို့ ဝင်၏၊ တတိယဈာန်ကား စတုက္ကနည်းက ဒုတိယဈာန်နှင့် ထပ်တူတည်း၊ ထို့ကြောင့် သင်္ဂြိုဟ်၌ တတိယဈာန်ကို "ဒုတိယဈာန်ဘုံ၌ အကျိုးပေး၏"ဟု ဆိုသည်၊ ဤသို့ ဒုတိယဈာန် တတိယဈာန် ၂ မျိုးလုံးက ဒုတိယဈာန်ဘုံ၌ အကျိုးပေးရသောကြောင့် ပဋိသန္ဓေသညာ ၂ မျိုးရှိနေရကား, သုတ္တန်ပါဋိတော်များ၌ ဒုတိယဈာန်ဘုံကို "နာနတ္တသညီ သတ္တဝါတို့၏နေရာဘုံဌာန"ဟု ဟောတော်မူသည်၊ သညာချင်းမတူသော်လည်း ခန္ဓာကိုယ်ပုံသဏ္ဌာန်မှာ အလုံးအရပ်တမျိုးတည်းသာ ဖြစ်သောကြောင့် ဒုတိယဈာန် ဗြဟ္မာများကို"ဧကတ္တကာယ သတ္တဝါ"ဟုလည်း ဆိုရသည်။[ဤဧကတ္တကာယနာနာတ္တသညီ သတ္တာဝါသနှင့်စပ်၍ အဓိပ္ပာယ်အကျယ်ကို သတ္တကအဂုံတ္တိုရ်-မဟာယညဝဂ်, ဝိညာဏ ဋိတိသုတ်၌လည်းကောင်း, နဝကအဂုံတ္တိုရ်-သတ္တဝါသဝဂ်-သတ္တဝါသသုတ်၌လည်းကောင်း ရှုပါ။]

ပဋိဝိဒ္ဓါ-ထိုးထွင်း၍ သိတော်မူအပ်ပြီ၊ [ဤသို့ ကောင်းစွာ ထိုး၍ ထွင်း၍ သိတော်မူနိုင်သည်ကိုပင် ရှေးနိဿယဌ္ဌ ''လုံမစောက် ထိုးထွင်း၍ သိတော်မူအပ်ပြီ''ဟု ပေးသည်၊ လုံမကြီးဖြင့် အောက်သို့ စောက်ထိုးစိုက်၍ ထိုးလိုက်ဆကဲ့သို့ ထိုးထွင်း၍သိတော်မူသည်-ဟူလို။] တသွာ-ကြောင့်၊ (ထိုသို့ သမ္မတုတ ဉာဏ်မြတ် ဓမ္မဓာတ်၏ ကောင်းစွာ ထိုးထွင်း၍ သိတော်မူအပ်ပြီး၏ အဖြစ်ကြောင့်၊) ဉာဏမဟတ္တတာယ-ဉာဏ်တော်၏ကြီးကျယ်သည်၏အဖြစ်ကြောင့်၊ ဒေသနာ ဝိဓာနေသု - ဒေသနာကို စီစဉ်ခြင်းတို့၌၊ (တရား ဆင်နည်းတို့၌၊) ကုသလော-ကျွမ်းကျင်တော်မူသော၊ဒေသနာ ဝိလာသပ္ပတ္တော-ဒေသနာတော်ကို တင့်တယ် စံပယ်စေတတ်သော ဉာဏ်တော်၏အစွမ်းသို့ရောက်တော်မူသော၊ သာတ္ထာ-သည်၊ ယံ ယံ အင်္ဂ-အကြင်အကြင် ဗျာန်အင်္ဂါကို၊ လဇ္ဇတိ၊ ရအပ်၏။ တသာ တသာ-ထိုထိုဗျာန်အင်္ဂါ၏၊ ဝသေန-ဖြင့်၊ ယထာ ယထာ-အကြင်အကြင် သို့သော အခြင်းအရာအားဖြင့်၊ (ဒေသနံ-ဒေသနာတော်ကို၊ နိယမေတုံ-ပိုင်းခြားသတ်မှတ်ဆုံးဖြတ်ခြင်းငှါ၊) ဣစ္ဆတိ-အလိုရှိဒတော်မူ၏၊ တထာ တထာ-ထိုထိုသို့သော အခြင်းအရာအားဖြင့်၊ ဒေသနံ-ကို၊ နိယမေတိ-ပိုင်းခြား သတ်မှတ်ဆုံးဖြတ်တော်မူ၏၊ဣတိ-ကြောင့်၊ သော-ထိုမြတ်စွာဘုရားသည်၊ ဣဓ-ဤပဋ္ဌက နည်းဌ္ဌ၊ ပဋ္ဌင်္ဂိကံ-၅ ပါးသောအင်္ဂါရှိသော၊ ပဌမဗျာနံ-ကို၊ ဘာဇေသိ၊ စတုရင်္ဂိကံ-သော၊ပေ၊ ဘာဇေသိ၊ တိဝင်္ဂိကံ,တတိယဗျာနံ-ကို၊ ဘာဇေသိ၊ဒုဝင်္ဂိကံ, စတုတ္ထဗျာနံ-ကို၊(ဘာဇေသိ၊) ဒုဝင်္ဂိကမေဝ-ဒုဝင်္ဂိကပင်ဖြစ်သော၊ပဉ္စမဗျာနံ-ကို၊ ဘာဇေသိ၊ အယံ-ဤသည်ကား၊ ဒေသနာ ဝိလာသောနာမ-မည်၏၊ (ဒေသနာကို ကင့်တယ်စံပယ်စေတတ်သော ဉာဏ်တော်၏အစွမ်း မည်၏။)

အပိစ-သည်သာမကသေး၊ ဘဂဝတာ-သည်၊ တဓေယော မေ ဘိက္ခဝေ၊ပေ၊ သမာဓိတ္တိ-ဟူ၍၊ သုတ္တန္တေ-၌၊ တဓေယော-နှ်သော၊ ယေ သမာဓိ-အကြင် သမာဓိတို့ကို၊ ဒေသိတာ-အပ်ကုန်ပြီ၊ တေသု-ထို ၃-ပါးသောသမာဓိတို့တွင်၊ ဟေဋ္ဌာ-အောက်စတုက္ကနည်းဌ္ဌ၊ သဝိတက္က သဝိစာရော - ဝိတက်နှင့်လည်း တကွဖြစ် ဝိစာရနှင့်လည်း တကွဖြစ်သော၊ သမာဓိ - ကိုလည်းကောင်း၊ [ပဌမဗျာန် သမာဓိကို ဆိုသည်၊] အဝိတက္က အဝိစာရော-ဝိတက်လည်းမရှိ ဝိစာရလည်းမရှိသော၊ သမာဓိ-ကိုလည်းကောင်း၊ [ဒုတိယဗျာန်စသော သမာဓိကို ဆိုသည်၊]

တဓေယော၊ပေ၊ ဘမာဓိ။ ။သုတ္တန်ပါဠိတော်များဌ္ဌ ပဋ္ဌက နည်းဟု တိုက်ရိုက်မဟောပါ၊သို့သော် သမာဓိ(ဗျာန်)၃ မျိုးကို ပြရာဌ္ဌ ''အဝိတက္ကဝိစာရမတ္တောသမာဓိ'' သည် ဤအဘိဓမ္မာပဋ္ဌကနည်းဌ္ဌ ပြအပ်သော ဒုတိယဗျာန်ပင်တည်း၊ ထို့ကြောင့် သုတ္တန်ပါဠိတော်များဌ္ဌ ပဋ္ဌကနည်းကို ထုတ်ပြနိုင်သည်သာဟု မှတ်ပါ။[နနု စ သုတ္တန္တေ စတ္တာရိယေဝ ဗျာနာနိ ဝိဘတ္တာနိတိ ပဋ္ဌကနယော နတ္ထိယေဝါတိ၊ န သဝိတက္က သဝိစာရော သမာဓိတိ အာဒိနာ သမာဓိတ္တယာပဒေသေန ပဋ္ဌကနယသ လဇ္ဇမာနတ္တာ၊-အနုဋီကာ။]

ဘာဇေတွာ - ဝေဖန်တော်မူ၍၊ ဒဿိတော - ပြတော်မူအပ်ပြီ၊ အဝိတက္ကဝိစာရမတ္တော - ဝိတက်ကား မရှိ ဝိစာရမျှသာရှိသော၊ (သမာဓိ-ကို၊) နဒဿိတော - ပြတော်မမူအပ်သေး၊ တံ-ထိုအဝိတက္က ဝိစာရမတ္တ သမာဓိကို၊ ဒဿေတုမ္ပိ - ပြတော်မူခြင်းငှါလည်း၊ အယံ ပဉ္ဇကနယော-ကို၊ (ဘဂဝတာ) အာရဒ္ဓေါ-ပြီ၊ ဣတိ, ဝေဒိတဗ္ဗော။

တတ္ထ-ထိုပဉ္ဇကနည်း၌၊ [ရှေကိုကြည့်၍ စွဲသည်၊ ယောဇနာ၌ "ဓတ္ထ-ထိုပဌမဈာန နိဒ္ဒေသ အစရှိသည်တို့တွင်" ဟု နောက်ကိုကြည့်၍ စွဲလေသည်၊] ဒုတိယဈာန နိဒ္ဒေသေ-၌၊ ဖဿာဒီသု-ဖဿအစရှိသောတရားတို့၌၊ ပရိဟာယတိ၌စပ်၊) ဝိတက္ကမတ္တံ-ဝိတက်မျှသည်၊ ပရိဟာယတိ - ယုတ်လျော့၏၊ [မတ္တဖြင့် ဝိစာရကို ကန့်၊ စတုက္ကနည်းတုန်းက ဒုတိယဈာန နိဒ္ဒေသဝယ် ဝိတက် ဝိစာရ ၂ ပါးလုံးယုတ်လျော့သော်လည်း ဤပဉ္ဇကနည်းဝယ် ဒုတိယဈာန နိဒ္ဒေသ၌ ဝိတက်သာ ယုတ်လျော့သည်-ဟူလို၊] ကောဌာသဝါရေ-၌၊ စတုရင်္ဂိကံ ဈာနံ ဟောတိ၊ (စတုရင်္ဂိကော မဂ္ဂေါ ဟောတိတိ-ဟူ၍၊) အယမေဝ-ဤပါဋ္ဌိရပ်သည်သာ၊ ဝိသေသော-ထူး၏၊ သေသံ-သော၊ သဗ္ဗံ-အလုံးစုံသော အစီ အရင်သည်၊ ပဌမဈာနသဒိသမေဝ-တူသည်သာ။

စ-ဆက်၊ စတုက္ကနယေ-၌၊ ယာနိ ဒုတိယ တတိယ စတုတ္ထာနိ-အကြင်ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့သည်၊ (သန္တိ)၊ တာနေဝ-ထိုဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်တို့သည်ပင်၊ ဣဓ-ဤပဉ္ဇကနည်း၌၊ တတိယ စတုတ္ထ ပဉ္ဇမာနိ-တို့သည်၊ (ဟောန္တိ)၊ တေသံ-ထိုဈာန်တို့ကို၊ အဓိဂမပဋိပါဋိဒီပနတ္ထံ-ရခြင်း၏ အစဉ်ကို ပြခြင်းအကျိုးငှါ၊ အယံ နယော, ဝေဒိတဗ္ဗော၊ ကိရ-ချဲ၊ (တနည်း) ကိရ-ပါဒကမှတပါး ပါဒကဝန္တကို ဆိုဦးအံ့၊ ဇကော-တယောက်သော၊ အမစ္စပုတ္တော-အမတ်သားသည်၊ ရာဇာနံ-ကို၊ ဥပဌာတုံ-ဆည်းကပ်ခြင်းငှါ၊ ဇနပဒတော-မှ၊ နဂရံ-သို့၊ အာဂတော-လာပြီ၊ သော-ထိုအမတ်သားသည်၊ ဇကဒိဝသမေဝ-တနေ့တည်း၌ပင်၊ (ရောက်ရာတနေ့တည်း၌ပင်) ရာဇာနံ-ကို၊ဒိသွာ-တွေ့ပြီး၍၊ပါနဗျသနေန-စီးပွားချမ်းသာကို ဖျက်ဆီးတတ်သော သောက်ဖွယ်ဖြင့်၊ ဝါ-သေရည် အရက်ဖြင့်၊ [နာသေသိ၌ ကရိုဏ်း၊ ရှေးနိဿယ၌ ဟိတ်အနက် ပေး၏။[သဗ္ဗံ-သော၊ ဝိဘဝဇာတံ - စည်းစိမ် ဥစ္စာအပေါင်းကို၊ နာသေသိ-ဖျက်ဆီးပြီ၊ ဇကဒိဝသံ-တနေ့သ၌၊ သုရာမဒမတ္တံ-

---

အယမေဝ ဝိသေသော။ ။စတုက္ကနည်း၏ ဒုတိယဈာန နိဒ္ဒေသ၌ ဝိတက် ဝိစာရ ၂ ပါးလုံးမပါသောကြောင့် "တိဝင်္ဂိကံ ဈာနံ"ဟု ရှိခဲ့၏၊ ဤပဉ္ဇကနည်းဒုတိယဈာန နိဒ္ဒေသ၌ ဝိတက်သာမပါသောကြောင့် "စတုရင်္ဂိကံ ဈာနံ"ဟု ရှိရသည်၊ ဤသို့ ဈာန်အတွက်သာ ထူး၏၊ မဂ္ဂအတွက်ကား မထူး၊ ထို့ကြောင့်"စတုရင်္ဂိကံ ဈာနံ ဟောတိ" ဟုသာ ရှိသင့်၏၊ "စတုရင်္ဂိကော မဂ္ဂေါ ဟောတိ"ကား ပိုဟန်တူသည်။

မူးရစ်ကြောင်း အရက်ဖြင့် မူးရစ်နေသော၊ တံ-ထို အမတ်သားကို၊ နိစ္စောဋ္ဌံ-အဝတ်မရှိအောင်၊ ကတ္ဒာ-၍၊ ဇိဏ္ဏကဋ္ဌသာရကမတ္တေန- စုတ်ပြတ် ဆွေးမြေ့သော သင်ဖြူးမျှဖြင့်၊ ပဋိစ္ဆာဒေတ္ဒာ- ဖုံးအုပ်၍၊ ပါနာဂါရတော- အရက်ဆိုင်မှ၊ နီဟရိ ံသု- ထုတ်ပစ်ကြကုန်ပြီ၊ တမေနံ- ထို အရက်သမား အမတ်သားကို၊ သက်ာရကူဋ္ဌေ- အမှိုက်ပုံပေါ်၌၊ နိပဇ္ဇိတ္ဒာ- လဲလျောင်း၍၊ နိဒ္ဒါယန္တံ-အိပ်ပျော်နေသည်ကို၊ ဧကော-သော၊ အင်္ဂဝိဇ္ဇာ ပါဌကော- အင်္ဂဝိဇ္ဇာကျမ်းကို ရွတ်ဖတ်တတ်သော ဆရာသည်၊ (အင်္ဂဝိဇ္ဇာကျမ်းကို တတ်သောဆရာသည်)၊ ဒိသ္ဒာ-မြင်၍၊ အယံ ပုရိသော-သည်၊ မဟာဇနဿ-များစွာသော လူအပေါင်း၏၊ အဂဿယော- မှီခိုရာသည်၊ ဘဝိဿတိ- ဖြစ်လိမ့်မည်၊ ဧသော- ဤယောကျ်ားကို၊ ပဋိဇဂ္ဂိတဗ္ဗော- စောင့်ရှောက်ထိုက်၏၊ ဣတိ-သို့၊ သန္နိဋ္ဌာနံ-ဆုံးဖြတ်ခြင်းကို၊ကတ္ဒာ,မတ္တိကာယ-မြေညက်ဖြင့်၊နှာပေတ္ဒာ-ရေချိုးစေပြီး၍၊ ထူလသာဋ္ဌကယုဂံ- ထူထဲသော အဝတ်အစုံကို၊ နိဝါသာပေတ္ဒာ- ဝတ်စေပြီး၍၊ ပုန- တဖန်၊ ဂန္ဓောဒကေန- နံ့သာရေဖြင့်၊ နှာပေတ္ဒာ-ရေချိုးစေပြီး၍၊ သုခုမေန- သိမ်မွေ့သော၊ ဒုကူလယုဂေန- ဘွဲ့ဖြူအဝတ်အစုံဖြင့်၊ အစ္ဆာဒေတ္ဒာ- ဖုံးလွှမ်း၍၊ (ဝတ်ပေး၍)၊ ပါသာဒံ- ပြာသာဒ်ထက်သို့၊အာရောပေတ္ဒာ-တင်၍၊ သုဘောဇနံ-ကောင်းသောဘောဇဉ်ကို၊ ဘောဇေတ္ဒာ- စားစေ၍၊ဝါ-ကျွေး၍၊ ဆေ- လာကြကုန်၊ နံ- ထိုယောကျ်ားကို၊ ပရိစာရေယျာထ-စံပယ်စေကြကုန်၊ ဝါ- ပြုစုလုပ်ကျွေးကြကုန်၊ ဣတိ- ဤသို့ပြော၍၊ ပရိစာရကေ-အလုပ်အကျွေးတို့ကို၊ ပဋိစ္ဆာပေတ္ဒာ- လက်ခံစေ၍၊ ဝါ-အပ်နှင်း၍၊ [“ပဋိပါဒေတ္ဒာ”ဟုလည်း ရှိ၏၊ “အပ်နှင်း၍”ဟု ပေး၊] ပက္ကမိ-ဖယ်သွားပြီ။

အထ- ထိုမှ နောက်၌၊ နံ- ထိုယောကျ်ားကို၊ တေ- ထို အလုပ်အကျွေးတို့သည်၊ သယနံ- အိပ်ရာပေါ်သို့၊ အာရောပေသုံ-တင်ကြကုန်ပြီ၊ စ-သည်သာမကသေး၊ ပါနာဂါရဂမနပဋိဗာဟနတ္ထံ- အရက်ဆိုင်သို့သွားခြင်းကို တားမြစ်ခြင်းအကျိုးငှါ၊နံ- ထိုယောကျ်ားကို၊ တာဝ-နောက် ၃-ယောက်မှ ရှေးဦးစွာ၊ စတ္တာရော- နှ်သော၊ ဇနာ-တို့သည်၊ စတူသု- လေးဖက်ကုန်သော၊ ဟတ္ထပါဒေသု-လက်ခြေတို့၌၊ ဥပ္ပီဋ္ဌေတ္ဒာ- ဖိနှိပ်၍၊ အဋ္ဌံသု- တည်ကြကုန်ပြီ၊ ဧကော-နောက်တယောက်သည်၊ ပါဒေ-တို့ကို၊ ပရိမဇ္ဇိ- ဆုပ်နယ်ပြီ၊ ဧကော- နောက်တယောက်သည်၊ တာလဝဏ္ဌံ- ထန်းရွက်ယပ်ဝန်းကို၊ ဂဟေတ္ဒာ- ကိုင်၍၊

အင်္ဂဝိဇ္ဇာ ပါဌကော။ ။ဝိဒတိ ဇာနာတိ ဧတာယာတိ ဝိဇ္ဇာ— သိကြောင်းအတတ်၊ အင်္ဂသ-လက်ခြေစသော အင်္ဂါကို၊ ဝိဇ္ဇာ-သိကြောင်း အတတ်တည်း၊ အင်္ဂဝိဇ္ဇာ-တတ်၊ ထိုအတတ်ကိုပြသော ကျမ်းကိုလည်း ဖလူ- ဌာနျူပစာရအားဖြင့် “အင်္ဂဝိဇ္ဇာ”ဟု ခေါ်ပါ၊ အင်္ဂဝိဇ္ဇံ-ကို+ပဌတိ-ရွတ်ဖတ်တတ်၏၊ ဣတိ အင်္ဂဝိဇ္ဇာပါဌကော။ [ယောဇနာ၌“ဟတ္ထာဒိအင်္ဂ ဝိဇာနာတိ ဧတာယာတိ အင်္ဂဝိဇ္ဇာ”ဟု ပြု၏။]

ဗိဇီ- ယပ်ခတ်ပြီ၊ ဧကော- နောက်တယောက်သည်၊ ဝီဏံ- စောင်းကို၊ ဝါဒယ မာနော- တီးလျက်၊ ဂါယန္တော- သီဆိုလျက်၊ နိသီဒိ- ထိုင်နေပြီ၊ သော- ထို ယောကျ်ားသည်၊ သယနုပဂမနေန- အိပ်ရာပေါ်သို့ ရောက်ရခြင်းကြောင့်၊ ဝိဂတကိလမထော- ကင်းသော ပင်ပန်းခြင်းရှိသည်၊ (ဟုတ္ဘာ)၊ ထောကံ- အတန်ငယ်၊ နိဒ္ဒါယိတ္ဘာ-အိပ်ပျော်၍၊ ဝုဋ္ဌိတော- ထပြီးသည်၊ ဝါ-နိုးပြီးသည်၊ (သမာနော-သော်၊)ဟတ္ထပါဒနိပ္ပီဋ္ဌနံ- လက်ခြေတို့ကို ဖိနှိပ်ခြင်းကို၊ အသဟ မာနော-သည်းမခံနိုင်သည်၊ (ဟုတ္ဘာ)၊ ကော- အဘယ်သူသည်၊ [လက်ခြေ တို့ကို ဖိနှိပ်သူတို့က လေးယောက်ရှိသောကြောင့် "ကေ ဥပ္ပီဋ္ဌေန္တိ" ဟု ရှိလျှင် သာ၍ကောင်း၏။]မေ-၏၊ ဟတ္ထပါဒေ-တို့ကို၊ ဥပ္ပီဋ္ဌေတိ-ဖိနှိပ်သနည်း၊ အပ ဂစ္ဆထ- ဖယ်ကြကုန်၊ ဣတိ- ဤသို့ပြော၍၊ တဇ္ဇေသိ-ကြိမ်းမောင်းပြီ၊ တေ— ထို လက်ခြေတို့ကို ဖိနှိပ်သူ လေးယောက်တို့သည်၊ ဧကဝစနေနေဝ- တခွန်း တည်းသော စကားဖြင့်ပင်၊ အပဂစ္ဆိ သု- ဖယ်ကြကုန်ပြီ။

တတော- ထိုမှနောက်၌၊ ပုန ထောကံ နိဒ္ဒါယိတ္ဘာ, ဝုဋ္ဌိတော-ထပြီးသည်၊ ဝါ-နိုးပြီးသည်၊ [နောက်၌လာလတ္တံ့သော စျာန်မှုထခြင်း၏ ဥပမာဖြစ်သော ကြောင့် "ဝုဋ္ဌိတော" အရ အိပ်ရာမှ ထသွားသည် ဟု မမှတ်လင့်၊ "နိုးရုံသာ နိုးသည်" ဟု မှတ်ပါ။] (သမာနော) ပါဒပရိမဇ္ဇနံ- ခြေကို ဆုပ်နယ်ခြင်းကို၊ အသဟမာနော(ဟုတ္ဘာ)၊ ကော-သည်၊ မေ-၏၊ ပါဒေ-တို့ကို၊ ပရိမဇ္ဇတိ- ဆုပ်နယ်သနည်း၊ အပဂစ္ဆ- ဖယ်လော့၊ ဣတိ အာဟ၊ သောပိ-ထိုယောကျ်ား သည်လည်း၊ ဧကဝစနေနေဝ, အပဂစ္ဆိ-ဖယ်ပြီ၊ ပုန ၊ပေ၊ ဝုဋ္ဌိတော- သည်၊ ဝါ-သည်၊(သမာနော)ဝါတဝုဋ္ဌိဝိယ- လေနှင့်တကွသော မိုဃ်းရွာခြင်းကဲ့သို့၊ တာလဝဏ္ဍဝါတံ- ထန်းရွက်ယပ်ဝန်းလေကို၊ အသဟန္တော (ဟုတ္ဘာ)၊သေ- ဤ ယပ်ခတ်သူသည်၊ ကော- အဘယ်သူနည်း၊ အပဂစ္ဆတု- ဖယ်လော့၊ ဣတိ အာဟ၊ သောပိ- ထို ယပ်ခတ်သူသည်လည်း၊ ဧကဝစနေနေဝ အပဂစ္ဆိ၊ ပုန ၊ပေ၊ဝုဋ္ဌိတော(သမာနော)ကဏ္ဏသူလံဝိယ-နားတံကျင်ကိုကဲ့သို့၊(နား၌တံကျင် ဖြင့် ထိုးသကဲ့သို့၊) ဂီတဝါဒိတသဒ္ဒံ- သီဆို တီးမှုတ်သံကို၊ အသဟမာနော (ဟုတ္ဘာ)၊ ဝီဏာဝါဒကံ- စောင်းတီးသူကို၊ တဇ္ဇေသိ-ပြီ၊ သောပိ-ထိုစောင်း တီးသူသည်လည်း၊ ဧကဝစနေနေဝ အပဂစ္ဆိ၊ အထ-ထိုမှနောက်၌၊ ဧဝံ-သို့၊ အနုက္ကမေန- အစဉ်အားဖြင့်၊ ပဟီန၊ ပေ၊ သဒ္ဒုပဒ္ဒဝေါ- ပယ်အပ်ပြီးသော

ပဟီန၊ပေ၊သဒ္ဒုပဒ္ဒဝေါ။ ။ကိလမထောစ + ဥပ္ပီဋ္ဌနဥ္စ + ပရိမဇ္ဇနဥ္စ + ဝါတပ္ပ ဟာရောစ+ဂီတဝါဒိတသဒ္ဒေါစ ကိလမထုပ္ပီဋ္ဌန၊ပေ၊ သဒ္ဒါ၊ ကိလမထ ၊ပေ၊ သဒ္ဒါစ+ ဓော+ဥပဒ္ဒဝါစေဟိ ကိလမထု၊ပေ၊ပဒ္ဒဝါ၊ ပဟီနာ+ကိလမထု၊ပေ၊ပဒ္ဒဝါ ယေနာတိ ပဟီန ကိလမထုပ္ပီဋ္ဌန ပရိမဇ္ဇန ဝါတပ္ပဟာရ ဂီတဝါဒိတ သဒ္ဒုပဒ္ဒဝေါ၊ ဤဝိဂ္ဂဟ အတိုင်း နိဿယပေးထားသည်။

ပင်ပန်းခြင်း, ဖိနှိပ်ခြင်း, ဆုပ်နယ်ခြင်း, ယတ်လေခတ်ခြင်း, သီဆိုခြင်း, တီးမှုတ်ခြင်းဟူသော ဥပဒ္ဒဝေါ ရှိသည်၊ (ပင်ပန်းခြင်း၊ပေ၊ ဥပဒ္ဒဝေါတို့ကို ပယ်ပြီးသည်၊) (ဟုတ္ဘာ)၊ သုခံ-ချမ်းသာစွာ၊ သယိတ္ဘာ-အိပ်ပြီး၍၊ ဝုဋ္ဌာယ-ထ၍၊ ရညော-၏၊ သန္တိကံ-သို့၊ အဂမာသိ-ပြီ၊ ရာဇာပိ-သည်လည်း၊ အဿ-ထိုအမတ်သားအား၊ မဟန္တံ-ကြီးစွာသော၊ ဣဿရိယံ-အစိုးရသူ၏ ဖြစ်ကြောင်းဖြစ်ရာရာထူးစည်းစိမ်ကို၊ အဒါသိ-ပြီ၊ သော-ထိုအမတ်သားသည်၊ မဟာဇနဿ-၏၊ အဝဿယော-မှီခိုရာသည်၊ ဇာတော-ဖြစ်ပြီ။

တတ္ထ-ထိုဥပမာစကားရပ်၌၊ ပါနဗျသနေန-ကြောင့်၊ ပါရိဇုညပ္ပတ္တော-ဆုံးရှုံးပျက်စီးခြင်းသို့ရောက်သော၊ သော အမစ္စပုတ္တော ဝိယ-ထိုအမတ်သားကိုကဲ့သို့၊ အနေကဗျသနပါရိဇုညပ္ပတ္တော-သီလဗျသနစသောအားဖြင့် များစွာသောဗျသနကြောင့် ဆုံးရှုံးပျက်စီးခြင်းသို့ရောက်သော၊ ဃရာဝါသဂတော-အိမ်ဟူသော အာဝါသသို့ရောက်သော၊ ကုလပုတ္တော-ကို၊ ဒဋ္ဌဗ္ဗော၊ အင်္ဂဝိဇ္ဇာပါဌကော-အင်္ဂဝိဇ္ဇာကျမ်းကို ရွတ်ဖတ်တတ်သော၊ ဝါ-အင်္ဂဝိဇ္ဇာကျမ်းကိုတတ်သော၊ ပုရိသော ဝိယ-ကိုကဲ့သို့၊ တထာဂတော ဒဋ္ဌဗ္ဗော၊ တဿ ပုရိသဿ-၏၊ အယံ-ဤသူသည်၊ မဟာဇနဿ အဝဿယော ဘဝိဿတိ-လတ္တံ့၊ ပဋိဇဂ္ဂနံ-စောင့်ရှောက်ခြင်းကို၊ အရဟတိ-ထိုက်၏၊ ဣတိ-သို့၊ သန္ဒိဋ္ဌာနံဝိယ-ဆုံးဖြတ်ခြင်းကိုကဲ့သို့၊ တထာဂတဿ-၏၊ အယံ-ဤအမျိုးသားသည်၊ မဟာဇနဿ အဝဿယော ဘဝိဿတိ၊ ကုလပုတ္တော-သည်၊ ပဗ္ဗဇ္ဇံ-ရှင်ရဟန်း အဖြစ်ကို၊ အရဟတိ-ထိုက်၏၊ ဣတိ-သို့၊သန္ဒိဋ္ဌာနကရဏံ-ဆုံးဖြတ်မှုကိုပြုခြင်းကို၊ ဒဋ္ဌဗ္ဗံ-၏၊ အထ-ထိုမှ နောက်၌၊ အဿ-ထိုအင်္ဂဝိဇ္ဇာကျမ်းကိုတတ်သော ဆရာ၏၊ အမစ္စ-ပုတ္တဿ-ကို၊ မတ္တိကာမတ္တေန-မြေညက်မျှဖြင့်၊ နှာပနံဝိယ-ရေချိုးစေခြင်းကိုကဲ့သို့၊ ကုလပုတ္တဿာပိ-၏လည်း၊ ပဗ္ဗဇ္ဇာ ပဋိလာဘော-ရှင်အဖြစ်ကိုရခြင်းကို၊ (ဒဋ္ဌဗ္ဗော)၊ အထ-ထိုမှ နောက်၌၊ အဿ-ထိုအမတ်သား၏၊ ထူလသာဋ္ဌက နိဝါသနံ ဝိယ-ထူထဲသောပုဆိုးကိုဝတ်ခြင်းကိုကဲ့သို့၊ဣမဿာပိ-ဤအမျိုးသား၏လည်း၊ဒသသိက္ခာပဒ၊ပေ၊နိဝါသနံ-ဆယ်ပါးသောသိက္ခာပုဒ်ဟုဆိုအပ်သော သီလအဝတ်ကိုဝတ်ခြင်းကို၊ (ဒဋ္ဌဗ္ဗံ)၊ ပုန,တဿ-ထိုအမတ်သား၏၊ ဂန္ဓောဒက နှာပနံ ဝိယ-နံ့သာရေဖြင့် ရေချိုးစေခြင်းကိုကဲ့သို့၊ ဣမဿာပိ-၏လည်း၊ ပါတိ-မောက္ခ၊ပေ၊ နှာပနံ-ပါတိမောက္ခ သံဝရအစရှိသော သီလ တည်းဟူသော နံ့သာရေဖြင့်ရေချိုးစေခြင်းကို၊ (ဒဋ္ဌဗ္ဗံ)၊ ပုန,တဿ-ထိုအမတ်သားကို၊ သုခုမ ဒုကူလယုဂဋ္ဌစ္ဆာဒနံ ဝိယ-သိမ်မွေ့သောဘွဲ့ဖြူအဝတ်ဖြင့် ဖုံးလွှမ်းခြင်းကိုကဲ့သို့၊ ဣမဿာပိ-ကိုလည်း၊ ယထာ ဝုတ္တ၊ပေ၊ ဒုကူလစ္ဆာဒနံ-အကြင် အကြင် ဆိုအပ်ပြီးသော သီလဝိသုဒ္ဓိနှင့်ပြည့်စုံခြင်းဟုဆိုအပ်သော ဘွဲ့ဖြူအဝတ်ဖြင့် ဖုံးလွှမ်းခြင်းကို၊(ဒဋ္ဌဗ္ဗံ)။

ပန-ဆက်၊ ဒုကူလစ္ဆာဒီတဿ - ဖုံးလွှမ်းအပ်သော ဘွဲ့ဖြူ အဝတ်ရှိသော၊ အဿ-ထိုအမတ်သားကို၊ ပါသာဒါရောပနံ ဝိယ-ပြာသာဒ်ထက်သို့ တင်ပေးခြင်းကိုကဲ့သို့၊ သီလဝိသုဒ္ဓိဒုကူလစ္ဆာဒီတဿ-ဖုံးလွှမ်းအပ်သော သီလဝိသုဒ္ဓိတည်းဟူသော ဘွဲ့ဖြူအဝတ်ရှိသော၊ ဣမဿာပိ-ကိုလည်း- သမာဓိဘာဝနာ ပါသာဒါရောပနံ - သမာဓိဘာဝနာတည်းဟူသော ပြာသာဒ်ထက်သို့ တက်ရောက်စေခြင်းကို၊ (ဒဋ္ဌဗ္ဗံ)၊ တတော-ထိုမှနောက်၌၊ တဿ-ထိုအမတ်သား၏၊ သုဘောဇနဘုဥ္ဇနံ ဝိယ - ကောင်းသော ဘောဇဉ်ကို စားရခြင်းကို ကဲ့သို့၊ ဣမဿာပိ-၏လည်း၊သမာဓိ၊ပေ၊ ပရိဘုဥ္ဇနံ-သမာဓိအားလျော်သော ကျေးဇူးကိုပြုတတ်သော သတိသမ္ပဇညအစရှိသောတရားအမြိုက်ကိုသုံးဆောင်ရခြင်းကို၊ (ဒဋ္ဌဗ္ဗံ)၊ပန-ဆက်၊ဘုတ္တဘောဇနဿ-စားအပ်ပြီးသောဘောဇဉ်ရှိသော၊တဿ-ထိုအမတ်သားကို၊ပရိစာရကေဟိ-တို့သည်၊သယနာရောပနံဝိယ-အိပ်ရာပေါ်သို့ တင်ပေးခြင်းကို ကဲ့သို့၊ ဣမဿာပိ-ကိုလည်း၊ ဝိတက္ကာဒီဟိ-တို့သည်၊ ဥပစာရဇ္ဈာနာရောပနံ-ဥပစာရစျာန်သို့ တင်ပေးခြင်းကို၊ (ဒဋ္ဌဗ္ဗံ-၏)။

ပုန တဿ ပါနာဂါရဂမနပဋိဗာဟနတ္ထံ, ဟတ္ထ၊ပေ၊ စတုက္ကံ ဝိယ-လက်ခြေတို့ကို ဖိနှိပ်သော ယောက်ျားလေးယောက် အပေါင်းကိုကဲ့သို့၊ ဣမဿာပိ-ကိုလည်း၊ကာမ၊ပေ၊ ဗာဟနတ္ထံ-ကာမသညာသို့ရှေ့ရှုသွားခြင်းကိုတားမြစ်ခြင်းအကျိုးငှါ၊ အာရမဏေ-၌၊ စိတ္တုပ္ပိဋ္ဌနကော-စိတ်ကိုဖိနှိပ်တတ်သော၊ နေက္ခမ္မဝိတက္ကော - နေက္ခမ္မဝိတက်ကို၊ (ဒဋ္ဌဗ္ဗော၊) တဿ-ထိုအမတ်သား၏၊ ပါဒ ပရိမဇ္ဇက ပုရိသော ဝိယ, ဣမဿာပိ-၏လည်း၊ အာရမဏေ-၌၊ စိတ္တာနုမဇ္ဇန-ကော-စိတ်ကို အဖန်ဖန်ပွတ်တိုက်တတ်သော၊ ဝိစာရော(ဒဋ္ဌဗ္ဗော)၊ တဿ-ထိုအမတ်သားအား၊ တာလ၊ပေ၊ ဝိယ-ထန်းရွက်ယပ်ဝန်းလေကို ပေးသူကိုကဲ့သို့၊ ဣမဿာပိ - အားလည်း၊ စေတသော-၏၊ သီတလဘာဝဒါယိကာ - အေးမြသည်၏အဖြစ်ကို ပေးတတ်သော၊ ပီတိ (ဒဋ္ဌဗ္ဗာ)။

တဿ-ထိုအမတ်သား၏၊သောတာနုဂ္ဂဟကရော-နားကို ချီးမြှောက်မှုကို ပြုတတ်သော၊ ဂန္ဓဗ္ဗပုရိသောဝိယ-စောင်းသမားယောက်ျားကိုကဲ့သို့၊ဣမဿာပိ-၏လည်း၊ စိတ္တာနုဂ္ဂဟကံ-စိတ်ကို ချီးမြှောက်တတ်သော၊ သောမနဿံ(ဒဋ္ဌဗ္ဗံ)၊ တဿ-၏၊ သယနုပဂမနေန-အိပ်ရာပေါ်သို့ ကပ်ရောက်ခြင်းအားဖြင့်၊ ဝိဂတ ကိလမထဿ-ကင်းသောပင်ပန်းခြင်းရှိသည်ဖြစ်၍၊ ထောကံ-အတန်ငယ်၊ နိဒ္ဒုပဂမနံဝိယ-အိပ်ပျော်ခြင်းသို့ ရောက်ခြင်းကိုကဲ့သို့၊ ဣမဿာပိ-၏လည်း၊ ဥပစာရဇ္ဈာန သန္ဓိဿယေန-ဥပစာရစျာန်ဟူသော မှီရာဖြင့်၊ ဝိဂတနီဝရဏ ကိလမထဿ-ကင်းသော နီဝရဏဟူသော ပင်ပန်းခြင်းရှိသည်ဖြစ်၍၊ ပဌမဇ္ဈာနုပဂမနံ(ဒဋ္ဌဗ္ဗံ)၊ အထ-ထိုမှနောက်၌၊ နိဒ္ဒါယိတွာ-အိပ်ပြီး၍၊ ဝုဋ္ဌိဟဿ-ထသော၊ (နိုးသော)၊ အဿ-၏၊ ဟတ္ထ၊ပေ၊ သဟနေန - လက် ခြေတို့ကို ဖိနှိပ်

ခြင်းကို သည်းမခံနိုင်ခြင်းကြောင့်၊ ဟတ္ထ၊ပေ၊ပိဋ္ဌကာနံ- လက်ခြေတို့ကို ဖိနှိပ်သူတို့ကို၊ သံတင်္ကန်ဝယ-ခြိမ်းခြောက်ခြင်းကိုကဲ့သို့လည်းကောင်း၊ တေသံ-ထို လက်ခြေတို့ကိုဖိနှိပ်သူတို့၏၊ အပဂမနေန-ကြောင့်၊ ပုန ထောကံ့နိဒ္ဒုပဂမနံဝယစ-ဃည်းကောင်း၊ ဤမဿာပိ့ပဌမဇ္ဈာနတော-မှ၊ ဝုဋ္ဌိတာဿ-ထပြီးသည် ဖြစ်၍၊ စိတ္တဿ၊ပေ၊ သဟနေန - စိတ်ကိုဖိနှိပ်တတ်သော ဝိတက်ကို သည်းမခံနိုင်ခြင်းကြောင့်၊ ဝိတက္ကဒေါသဒဿနံ-ဝိတက်၏ အပြစ်ကိုမြင်ခြင်းကိုလည်းကောင်း၊ ပုန,ဝိတက္ကပဟာနာ-ဝိတက်ကိုပယ်ခြင်းကြောင့်၊အဝိတက္ကဝိစာရမတ္တာဒုတိယဈာနုပဂမနံစ-ဝိတက်မရှိ ဝိစာရမျှသာရှိသော ဒုတိယဈာန်သို့ ကပ်ရောက်ခြင်းကိုလည်းကောင်း၊ (ဒဋ္ဌဗ္ဗံ)။

တတော- ထိုမှ နောက်၌၊ တဿ ပုနပ္ပုနံ နိဒ္ဒါယိတ္တာ, ဝုဋ္ဌိတဿ-ထပြီးသည်ဖြစ်၍၊ ယထာဝုတ္တေန-သော၊ ကမေန- အစဉ်အားဖြင့်၊ ပါဒပရိမဇ္ဇနာဒီနံ-တို့ကို၊ အသဟနေန-ကြောင့်၊ ပဋိပါဋိယာ- ဖြင့်၊ ပါဒ ပရိမဇ္ဇကာဒီနံ-ခြေကို ဆုပ်နယ်သူ အစရှိသည်တို့ကို၊ သန္တဋ္ဌနံ(ဝိယ)-သို့လည်းကောင်း၊တေသံ တေသံ-ထိုထိုယောကျ်ားတို့၏၊ အပဂမနေန-ကြောင့်၊ ပုနပ္ပုနံ ထောကံ့နိဒ္ဒုပဂမနံဝိယစ-ကဲ့သို့လည်းကောင်း၊ ဤမဿာပိ-၏လည်း၊ ပုနပ္ပုနံ,ဒုတိယာဒီဟိ-နှင့်သော၊ ဈာနေဟိ-တို့မှ၊ ဝုဋ္ဌိတဿ- ထပြီးသည်ဖြစ်၍၊ ယထာဝုတ္တ ဒေါသာနံ-အကြောင်းအကြောင် ဆိုအပ်ပြီးသော အပြစ်ရှိကုန်သော၊ဝိစာရာဒီနံ-တို့ကို၊အသဟနေန-ကြောင့်၊ ပဋိပါဋိယာ,ဝိစာရာဒိဒေါသ ဒဿနံ-ဝိစာရ အစရှိသည်တို့၏ အပြစ်ကိုမြင်ခြင်းကို လည်းကောင်း၊ ဟေသံ ဟေသံ-ထိုထို ဝိစာရစသည်တို့ကို၊ ပဟာနာ- ပယ်ခြင်းကြောင့်၊ ပုနပ္ပုနံ, အဝိတက္က၊ပေ၊ဂမနံစ- ဝိတက်မရှိသော ဒုတိယဈာန်,ဝိစာရမရှိသော တတိယဈာန်, ပီတိမရှိသော စတုတ္ထဈာန်, ပယ်အပ်ပြီးသော သောမနဿရှိသော ပဉ္စမဈာန်သို့ ကပ်ရောက်ခြင်းကိုလည်းကောင်း၊ (ဒဋ္ဌဗ္ဗံ)။

ပန-ဆက်၊ သယနာ-မှ၊ ဂုဋ္ဌာယ-၍၊ ရညော-၏၊ သန္တိကံ-သို့၊ ဂတဿ-သော၊ တဿ-၏၊ ဤဿရိယပ္ပတ္တိဝိယ- အစိုးရသူ၏ အဖြစ်သို့ ရောက်ခြင်းကိုကဲ့သို့၊ ဤမဿာပိ-၏လည်း၊ ပဉ္စမဈာနတော-မှ၊ ဝုဋ္ဌိကဿ- ထပြီးသည်ဖြစ်၍၊ ဝိပဿနာမဂ္ဂံ- ဝိပဿနာလမ်းကြောင်းသို့၊ ဥပဂတဿ- ကပ်ရောက်သည်ဖြစ်၍၊ အရဟတ္တပ္ပတ္တိ- အရဟတ္တဖိုလ်သို့ ရောက်ခြင်းကို၊ (ဒဋ္ဌဗ္ဗာ)၊ ပတ္တိဿရိယဿ- ရောက်အပ်ပြီးသော အစိုးရသူ၏ အဖြစ်ရှိသော၊ တဿ- ထို အမတ်သား၏၊ ဗဟူနံ-ကုန်သော၊ ဇနာနံ-တို့၏၊ အဝဿယဘာဝေါ ဝိယ-မြို့ခိုရာ၏ အဖြစ်ကိုကဲ့သို့၊ အရဟတ္တပ္ပတ္တဿ-အရဟတ္တဖိုလ်သို့ ရောက်ပြီးသော၊ဤမဿာပိ-ဤ အမျိုးကောင်းသား၏လည်း၊ ဗဟူနံ- များစွာသောလူတို့၏၊ အဝဿယဘာဝေါ-ကို၊ ဒဋ္ဌဗ္ဗာ-၏၊ [စာအုပ်များ၌ "ဓေဒိတဗ္ဗော"ဟု တွေ့ရ၏၊ ရှေ့၌ "ဒဋ္ဌဗ္ဗော"ဟု ရှိခဲ့သောကြောင့် ဓေဒိတဗ္ဗောပါဋ္ဌသည် ပိုဟန်တူ၏။] ဟိ-

မူန်၏၊ (အဝဿယအဖြစ်သည် မူန်၏၊)တ္တာဝတာ- ဤမျှ အတိုင်းအရှည် ရှိသော အကျင့်အစဉ်ဖြင့်၊ သေ (သော)- ဤ အမျိုးကောင်းသားသည်၊ အနုတ္တရံ- ဖလတ္ထမရှိ မြတ်သော၊ ပုညက္ခေတ္တံနာမ- ကောင်းမှု တည်းဟူသော မျိုးစေ့တို့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းမည်သည်၊ ဟောတိ-၏၊ ဣတိ-အပြီးတည်း။ ။ပဋိပန္နကနယော-သည်၊ နိဋ္ဌိတော-ပြီ။

တ္တာဝတာ- ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်ဖြင့်၊ စတုက္ကပဋိပန္နက နယဒွယဘောဒေါ-စတုက္က ပဋိပန္နက,နည်း ၂-ပါးအပေါင်းဟူသော အထူးအပြား ရှိသော၊ သုဒ္ဓိကနဝကောနာမ-ပဋိပဒါ-အာရုံမဖက်, သက်သက်သော ဈာန် ၉-ပါးအပေါင်းမည်သည်၊ ပကာသိတော- ထင်ရှားပြအပ်ပြီးသည်၊ ဟောတိ-ဖြစ်၏၊ ပန-ဆက်၊ သေ-ဤသုဒ္ဓိက နဝကသည်၊ အတ္ထတော- လိုရင်းအနက်အားဖြင့်၊ ပဋိပန္နကနယေ- ၌၊ စတုက္ကနယဿ- ၏၊ ပဝိဋ္ဌတ္တာ- ဝင်သည်၏ အဖြစ်ကြောင့်၊ ဈာနပဋိကောဇဝ- ဈာန် ၅-ပါး အပေါင်းသာတည်း၊ ဣတိ-သို့၊ ဝေဒိတဗ္ဗော။

ပဋိပဒါစတုက္က အဖွင့်

ဣဒါနိ-ပဋိပန္နကနည်းကို ပြတော်မူပြီးထုံ ယခုအခါ၌၊ယသ္မာ,တေ ဈာန်နာမ-ဤဈာန်မည်သည်၊ ပဋိပဒါကမေနပိ- ပဋိပဒါအစဉ်အားဖြင့်လည်း၊ သိဒ္ဓတိ-ပြီးစီး၏၊ [ရှေးနိဿယ၌ ''ကမေနပိ'' ဟု ပိပါ၏၊ ထို ပိဖြင့် ပထဝီကသိုဏ်း ဟူသော အာရမဏ်ကိုပေါင်း၊ အာရုံအားဖြင့်သာ ပြီးစီးသည် မဟုတ်သေး၊ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ,ဒုက္ခပဋိပဒါ ခိပ္ပါဘိညာစသော ပဋိပဒါအစဉ်အားဖြင့်လည်း ပြီးသေး၏-ဟူလို၊] တသ္မာ-ကြောင့်၊ (ထိုယို့ ဤဈာန် မည်သည်၏ ပဋိပဒါအစဉ်အားဖြင့်လည်း ပြီးစီးသည်၏အဖြစ်ကြောင့်၊) တဿ-ဘိုဈာန်၏၊ ပဋိပဒါဘေဒံ- ပဋိပဒါ အပြားကို၊ ဒဿေတုံ-ငှါ၊ ပုန-တဖန်၊ ကတမေ ဓမ္မာ ကုသလာတိ အာဒိ-အစရှိသော စကားကို၊ (ဘဂဝတာ)အာရဒ္ဓံ။

တတ္ထ- ထို ကတမေ ဓမ္မာ ကုသလာ အစရှိသော စကားရပ်၌၊ (ဒုက္ခပဋိပဒံ စသည်၌စပ်၊ ယောဇနာ၌ ဝိနိစ္ဆယော ဝေဒိတဗ္ဗောဟု ထည့်စပ်၏၊) အဿ-ထို ဈာန်၏၊ ဒုက္ခာ-ခက်ခဲသော၊ ပဋိပဒါ-ဈာန်သို့ ရောက်ကြောင်း အကျင့်သည်၊ (အတ္ထိ)၊ ဣတိ-ကြောင့်၊ (ထိုသို့ ခက်ခဲသော အကျင့်ရှိသည်၏ အဖြစ်ကြောင့်၊ တံ-ထိုဈာန်သည်၊) ဒုက္ခပဋိပဒံ- ဒုက္ခပဋိပဒါမည်၏၊ [ဤပုဒ်၏ သဒ္ဒါနည်း အဆုံးအဖြတ်ကို ကစ္စည်းဘာသာင်္ကာ ''ဣတ္ထိယံ ဘာသိတပုမိတ္ထိ'' စသော သုတ်၌ ပြထားပြီ၊ အဿ- ထို ဈာန်၏၊ ဒန္ဓာ-နှုံးနှေး လေးလံသော၊ အဘိညာ-အသိဉာဏ်သည်၊ (အတ္ထိ)၊ ဣတိ-ကြောင့်၊ (ထိုသို့ နှုံးနှေးလေးလံသော အသိဉာဏ်ရှိသည်၏ အဖြစ်ကြောင့်၊ တံ- ထို ဈာန်သည်၊) ဒန္ဓာဘိညံ-

မည်၏၊ ကွတိ-ကျိုသို့လျှင်၊ ဒုက္ခပ္ပဋိပဒန္တိ၀ါ-ဒုက္ခပ္ပဋိပဒံဟူသော အမည်သည်း လည်းကောင်း၊ဒန္ဓာဘိညန္တိ၀ါ-သည်လည်းကောင်း၊ ပထ၀ီကသိဏန္တိ၀ါ-သည်လည်းကောင်း၊ တိဏိပိ-သုံးပါးသောအမည်တို့သည်လည်း၊ စျာနဿေ၀-စျာန်တခုတည်း၏သာလျှင်၊ နာမာနိ- အမည်တို့တည်း၊ ဒုက္ခပ္ပဋိပဒံ ဓိပ္ပါဘိညန္တိ အာဒီသုပိ-တို့၌လည်း၊ ဧသေ၀နယော။

တတ္ထ- ထို ဒုက္ခပ္ပဋိပဒါ စသည်တို့တွင်၊ ပဌမ သမန္နာဟာရတော- ပထ၀ီကသိုဏ်း အစရှိသည်ကို ရှေးဦးစွာ နှလုံးသွင်းရာအခါမှ၊ ပဋ္ဌာယ- စ၍၊ ယာ၀-လောက်၊ တဿ ကဿ စျာနဿ-ထိုထို အပ္ပနာစျာန်၏၊ ဥပစာရံ-အနီးဖြစ်သော ဥပစာရစျာန်သည်၊ ဥပ္ပဇ္ဇတိ-၏၊ တာ၀- ထို ဥပစာရစျာန် ဖြစ်သည့်တိုင်အောင်၊ ပ၀တ္တာ- ဖြစ်သော၊ စျာနဘာ၀နာ- စျာန်ကို ဖြစ်စေခြင်းကို၊ (စျာန်ကို ဖြစ်စေတတ်သော ကမ္မဋ္ဌာန်းအားထုတ်မှုကို၊) ပဋိပဒါတိ-ဟူ၍၊ ၀ုစ္စတိ၊[ပဋိပဇ္ဇတိစျာနံ ဧတာယာတိ ပဋိပဒါ-စျာန်သို့ရောက်မြောင်းအကျင့်၊] ပန-ကား၊ ဥပစာရတော-ဥပစာရစျာန်မှ၊ ပဋ္ဌာယ ယာ၀, အပ္ပနာ- အပ္ပနာစျာန်သည်၊(ဥပ္ပဇ္ဇတိ)၊ တာ၀-ထိုအပ္ပနာစျာန်ဖြစ်သည့်တိုင်အောင်၊ ပ၀တ္တာ-သော၊ ပညာ-ပညာကို၊ အဘိညာတိ ၀ုစ္စတိ။ [အဘိ၀ိသေသတော+ဇာနာတီတိ အဘိညာ=အထူးအားဖြင့် သိသောဉာဏ်။]

ပန-ဆက်၊ သာ သော ပဋိပဒါ- ထိုသို့သော ဤ ပဋိပဒါသည်၊ ဧကစ္စဿ-အချို့ယောဂီ၏အတွက်၊ ဒုက္ခာ-ခက်ခဲသည်၊ ဖဟာတိ၊ နိ၀ရဏာဒီ၊ပေ၊ ဂဟန ဆာယ- နိ၀ရဏ အစရှိသော ဆန့်ကျင်ဘက်တရားတို့၏ လွှန်စွာ အထက်ဥ ဖြစ်ခြင်း၏ထူထပ်သည်၏အဖြစ်ကြောင့်၊ ကိစ္ဆာ-ခက်ခဲသည်၊ အသုခသေ၀နာ-

---

ယာ၀၊ပေ၊ဥပစာရံဥပ္ပဇ္ဇတိ။ ။ဤ၌ ဥပစာရဟူသည် ပရိကမ်, ဥပစာ,အနုလုံဟူသော စျာနဝီထိအတွင်း၌ ပါသော ဥပစာရစိတ်မဟုတ်၊ ပဌမစျာန်ကိုအားထုတ်ရာ၌ နိ၀ရဏာတို့ ငြိမ်သက်သောအခါ "ဥပစာရစျာန်သို့ ရောက်သည်"ဟူ၍ ဆိုရ၏၊ ထို ဥပစာရကို ဆိုလိုသည်၊ ထို ဥပစာရစျာန်ဟူသည် ကာမာ၀စရ သမာဓိပင်တည်း၊ ဒုတိယစျာန်သို့ တက်ရာ၀ယ် ၀ိတက်၌, တတိယစျာန်သို့တက်ရာ၀ယ် ၀ိစာရ၌, စတုတ္ထစျာန်သို့ တက်ရာ၀ယ် ပီတိ၌, ပဉ္စမစျာန်သို့ တက်ရာ၀ယ် သုခ၌ တပ်မက်တတ်သော တဏှာကို ပယ်နိုင်လျှင် ဥပစာရစျာန်ဖြစ်၏၊[တဿ တဿ စျာနဿ ဥပစာရန္တိ၊ပေ၊ ကာမာ၀စရ သမာဓိ၊-ဋီကာ။]

နိ၀ရဏာ ဒီ၊ပေ၊ ဂဟနတာယ။ ။နိ၀ရဏာဒီ၌ အာဒိဖြင့် အထက်စျာန်များအတွက် ၀ိတက်စသော ပစ္စနီကဓမ္မတို့ကို ယူ၊ ကမ္မဋ္ဌာန်းစ၍ အားထုတ်သည်မှ နောက်ဖြစ်သော အထက်အထက်၌ ထို ပစ္စနီကဓမ္မတို့၏ များစွာဖြစ်နေခြင်းကို "သမုဒါစာရ" ဟု ခေါ်၏၊ သုဋ္ဌု+ဥဒ္ဓံ+အာစာရော သမုဒါစာရော၊ ဂဟနသဒ္ဒါသည် တောအုပ်တောရှုပ်အနက်ကို ဟောရင်းတည်း။ [အရည့် ကာနနံ ဒါယော, ဂဟနံ ၀ိ၀ိနံ ၀နံ၊-

လွယ်ကူစွာမှီဝဲရခြင်းမရှိသည်၊ (ဟောတိ)၊ ဣတိ အတ္ထော၊ ကေစွဿ-၏၊ တဒ ဘာဝေန- ထိုနိဝရဏာဒိ ပစ္စနီကဓမ္မ သမုဒါစာရ ဂဟန၏ မရှိခြင်းကြောင့်၊ သုခါ- လွယ်ကူသည်၊ (ဟောတိ)၊ အဘိညာပိ- အထူးသိတတ်သော ဉာဏ် ပညာသည်လည်း၊ ကေစွဿ-တွက်၊ ဒန္ဓာ-လေးနှေးသည်၊ မန္ဒာ-နုံ့ညံ့သည်၊ အသီဃပွဝတ္တိ-လျင်စွာဖြစ်ခြင်းမရှိသည်၊ ဟောတိ၊ [ဒန္ဓာကို "မန္ဒာ" ဟုဖွင့်၍, မန္ဒာကို "အသီဃပွဝတ္တိ" ဟု ထပ်ဖွင့်သည်၊ အချိုစာအုပ်များ၌ "အသီဃ ပွဝတ္တိနီ" ဟု ရှိ၏၊ မကောင်း၊ "သီဃံ (လျင်စွာ)+ ပဝတ္တိယဿာတိ သီဃ ပွဝတ္တိ" ဟု ဗဟုဗ္ဗီဟိပြုလျင် ပြီးသောကြောင့် "သီဃပွဝတ္တိနီ" ဟု ဣနီပစ္စည်း မလို။] ကေစွဿ-တွက်၊ ခိပ္ပါ- လျင်မြန်သည်၊ အမန္ဒာ- မနုံ့ညံ့သည်၊ သီဃ ပွဝတ္တိ-လျင်စွာဖြစ်ခြင်းရှိသည်၊ (ဟောတိ)၊ တသ္မာ-ကြောင့်၊ ["သာ ပနေသာ ပဋိပဒါမှစ၍ သီဃပွဝတ္တိ" တိုင်အောင် ဝါကျများကို တသဒ္ဒါဖြင့် ပြန်ညွှန်း သည်၊ ထိုပဋိပဒါ၏ အချိုအတွက် ဒုက္ခဖြစ်ခြင်း, အချိုအတွက် သုခဖြစ်ခြင်း, အဘိညာ၏လည်း အချိုအတွက် ဒန္ဓဖြစ်ခြင်း, အချိုအတွက် ခိပ္ပဖြစ်ခြင်း ကြောင့်-ဟူလို။] ယော-အကြင် ယောဂီပုဂ္ဂိုလ်သည်၊ အာဒိတော- အစမှ စ၍၊ ကိလေသေ-တို့ကို၊ ဝိက္ခမ္ဘေန္တော-ခွာလသော်၊ ဒုက္ခေန-ခက်ခဲသဖြင့်၊ သ သခ်ါရေန-ပြုစီမံတတ်သောသခ်ါရနှင့်တကွဖြစ်သောအာရုံ မနသိကာရစသော အကြောင်းအပေါင်းဖြင့်၊ သပ္ပယောဂေန-ပယောဂနှင့်တကွဖြစ်သော အာရုံ မနသိကာရစသော အကြောင်းအပေါင်းဖြင့်၊ ကိလမန္တော- ပင်ပန်းလျက်၊ ဝိက္ခမ္ဘေတိ-ခွာရ၏၊ တဿ-၏၊ ဒုက္ခာ-ခက်ခဲသော၊ ပဋိပဒါနာမ-စျာန်သို့ ရောက်ကြောင်းအကျင့်မည်သည်၊ ဟောတိ။

ပန-ကား၊ (ပဋိပဒါမှတပါး အဘိညာကား၊) ယော- အကြင်ယောဂီ ပုဂ္ဂိုလ်သည်၊ ဝိက္ခမ္ဘိတ ကိလေသော- ခွာအပ်ပြီးသော ကိလေသာရှိသည်၊ (ဟုတွာ)၊ အပ္ပနာပရိဝါသံ- အပ္ပနာပရိဝါသ်ကို၊ (အပ္ပနာသို့ ရောက်အောင် ကျင့်သုံးခြင်းကို၊) ဝသန္တော- ကျင့်သုံးလသော်၊ (စျာန်ရဖို့ရန် မျှော်လင့်လ

အဘိဓာန်။] ဂဟဓာတ်မှ ဖြစ်လာခြင်းမဟုတ်သောကြောင့် (ဂ)ဒွေဘော် မရှိရ၊ ဂါဟ တိ-မ္ဘေနောက် ရှုပ်ထွေးနေ၏၊ ဣတိ ဂဟနံ၊ ဂါဟုဓာတ် (ဂါဟဓာတ်) ယု ပစ္စည်း၊ ပိသောဒရာဒိဂိုဏ်းဖြစ်၍ အာကို ရဿပြု။

ဆက်ဦးအံ့—နိဝရဏ အစရှိသော ဆန့်ကျင်ဘက်တရားတို့၏ လွန်စွာ အထက်၌ ရှုပ်ထွေးထူထပ်နေသည်ကို "နိဝရဏာဒိ၊ပေ၊ဂဟနတာယ" ဟု ဆိုသည်၊ ထိုသို့ ရှုပ်ထွေး ထူထပ်၍နေသည့်အတွက် စျာန်သို့ရောက်ကြောင်း ပဋိပဒါသည် လွယ်ကူစွာမဖြစ်၊ ကိစ္ဆာ ကား ဒုက္ခ၏အဖွင့်တည်း၊ "နိဝရဏာဒိ၊ပေ၊ဂဟနတာယ" ကား ကိစ္ဆဖြစ်ရခြင်း၏ အကြောင်းပြတည်း၊ "အသုခသေဝနာတိ အတ္ထော" ကား အဓိပ္ပာယတ္ထတည်း၊ ကိစ္ဆ ဖြစ်သည့်အတွက် ထိုပဋိပဒါကို လွယ်လွယ်ကူကူ မမှီဝဲနိုင်-ဟူလို။

သော်၊) စိရေန-ကြာမြင့်မှု၊ အင်္ဂပါတုဘာဝံ-စျာန်အင်္ဂါတို့၏ ထင်ရှား ဖြစ်ခြင်း သို့၊ ပါပုဏာတိ-၏၊ တဿ-၏၊ ဒန္ဓာ-သော၊ အဘိညာနာမ အဘိညာဉ်မည်သည်၊ ဟောတိ၊ [ဒုက္ခာ ပဋိပဒါနာမ ကဲ့သို့ "ဒန္ဓာ အဘိညာနာမ" ဟု ဝါကျ ရှိသင့်၏၊ စာအုပ်များဦ့ "ဒန္ဓာ ဘိညာနာမ" ဟု သမာသ်ရှိ၏၊] ယော-သည်၊ (ဝိက္ခမ္ဘိတကိလေသော ဟုတ္တာ အပုနာ ပရိဝါသံ ဝသန္တော) ခိပ္ပံ-လျင်စွာ၊ အင်္ဂပါတုဘာဝံ ပါပုဏာတိ၊ တဿ-၏၊ ခိပ္ပါ-သော၊ အဘိညာနာမ-မည်သည်၊ ဟောတိ၊ ယော-သည်၊ ကိလေသေ-တို့ကို၊ ဝိက္ခမ္ဘေန္တော-သော်၊ သုခေန-လွယ်ကူသဖြင့်၊ အကိလမန္တော-မပင်ပန်းဘဲ၊ ဝိက္ခမ္ဘေတိ-ခွာနိုင်၏၊ တဿ-၏၊ သုခါ-သော၊ ပဋိပဒါနာမ-မည်သည်၊ ဟောတိ။

တတ္ထ-ထိုစျာန်အရာ၌၊ ယာနိ သပ္ပာယာသပ္ပာယာနိစ-အကြင် သပ္ပာယ, အသပ္ပာယတို့ကိုလည်း၊ ကောင်း၊ ပလိဗောဓုပစ္ဆေဒဒါဒိနိ-ပလိဗောဓကို ဖြတ်ခြင်း အစရှိကုန်သော၊ ယာနိ ပုဗ္ဗကိစ္စာနိ စ-အကြင် ပုဗ္ဗကိစ္စတို့ကို လည်း၊ ကောင်း၊ ယာနိ အပုနာကောသလ္လာနိ စ-အကြင် အပုနာကောသလ္လတို့ကိုလည်း၊ ကောင်း၊ ဝိသုဒ္ဓိမဂ္ဂေ-၌၊ စိတ္တဘာဝနာနိဒ္ဒေသေ-စိတ္တဘာဝနာနိဒ္ဒေသ၌၊ (မယာ)နိဒ္ဒိဋ္ဌာနိ-အကျယ်ပြအပ်ကုန်မြို့၊ ကောသု-ထိုသပ္ပာယ အသပ္ပာယအစရှိသည်တို့တွင်၊ ယော-အကြင်ယောဂီပုဂ္ဂိုလ်သည်၊ အသပ္ပာယသေဝီ-မလျောက်ပတ်သော ပုဂ္ဂိုလ် စသည်ကို မှီဝဲလေ့ ရှိသည်၊ ဟောတိ၊ တဿ-၏၊ ဒုက္ခာ-သော၊ ပဋိပဒါစ-သည်လည်း၊ ကောင်း၊ ဒန္ဓာ-သော၊ အဘိညာစ-သည်လည်း၊ ကောင်း၊ ဟောတိ၊ သပ္ပာယသေဝီ-သော ပုဂ္ဂိုလ် စသည်ကို မှီဝဲလေ့ရှိသော ပုဂ္ဂိုလ်၏၊ သုခါ-သော၊ ပဋိပဒါစ-သည်လည်း၊ ကောင်း၊ ခိပ္ပါ-သော၊ အဘိညာစ၊ သည်လည်း၊ ကောင်း၊ (ဟောတိ)၊ ပန-ကား၊ ယော-သည်၊ ပုဗ္ဗဘာဂေ-ရှေးအဖို၌၊ အသပ္ပာယံ-မလျောက်ပတ်သော ပုဂ္ဂိုလ်စသည်ကို၊ သေဝိတ္ဝာ-မှီဝဲပြီး၍၊ အပရဘာဂေ-နောက်အဖို၌၊ သပ္ပာယသေဝီ-သည်၊ ဟောတိ၊ ဝါ-တနည်း၊ ပုဗ္ဗဘာဂေ-၌်းသပ္ပာယံ သေဝိတ္ဝာ အပရဘာဂေ အသပ္ပာယဒသေဝီ(ဟောတိ)၊ တဿ-၏၊ ဓဝါမိဿကတာ-ပဋိပဒါ အာဘ်ညာဉ်တို့၏ ရောဓနာကုန်သည်၏ အဖြစ်ကို၊ ဝေဒိတဗ္ဗာ-၏။

တထာ-ထိုမှတပါး၊ ပလိဗောဓုပစ္ဆေဒဒါဒိကံ-သော၊ ပုဗ္ဗကိစ္စံ-ကို၊ အသပ္ပာယဒေတ္ဝာ-မပြီးစေမူ၍၊ ဘာဝနံ-ဘာဝနာကို၊ အနုယုတ္တာဿ-အားထုတ်သော ယောဂီပုဂ္ဂိုလ်၏၊ ဒုက္ခာ ပဋိပဒါ ဟောတိ၊ ဝိပရိယယေန-ပြောင်းပြန်ပြန်သော အားဖြင့်၊ (ပလိဗောဓကို ဖြတ်ခြင်း အစရှိသော ပုဗ္ဗကိစ္စကို ပြီးစေသော အားဖြင့်၊)(ဘာဝနံအနုယုတ္တာဿ)သုခါ-သော၊(ပဋိပဒါဟောတိ)၊ပန-ကား၊ အပုနာကောသလ္လာနိ-အပုနာဓကောသလ္လတို့ကို၊ အသပ္ပာယဒေန္တော်သ်-မပြီးစေသော ယောဂီပုဂ္ဂိုလ်၏၊ ဒန္ဓာ အဘိညာ ဟောတိ၊ သပ္ပာယဒေန္တော်သ-၏၊ ခိပ္ပါ(အဘိညာ ဟောတိ။)

အပိစ-သည်သာမကသေး၊ တဏှာ အဝိဇ္ဇာဝသေန-တဏှာ အဝိဇ္ဇာတို့၏ အစ္စမ်းဖြင့်လည်းကောင်း၊ သမထဝိပဿနာကတာဓိကာရဝသေနစာပိ-သမထ ဝိပဿနာတို့၌ ပြုအပ်ဘူးသော အလွန်အကဲပြုခြင်း၏အစ္စမ်းဖြင့်လည်းကောင်း၊ တောသံ-ဤပဋိပဒါ အဘိညာဉ်တို့၏၊ ပဘေဒါ-အထူးအပြားကို၊ ဝေဒိ တပ္ပေါ၊ ဟိ-ခဲ့၊ တဏှာဘိဘူတဿ-တဏှာသည် လွှမ်းမိုးအပ်သောပုဂ္ဂိုလ်၏၊ ဒုက္ခာ-သော၊ ပဋိပဒါ-သည်၊ ဟောတိ၊အနဘိဘူတဿ-တဏှာသည် မလွှမ်းမိုး အပ်သော ပုဂ္ဂိုလ်၏၊ သုခါ (ပဋိပဒါ ဟောတိ)၊ စ-သည်သာ မကသေး၊ အဝိဇ္ဇာဘိဘူတဿ - အဝိဇ္ဇာသည် လွှမ်းမိုးအပ်သောပုဂ္ဂိုလ်၏၊ ဒန္ဓာ-လေးနှေးသော၊ အဘိညာ-သည်၊ ဟောတိ၊ အနဘိဘူတဿ-အဝိဇ္ဇာဒါသည် မလွှမ်းမိုးအပ်သော ပုဂ္ဂိုလ်၏၊ ခိပ္ပါ-လျင်မြန်သော၊ (အဘိညာ ဟောတိ)၊ စ-သေး၊ယော-သည်၊သမထေ-သမထအရာ၌၊အကတာဓိကာရော-မပြုအပ်သောလွန်လွန်ကဲကဲ အားထုတ်မှု ရှိ၏၊ ဝါ-လွန်လွန်ကဲကဲ အားထုတ်မှုကို မပြုခဲ့၊ တဿ-၏၊ ဒုက္ခာ ပဋိပဒါ ဟောတိ၊အကတာဓိကာရဿ-ပြုအပ်ပြီးသော လွန်လွန်ကဲကဲအားထုတ်မှု ရှိသော ယောဂီပုဂ္ဂိုလ်၏၊ ဝါ-လွန်လွန်ကဲကဲ အားထုတ်မှုကိုပြုခဲ့သော ယောဂီ ပုဂ္ဂိုလ်၏၊ သုခါ (ပဋိပဒါ ဟောတိ)၊ ပန-ကား၊ ယော-သည်၊ဝိပဿနာယ-၌-အကတာဓိကာရော-သည်၊ ဟောတိ၊ တဿ-၏၊ ဒန္ဓာ အာဘိညာ ဟောတိ-ကတာဓိကာရဿ-၏၊ခိပ္ပါ(အဘိညာ ဟောတိ)၊ [ဤစကားမျှားကိုထောက်၍ နောက်နောက်အခါဝယ် သုခ ပဋိပဒါ ခိပ္ပါဘိညာဖြစ်စေလိုသော ပုဂ္ဂိုလ်တို့သည် ယခုဘဝ်၌ပင် တရားထူးမရသော်လည်း ဘာဝနာကမ္မဋ္ဌာန်းကို အဓိကာရ ဖြစ်အောင် ကြိုးပမ်းသင့်ကြသည်။]

စ-သည်သာမကသေး၊ ကိလေသိန္ဒြိယဝဿနာပိ - ကိလေသာ ဣန္ဒြေတို့၏ အစ္စမ်းဖြင့်လည်း၊ တောသံ-ဤပဋိပဒါအဘိညာဉ်တို့၏၊ ပဘေဒေါ-ကို၊ ဝေဒိ တပ္ပေါ၊ ဟိ-ခဲ့၊ တိဗ္ဗကိလေသဿ-ထက်သောကိလေသာရှိသော၊ (ကိလေသာ အားကြီးသော၊) မုဒိန္ဒြိယဿ-နုံ့ညံ့သောသဒ္ဓါအစရှိသောဣန္ဒြေရှိသူ၏၊ဒုက္ခာ-သော၊ ပဋိပဒါစ-သည်လည်းကောင်း၊ ဒန္ဓာ-သော၊ အဘိညာစ-သည်လည်း ကောင်း၊ ဟောတိ၊ ပန-ကား၊ တိက္ခိန္ဒြိယဿ-ထက်သော သဒ္ဓါ အစရှိသော ဣန္ဒြေရှိသူ၏၊ ခိပ္ပါ-သော၊ အဘိညာ(ဟောတိ)၊ စ-သေး၊ မန္ဒကိလေသဿ-နုံ့သော ကိလေသာရှိသော၊ (ကိလေသာ နည်းပါးသော၊) မုဒိန္ဒြိယဿ-၏၊ သုခါ,ပဋိပဒါစ-သည်လည်းကောင်း၊ ဒန္ဓာ, အဘိညာစ-သည်လည်းကောင်း၊

အဓိကာရ။ ။အဓိ-လွန်လွန်ကဲကဲ + ကာရ - ပြုအပ်သော ကောင်းမှုဟုသည် ရွေးဘဝက သမထကို ကြိုးကြိုးစားစား အားထုတ်ဘူးခြင်း, ဝိပဿနာကို ကြိုးကြိုး စားစား အားထုတ်ဘူးခြင်းတည်း၊ ထိုအားထုတ်ခြင်းကို "ဆုတောင်း"ဟု အနက် ပေးမှားကြ၏။ [ကတော+အဓိကာရော ယေနာတိ ကတာဓိကာရော။]

ဟောတိ- ပန-ကား၊ တိက္ခိန္ဒြိယဿ-၏၊ ခိပ္ပါ အာဘိညာ(ဟောတိ)၊ ဣတိ-သို့၊ (“တောသံ ပဘေဒေါ ဝေဒိတဗ္ဗော”ပြန်လှည့်)

ဣတိ-ဣသို့လျှင်၊ ဣမာသု ပဋိပဒါအာဘိညာသု-တို့တွင်၊ ယော ပုဂ္ဂလော-အကြင် ယောဂီပုဂ္ဂိုလ်သည်၊ ဒုက္ခာယ-သော၊ ပဋိပဒါယ-ဖြင့် လည်းကောင်း၊ ဒန္ဓာယ-သော၊ အာဘိညာယ-ဖြင့်လည်းကောင်း၊ စျာနံ-သို့၊ ပါပုဏာတိ-၏၊ တဿ-ထိုယောဂီပုဂ္ဂိုလ်၏၊ တံ စျာနံ-ကို၊ ဒုက္ခပ္ပဋိပဒ(န္တိ)-ဟူ၍လည်းကောင်း၊ ဒန္ဓာဘိညန္တိ-ဟူ၍လည်းကောင်း၊ ဝုစ္စတိ၊သေဃေသုပိ-ကြွင်းသော ဒုက္ခပ္ပဋိပဒါ ခိပ္ပါဘိညာ အစရှိသော စျာန်တို့၌လည်း၊ သေဝနယော၊ တတ္ထ-ထို ပဋိပဒါ အာဘိညာဉ်တို့တွင်၊ [ယောဇနာ၌ “တတ္ထ စျာနာဓိကာရေ- ထိုစျာန်အရာ၌” ဟု စဲသည်၊] တဒနုဓမ္မတာ-ထိုစျာန်အားလျော်သော သဘောဓာတ်ရားဖြစ်သော၊ သတ္တိ-သည်၊ သန္တိဋ္ဌတိ-ဇကောင်းစွာတည်အံ့၊ ဌိတိဘာဂိနိ- တည်တံ့ခြင်း အဖို့ရှိသော၊ ပညာ-သည်၊ (ဟောတိ)၊ဣတိဝေါ-သို့၊ ဝုတ္တသတိယာဝါ-ဟောတော် မူအပ်သော သတိကိုသော်လည်းကောင်း၊ တံတံ စျာန နိကန္တိယာဝါ- ထိုထို

တဒနုဓမ္မဘာဝ သတိ။ ။ဤပါဠိသည် ဉာဏဝိဘင်းပါဠိတော် စတုက္ကဋ္ဌလာသော ပါဠိတည်း၊ ထို၏အဋ္ဌကထာ၌ “တဒနုဓမ္မတာတိ တဒနုရူပသဘာဝါ”ဟုဖွင့်၏၊ မဓုဋ္ဌ “သဘာဝေါ”ဟု ရှိ၏၊ အနုကို “အနုရူပ” ဟုလည်းကောင်း, ဓမ္မကို “သဘာဝ”ဟု လည်းကောင်း ဖွင့်ခြင်းတည်း၊ ကာပစ္စည်း အနက်မရှိ-ဟူလို၊ ဤဋီကာ၌ “တဒနုရူပတာ ဘူတာ”ဟု ဘူတာထည့်၍ ဖွင့်ခြင်းမှာ ထိုပုဒ်ကို ဗဟုဗ္ဗိဟိ မကြံစေလိုသောကြောင့် တည်း၊ “အနုရူပေါ+ဓမ္မော အနုဓမ္မော၊ အနုဓမ္မောယေဝ အနုဓမ္မတာ၊ တဿ+အနုဓမ္မတာ တဒနုဓမ္မတာ”ဟုပြု၊ သတိကို “မိစ္ဆာသတိ သန္ဓာယ”ဟု ဖွင့်၏၊ ထိုမိစ္ဆာသတိဟူသည်လည်း “ထို ပဌမစျာန်ကို သာယာသော နိကန္တိတည်း၊ (တနည်း) ထိုနိကန္တိနှင့် သမ္မယုတ်ဖြစ်သော နာမ်ခန္ဓာ ၄-ပါးတည်း”ဟု ဋီကာ၌ ဝဒန္တိဝါဒလာ၏၊ ထိုဝါဒသည် ဝိဘင်းအဋ္ဌကထာဝါဒပင်တည်း။ [ထိုအဋ္ဌကထာကို ကြည့်ပါ။]

ဋီကာ တနည်း။ ။ဋီကာ၌ ဝဒန္တိဝါဒအပြင် “အဝိဂတနိကန္တိကာ တံတံပရိဟရဏာ သတိ”ဟု မိမိဝါဒကို ဖွင့်ပြသေး၏၊ ထို၌ “သတိ”ဟူသည် ထိုထိုစျာန်နှင့် ယှဉ်ဖက်တရားဝို့ကို ဆောင်ရွက် မှတ်သားတတ်သော သမ္မာသတိပင်တည်း၊ ထိုသို့ သမ္မာသတိက အမှတ်ရရာ၌ စျာန်ကို နှစ်သက်တတ်သော နိကန္တိတရာသည် ပကတူပ နိဿယသတ္တိဖြင့် သတိအား ကျေးဇူးပြုလျက်ရှိသောကြောင့် “အဝိဂတနိကန္တိကာ”ဟူဆိုသည်၊ လောက၌ မိမိနှစ်သက်သော အရာဝတ္ထုကို သတိဖြင့် မကြာမကြာ အမှတ်ရနေခြင်းမျိုးတည်း။

ဆိုလိုရင်းကား---“ပဌမစျာန်ကို ရပြီးနောက် ထိုစျာန်၌ နိကန္တိပါသော သတိဖြစ်နေလျှင် ထိုစျာန်သည် ရှေ့သို့လည်း မတိုးတက်, အောက်သို့လည်း လျော့မကျပဲ တန့်ရပ်နေခြင်းအဖို့ရှိသော ဌိတိဘာဂိယစျာန်ဖြစ်သည်”ဟူလို၊ ဒုတိယစသော စျာန်၏ ဌိတိဘာဂိယဖြစ်ပုံလည်း ဤနည်းပင်၊ ဟာနဘာဂိယ, ဝိသေသဘာဂိုယ, နိဗ္ဗေဓဘာဂိုယ ဖြစ်ပုံလည်း ထို ဝိဘင်းပါဠိတော်၌ ရှုပါ။

စျာန်၌ တပ်မက်တတ်သော တဏှာကိုသော်လည်းကောင်း၊ ဝိကွမ္ဘနေ-ခွာခြင်း၌၊ ပဋိပဒါ-ကိုလည်းကောင်း၊ တံတံ စျာနုပစာရပ္ပတ္တာသာ-ထိုထို စျာန်၏ ဥပစာသို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်၏၊ အပ္ပနာယ-အပ္ပနာစျာန်ကို၊ ပရိဝါသေ-ကျင့်သုံးခြင်း၌၊ (အပ္ပနာစျာန်ရဖို့ရန် မမျှော်လင့်ခြင်း၌၊) အဘိညာစ-ကိုလည်းကောင်း၊ ဝေဒိတဗ္ဗာ-၏။

စ-သည်သာမကသေး၊ အာဂမနဝသေနာပိ- အထက်အထက် စျာန်၏ ဖြစ်ပေါ်လာကြောင်း၏ အစွမ်းဖြင့်လည်း၊ ပဋိပဒါ-ပဋိပဒါ တို့သည်လည်းကောင်း၊ အဘိညာစ-တို့သည်လည်းကောင်း၊ ဟောန္တိယေဝ-နှံ့ သည်သာ၊ ဟိ-၌၊ ဒုက္ခပ္ပဋိပဒံ- ခက်ခဲသောအကျင့်ရှိသော၊ ဒန္ဓာဘိညံ- လေးနှေးသော အသိဉာဏ်ရှိသော၊ ပဌမဇ္ဈာန်-သို့၊ ပတ္ဝာ-ရောက်ပြီး၍၊ ပဝတ္တံ-ဖြစ်သော၊ ဒုတိယမ္ပိ- ဒုတိယစျာန်သည်လည်း၊ တာဒိသမေဝ- ထို ပဌမစျာန်ကဲ့သို့ ရှုအပ်သည်သာ၊ ဟောတိ၊ [ပဌမစျာန်ကဲ့သို့ "ဒုက္ခပ္ပဋိပဒ ဒန္ဓာဘိညာ ဒုတိယစျာန် ဖြစ်သည်" ဟူလို။] တတိယ စတုတ္ထသုပိ-တို့၌လည်း၊ ဧသေဝ- ဤဆိုအပ်ပြီးသော အစီအရင်သည်ပင်၊ နယော-သိခြင်း အစီအရင်တည်း၊ စ-သည်သာမကသေး၊ စတုက္ကနယေ-၌၊ (ပဋိပဒါဝသေန-ပဋိပဒါ၏ အစွမ်းဖြင့်၊ စတုဓာ-၄-ပါးအပြားအားဖြင့်၊ ဘေဒေါ်-ကွဲပြားခြင်းကို၊ ဝေဒိတဗ္ဗော)ယထာ-ကဲ့သို့ ဧဝံ-တူ၊ ပဌကနယေပိ-၌လည်း၊ ပဋိပဒါဝသေန စတုဓာ ဘေဒေါ ဝေဒိတဗ္ဗော၊ ဣတိ-ဤသို့လျှင်၊ ပဋိပဒါဝသေနပိ-ဖြင့်လည်း၊ စတ္တာရော-နှံသော၊ နဝကာ-နဝကတို့သည်၊ ဝါ-စျာန် ၉-ပါးအပေါင်းတို့သည်၊ ဝုတ္တာ-ဟော တော်မူအပ်ပြီးကုန်သည်၊ ဟောန္တိ။

အာဂမနဝသေနာဝိ။ ။ပဌမစျာန်သည် ဒုတိယစျာန်၏ ဖြစ်ပေါ်လာကြောင်း အာဂမနတည်း၊ ဒုတိယစျာန်သည် တတိယစျာန်၏ ဖြစ်ပေါ်လာကြောင်း အာဂမနတည်း၊ ဤသို့စသည်ဖြင့် ရှေးရှေးစျာန်ကို "အာဂမန" ဟုခေါ်သည်၊ [သင်္ဂြိဟ်ကမ္မဋ္ဌာန်းပိုင်းလာ ဝိပဿနာဂမနစသော သဘောမျိုးတည်း၊] အပိသဒ္ဒါသည် ထို အာဂမနကြောင့် ပဋိပဒါအဘိညာတို့၏ ကေန်မဟုတ်ကြောင်းကို ပြ၏၊ အာဂမန၏ အစွမ်းကြောင့်သာ ပဋိပဒါအဘိညာတို့ ဖြစ်ကြသည် မဟုတ်သေး၊ "ယော အသပ္ပာယသေဝီ" စသည်ဖြင့် ပြခဲ့သော အကြောင်းကြောင့်လည်း ပဋိပဒါအဘိညာတို့ အမျိုးမျိုး ဖြစ်ကြသေး၏-ဟူလို။

အာဂမနံ ကေန် မဟုတ်ရကျိုး။ ။အာဂမန၏ ကေန် မဟုတ် သောကြောင့် စျာန်တပါးတပါး၌ ပဋိပဒါ ၄-မျိုး, ပရိတ္တာရမ္မဏစသော အာရုံ ၄-မျိုး, ထို ၄-မျိုး ၄-လီအားဖြင့် သောဋသက္ခတ္တုကနည်းများရှိနိုင်ကြ၏၊ အာဂမနက ကေန်ဖြစ်လျှင်ကား စျာန်တပါးလျှင် ပဋိပဒါတမျိုးသာရ၍ ထို ပဋိပဒါအတွက် စတုက္က ပဉ္စကစျာန် ၉-မျိုး, အာရုံတမျိုးသာရ၍ ထိုအာရုံအတွက် စျာန် ၉-မျိုး, ပဋိပဒါအာရုံ ရောလျက် မိဿကအတွက် စျာန် ၉-မျိုး, ဤသို့ ဟောတော်မူရလိမ့်မည်။ [တေသ အနေကန္တိကတ္တာ ဧဝ၊ ပေ၊ ယောဇေတဗ္ဗာနိ သိယုံ၊—ဋီကာ။]

တေသု- ထိုစျာန်တို့၌၊ ပါဠတော- ပါဋိတော်ပါဠိအား ဖြင့်၊ ဆတ္တိံသ-၃၆-ပါးသော၊ စိတ္တာနိ-တို့သည်၊ (ဟောန္တိ)၊ [စျာန် ၉-ပါးကို ပဋိပဒါ၄-ပါး ဖြင့်မြောက်၍ စျာန်စိတ် ၃၆-ပါးဖြစ်သည်၊] ပန- ထိုသို့ပင် ပါဋိတော်ပါဠိ အားဖြင့် ၃၆-ပါးသောစိတ် ဖြစ်ပါသော်လည်း၊ အတ္ထတော- လိုရင်းအနက် အားဖြင့်၊ ဝါ- တရားကိုယ်အားဖြင့်၊ ပဠကနယေ- ပဠကနည်း၌၊ စတုက္က နယဿ-၏- ပဝိဋ္ဌတ္တာ-ဝင်သည်၏အဖြစ်ကြောင့်၊ ဝိသတိမေဝ- ၂၀-သာလျှင် ဖြစ်သော၊ (စိတ္တာနိ)ဘဝန္တိ၊ ဣတိ- ဤသို့ မှတ်အပ်၏၊ [တရားကိုယ် အရ ကောက်လျှင် စျာန် ၅-ပါးသာရှိ၏၊ ထို့ကြောင့် သင်္ဂြိဟ်၌လည်း ပဠကနည်း အရ စျာန် ၅-ပါးကိုသာ ပြသည်၊ ထိုစျာန် ၅-ပါးကို ပဋိပဒါ ၄-ပါးဖြင့် မြောက်လျှင် ၂၀-ဖြစ်၏။]—ပဋိပဒါစတုက္ကံ-သည်၊ နိဋ္ဌိတံ-ပြီ။

အာရမ္မဏစတုက္က အဖွင့်

ဣဒါနိ-၌၊ ယသ္မာ, ဧတံ စျာနံနာမ-မည်သည်၊ ပဋိပဒါဘေဒေန- ပဋိပဒါ အပြားအားဖြင့်၊ (စတုဗိဓံ-၄-ပါးအပြားရှိသည်၊ ဟောတိ) ယထာ-ကဲ့သို့၊ ဧဝံ-တူ၊ အာရမ္မဏဘေဒေနာပိ-အားဖြင့်လည်း၊ စတုဗိဓံ ဟောတိ၊တသ္မာ-ကြောင့်၊ (ထိုသို့ ဤစျာန် မည်သည်၏ ပဋိပဒါအပြားအားဖြင့် ၄-ပါးအပြား ရှိသကဲ့သို့အာရုံအပြားအားဖြင့်လည်း ၄-ပါးအပြားရှိသည်၏အဖြစ်ကြောင့်၊) အဿ-ဤစျာန်၏၊ ကံ ပဘေဒ-ထိုအပြားကို၊ ဒဿေတုံ-၌ ။ ပုန, ကတမေ့ မမ္မာ ကုသလာတိအာဒိ-ကို၊ (ဘဂဝတာ)အာရဒ္ဓံ၊ဘတ္ထ-ထိုကတမေ မမ္မာ ကုသလာ အစရှိသော စကား၌၊ (''ပရိတ္တံ ပရိတ္တာရမ္မဏန္တိ အာဒီသု''၌စပဲ၊ ဃောဇနာ၌ ''ဝိနိစ္ဆယော ပေံ ဝေဒိတဗ္ဗော''ဟု ထည့်၏၊) ပရိတ္တံ ပရိတ္တာရမ္မဏန္တိအာဒီသု- အစရှိသော စကားတို့၌၊ (ပရိတ္တံနာမ စသည်၌စပဲ၊) ယဲ- အကြင်စျာန်သည်၊ အပ္ပဂုဏံ- အဝါးဝစ္စာ, မလေ့လာအပ်သည်၊ (ဝသီဘော် မမြောက်သည်၊) ဟောတိ-၏၊ ဥပရိဇ္ဈာနဿ-အထက်စျာန်၏၊ ပစ္စယော-အကြောင်းအထောက် အပံ့သည်၊ ဘဝိတုံ-၌၊ နသက္ကောတိ၊ [အပ္ပဂုဏံ ဟောတိကို ထပ်ဖွင့်သည်၊ အပ္ပဂုဏော ဖြစ်သောကြောင့် အထက် အထက်စျာန်၏ အကြောင်း အထောက် အပံ့ဖြစ်ခြင်းငှါ မစွမ်းနိုင်-ဟူလို။] ဣဒံ-ဤစျာနသည်၊ ပရိတ်တံနာမ-ပရိတ္တစျာန် မည်၏၊ ဝါ-နည်းသော တနံခိုးအာနုဘော်ရှိသောစျာန် မည်၏။

ပန- ကား၊ ယံ- အကြင်စျာန်သည်၊ အဝစိုတ္တေ- အာကျယ် မပွားစေအပ်သော၊ သုပ္ပမတ္တော ဝါ- မနုဿ (ဗန်း) စကော ;အတိုင်းအရှည် ရှိသည်မူလည်း ဖြစ်သော၊သရာဝမတ္တော ဝါ-ခွက်ငယ် အတိုင်းအရှည် ရှိသည်မူလည်းဖြစ်သော၊ အာရမ္မဏေ- ပထဝီကသိုဏ်းစသော ပဋိဘာဂနိမိတ် အာရုံ၌၊ ပဝတ္တေ- ဖြစ်၏၊

တံ- ထိုစျာန်သည်၊ အဿ- ဤစျာန်၏၊ ပရိတ္တံ- ကျဉ်းငယ်သော၊ အာရမဏံ-သည်၊ (အတ္ထိ)၊ ဣတိ- ဤ ဝစနတ္ထကြောင့်၊ ပရိတ္တာရမဏံ- ပရိတ္တာရမဏမည်၏၊ ယံ-သည်၊ ပဂုဏံ- အဝါးဝစ္ဆာ, လေ့လာအပ်ပြီးသည်၊ သုဘာဝိတံ-ကောင်းစွာ ပွားစေအပ်ပြီးသည်၊ (ဟောတိ)၊ ဥပရိဈာနဿ-၏၊ ပစ္စယော-သည်၊ ဘဝိတုံ- ငှါ၊ သက္ကောတိ၊ ဣဒံ- ဤစျာန်သည်၊ အပ္ပမာဏံနာမ- အပ္ပမာဏစျာန် မည်၏၊ ဝါ- တိုးပွားသော အတိုင်းအရှည်ရှိသောစျာန် မည်၏၊ (အသဒ္ဒါဝုဒ္ဓိအနက်ဟော၊)ယံ-သည်၊ ဝိပုလေ-ပြန့်ကျယ်သော၊ အာရမဏေ-၌၊ ပဝတ္တံ-၏၊ တံ-သည်၊ ဝုဒ္ဓိပ္ပမာဏတ္တာ-တိုးပွားသော အတိုင်းအရှည်ရှိသည်၏အဖြစ်ကြောင့်၊ (ဝုဒ္ဓိဖြင့် "အ"၏ အနက်ကို ဖွင့်သည်၊) အဿ- ဤစျာန်၏၊ အပ္ပမာဏံ-တိုးပွားသော အတိုင်းအရှည်ရှိသော၊ အာရမဏံ-သည်၊ (အတ္ထိ)၊ ဣတိ- ဤ ဝစနတ္ထကြောင့်၊ အပ္ပမာဏာရမဏံ- ဏ မည်၏၊ ပန-ကား၊ ဝုတ္တလက္ခဏ ဝေါမိဿကတာယ- ဆိုအပ်ပြီးသော လက္ခဏာရှိသော အာရုံတို့၏ ဈေနှောကုန်သည်၏ အဖြစ်အားဖြင့်၊ ဝေါမိဿကနယော- ဈေနှောကြောင်းနည်းကို၊ ဝေဒိတဗ္ဗော- ၏၊ ဣတိ- သို့လျှင်၊ အာရမဏဝသေနပိ- ဖြင့်လည်း၊ စတ္တာဈေ နဝကာ ဝုတ္တာ ဟောန္တိ၊ ဇတ္ထ-ဤ အာရမဏစတုက္ကဉ်၊ စိတ္တဂဏနာပိ- စိတ်အရေအတွက် သည်လည်း၊ ပုရိမသဒိသာဝေ- ရှေပဋိပဒါ စတုက္ကဏ်အရေအတွက်နှင့် တူသည်သာ၊ ဣတိ- အပြီးတည်း။ ။အာရမဏစတုက္ကံ-သည်၊ နိဋ္ဌိတံ။

အာရမဏပဋိပဒါမိဿက အဖွင့်

၂ ဣဒါနိ-၌၊ အာရမဏပဋိပဒါမိဿကံ- အာရုံပဋိပဒါတို့၏ ဈေနှောခြင်းရှိသော၊ [ပါဠိတော်၌ ပဋိပဒါကို ရှေကထား၍ ဟောတော်မူသောကြောင့် "ပဋိပဒါအာရမဏမိဿကံ"ဟု ရှိလျှင် ကောင်းမည်ထင်သည်၊] သောဋ္ဌသက္ခတ္တုကနယံ- သောဋ္ဌသက္ခတ္တုကနည်းကို၊ (စျာန်တပါး၌ ပဋိပဒါ ၄-ပါးကို တည်၍ အာရုံ ၄-ပါးဖြင့်မြောက်ယျက် ၁၆-ပါးပြားသောနည်းကို၊)ဒဿေတုံ-ငှါ၊ ပုန-တဖန်၊ ကတမေ ဓမ္မာ ကုသလာတိအာဒိ အာရဒ္ဓံ၊ တတ္ထ- ထိုကတမေ ဓမ္မာ ကုသလာ အစရှိသော သောဋ္ဌသက္ခတ္တုက နည်းတို့တွင်၊ [ယောဇနာ၌-"တတ္ထ-၌"ဟု ပေး၍ ဝိနိစ္ဆယော ဝေဒိတဗ္ဗောဟု ထည့်စပ်သည်။] ပဋ္ဌမနယေ-၌၊ ဝုတ္တဈာနံ- ဟောတော်မူအပ်သော စျာန်သည်၊ ဒုက္ခပ္ပဋိပဒတ္တာ၊ ခက်ခဲသောအကျင့်ရှိသည်၏အဖြစ်လည်းကောင်း၊(ဣတိ၌စပ်၊)ဒန္ဓာဘိညတ္တာ-လေးနှေးသော အသိဉာဏ်ရှိသည်၏အဖြစ်လည်းကောင်း၊ပရိတ္တတ္တာ-နည်းသော တန်ခိုးအာနုဘော်ရှိသည်၏အဖြစ်လည်းကောင်း၊ပရိတ္တာရမဏတ္တာ- ကျဉ်းငယ်သော အာရုံရှိသည်၏ အဖြစ်လည်းကောင်း၊ ဣတိ - သို့၊ စတူဟိ-နိ်သော၊

ကာရဏေဟိ-တို့ကြောင့်၊ ဟိန်-ယုက်ညံ့၏၊ သောဋ္ဌသမနယေ-၌၊ ဝုတ္တဗျာနံ-သည်၊ သုခပ္ပဋိပဒတ္တာ လှယ်ကူသော အာကျင့်ရှိသည်၏ အဖြစ်လည်းကောင်း၊ ခိပ္ပါဘိညတ္တာ-လျင်မြန်သော အသိဉာဏ်ရှိသည်၏အဖြစ်လည်းကောင်း၊ အပ္ပမာဏတ္တာ-တို့ ပုဉ်းသောအတိုင်းအရှည်ရှိသော တန်ခိုးအာနုဘော်ရှိသည်၏အဖြစ်လည်းကောင်း၊ အပ္ပမာဏာရမဏတ္တာ-တို့းပုဉ်းသော အတိုင်းအရှည်ရှိသော အာရုံရှိသည်၏ အဖြစ်လည်းကောင်း၊ ဣတိ-သို့၊ စတူဟိ, ကာရဏေဟိ-တို့ကြောင့်၊ ပဏီတံ-မွန်မြတ်၏၊ သေသေသု-ပဌမနည်း, သောဋ္ဌသမ နည်းတို့မှ ကြွင်းကုန်သော၊ စုဒ္ဒသသု-၁၄ ပါးသောနည်းတို့၌၊ ဧကေန-တပါးသော၊ (ကာရဏေန-အကြောင်းကြောင့်သော်လည်းကောင်း၊) ဒ္ဝိဟိ, (ကာရဏေဟိ-သော်လည်းကောင်း၊) တီဟိ, ကာရဏေဟိစ-တို့ကြောင့်သော်လည်းကောင်း၊ ဟိနပဏီတတာ-ဟိန, ပဏီဘတို့၏ အဖြစ်ကို၊ ဝေဒိတဗ္ဗာ-၏။

ပန-ပရိဟာရပက္ခမှ တပါး, စောဒကပက္ခကို ဆိုဦးအံ့၊ ကဿာ, အယံ နယော-ဤသောဋ္ဌသက္ခတ္တုကနည်းကို၊ (ဘဂဝတာ) ဒေသိတော-ဟောတော်မူအပ်သနည်း၊ ဣတိ-ဤကား အမေးတည်း၊ စျာနုပ္ပတ္တိကာရဏတ္တာ-စျာန်ဖြစ်ခြင်း၏ အကြောင်း၏အဖြစ်ကြောင့်၊ (အယံ နယော, ဒေသိတော-ပြီ၊) ဟိ-ချေ၊ သမ္မာသမ္ဗုဒ္ဓေန-သည်၊ ပထဝီကသိဏော-၌၊ သုဒ္ဓိကဇ္ဈာနံ-ပဋိပဒါအာမ်ိုမဖက်, သက်သက်သော စျာန်ကို၊ စတုက္ကနယဝသေန-စတုက္ကနည်း၏ အဖြစ်ဖြင့်လည်းကောင်း၊ ပဉ္စကနယဝသေနစ-ဖြင့်လည်းကောင်း၊ ဒေသိတံ-ပြတော်မူအပ်ပြီ၊ တဿာ-တူ၊ သုဒ္ဓိကပဋိပဒါ-အာရုံ မဖက်, သက်သက်သော ပဋိပဒါကို၊ (ဒေသိတာ)တထာ-တူ၊သုဒ္ဓိကာရမဏံ-ပဋိပဒါမဖက် သက်သက်သောအာရုံကို၊ (ဒေသိတံ)၊ တတ္ထ-ထိုသို့ပြတော်မူရာ၌၊ [ဃယာဇနာဒ်''တတ္ထ စတုက္ကနယာဒီသု-ထိုစတုက္ကနည်း အစရှိသည်တို့တွင်''ဟု စွဲသည်။] ယာ ဒေဝတာ-အကြင် နတ်ပြဟ္မာတို့သည်၊ ပထဝီကသိဏော-၌၊ သုဒ္ဓိကဇ္ဈာနံ-ကို၊ စတုက္ကနယဝသေန-ဖြင့်၊ ဒေသိယမာနံ-ဟောတော်မူအပ်သော်၊ ဗုဇ္ဈိတုံ-၌၊ သက္ကောန္တိ-စွမ်းနိုင်ကုန်၏၊ တာသံ-ထိုနတ်ပြဟ္မာတို့အား၊ သပ္ပာယဝသေန-လျောက်ပတ်သည်၏ အစွမ်းဖြင့်၊ သုဒ္ဓိကဇ္ဈာနေ-၌၊စတုက္ကနယော-ကို၊ ဒေသိတော-ပြီ၊ယာ(ဒေဝတာ)-တို့သည်၊ ပဉ္စကနယဝသေန, ဒေသိယမာနံ-သော်၊ ဗုဇ္ဈိတုံ သက္ကောန္တိ၊တာသံ သပ္ပာယဝဆေန ပဉ္စကနယော (ဒေသိတော)၊ ယာ (ဒေဝတာ)- တို့သည်၊ သုဒ္ဓိကပဋိပဒါယ-သက်သက်သော ပဋိပဒါ၌လည်းကောင်း၊ သုဒ္ဓိကာရမဏေ-သက်သက်သော အာရုံ၌လည်းကောင်း၊ စတုက္ကနယဝသေန၊ပေ၊ သက္ကောန္တိ၊ တာသံ သပ္ပာယဝသေန, သုဒ္ဓိကပဋိပဒါယ-၌လည်းကောင်း၊ သုဒ္ဓိကာရမဏေ-၌လည်းကောင်း၊ စတုက္ကနယော ဒေသိတော၊ ယာ (ဒေဝတာ) ပဉ္စကနယဝသေန၊ပေ၊ သက္ကောန္တိ၊တာသံ သပ္ပာယဝသေနပဉ္စကနယော(ဒေသိတော)။

ဣတိ-သို့လျှင်၊ ဟေဋ္ဌာ-သောဋ္ဌသက္ခတ္တုကနည်းသို့ မရောက်မီ အောက်၌၊ ဝါ-ရှေ့၌၊ [ရှေ့ဖြစ်သော အတိတ်ကိုပင် ရည်ရွယ်ရှုဋ္ဌနည်းအားဖြင့် အောက်ဟု ဆိုထားသည်။] ပုဂ္ဂလဇ္ဈာသယဝသေန-နှတ်ဖြာဟွာဟူသော ပုဂ္ဂိုလ်တို့၏ အလိုဆန္ဒနှင့် စပ်သဖြင့်၊ ဒေသနာ-ကို၊ ကတာ-ပြီ၊ စ-သည်သာ မတသေး၊ ဒေသနာဝိလာသပပွတ္တာ - ဒေသနာတော်ကို တင့်တယ် စံပယ်စေတတ်သော သဗ္ဗညုတဉာဏ်တော်သို့ရောက်တော်မူပြီးသော၊ သေ(ဌသော)-ဤမြတ်စွာဘုရားသည်၊ ပဘိန္နေ ပဋိသမ္ဘိဒေါ-ကွဲပြားသော ပဋိသမ္ဘိဒါဉာဏ်ရှိတော်မူသည်၊ ဒသဗလ စတုဝေသာရဇ္ဇဝိသဒဉာဏော - ၁၀ ပါးသော ဉာဏဗလ, ၄ ပါးသော ဝေသာရဇ္ဇဉာဏ်ဟူသော သန့်ရှင်းသောဉာဏ်ရှိတော်မူသည်၊ (ဟုတ္တာ), ဓမ္မာနံ-တို့၏၊ ယာထာဝသရသလက္ခဏာဃ-မဖောက်မပြန် မှန်ကန်သော မိမိ၏သဘော

ပဘိန္နပဋိသမ္ဘိဒေါ။ ။ပဘိန္နာ—(ဆုတ္ထ ဓမ္မ နိရုတ္တိ ပဋိဘာနတို့၌ အမျိုးမျိုးသိသောအားဖြင့်) ကွဲပြားသော+ပဋိသမ္ဘိဒါ—အပြားအားဖြင့်ဖြစ်သော ဉာဏ်သည်၊ ယဿ အတ္ထိတိ ပဘိန္နပဋိသမ္ဘိဒေါ၊ ဝိပါက်, ကြိယာ, နိဗ္ဗာန်, ပစ္စယုပ္ပန်တရားတော်၏ ဟောနက်ဖြစ်သော ဘာသိတတ္ထ, ဤအက္ခရာအနက် ၅ ပါးကိုသိသောဉာဏ်သည် အတ္ထပဋိသမ္ဘိဒါ၊ ကုသိုလ်, အကုသိုလ်, မဂ်, ပစ္စည်း, ဘာသိတ (ဟောတော်မူအပ်သော သုတ္တဂေယျစသော) တရား, ဤအကြောင်းဓမ္မ ၅ ပါးတို့ကို သိသော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါ၊ သဘာဝနိရုတ္တိဖြစ်သော ပါဠိဘာသာ၏ ဇာတ်ဝုစ်စသောအားဖြင့် အမှားအမှန်ကို သိသောဉာဏ်သည် နိရုတ္တိပဋိသမ္ဘိဒါ၊ ရှေဉာဏ် ၃ ပါးကို (မိမိနှင့်တကွ ၄ ပါးလုံးကိုပင်)သိသောဉာဏ်သည် ပဋိဘာနပဋိသမ္ဘိဒါ မည်၏။

ဒသဗလဉာဏ်။ ။ဌာနာဌာနဉာဏ်, ဝိပါကဉာဏ်, ပဋိပဒါဉာဏ်,အနေကဓာတုနာနာဓာတုလောကဉာဏ်, သတ္တာနံ နာနာဓိမုတ္တိကဉာဏ်,ကုန္ဒြိယပရောပရိယတ္တိဉာဏ်, ဈာနဝိမောက္ခ သမာဓိ သမာပတ္တိတို့၏ သံကိလေသဝေါဒါနဝုဋ္ဌာနဉာဏ်,ပုဗ္ဗေနိဝါသာနုဿတိ, ဒိဗ္ဗစက္ခု, အာသဝက္ခယဉာဏ်တော်များတည်း။ [ဒသက အဂ်ုတ္တိုရ်။]

ဌာနာဌာနေ ဝိပါကေ စ, ဉာဏံ ပဋိပဒါယ စ၊
နာနာဓာတုမှိ လောကမှိ, သတ္တာနံ အဓိမုတ္တိယာ၊
ဈာနာဒီနံ ကိလေသာဒေါ, ကုန္ဒြိယ ပရောပရေ၊
ပုဗ္ဗေနိဝါသ ညာဏဉ္စ, ဒိဗ္ဗစက္ခာသဝက္ခယံ။

စတုဝေသာရဇ္ဇဉာဏ်။ ။ဝိသာရဒဿ + ဘာဝေါ ဝေသာရဇ္ဇံ - ရဲရင့်သောဘုရားရှင်၏ ဖြစ်ကြောင်းဖြစ်ရာ ဉာဏ်တော် ၄ ပါးကား-အန္တရာယိကဓမ္မကို သိတော်မူခြင်း, နိယျာနိကဓမ္မကို သိတော်မူခြင်း, သမ္မာသမ္ဗုဒ္ဓအဖြစ်ကို ဝန်ခံတော်မူခြင်း, ခီဏာသဝအဖြစ်ကိုဝန်ခံတော်မူခြင်း,ဤ ၄ ဌာနဥဿဟရဲရင့်တော်မူခြင်းတည်း။[စတုက္ကအဂ်ုတ္တိုရ်, ပဌမပံ, တေဘာယောဂဝဂ်။]

အန္တရာယေ စ နိယျာနေ, ဗုဒ္ဓဘေ အာသဝက္ခယေ၊
စတူသွေတေသု ဌာနေသု, တထာဂတော ဝိသာရဒေါ။

လက်ခံကာ၏၊ ဝါ-ကို၊ သဲပွင့်ဝိဒ္ဓတ္တာ-ကောင်းစွာ ထိုးထွင်း၍ သိတော်မူအပ်ပြီး၏ အဖြစ်ကြောင့်၊ ဝါ-အတွက်၊ (ဟိတ်ကူ)၊ ဓမ္မပညတ္တိ ကုသလတာယ-တရား တော်ကို နာမည်တပ်၍ ပညတ်တော်မူခြင်း၌ ကျမ်းကျင်တော်မူသည်၏ အဖြစ် ကြောင့်၊ ယောယော နယော-ကို၊ လဗ္ဘတိ-၏၊ တဿ တဿ-ထိုထိုရနိုင်သော နည်း၏၊ ဝသေန-ဖြင့်၊ ဒေသနံ-ကို၊ နိယမေတုံ-ပိုင်းခြား သတ်မှတ်ခြင်းငှါ၊ သင်္ကော်တိ-စွမ်းနိုင်တော်မူ၏၊ တသ္မာ-ကြောင့်၊ (ထိုသို့ ထိုထိုရနိုင်သောနည်းဟု အစွမ်းဖြင့် ဒေသနာတော်ကို ပိုင်းခြား သတ်မှတ်တော်မူနိုင်သည်၏ အဖြစ် ကြောင့်၊) ဣမာယ ဒေသနာဝိလာသပတ္တိယာပိ-ဤဒေသနာတော်ကိုတင့်တယ် စံပယ်စေတတ်သော သဗ္ဗညုတဉာဏ်တော်သို့ ရောက်ခြင်းကြောင့်လည်း၊ တေန-ထိုမြတ်စွာဘုရားသည်၊ ပထဝီကသိဏော-၌၊ သုဒ္ဓိက စတုက္ကနယာဒိဝသေန-သုဒ္ဓိက စတုက္ကနည်း အစရှိသည်တို့၏ အစွမ်းဖြင့်၊ သော ဒေသနာ-ကို၊ ကတာ-ပြီ။

ပန-ဆက်၊ ယသ္မာ, ယေ ကေစိ-အမှတ်မရှိ အလုံးစုံသော အကြင်ပုဂ္ဂိုလ်တို့ သည်၊ ဗျာနုံ-ကို၊ ဥပ္ပါဒေန္တိ နာမ-ဖြစ်စေနိုင်ကုန်သည် မည်၏၊ တေ-ထိုပုဂ္ဂိုလ် တို့သည်၊ အာရမဏာ ပဋိပဒါဟိ-တို့နှင့်၊ ဝိနာ-ကင်း၍၊ ဥပ္ပါဒေတုံ-ဖြစ်စေခြင်းငှါ၊ နသင်္ကော်န္တိ၊ နိယမတော-မြဲသောအားဖြင့်၊ တသ္မာ ဗျာနုပ္ပတ္တိကာရကတ္တာ-ထိုသို့ ဗျာန်ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ကြောင့်၊ အယံ သောဋ္ဌသက္ကတ္တုက နယော-ကို၊ကထိတော-ဟောဟော်မူအပ်ပြီ၊ ဧတ္ထာဝတာ-ဤမျှအတိုင်းအရှည် ရှိသော ပါဋိတော်အစဉ်ဖြင့်၊ သုဒ္ဓိကနဝကော-လည်းကောင်း၊ စတ္ထာရော-န်သော၊ ပဋိပဒါနဝကာ-တို့လည်းကောင်း၊ စတ္ထာရော-န်သော၊ အာရမဏာ နဝကာ-တို့လည်းကောင်း၊ ဣမေ စ သောဋ္ဌသနဝကာ- ဤသောဋ္ဌသနဝကတို့ လည်းကောင်း၊ဝါ-ဤ ၁၆ ပါးသောဗျာန်၌-ပါးအပေါင်းကိုလည်းကောင်း၊ ဣတိ-သို့၊ ပဋ္ဌဝိသတိ-သော၊ နဝကာ-တို့သည်၊ ကထိတာ-ဟောတော်မူအပ်ပြီး ကုန်သည်၊ ဟောန္တိ။

တတ္ထ-ထိုနဝကတို့တွင်၊ကေကသ္မိ-သော၊နဝကေ-၌၊စတုက္ကပဋ္ဌာန-စတုက္က ပဋ္ဌာန တို့၏အပြားအားဖြင့်၊ဒ္ဝေဒ္ဝေ-ကုန်သော၊နယာ-တို့သည်၊ဟောန္တိ၊ ဣတိ-ကြောင့်၊ ပညာသံ ၅၀ သော၊ နယာ-တို့သည်၊ (ဟောန္တိ)၊ တတ္ထ- ထို ၅၀ သောနည်းတို့တွင်၊ ပဋ္ဌဝိသတိယာ-သော၊ စတုက္ကနယေသု-တို့၌၊ သတ်-တရားသော ဗျာန်စိတ်လည်းကောင်း၊ ပဋ္ဌာနနယေသု-တို့၌၊ ပဋ္ဌဝိသသတ်-တရာ နှစ်ဆယ့်ငါးပါးသော ဗျာန်စိတ်လည်းကောင်း၊ [“ပဋ္ဌဝိသံ သတံ”ဟု ရှိလျှင် သဒ္ဓါနည်း ကောင်းသည်၊ “ပဋ္ဌဝိသံ-၂၅ပါး အလွန်ရှိသော၊ သတ်-တရား သော ဗျာန်စိတ်လည်းကောင်း”ဟု ပေး။] ဣတိ-သို့၊ ပါဠိတော-ပါဋိတော် ပါဠိအားဖြင့်၊ ပဋ္ဌဝိသာဓိကာနိ-၂၅-ပါး အလွန်ရှိကုန်သော၊ ဒ္ဝေ ဗျာနစိတ္တ သတာနိ-နှစ်ရာသော ဗျာန်စိတ်တို့သည်၊ ဟောန္တိ၊ ပန-ထို့ဆိုပင်နှစ်ရာနှစ်ဆယ်

ငါးပါးသောစျာန်စိတ်ဖြစ်ပါသော်လည်း၊ပဥ္ဇကနယေ-၌၊ စတုက္ကနယသာ-၏၊ ပဝိဋ္ဌတ္တာ-ဝင်သည်၏အဖြစ်ကြောင့်၊ အတ္ထတော-အားဖြင့်၊ပဥ္ဇဝီသာဓိကမေဝ-၂၅-ပါး အလွန်ရှိသည်သာလျှင်ဖြစ်သော၊ စိတ္တသတံ-စျာန်စိတ် တရာသည်၊ ဟောတိ-၏၊ စ-ဆက်၊ ပါဋ္ဌေ-ပါဠိတော်ပါဌ်၌၊ ပဥ္ဇဝီသာဓိကာနိ-နှ်သော၊ ယာနိ တာနိ ဒေ့ စိတ္တသတာနိ-အကြင် နှစ်ရာသော စျာန်စိတ်တို့သည်၊ (ဟောန္တိ)၊ တေသု-ထိုနှစ်ရာ့နှစ်ဆယ့်ငါးပါးသော စျာန်စိတ်တို့စွင်၊ ဧကေ-ကဿ-တပါးတပါးသော စျာန်စိတ်၏၊ နိဒ္ဒေသေ-၌၊ ဓမ္မဝဝတ္ထာနာဒယော-ဓမ္မဝဝတ္ထာနအစရှိကုန်သော၊တယော တယော-နှ်သော၊မဟာဝါရာ-တို့သည်၊ ဟောန္တိ၊ ပန-ဆက်၊ ကေ-ထိုမဟာဝါရတို့ကို၊ တတ္ထ တတ္ထ-ထိုထို စျာန်စိတ်၏ နိဒ္ဒေသ၌၊ နိယမတ္တမေဝ-နည်းမျှကိုသာ၊ ဒဿေတွာ-ပြတော်မူ၍၊ သံခိတ္တာ-ချုံးအပ်ကုန်ပြီ၊ဣတိ-အပြီးတည်း။ ။ပထဝီကသိဏ်-ပထဝီ ကသိုဏ်းရှိသော စျာန်သည်၊ နိဋ္ဌိတံ။

ဣဒါနိ-ပထဝီကသိဏစျာန်ကို ပြပြီးရာ ယခုအခါ၌၊ ယသ္မာ, အာပေါ ကသိဏာဒီသုပိ-အာပေါ ကသိုဏ်း အစရှိသော အာရုံတို့၌လည်း၊ တောနိ စျာနာနိ-ဤရူပါဝစရစျာန်တို့သည်၊ ဥပ္ပဇ္ဇန္တိ၊တသ္မာ-ကြောင့်၊(ထိုသို့ အာပေါ ကသိုဏ်းအစရှိသော အာရုံတို့၌လည်း ဤရူပါဝစရစျာန်တို့၏ ဖြစ်ကုန်သည်၏ အဖြစ်ကြောင့်၊) တေသံ-ထိုအာပေါကသိုဏ်း အစရှိသည်တို့၌ဖြစ်သော စျာန်တို့ကို၊ ဒဿနတ္ထံ-ငှါ၊ ပုန၊ပေ၊ အာရဒ္ဓံ၊တေသု-ထိုအာပေါကသိုဏ်းအစရှိသည်တို့ဝယ် ဖြစ်သော စျာန်တို့၌၊ သဗ္ဗော-သော၊ ပါဋ္ဌိနယောစ-ပါဋ္ဌိတော်နည်းကို လည်းကောင်း၊ အတ္ထဝိဘာဝနာ စ-အနက်ကို ထင်စွာပြခြင်းကိုလည်းကောင်း၊ (အနက် အဖွင့်ကိုလည်းကောင်း၊) စိတ္တဂဏနာစ-စိတ် အရေအတွက်ကိုလည်း ကောင်း၊ဝါရသင်္ခေပေါစ-ဝါရကိုချုံးခြင်းကိုလည်းကောင်း၊ပထဝီကသိဏေ-၌၊ ဝုတ္တနယေနေဝ-ဖြင့်သာ၊ ဝေဒိတဗ္ဗော၊ ပန-ဆက်၊ ဘာဝနာနယော-ကို၊ ကသိဏပရိကမ္မံ-ကသိုဏ်းပရိကံကို၊အာဒိံ ကတွာ-အစပြု၍၊သဗ္ဗော-အလုံးစုံကို၊ ဝိသုဒ္ဓိမဂ္ဂေ-၌၊ (မယာ) ပကာသိတောယေဝ-ထင်ရှားပြအပ်ပြီးသည်သာ။

[ပါဋ္ဌိတော်ချင်း မတူရကား ကျမ်းချင်း ညှိလိုစသာကြောင့် "မဟာသကုလုဒါယိသုတ္တေ ပန" စသည် မိန့်၊] ပန-ဆက်၊ မဟာသကုလုဒါယိသုတ္တေ-မဟာသကုလုဒါယိသုတ်၌၊ ဒသ-နှ်သော၊ ကသိဏာနိ-တို့ကို၊ ဝုတ္တာနိ-ဟောတော်မူအပ်ကုန်ပြီ၊] ဤဓမ္မသင်္ဂဏီပါဋ္ဌိတော်၌ ကသိုဏ်း ဂ-ပါးသာဟောတော်မူသော်လည်း မဟာသကုလုဒါယိသုတ်၌ ဝိညာဏကသိုဏ်းအာကာသကသိုဏ်း ထည့်၍ ၁၀ ပါးဟောတော်မူသည်၊] တေသု-ထိုကသိုဏ်း ၁၀ ပါးတို့တွင်၊ ဝိညာဏကသိဏ်-ကို၊ (နှ ကထိတံ၌ စပ်၊) ဝါ-သည်၊ (ဟောတိ,ဘဇတိတို့၌ စပ်၊) အာကာသေ-ကောင်းကင်ပညတ်၌၊ ပဝတ္တိတ မဟဂ္ဂတ ဉာဏမ္မိ-

ဖြစ်စေအပ်သော မဟဂ္ဂုတ်ဝိညာဏ် သည်လည်းကောင်း၊(ပဌမဈာရုပ္ပဝိညာဏ်ကို ဆိုလိုသည်၊)တတ္ထ- ထို မဟဂ္ဂုတ်ဝိညာဏ်၌၊ ပရိကမ္မံ- ကို၊ တတ္ဝာ, နိဗ္ဗတ္တာ- ဖြစ်သော၊ ဝိညာဏဉ္စာယတနသမာပတ္တိပိ- သည်လည်းကောင်း၊ (ဒုတိယာရုပ္ပဝိညာဏ်ကိုဆိုသည်၊) ဟောတိ-ဖြစ်၏၊ ဣတိ-ကြောင့်၊ သဗ္ဗပဂကာရေန-အလုံးစုံသော အပြားအဝဲးဖြင့်၊ အာရုပ္ပဒေသနမေဝ- အာရုပ္ပဒေသနာသို့သာ၊ဘဇတိ-ကပ်ဝင်၏၊ (မဟာသကုလုဒါယိသုတ်၌ ဟောတော်မူအပ်သော ဝိညာဏကသိုဏ်းသည် ပဌမာရုပ္ပဝိညာဏ်လည်း ဖြစ်နိုင်, ဒုတိယာရုပ္ပဝိညာဏ်လည်း ဖြစ်နိုင်သောကြောင့် အာရုပ္ပဒေသနာ၌ ပါဝင်သည်-ဟူလို။) စာသမာ, ဣမသ္မိံ ဌာနေ- ဤဓမ္မသင်္ဂဏီပါဠိတော်ဝယ် ကသိဏအရာ၌၊ နကထိတံ-ဟောတော်မမူအပ်၊ [ဤ တိုင်အောင်သော စကားဖြင့် မဟာသကုလုဒါယိသုတ်၌ ဟောတော်မူအပ်သော ဝိညာဏကသိုဏ်းကို ဤဓမ္မသင်္ဂဏီပါဠိတော်၌ ဟောဖို့ မလိုကြောင်းကို ပြသည်။]

ဤပါဠိတော်၌ အာကာသကသိုဏ်းကို ဟောတော်မမူခြင်း၏ အကြောင်းကို ပြလိုသောကြောင့် "အာကာသကသိဏန္တိ ပန" စသည်မိန့်။] ပန-ကား၊ ကသိဏုဿဒိုမံ-ကသိုဏ်း ၉-ပါးတို့တွင် တပါးပါးကိုခွာခြင်းကြောင့် ရအပ်သော၊ အာကာသံပိ-ကောင်းကင်ပညတ်ကိုလည်းကောင်း၊ တံ-ထိုကောင်းကင်ပညတ်ကို၊ အာရမဏံကတွာ-၍၊ ပဝတ္တကဉ္ဇနဝေါ- ဖြစ်သော ခန္ဓာတို့ကိုလည်းကောင်း၊ ဘိတ္တိစ္ဆိဒ္ဒါဒိသု-နံရံပေါက် အစရှိသည်တို့တွင်၊ အညတရသ္မိံ-အမှတ်မထား တပါးပါးသော အပေါက်၌၊ ဂဟေတဗ္ဗ၊ပေ၊ ကာသမွိ- ယူထိုက်သော အာရုံနိမိတ်ဖြစ်သော ပရိစ္ဆေဒါကာသကို လည်းကောင်း၊ တံ- ထိုပရိစ္ဆေဒါကာသကို၊ အာရမဏံ ကတွာ, ဥပ္ပန္နံ- သော၊ စတုက္ကပဉ္စကဇ္ဈာနမွိ- ကိုလည်းကောင်း၊ အာကာသကသိဏန္တိ- အာကာသကသိဏဟူ၍၊ ဝုစ္စတိ-၏၊ တတ္ထ- ထိုနည်းတို့တွင်၊ ပုရိမနဒယာ-ရှေနည်းသည်၊ ("ကသိဏုဿဒိုမံ၊ပေ၊ပဝတ္တကဉ္စ-နွေပိ" ဟူသော ရှေနည်းသည်၊) အာရုပ္ပဒေသနံ-သို့၊ ဘဇတိ- ကပ်ဝင်၏၊ ပစ္ဆိမနယော-သည်၊ ("ဘိတ္တိစ္ဆိဒ္ဒါဒိသု၊ပေ၊စတုက္က ပဉ္စကဇ္ဈာနမွိ" ဟူသော နောက်နည်းသည်၊) ရူပါဝစရဒေသနံ (ဘဇတိ)၊ ဣတိ-သို့၊ မိဿကတ္တာ-ရူပ အရူပ ရောနှောနေသည်၏အဖြစ်ကြောင့်၊ ဣမံ-ဤအာကာသ ကသိုဏ်းကို၊ ရူပါဝစရဒေသနံ-သို့၊ နအာရုဋ္ဌံ-တင်ထောက်မမူအပ်။

[ထိုသို့ ဓမ္မသင်္ဂဏီပါဠိတော်ဝယ် အာကာသ ကသိုဏ်းကို ရူပါဝစရဒေသနာသို့ မတင်အပ်ပါသော်လည်း အဋ္ဌကထာ နည်းအားဖြင့် ယူထိုက်ကြောင်းကိုပြလိုသဖြင့် "ပရိစ္ဆေဒါကာသော" စသည်မိန့်။] ပန-ထိုသို့ပင် ဓမ္မသင်္ဂဏီပါဠိတော်၌ ရူပါဝစရဒေသနာတော်သို့ မတင်အပ်ပါသော်လည်း၊ ပရိစ္ဆေဒါကာသော-၌၊ နိဗ္ဗတ္တာဇ္ဈာနံ- ဖြစ်သောဈာန်သည်၊ ရူပပဋိပက္ခိယာ- ရူပဘုံ၌ ဖြစ်ခြင်း၏၊ မဂ္ဂေါ-လမ်းကြောင်းသည်၊ ဟောဘိ-၏၊ တသ္မာ, တံ-ထို ပရိစ္ဆေဒါ

ကာသကို၊ ဂဟေတဗ္ဗံ-ယူထိုက်၏။ [အင္ဌကထာများ၌ ဤသို့ ပရိစ္ဆေဒါကာသကို ယူထားသောကြောင့် ကသိုဏ်း ၈-ပါး၌ အာကာသကသိုဏ်း ၁-ပါးတိုးလာ၏၊ အာလောကကသိုဏ်းကို ထပ်၍ထည့်လျှင် ၁၀-ပါးဖြစ်သည်။]

ပန- ဆက်၊ တသ္မိံ - ထိုပရိစ္ဆေဒါကာသ၌၊ စတုက္ကပဋ္ဌကဗျာနမေဝ-သည်သာ၊ ဥပ္ပဇ္ဇတိ၊ အရူပဗျာနံ-သည်၊ နုပ္ပဇ္ဇတိ၊ [ဤစကားဖြင့် ပရိစ္ဆေဒါကာသ၏ ရူပ အရူပ ၂-မျိုးလုံး ဇောမနေကြောင်းကိုပြသည်၊] ကသ္မာ-နည်း၊ ကသိဏုဂ္ဃါဋနသ- ကသိုဏ်းကိုခွာခြင်း၏၊ အဘာဝတော- မရှိခြင်းကြောင့်တည်း၊ ဟိ-မှန်၊ တံ-ထိုပရိစ္ဆေဒါကာသသည်၊ ပုနပုဒုနံ- အဖန်ဖန်၊ ဥဂ္ဃါဋိယ မာနံပိ-ဘာဝနာဖြင့် ခွာအပ်ပါသော်လည်း၊ အာကာသမေဝ- ကောင်းကင်သည်သာ၊ ဟောတိ-ဖြစ်နေ၏၊ ဣတိ-ကြောင့်၊ တတ္ထ- ထို ပရိစ္ဆေဒါကာသ၌၊ ကသိဏုဂ္ဃါဋနံ-ကို၊ နလဗ္ဘတိ-မရအပ်၊ တသ္မာ-ကြောင့်၊ (ထိုသို့ ပရိစ္ဆေဒါကာသဝယ် ကသိဏုဂ္ဃါဋနကို မရအပ်သည်၏ အဖြစ်ကြောင့်၊) တတ္ထ- ထို ပရိစ္ဆေဒါကာသ၌၊ ဥပ္ပန္နံ-ဖြစ်သော၊ စျာနံ- ရူပါဝစရစျာန်သည်၊ ဒိဋ္ဌဓမ္မသုခဝိဟာရာယ- မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းအကျိုးငှါ၊ သံဝတ္တတိ၊ အဘိညာပါဒကံ- အဘိညာဉ်၏ အခြေခံသည်၊ ဟောတိ၊ ဝိပဿနာ ပါဒကံ ဟောတိ၊ နိရောဓပါဒကံ နိရောဓသမာပတ်၏အခြေခံသည်၊ နဟောတိ၊ [အရူပစျာန်ထိအောင် သမာပတ် ၈-ပါးလုံးကို မဖြစ်စေနိုင်သောကြောင့် နိရောဓသမာပတ်၏ အခြေခံမဖြစ်နိုင်။] ပန- ဆက်၊ တ္ထေ- ဤ ပရိစ္ဆေဒါကာသ၌၊ အနုပုဗ္ဗနိရောဓော-အစဉ်အတိုင်းချုပ်ခြင်းကို၊ ယာဝ ပဋ္ဌမဗျာနာ- ပဋ္ဌမစျာန်တိုင်အောင်၊ လဗ္ဘတိ-ရအပ်၏၊ ["ထို့ကြောင့် အရူပစျာန်၏ အခြေခံလည်း မဖြစ်" ဟူလို။] ဝဋ္ဌပါဒကံ-ဝဋ္ဌ၏ အခြေခံသည်၊ ဟောတိယေဝ-သည်သာ၊ [ဗြဟ္မာ့ပြည်၌ ဖြစ်စေနိုင်သောကြောင့် "ဝဋ္ဌပါဒက" ဟု ဆိုသည်။]

စ-သည်သာ မကသေး၊ တေံ-ဤပရိစ္ဆေဒါကာသ၌ဖြစ်သော စျာန်သည်၊ (ဒိဋ္ဌဓမ္မသုခဝိဟာရာယ-ငှါ၊ သံဝတ္တတိ ယထာ-ကဲ့သို့လည်းကောင်း၊ အဘိညာပါဒကံ-သည်၊ ဟောတိယထာ-ကဲ့သို့လည်းကောင်း၊ ဝိပဿနာပါဒကံ-သည်၊ ဟောတိ)ယထာ-ကဲ့သို့လည်းကောင်း၊ ဧဝံ-တူ၊ ပုရိမကသိဏေသု-ရှေးကသိုဏ်းတို့၌၊ ဥပ္ပန္နံ-သော၊ စျာနံပိ-သည်လည်း၊ (ဒိဋ္ဌဓမ္မသုခဝိဟာရာယ သံဝတ္တတိ၊ အဘိညာပါဒကံဟောတိ၊ ဝိပဿနာပါဒကံဟောတိ)၊ ပန-အထူးကား၊ တ္ထေ-ဤရှေးကသိုဏ်းတို့၌၊(ဥပ္ပန္နသ-သော၊ စျာနသ-၏၊)နိရောဓပါဒကဘာဝေါ-နိရောဓသမာပတ်၏ အခြေခံ၏အဖြစ်သည်၊ ဝိသေသော- ထူး၏၊ [နိရောဓသမာပတ်၏ အခြေခံ၏ဖြစ်ကြောင်းကို ပြသဖြင့် အရူပသမာပတ်၏ အခြေခံဖြစ်ကြောင်းကိုလည်း ပြပြီးဖြစ်တော့၏၊] တ္ထေ- ဤ ရူပါဝစရစျာန်အရာ၌၊ အာကာသကသိဏေ-၌၊ သေသံ-ကြွင်းသော၊ ယံ-အကြင်စကားသည်၊ ဝတ္တဗ္ဗံ-ဆိုထိုက်သည်၊ သိယာ-ဖြစ်၏၊ တံ သဗ္ဗံ-ထို အလုံးစုံသောစကားကို၊ ဝိသုဒ္ဓိမဂ္ဂေ-၌၊

(မယာ) ဝုတ္တမေဝ-သည်သာ။ [ဤပြခဲ့သော အဓိပ္ပာယ်များသည် သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်းကို ကောင်းစွာလေ့လာပြီးသော ပုဂ္ဂိုလ်အတွက် ခက်ခဲချက် မရှိပါ၊ မလေ့လာရသေးလျှင်ကား အတော်အတန် ဖွင့်ပြရုံမျှဖြင့်နားလည်နိုင်မည် မဟုတ်ပါ၊ ထို့ကြောင့် အဓိပ္ပာယ်များကို လျစ်လျူရှုရတော့သည်။]

[ဤကသိုဏ်းနှင့်စပ်၍ အဘိညာဉ်အခန်းကို မှာတမ်း ပြုလိုသောကြောင့် "ဧကောပိ ဟုတွာ" စသည်မိန့်၊ ပြတ်ပြီးကိုပြန်ဆက်သည်၊ ကသိုဏ်းအကြောင်းအရာကို ပြပြီး၍ အဘိညာဉ်အကြောင်းအရာကို ပြသောကြောင့် "ပန-ထိုမှတပါး" ဟုလည်း ပေးကြ၏၊]ပန-ဆက်၊ ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိတိ အာဒိနယံ- ဧကောပိ၊ပေ၊ ဟောတိ အစရှိသောနည်းရှိသော၊ ဣဒ္ဓိဝိကုဗ္ဗနံ-တန်ခိုးအတန်တန်, ပြုစီမံခြင်းကို၊ [စာအုပ်တို့၌ "ဝိကုဗ္ဗနံ" ဟုသာ ရှိသော်လည်း, ရှေးနိဿယ၌ "ဣဒ္ဓိဝိကုဗ္ဗနံ" ဟု ရှိ၏၊ နောက်၌လည်း "ဣဒ္ဓိဝိကုဗ္ဗနံ" ဟု တွေ့ရလတ္တံ့၊ ဝိ-အမျိုးမျိုးအတန်တန်+ကုဗ္ဗနံ- ပြုစီမံခြင်း။] ဣစ္ဆန္တေန-အလိုရှိသောပုဂ္ဂိုလ်သည်၊ ပုရိမေသု-နှိသော၊ အဋ္ဌသု-နှိသော၊ ကသိဏေသု-တို့၌၊ အဋ္ဌအဋ္ဌ- ဂ-ပါး, ဂ-ပါးကုန်သော၊ သမာပတ္တိယော-တို့ကို၊[ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ "အဋ္ဌ အဋ္ဌ သမာပတ္တိယော" ဟု ရှိ၏၊ "ကသိုဏ်း ၁-ပါးလျှင် သမာပတ် ဂ-ပါးစီ" ဟူလို။]နိဗ္ဗတ္တေတွာ- ဖြစ်စေပြီး၍၊ ကသိဏာနုလောမတော- ကသိုဏ်းအနုလုံအားဖြင့် လည်းကောင်း၊ ကသိဏ ပဋိလောမတော-အားဖြင့်လည်းကောင်း၊ကသိဏာနုလောမ ပဋိလောမတော-ကသိုဏ်းအနုလုံ, ကသိုဏ်းပဋိလုံအားဖြင့်လည်းကောင်း၊ ဈာနာနုလောမတော-အားဖြင့်လည်းကောင်း၊ ဈာနပဋိလောမတော- အားဖြင့်လည်းကောင်း၊ ဈာနာနုလောမ ပဋိလောမတော- အားဖြင့်လည်းကောင်း၊ ဈာနုက္ကန္တိကတော- ဈာန်ကို ခုန်ကျော်ခြင်း အားဖြင့် လည်းကောင်း၊ ကသိဏုက္ကန္တိကတော- အားဖြင့်လည်းကောင်း၊ ဈာနကသိဏုက္ကန္တိကတော - အားဖြင့်လည်းကောင်း၊ အင်္ဂ-သင်္ကန္တိကတော- ဈာန်အင်္ဂါကို ပြောင်းရွှေ့ခြင်း အားဖြင့် လည်းကောင်း၊ အာရမဏသင်္ကန္တိကတော- အားဖြင့်လည်းကောင်း၊ အင်္ဂါရမဏ သင်္ကန္တိကတော-အားဖြင့်လည်းကောင်း၊ အင်္ဂဝဝတ္ထာနတော- ဈာန်အင်္ဂါကို ပိုင်းခြားသတ်မှတ်ခြင်းအားဖြင့်လည်းကောင်း၊ အာရမဏ ဝဝတ္ထာနတော- အားဖြင့်လည်းကောင်း၊ ဣတိ-သို့၊ စုဒ္ဒသဟိ-နှိသော၊ ဣမေဟိ အာကာရေဟိ-တို့ဖြင့်၊ စိတ္တံ-ကို၊ ပရိဒမေတဗ္ဗံ- အဖန်ဖန် ဆုံးမရာ၏၊ တေသံ- ထို ကသိဏာနုလောမစသော ၁၄-ပါးသော အခြင်းအရာတို့၏၊ ဝိတ္ထာရကထာ- အကျယ်စကားကို၊ ဝိသုဒ္ဓိမဂ္ဂေ-၌၊(မယာ)ဝုတ္တာယေဝ-သည်သာ။

ပန-ဆက်၊ ဧဝံ-သို့၊ စုဒ္ဒသဟိ-နှိသော၊ အာကာရေဟိ- တို့ဖြင့်၊ စိတ္တံ-ကို၊ အပရိဒမေတွာ- အဖန်ဖန် မဆုံးမ မူ၍၊ ပုဗ္ဗေ- ရှေးရှေးဘဝ၌၊ အဘာဝိတ ဘာဝနော- မပွားစေအပ်သော ဘာဝနာရှိသော၊ (ဘာဝနာကို မပွားစေခဲ့

ဘူးသော၊ ရှေးရှေးဘဝက အထုံမရခဲ့ဘူးသော၊) အာဒိကမ္မိကော- အစဆုံး ဖြစ်သော ကမ္မဋ္ဌာန်းအားထုတ်မှု၌ ယှဉ်သော၊ ယောဂါဝစရော-ယောဂါဝစရ ပုဂ္ဂိုလ်သည်၊ (ကမ္မဋ္ဌာန်း အားထုတ်မှု၌ သက်ဝင်တတ်သော ပုဂ္ဂိုလ်သည်၊) ဣဒ္ဓိဝိကုဗ္ဗနံ-ကို၊ သမ္ပာဒေဿေတိ- ပြီးစီးစေနိုင်လတ္တံ၊ ဣတိတေံ ဌာနံ-ဤသို့ ပြီးစီးစေနိုင်ခြင်း၏ အကြောင်းသည်၊ နဝိဇ္ဇတိ-မရှိ၊ ဟိ-မှန်၊ အာဒိကမ္မိကဿ- အစဖြစ်သော ကမ္မဋ္ဌာန်းအားထုတ်မှု၌ ယှဉ်သော ယောဂါဝစရပုဂ္ဂိုလ်၏၊ ကသိဏပရိကမ္မံပိ- ကသိုဏ်း၌ အဖန်ဖန် စီးဖြန်းမှုသော်မှလည်း၊ ဘာရော- ဝန်လေး၏၊ သတေသု-တရာတို့တွင်လည်းကောင်း၊ သဟဿေသုဝါ-တထောင် တို့တွင်လည်းကောင်း၊ ဧကောဝ-တယောက်တလေသာ၊ (ကသိဏပရိကမ္မံ-ကို၊ ကာတုံ-ငှါ၊) သက္ကောတိ-စွမ်းနိုင်၏၊ ကတကသိဏပရိကမ္မဿ- ပြုအပ်ပြီးသော ကသိုဏ်းပရိကမ်ရှိသော ယောဂါဝစရပုဂ္ဂိုလ်၏၊ နိမိတ္တုပ္ပါဒနံ- ပဋိဘာဂ နိမိတ်ကို ဖြစ်စေခြင်းသည်၊ [ရှေးက ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်ကို ဖြစ်စေ ခြင်းသည်- ဟုပေးသည်၊] ဘာရော-၏၊ သတေသု သဟဿေသုဝါ ဧကောဝ (နိမိတ္တံ-ကို၊ ဥပ္ပါဒေတုံ-ငှါ၊) သက္ကောတိ။

နိမိတ္တေ-ပဋိဘာဂနိမိတ်သည်၊ ဥပ္ပန္ဓေ- ဖြစ်ပြီးလသော်၊ တံ- ထို ပဋိဘာဂ နိမိတ်ကို၊ ဝစေတွာ-တိုးပွားစေ၍၊ (အကျယ်ချဲ့၍၊) အပ္ပနာဓိဂမော- အပ္ပနာ စျာန်ကိုရခြင်းသည်၊ ဘာရော-၏၊ သတေသု၊ပေ၊ ဧကောဝ (အပ္ပနံ-အပ္ပနာ စျာန်ကို၊ အဓိဂန္တုံ-ငှါ၊) သက္ကောတိ၊ အဓိဂတပ္ပနဿ-ရအပ်ပြီးသော အပ္ပနာ စျာန်ရှိသော ယောဂါဝစရ ပုဂ္ဂိုလ်၏၊ စုဒ္ဒသဟိ-နှ်သော၊ အာကာရေဟိ-တို့ ဖြင့်၊ စိတ္တပရိဒမနံ-စိတ်ကို အဖန်ဖန် ဆုံးမခြင်းသည်၊ ဘာရော-၏၊ သတေသု ၊ပေ၊ဧကောဝ (စိတ္တံ-ကို၊ ပရိဒမိတုံ-ငှါ၊) သက္ကောတိ၊ စုဒ္ဒသဟိ အာကာရေဟိ, ပရိဒမိတစိတ္တဿပိ-အဖန်ဖန် ဆုံးမအပ်ပြီးသော စိတ်ရှိသော ယောဂါဝစရ ပုဂ္ဂိုလ်၏လည်း၊ ဣဒ္ဓိဝိကုဗ္ဗနံနာမ-မည်သည်၊ ဘာရော၊ သတေသု၊ပေ၊ဧကောဝ (ဣဒ္ဓိဝိကုဗ္ဗနံ-ကို၊ ကာတုံ-ငှါ၊) သက္ကောတိ။

ဝိကုဗ္ဗနပ္ပတ္တဿာပိ- တန်ခိုးအတန်တန်ကို ပြုစီမံခြင်းသို့ ရောက်ပြီးသော ယောဂါဝစရ ပုဂ္ဂိုလ်၏လည်း၊ ခိပ္ပနိသန္တိဘာဝေါ နာမ- လျင်မြန်စွာ ရှုမြင် နိုင်ခြင်းရှိသူ၏အဖြစ် မည်သည်၊ ဘာရော၊ သတေသု၊ပေ၊ဧကောဝ ခိပ္ပနိသန္တိ-

---

ခိပ္ပနိသန္တိဘာဝေါ။ ။နိပုဗ္ဗ စုရာဒိသမဓာတ်သည် ဒဿနအနက်ကိုဟော၏၊ ထို ဒဿနဟူသည် ဉာဏ်ဖြင့် ရှုခြင်းတည်း၊ နိသာမနံ နိသန္တိ၊ ခိပ္ပါ+နိသန္တိ ယဿာတိ ခိပ္ပ နိသန္တိ။ [နိမ္မိနိတုံ ဣစ္ဆိတဿ ဝတ္ထုနော (တန်ခိုးဖန်ဆင်းခြင်းငှါ အလိုရှိအပ်သော ဝတ္ထုကို)နိမ္မာနဝသေန, ခိပ္ပါ+နိသန္တိ နိသာမနံ အာလောစနံ (ဉာဏ်ဖြင့် ကြည့်ခြင်း) အဓိဂမော(ရခြင်း)ဧတဿာတိ ခိပ္ပနိသန္တိ၊ တဗ္ဘာဝေါ ခိပ္ပနိသန္တိဘာဝေါတိ အာဟ- ခိပ္ပဒဿန ခိပ္ပါဘိညတာတိ၊—အနုဋီကာ။]

လျင်မြန်စွာ ရှုမြင်နိုင်ခြင်းရှိသည်၊ ဝါ-လျင်မြန်စွာ ရှုမြင်နိုင်သော အသိဉာဏ်၊ ရှိသည်၊ မဟာတိ၊ (ကောဝိယ - အဘယ်သူကဲ့သို့နည်း၊) ထေရမ္ဗတ္ထလေ-ထေရမ္ဗတ္ထလ အရပ်၌၊ [အရှင်မဟိန္ဒထေရ်၏ ပထမဆုံး ကြွရောက်ရာဖြစ်သော သရက်ပင်လည်းရှိသော ကုန်း၌၊] မဟာရောဟနဂုတ္တတ္ထေရသ-မဟာရောဟန ဂုတ္တထေရ်၏၊ ဂိလာနုပဋ္ဌာနံ-ဂိလာနကို ပြုစုရာအရပ်သို့၊ အာဝတေသု-လာကုန် သော၊ တိံသမတ္တေသု ဣဒ္ဓိမန္တသဟသေသု - ဟန်ခိုးရှင် သုံးသောင်းတို့တင်၊ ဥပသမ္ပဒါယ-ရဟန်းအဖြစ်သို့ရောက်ခြင်းအားဖြင့်၊ အဋ္ဌဝသိကော-ရှစ်ဝါသာ ရှိသေးသော၊ ရက္ခိတတ္ထေရောဝိယ-ရက္ခိတထေရ်ကဲ့သို့တည်း၊ သဗ္ဗံ-သော၊ ဝတ္ထု-ကို၊ ဝိသုဒ္ဓိမဂ္ဂေ-၌၊ ဝိတ္ထာရိတမေဝ-ချဲအပ်ပြီးသည်သာ၊ ဣတိ-အပြီးတည်း၊ ကသိဏကထာ-သည်၊ နိဋ္ဌိတာ။

အဘိဘာယတနကထာ အဖွင့်

ဝေံ-သို့၊ အဋ္ဌသု-နှ်သော၊ ကသိဏေသု-တို့၌၊ ရူပါဝစရကုသလံ-ကို၊ နိဒ္ဒိသိတွာ-အကျယ်ပြတော်မူပြီး၍၊ ဣဒါနိ-၌၊ ယသ္မာ, အာရမဏေ-ပထဝီကသိုဏ်းအစ ရှိသောအာရုံသည်၊ သမာနေပိ-တူပါသော်လည်း၊ ဘာဝနာယ-ပရိကမ္မစသော ဘာဝနာအားဖြင့်၊ အသမာနံ-မတူသော၊ (ရူပါဝစရကုသလံ၌ စပ်၊) အဋ္ဌသု-နှ်သော၊ ဣမေသုကသိဏေသု-တို့၌၊ အညမ္ပိ-ကသိဏာယတန ကုသိုလ်မှ တပါး လည်းဖြစ်သော၊ အဘိဘာယတနသခ်ါတံ-အဘိဘာယတနဟု ဆိုအပ်သော၊ ရူပါဝစရကုသလံ-သည်၊ ပဝတ္တတိ-ဖြစ်သေး၏၊ တသ္မာ, တံ-ထိုအဘိဘာယတန ဟု ဆိုအပ်သော ရူပါဝစရကုသိုလ်ကို၊ ဒဿေတုံ, ပုန၊ပေ၊ အာရဒ္ဓံ၊ တတ္ထ-ထို ကတမေ ဓမ္မာ ကုသလာ အစရှိသော စကားရပ်၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိ တဗ္ဗော၊) အဗျတ္တံ အရူပသညီတိ-ကား၊ အလာဘိတာယဝါ-ရခြင်း မရှိသည်၏

အဘိဘာယတနသခ်ါတံ။ ။အဘိဘာယတနဟု ခေါ်အပ်သော ဤရူပါဝစရ ကုသိုလ်သည် ကသိုဏ်းစသော အာရုံကိုပင် အာရုံပြု၏၊ သို့သော် ပရိကမ္မစသော ဘာဝနာပွားပုံမှာ ပြခဲ့ပြီးသော ကသိုဏ်းစျာန်နှင့် မတူချေ၊ "မတူ"ဆိုသည်မှာ ထို ကသိုဏ်းအာရုံကိုပင် လွှမ်းမိုးပုံ (အရေးမစိုက်လောက်ပုံ) ပါသည်ကို ဆိုလိုသည်၊ ထိုသို့ လွှမ်းမိုးနိုင်ခြင်းမှာလည်း ယောဂီပုဂ္ဂိုလ်က ဉာဏ်ထက်လွန်းသောကြောင့် ဖြစ်၏၊ ဤ အဓိပ္ပာယ်ကို "အဘိဘုယျ" ပုဒ်အဖွင့်၌ ပြလတ္တံ့။ [အဘိဘာယတန၏ ဝိဂ္ဂဟကို ဋီကာ၌ တိုက်ရိုက်ပြထားပြီ။]

အဗျတ္တံ။ ။အဗျတ္တံကို "အဗျတ္တရူပေ" ဟုလည်းကောင်း, အရူပသညီကို "ပရိကမ္မ သညာဝိရဟိတော" ဟုလည်းကောင်း ဖွင့်၏၊ အဗျတ္တရုပ်ဟူသည် ခန္ဓာကိုယ်၌ရှိသော နီလကသိုဏ်းပရိကမ်ပြု၍ရကောင်းသော ဆံပင်-သည်းခြေ-မျက်လုံး၏ ညိုသောအရပ်,

အဖြစ်ကြောင့်သော်လည်းကောင်း၊ အနတ္ထိကတာယပါ-အလို မရှိသည်၏ အဖြစ်ကြောင့်သော်လည်းကောင်း (ရစေကာမူ ပရိကမ်ပြုဖို့ရန်အလိုမရှိသည်၏ အဖြစ်ကြောင့်သော်လည်းကောင်း)၊ အဇျတ္တရူပေ-အဇျတ္တရုပ်၌၊ ပရိကမ္မသညာ ဝိရဟိတော-ပရိကမ်သညာမူ ကင်းသည်၊ (ဟုတ္တာ, ပဿတိ၌ စပ်။)

ဗဟိဒ္ဓါ ရူပါနိ ပဿတိတိ-ကား၊ ဗဟိဒ္ဓါ-အပသန္တာန်၌၊ အဌသု-နှ်သော၊ ဇသိဏေသု-တို့၌၊ ကတပရိကမ္မတာယ-ပြုအပ်ပြီးသော ပရိကမ် ရှိသည်၏အဖြစ်ကြောင့်၊ ပရိကမ္မဝသေနစေဝ-ပရိကမ်၏ အစွမ်းဖြင့်လည်းကောင်း၊ အပ္ပနာဝသေန စ-ဖြင့်လည်းကောင်း၊ ဗဟိဒ္ဓါ-၌၊ အဌသု ကသိဏေသု-တို့၌၊ တာနိ ရူပါနိ-ထိုကသိုဏ်းရုပ်တို့ကို၊ ပဿတိ-ရှု၏၊ ပရိတ္တာနိတိ-ကား၊ အဝစိုတာနိ-အကျယ်မပွားစေအပ်ကုန်သော၊ (ရူပါနိ၌ စပ်၊) တာနိ-အဘိဘုယျာတိ-ကား၊ ယထာနာမ-ဥပမာမည်သည်ကား၊ သမ္ပန္နဂဟဏိကော-ပြည့်စုံသော ကမ္မဇဝမ်းမီးရှိသူသည်၊ (ကမ္မဇဝမ်းမီးကောင်းသူ, အလွန်အစာကြေသူသည်၊ ကဋ္ဌစ္ဆုမတ္တံ - တဇွန်းမျှလောက်သော၊ ဘတ္တံ-ထမင်းကို၊ လဘိတ္တာ-ရ၍၊ (ထမင်းနည်းနည်းရ၍၊) ဧတ္ထ-ဤတဇွန်းမျှလောက်သော ထမင်း၌၊ ဘုဉ္ဇိတဗ္ဗံ-စားဖွယ်သည်၊ ဝါ-စားစရာသည်၊ ကိံ အတ္ထိ-အဘယ်မှာရှိအံ့နည်း၊ ဣတိ-ဤသို့ ပြော၍၊ သက်စိုတ္တာ-စုရုံး၍၊ ဧကကဗဋ္ဌမေဝ-တလုပ်တည်းကိုသာ၊ ကရောတိယထာ-ပြုလိုက်သကဲ့သို့၊ ဧဝမေဝ-လျှင်၊ ဉာဏုတ္တရိကော-လွန်ကဲသော ဉာဏ်ရှိသော-ဝိသဒညာဏော - သန့်ရှင်းသော ဉာဏ်ရှိသော၊ ပုဂ္ဂလော-သည်၊ ပရိတ္တကေ-အနည်းငယ်သော၊ ဧတ္ထ အာရမဏေ-၌၊ သမာပဇ္ဇိတဗ္ဗံ-ဝင်စားဖွယ်သည်၊ ဝါ၊

ပီတကသိုဏ်း ပရိကမ်ပြု၍ရကောင်းသော အဆီခဲ-အသားဝါသူ၏ အရေ စသည်တည်း၊ ဤသို့စသည်ဖြင့် လောဟိတသြဒါတကသိုဏ်း ပရိကမ်ပြု၍ ရကောင်းသော မိမိသန္တာန်၌ဖြစ်သော ရုပ်ကို "အဇျတ္တရူပ"ဟု ဆိုသည်။

အရူပသညီ။ ။ထိုအဇျတ္တရုပ်၌ ပရိကမ်ပြု၍ ဈာန်မရဘူးသူ, ရဘူးစေကာမူ ယခုအချိန်၌ အဇျတ္တရုပ်ကို အာရုံပြု၍ ပရိကမ္မဘာဝနာမပြုလိုသူကို "အရူပသညီ-အဇျတ္တရုပ်၌ ပရိကမ်သညာမရှိသူ"ဟု ဆိုသည်၊ ဤစကားအရ အရူပသညီကို "ရူပေ-ကသိုဏ်းရုပ်၌၊ သညာ-ပရိကမ်သညာတည်း၊ (ပရိကမ္မဘာဝနာနှင့် ယှဉ်သော သညာတည်း၊) ရူပသညာ၊ ရူပသညာ+ယဿ အတ္ထီတိ ရူပသညီ၊ နှ+ရူပသညီ အရူပသညီ"ဟု ပြုပါ။ ["ကသိုဏ်းရုပ်၌ ပရိကမ်သညာရှိသူ မဟုတ်သည်"ဟု ပါဠိတော်၌ ကျနစ္စာ အနက်ပေးပါ။]

သမ္ပန္နဂဟဏိကော။ ။ဂဏ္ဌာတီတိ ဂဟဏိ (စားအပ်သော အစာရေတို့ကို) ယူတတ်သော ဝမ်းမီး၊ [ဂဟဓာတ် "ဂဟာဒီဟျဏိ" ဟူသော မောဂ္ဂလ္လာန်, ဏ္ဍာဒိ (၆၂)သုတ်ဖြင့် အဏိပစ္စည်းသက်၊ "ဂဟဏီ"ဟု ဤကာရန္တရှိသည်ကား ထိုသုတ်နှင့် မညီ။] သမ္ပန္နာ+ဂဟဏိ ယဿာတိ သမ္ပန္နဂဟဏိကော-ပြည့်စုံသော ဝမ်းမီးရှိသူ, ဝမ်းမီးကောင်းသူ။

ဝင်စားစရာသည်၊ကို အတ္ထိ-နည်း၊အယံ-ဤဖနည်းငယ်သောအာရုံ၌သမာပတ်ဝင်စားခြင်းသည်၊ မမ-၏၊ ဝါ-မှာ၊ဘာရော-တာဝန်သည်၊ နှ-မရှိ၊ဣတို-ဤသို့ နှလုံးသွင်း၍၊ တာနိ ရူပါနိ-ထိုကသိဏ်းရုပ်တို့ကို၊ အဘိဘဝိတ္ဝာ-လွှမ်းမိုး၍၊ သမာပဇ္ဇတိ-ဝင်စား၏၊ [အဘိဘုယျကို "အဘိဘဝိတ္ဝာ"ဟု ဖွင့်၍ "သမာပဇ္ဇတိ"ဟု စပ်ပုဒ်ထည့်သည်။] နိမိတ္တုပ္ပါဒေနေဝ-ပဋိဘာဂနိမိတ် ဖြစ်ခြင်းနှင့်သာလျှင်၊ သဟ-တပြိုင်နက်၊ ဇ္ဈာ-ဤပဋိဘာဂနိမိတ်၌၊ အပ္ပနံ-ကို၊ နိဗ္ဗတ္တေတိ-ဖြစ်စေ၏၊ ဣတိ အတ္ထော-ဤကား အဘိဘဝိတ္ဝာ သမာပဇ္ဇတိ၏အဓိပ္ပာယ်နက်တည်း။

ပန-ဆက်၊ ဇာနာမိ ပဿာမိတိ ဣမိနာ-ဟူသော ဤပါဠိဖြင့်၊ အဿ-ထို ယောဂါဝစရ ပုဂ္ဂိုလ်၏၊ ပုဗ္ဗဘာဂေါ-ရှေးအဖို၌ ဖြစ်သော နှလုံးသွင်းခြင်းကို၊ ကထိတော-ဟောတော်မူအပ်ပြီ၊ ပန-ဝါဒန္တရကာ၊၊ အာဂမဋ္ဌ-ကထာသု-သုတ္တန်အဋ္ဌကထာတို့၌၊ဝုတ္တံ-မိန့်ဆိုအပ်ပြီ၊(ကိံ)၊ဣမိနာ-ဤဇာနာမိ ပဿာမိပါဠိဖြင့်၊ အဿ-ထိုယောဂါဝစရ ပုဂ္ဂိုလ်၏၊ အာဘောဂေါ-နှလုံးသွင်းခြင်းကို၊ ကထိတော-ပြီ၊ သော စ-ထိုနှလုံးသွင်းခြင်းကိုလည်း၊ သမာပတ္တိ-တော-မှ၊ ဝုဋ္ဌိတဿ-ထပြီးသော ယောဂိပုဂ္ဂိုလ်၏ အတွက် (ကထိတော)၊

သဟ နိမိတ္တုပ္ပါဒေန။ ။ပဋိဘာဂနိမိတ် ဖြစ်လျှင် ဖြစ်ခြင်းတော့ အပ္ပနာဈာန်ပေါ်အောင် မတတ်နိုင်ပါ၊ ပဋိဘာဂနိမိတ်ပေါ်လာ၍ ဥပစာရဈာန်ကို ရပြီးနောက် ဘဝင် များစွာ မခြားရပဲ အပ္ပနာဈာန် ပေါ်လာသည်ကို (အလွန် မြန်သည့်အတွက်) "သဟ နိမိတ္တုပ္ပါဒေန အပ္ပနံ နိဗ္ဗတ္တေတိ"ဟု ဆိုပါသည်။ [ဥပစာရဈာနာဓိဂမနတော ပရံ ကတိပယဘဝင်္ဂံ စိတ္တာဝသာနေ အပ္ပနံ ပါပုဏာတီတိ ဝုတ္တော၊-ပရိနိဗ္ဗာနသုတ်ဋီကာ၊ (နိဗ္ဗတ္တေတိနေရာဝယ် "ပါပေတိ" ဟု ထိုအဋ္ဌကထာ၌ ရှိသည်)။]

အမ္ဘာ။ ။ယောဇနာ၌ "သဟ နိမိတ္တုပ္ပါဒေန"စသော စကားကို "အပ္ပနာဈာန်ပေါ်လာခြင်း၏ လျင်မြန်ပုံကိုပြသော စကား"ဟု ဆိုပြီးလျှင် ပဋိဘာဂနိမိတ် ထင်လာ၍ ဥပစာရဈာန် ဖြစ်သည်မှနောက်၌ ၅ စိတ်ထက် မလွန်ပဲ အပ္ပနာဈာန်ပေါ်လာခြင်းကို "လျင်မြန်သောဖြစ်ခြင်း"ဟု ဆိုလေသည်၊ မဟာပရိနိဗ္ဗာနသုတ်ဋီကာနှင့် မတူတတ်ချေ။

ပုဗ္ဗဘာဂေါ။ ။"ဇာနာမိ"ဟူသော နှလုံးသွင်းသည့် ဈာန်သမာပတ်အတွင်း၌ မဖြစ်နိုင်၊ ဈာန်သမာပတ်မှထပြီးသူ၏ သန္တာန်၌သာ ဖြစ်နိုင်၏၊ သို့ဖြစ်လျှင် "အဘယ်နည်းဖြင့် ပုဗ္ဗ+အာဘောဂ (ရှေ့အဖို့က နှလုံးသွင်း) ဖြစ်နိုင်သနည်း"ဟု မေးမြန်းယ်ရှိ၏၊ အဖြေကား ဈာန်မဝင်စားမီ ရှေ့အဖို့၌ ထိုကဲ့သို့ "ဇာနာမိ ပဿာမိ"ဟူသော နှလုံးသွင်းဖြစ်ခဲ့၏၊ ဈာန်သမာပတ်အခိုက်၌ ထိုနှလုံးသွင်းပုံ အခြင်းအရာ ပါနေ၏၊ ထို့ကြောင့် ဈာန်မှ ထဒေသာအခါ၌လည်း ထိုနှလုံးသွင်းဖြစ်ပြန်ရကား မူလ နှလုံးသွင်း၏ ရှေ့ကျခြင်းကို နောက်နှလုံးသွင်းပေါ်၌ တင်စား၍ "ပုဗ္ဗဘာဂေါ"ဟု ဆိုရပါသည်၊ [မဂ္ဂပဋိပဒါတာယ၊ပေ၊ ဝုတ္ထာတိ ဒဋ္ဌဗ္ဗော၊—ဋီကာ။]

အန္တောဿ သမာပတ္တိယံ-သမာပတ် အတွင်း၌၊ (ဌိတဿ-တည်သော ယောဂီ ပုဂ္ဂိုလ်၏အတွက်၊) နဲ (ကထိတော) - ဟောတော်မူအပ်သည်မဟုတ်၊ ဣတိ-ဤသို့၊ ဝုတ္တံ-ပြီ။

အပ္ပမာဏာနီတိ-ကား၊ ဝစိုတပ္ပမာဏာနိ - တိုးပွားစေအပ်သော ပမာဏ ရှိကုန်သော၊ (ရူပါနိ ပဿတိ၌ စပ်၊) ပန-ကား၊ အဘိဘုယျာတိ ဧတ္ထ-၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ မဟဂ္ဃသော - မျှားစွာသော အစာတို့ကို စားနိုင်သော၊ ဝါ-အစားကြူးသော၊ ပုရိသော-သည်၊ ဧကံ-တပ္ပဲသော၊ ဘတ္တဝစိုတကံ-တိုးပွားစေအပ်သော ထမင်းကို၊ (တနည်း) ဧကံဘတ္တဝစိုတကံ-ထမင်းတပ္ပဲပြင်ကို၊ လဘိတွာ-ရ၍၊ အညမ္ပိ-အခြားထမင်းသည်သည်း၊ ဟောတု-ဖြစ်ပါစေဦး၊ ဧတံ-ဤထမင်းသည်၊ မယှံ ငါ့အတွက်၊ ကိံ ကရိဿတိ-အဘယ်သို့ ပြုနိုင်လတ္တံ့နည်း၊ ဣတိ-ဤသို့ပြော၍၊ တံ-ထိုထမင်းတပ္ပဲပြင်ကို၊ မဟန္တတော-မျှားသည်၏ အဖြစ်အားဖြင့်၊ နဲ ပဿတိ ယထာ - မရှုသကဲ့သို့၊ ဧဝမေဝ

ပါဋ္ဌိတော် အနက်ပေး။ ။ပါဋ္ဌိတော်၌ကား "တာနိ-ထို ကသိုဏ်း ရုပ်တို့ကို၊ ဇာနာမိ-ငါသိ၏၊ ပဿာမိ-ငါမြင်၏၊ ဣတိ-သို့၊ အဘိဘုယျ-လွှမ်းမိုး၍၊သမာပဇ္ဇတိ-ဈာန်ဝင်စား၏"ဟု အဘိဓမ္မာအဋ္ဌကထာအလိုပေး၊ သုတ္တန်အဋ္ဌကထာအလိုမူ "တာနိ-တို့ကို၊ အဘိဘုယျ-၍၊ သမာပဇ္ဇတိ-သမာပတ်ဝင်စား၏၊ ဇာနာမိ ပဿာမိ၊ဣတိ-သို့၊ အာဘောဂေါ-နှလုံး သွင်းခြင်းသည်၊ ဟောတိ-၏"ဟု ဈာန်ဝင်စားပြီး နောက်မှ နှလုံးသွင်းဖြစ်ဃည့်အနေအားဖြင့် ပေးရလိမ့်မည်။

မဟဂ္ဃသော။ ။ဃသဓာတ်သည် ဘက္ခဏ (စားခြင်း) အနက်ကို ဟော၏၊ သက္ကတ၌ "မဟတ်"သည် ပါဋ္ဌိ၌ "မဟာ"ဟု ဖြစ်၏၊ ပါဋ္ဌိ၌(တ်)ပျောက်ပြီး၍ နောက်ပုဒ်၌ ဒွေးဘော်ရောက်ရသောကြောင့် "မဟဂ္ဃသော"ဟု ဖြစ်၏၊ ဃသတိ-စားတတ်၏၊ ဣတိ ဃသော၊ မဟန္တေ-မျှားစွာသော အစာတို့ကို + ဃသော မဟဂ္ဃသော။

ဧကံ ဘတ္တဝစိုတကံ။ ။ဝစိုယတေ-တိုးပွားစေအပ်၏၊ ဣတိဝစိုတံ၊ ထမင်းသည် အိုး၌ တည်ရှိခိုက် ကျစ်နေ၍ တိုးပွားခြင်း(ပွလာခြင်း)မရှိသေး၊ ခူး၍ စားခွက်၌ ထည့်လိုက်သောအခါ တိုးပွားလာသကဲ့သို့ဖြစ်၏၊ ထို့ကြောင့် ထမင်းစားခွက်၌ ခူး၍ ထည့်အပ်သော ထမင်းကို "ဝုစိုက"ဟု ခေါ်သည်၊ ဝစိုတံယေဝ ဝစိုတကံ၊ ဘတ္တံ စ+တံ+ ဝစိုတကံစာတိ ဘတ္တဝစိုတကံ၊ "အဝ မစားလောက်သေးသော (တဝက်မျှသာရှိသေး သော)ထမင်းတပ္ပဲပြင်"ဟု သိစေလို၍ "ဧကံ"ဟု ဆိုသည်၊ [ဧကာသနေ ပုရိသေန ဘုဉ္ဇိတဗ္ဗဘတ္တတော ဥပနဘတ္တန္တိ အတ္ထေား-ပရိနိဗ္ဗာနသုတ် ဋီကာ။]

မှတ်ချက်။ ။ဤဝါကျ၌ ဤအဋ္ဌကထာဝယ်"အညာပိ+ကိမေသာ"ဟု ဣတ္ထိလိင် ရှိသော်လည်း ပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌ "အညမ္ပိ+ကိမေတံ"ဟု နပုံလိင် ရှိ၏၊ ဘတ္တဝစိုတကံပုဒ်က နပုံလိင်ဖြစ်၍ နပုံလိင်ရှိခြင်းက ကောင်း၏၊ ရှေးနိသျ၌ကား"အညာ ဘိက္ခာ, သော ဘိက္ခာ"ဟုထည့်၍ စွဲလေသည်၊ ရှေ့၌"ဘတ္တံ လဘိတွာ"ဟု ဘတ္တသဒ္ဒါ ရှိခဲ့သောကြောင့် ထိုစွဲပုံကိုလည်း စဉ်းစားပါ။

ညာဏုတ္တရော ဝိသဒညာဏော, ပဋ္ဌလော-သည်၊ တ္ထေ- ဤ အာရုံ၌၊ သမာပတ္တိ တမ်ဳံ- ဝင်စားဖွယ်သည်၊ ကိ ံ- အဘယ်မှာ ရှိအံ့နည်း၊ ဣဒံ- ဤ အာရုံသည်၊ အပ္ပမာဏံ- တိုးပွားသော ပမာဏရှိသည်၊ နု-မဟုတ်၊ မယ္ဟံ- ငါ၏၊ စိတ္တေ ကဋ္ဌတာဂရဏေ- စိတ်၏ တည်ကြည်သည်၏ အဖြစ်ကို ပြုခြင်း၌၊ ဘာရော- သည်၊ နု အတ္ထိ၊ ဣတိ-ဤသို့ ပြော၍၊ တာနိ-ထို အပ္ပမာဏ အာရုံတို့ကို၊ အဘိ ဘဝိတ္တာ-၍၊ သမာပတ္တိ-၏၊ နိမိတ္တုပ္ပါဒနေ၀- ပဋိဘာဂနိမိတ် ဖြစ်ခြင်းနှင့် သာလျှင်၊ သဟ-တပြိုင်နက်၊ တ္ထေ- ဤ အာရုံ၌၊ အပ္ပနံ-ကို၊ နိဗ္ဗတ္တတိ-၏၊ ဣတိ အတ္ထော-နက်။

ပရိတ္တံ၊ပေ၊ ပရိတ္တာရမဏန္တိဣမ- ဟူသော ဤ၀ါရ၌၊ ပရိတ္တာနီတိ- ဟူ၍၊ အာဂတတ္တာ-လာသည်၏အဖြစ်ကြောင့်၊(“ဗဟိဒ္ဓါ ရူပါနိ ပဿတိ ပရိတ္တာနိ” ဟု လာသောကြောင့်၊) အပ္ပမာဏာရမဏတ္ထာ- အပ္ပမာဏအာရုံ ရှိသည်၏ အဖြစ်ကို၊ နု ဂဟိတာ- ယူတော်မမူအပ်၊] “ပရိတ္တံ ပရိတ္တာရမဏံ, အပ္ပမာဏံ ပရိတ္တာရမဏံ”ဟု ဟော၍၊ “ပရိတ္တံ အပ္ပမာဏာရမဏံ အပ္ပမာဏံ အပ္ပ မာဏာရမဏံ”ဟု ဟောတော်မူအပ်သော အပ္ပမာဏာရမဏာ၀ါရ မပါ-ဟူလို၊] ပရတော- နောက် အပ္ပမာဏာရမဏာ၀ါရ၌၊ အပ္ပမာဏာနိတိ-ဟူ၍၊ အာဂတတ္တာ-ကြောင့်၊ ပရိတ္တာရမဏာဘာ- ပရိဿအာရုံရှိသည်၏ အဖြစ်ကို၊ (နု ဂဟိတာ)၊ [“ဗဟိဒ္ဓါရူပါနိ ပဿတိ အပ္ပမာဏာနိ”ဟု လာဒသာကြောင့် ပရိတ္တာရမဏ မဖြစ်နိုင်တော့ရကား “ပရိတ္တံ ပရိတ္တာရမဏံ အပ္ပမာဏံ ပရိတ္တာ ရမဏံ”ဟု ဟောတော်မမူအပ်- ဟူလို။] ပန- ဆက်၊ အဋ္ဌကထာယံ- ရှေး မဟာအဋ္ဌကထာ၌၊ ဝုတ္တံ-ပြီ၊(ကိ ံ)၊ဣမသ္မိ ံ ဌာနေ-ဤနေရာ၌၊စတ္တာရိစတ္တာရိ-ကုန်သော၊ အာရမဏာနိ-တို့ကို၊ အဂ္ဂဟေတွာ- မယူမူ၍၊ ဒ္ဝေ ဒ္ဝေ၀- ၂-ပါး ၂-ပါးသော အာရုံတို့ကိုသာ၊ ဂဟိတာနိ- ကုန်ပြီ၊ ကိ ံကာရဏာ- အဘယ် အကြောင်းကြောင့်နည်း၊ ဟိယသ္မာ-ကြောင့်၊ စတ္ဆသု- လေးပါးသော အာရုံ တို့ကို၊ဂဟိတေသု-ယူအပ်ကုန်လသော်၊ ဒေသနာ-ဒေသနာတော်သည်၊ သော-ဋ္ဌသက္ခတ္တုကာ-တဆယ့်ခြောက်ကြိမ်၀ါရရှိသည်၊ဟောတိ- ဖြစ်၏၊ သတ္ထာဆုစ-သည်လည်း၊ဟေဋ္ဌာ-၌၊သောဋ္ဌသက္ခတ္တုကာ-တဆယ့်ခြောက်ကြိမ်၀ါရရှိသော၊ ဒေသနာ- ကို၊ ကိလဉ္ဇမို- ဖျာပေါ်၌၊ တိသေ- နှမ်းတို့ကို၊ ပတ္ထရန္တေနဝိယ-ဖြန့်လှမ်းသူကဲ့သို့၊ ဝိတ္ထာရတော- အကျယ်အား၊ဖြင့်၊ ကထိတာ- ဟော်တော်မူအပ်ခဲ့ပြီ၊ တသ-ထိုမြတ်စွာဘုရား၏၊ ဣမသ္မိ ံ ဌာနေ- ဤနေရာ၌၊ အဋ္ဌကတ္တု ကံ-ရှစ်ကြိမ်သော ၀ါရရှိသော၊ ဒေသနံ-ကို၊ ကာတုံ-ငှါ၊ အဋ္ဌာသယော-အလိုတော်သည်၊ ဟောတိ- ဖြစ်၏၊ တသ္မာ-ကြောင့်၊ ဒ္ဝေဒ္ဝေယေ၀- ၂-ပါး ၂-ပါးသော အာရုံတို့ကိုသာ၊ ဂဟိတာနိ- ယူတော်မူအပ်ကုန်ပြီ၊ ဣတိ-သို့၊ ဝေဒိတဗ္ဗာနိ- ကုန်၏၊ ဣတိ- ဤသို့၊ (ဝုတ္တံ- ပြီ။)

သုဝဏ္ဏ ဒုဗ္ဗဏ္ဏာနီတိ- ဧာား၊ ပရိသုဒ္ဓါပရိသုဒ္ဓဝဏ္ဏာနိ- ထက်ဝန်းကျင် စင်ကြယ်တော အဆင်းရှိကုန်, ထက်ဝန်းကျင် စင်ကြယ်သော အဆင်းမရှိကုန်သော၊ (ရူပါနိဉ်စပ်၊)ဟိ-မှန်၊ ပရိသုဒ္ဓါနိ- ထက်ဝန်းကျင်စင်ကြယ်ကုန်သော၊ နီလာဒီနိ- ညိုသောအဆင်း အစရှိသည်တို့ကိုလည်းကောင်း၊ [အာဒိဖြင့် ပါဋိတော်၌လာသော ပီတ, လောဟိတ, သြဒါတတို့ကိုယူ။]အပရိသုဒ္ဓါနိ-ပရိသုဒ္ဓမဟုတ်ကုန်သော၊ (နီလာဒီနိ)စ- တို့ကိုလည်းကောင်း၊ သုဝဏ္ဏဒုဗ္ဗဏ္ဏာနီတိ- သုဝဏ္ဏဒုဗ္ဗဏ္ဏတို့ဟူ၍၊ ဣဓ-ဤ အဘိဓမ္မာပါဋိတော်၌၊ အဓိပ္ပေတာနိ- အလိုရှိအပ်ကုန်၏၊ ["ပရိသုဒ္ဓါနိ ဟိ နီလာဒီနိ သုဝဏ္ဏာနိ, အပရိသုဒ္ဓါနိစ ဒုဗ္ဗဏ္ဏာနီတိ ဣဓ အဓိပ္ပေတာနိ"ဟုလည်း မူကွဲရှိ၏၊ ဤ၌ကား ရှေ့ပရိသုဒ္ဓ အပရိသုဒ္ဓနှင့်ယထာဂ္ဂမနည်းအားဖြင့်"သုဝဏ္ဏ ဒုဗ္ဗဏ္ဏာနိ"ဟု ပေါင်း၍ဆိုထားသည်။] ပန-ဝါဒန္တရတား၊ အာဂမဋ္ဌကထာသု- တို့၌၊ သုဝဏ္ဏာနိဝါ- ကောင်းသော အဆင်းရှိကုန်သည်မူလည်း၊ ဟောန္တု- ဖြစ်ပစေကုန်၊ ဒုဗ္ဗဏ္ဏာနိဝါ- မကောင်းသော အဆင်းရှိကုန်သည်မူလည်း၊ (ဟောန္တု)၊ ပရိတ္တအပ္ပမာဏဝသေနေဝ- ပရိတ္တအာရုံ, အပ္ပမာဏအာရုံတို့၏ အစွမ်းဖြင့်သာလျှင်၊ ဣမာနိ အဘိဘာယ-တနာနိ- တို့ကို၊ ဒေသိတာနိ-နိပြီ၊ ဣတိ-သို့၊ ဝုတ္တံ-မိန့်တော်မူအပ်ပြီ။ [သုတ္တန် အဋ္ဌကထာတို့၌"ပရိတ္တဝသေနေဝ"ဟုသာရှိသော်လည်းအပ္ပမာဏအာရုံကိုပါယူ၍"ပရိတ္တအပ္ပမာဏဝသေနေဝ"ဟူ ဤ၌ ဆိုထားသည်။]

ပန-ဆက်၊ စတူသု-ကုန်သော၊ ဣမေသု- ဤအာရုံတို့တွင်၊ ပရိတ္တံ- ပရိတ္တအာရုံသည်၊ ဝိတက္ကစရိတဝသေန- ဝိတက်စရိုက်ရှိသူ၏အစွမ်းဖြင့်၊ အာဂတံ-လာပြီ၊ အပ္ပမာဏံ- အပ္ပမာဏအာရုံသည်၊ မောဟစရိတဝသေန (အာဂတံ)၊ သုဝဏ္ဏံ-ကောင်းသော အဆင်းရှိသောအာရုံသည်၊ ဒေါသစရိတဝသေန(အားဂတံ)၊ ဒုဗ္ဗဏ္ဏံ-မကောင်းသော အဆင်းရှိသောအာရုံသည်၊ ရာဂစရိတဝသေန (အာဂတံ)၊ဟိ- မှန်၊ ဧတေသံ- ဤပုဂ္ဂိုလ်တို့အား၊ တောနိ-ဤအာရုံတို့သည်၊ သပ္ပာယာနိ-လျောက်ပတ်ကုန်၏၊ စ-ဆက်၊ တေသံ- ထိုပုဂ္ဂိုလ်တို့အား၊ သာသပ္ပာယတာ- ထိုလျောက်ပတ်သည်၏ အဖြစ်ကို၊ ဝိတ္ထာရတော- အားဖြင့်၊ ဝိသုဒ္ဓိမဂ္ဂေ-၌၊ စရိယနိဒ္ဒေသေ-၌၊ (မယာ)ဝုတ္တာ- ဆိုအပ်ပြီ။

ပန-ပရိဟာရ၊ပေ၊အံ့၊ ကသ္မာ သုတ္တန္တေ- သုတ္တန်ပါဋိတော်၌၊ အဗျတ္တံ၊ပေ၊ပရိတ္တာနီတိ အာဒိ-အစရှိသောစကားကို၊ ဝုတ္တံယထာ- ဟောတော်မူအပ်သကဲ့သို့၊ ဧဝံ-တူ၊ အဝတွာ- ဟောတော်မမူပဲ၊ ဣဓ- ဤအဘိဓမ္မာပါဋိတော်၌၊ စတူသုပိ- ၄-ပါးလည်း ဖြစ်ကုန်သော၊ အဘိဘာယတနေသု-တို့၌၊ အဗျတ္တံ- အဗျတ္တသန္တာန်၌၊ အရူပသညိဘာဝ- ကသိုဏ်းရုပ်၌ ဖြစ်သော ပရိကမ် သညာ မရှိသူ၏ အဖြစ်ကိုသာ၊ ဝုတ္တာ- ဟောတော်မူအပ်ပါသနည်း၊ ဣတိ-ဤကား အမေးတည်း၊ အဗျတ္တရူပါနံ-တို့၏၊ ဝါ-တို့ကို၊ ဇနဘိဘဂနီယ

တော-မလ္ဒမ်းမိုး-အပ်, မလ္ဒမ်းမိုးနိုင်ကုန်သည်၏ အဖြစ်ကြောင့်၊ သုတ္တန္တေ၊ပေ၊ အဇ္ဈတ္တံ အရူပသညိတာဝ ဝုတ္တာ-ပြီ၊ ဣတိ-ဤကား အဖြေတည်း၊ [မလ္ဒမ်းမိုး အပ်သည်၏ အဖြစ်မှာလည်း "မထင်ရှားသောကြောင့်" ဟု ဋီကာဆိုဏ်၊] ဟိ-မှန်၊ (တနည်း) ဟိ(ယသ္မာ)၊ တတ္ထဝါ-ထိုသုတ္တန်ပါဋိတော်၌လည်းကောင်း၊ ဣဓဝါ - ဤ အဘိဓမ္မာပါဋိတော်၌လည်းကောင်း၊ ဗဟိဒ္ဓါရူပါနေဝ - ဗဟိဒ္ဓကသိုဏ်းရုပ်တို့ကိုသာ၊ အဘိဘဝိတဗ္ဗာနိ-လ္ဒမ်းမိုးထိုက်ကုန်၏၊ တသ္မာ-ကြောင့်၊ တာနိ-ထို ဗဟိဒ္ဓကသိုဏ်းရုပ်တို့ကို၊ နိယမတော-မြဲသောအားဖြင့်၊ (သုတ္တန်၌ ဖြစ်စေ, အဘိဓမ္မာ၌ဖြစ်စေ မြဲသောအားဖြင့်၊) ဝတ္တဗ္ဗာနိ-ဟောတော်မူထိုက်ကုန်၏၊ ဣတိ-ကြောင့်၊ တတြပိ-ထို သုတ္တန်ပါဋိတော်၌လည်းကောင်း၊ ဣဓာပိ-ဤ အဘိဓမ္မာပါဋိတော်၌လည်းကောင်း၊ ဝုတ္တာနိ-နပြီ။

ပန-ဆက်၊ အဇ္ဈတ္တံ အရူပသညိတိ ဣဒံ-ဟူသော ဤစကားသည်၊ သတ္ထု-၏၊ ဒေသနာဝိလာသမတ္တမေဝ-ဒေသနာတော်ကို တင့်တယ် စံပယ်စေနိုင်သော သဗ္ဗညုတညာဏ်တော် အစွမ်းမျှသာတည်း၊ (ဧဝဖြင့် အခြားအကြောင်းမရှိပါ-ဟူလို၊) အယံ - ဤဆိုအပ်ပြီးကား၊ တာဝ - နီလစသော အဘိဘာယတန ၄-မျိုးတို့မှ ရှေးဦးစွာ၊ စတူသု-နှ်သော၊ အဘိဘာယဘနေသု-တို့၌၊ အပုဗ္ဗပဒ ဝဏ္ဏနာ-ရှေမဟုတ်သော ပုဒ်တို့၏အဖွင့်တည်း၊ [အချိုစာအုပ်၌ "အနုပုဗ္ဗပဒ ဝဏ္ဏနာ-အစဉ်အတိုင်းဖြစ်သော ပုဒ်တို့၏အဖွင့်တည်း" ဟု ရှိ၏။] ပန-ဆက်၊ ဧတ္ထ-ဤ ၄-ပါးသော အဘိဘာယတနတို့တွင်၊ သုဒ္ဓိကနယ ပဋိပဒါဘေဒေါ-သုဒ္ဓိကနည်း, ပဋိပဒါအပြားကို၊ ပထဝီကသိဏေ-၌၊ ဝုတ္တနယေနေဝ-ဖြင့်သာ၊ ဧကေကသ္မိံ-သော၊ အဘိဘာယတနေ-၌၊ ဝေဒိတဗ္ဗော။

စ - ဆက်၊ ဧတ္ထ - ဤ အဘိဘာယတနတို့၌၊ ကေဝလံ - ဆိုအပ်ပြီးနှင့်မဖက်သက်သက်၊ အာရမဏစတုက္ကံ - အာရမဏစတုက္ကသည်၊ အာရမဏဒုကံ - အာရမဏဒုကသည်၊ ဟောတိ၊ ["ပရိတ္တာနိ" ဟု လာရာဝယ် "အပ္ပမာဏာရမဏာနိ" မပါသောကြောင့်လည်းကောင်း, "အပ္ပမာဏာနိ" ဟု လာရာဝယ် "ပရိတ္တာရမဏာနိ" မပါသောကြောင့်လည်းကောင်း အာရမဏဒုကသာ ဖြစ်ရသည်-ဟူလို။]သောဋ္ဌသက္ခတ္တုကဋ္ဌ-သောဋ္ဌသက္ခတ္တုကစျာန်သည်လည်း၊ အဋ္ဌက္ခတ္တုကံ - အဋ္ဌက္ခတ္တုကစျာန်သည်၊ ဟောတိ - ၏၊ သေသံ - ကြွင်းသော အစီအရင်ကို၊ တာဒိသမေဝ-ထို ဆိုအပ်ပြီးသော အစီအရင်ကဲ့သို့ ရှုအပ်သည်သာ၊ ဧဝံ-ဤဆိုအပ်ပြီးသောနည်းဖြင့်၊ ဧတ္ထ-ဤအဘိဘာယတနတို့တွင်၊ ဧကေကသ္မိံ-သော၊ အဘိဘာယတနေ-၌၊ ဧကော-သော၊ သုဒ္ဓိကနဝကော-လည်းကောင်း၊ စတ္တာရော - နှ်သော၊ ပဋိပဒါနဝကာ - တို့လည်းကောင်း၊ ဒွေ-နှ်သော၊ အာရမဏနဝကာ-တို့လည်းကောင်း၊ အာရမဏပဋိပဒါမိဿကော-၌၊ အဋ္ဌနဝကာ-တို့လည်းကောင်း၊ ဣတိ-သို့၊ ပန္နရသ-နှ်သော၊ နဝကာ-တို့သည်၊

ဟောန္တိ၊ ဣတိ-သို့၊ စတူသုပိ-နိ်သော၊ အဘိဘာယတနေသု-တို့၌၊ သမသင္ဌိ-အတိကျ ခြောက်ဆယ်သော၊ နဝကာ-တို့ကို၊ ဝေဒိတဗ္ဗာ-နိ်၏။

ပဥ္စမအဘိဘာယတနာဒီသု-ပဥ္စမအဘိဘာယတန အစရှိသည်တို့၌၊ နီလာ-နီတိ - နီလာနိဟူသောစကားကို၊ သဗ္ဗသင်္ဂါဟကဝသေန-အလုံးစုံသော အညိုတို့ကို သိမ်းယူသည်၏အစွမ်းဖြင့်၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ [သကလနီလဝဏ္ဏ နီလနိဒဿန နီလနိဘာသန သာဓာရဏဝသေန၊- သုတ်မဟာဝါဋီကာ၊ နောက်၌ ဆိုလတ္ထံ့သော နီလဝဏ္ဏ, နီလနိဒဿန, နီလနိဘာသန စကားအားလုံးကို သိမ်းယူသောစကားဖြစ်သည်-ဟူလို။] နီလဝဏ္ဏာနီတိ-ဟူသောစကားကို၊ ဝဏ္ဏဝသေန-အဆင်း၏အစွမ်းဖြင့်၊ (ဝုတ္တံ)၊ နီလနိဒဿနာနီတိ-ကို၊ နိဒဿနဝသေန-မြင်ရခြင်း၏အစွမ်းဖြင့်၊ (ဝုတ္တံ)၊ အပညာယမာနဝိဝရာနိ-မထင်ရှားသော အပေါက်အကြားရှိကုန်သည်၊ (အညို၏အကြား၌ တပါးသော အရောင် အပေါက်အကြား မရှိကုန်သည်၊) အသမ္ဘိန္နဝဏ္ဏာနိ-တပါးသော အဆင်းတို့နှင့် မရောသောအဆင်း ရှိကုန်သည်၊ ဧကနီလာနေဝ-တခုတည်းသော အညိုတို့သည်သာ၊ ဟုတ္ဘာ, ဒိဿန္တိ-ရှုမြင်အပ်ကုန်၏၊ ဣတိ ဝုတ္တံ ဟောတိ။

ပန-ကား၊ နီလနိဘာသာနီတိ ဣဒံ-ဟူသော ဤစကားကို၊ ဩဘာသနဝသေန-အရောင်အလင်း၏ အစွမ်းဖြင့်၊ ဝုတ္တံ၊ နီလောဘာသာနိ-ညိုသော အရောင် ရှိကုန်သော၊ နီလပ္ပဘာယုတ္တာနိ-ညိုသောအရောင်နှင့် ယှဉ်ကုန်သော၊ (ရူပါနိ ပဿတိ၌ စပ်၊) ဣတိ အတ္ထော၊ ဧတေန-ဤ နီလနိဘာသာနိဟူသော ပါဌ်ဖြင့်၊ နေသံ - ထိုကသိုဏ်းရုပ်တို့၏၊ သုဝိသုဒ္ဓတံ - အလွန် စင်ကြယ်ကုန်သည်၏ အဖြစ်ကို၊ ဒဿောတိ - ပြတော်မူ၏၊ ဟိ - မှန်၊ သုဝိသုဒ္ဓဝဏ္ဏဝသေန - အလွန် စင်ကြယ်သော အဆင်း၏ အစွမ်းဖြင့်၊ စတ္တာရိ-ကုန်သော၊ ဣမာနိ အဘိဘာယတနာနိ-တို့ကို၊ ဝုတ္တာနိ-ဟောတော်မူအပ်ကုန်ပြီ။

ပီတာနီတိ အာဒီသုပိ - ပီတာနိ အစရှိသော အဘိဘာယတနတို့၌လည်း၊ ဣမိနာဝနယေန-ဖြင့်သာ၊ အတ္ထော ဝေဒိတဗ္ဗော၊ ပန-ဆက်၊ ဧတ္ထဲ-ဤ အဘိဘာယတနတို့၌၊ နီလကသိဏံ ၊ပေ၊ ဝဏ္ဏဓာတုယာဝါတိအာဒိကံ - အစရှိသော၊ ကသိဏကရဏဥ-ကသိုဏ်းပြုပုံကိုလည်းကောင်း၊ ပရိကမ္မဥ-အဖန်ဖန်စီးဖြန်းမှုကိုလည်းကောင်း၊ အပ္ပနာဝိဓာနဥ-အပ္ပနာအစီအရင်ကိုလည်းကောင်း၊ သဗ္ဗံ-အလုံးစုံကို၊ ဝိသုဒ္ဓိမဂ္ဂေ-၌၊ ဝိတ္ထာရတော-ဖြင့်၊ (မယာ)ဝုတ္တမေဝ-သည်သာ၊ စ-ဆက်၊ ပထဝီကသိဏေ-၌၊ (ပဥ္စဝီသတိ-သော၊ နဝကာ-တို့ကို၊ ဝေဒိတဗ္ဗာ) ယထာ-နိ်သကဲ့သို့၊ ဧဝံ-တူ၊ ဧတ္ထ-ဤ အဘိဘာယတနတို့တွင်၊ ဧကေကသ္မိံ-သော၊ အဘိဘာယတနေ-၌၊ ပဥ္စဝီသတိ ပဥ္စဝီသတိ-၂၅-ပါး, ၂၅-ပါးသော၊ နဝကာ-တို့ကို၊ ဝေဒိတဗ္ဗာ-ကုန်၏။ ။အဘိဘာယတနကထာ-သည်၊ နိဋ္ဌိတာ။

ဝိမောက္ခကထာ အဖွင့်

ဣဒါနိ-အဘိဘာယတနကထာကို ပြတော်မူပြီးရာ ယခုအခါ၌၊ ယသ္မာ, ဣဒံ ရူပါဝစရကုသလံနာမ-မည်သည်၊ ကေဝလံ-ဝိမောက္ခမဖက် သက်သက်၊ အာရမဏသခ်ါတာနံ-အာရုံဟု ဆိုအပ်ကုန်သော၊ အာယတနာနံ-အာယတန တို့ကို၊ အဘိဘဝနတော-လွှမ်းမိုးနိုင်ခြင်းကြောင့်၊ အဘိဘာယတနဝသေနေဝ၊ အဘိဘာယတန၏ အဖြစ်ဖြင့်သာ၊ ဥပ္ပဇ္ဇတိ-ဖြစ်သည်ကား၊ နမဟုတ်သေး၊ အထခေါ-စင်စစ်ကား၊ ဝိမောက္ခဝသေနပိ-ဝိမောက္ခ၏ အဖြစ်ဖြင့်လည်း၊ ဥပ္ပဇ္ဇတိ-ဖြစ်သေး၏၊ တသ္မာ-ကြောင့်၊ တမ္ပိနယံ-ထိုဝိမောက္ခနည်းကိုလည်း၊ (အချို့စာအုပ်၌ ပိမပါ၊) ဒဿေတုံ ပုန၊ပေ၊အာရဒ္ဓံ။

ပန-ပရိဟာရ၊ပေ၊အံ့၊ ကေနဌေန-အဘယ် အနက်သဘောကြောင့်၊ (ဈာနဓမ္မော-ဈာန်တရားကို၊) ဝိမောက္ခော-ဟူ၍၊ ဝေဒိတဗ္ဗော-သိထိုက်သနည်း၊ ဣတိ-ဤကား အမေးတည်း၊အဓိမုစ္စနဌေန-အဓိမုစ္စန အနက်သဘောကြောင့်၊ (ဈာနဓမ္မော-ကို။ ဝိမောက္ခော-ဟူ၍၊ ဝေဒိတဗ္ဗော-၏၊) အယံ အဓိမုစ္စနဌော နာမ-ဤ အဓိမုစ္စနဌမည်သည်၊ ကော-အဘယ်နည်း၊ ပစ္စနီကဓမ္မေဟိ-နီဝရဏ စသော ဆန့်ကျင်ဘက်တရားတို့မှ၊ သုဋ္ဌု-ကောင်းစွာ၊ ဝိမုစ္စနဌောစ-အထူးအား ဖြင့် လွှတ်ခြင်းအနက်သည်လည်းကောင်း၊ အာရမဏေ-ကသိုဏ်းစသော အာရုံ၌၊အဘိရတိဝသေန-အလွန်မွေ့လျော်ခြင်း၏ အစွမ်းဖြင့်၊သုဋ္ဌု-စွာ၊ဝိမုစ္စနဌော စ-လွတ်လွတ်ကျွတ်ကျွတ် သက်ဝင်ခြင်း အနက်သဘောသည်လည်းကောင်း၊

အာယတနာနံ အဘိဘဝနတော။ ။ရှေ့ အဘိဘာယတနကထာတုန်းက"အဘိဘု+အာယတနံ ယဿ"စသည်ဖြင့် ဋီကာ၌ ဝိဂြိုဟ်ပြုခဲ့၏၊ ဤအဌကထာ၌"အာရမဏသခ်ါတာနံ အာယတနာနံ အဘိဘဝနတော"ကို ထောက်လျှင် အာယတနအရ တည်ရာ အာရုံဟူသောအနက်ကိုယူ၍,"အဘိဘဝတီတိ အဘိဘု (ကုသလဈာနံ)၊ အာယတနာနံ+အဘိဘု အာယတနအဘိဘု" ဟု ဖြစ်သင့်လျက်, ရှေ့ နောက် ပြန်၍ "အဘိဘာယတန" ဖြစ်ရသည်ဟု တနည်းကြံသင့်သည်။

ကေနဌေန။ ။ကေနသဘာဝေန၊ သဘာဝေါ ဟိ ဥဏေန ယာထာဝတော အရဏီယတော ဥတဗ္ဗတော အတ္ထောတိ ဝုစ္စတိ။ သောဧဝ တ္ထကာရဿ ဌကာရံကတ္ဝာ အဌောတိ ဝုတ္တော၊ ["အရိယတေ ဥယတေတိ အတ္ထော"ဟု ပြု၍ တ္ထကို ဌပြ-ဟူလို။]

အဓိမုစ္စနဌေန။ ။အဓိကံ သဝိသေသံ မုစ္စနဌေန၊ ဧတေန (ဤ အဓိမုစ္စနဌေန ပါဌ်ဖြင့်)သတိပိ သဗ္ဗဿပိ ရူပါဝစရဈာနဿ ဝိက္ခမ္ဘနဝသေန ပဋိပက္ခတော ဝိမုတ္တဘာဝေ (ရူပဈာန်အားလုံးပင် ဝိက္ခမ္ဘနပဟာန်အားဖြင့် ဆန့်ကျင်ဘက်နီဝရဏ စသည်တို့မှ လွတ်ကုန်သည်၏အဖြစ် ရှိပါသော်လည်း၊) ယေန ဘာဝနာဝိသေသေန တံဈာနံ (ထိုဝိမောက္ခအမည်ရသောဈာန်သည်)သာတိသယံ ပဋိပက္ခတော ဝိမုစ္စိတ္ဝာ ပဝတ္တတိ၊ သော ဘာဝနာဝိသေသော ဒီပိတော။

("အဓိမုစ္စနဌောစ-လွန်လွန်ကဲကဲ သက်ဝင်ခြင်း အနက်သဘောသည်လည်းကောင်း"ဟု လည်းရှိ၏၊) အဓိမုစ္စနဌောနာမ-မည်၏၊ ပိတု-အဘ၏၊ အကော်-ရင်ခွင်၌၊ ဝိသဌအင်္ဂပစ္စင်္ဂသ-စွန့်လွှတ်အပ်သော အင်္ဂါကြီးငယ်ရှိသော၊ ဝါ-လက်ခြေစသော အင်္ဂါကြီးငယ်တို့ကိုစွန့်လွှတ်ထားသော၊ဒါရကသ-ကလေး၏၊ သယနံဝိယ-နှစ်နှစ် ခြိုက်ခြိုက် အိပ်ခြင်းကဲ့သို့၊ အနိဂ္ဂဟိတဘာဝေန-မနှိပ်အပ်သည်၏ အဖြစ်ကြောင့်၊ ဝါ-မနှိပ်အပ်သည့်အတွက်၊နိရာသင်္ကတာယ-ရှုံရှားခြင်းမရှိသည်၏အဖြစ်ဖြင့်၊အာရမဏေ-၌၊ပဝတ္တိ-ဖြစ်ခြင်းတည်း၊ဣတိ ဝုတ္တံ ဟောတိ၊ [အဘိရတိဝသေနသည် သုဌု ဝိမုစ္စနဌော ဟူသော နောက်နည်းကို အဓိပ္ပာယ်ထပ်ဖွင့်သော စကားတည်း။] ဟိ-မှန်၊ ဧဝံ လက္ခဏံ-ဤသို့ သဘောလက္ခဏာရှိသော၊ (ဤသို့ ဝိမုစ္စန အဓိမုစ္စန သဘောလက္ခဏာရှိသော)၊ ဝါ-ရှိသည်၏ အဖြစ်ကြောင့်၊ (ဟေတုမန္တဝိသေသန)၊ ဝိမောက္ခဘာဝပ္ပတ္တံ-ဝိမောက္ခ၏အဖြစ်သို့ ရောက်သော၊ ရူပါဝစရကုသလံ-ကို၊ ဒသေတုံ-ငှာ၊ အယံနယော-ဤ ဝိမောက္ခနည်းကို၊ (ဘဂဝတာ) အာရဒ္ဓေါ-ပြီ။

တတ္ထ-ထို ကတမေ ဓမ္မာ ကုသလာ အစရှိသော စကားရပ်၌၊ ရူပီတိ-ကား၊ အဇ္ဈတ္တံ မိမိသန္တာန်၌၊ ကေသာဒီသု-ဆံ အစရှိသော ကသိုဏ်းရုပ်တို့၌၊ [မူလဆံပင်၏ အမည်ကို ကသိုဏ်းပဋိဘာဂနိမိတ်ပေါ်၌ တင်စား၍ သဒိသူပစာရ, ကာရဏူပစာရအားဖြင့် "ကေသာဒီသု" ဟု ဆိုသည်၊] ဥပ္ပါဒိတံ-ဖြစ်စေအပ်သော၊ ရူပဇ္ဈာနံ-ရူပစျာန်သည်၊ ရူပံ-ရူပမည်၏၊ ["ရူပဇ္ဈာနံ" ဟု ဆိုလိုလျက် "စျာနံ" ဟူသော နောက်ပုဒ်ကို ချေထားသော ဥတ္တရပဒလောပသမာသ်-ဟူလို၊] အသ-ထို ပုဂ္ဂိုလ်၏၊ တံ-ထို ရူပစျာန်သည်၊ အတ္ထိ၊ ဣတိ-ကြောင့်၊ (သော) ရူပီ-မည်၏၊ [ရူပီ၌ ဤပစ္စည်းသည် အတိသယအနက်ကို ထွန်းပြသော အသတ္ထိအနက်ဟောတည်း။] ဟိ-ခဲ့၊ အဇ္ဈတ္တံ-၌၊ နီလပရိကမ္မံ-နီလပရိကမ်ကို၊ ကရောန္တော-ပြုသောပုဂ္ဂိုလ်သည်၊ ကေသေဝါ-ဆံပင်၌သော်လည်းကောင်း၊ ပိတ္တေဝါ-သည်းခြေ၌သော်လည်းကောင်း၊အက္ခိတာရကာယဝါ-မျက်နက်ဝန်း၌သော်လည်းကောင်း၊ကရောတိ-၏၊[တာရက္ခိမဇ္ဈေ နက္ခတ္တေ,တာရောဥစ္စတရ-ဿရေ(အဘိဓာန်-၉၀၄)လာ အနက်တို့တွင် တာရကာသဒ္ဒါသည် အက္ခိမဇ္ဈ အနက်ဟောတည်း။]

တနည်း။ ။တထာ ပစ္စနီကဓမ္မေဟိ သုဌု ဝိမုတ္တတာယ ဧဝ (ပစ္စနီကဓမ္မတို့မှ ကောင်းစွာ လွတ်မြောက်သောကြောင့်ပင်)အနိဂ္ဂဟိတဘာဝေန) ဆန့်ကျင်ဘက်တို့သည် မနှိပ်အပ်သည်၏အဖြစ်ကြောင့်) နိရာသင်္ကတာယ အဘိရတိဝသေန သုဌု အဓိမုစ္စနဌေနပိ၊-ကေနဌေနမှစ၍ အဌကအင်္ဂုတ္တိုရ် (ဘူမိစာလဝဂ္ဂ) ဌီကာ၊ ဤဌီကာအလို ဝိမောက္ခ၌"ဝိ"သည် "အဓိက" အနက်ဟောတည်း၊ "ဝိမုစ္စတိ-ဆန့်ကျင်ဘက်နီဝရဏတို့မှ လွန်လွန်ကဲကဲ လွတ်မြောက်တတ်၏၊ ဝါ အာရုံ၌ လွန်လွန်ကဲကဲ သက်ဝင်တတ်၏။ ဣတိ ဝိမောက္ခော" ဟု ပြုပါ။

ပီတပရိကမ္မံ ကရောန္တော, မေဒေဝါ-အဆီခဲ၌သော်လည်းကောင်း၊ ဆဝိ-ယာဝါ-ဝါသော အရေ၌သော်လည်းကောင်း၊ အကျွိန်-မျက်လုံးတို့၏၊ပီတဋ္ဌာ-နေဝါ-ရွှေသော အရပ်၌သော်လည်းကောင်း၊ ကရောတိ၊ လောဟိတပရိကမ္မံ ကရောန္တော, မံသေဝါ-အသား၌သော်လည်းကောင်း၊ လောဟိတေဝါ-အသွေး၌သော်လည်းကောင်း၊ဇိဝှာယဝါ-နီသော လျှာ၌သော်လည်းကောင်း၊ ဟတ္ထတလပါဒတလေသုဝါ-နီသော လက်ဖဝါးအပြင်, ခြေဖဝါးအပြင်တို့၌သော်လည်းကောင်း၊အကျွိန်-တို့၏၊ ရတ္တဋ္ဌာနေဝါ-နီသော အရပ်၌သော်လည်းကောင်း၊ကရောတိ၊ဩဒါတပရိကမ္မံ ကရောန္တော,အဋ္ဌိမှိဝါ-အရိုး၌သော်လည်းကောင်း၊ ဒန္တေဝါ-သွား၌သော်လည်းကောင်း၊နခေဝါ-လက်သည်း ခြေသည်း၌သော်လည်းကောင်း၊ (အသားမှ လွတ်သော လက်သည်း ခြေသည်း၌သော်လည်းကောင်း၊) အကျွိန်-တို့၏၊ သေတဋ္ဌာနေဝါ-ဖြူသော အရပ်၌သော်လည်းကောင်း၊ ကရောတိ၊ ဧဝံ-သို့၊ ပရိကမ္မံ-ကသိုဏ်း ပရိကမ်ကို၊ ကတွာ-၍၊ ဥပ္ပန္ဇ-ဗျာနသမဏိန်-ဖြစ်သော စျာန်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို၊ သန္ဓာယ-၍၊ ဧတံ-ဤ ရူပီဟူသော စကားကို၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ။[ဋီကာ၌ ရူပီအတွက် ရနိုင်သော အနက်ကို တမျိုးဖွင့်၏။]

ရူပါနိ ပဿတီတိ-ကား၊ ဗဟိဒ္ဓါပိ-အပသန္တာန်၌လည်း၊ နီလကသိဏာဒိ ရူပါနိ-နီလကသိုဏ်း အစရှိသော ရုပ်တို့ကို၊ [ရူပါနိ၌ ကသိဏဟူသော ရှေပုဒ်ကြေသည်-ဟု သိစေလို၍ "နီလာဒိကသိဏ" ဟု ထည့်၍ ဖွင့်၏။]စျာနစက္ခုနာ-စျာန်စက္ခုဖြင့်၊ ပဿတိ-ရှု၏၊ ဣမိနာ-ဤ ရူပီရူပါနိ ပဿတိ ဟူသော ပါဌ်ဖြင့်၊ အဗျတ္တဗဟိဒ္ဓါဝတ္ထုကေသု-အဗျတ္တဗဟိဒ္ဓဟူသော တည်ရာအာရုံရှိကုန်သော၊ ကသိဏေသု-တို့၌၊ စျာနပဋိလာဘော-စျာန်ကို ရခြင်းကို၊ ဒဿိတော-ပြတော်မူအပ်ပြီ၊ အဗျတ္တံ အရူပသညီတိ-ကား၊ အဗျတ္တံ-၌၊ နရူပသညီ-ကသိုဏ်းရုပ်၌ ဖြစ်သော သညာမရှိသည်၊ အတ္တနော-၏၊ ကေသာဒီသု-ဆံပင် အစရှိသော ရုပ်တို့၌၊ အနုပ္ပာဒိတရူပါဝစရဗျာနော-ဖြစ်စေအပ်သော ရူပါဝစရစျာန်ရှိသူ မဟုတ်သည်၊ ဝါ-မဖြစ်စေအပ်သော ရူပါဝစရစျာန်ရှိသည်၊(ဟုတွာ-ရူပါနိ ပဿတိ၌စပ်၊)ဣတိ အတ္ထော၊ဣမိနာ-ဤ အဗျတ္တံ အရူပသညီ အစရှိသောပါဌ်ဖြင့်၊ဗဟိဒ္ဓါ-၌၊ပရိကမ္မံ-ကို၊ကတွာ-၍၊ဗဟိဒ္ဓါ ဝ-၌ပင်၊ ပဋိလဒ္ဓဗျာနတာ-ရအပ်သောစျာန်ရှိသူ၏အဖြစ်ကို၊ဒဿိတာ-ပြတော်မူအပ်ပြီ။

နရူပသညီ။ ။ရူပေ+သညာ ရူပသညာ၊ သညာကို ပဓာနပြု၍ ဆိုသည်၊ ဆံပင်စသည်တို့၌ ဖြစ်သော သညာပြဋ္ဌာန်းသော ရူပစျာန်ကိုယူပါ၊ ရူပသညာ အဿ အတ္ထီတိ ရူပသညီ၊ "နရူပသညီ-ကသိုဏ်းရုပ်၌ ဖြစ်သော သညာရှိသူ မဟုတ်သည်" ဟု သဒ္ဒတ္ထဖြစ်သော်လည်း အဓိပ္ပာယ်မှာ "ကသိုဏ်းရုပ်၌ ဖြစ်စေအပ်သော ရူပစျာန်မရှိသူ" ဟု ဆိုလိုသည်၊ ထို့ကြောင့် "ကေသာဒီသု အနုပ္ပါဒိတရူပါဝစရဗျာနောတိ အတ္ထော" ဟု မိန့်သည်။

သုဘန္တိ ဣမိနာ-သုဘဟူသော ဤပါဌ်ဖြင့်၊ သုဝိသုဒ္ဓေသု-အလွန် အထူးသဖြင့် စင်ကြယ်ကုန်သော၊ နီလာဒီသု-နီလအစရှိကုန်သော၊ ဝဏ္ဏကသိဏေသု-တို့၌၊ ဈာနာနိ-တို့ကို၊ ဒဿိတာနိ-ကုန်ပြီ၊ တတ္ထ-ထို "သုဘန္တိ ဝိဝိစ္စေဝ ကာမေဟိ" အစရှိသော တတိယဝိမောက္ခ၌၊ (စောဒနာသောဓနာနယော ဧဝံ ဝေဒိတဗ္ဗော)၊ [ရှေးနိဿယဝယ် "တတ္ထ-ထို ဝဏ္ဏကသိုဏ်း၌ဖြစ်သော ဈာန်တို့၌" ဟု ပေး၏။] အန္တောအပ္ပနာယံ-အပ္ပနာ၏ အတွင်း၌၊ သုဘန္တိ၊သုဘံ ဟူ၍၊ ဝါ-တင့်တယ်ပါပေစွ ဟူ၍၊အာဘောဂေါ-နှလုံးသွင်းခြင်းသည်၊ကိဥ္စာပိ နတ္ထိ-အကယ်၍ကား မရှိပါပေ၊ ပန-ထိုသို့ပင် မရှိပါသော်လည်း၊ ယော-အကြင် ယောဂီ ပုဂ္ဂိုလ်သည်၊ သုဝိသုဒ္ဓံ-အလွန် အထူးသဖြင့် စင်ကြယ်သော၊ သုဘ-ကသိဏံ-တင့်တယ်သော ကသိုဏ်းကို၊ အာရမဏံ ကတွာ-၍၊ ဝိဟရတိ-နေ၏၊ သော-ထိုယောဂီ ပုဂ္ဂိုလ်သည်၊ ယသ္မာ, သုဘန္တိ-ဟူ၍၊ (အဓိမုစ္စိတွာ-နှလုံးသွင်း၍၊) ကာမေဟိ-တို့မှ၊ ဝိဝိစ္စေဝ-၍ သာလျှင်၊ပေ၊ ပဌမံ ဈာနံ-သို့၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ ဝိဟရတိ၊ တထာ-ထို့အတူ (သုဘဟု နှလုံးသွင်း၍၊) ဒုတိယာဒီနိ-ဒုတိယ အစရှိသော ဈာန်တို့သို့၊ (ဥပသမ္ပဇ္ဇ ဝိဟရတိ)၊ တသ္မာ, ဧဝံ-ဤသို့ သုဘန္တိ ဝိဝိစ္စေဝကာမေဟိ အစရှိသည်ဟူ၍၊ ဒေသနာ-ကို၊ ကတာ-ပြီ၊ [ပါဋ္ဌိတော်ဝယ် "ဝိမောက္ခ အခန်းကို" ကြည့်ပါ။]

ပန-ဝါဒန္တရကား၊ (ပါဋ္ဌိတော် အသွားတမျိုးကို ဝါဒန္တရ ဟု ဆိုသည်၊) ပဋိသမ္ဆိဒါမဂ္ဂေ-ပဋိသမ္ဆိဒါမဂ် ပါဋ္ဌိတော်၌၊ ကထံ-အဘယ်သို့လျှင်၊ ဝါ၊ အဘယ်နည်းဖြင့်၊ သုဘန္တေဝ-သုဘဟူ၍သာ၊ အဓိမုတ္တော-လွန်လွန် ကဲကဲ သက်ဝင်သည်၊ ဝါ-နှလုံးသွင်းသည်၊ ဟောတိ-ဖြစ်၏၊ ဣတိ-ဤသို့ သုဘ ဟု လွန်လွန် ကဲကဲ နှလုံးသွင်းခြင်းကြောင့်၊ ဝိမောက္ခော-ဆန့်ကျင်ဘက် နီဝရဏစသည်တို့မှ လွတ်ခြင်းသည်၊ ဝါ-လွတ်သောဈာန်သည်၊ (ဟောတိ-ဖြစ်နိုင်သနည်း၊) ဣဓ-ဤ သာသနာတော်၌၊ ဘိက္ခု-သည်၊ မေတ္တာသဟဂတေန

ကထံ ပေ၊ဝိမောက္ခော။ ။ဤပါဋ္ဌိသည် ပဋိသမ္ဘိဒါမဂ် ဝိမောက္ခကထာအတိုင်းပင်တည်း၊ ထိုဌ် အခြားဝိမောက္ခများနှင့်တကွ "ရူပီ ရူပါနိ ပဿတီတိ ဝိမောက္ခော၊ အဇ္ဈတ္တံ အရူပသညီ ဗဟိဒ္ဓါ ရူပါနိ ပဿတီတိ ဝိမောက္ခော၊ သုဘန္တေဝ အဓိမုတ္တော ဟောတီတိ ဝိမောက္ခော" ဟု ဝိမောက္ခ ၃ မျိုးကို အကျဉ်းပြပြီး၍ ထို ၃ မျိုးကို အသီးအသီး အကျယ်ပြရာ၌ "ကထံ" ဟု စချီ၍ပြသည်၊ ထိုကထံ၏ စပ်ပုဒ်မှာ "ဝိမောက္ခော (ဟောတိ)" တည်း၊ ဆိုလိုရင်းကား– "အာရုံတခုကို သုဘ ဟု ရှုနေလျှင် သာယာနှစ်သက်တတ်၏၊ ဤနေရာ၌ကား သုဘ ဟု ရှုပါလျက် အဘယ်နည်းဖြင့် ဝိမောက္ခ (ဆန့်ကျင်ဘက် နီဝရဏတို့မှ လွတ်ခြင်း, လွတ်သောဈာန်) ဖြစ်နိုင်ပါသနည်း" ဟု မေးလိုရင်း ဖြစ်သည်၊ [ရှေးနိဿယ၌ကား "အဓိမုတ္တော–နှလုံးသွင်းခြင်းသည်၊ ဟောတိ" စသည်ဖြင့် ပေးလေသည်၊ "အဓိမုတ္တော ဟောတိ"၏ ပကတိကတ္တားမှာ ဘိက္ခုဖြစ်သောကြောင့် စဉ်းစားပါ။]

မေတ္တာနှင့် တကွဖြစ်သော၊ စေတသာ-ဖြင့်၊ ကေံ-တခုသော၊ ဒိသံ-အရပ်ကို၊ ဝါ-အရပ်၌နေသော သတ္တဝါအပေါင်းကို၊ (ဖရိတ္ဝာ-၍၊)၊ ပေ၊ ဝိဟရတိ၊ မေတ္တာယ-၏၊ ဝါ - ကို၊ ဘာဝိတတ္တာ - ပွားစေအပ်သည်၏ အဖြစ်ကြောင့်၊ သတ္တာ - တို့သည်၊ အပ္ပဋိကူလာ - စက်ဆုပ်ရှုရာဖွယ် မဟုတ်ကုန်သည်၊ဟောန္တိ၊ ကရုဏာသဟဂတေန၊ ပေ၊ မုဒိတာ ဿဟဂတေန၊ ပေ၊ဥပေက္ခာသဟဂတေန-သော၊ စေတသာ-ဖြင့်၊ ကေံ, ဒိသံ-ကို၊ ပေ၊ ဝိဟရတိ၊ ဥပေက္ခာယ - ၏၊ ဝါ-ကို၊ ဘာဝိတတ္တာ - ကြောင့်၊ သတ္တာ အပ္ပဋိကူလာ ဟောန္တိ၊ ဧဝံ - သို့၊ ဝါ-ဤနည်းအားဖြင့်၊ သုဘန္တေ ဝ - သာ၊ အဓိမုတ္တော ဟောတိ၊ ဣတိ-ဤသို့သုဘ ဟု နှလုံးသွင်းခြင်းကြောင့်၊ ဝိမောက္ခော - ဆန့်ကျင်ဘက် နိဝရဏတို့မှ လွတ်ခြင်းသည်၊ ဝါ - ဆန့်ကျင်ဘက် နိဝရဏတို့မှ လွတ်သောစျာန်သည်၊ ဟောတိ-ဖြစ်နိုင်၏၊ ဣတိ-သို့၊ (ဓမ္မသေနာပတိနာ) ဝုတ္တံ-ပြီ။

ပန၊ ထိုသို့ပင် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဟောတော်မူအပ်ပါသော်လည်း၊ ဣဓ-ဤအဋ္ဌကထာ၌၊ [ရှေးနိဿယ၌ "ဤအဘိဓမ္မာ၌" ဟု စွဲ၏၊] ဥပရိ-၌၊ ပါဠိယံယေဝ - ၌ပင်၊ ပြဟ္မာဝိဟာရာနံ - တို့၏၊ အာဂတတ္တာ - တိုက်ရိုက်လာကုန်သည်၏ အဖြစ်ကြောင့်၊ တံ နယံ - ထိုပဋိသမ္ဘိဒါမဂ်နည်းကို၊ ပဋိက္ခိပိ-တ္ဝာ - ပယ်၍၊ သုနိလက၊ ပေ၊ ဩဒါတဝသေနေဝ - အလွန်ညိုသော အာရုံ, အလွန်ရွှေသော အာရုံ, အလွန်နီသော အာရုံ, အလွန်ဖြူသော အာရုံ, ထက်ဝန်းကျင်စင်ကြယ်သောညိုသောအာရုံ,ထက်ဝန်းကျင်စင်ကြယ်သောရွှေသော အာရုံ, ထက်ဝန်းကျင်စင်ကြယ်သော နီသော အာရုံ, ထက်ဝန်းကျင် စင်ကြယ်သော ဖြူသောအာရုံတို့၏ အစွမ်းဖြင့်သာ၊ သုဘဝိမောက္ခော - သုဘဝိမောက္ခကို- အနုညာတော - ခွင့်ပြုအပ်ပြီ၊ ["သုဝိသုဒ္ဓေသု နီလာဒီသု" စသည်ဖြင့် ဖွင့်ပြခြင်းကိုပင် "ခွင့်ပြု"ဟု ဆိုသည်။။] ဣတိ-ဤသို့၊ ကသိဏန္တိ ဝါ-ကသိဏမည်သော စျာန်သည်လည်းကောင်း၊ အာဘိဘာယတနန္တိ ဝါ-အာဘိဘာယတနမည်သောစျာန်သည်လည်းကောင်း၊ ဝိမောက္ခောတိ ဝါ - ဝိမောက္ခမည်သော စျာန်သည်လည်းကောင်း၊ ရူပါဝစရဇ္ဈာနမေဝ - ရူပါဝစရ စျာန်ချည်းသာ၊ (ဟောတိ)၊ ဟိ-မှန်-တံ-ထိုရူပါဝစရစျာန်ကို၊ (ဝုတ္တံ၌စပ်၊)ဝါ-သည်၊ (ကသိဏံ နာမစသည်၌စပ်၊) အာရမဏဿ-၏၊ သကလဋ္ဌေန-အလုံးစုံ ဟူသော အနက်သဘောကြောင့်၊ကသိဏံနာမ၊ကသိဏမည်၏၊အာရမဏံ-ကို၊ အာဘိဘဝနဋ္ဌေန-လွှမ်းမိုးခြင်း ဟူသောအနက်သဘောကြောင့်၊ အာဘိဘာယတနံနာမ-မည်၏၊ အာရမဏေ-၌၊ အဓိမုစ္စနဋ္ဌေန-လွှဲလွှန်ကဲကဲသက်ဝင်ခြင်းဟူသော အနက်သဘောကြောင့်လည်းကောင်း၊ ပစ္စနီကဓမ္မေဟိ-တို့မှ၊ဝိမုစ္စနဋ္ဌေန-အထူးအားဖြင့် လွတ်ခြင်းဟူသော အနက်သဘောကြောင့်လည်းကောင်း၊ ဝိမောက္ခော နာမ-မည်၏၊ ဣတိ-သို့၊ ဝုတ္တံ-မျှးအဋ္ဌကထာ၌ ဆိုအပ်ပြီ။

တတ္ထ - ထို ၃ မျိုးသော ဒေသနာတို့တွင်၊ ကသိဏဒေသနာ - ကသိဏဒေသနာတော်ကို၊ အဘိဓမ္မဝသေန - အဘိဓမ္မာနည်း၏ အစွမ်းဖြင့်၊ (ဝုတ္တာ-ဟောတော်မူအပ်ပြီ၊) ဣတရာပန - ကသိဏဒေသနာမှ တပါးသော အဘိဘာယတနဒေသနာ, ဝိမောက္ခဒေသနာတို့ကိုကား၊ သုတ္တန္တဒေသနာဝသေန-သုတ္တန်ဒေသနာ နည်း၏အစွမ်းဖြင့်၊ ဝုတ္တာ-ကုန်ပြီ၊ ဣတိ-သို့၊ ဝေဒိတဗ္ဗာ-ကုန်၏၊ အယံ-ဤဆိုအပ်ပြီးကား၊ တ္ထေ-ဤဝိမောက္ခကထာ၌၊ အပုဗ္ဗပဒဝဏ္ဏနာ-တည်း၊ ပန-ဆက်၊ ဧကေကသ္မိံ-သော၊ ဝိမောက္ခေ-၌၊ ပထဝီကသိဏေ ဝိယ-၌ကဲ့သို့၊ ပဋ္ဌဝီသတိ ပဋ္ဌဝီသတိ-သော၊ (နဝကာ-တို့သည်၊ဟောန္တိ)၊ဣတိ ကတွာ-ဤသို့ ပြု၍၊ ဝါ-ဤအကြောင်းကြောင့်၊ ပဋ္ဌသတ္တတိ-၇၅ပါးသော၊ နဝကာ-တို့ကို၊ ဝေဒိတဗ္ဗာ-ကုန်၏။ ။ဝိမောက္ခကထာ-သည်၊ နိဋ္ဌိတာ-ပြီ။

အဘိဓမ္မဝသေန။ ။"ဣတိ ကသိဏန္တိဝါ၊ ပေ၊ ရူပါဝစရဇ္ဈာနမေဝ"ဟူသော စကားအရ ကသိုဏ်းတို့ကို ဈာန်အမည်ဖြင့် ဟောတော်မူခြင်းသည် အဘိဓမ္မာဒေသနာ နည်းတည်း၊ အဘိဓမ္မာ၌ "ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ (ပထဝီကသိုဏ်းလျှင် အာရုံရှိသော")ဟု "ကသိဏံနှင့် ဈာနံကို အရတူဟောတော်မူသည်" ဟူလို၊ [သုတ္တန်ဒေသနာတော် နည်းအားဖြင့်ကား ကသိုဏ်းတို့ကို အာရုံအဖြစ်ဖြင့်သာ ဟောတော်မူ၏၊ "ပထဝီကသိဏံ ဧကော သဋ္ဌာနာတိ - အချို့ကား ပထဝီကသိုဏ်း အာရုံကို ကောင်းစွာ သိ၏" စသည်ဖြင့် ဒီဃနိကာယ် - ပါထိကဝဂ်,ဒသုတ္တရ၌လည်း ကောင်း, ဒသကအဂုံတ္တိုရ်-မဟာဝဂ်-ကသိဏသုတ်၌လည်းကောင်း လာသောပါဋ္ဌိတော်တည်း၊] ဤသို့ ကသိဏအတွက် "အဘိဓမ္မာဟောနည်း, သုတ္တန်ဟောနည်း"ဟု ၂ မျိုး ရှိသောကြောင့် "အဘိဓမ္မဝသေန"ဟု ဝိသေသနပြုရသည်။

ဗြဟ္မဝိဟာရ ကထာအဖွင့်

ဣဒါနိ-ဝိမောက္ခဈာန်ကိုပြတော်မူပြီးရာ ယခုအခါ၌၊မေတ္တာဒိဗြဟ္မဝိဟာရဝသေန-မေတ္တာ အစရှိသော ဗြဟ္မဝိဟာရတို့၏ အဖြစ်ဖြင့်၊ ပဝတ္တမာနံ - ဖြစ်သော၊ ရူပါဝစရကုသလံ-ကို၊ ဒဿေတုံ၊ ပေ၊ အာရဒ္ဓံ၊ တတ္ထ-ထိုကတမေ ဓမ္မာ ကုသလာအစရှိသော စကားရပ်၌၊ မေတ္တာသဟဂတန္တိ-ကား၊ မေတ္တာယ၊ မေတ္တာနှင့်၊ သမန္နာဂတံ-ပြည့်စုံသော၊ (ဈာနံ ၌စပ်၊) [သဟဂတ၏ "အာရမဏ" အစရှိသော အနက်များစွာတို့တွင် "သမန္နာဂတ သဟဂတ" အနက်ကို ဖွင့်သည်၊] ပရတော-နောက်၌၊ ကရုဏာသဟဂတာဒီသုပိ - ကရုဏာသဟဂတံ-အစရှိသော ပုဒ်တို့၌လည်း၊ ဧသေဝနယော၊ ပန-ဆက်၊ ဧသ-ဤယောဂီ ပုဂ္ဂိုလ်သည်၊ ယေန ဝိဓာနေန-အကြင် အစီအရင်ဖြင့်၊ ပဋိပန္နော-ကျင့်သည်၊ ဟုတွာ, မေတ္တာဒိသဟဂတာနိ - မေတ္တာ အစရှိသည်တို့နှင့် တကွ ဖြစ်ကုန်သော၊ ဈာနာနိ-တို့ကို၊ ဥပသမ္ပဇ္ဇ-ပြီးစေ၍၊ ဝိဟရတိ-နေနိုင်၏၊ မေတ္တာဒီနံ-

တို့၏၊ တံ ဘာဝနာဝိဓာနံ-ထိုဘာဝနာအစီအရင်ကို၊ သဗ္ဗံ-အလုံးစုံကို၊ ဝိသုဒ္ဓိ မဂ္ဂေ-၌၊ (မယာ) ဝိတ္ထာရိတမေဝ- ချဲအပ်ပြီးသည်သာ၊ အဝသေသာယ-ဘာဝနာဝိဓာနမှ ကြွင်းသော၊ ပါဋိယာ-ပါဋိတော်၏၊ အတ္ထော-ကို၊ ပထဝီ ကသိဏေ-၌၊ ဝုတ္တနယေနေဝ-ဖြင့်သာလျှင်၊ ဝေဒိတဗ္ဗော-၏။

ဟိ-စိုးစဉ်းအနည်းငယ် အထူးကား၊ ကေဝလံ-နဝကနှင့်မဖက်သက်သက်၊ ပထဝီကသိဏေ-၌၊ ပဉ္စဝီသတိ-သော၊ နဝကာ-တို့သည်၊ (ဟောန္တိ)၊ ဣဓ - ဤဗြဟ္မဝိဟာရကထာ၌၊ ပုရိမာသု-ရှေဖြစ်ကုန်သော၊ တီသု-၃ ပါးကုန်သော မေတ္တာ ကရုဏာ မုဒိတာတို့၌၊ တိက စတုက္ကဇ္ဈာနဝသေန-တိကစျာန်, စတုက္ကစျာန်တို့၏ အဖြစ်ဖြင့်၊[အချို့စာ၌"စျာနီက"ဟုရှိ၏,မကောင်း၊] ပဉ္စဝီသတိ-သော၊ သတ္တကာ-တို့သည်၊ (ဟောန္တိ)၊ ဥပေက္ခာယ-ဥပေက္ခာ ဗြဟ္မဝိဟာရ၌၊ စတုတ္ထဇ္ဈာနဝသေန-စတုတ္ထစျာန်၏အဖြစ်ဖြင့်၊ [ဤနေရာ၌"စျာန"ဟု ရှိ၏၊ ကောင်းသည်၊] ပဉ္စဝီသတိ-သော၊ ဧကကာ-ဧကကတို့သည်၊ (ဟောန္တိ)၊ စ-ဆက်၊ ကရုဏာမုဒိတာသု-တို့၌၊ ဆန္ဒာဒီဟိ-ဆန္ဒ အစရှိကုန်သော၊ [အာဒိဖြင့် "အဓိမောက္ခ, မနသိကာရ, တတြမဇ္ဈတ္တတာ"တို့ကိုယူ။] စတူဟိ-၄ပါးကုန်သော ယေဝါပနကတရားတို့နှင့်၊သဒ္ဓိ-တက္ခ၊ကရုဏာ-ကရုဏာလည်းကောင်း၊ မုဒိတာ-လည်းကောင်း၊ ဣတိ-သို့၊ ဣမေပိ ယေဝါပနကာ-ဤယေဝါပနက တရားတို့ကိုလည်း၊ လဗ္ဘန္တိ-နှ်၏။

စ-သည်သာမကသေး၊ [ထူးပုံကျန်သေး၏-ဟူလို၊] ဧတ္ထ - ဤဗြဟ္မဝိဟာရ တို့၌၊ (ဝေဒိတဗ္ဗော၌စပ်၊)ဒုက္ခပ္ပဋိပဒါဒိဘာဝေါ-ဒုက္ခပ္ပဋိပဒ အစရှိသည်တို့၏ အဖြစ်ကို၊ တာဝ-ကရုဏာ,မုဒိတာ,ဥပေက္ခာတို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌာယ)၊ မေတ္တာယ-မေတ္တာ၌၊ ဗျာပါဒဝိက္ခမ္ဘနဝသေန-ဗျာပါဒကို ပယ်ခွာနိုင်ခြင်း၏ အစွမ်းဖြင့်၊ (ဝေဒိတဗ္ဗော)၊ ကရုဏာယ-၌၊ ဝိဟိံသာ ဝိက္ခမ္ဘနဝသေန-ဝိဟိံသာကို ပယ်ခွာနိုင်ခြင်း၏ အစွမ်းဖြင့်၊ (ဝေဒိတဗ္ဗော)၊ မုဒိတာယ - ၌၊ အရတိဝိက္ခမ္ဘနဝသေန-အရတိကိုပယ်ခွာနိုင်ခြင်း၏အစွမ်းဖြင့်၊ (ဝေဒိတဗ္ဗော) ဥပေက္ခာယ-၌၊ ရာဂပဋိဃ ဝိက္ခမ္ဘနဝသေန-ရာဂပဋိဃတို့ကိုပယ်ခွာနိုင်ခြင်း၏ အစွမ်းဖြင့်၊ ဝေဒိတဗ္ဗော-၏၊ [နောက်၌"ပဋိဃာနုနယ စူပသမနှင့် ဤ၌ ရာဂ ပဋိဃဝိက္ခမ္ဘနသည် သဘောတူ၏။] ပန-ကား၊ ပရိတ္တာရမဏတာ - ပရိတ္တာ ရမဏ၏ အဖြစ်သည်၊ နဗဟုသတ္တာရမဏဝသေန - မများသော သတ္တဝါ ဟူသော အာရုံ၏အစွမ်းဖြင့်၊ (ဟောတိ)- ["နဗဟု"နေရာ၌"အဗဟု" ဟု ရှိလျှင် ကောင်းမည်ထင်သည်။] အပ္ပမာဏာရမဏတာ - အပ္ပမာဏာရမဏ၏ အဖြစ်သည်၊ ဗဟုသတ္တာရမဏဝသေန-များသောသတ္တဝါဟူသော အာရုံ၏ အစွမ်းဖြင့်၊ ဟောတိ၊ ဣတိအယံ-ပြီးကား၊ ဝိသေသော - ကသိုဏ်းမှ အထူး တည်း၊["ကေဝလံ ဟိ ပထဝီကသိဏေ" စသောစကားကို "ဣတိအယံ"ဖြင့်

ပြန်ညွှန်းသည်၊] သေသံ-ကြွင်းသော အစီအရင်ကို၊ တာဒိသမေဝ - ထို ပထဝီ ကသိုဏ်း၌ ဆိုအပ်ပြီးသော အစီအရင်ကဲ့သို့ ရှုအပ်သည်သာ။

ဝေံ-ဤသို့လျှင်၊ တာဝ-ပကိဏ္ဏကကထာမှ ရှေးဦးစွာ၊ ပါဋိဝသေနေဝ-ပါဋိတော်၏အစွမ်းဖြင့်သာလျှင်၊(ဝိဒိတွာ၌စပ်၊)[ဗြဟ္မုတ္တမေန-ဗြဟ္မာတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည်၊ဝါ-မြတ်သောဗြဟ္မာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ ကထိတေ-ဟောတော်မူအပ်ပြီးကုန်သော၊ ဣမေ ဗြဟ္မဝိဟာရေ-ဤဗြဟ္မဝိဟာရတို့ကို၊ ဣတိ-ဤဆိုအပ်ပြီးသော အနက်အစဉ်ဖြင့်၊ [ဝိသုဒ္ဓိမဂ်၌ကား ဘာဝနာအစဉ်ပါ၏၊ ထို့ကြောင့် ဘာဝနာအစဉ်ကိုလည်း ပြန်ညွှန်းသည်။] ဝိဒိတွာ - သိပြီး၍၊ ဘိယျော - ဆိုအပ်ပြီးသော နည်းထက် အလွန်၊ ဧတေသု-ဤဗြဟ္မဝိဟာရတို့၌၊ အယံ ပကိဏ္ဏကကထာပိ-ဤကျယ်ပြန့်သော စကားရပ်ကိုလည်း၊ ဝိညေယျာ-သိထိုက်သေး၏၊[အချို့စာ၌"ဧတေသံ အယံ"ဟု ရှိ၏၊ အရိယာဂါထာဖြစ်၍ "ဧတေသု"ဟု ရှိမှု ၃ ဂိုဏ်း၌ ယတိ ပြတ်သည်။]

ဗြဟ္မုတ္တမေန။ ။ဗြဟ္မုတ္တမေနာတိ ဧတ္ထ သမ္မုတိဗြဟ္မာနော ဥပပတ္တိဗြဟ္မာနော ဝိသုဒ္ဓိဗြဟ္မာနောတိ တိဝိဓာ ဗြဟ္မာနော၊"ပရိဗ္ဗဇ မဟာဗြဟ္မေ"စသည်ဖြင့် ပုဏ္ဏားတို့ကို "ဗြဟ္မာ"ဟု ခေါ်ရာ၌ သမ္မုတိဗြဟ္မာတည်း၊ ဗြဟ္မာပြည်၌ ဗြဟ္မာတို့သည် ဥပပတ္တိ(ပဋိသန္ဓေသားဖြင့် ဖြစ်သော) ဗြဟ္မာတည်း၊ ဗြဟ္မစက္ကံ ပဝတ္တေတိ"၌ ဗြဟ္မသဒ္ဒါသည် အရိယဓမ္မကို ဟော၏၊ ထို အရိယဓမ္မကြောင့်ဖြစ်သော အရိယာပုဂ္ဂိုလ် ဟူသမျှသည် အရိယဗြဟ္မာတည်း၊ ထိုဗြဟ္မာတို့ထက် မြတ်တော်မူသောကြောင့်"ဗြဟ္မာနံ+ဥတ္တမော" အရ ဗုဒ္ဓမြတ်စွာသည် ဗြဟ္မုတ္တမ မည်တော်မူ၏၊ တနည်း"ဗြဟ္မာစ+သော+ဥတ္တမော" အရ ဗြဟ္မုတ္တမမည်တော်မူ၏၊-ဝိသုဒ္ဓိမဂ်မဟာဋီကာ။[ဤဝိဂ္ဂဟ ၂ မျိုး၏အရကောက်ကို ရှေးနိဿယ၌ ပြထား၏၊ သတိထား၍ ရိုးရာအတိုင်း လေ့လာကြပါ။]

ပကိဏ္ဏက ကထာပိ။ ။ဝိသုဒ္ဓိမဂ်၌ ဤဂါထာမရောက်မီ ရှေ့ဝယ် ဗြဟ္မဝိဟာရ အားလုံးနှင့် မဆိုင်ပဲ မေတ္တာနှင့်သာ ဆိုင်သော အနက်အဓိပ္ပာယ်, ကရုဏာ စသည် တပါးစီနှင့်သာ ဆိုင်သော အနက်အဓိပ္ပာယ်များကို အကျယ်ပြခဲ့ပြီ၊ ထို့ကြောင့် ယခု ပြအပ်လတ္တံ့သော စကားသည် ထိုကဲ့သို့ အသာဓာရဏအနက်ကို မယူပဲ ဝစနတ္ထကို ပြလျှင် မေတ္တာ ကရုဏာစသော ၄ ပါးလုံးအတွက်, လက္ခဏာစသည်ကို ပြလျှင်လည်း ၄ ပါးလုံးအတွက် ကျယ်ပြန့်သော အနက်အဓိပ္ပာယ်ကို ယူ၍ ဖြစ်စေအပ်သော စကား ဖြစ်၏၊ ထို့ကြောင့် "ပကိဏ္ဏကကထာ"ဟု ဆိုသည်၊ " ၄ပါးလုံးအတွက် ကျယ်ပြန့်သော အနက်ပြစကား " ဟူလို။

မဟာဋီကာ။ ။ပုဗ္ဗေဝိယ အသာဓာရဏံ တံတံ ဗြဟ္မဝိဟာရ ပတိနိယတမေဝ (ထိုထို ဗြဟ္မဝိဟာရ၏ အသီးအသီး သတ်မှတ်အပ်ပြီးသာဖြစ်သော) အတ္ထံ အဂ္ဂဟေတွာ သာဓာရဏဘာဝတော တတ္ထ တတ္ထ (ထိုထိုမေတ္တာ စသည်၌) ပကိဏ္ဏံ ဝိသဋ္ဌံ အတ္ထံ ဂဟေတွာ ပဝတ္တိတာ ပကိဏ္ဏကကထာပိ ဝိဇာနိတဗ္ဗာ။ [ပကိဏ္ဏကသဒ္ဒါသည် ဤနေရာ၌ ဝိသဋ္ဌ (အကျယ်အပြန့်) အနက်ဟောတည်း။]

ဟိ-ခဲ့၊ တောသဲ့ မေတ္တာ၊ ပေ၊ ဥပေက္ခာသု-တိုဋ္ဌ၊ တာဝ-လက္ခဏာစသည်တို့မှ ရှေးဦးစွာ- အတ္ထတော-ဂစနတ္ထအားဖြင့်၊ ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော-၏၊ [ဤသို့ ယောဇနာထည့်သည်၊ ရှေးနိဿယဋ္ဌကား "ပကိဏ္ဏကကထာ ဝိညေယျာ" ဟု ထည့်၏၊ အတ္ထတော တခုတည်းဖြင့် ပကိဏ္ဏကမဟုတ်သောကြောင့် စဉ်းစားပါ။] (ယာ ဓမ္မဇာတိ) မိဇ္ဇတိ-ချစ်တတ်၏၊ ဣတိ-ကြောင့်၊ (သာ ဓမ္မဇာတိ) မေတ္တာ-မေတ္တာမည်၏၊ သိနိယ္ဟတိ-ချစ်တတ်၏၊ ဣတိအတ္ထော၊ ဝါ-တနည်း၊ (ယာ ဓမ္မဇာတိ) မိတ္တေ-မိတ်ဆွေ၌၊ ဘဝါ၊ ဖြစ်သည်တည်း၊ (ဣတိ-ကြောင့်၊ သာ ဓမ္မဇာတိ မေတ္တာ)၊ ဝါ-တနည်း၊ သော (ပဝတ္တိ)-ဤချစ်ခင်သောအားဖြင့် ဖြစ်ခြင်းသည်၊ မိတ္တာသ-မိတ်ဆွေ၏၊ ပဝတ္တိ-ဖြစ်ခြင်းတည်း၊ ဣတိပိ-ထို့ကြောင့်လည်း၊ မေတ္တာမည်၏။ ["မိတ္တာသဝါသောပဝတ္တိပိ" ဟု ဝါလည်းပါ, ပိယည်းပါခြင်းကားစာသွားရိုးရာမကျ-ပိပါလျှင် ဝါမပါသင့်။]

မိဇ္ဇတိ။ ။"မိဒ-သိနေဟ" ဟူသော ဓာတ်ကျမ်းနှင့်အညီ သိနေဟအနက်ဟော မိဒဓာတ်ကို ဒိဝါဒိဂိုဏ်းဟု ဓာတ်ကျမ်းတို့ဋ္ဌ ဆိုသောကြောင့် "မိဇ္ဇတိ" ဟု ရှိသင့်၏၊ စာအုပ်များဋ္ဌ ဝုဒ္ဓိရောက်၍ "မေဇ္ဇတိ" ဟု တွေ့ရသည်၊ ဒိဝါဒိဂိုဏ်း သိနိဟ္ဒဓာတ်လည်း "ပီတိ-ချစ်နှစ်သက်ခြင်း" အနက်ကိုဟော၏၊ ထို့ကြောင့် ဒိဝါဒိ ယပစ္စည်းဖြင့် "သိနိယ္ဟတိ" ဟု ပါဋ္ဌမှန်ရှိသင့်၏၊ အချို့စာအုပ်များဋ္ဌ "သိနေဟတီတိ အတ္ထော" ဟု တွေ့ရ၏၊ စဉ်းစားပါ၊ မေတ္တာဋ္ဌကား မိဒဓာတ် (တ) ပစ္စည်း၊ မိဋ္ဌ " ဣ " ကို ဧဝုဒ္ဓိပြုပြီးလျှင်, "အာ" ပစ္စည်းသက်၍ "မေတ္တာ" ဟု ဖြစ်၏။

မေးဖွယ်။ ။"သိနိယ္ဟတိ" အရ ချစ်ခြင်းဟူသော သိနေဟသည် တဏှာသဘောလည်း ရှိသည်မဟုတ်ပါလော, အဘယ်သိနေဟကို ယူရပါမည်နည်းဟု မေးဖွယ်ရှိ၏၊ အဖြေကား - သတ္တဝါတို့အပေါ်၌ ဗျာပါဒ (ဒေါသ) ဖြစ်ခြင်းဟူသော အစေးမစပ်ခြောက်ကပ်ကပ်သဘော၏ ဆန့်ကျင်ဘက်ဖြစ်၍ (ဉာဏ်ရှေ့သွားရှိသော) သတ္တဝါတို့၏ စီးပွားကို လိုလားသော အခြင်းအရာအားဖြင့်ဖြစ်သော သိနေဟ(အချစ်)ကို ဤမေတ္တာအရာ၌ ယူရသည်၊ တဏှာ၏အစွမ်းဖြင့် ချစ်ခြင်းကို မယူရ။ [သတ္တောသု ဗျာပဇ္ဇနဝသေန လူခဘာဝသဿ ပဋိပက္ခဘူတံ ဉာဏူပဋ္ဌာနံ ဟိတာကာရပ္ပဝတ္တိဝသေန သိနေဟနံ ဒဋ္ဌဗ္ဗံ, န တဏှာယနဝသေန၊ တံ ဟိ မောဟူပဋ္ဌာနံ လုဇ္ဇနသဘာဝံ, ကွဒံ ပန အဒုဿနသဘာဝံ အလောဘသမ္မယုတ္တံ၊-ဝိသုဒ္ဓိမဂ် မဟာဋီကာ။]

မိတ္တေဘဝါ။ ။ဤနည်းဋ္ဌ "မိဇ္ဇတိတိ မိတ္တော" ဟု ပြု၍, မိတ်ဆွေဟု ခေါ်အပ်သော ဓနွာအစဉ်ကို အရကောက်ပါ၊ ထို့နောက် "မိတ္တေ+ဘဝါ မေတ္တာ" ဟု ဘဝအနက်ဋ္ဌလည်းကောင်း, "မိတ္တသ+ဧသော မေတ္တာ" ဟု ကွဒံအနက်ဋ္ဌလည်းကောင်း "ဏ"ပစ္စည်း, အာ ပစ္စည်းဖြင့် "မေတ္တာ"ဟု ပြီးရသည်။

ဆက်ဦးအံ့ - မိတ်ဆွေဟု ခေါ်အပ်သော ဓနွာအစဉ်သည် အစဉ်အတိုင်း ဖြစ်၍ နေစဉ် တရံကခါ မေတ္တာသည် ထိုဓနွာအစဉ်ဋ္ဌပါဝင်၏၊ ထို့ကြောင့် "မိတ္တေ+ဘဝါ-မိတ်ဆွေဋ္ဌ (မိတ်ဆွေဟု ခေါ်အပ်သော ဓနွာအစဉ်ဋ္ဌ) ဖြစ်သော (ပါဝင်သော)တရား"

(ယာ ဓမ္မဇာတိ) ပရဒုက္ခေ-သူတပါး၏ ဒုက္ခသည်၊ သတိ-ဖြစ်လသော်၊ သာဓူနံ- ကရုဏာရှင်, သူတော်စင်တို့၏၊ ဟဒယကမ္ပနံ-စိတ်နှလုံး၏ တုန်လှုပ်ခြင်းကို၊ (စိတ်နှလုံးကိုတုန်လှုပ်အောင်၊) ကရောတိ-ပြုတတ်၏၊ ဣတိ-ကြောင့်၊ (သာ ဓမ္မဇာတိ) ကရုဏာ-မည်၏၊ ဝါ-တနည်း၊ ပရဒုက္ခံ-သူတပါး၏ဒုက္ခကို၊ ကိဏာတိ ဟိံသတိ-ညှဉ်းဆဲဘတ်၏၊ ဝိနာသေတိ-ဖျက်ဆီးတတ်၏၊ ဣတိ, ကရုဏာ-မည်၏၊ ဝါ-တနည်း ဒုက္ခိတေသု-ဒုက္ခိတသတ္တဝါတို့၌၊ ဖရဏဝသေန-ဖြန့်ခြင်း၏ အစွမ်းဖြင့်၊ ကိရိယတိ ပသာရိယတိ-ဖြန့်အပ်၏၊ ဣတိ, ကရုဏာ-မည်၏။

တာယ-ထိုသဘောတရားဖြင့်၊ တံသမင်္ဂိနော-ထိုမုဒိတာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်တို့သည်၊ (ထိုတရားနှင့်ပြည့်စုံသော သဟဇာတ်တရားတို့သည်၊) မောဒန္တိ-ဝမ်းမြောက်ကြကုန်၏၊ (ဣတိ မုဒိတာ-မည်၏၊) ဝါ-တနည်း၊ သယံ-မိမိ

ဟု ဆိုရသည်၊ (တနည်း) မိတ်ဆွေကို အာရုံပြု၍ ဖြစ်သောကြောင့် "မိတ္တေ+ဘဝါ-မိတ်ဆွေအပေါ်၌ အာရုံပြု၍ဖြစ်သောတရား" ဟု ဆိုရသည် [မိဇ္ဇတီတိ မိတ္တော၊ ဟိတ-ဈာသယော ခန္ဓပ္ပဗန္ဓော (စီးပွား၌ လိုလားသော ခန္ဓာအစဉ်)၊ တပ္ပရိယာပန္နဘာယ မိတ္တေ ဘဝါ၊ မိတ္တေဝါအာရမဏဘူတေ ပိယပုဂ္ဂလေ ဘဝါ၊] "မိတ္တဿ+သော"၌ ချစ်ခြင်းအားဖြင့် ဖြစ်ခြင်းကို "သော ပဝတ္တိ" ဟု ဆိုသည်၊ ထို့ကြောင့် "သော ပဝတ္တိ မဇ္ဇနဝသေနေဝါတိ ဝေဒိတဗ္ဗာ" ဟု မဟာဋီကာဖွင့်သည်။

ကရုဏာ။ ။ယခု မျက်မြင်မှာပင် ဆင်းရဲသူကိုမြင်သောအခါ ကိုယ်ချင်းစာတတ်သော သူတော်စင်တို့၏ စိတ်သည် တုန်လှုပ်တတ်၏၊ "တုန်လှုပ်" ဆိုသည်ကား ထိုဆင်းရဲမှုကို ပယ်ရှားလို (မဆင်းရဲအောင်ပြုလို)သည်ဖြစ်၍ သူ၏ဆင်းရဲခြင်းကိုမိမိကပါမခံနိုင်သော အခြင်းအရာအားဖြင့် စိတ်၏တမျိုးတဖုံဖြစ်ခြင်းတည်း။ [ကမ္ပနန္တိစ ပရေသံ ဒုက္ခံ ဒိတ္ဝာ တဿ အပနေတုကာမဿ အသဟနာကာရေန စိတ္တဿ အညထတ္တံ၊ တယိဒံ သပ္ပုရိသာနံ ယေဝ ဟောတီတိ သာဓူနန္တိ၊—မဟာဋီကာ၊....ကရုဏာ၏ ရုပ်ပြီးပုံကို ပါရာဇိကဏ်ဘာသာဋီကာ ပဏာမဂါထာအဖွင့်၌ ပြခဲ့ပြီ။]

ကိဏာတိဝါ။ ။သွာဒိဂိုဏ်း ကိဓာတ်သည် ဝဓ (ဟိံသန) အနက်ကို ဟော၏၊ ထို့ကြောင့် "ဟိံသတိ" ဟု ဓာတ်နက်ကို ဖွင့်သည်၊ "သူတပါး၏ဆင်းရဲကို ညဉ်းဆဲခြင်း" ဟူသည် "ထိုဆင်းရဲပယ်ဖျောက်ခြင်းတည်း" ဟု သိစေလို၍ "ဝိနာသေတိ" ဟု ဖွင့်သည်။ [ဝိနာသေတီတိ အဒဿနံ ဂမေတိ—မမြင်ရခြင်းသို့ ရောက်စေ၏၊ "အပနေတီတိ အတ္ထော—ဖယ်ရှား၏" ဟု အဓိပ္ပာယ်မှတ်ပါ။—မဟာဋီကာ။]

ကိရိယတိ။ ။ကိရဓာတ်သည် ဝိက္ခေပ, ဝိကိရဏအနက်ကိုဟော၏၊ ဤ၌ဝိကိရဏအနက်ဟု သိစေလို၍ "ပသာရိယတိ" ဟု ဖွင့်သည်၊ "ဖြန့်" ဟူသည် ထိုဒုက္ခိတ သတ္တဝါကို အာရုံပြုခြင်းတည်း။ "အာရုံပြု" ဟူသည်လည်း ဒုက္ခကို ပယ်ရှားလိုသောအားဖြင့် အာရုံပြုခြင်းတည်း။ [ဖရဏဝသေနာတိ—ဖုသနဝသေန (ထိရောက်ခြင်း၏အစွမ်းဖြင့်)၊ အာရမဏကရဏ ဝသေနာတိ အတ္ထော၊ အာရမဏကရဏဥေတ္တ ဒုက္ခိတေသု ဒုက္ခာ ပနယနာကာရေနေဝါတိ ဒဋ္ဌဗ္ဗံ၊—မဟာဋီကာ။]

ဟူသော မုဒိတာကိုယ်တိုင်၊ မောဒတိ-ဝမ်းမြောက်တတ်၏၊ (ဣတိ မုဒိတာ)၊ ဝါ-တနည်း၊ တံ-ထို သဘောတရား၊ သည်၊ မောဒနမတ္တမေဝ-ဝမ်းမြောက်ခြင်းမျှသာတည်း၊ ဣတိ မုဒိတာ။ [“မောဒနမတ္တမေဝ” ဤ ဝေဖြင့် ဆိုအပ်ပြီးသော ကတ္တုသတ္တိ, ကရဏသတ္တိကို ကန့်သည်၊ ပရမတ္ထထုံးစံအတိုင်း ဝမ်းမြောက်ခြင်းကြိယာသာ ရှိ၏၊ ဝမ်းမြောက်တတ်သော ကတ္တား, ဝမ်းမြောက်ကြောင်းကရိဏ်းမရှိ-ဟူလို။] (ယာ ဓမ္မဇာတိ) အဝေရာ-ကိုယ်တွင်းကိုယ်ပ, ရန်မရှိကြကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန်သတည်း၊ ဣတိ အာဒိ ဗျာပါရပ္ပဟာနေန-ဤသို့ အစရှိသော ဗျာပါရကိုပယ်ခြင်းအားဖြင့်လည်း၊ကောင်း၊ မဇ္ဈတ္တ-ဘာဝူပဂမနေနစ-လျစ်လျူ ရှုတတ်သည်၏ အဖြစ်သို့ ကပ်ရောက်ခြင်းအားဖြင့်လည်း၊ကောင်း၊ [အသင့်အားဖြင့် ရှုပုံကို ဝိဿဿနပြုသည်၊] ဥပေက္ခတိ-အသင့်အားဖြင့် ရှုတတ်၏၊ ဣတိ, (သာ ဓမ္မဇာတိ) ဥပေက္ခာ-မည်၏။

ပန-ကား၊ (ဝစနတ္ထမှု တပါး, လက္ခဏာဒျတ္ထကား၊) လက္ခဏာဒိတော-လက္ခဏာအစရှိသော အနက်အားဖြင့်၊ (ဝိနိစ္ဆယော ဇဝံ ဝေဒိတဗ္ဗော)၊ ဇာတ-ဤမေတ္တာ အစရှိသည်တို့ဓာတ်၊ မေတ္တာ-သည်၊ ဟိတာကာရပ္ပဝတ္တိလက္ခဏာ-အစီးအပွားကို လိုလားသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိ၏၊ [ဟိတဖြင့် “ဟိတကာမ” တိုင်အောင်ယူ၊ သို့မဟုတ် “ကာမ” အကြောင်း။] ဟိတူပ သံဟာရရသာ-အစီးအပွားကို ဆောင်ခြင်းကိစ္စရှိ၏၊ အာဃာတဝိနယ-ပစ္စု ပဋ္ဌာနာ-ရန်ငြိုးဖွဲ့ခြင်းကို ပယ်ဖျောက်တတ်သော တရားဟူ ယောဂီတို့ဉာဏ်အား ထင်လာ၏၊ သတ္တာနံ-တို့၏၊ မနာပဘာဝဒဿန ပဒဋ္ဌာနာ-မြတ်နိုးဖွယ်တို့၏ အဖြစ်ကို ရှုခြင်းလျှင် နီးစွာသော အကြောင်းရှိ၏၊ ဗျာပါဒူပသမော-သတ္တဝါတို့အပေါ်၌ ဒေါသဗျာပါဒ၏ ငြိမ်းအေးခြင်းသည်၊ တေသာ-ဤမေတ္တာ၏၊ သမ္ပတ္တိ-ပြည့်စုံခြင်းတည်း၊ သိနေဟသမ္ဘဝေါ-ချစ်ခြင်းတရား၏ ဖြစ်ခြင်းသည်၊ ဝိပတ္တိ-ပျက်စီးခြင်းတည်း၊ [မေတ္တာမုခေန ရာဂေါ ဝဠွေတိ-မေတ္တာကို ရှေထား၍ ရာဂသည် လှည့်ပတ်တတ်၏။]

ကရုဏာ - သည်၊ ဒုက္ခာပနယနာကာရပ္ပဝတ္တိလက္ခဏာ- သူတပါး ဒုက္ခကို ပယ်ရှားလိုခြင်း ဟူသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏၊ ပရဒုက္ခာသဟနရသာ-သူတပါး၌ ဒုက္ခဖြစ်သော် သည်းမခံနိုင်ခြင်း ကိစ္စရှိ၏၊ အဝိဟိံသာပစ္စုပဋ္ဌာနာ-ဝိဟိံသား၏ ဆန့်ကျင်ဘက် အဖြစ်ဖြင့် ယောဂီတို့ဉာဏ်အား ထင်လာ၏၊ ဒုက္ခာဘိ ဘူတာနံ-ဒုက္ခသည် လွှမ်းမိုးအပ်ကုန်သော သတ္တဝါတို့၏၊ အနာထဘာဝဒဿနပဒဋ္ဌာနာ-ကိုးကွယ်ရာ မဲ့ကုန်သည်၏ အဖြစ်ကို ရှုခြင်းလျှင် နီးသောအကြောင်းရှိ၏၊ ဝိဟိံသူပသမော-သတ္တဝါတို့ အပေါ်၌ ညှဉ်းဆဲတတ်သော ဒေါသ၏ ငြိမ်းအေးခြင်းသည်၊ တဿာ- ထို ကရုဏာ၏၊ သမ္ပတ္တိ-တည်း၊သောကသမ္ဘဝေါ-သတ္တဝါတို့၏ ဆင်းရဲခြင်းကြောင့် သောက၏

ဖြစ်ခြင်းသည်၊ ဝိပတ္တိ-တည်း။[ကရုဏာမုခေန သောကော ဝဉ္ဇေတိ-တရုဏာ ကို ရှေထားလျက် သောကသည် လှည့်စားတတ်၏။]

မုဒိတာ-သည်၊ သတ္တေသု - သတ္တဝါတို့အပေါ်၌၊ ပမောဒနလက္ခဏာ-ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏၊အနိဿာယနရသာ-မငြူစူခြင်း ကိစ္စရှိ၏၊အရ-တိဝိဃာတ ပစ္စုပဋ္ဌာနာ-သူတပါးစည်းစိမ်၌ မပျော်မွေ့ခြင်းကို ပယ်ဖျောက်တတ်သော တရားဟု ယောဂီတို့ဉာဏ်အား ထင်လာ၏၊ (ဝါ-ပန္တသေနာသန, အဓိကုသလဓမ္မတို့၌ မမွေ့မလျော်မှုကို ပယ်ဖျောက်ခြင်းကို ဖြစ်စေတတ်၏၊) သတ္တာနံ-တို့၏၊ သမ္ပတ္တိဒဿနပဒဋ္ဌာနာ-ပြည့်စုံခြင်းကို မြင်ရခြင်းလျှင် နီးစွာသော အကြောင်းရှိ၏၊ အရတိဝူပသမော-သူတပါး စည်းစိမ်၌ မပျော်မွေ့ခြင်း၏ ငြိမ်းအေးခြင်းသည်၊ တဿာ-ထို မုဒိတာ၏၊ သမ္ပတ္တိ-တည်း၊ ပဟာသ သမ္ဘဝေါ-ပျော်ရွှင်ခြင်း၏ ဖြစ်ခြင်းသည်၊[မိမိဆိုင်ရာတို့ ပြည့်စုံနေခြင်းကြောင့် ပျော်ရွှင်နေခြင်းသည်။] ဝိပတ္တိ-တည်း။

ဥပေက္ခာ-သည်၊ သတ္တေသု-တို့၌၊ မဇ္ဈတ္တာကာရပဝတ္တိလက္ခဏာ-အလယ်အလတ်၌ တည့်မတ်သော သဘောရှိသူ၏အဖြစ်ဟူသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏၊ ဝါ-လျစ်လျူရှုခြင်း ဟူသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏၊ သတ္တေသု-တို့၌၊ သမဘာဝဒဿနရသာ-မုန်းချစ်နှစ်ဝ, ဘက်မကျပဲ, ညီမျှသည်၏ အဖြစ်ဖြင့် ရှုခြင်းကိစ္စရှိ၏၊ [“အမုန်းဘက်လည်း မကျ, အချစ်ဘက်လည်း မကျ, အညီအမျှရှုခြင်း ကိစ္စရှိသည်”ဟူလို။]ပဋိဃာနုနယ ဝူပသမပစ္စုပဋ္ဌာနာ-မုန်းခြင်း ချစ်ခြင်း၏ ငြိမ်းအေးခြင်း သဘောတရားဟု ယောဂီတို့ ဉာဏ်အား ထင်လာ၏၊ [“အနု - လျော်စွာ+နယ - ဆွဲဆောင်တတ်သော တရား”ဟူသည် တဏှာလောဘဖြင့် ချစ်ခြင်းတည်း၊] သတ္တာ-တို့သည်၊ ကမ္မဿကာ-ကံသာလျှင် မိမိဥစ္စာရှိကုန်၏၊ ဝါ-ကံသာလျှင် မှီခိုရာရှိကုန်၏၊ [“ကမ္မဿကာတိ ကမ္မဿယာ” ဟု ရှေ့၌ ဖွင့်ခဲ့သည်၊] တေ-ထို ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြသော သတ္တဝါတို့သည်၊ ကဿ-အဘယ်သူ၏၊ ရုစိယာ-အလိုအားဖြင့်၊ သုခိတာဝါ-ဖြစ်သော သုခရှိသူတို့သည် သော်လည်း၊ ဘဝိဿန္တိ-ဖြစ်ကုန်လတ္တံ့နည်း၊ [မေတ္တာ၏ သဘောအတိုင်း ချမ်းသာအောင် မဖြစ်နိုင်-

---

အရတိဝိဃာတ ပစ္စုပဋ္ဌာနာ။ ။သတ္တာနံ သမ္ပတ္တိယာ, ပန္တသေနာသနေသု အဓိကုသလဓမ္မေသုစ အသဟနံ (သည်းမခံနိုင်ခြင်း) အရမဏံ (မမွေ့လျော်ခြင်း) အရတိဂ္ဂစ္စေဝ သင်္ဂဟံ ဂစ္ဆတိ၊ တဿာ ဝိဟနနာကာရေန (ထိုအရတိကို ပယ်ဖျောက်ခြင်းဟူသော အခြင်းအရာအားဖြင့်) ပစ္စုပတိဋ္ဌတိ၊ တဿာဝါ ဝိဃာတံ ပစ္စုပဋ္ဌာပေတီတိ အရတိဝိဃာတ ပစ္စုပဋ္ဌာနာ၊-ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာ။[ဤနေရာ၌သမ္ပတ္တိကိုလည်းကောင်း,နောက်၌ ပန္တသေနာသန အဓိကုသလဓမ္မကိုလည်းကောင်း အရတိ၏ အာရုံအဖြစ်ဖြင့် ဤအင္ဌကထာ ဖွင့်လတ္တံ့။]

ဟူလို။] ဒုက္ခတော၀ါ-မူလည်း၊မုစ္စိဿန္တိ-လုတ်နိုင်ကုန်လတ္တံ့နည်း၊ [ကရဏာ၏ သဘောအတိုင်းလည်း မဖြစ်နိုင်-ဟူလို။]ပတ္တာသမ္ပတ္တိတော၀ါ-ရောက်အပ်သော စည်းစိမ်မှလည်း၊ နပရိဟာယိဿန္တိ-မယုတ်လျော့ပဲ ရှိကုန်လတ္တံ့နည်း၊[မုဒိတာ၏ သဘောအတိုင်းလည်း မဖြစ်နိုင်-ဟူလို။] ဣတိ ဧ၀ံ-သို့၊ ပ၀တ္တာ၊ပေ၊ ပဒဋ္ဌာနံ-ဖြစ်သော ကံသာလျှင် မိမိ ဥစ္စာရှိသည်၏အဖြစ်ကို ရှုခြင်းလျှင် နီးစ့ဉ်သော အကြောင်းရှိ၏၊ ပဋိဃာနုနယဝူပသမော-မုန်းခြင်း ချစ်ခြင်းတို့၏ ငြိမ်းအေးခြင်းသည်၊ ၀ါ-မုန်းတတ်သော ဒေါသ, ချစ်တတ်သော လောဘ၏ ငြိမ်းအေးခြင်းသည်၊ တဿာ-ထိုဥပေက္ခာ၏၊ သမ္ပတ္တိ-တည်း၊ ဂေဟသိတာယ-အိမ်၌ မှီသော၊ အညာကုပေက္ခာယ-အညာကုပေက္ခာ၏၊ သမ္ဘ၀ေါ-ဖြစ်ခြင်းသည်၊ ၀ိပတ္တိ-တည်း။

ပန-ကား၊ (လက္ခဏာဒျတ္ထမ္မတပါး ပယောဇနတ္ထကား၊)စတုန္နံပိ-၄ ပါးလည်းဖြစ်ကုန်သော၊ဧတေသံ ဗြဟ္မ၀ိဟာရာနံ-ဤဗြဟ္မ၀ိဟာရတို့၏၊ ၀ိပဿနာသုခဥ္စ၀-၀ိပဿနာချမ်းသာသည်လည်းကောင်း၊ ဘ၀သမ္ပတ္တိစ-ဘ၀၏ပြည့်စုံ

ဣတိ ဧ၀ံ ၊ပေ၊ ပဒဋ္ဌာနာ။ ။ဤတိကို ဧ၀ံ ဟု ဖွင့်သည်၊ ပ၀တ္တာဒ်စပ်၊ ဣတိ ဧ၀ံ တို့သည် နိဒဿနပုဒ်တို့တည်း၊ ထိုပုဒ်တို့ဖြင့် ညွှန်ပြအပ်သော နိဒဿေတဗ္ဗကား "ကမ္မဿကာ သတ္တာ ၊ပေ၊ နပရိဟာယိဿန္တိ"ဟု ပြအပ်ခဲ့သော စကားရပ်တည်း၊ "ဆိုအပ်ပြီးသောနည်းဖြင့် မေတ္တာ ကရုဏာ မုဒိတာတို့၏ ဖြစ်ခြင်းကို ပယ်သော ကမ္မဿကတာ ဒဿနဖြစ်သည်"ဟူလို၊ တချို့ကား "ပြောဆိုဆုံးမ၍ မရသူကို ကမ္မဿကာ ထားလိုက်ထာပဲ"ဟု ဆိုကြ၏၊ ထို ကမ္မဿကတာဒဿနမျိုးကို ဤဥပေက္ခာဗြဟ္မ၀ိဟာရ၏ ပဒဋ္ဌာန် ဟု မဆိုလိုပါ။

အညာကုပေက္ခာ။ ။သောမနဿဒေါမနဿရဟိတ်-သော၊ အညာဏမေ၀-ဉာဏ်၏ဆန့်ကျင်ဘက် မောဟသည်ပင်၊ ဥပေက္ခာ-လစ်လျူရှုတတ်သောသဘောတည်း၊ အညာကုပေက္ခာ၊ ဤသို့ ဋီကာ၌ ဝိဂြိုဟ်ပြု၏၊ထို့ကြောင့် ဋီကာဖွင့်အားဖြင့် သော-မနဿ ဒေါမနဿ၀ေဒနာတို့နှင့် မယှဉ်ပဲ ဥပေက္ခာ၀ေဒနာနှင့် ယှဉ်သော (လောဘမူစိတ် ၄, မောဟမူဒွေးခ်ိ ယှဉ်သော) မောဟကိုသာ အညာကုပေက္ခာ ဟု ဆိုရသည်၊ [တေန(အညာဏမေ၀ အညာကုပေက္ခာ ဟူသော ဤစကားဖြင့်,အညာဏေန သမ္ပယုတ္တာ ဥပေက္ခာ၀ေဒနာတိ အတ္ထံ နိ၀တ္တေတိ-မောဟနှင့်ယှဉ်သော ဥပေက္ခာ၀ေဒနာသည် အညာကုပေက္ခာမည်၏ဟူသော အနက်ကို တားမြစ်သည်၊-မဓု။]

အနုဋီကာ။ ။အနုဋီကာ၌ကား "အညာဏ သမ္ပယုတ္တာပိ၀ါ ဥပေက္ခာ၀ေဒနာ အညာကုပေက္ခာ"ဟု မူလဋီကာမှ တနည်းပြု၍ မောဟနှင့် ယှဉ်သော ဥပေက္ခာ၀ေဒနာကိုပင် အညာကုပေက္ခာဟု ဆိုပြီးလျှင် သမ္မောဟ၀ိနောဒနီ ခုဒ္ဒတ၀တ္ထုဝိဘင်း ဆတ္တနိဒ္ဒေသ၀ဏ္ဏနာကို သာဓကပြုလေသည်။[ဤ အညာကုပေက္ခာသည် အိမ်၌ နေသူလူတို့ ဝယ် ဖြစ်တတ်သောကြောင့် "ဂေဟသိတာယ"ဟု ဝိသေသနပြုသည်၊ "ဂေဟေ+သိတာ နိဿိတာ ဂေဟသိတာ"ဟု ပြု။]

ခြင်းသည်လည်းကောင်း၊ သာဓာရဏပွယောဇနံ-ဆက်ဆံသော အကျိုးတည်း၊ ဗျာပါဒါဒိ ပဋိဃာတော-ဗျာပါဒ အစရှိသည်ကို ပယ်ဖျောက်နိုင်ခြင်းသည်၊ အာဝေဏိကံ-မိမိနှင့် မကင်းမူ၍ ဖြစ်သောအကျိုးတည်း၊ ဝါ-အသီးအခြား ဖြစ်သော အကျိုးတည်း၊ ["နဝိနာ-အဝိနာ၊ အဝိနာ ပဝတ္တတီတိ အာဝေ-ဏိကံ"ဟု ပြု၊] ဟိ-ချဲ၊ တ္ထေ-ဤ မေတ္တာ အစရှိသည်တို့တွင်၊ မေတ္တာ-သည်၊ ဗျာပါဒပဋိဃာတပွယောဇနာ- ဗျာပါဒကို ပယ်ဖျောက်နိုင်ခြင်း ဟူသော အကျိုးရှိ၏၊ ဣတရာ-မေတ္တာမှတပါးသော ကရုဏာ မုဒိတာ ဥပေက္ခာတို့သည်၊ ဝိဟိံသာ ၊ပေ၊ ပယောဇနာ-ဝိဟိံသာကို ပယ်ဖျောက်နိုင်ခြင်း, အရတိကို ပယ်ဖျောက်နိုင်ခြင်း, ရာဂကို ပယ်ဖျောက်နိုင်ခြင်းဟူသော အကျိုးရှိကုန်၏။

စ-သာဓကကား၊ နိဿရဏံ ၊ပေ၊ ဥပေက္ခာစေတောဝိမုတ္တိတိ- ဟူသော၊ တေံ သုတ္တံ-ကို၊ (ဓမ္မသေနာပတိနာ) ပိ-သည်လည်း၊ ဝုတ္တံ-ပြီ၊ အာဝုသော-ငါ့ရှင်တို့၊ [ရှင်သာရိပုတ္တရာက ရဟန်းအများကိုခေါ်သော အာလုပ်။] ယဒိဒံ (ယာ+အယံ) မေတ္တာ စေတောဝိမုတ္တိ-အကြင် မေတ္တာစေတောဝိမုတ္တိသည်၊ အတ္ထိ၊ တေံ- ဤ မေတ္တာစေတောဝိမုတ္တိသည်၊ ဗျာပါဒဿ-၏၊ နိဿရဏံ-ထွက်မြောက်ကြောင်းတည်း၊ အာဝုသော, ယဒိဒံ (ယာ+အယံ) ကရုဏာ စေတောဝိမုတ္တိ-သည်၊ အတ္ထိ၊ တေံ-သည်၊ ဝိဟေသာယ-ညှဉ်းဆဲတတ်သော ဒေါသ၏၊ နိဿရဏံ-တည်း၊ အာဝုသော, ယဒိဒံ (ယာ+အယံ) မုဒိတာ စေတောဝိမုတ္တိ-သည်၊ အတ္ထိ၊ တေံ-သည်၊ အရတိယာ-မမ္မေ့မလျော်ခြင်း၏၊ [သူတပါးစည်းစိမ်၌ မပျော်မွေ့ခြင်း, ကုသိုလ်ကောင်းမှု၌ မပျော်မွေ့ခြင်း, ပန္တသေနာသန၌ မမ္မေလျော်ခြင်း၏၊] နိဿရဏံ-တည်း၊ အာဝုသော, ယဒိဒံ (ယာ+အယံ) ဥပေက္ခာစေတောဝိမုတ္တိ အတ္ထိ၊ တေံ-သည်၊ ရာဂဿ-၏၊ နိဿရဏံ-တည်း၊ (ဒီဃနိကာယ် ပါထိကဝဂ်, သင်္ဂီတိသုတ်။)

စ-ဆက်၊ တ္ထေ-ဤ ဗြဟ္မဝိဟာရတို့တွင်၊ ကေမေကဿ-တပါး တပါးသော ဗြဟ္မဝိဟာရ၏၊ အာသန္နဒူရဝသေန-အနီးအဝေး၏ အပြားအားဖြင့်၊ ဒွေ ဒွေ-၂ ပါး ၂ ပါးကုန်သော၊ ပစ္စတ္တိကာ-ရန်သူတို့သည်၊ ဟောန္တိ-ရှိကုန်၏၊ ဟ-

---

သာဓာရဏပွယောဇနံ။ ။ဤ ဗြဟ္မဝိဟာရ ၄ ပါးတွင် တပါးပါးကို အားထုတ်လျှင် အထက်၌ ဝိပဿနာချမ်းသာကိုလည်း ရနိုင်၏၊ သုဂတိဘဝဟူသော ဘဝသမ္ပတ္တိကိုလည်း ရနိုင်၏၊ [ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ "ဝိပဿနာသုခဉ္ဆေဝ ဘဝသမ္ပတ္တိစာတိ တ္ထေ ဒိဋ္ဌဓမ္မသုခဝိဟာရောစာတိ ဝတ္တဗ္ဗံ-သာဓာရဏအကျိုးကိုပြရာ၌ ဒိဋ္ဌဓမ္မသုခဝိဟာရ-ယခုဘဝ၌ပင် ချမ်းသာစွာ နေရခြင်း"ဟူသော အကျိုးကိုလည်း ပြဆိုထိုက်၏"ဟု ဆိုသည်။] ဤကား ၄ ပါးလုံးနှင့် ဆိုင်သော အကျိုးတည်း။ [သုခံ သုပတိ-စသော အကျိုးများလည်း သာဓာရဏအကျိုးပင်တည်း၊ သို့သော် ရှေ့၌ ပြပြီးဖြစ်သောကြောင့် ထပ်၍ မပြတော့ သတတ်။

ချဲ့၊ ပုရိသဿ-၏၊ သမီပစာရော-အနီး၌ လှည့်လည်သော၊ သပတ္တောဝိယ-ရန်သူကဲ့သို့၊ (တထာ-တူ၊) မေတ္တာဗြဟ္မဝိဟာရဿ-၏၊ ဂုဏဒဿနသဘာဂတာယ-မြတ်နိုးဖွယ်ဂုဏ်ကို ရှုခြင်းအားဖြင့် သဘောတူသည်၏ အဖြစ်ကြောင့်၊ ရာဂေါ-သည်- အာသန္နပစ္စတ္ထိကော-နီးသော ရန်သူတည်း၊ သော-ထို ရာဂတည်းဟူသောရန်သူသည်၊လဟုံ-လျင်စွာ၊ ဩတာရံ-ဝင်ခွင့်အပေါက်အကြားကို၊ လဘတိ-ရတတ်၏၊ တသ္မာ-ကြောင့်၊ တတော-ထို ရာဂတည်းဟူသော ရန်သူမှ၊ ဝါ-ရာဂ၏ အခွင့်ရခြင်းမှ၊ သုဋ္ဌု-ကောင်းစွာ၊ မေတ္တာ-မေတ္တာကို၊ ရက္ခိတဗ္ဗာ-စောင့်ရှောက်ထိုက်၏၊ ပုရိသဿ-၏၊ ပဗ္ဗတာဒိဂဟနနိဿိတော-တောင် အစရှိသော ရှုပ်ထွေးသောအရပ်ကို မှီသော၊ သပတ္တောဝိယ-ရန်သူကဲ့သို့၊ သဘာဝဝိသဘာဂတာယ-သဘောအားဖြင့် တူသော အဖို့မရှိသည်၏ အဖြစ်ကြောင့်၊ (သဘောမတူသည်၏ အဖြစ်ကြောင့်၊ ဗျာပါဒေါ-သည်၊ ဒူရပစ္စတ္ထိကော-ဝေးသောရန်သူတည်း၊ တသ္မာ-ကြောင့်၊ တတော-ထို ဗျာပါဒ

ဂုဏဒဿနသဘာဂတာယ။ ။မေတ္တာ သတ္တေသု ယထာရဟံ ဒါနပိယဝစနာဒိ သီလသုတာဒိဂုဏဂ္ဂဟဏဝသေန(ပေးကမ်းခြင်း ချစ်ဖွယ် ပြောဆိုခြင်းစသော ဂုဏ်, သီလ သုတ စသောဂုဏ်ကို အာရုံယူခြင်း၏ အစွမ်းဖြင့်) ပဝတ္တတိ၊ပေ၊ ရာဂေါပိ တတ္ထ (ထိုသတ္တဝါတို့၌) ယထာ တထာ (ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ) ဂုဏဂ္ဂဟဏမုခေနေဝ ဝတ္တတိ၊ (ဘာ့ကြောင့်နည်း)၊ မနာပသညာပဋိလာဘတော(မြတ်နိုးဖွယ်=ချစ်စရာဟူသော အမှတ်သညာကို ရခြင်းကြောင့်တည်း၊) ဣတိ အာဟ-ဂုဏဒဿနသဘာဂတာယာတိ၊-မဟာဋီကာ။

အာသန္နပစ္စတ္ထိကော။ ။တသ္မာ မိတ္တမုခသပတ္တောဝိယ (မိတ်ဆွေ၏ နှုတ်ကဲ့သို့ အပြောချိုသော ရန်သူကဲ့သို့) တုလျာကာရေန ဒူသနတော (မိတ်ဆွေနှင့် တူသော အခြင်းအရာ အားဖြင့် ဖျက်ဆီးတတ်သည်၏ အဖြစ်ကြောင့်) ရာဂေါ မေတ္တာယ အာသန္နပစ္စတ္ထိကော။-မဟာဋီကာ။

သော၊ပေ၊လဘတိ။ ။သော လဟုံ ဩတာရံ လဘတိ၊ (ဘာ့ကြောင့်နည်း) သတိသမ္မောသမတ္တေနာပိ (သတိမရှိပဲ အမှတ်တမဲ့ နေရုံမျှဖြင့်လည်း) မေတ္တံ အပနိယ (မေတ္တာအစစ်ကို ဖယ်၍) တဿာ ဝတ္ထုသ္မိံ (ထို မေတ္တာ၏ တည်ရာ သတ္တဝါဟူသော ဝတ္ထု၌) ဥပ္ပဇ္ဇနာရဟတ္တာ (ဖြစ်ထိုက်သောကြောင့်တည်း)-မဟာဋီကာ။ [ဩတာရံ နေရာ၌ "ဩကာသံ"ဟုလည်း ရှိသတတ်။]

သဘာဝဝိသဘာဂတာယ။ ။မေတ္တာ၏ သဘောနှင့် ဗျာပါဒ ဒေါသ)၏ သဘောသည် ဝိသဘာဂဖြစ်၏၊ [န+သဘာဂေါ၊ ဝိသဘာဂေါ၊ သဘာဂေါ-တူသော အဖို့ရှိသည်+န-မဟုတ်၊ ဝိသဘာဂေါ-ဟုတ်၊ သဘာဝေန+ဝိသဘာဂေါ သဘာဝဝိသဘာဂေါ။] မေတ္တာသည် သတ္တဝါတို့၌ မြတ်နိုးဖွယ် (ချစ်စရာ) အခြင်းအရာကို ယူလေ့ရှိ၏၊ ဗျာပါဒကား ထိုသတ္တဝါတို့၌ မမြတ်နိုးဖွယ် (မုန်းစရာ)ကို ယူလေ့ရှိ၏၊ ထို့ကြောင့် ဗျာပါဒသည် ဝိသဘာဂ(သဘောမတူသော) ရန်သူနှင့်တူ၏။ ["သဘာဂဝိသဘာဂတာယ" ဟု တချို့စာ၌ရှိ၏၊ မကောင်းပါ။]

တည်းဟူသော ရန်သူမှု၊ နိဗ္ဗယေန-ကြောက်ရွံ့မှုမရှိသဖြင့်၊ မေတ္တာယိတဗ္ဗံ-မေတ္တာကို ဖြစ်စေထိုက်၏၊ မေတ္တာယိဿတိစနာမ-မေတ္တာကိုလည်း ဖြစ်စေလတ္တံ့၊ ကောပဥ္ဇ-ဒေါသကိုလည်း၊ ကရိဿတိ-ပြုလတ္တံ့၊ ဣတိ ဧတံ-ဤအကြောင်းသည်၊ အဌာနံ-သင့်လျော်သောအကြောင်းမဟုတ်။ [ရှေးနိဿယ၌ "အဌာနံ"ကို အယုတ္တသမာသ်ဟု ယူ၍ "ဣတိ-သို့၊ ဧတံဌာနံ-ထိုအကြောင်းသည်၊ နတ္ထိ-မရှိ" ဟု ပေးလေသည်။]

ကရုဏာ ဗြဟ္မဝိဟာရဿ-၏၊ (အာသန္နပစ္စတ္ထိကံ, ဒူရပစ္စတ္ထိကာ တို့၌စပ်၊) စက္ခုဝိညေယျာနံ-စက္ခုဝိညာဉ်သည် သိထိုက်ကုန်သော၊ ဣဌာနံ-အလိုရှိထိုက်ကုန်သော၊ ကန္တာနံ-နှစ်သက်ထိုက်ကုန်သော၊ မနာပါနံ-စိတ်ကို ပွားစေတတ်ကုန်သော၊ မနောရမာနံ-စိတ်၏ မွေ့လျော်ရာဖြစ်ကုန်သော၊ လောကာမိသ ပဋိသံယုတ္တာနံ-လောကအာမိသနှင့် စပ်ယှဉ်ကုန်သော၊ ရူပါနံ-ရူပါရုံတို့ကို၊ အပွဋိလာဘံ-မရခြင်းကို၊ အပွဋိလာဘတော-မရခြင်းအားဖြင့်၊ သမနုပဿတောဝါ-အဖန်ဖန်ရှုသောပုဂ္ဂိုလ်၏သန္တာန်၌သော်လည်းကောင်း၊ ပုဗ္ဗေ-ရှေး၌၊ ပဋိလဒ္ဓပုဗ္ဗံ-ရအပ်ဘူးသော၊ အတီတံ-လွန်လေပြီးသော၊ နိရုဒ္ဓံ-ချုပ်လေပြီးသော၊ ဝိပရိဏတံ-ဖောက်ပြန်လေပြီးသော၊ (ရူပံ-ရူပါရုံကို၊) သမနုဿရတောဝါ-အဖန်ဖန် အောက်မေ့သော ပုဂ္ဂိုလ်၏သန္တာန်၌သော်လည်းကောင်း၊ (အဖန်ဖန်တွေး၍ ပူဆွေးနေသော ပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း၊) ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ဧဝရူပံ-သော၊ ယံ ဒေါမနဿံ-သည်၊ (အတ္ထိ)၊ ဣဒံ-ဤ ဒေါမနဿကို၊ ဂေဟဿိတံ-ကာမဂုဏ်တည်းဟူသော အိမ်၌မှီသော၊ ဒေါမနဿံ-ဟူ၍၊ ဝုစ္စတိ-

---

ဒူရပစ္စတ္ထိကော။ ။တသ္မာ သော ဩတာရံ လဘမာနော စိရေနေဝ လဘေယျ (ထိုဗျာပါဒသည် နှိပ်စက်ခွင့် အကြားကို ရမည်ဆိုလျှင် အတော်ကြာလှမှသာ ရနိုင်စရာရှိ၏၊) ဣတိ ပုရိသဿ ဒူရေ ဌိတသပတ္တောဝိယ မေတ္တာယ ဒူရပစ္စတ္ထိကော။

နိဗ္ဗယေန။ ။နိမ္ဗယေနာတိ အနုဿက်နပရိသက်နေန (ဥဿက်နပရိသက်နမရှိသဖြင့်၊ ဝါ-အထက်အထက်၌ ရွံ့ရှားမှု ထက်ဝန်းကျင် ရွံ့ရှားမှု မရှိသဖြင့်၊ မေတ္တာယိတဗ္ဗံ၌စပ်) ဘာ့ကြောင့်နည်း....လဒ္ဓပုတိဌာယ မေတ္တာယ ဗျာပါဒေန ဒုပ္ပဓံသိယတ္တာ (ဗျာပါဒသည် အဝေးရန်သူဖြစ်ရကား ထောက်တည်ရာရပြီးသောမေတ္တာကို ဗျာပါဒက မဖျက်နိုင်သောကြောင့်တည်း၊) ထို့ကြောင့် အဝေးရန်သူဖြစ်သော ဗျာပါဒမှ ကြောက်ရွံ့မနေပဲ မေတ္တာကိုသာ ရဲရဲပွားများပါ၊ "မေတ္တာကိုလဲ ပွားနေ, ဗျာပါဒကိုလဲပြုနေ" ဟု ထို ၂-ထွေသည် တွဲ၍ ဖြစ်နိုင်ဖို့ အကြောင်းမရှိပါ-ဟူလို။

ဂေဟဿိတံ။ ။ဂေဟဿိတန္တိ ကာမဂုဏနိဿိတံ၊-မဟာဋီကာ၊ အိမ်သည် ကာမဂုဏ်တို့၏ တည်ရာဖြစ်၏၊ ထို့ကြောင့် ဂေဟဖြင့် ထိုဌ်တည်သော ကာမဂုဏ်ကို ယူ၍ ဌာနျူပစာရအားဖြင့် "ဂေဟ" ဟု ဆိုထားသည်၊ ကာမဂုဏ်၌ မှီသည်ကို "ဂေဟဿိတ" အရ ယူပါ၊ ဆိုလိုရင်းကား "ဣဌ ကန္တစသော အာရုံကို မရခြင်းကို အဖန်ဖန်ရှုသောကြောင့်ဖြစ်စေ, ရအပ်ပြီးသောအာရုံ၏ ပျက်စီးခြင်းကို အဖန်ဖန် တွေးသော

၏၊ ဣတိအာဒိနာ-သော၊ [သောတဝိညေယျာနံ သဒ္ဒါနံစသည်ကို အာဒိဖြင့် ယူပါ။]နယေန-ဖြင့်၊ အာဂကံ-သော၊[ဥပရိပံ-ဝိဘင်္ဂဝဏ္ဏနာယတန ဝိဘင်္ဂ သုတ်၌လာသော၊]ဂေဟာသိတံ-သော၊ ဒေါမနဿံ-သည်၊ဝိပတ္တိဒဿနသဘာဂတာယ-ပျက်စီးခြင်းကို ရှုခြင်းအား ဖြင့် သဘောတူသည်၏ အဖြစ်ကြောင့်၊ အာသန္နပစ္စတ္ထိကံ-တည်း၊[''တံ လဟုံ သြကာရံ လဘတိ၊ တသ္မာ တတော သုဋ္ဌု တရုဏာ ရက္ခိတဗ္ဗာ''ဟု မေတ္တာအတိုင်း ထည့်ပါ၊]သဘာဝဝိသဘာဂတာယ-သဘောအား ဖြင့် တူသောအဖို့ မရှိသည်၏အဖြစ်ကြောင့်၊ ဝိဟေသာ-ညှဉ်းဆဲတတ်သော ဒေါသသည်၊ ဒုရုပစ္စတ္ထိကာ-တည်း၊ တသ္မာ-ကြောင့်၊ တတော-ထိုဝိဟေသာမှ၊ နိဗ္ဗာယေန-ဖြင့်၊ ကရုဏာယ်တဗ္ဗံ-ကရုဏာကို ဖြစ်စေထိုက်၏၊ ကရုဏဥ္စနာမ-ကရုဏာ မည်သည်ကိုလည်း၊ ကရိဿတိ-ပြုလတ္တံ့၊ ပါဏိအာဒီဟိစ-လက် အစရှိသည်တို့ဖြင့်လည်း၊ ဝိဟေသိဿတိ-ညှဉ်းဆဲလတ္တံ့၊ ဣတိ ဧတံ-သည်၊ အဋ္ဌာနံ-မဟုတ်။

မုဒိတာ ဗြဟ္မဝိဟာရဿ-၏၊ စက္ခုဝိညေယျာနံ၊ပေ၊သမနုပဿဲတောဝါ၊ ၌ သော်လည်းကောင်း၊ ပုဗ္ဗေ-၌၊ပေ၊သမနုဿရတောဝါ-၌သော်လည်းကောင်း၊ သောမနဿံ-သည်၊ ဥပပဇ္ဇတိ၊ ဝေရှပံ-သော၊ ယံ သောမနဿံ-သည်၊ အတ္ထိ၊ ဣဒံ-ဤသောမနဿ ကို၊ ဂေဟာသိတံ-သော၊ သောမနဿံ-ဟူ၍၊ ဝုစ္စတိ၊ ဣတိ

ကြောင့်ဖြစ်စေ ဖြစ်သော ဒေါမနဿ (သောက)သည် ကာမဂုဏ်ကို မှီ၍ဖြစ်သည်'' ဟူလို။ [ရှေးနိဿယ၌ ''ကာမဂုဏ်သည် တဏှာ၏ ကိန်းဝပ်ရာဖြစ်ရကား ဂေဟမည်၏''ဟု အဓိပ္ပာယ်ဆိုလေသည်။]

ဝိပတ္တိ၊ပေ၊အာသန္နပစ္စတ္ထိကံ။ ။အကြင် သတ္တဝါတို့၌ စည်းစိမ် ဆွေမျိုး စသည်တို့၏ပျက်စီးမှုကို မြင်ရမှုကိုအကြောင်းပြု၍ ကရုဏာဖြစ်၏၊ ထိုသတ္တဝါတို့၌ပင် ထိုသို့မြင်ရသောအခါ မသင့်မတင့် နှလုံးသွင်းမိလျှင် ဒေါမနဿဟူသော သောကဖြစ်၏၊ဤသို့ပျက်စီးမှုကို အမြင်ချင်း တူနေရကား ဒေါမနဿ (သောက)သည် ကရုဏာဖြစ်မည့် နေရာဝယ် အလွယ်တကူဝင်၍ဖြစ်နိုင်သောကြောင့် ကရုဏာ၏ နီးသော ရန်သူဖြစ်သည်-ဟု ဆိုသည်။

သဘာဝ၊ပေ၊ဒုရုပစ္စတ္ထိကာ။ ။သတ္တဝါတို့၌ဖြစ်သော ဒုက္ခကို ပယ်ရှားလိုသော အခြင်းအရာအား ဖြင့် ဖြစ်သော ကရုဏာ၏သဘောနှင့် ထိုသတ္တဝါတို့၌ ဒုက္ခကို ဆောင်ယူလိုသော(ဒုက္ခဖြစ်စေအောင် ညှဉ်းဆဲလိုသော)ဝိဟိံသာ၏သဘောသည် ဆန့်ကျင်ဘက်ဖြစ်၏၊ ထို့ကြောင့် ဝိဟိံသာသည် ကရုဏာဖြစ်နေသူ၏ သန္တာန်၌ ဝင်ခွင့်ရစေကာမူ အလွန်ကြာမှသာ ဝင်နိုင်စရာရှိရကား ကရုဏာ၏ ဝေးသောရန်သူနှင့်တူ၏။ [ထို့ကြောင့် ''ကရုဏာပွားနေခိုက်၌ ဝိဟိံသာ ပေါ်လာလေမည်လား''ဟုမစိုးမရွံ့ပဲ ကရုဏာကို ရဲရဲဝံ့ဝံ့ ပွားများပါ,''ကရုဏာကိုလည်းပြု, ဝိဟိံသာကိုလည်းပြု'' ဟူ၍၊ ၂ ခုကကော့ အတူတွဲ၍ မဖြစ်နိုင်ပါ-ဟူလို။]

အာဒိနာနယေန, အာဂတံ-သေဝ၊ [ဥပရိပံ-ဝိဘင်္ဂဝဏ္ဏဳသင္ဆာယတနဝိဘင်္ဂသုတ်ဒ္ဒ်လာသေဝ၊] ဂေဟာသိတံ-သေဝ၊ သောမနဿံ-သည်၊ သမ္ပတ္တိဒဿနသဘာဂတာယ-သမ္ပတ္တိကို ရှုခြင်းအားဖြင့် သဘောတူသည်၏အဖြစ်ကြောင့်၊ အာသန္နပစ္စတ္ထိကံ-တည်း၊ [“တံ လဟုံ ဩတာရံ လဘတိ၊တသ္မာ တတော သုဒ္ဓ၊ မုဒိတာရက္ခိတမ္ဘာ”ဟု ထည်ပါ။] သဘာဝ ဝိသဘာဂတာယ-ကြောင့်၊အရတိ-သမ္ပတ္တိဒ္ဒ်မမွေ့မလျော်ခြင်းသည်၊ ဒုရုပစ္စတ္ထိကာ-တည်း၊တသ္မာ၊ကြောင့်၊ တတော-ထိုအရတိမှ၊ နိဗ္ဗယေန-ဖြင့်၊ မုဒိတာ-ကို၊ ဘာဝေတမ္ဘာ၊ ပမုဒိတော၀နာမ၊ ဝမ်းမြောက်သူမည်သည်လည်း၊ ဘဝိဿတိ-ဖြစ်လတ္တံ့၊ ပန္တသေနာသနေသုစ-အစ္ဆန်အဖျား ကျောင်းတို်ဒ္ဒ်လည်းကောင်း၊ (ပရိယန္တကို ပန္တဟု ချုံးထားသည်၊) ဇဓိကုသလဓမ္မေသု စ-လွန်ကဲသော သမထဝိပဿနာ ကုသိုလ်တရားတို်ဒ္ဒ်လည်းကောင်း၊ ဥက္ကဏ္ဌိသတိ-ပျင်းရိလတ္တံ့၊ ဇ္ဈာတိတေ-သည်၊ အဒ္ဒါနံ-ဟုတ်။ [အဓိကုသလဓမ္မေသူတိ သမထ ဝိပဿနာ ဓမ္မေသု၊-မဟာဋ္ဌကာ။]

သမ္ပတ္တိ၊ပေ၊အာသန္နပစ္စတ္ထိကံ။ ။အကြင်သတ္တဝါတို်ဒ္ဒ် စည်းစိမ်ဆွေမျိုး စသည်တို့၏ ပြည့်စုံခြင်းကို မြင်ရမှုကိုအကြောင်းပြု၍ မုဒိတာဖြစ်၏၊ထိုသတ္တဝါတို်ဒ္ဒ် ထိုသို့ မြင်ရသောအခါ မသင့်မတင့် နှလုံးသွင်းမိလျှင် သောမနဿဟူသော ပဟာသ (ရွှင်လန်း)မှုဖြစ်၏၊ ဤသို့ သမ္ပတ္တိဒဿနချင်း သဘောတူနေရကား၊ သောမနဿ (ပဟာသ)သည် မုဒိတာ ဖြစ်မည့်နေရာဝယ် အလွယ်တကူဝင်၍ ဖြစ်နိုင်သော မုဒိတာ၏ နီးသောရန်သူဖြစ်သည်-ဟု ဆိုသည်။

သဘာဝ၊ပေ၊ဒုရုပစ္စတ္ထိကာ။ ။သမ္ပတ္တိတို့ဖြင့် ပြည့်ဝနေသော သတ္တဝါတို့အပေါ်၌ ဝမ်းမြောက်သော အခြင်းအရာအားဖြင့်ဖြစ်သော မုဒိတာ၏သဘောနှင့် ထိုသမ္ပတ္တိတို့ဒ္ဒ်မမွေ့မလျော်နိုင်သော အခြင်းအရာအားဖြင့်ဖြစ်သော အရတိ၏ သဘောသည် ဆန့်ကျင်ဘက်ဖြစ်၏၊ ထို့ကြောင့် အရတိ (သူ၏ပြည့်စုံခြင်းဒ္ဒ် မမွေ့လျော်ခြင်း မနှစ်သက်ခြင်း)သည် မုဒိတာ၏ ဝေးသောရန်သူ ဖြစ်၏။[ထို့ကြောင့်ထို အရတိရန်သူမှ မစိုးရိမ်ပဲ ရဲရဲပင် မုဒိတာကို ပွားများပါ၊ မုဒိတာနှင့် အရတိတို့ ၂ ပါးတွဲ၍ ဖြစ်ဖို့ရန် အကြောင်းမရှိမ၀ါ-ဟူလို။]

ပန္တ၊ပေ၊ဥက္ကဏ္ဌိသတိ။ ။ရှေ့ဒ္ဒ် “အရတိ”အရ သူ၏စည်းစိမ်ကို အာရုံပြု၍ မမွေ့လျော်ခြင်းကို ယူခဲ့၏၊ ဤဒ္ဒ် ပန္တသေနာသန အဓိကုသလတို့ဝယ် ပျင်းရိခြင်း(မမွေ့လျော်ခြင်း)ကို ဆိုပြန်ရာ “ရှေ့နောက် မဆန့်ကျင်ပါလော”ဟု မေးဖွယ်ရှိ၏၊ အဖြေကား-“မုဒိတာသည် ပြီးစီးထမြောက် အောင်မြင်နေလျှင် ထို ပန္တသေနာသန အဓိကုသလတို့ဒ္ဒ်အရတိဖြစ်မှုမရှိတော့”ဟုမုဒိတာ၏ရထိုက်သောအကျိုးကို ပြခြင်းအားဖြင့် ဆိုအပ်သော စကားဖြစ်၏၊ အရတိကိုနှိပ်ဖို့ရန် ပြသောစကားမဟုတ်၊ ထို့ကြောင့် ရှေ့နောက် မဆန့်ကျင်ပါ။[ပမုဒိတောစာတိဒျာဒိ မုဒိတာယ သိဒ္ဓိယာ အယမ္ပိ အရတိ နဟောတိဟိ လဒ္ဓဗ္ဗ ဂုဏဒဿနဝသေန ဝုတ္တံ,နက္ကမ အဓိပ္ပေတအရတိ နိဂ္ဂဟဒဿနဝသေန-မဟာဋ္ဌကာ။] မဟာဋ္ဌကာဒ္ဒ် အခြားတနည်းလည်း ပြသေး၏၊ ပန္တသေနာသနဖြင့် ကာယဝိဝေကကို ပြ၏၊ အဓိကုသလဓမ္မဖြင့် စိတ္တဝိဝေကကို ပြသည်။

ပန-ကား၊ ဥပေက္ခာ ဗြဟ္မဝိဟာရဿ-၏၊ စက္ခုနာ-စက္ခုပသာဒဖြင့်၊ ရူပံ-ကို၊ ဒိသ္ဝာ-၍၊ ဗာလဿ - မလိမ္မာသော၊ မူဠ္ဌဿ-တွေဝေသော၊ ပုထုဇ္ဇနဿ - ပုထုဇဉ်၏သန္တာန်၌၊ [ထိုကိုထပ်၍ "အနောဓိဇိနဿ" စသည်ဖြင့် ဖွင့်သည်၊] အနောဓိဇိနဿ - ကိလေသာ အပိုင်းအခြားတို့ကို မဂ် အပိုင်းအခြားတို့ဖြင့် အောင်နိုင်ပြီး မဟုတ်သော၊ အဝိပါကဇိနဿ- ၇-ဘဝစသည်မှအထက်အကျိုး ဝိပါက်ကို အောင်နိုင်ပြီး မဟုတ်သော၊ အနာဒီနဝ ဒဿာဝိနော - အပြစ်ကို ရှုလေ့ မရှိသော၊ အဿုတဝတော - ကြားနာအပ်ပြီးသော အာဂမ အဓိဂမ မရှိသော၊ ပုထုဇ္ဇနဿ - ပုထုဇဉ်ပုဂ္ဂိုလ်၏ သန္တာန်၌၊ ဥပေက္ခာ-သည်၊ ဥပ္ပဇ္ဇတိ၊ ဝေရူပါ ယာ ဥပေက္ခာ အတ္ထိ၊ သာ-ထိုဥပေက္ခာသည်၊ ရူပံ - ရူပါရုံကို၊ နာတိ ဝတ္တတိ - မလွန်မြောက်နိုင်၊ [ရူပါရမဏေ ကိလေသေ နာတိဝတ္တတိ၊-မဟာ ဌီကာ။]တသ္မာ,သာ ဥပေက္ခာ-ကို၊ ဂေဟဿိတာတိ-ကာမဂုဏ်ဟူသော အိမ်၌ မှီသောဥပေက္ခာဟူ၍၊ဝုစ္စတိ၊ဣတိအာဒိနာ နယေန,အာဂတာ-သော၊[ဥပရိပံ-ဝိဘင်ဝဂ်, သဋ္ဌာယတန ဝိဘင်္ဂသုတ်၌လာသော၊] ဂေဟဿိတာ - သော၊ အ

ဗာလဿ မူဠ္ဌဿ။ ။ဗာလကရ ဓမ္မသမာယောဂတော (ဗာလအဖြစ်ကို ပြုတတ်သော အကုသိုလ်တရားနှင့် ယှဉ်ခြင်းကြောင့်) ဗာလဿ၊ အတ္ထဟိတ ပရဟိတ ဗျာမူဠ္ဌတာယ (မိမိစီးပွား သူဘပါးတို့၏ စီးပွား၌ တွေဝေသည်၏အဖြစ်ကြောင့်) မူဠ္ဌဿ။ [ဤ၌ "ပုထုဇ္ဇနဿ" ဟု ပါပြီးဖြစ်လျက် နောက်၌"အဿုတဝတော ပုထုဇ္ဇနဿ"ဟု ပါပြန်၏၊ ရှေ့စကားကို ထပ်ဖွင့်သောကြောင့် ဤသို့ ၂ ထပ်ပါရသည်ဟု ကြံပါ၊ ရှေးနိဿယ၌ကား ဤသို့သော ပုထုဇ္ဇဉ်သည် အန္ဓပုထုဇဉ်ဖြစ်၏ဟု ပြလို၍ ၂ ထပ်ပါသည် ဟုလည်းကောင်း, တနည်း - ရှေ့ပုထုဇ္ဇနဿသည် ဝိသေသန ဂုဏ်ပဓာန, နောက် ပုထုဇ္ဇနဿသည် ဒဗ္ဗပဓာန ဟုလည်းကောင်း ခွဲလေသည်။]

အမနာဓိဇိနဿ။ ။အဇိနိ-အောင်ပြီ၊ ဣတိဇိနော၊ ဩဓယော - ကိလေသာ အပိုင်းအခြားတို့ကို၊ ဇိနော-အောင်ပြီးသူတည်း၊ ဩဓိဇိနော-သူ၊ (တနည်း) ဩဓိဟိ-မဂ်အပိုင်းအခြားတို့ဖြင့်၊ ဇိနော ဩဓိဇိနော၊ [သောတာပတ္တိမဂ် တည်းဟူသော မဂ် အပိုင်းအခြားဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာဟူသော ကိလေသာ အပိုင်းအခြားကို အောင်ပြီးသူ၊ ဤသို့ စသည်ဖြင့် အထက်မဂ်တို့ဖြင့် အထက် ကိလေသာတို့ကို အောင်ပြီး ဖြစ်နိုင်ပုံကို လည်းသိပါ၊ထိုကဲ့သို့ အောင်ပြီးမဟုတ်သောပုထုဇဉ်ကို"အနောဓိဇိန"ဟု ခေါ်သည်၊] န+ဩဓိဇိနော အနောဓိဇိနော၊ဤသို့ပြုလျှင် ယုတ္တသမာသ်ဖြစ်၏၊"ဩဓယော(ဩဓိဟိ ဝါ)န+ဇိနော အနောဓိဇိနော"ဟု ပြုလျှင် အယုတ္တသမာသ် ဖြစ်သည်။

အဝိပါကဇိနဿ။ ။ဝိပါကဟူသည် သောတာပန် မဖြစ်လျှင် ၇ ဘဝစသည်မှ အထက် (နောက်)၌ ပေးအပ်လတ္တံ့သော အကျိုးတည်း၊ ထိုအကျိုးကို မပေးစေသော အားဖြင့် မအောင်နိုင်သော ပုထုဇဉ်ကို "အဝိပါကဇိန"ဟု ဆိုသည်။ ["ပုထုဇဉ်သာ ဖြစ်သေးရကား ၇ ဘဝစသည်မှ အထက်၌ ဖြစ်လတ္တံ့သော အကျိုးဝိပါက်ကို မအောင် ရသေးသူ"ဟူသို၊ ဤအဝိပါကဇိနဿပုဒ်လည်း အယုတ္တသမာသ်ပင်တည်း။ [ဤပါဌ် ဖြင့် အသေက္ခ မဟုတ်သေးကြောင်းကို ပြ၏။]

ညာဏုပေက္ခာ - သည်၊ ဒေါသဂုဏ်ကာနံ - အပြစ်ဂုဏ်တို့ကို၊ အဝိစာရဏဝသေန - မစူးစမ်း မဆင်ခြင်ခြင်း၏အစွမ်းဖြင့်၊ သဘာဝတ္တာ - ကြောင့်၊ အာသန္နပစ္စတ္ထိကာ - တည်း၊ (သာလဟုံ ဩတာရံ လဘတိ၊ တသ္မာ တတော သုဋ္ဌု ဥပေက္ခာ ရက္ခိတဗ္ဗာ၊) သဘာဝဝိသဘာဂတာယ-ကြောင့်၊ ရာဂပဋိဃာ-ရာဂဒေါသတို့သည်၊ ဒူရပစ္စတ္ထိကာ-တို့တည်း၊ တသ္မာ, တတော-ထိုရာဂဒေါသတို့မှ၊ နိဗ္ဗယေန, ဥပေက္ခိတဗ္ဗံ - လျစ်လျူရှုရာ၏၊ ဥပေက္ခိဿတိစ နာမ - လျစ်လျူလည်းရှုလတ္တံ့၊ ရဇိဿတိစ-ရာဂဖြင့်လည်း တပ်မက်လတ္တံ့၊ ပဋိဟညိဿတိစ-ဒေါသဖြင့်လည်း ထိပါးချုပ်ချယ်လတ္တံ့၊ ဣတိ ဧတံ အဌာနံ။

[ပစ္စတ္ထိကကို ပြပြီး၍ အာဒိမဇ္ဈပရိယောသာနစသည်ကိုပြလိုသောကြောင့် "သဗ္ဗေသဉ္ဇ"စသည်မိန့်၊] စ-ဆက်၊ သဗ္ဗေသံပိ-ကုန်သော၊ ဧတေသံ - ဤဗြဟ္မဝိဟာရတို့၏၊ ကတ္တုကာမတာ ဆန္ဒော-ပြုခြင်းငှာ အလိုရှိသူ၏ အဖြစ် ဟူသော ဆန္ဒသည်၊ [မေတ္တာပွားလို, ကရုဏာပွားလို, မုဒိတာပွားလို, ဥပေက္ခာပွားလိုသော ဆန္ဒသည်၊] အာဒိ-အစတည်း၊ နီဝရဏာဒိဝိက္ခမ္ဘနံ - နီဝရဏ အစရှိသည်ကို ပယ်ခွာခြင်းသည်၊ မဇ္ဈံ-အလယ်တည်း၊ အပွနာ-အပွနာသည်၊ ပရိယောသာနံ - အဆုံးတည်း၊ ပညတ္တိဓမ္မဝသေန - ပညတ်တရား၏ အဖြစ်ဖြင့်၊ ဧကော-တယောက်သော၊ သတ္တောဝါ - သတ္တဝါသည်သော်လည်းကောင်း၊

အညာဏု၊ ပေ၊ ပစ္စတ္ထိကာ။ ။အညာဏုပေက္ခာ၏ အရကို ရှေ့၌ပြခဲ့ပြီ၊ ဗြဟ္မဝိဟာရဥပေက္ခာသည် (သတ္တဝါတို့ အပေါ်၌ စီးပွားကို ဆောင်လိုခြင်း မေတ္တာသဘောလည်းမပါ, ဒုက္ခကိုပယ်ရှားလိုခြင်းကရုဏာသဘောလည်း မပါ, သမ္မတ္တိဖြင့်ဝမ်းမြောက်ခြင်း မုဒိတာ သဘောလည်း မပါပဲ)သတ္တဝါတို့ အပေါ်၌ဂုဏ်ကိုလည်းကောင်း အပြစ်ကိုလည်းကောင်း မစိစစ်တော့ပဲ သက်သက် လျစ်လျူရှုသောအားဖြင့် ဖြစ်၏၊ အညာဏုပေက္ခာလည်း ဤအတူပင် ဖြစ်၏၊ ဤသို့ ဂုဏ်အပြစ်ကို မစိစစ်ခြင်းအားဖြင့် သဘောတူသောကြောင့် အညာဏုပေက္ခာသည် ဗြဟ္မဝိဟာရဥပေက္ခာ၏ နီးသော ရန်သူဖြစ်၏၊

သဘာဝ၊ ပေ၊ ဒူရပစ္စတ္ထိကာ။ ။ဤဌာရုံ အနိဌာရုံတို့၌ လျစ်လျူရှုခြင်းဟူသော အခြင်းအရာအားဖြင့်ဖြစ်သော ဥပေက္ခာ၏သဘောနှင့် ထိုဤဌ အနိဌအာရုံတို့၌ ချစ်ခြင်းမုန်းခြင်းဟူသော အခြင်းအရာအားဖြင့်ဖြစ်သော ရာဂ ပဋိဃတို့၏သဘောသည် ဆန့်ကျင်ဘက် ဖြစ်၏၊ ထို့ကြောင့် ထိုရာဂနှင့် ထိုပဋိဃတို့သည် ဗြဟ္မဝိဟာရ ဥပေက္ခာ၏ ဝေးသော ရန်သူများ ဖြစ်ကြသည်။ [ထို့ကြောင့် ထိုရန်သူတို့မှ မစိုးမရွံ့ပဲ ဥပေက္ခာကို ရဲရဲပွားများပါ-ဟူလို။]

ပညတ္တိဓမ္မဝသေန။ ။"သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"စသောပုဂ္ဂလာဓိဌာန်ဒေသနာတော်၌ "သတ္တာ"ဟု ဆိုသော်လည်း အနက်အရကောက်အားဖြင့် သတ္တဝါဟု ခေါ်အပ်သော ရုပ်နာမ်သခ်ါရကို အရကောက်ရသကဲ့သို့ ဤ၌ ထိုသို့ အရမကောက်ရ, "သတ္တဝါပညတ်ကိုသာ အရကောက်ရသည်"ဟု သိစေလိုရှိ"ပညတ္တိ ဓမ္မဝသေန" ဟု ဝိသေသနပြုရသည်။

အနေကာ-များစွာကုန်သော၊ သတ္တာဝါ-တို့သည်သော်လည်းကောင်း၊ အာရမဏံ-အာရုံတည်း၊ဥပစာရေ-ဥပစာရစျာန်သည်၊(ပတ္တေဝါ-ရောက်သော်လည်းကောင်း - အပွနာယ - အပွနာစျာန်သည်၊ ပတ္တာယဝါ - ရောက်သော်လည်းကောင်း၊ အာရမဏဝစုနံ-အာရုံကို တိုးပွားစေခြင်းသည်၊ ဝါ-အာရုံကိုချဲခြင်းသည်၊ (ဟောတိ-နိုင်၏။)

တတြ-ထိုသို့ တိုးချဲရာ၌၊ အယံ-ဤဆိုအပ်လတ္တံ့ကား၊ဝုစုနက္ကမော-တိုးချဲပုံအစဉ်တည်း၊ ဟိ-ချဲ၊(တနည်း)ဥပမာဆောင် ထင်အောင်ပြအံ့၊ ကုသလော-ကျွမ်းကျင်သော၊ ကဿကော-လယ်သွားသည်၊ ကသိတဗ္ဗဋ္ဌာနံ - ထွန်ထိုက်သော အရပ်ကို၊ ပရိစ္ဆိန္ဒိတ္ဝာ-ပိုင်းခြား၍၊ ကသတိယထာ-ထွန်သကဲ့သို့၊ ဝေံ-တူ၊ ပဌမမေဝ-ရှေးဦးစွာသာလျှင်၊ ဧကံ-တခုသော၊ အာဝါသံ-နေရာကို၊ပရိစ္ဆိန္ဒိတ္ဝာ-၍၊["ဤအာဝါသရှိသတ္တဝါတို့ကို မေတ္တာဖြင့်ဖြန့်မည်"ဟုအာဝါသကိုပိုင်းခြား၍၊] တတ္ထ-ထိုနေရာ၌၊ သတ္တေသု-သတ္တဝါတို့အပေါ်၌၊ (ဘာဝေတဗ္ဗာ၌စပ်၊) ဣမသို့ အာဝါသေ-ဤနေရာ၌၊ သတ္တာ-တို့သည်၊ အဝေရာ-ကုန်သည်- ဟောန္တု-နှ်သတည်း၊ ဣတိ အာဒိနာ နယေန,မေတ္တာ-ကို၊ ဘာဝေတဗ္ဗာ-ဖြစ်စေထိုက်၏၊ ဝါ-တိုးပွားစေထိုက်၏၊ တတ္ထ-ထိုနေရာဝယ် သတ္တဝါတို့အပေါ်၌၊ စိတ္တံ-ကို၊ မုဒုံ-နူးညံ့သည်ကို၊ ကမ္မနိယံ-မေတ္တာ အမှု၌ ခံ့သည်ကို၊ ကတ္ဝာ-၍၊ ဒေ-ကုန်သော၊ အာဝါသာ-တို့ကို၊ ပရိစ္ဆိန္ဒိတဗ္ဗာ-ပိုင်းခြားထိုက်ကုန်၏၊ တတော-ထိုမှနောက်၌၊ အနုက္ကမေန-အစဉ်အားဖြင့်၊ တယော - ကုန်သော၊အာဝါသာ-တို့ကိုလည်းကောင်း၊ပေ၊ဒသ-ကုန်သော၊ (အာဝါသာ-တို့ကိုလည်းကောင်း၊ ပရိစ္ဆိန္ဒိတဗ္ဗာ-ကုန်၏၊) ဧကာ-တခုသော၊ ရစ္ဆာ-လမ်းကို၊ (ပရိစ္ဆိန္ဒိတဗ္ဗာ-၏၊)[ရစ္ဆာဖြင့် ရစ္ဆာ၌နေသော သတ္တဝါတို့ကိုယူပါ၊နေရာတိုင်းနည်းတူ၊]ဥပစုဂါမော-ထက်ဝက်သောရွာကို၊(ပရိစ္ဆိန္ဒိတဗ္ဗော)၊ဂါမော-တရွာလုံးကို (ပရိစ္ဆိန္ဒိတဗ္ဗော၊) ဇနပဒေါ-ဇနပုဒ်တခုလုံးကို၊(ပရိစ္ဆိန္ဒိတဗ္ဗော)၊ရဇ္ဇံ-တိုင်းပြည်တပြည်လုံးကို၊(ပရိစ္ဆိန္ဒိတဗ္ဗံ၊) ဧကာ-သော၊ဒိသာ-အရပ်ကို (ပရိစ္ဆိန္ဒိတဗ္ဗာ၊)ဣတိဧဝံ-သို့၊ ယာဝ-အကြင်မျှလောက်၊ ဧကံ-သော၊ စက္ကဝါဠံ-သည်၊ (အတ္ထိ)၊ (တာဝ - ထိုတခုသော စကြဝဋ္ဌာတိုင်အောင်၊ ပရိစ္ဆိန္ဒိတဗ္ဗံ - ၏၊) တတော-ထိုစကြဝဋ္ဌာတခုလုံးထက်၊ ဘိယျောဝါ-အလွန်လည်း၊ တတ္ထ တတ္ထ-ထိုထိုစကြဝဋ္ဌာ၌၊ သတ္တေသု-တို့၌၊ မေတ္တာ ဘာဝေဘဗ္ဗာ၊ ကရုဏာဒယော-

---

အနေကာ။ ။"အနေကေ"ဟု သဗ္ဗနာမ်အတိုင်းလည်းနေနိုင်,"အနေကာ" ဟု ပုရိသာဒိဂိုဏ်းလည်း နေနိုင်၏၊"နေ+ဧကေ"ဟု သမာသ်တွဲသောအခါ "ဧကေ" အရ အများကို ရ၏၊ သို့မှ "နေ" နှင့် တုလျာဓိကရဏဖြစ်နိုင်သည်၊ ဥပမာ-"နေ+ကုသလာ အကုသလာ"ဟု တွဲရာ၌ "ကုသလာ"အရ အကုသိုလ်ရသောကြောင့် တုလျာဓိကရဏဖြစ်သကဲ့သို့ဘည်း။

ကရုဏာဖာစရှိသော ဗြဟ္မဝိဟာရတို့ကို၊ တထာ-တူ၊ (ဘာဝေတဗ္ဗာ-ကုန်၏၊) ဗွတိဖယံ - ဤဆိုအပ်ပြီးကား၊ ဇေတ္ထ - ဤဗြဟ္မဝိဟာရတို့၌၊ အာရမဏာဝစု နက္ကမော-ဖာရုံကို တိုးခဲ့ပုံ ဖမစဉ်တည်း။

ပနိ်-ကား၊ ကသိဏာနံ - တို့၏၊ နိသန္ဒေါ-အကျိုးဆက်သည်၊ အာရုပ္ပါ - အရူပသမာပတ်တို့သည်၊ ဟောန္တိယထာ-ကုန်သကဲ့သို့လည်းကောင်း၊ [အရူပ စျာန်သို့တက်သောဖာခါကသိဏ်းကိုခွာ၍ ရအပ်သောအာကာသကို စတည်၍ တက်ရသောကြောင့်အရူပသမာပတ်ကို "ကသိဏနိသန္ဒ" ဟုဆိုသည်၊] သမာ ဓိနံ-တို့၏၊နိသန္ဒေါ-သည်၊ နေဝသညာနာသညာယတနံ-နေဝသညာနာသညာ ယတနစျာန်သည်၊ဟောတိယထာ-ကဲ့သို့လည်းကောင်း [သမာဓိတို့၏ အထွဋ်ဖ အထိပ်ဖကျိုးဆက်ကားနေဝသညာနာသညာယတနစျာန်တည်း]ဝိပဿနာနံ- တို့၏၊ နိသန္ဒေါ-သည်၊ ဖလသမာပတ္တိ-သည်၊ ဟောတိယထာ - ကဲ့သို့လည်း ကောင်း၊[ဝိပဿနာ၏အထွဋ်အထိပ်ဖြစ်သောဖကျိုးဆက်ကား ဖလသမာပတ် တည်း၊ ဝိပဿနာမှတဆင့် မဂ်ကိုရ၍ မဂ်မှတဆင့် ဖိုလ်တည်းဟူသော အကျိုး ကို ရသည်၊] သမထဝိပဿနာနံ - တို့၏၊ နိသန္ဒေါ - သည်၊ နိရောဓသမာပတ္တိ- သည်၊ ဟောတိယထာ-ကဲ့သို့လည်းကောင်း၊[နိရောဓသမာပတ်ဝင်စားလိုသော အခါ ပဌမစျာန်စသောသမထစျာန်ကိုအစဉ်အတိုင်းဝင်စားရ၏၊စျာန်မှထပြီး တိုင်း ထိုစျာန်၌ရှိသော အင်္ဂါတို့ကို ဝိပဿနာရှုရ၏၊ ဤသို့ အစဉ်အတိုင်း တက်ပြီးမှ နိရောဓသမာပတ် ဝင်စားနိုင်သည်၊] ဧဝံ-တူ၊ ဇေတ္ထ-ဤဗြဟ္မဝိဟာရ တို့တွင်၊ ပုရိမဗြဟ္မဝိဟာရတ္တယဿ - ရှေးဗြဟ္မဝိဟာရ တရားသုံးပါး အပေါင်း ၏၊ နိသန္ဒေါ-သည်၊ ဥပေက္ခာ ဗြဟ္မဝိဟာရော-သည်၊ (ဟုတိ)၊ [အောက် ဖြစ်သော မေတ္တာစျာန်,ကရုဏာစျာန်,မုဒိတာစျာန်တို့ကိုရပြီးသူသာဥပေက္ခာ ဗြဟ္မဝိဟာရစျာန်ကို ရနိုင်သည်၊ အခြားကမူဌာန်းဖြင့် ဆောက်စျာန် ၃ ပါး ရသူသည် ဥပေက္ခာစျာန်ကို မရနိုင်-ဟူလို။]

ဟိ ဥပမာဆောင် ထင်အောင်ပြအံ့၊ ထမြေ့-တိုင်တို့ကို၊ အနုဿာပေတ္ဝာ-မစိုက်ထူမူ၍၊ တုလာသံဃာတံ-ထုပ်လျောက်ကို၊ ဆနာရောပေတ္ဝာ - မတင်မူ ၍၊ အာကာသေ-ဟင်းလင်းအပြင်ထက်ကောင်းကင်၌၊ ကူဋဂဂါပနသိယော-အထွတ်အခြင်ရနယ်တို့ကို၊ ထပေတုံ-ထား၊ခြင်းငှာ၊ နသက္ကာယထာ - မတတ် ကောင်းသကဲ့သို့၊ ဧဝံ-တူ၊ ပုရိမေသု-ရှေးဖြစ်သော ဗြဟ္မဝိဟာရ ၃ ပါးတို့၌၊ တတိယဇ္ဈာနံ-ကို၊ ဝိနာ-ကြဉ်၍၊ စတုတ္ထံ-စတုတ္ထဗြဟ္မဝိဟာရကို၊ ဘာဝေတုံ-ဖြစ်စေခြင်းငှာ၊ နသက္ကာ၊ ပန-သည်သာမကသေး၊ ကသိဏေသု-တို့၌၊ ဥပ္ပန္နတတိယဇ္ဈာနဿပိ-ဖြစ်သော တတိယစျာန်ရှိသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်း၊ သော-ဤဥပေက္ခာသည်၊ နုပ္ပဇ္ဇတိ - မဖြစ်နိုင်၊ [''ဥပ္ပန္နတတိယဇ္ဈာနံ နိဿာယ ပေသာ'' ဟုလည်း ရှိ၏၊ ''ဖြစ်သော တတိယစျာန်ကိုမှီ၍လည်း ဥပေက္ခာသည်

မဖြစ်နိုင်''ဟု ပေး၊] ကသွာ-နည်း၊ ဝိသဘာဂါရမဏတ္တာ-သဘောမတူသော အာရုံရှိသည်၏အဖြစ်ကြောင့်တည်း၊ [တတိယစျာန်က ကသိုဏ်းကို အာရုံပြု၍ ဤ ဥပေက္ခာက သတ္တဝါပညတ်ကို အာရုံပြုသည့်အ အာရုံချင်း မတူ'' ဟူလို။] ဣတိ-ဤသို့ မှတ်အပ်၏။

ဧတ္ထ-ဤ ဗြဟ္မဝိဟာရတို့၌၊ (စောဒကဿ-၏၊ ဤဒိသီ-သော၊ စောဒနာ-သည်၊) သိယာ-ဖြစ်ရာ၏၊ (ကီဒိသီ-သော၊ စောဒနာ-သည်၊ သိယာ-နည်း၊) ကသွာ, ဧတာ မေတ္တာ၊ ပေ၊ ဥပေက္ခာ-ဤ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ တို့ကို၊ ဗြဟ္မဝိဟာရာတိ - ဗြဟ္မဝိဟာရတို့ဟူ၍၊ ဝုစ္စန္တိ - ဆိုအပ်ကုန်သနည်း၊ ကသွာစ-ကြောင့်လည်း၊ စတသောဝ-၄ ပါးတို့ကိုသာ၊ ဝုတ္တာ-ဟောတော် မူအပ်ကုန်သနည်း၊ ဧတာသံ-ဤ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့၏၊ ကမောစ-အစဉ်သည်လည်း၊ ကော-အဘယ်နည်း၊ ဝိဘင်္ဂေစ ဝိဘင်းပါဋိတော် ၌လည်း၊ ကသွာ-ကြောင့်၊ အပွမညာတိ-တို့ဟူ၍၊ ဝုတ္တာ-နှ်သနည်း၊ ဣတိ (ဤဒိသီ-သော၊ စောဒနာ-သည်၊ သိယာ-ရာ၏၊) (ပရိဟာရော မယာ)ဝုစ္စတေ၊ တာဝ-ကသွာစ စတသောဝ စသော အမေး၏ အဖြေမှ ရှေးဦးစွာ၊ (ဝေဒိ တဗ္ဗာ၌စပ်၊)သေဋ္ဌေန-မြတ်ကုန်သည်၏အဖြစ်ဟူသော အနက်သဘောကြောင့် လည်းကောင်း၊ နိဒ္ဒေါသဘာဝေနစ-ဒေါသ မရှိကုန်သည်၏အဖြစ်ကြောင့် လည်းကောင်း၊ ဧတ္ထ-ဤမေတ္တာ အစရှိသော ၄ ပါးတို့၌၊ ဗြဟ္မဝိဟာရတာ-ဗြဟ္မဝိဟာရတို့၏ အဖြစ်ကို၊ (ဗြဟ္မဝိဟာရအမည်ကို၊)ဝေဒိတဗ္ဗာ၊ ဟိ-ချဲ၊ သတ္တေသု-တို့၌၊ သမ္မာ ပဋိပတ္တိဘာဝေန-ကောင်းသော အကျင့်၏အဖြစ်

သေဋ္ဌေန။ ။သေဋ္ဌေနဟူသော ပဌမဟိတ်၌ ဗြဟ္မသဒ္ဒါသည် ''အမြတ်'' ဟူသောအနက်ကို ဟော၏၊ဝိဟရန္တိ ဧတေဟီတိ ဝိဟာရာ၊ ဗြဟ္မာနော—မြတ်ကုန်သော+ ဝိဟာရာ ဗြဟ္မဝိဟာရာ၊ မိမိအတွက် စီးပွားချမ်းသာလိုလားမှုစသည် မဟုတ်ပဲ သတ္တဝါ တို့၏အတွက် စီးပွားချမ်းသာကို လိုလားမှု စသော သမ္မာပဋိပတ် ဖြစ်သောကြောင့် မြတ်သည်ကို ''သေဋ္ဌ=ဗြဟ္မ'' ဟု ဆိုသည်။

နိဒ္ဒေါသဘာဝေန။ ။နိဒ္ဒေါသဘာဝေနဟူသော ဒုတိယဟိတ်၌ဗြဟ္မသဒ္ဒါသည် ''ဗြဟ္မာ'' ဟူသော အနက်ကိုပင် ဟော၏၊ ''ဒေါသ မရှိသောကြောင့် ဗြဟ္မာတို့နှင့် တူသည်''ဟူလို၊ နိဒ္ဒေါသဘာဝေနာတိ နိပ္ပဋိသဘာဝေန၊—ဋီကာ၊ ဗြဟ္မာနော ဝိယာ တိ ဗြဟ္မာနော-ဗြဟ္မာနှင့်တူသော ယောဂီပုဂ္ဂိုလ်တို့၊ ဗြဟ္မာနံ+ဝိဟာရာ ဗြဟ္မဝိဟာရာ၊ ဗြဟ္မာနံ — ဗြဟ္မာနှင့်တူသော ယောဂီပုဂ္ဂိုလ်တို့၏၊ ဝိဟာရာ - နေကြောင်းတရားတို့ တည်း၊ ဗြဟ္မဝိဟာရာ-တို့။

မှတ်ချက်။ ။ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ ''ဗြဟ္မာ'' အရ ဘုရားအလောင်းပုဂ္ဂိုလ်ကို လည်း ယူသေး၏၊ ''နိဒ္ဒေါသအရလည်း နီဝရဏအပြစ်မရှိ''ဟူသော အနက်ကိုယူ၏၊ ထိုအလို ''ဗြဟ္မဝိဟာရာ-ဘုရားအလောင်းတော် သူမြတ်တို့၏ နေကြောင်းတရားတို့'' ဟု ပေးပါ။

ကြောင့်၊ ဧတေ ဝိဟာရာ-ဤ နေကြောင်းတရားတို့သည်၊ သေဋ္ဌာ-မြတ်ကုန်၏ [“သေဋ္ဌဋ္ဌေန”၏ အကျယ်ကိုပြပြီး၍“နိဒ္ဒေါသဘာဝေန”၏ အကျယ်ကို ပြလို သောကြောင့်“ယထာစ”စသည်မိန့်။]စ-သည်သာမကသေး၊ဗြဟ္မာနော-ဗြဟ္မာ တို့သည်၊ နိဒ္ဒေါသ စိတ္တာ-ဒေါသမရှိသောစိတ် ရှိကုန်သည်၊(ဟုတ္ဆာ)၊ဝိဟရန္တိ-ယထာ-နေကုန်သကဲ့သို့၊ ဝေံ-တူ၊ ဧတေဟိ-ဤ ဗြဟ္မဝိဟာရတို့နှင့်၊ သမ္မယုတ္တာ-ယှဉ်ကုန်သော၊ဝါ-ပြည့်စုံကုန်သော၊ ယောဂိနော-တို့သည်၊ ဗြဟ္မသမာဝ-ဗြဟ္မာ နှင့် တူကုန်သည်သာ၊ ဟုတ္ဆာ ဝိဟရန္တိ၊ ဣတိ-သို့၊သေဋ္ဌဋ္ဌေန-ကြောင့်လည်း ကောင်း၊-နိဒ္ဒေါသဘာဝေနစ-ကြောင့်လည်းကောင်း၊ ဗြဟ္မဝိဟာရာတိ-တို့ဟူ၍ ဝုစ္စန္တိ။

ပန-ကား၊ ကသ္မာစ စတဿောတိ အာဒိပဥ္ဘဿ-ကသ္မာစ စတဿော အစ ရှိသော ပြဿနာ၏၊ ဣဒံ-ဤ ဆိုအပ်လတ္တံ့ကား၊ ဝိသဇ္ဇနံ-တည်း၊....ဝိသုဒ္ဓိ မဂ္ဂါဒိဝသာ-စင်ကြယ်ခြင်း၏ အကြောင်း အစရှိသည်တို့၏ အစွမ်းအားဖြင့်၊ စတဿော-၄ ပါးတို့သည်၊(ဟောန္တိ)၊ ပန-ကား၊ ဟိတာဒိအာကာရဝသာ-စီးပွားကို လိုလားခြင်းစသော အခြင်းအရာ၏ အစွမ်းဖြင့်၊ အာသံ-ဤမေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့၏၊ ကမော-အစဉ်သည်၊ (ဟောတိ)၊ ယေန-အကြင်အကြောင်းကြောင့်၊ တာ-ထို မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့ သည်၊အပ္ပမာဏေ-အပိုင်းအခြားမရှိသော၊ဂေါစရေ-သတ္တဝါ ပညတ်ဟူသော အာရုံ၌၊ ပဝတ္ထန္တိ၊ တံစ (တေန ကာရဏေန)-ထို အကြောင်းကြောင့်လည်း၊ အပ္ပမညာ-တို့ ဟူ၍၊ (ဝုစ္စန္တိ)၊ ဟိ-ခဲ့၊ ဧတာသု-ဤ မေတ္တာ, ကရုဏာ, မုဒိတာ,ဥပေက္ခာတို့တွင်၊ယသ္မာ,မေတ္တာ-သည်၊ဗျာပါဒ ဗဟုလဿ-များသော ဗျာပါဒရှိသောပုဂ္ဂိုလ်၏၊(ဝိသုဒ္ဓိမဂ္ဂေါ-စင်ကြယ်ခြင်း၏ အကြောင်းတည်း၊) ကရုဏာ-သည်၊ ဝိဟိံသာဗဟုလဿ-များသော ဝိဟိံသာရှိသော ပုဂ္ဂိုလ်၏၊ (ဝိသုဒ္ဓိမဂ္ဂေါ-တည်း၊) မုဒိတာ-သည်၊ အရတိ ဗဟုလဿ-များသော အရတိ ရှိသောပုဂ္ဂိုလ်၏၊ (ဝိသုဒ္ဓိမဂ္ဂေါ)၊ ဥပေက္ခာ-သည်၊ ရာဂ ဗဟုလဿ-များသော ရာဂရှိသောပုဂ္ဂိုလ်၏၊ဝိသုဒ္ဓိမဂ္ဂေါ-တည်း။[“ဝိသုဒ္ဓိ မဂ္ဂါဒိဝသာ စတဿော” ၏ အကျယ်တည်း။]

ဝိသုဒ္ဓိမဂ္ဂါဒိဝသာ။ ။မဂ္ဂါ၌ အာဒိဖြင့် နောက်အကျယ်၌ လာလတ္တံ့အတိုင်း “ယသ္မာစ ဟိတူပသံဟာရ၊ ပေ၊ ယသ္မာစ ယထာ မာတာ” စသည်ဖြင့် လာသော ဟိတူပသံဟာရ,အဟိဘာပနယန,သမ္ပတ္တိမောဒန,အနာဘောဂ, ဟူသော မနသိကာရ ဝိသေသ(စိတ်ထားပုံအထူး)တို့ကို ယူပါ။

ဟိတာဒိ အာကာရ။ ။ဟိတာဒိ၌ အာဒိဖြင့် အကျယ်လာလတ္တံ့အတိုင်းဒုက္ခာ ပနယနာကာရ, သမ္ပတ္တိပမောဒန, မဏ္ဍတ္တာကာရတို့ကို ယူပါ။ [ပနာသံ၌ အာသံသည် တာသံနှင့် အနက်တူတည်း၊ တာနောင် နံကို သံပြု၊ တာကို အာပြု၊-အာစ တိလိဂေ် (သဒ္ဒနီတိ, နာမ်-၁၇၇)။]

["ဝိသုဒ္ဓိမဂ္ဂါဒိ"၌ အာဒိအရ ပြလိုရှိ"ယသ္မာ စ"စသည် မိန့်၊]စ-သည်သာ မကသေး၊ ယသ္မာ-ကြောင့်၊ သတ္တေသု-တို့၌၊ မနသိကာရော-နှလုံးသွင်းခြင်းသည်၊ ဟိတူပသံဟာရ၊ပေ၊ဝသေန-စီးပွားကို ဆောင်လိုခြင်း(မေတ္တာ၏ကိစ္စ), စီးပွားမဲ့ကို ပယ်ရှားလိုခြင်း(ကရုဏာ၏ ကိစ္စ),ပြည့်စုံခြင်းကို ဝမ်းမြောက်ခြင်း(မုဒိတာ၏ ကိစ္စ)၊ ဟိတစသည်ကို နှလုံးမသွင်းခြင်း၏ အစွမ်းဖြင့်(ဥပေက္ခာ၏ ကိစ္စ)၊စတုဗ္ဗိဓောယေဝ-၄ ပါး အပြားရှိသည်သာ၊ (ထို့ကြောင့် "၄ ပါး ဟောရသည်"ဟူလို။

စ-ဆက်ဦးအံ့၊ ယသ္မာ, မာတာ-မိခင်သည်၊ ဒဟရ၊ပေ၊ပသုတေသု-ငယ်ရွယ်သောသား,မကျန်းမာသောသား,လူလားမြောက်၍အရွယ်ရောက်သောသား, မိမိ၏ လူမှုကိစ္စ၌ အားထုတ်နေသောသား ဟူကုန်သော၊စတူသု-နှ်သော၊ပုတ္တေ-သု-တို့တွင်၊ ဒဟရဿ-ငယ်ရွယ်သောသား၏၊ အဘိဝုဒ္ဓိကာမာ-ကြီးရင့်ခြင်းကို လိုလားသည်၊ ဟောတိယထာ-ကဲ့သို့လည်းကောင်း၊ (မေတ္တာဖြစ်ပုံ)၊ ဂိလာ-နဿ-မကျန်းမာသောသား၏၊ ဂေလညာပနယနကာမာ-အနာရောဂါကို ပယ်ရှားလိုသည်၊ (ဟောတိယထာ-လည်းကောင်း၊ ကရုဏာဖြစ်ပုံ၊) ယောဗ္ဗနပ္ပတ္တဿ-လူလားမြောက်၍ အရွယ်ရောက်သော သား၏၊ ယောဗ္ဗနသမ္ပတ္တိယာ-ကောင်းသောအရွယ်၏ ပြည့်စုံခြင်း၌၊ စိရဋ္ဌိတိကာမာ-ကြာမြင့်စွာတည်ခြင်းကို လိုလားသည်၊ (ဟောတိယထာ-လည်းကောင်း၊မုဒိတာဖြစ်ပုံ၊)သကိစ္စပသုတ-ဿ-မိမိ၏ လူမှုကိစ္စ၌ အားထုတ်သော သားကြီး၏၊ ကိသ္မိဉ္စိပိ ပရိယာယေ-တစုံတခုလည်းဖြစ်သော အလှည့်အကြိမ်၌၊ အဗျာဝဋာ-ကြောင့်ကြ မစိုက်သည်၊ (ဟောတိယထာ-လည်းကောင်း၊ ဥပေက္ခာဖြစ်ပုံ၊) တထာ-တူ၊ အပ္ပမညာဝိဟာရိ ကေနာပိ-အပ္ပမညာဖြင့် နေခြင်းရှိသောယောဂီပုဂ္ဂိုလ်သည်လည်း၊သဗ္ဗ-

---

ယသ္မာစ ယထာ မာတာ။ ။ယွာယံ စတုဗ္ဗိဓော သတ္တေသု မနသိကာရော ဝုတ္တော (သတ္တဝါတို့အပေါ်၌ ၄ ပါးအပြားရှိသော အကြင်မနသိကာရကို ဆိုအပ်ပြီ၊) တမေဝ (ထိုမနသိကာရကိုပင်) ဥပမာယ ဒဿေတုံ "ယသ္မာစ ယထာ မာတာ" တိ အာဒိ ဝုတ္တံ၊ [ယသ္မာစ၌ စသဒ္ဒါသည် "အတ္ထုပနယနတ္ထ (ဆိုအပ်ပြီးသော အနက်ကို ဥပမေယျအဖြစ်ဖြင့် ကပ်ဆောင်ခြင်း အနက်ရှိ၏)" ဟု မဟာဋီကာ ဆို၏၊ "ဆိုအပ်ပြီးသော အနက်ကို ဥပမေယျအဖြစ်ဖြင့်ထား၍, ယထာ မာတာစသည်ဖြင့် ဥပမာလုပ်၍ ပြမည်" ဟူလို။]

ကိသ္မိံစိပိ ပရိယာယေ။ ။ပရိယာယေတိ ဝါရေ၊ တသ္မိံတသ္မိံ ကိစ္စဝသေန ပရိဝတ္တနက္ကမေတိ အတ္ထော၊—မဟာဋီကာ၊ ဆိုလိုရင်းကား—ပရိယာယသဒ္ဒါသည် ဝါရ အနက်ဟောတည်း၊ မိခင်သည် သားအကြီးအတွက် ကိစ္စတခုပြီးတခု အပြောင်းအလွှဲဖြစ်နေသော်လည်း မည်သည့် အပြောင်းအလွှဲကိစ္စ၌မျှ ကြောင့်ကြ မစိုက်တော့၊ (ဘာ့ကြောင့်နည်း) သားကြီးကိုယ်တိုင် ထိုကိစ္စတိုင်း၌ နိုင်နင်းစွာ ဆောင်နိုင်သောကြောင့်တည်း။

သတ္တေသု-တို့၌၊ မေတ္တာဒိဝသေန-မေတ္တာ အစရှိသည်တို့၏ အစွမ်းဖြင့်၊ ဘဝိ-တဗ္ဗံ-ဖြစ်ရာ၏၊ တသ္မာ-ကြောင့်၊ ဣတော ဝိသုဒ္ဓိမဂ္ဂါဒိဝသာ-ဤဝိသုဒ္ဓိမဂ္ဂ အစရှိသည်တို့၏ အစွမ်းဖြင့်၊ စတသော်ဝ-၄ ပါးသာလျှင် ဖြစ်ကုန်သော၊ အပ္ပမညာ-တို့သည်၊ (ဟောန္တိ)။

[ဝိသုဒ္ဓိမဂ္ဂါဒိဝသာ၏ အကျယ်ကို ပြပြီး၍ "ဟိတာဒိအာကာရဝသာ"၏ အကျယ်ကို ပြလိုသောကြောင့် "ယသ္မာပန" စသည်မိန့်။] ပန-ကား၊ ယသ္မာ, စတသောပိ-နသော၊ တော-ဤမေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့ကို၊ ဘာဝေတုကာမေန-ဖြစ်စေခြင်းငှာ အလိုရှိသော ပုဂ္ဂိုလ်သည်၊ ပဌမံ-စွာ၊ ဟိတာကာရပ္ပဝတ္တိဝသေန-စီးပွားကို လိုလားသော အခြင်းအရာ၏ ဖြစ်ခြင်း၏ အစွမ်းဖြင့်၊ သတ္တေသု-တို့၌၊ ပဋိပဇ္ဇိတဗ္ဗံ-ကျင့်ရာ၏၊ စ-ဆက်၊ မေတ္တာ-သည်၊ ဟိတာကာရပ္ပဝတ္တိလက္ခဏာ-ရှိ၏၊ တတော-ထိုမှနောက်၌၊ ဝေံ-သို့၊ ပတ္ထိတ ဟိတာနံ-(သူတို့အတွက်)ထောင့်တအပ်သော စီးပွားရှိကုန်သော၊ သတ္တာနံ-တို့၏၊ ဒုက္ခာဘိဘဝံ-ဒုက္ခ၏ လွှမ်းမိုးခြင်းကို၊ (ဒုက္ခ၏ အလွှမ်းမိုးခံနေရပုံကို၊) ဒိသွာဝါ-မြင်ရ၍ သော်လည်းကောင်း၊ သုတွာဝါ-ကြားရ၍ သော်လည်းကောင်း၊ သမ္ဘာဝေတွာ ဝါ-(ဤသို့ ကျင့်နေလျှင် ငရဲစသည်၌ ဖြစ်စရာရှိ၏ဟု) ကြံဆ၍သော်လည်းကောင်း၊ ဒုက္ခာပနယနာကာရ ပ္ပဝတ္တိဝသေန-ဒုက္ခကို ပယ်ရှားလိုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်း၏အစွမ်းဖြင့်၊(သတ္တေသု ပဋိပဇ္ဇိ-တဗ္ဗံ၊) စ-ဆက်၊ ကရုဏာ-သည်၊ ဒုက္ခာပနယနာကာရပ္ပဝတ္တိလက္ခဏာ-ရှိ၏။

အထ-ထိုမှနောက်၌၊ ဝေံ-သို့၊ ပတ္ထိတဟိတာနံ-မေတ္တာဖြင့် တောင့်တအပ်သော စီးပွားရှိသည်လည်း ဖြစ်ကုန်သော၊ ပတ္ထိတဒုက္ခာပဂမာနဥ္ဇ-ကရုဏာဖြင့် တောင့်တအပ်သော ဒုက္ခ၏ကင်းခြင်းရှိသည်လည်း ဖြစ်ကုန်သော၊ နေသံ-ထို သတ္တဝါတို့၏၊ သမ္ပတ္တိ-ကို၊ ဒိသွာ, သမ္ပတ္တိပမောဒနဝသေန-ပြည့်စုံခြင်းကို ဝမ်းမြောက်ခြင်း၏အစွမ်းဖြင့်၊ (သတ္တေသု ပဋိပဇ္ဇိတဗ္ဗံ)၊ စ-ဆက်၊ မုဒိတာ-

---

တသ္မာ ဣတော ဝိသုဒ္ဓိမဂ္ဂါဒိဝသာ။ ။ရှေ့၌ "တောသု ဟိ ယသ္မာ မေတ္တာ ဗျာပါဒဗဟုလသ၊ ပေ၊ ယသ္မာ ဟိတူပသံဟာရ၊ ပေ၊ ယသ္မာစ ယထာ မာတာ" ဟု အနိယမကာရဏဝါကျ ၃ ဝါကျကို ပြခဲ့၏၊ တသ္မာဖြင့် ထို ၃ ဝါကျကို ပြန်၍ နိယမကာရဏပြုသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ ယသ္မာ ၃ ဝါကျ၏ အနက်ကို ချုံး၍ "တသ္မာတိ ယသ္မာ သဗ္ဗေပိ သံကိလေသမေမှာ ယထာရဟံ ဒေါသမောဟရာဂ ပက္ခိယာ၊ တေဟိစ ဝိသုဇ္ဈနူပါယော အပ္ပမညာ၊ ဟိတူပသံဟာရာဒိဝသေန စတုဗ္ဗိဓောဝ သတ္တေသု မနသိကာရော၊ တသ္မာ"ဟု ဖွင့်သည်။

သမ္ဘာဝေတွာ။ ။သမ္ဘာဝေတွာ ဝါတိ ဣမာယ ပဋိပတ္တိယာ အယံ နိရယာဒီသု နိဗ္ဗတ္တေယျာတိ ပရိကပ္ပေတွာ ဝါ၊—(တွေးတော ကြံဆ၍) ဝိသုဒ္ဓိမဂ် ဋီကာ၊ [သံပုဗ္ဗ+ ဘူဓာတ်ကို ပရိကပ္ပအနက်ဟော ဟု ဆိုလိုဟန်တူသည်။] ဤ "သမ္ဘာဝေတွာ" ဖြင့် အုရားအလောင်း စသည်တို့က သုခိုတသတ္တဝါတို့၌သော်မှ ကရုဏာဖြစ်ပုံကို ပြသည်။

သည်၊ ပမောဒနလက္ခဏာ-ရှိ၏၊ တတော-ထို ဟိတာကာရပဝတ္တိ စသော ဖြစ်ခြင်းမှ၊ ပရံ-နောက်၌၊ ပုန-တဖန်၊ ကတ္တဗ္ဗာ ဘာဝတော-ပြုထိုက်သော ကိစ္စ၏ မရှိခြင်းကြောင့်၊ အဇ္ဈုပေက္ခကတာသခ်ါတေန-လျစ်လျူရှုသူ၏အဖြစ် ဟု ဆိုအပ်သော၊ မဇ္ဈတ္တာကာရေန-လျစ်လျူရှုခြင်း ဟူသော အခြင်းအရာ အားဖြင့်၊(သတ္တေသု)ပဋိပဇ္ဇိတဗ္ဗံ၊ စ-ဆက်၊ ဥပေက္ခာ-သည်၊ မဇ္ဈတ္တာကာရပ္ပ ဝတ္တိလက္ခဏာ-ရှိ၏၊ တသ္မာ, [“ယသ္မာ ပန စတဿော ပေတာ” စသည်ဖြင့် ပြအပ်သော စကားအားလုံးကို“တသ္မာ”ဟု ပြန်ညွှန်းသည်။] ဣတော ဟိတာ-ဒိ အာကာရဝသာ-ဤ ဟိတအစရှိသော အခြင်းအရာ၏ အစွမ်းဖြင့်၊ အာသံ-ဤ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့တွင်၊ ပဌမံ-စွာ၊ မေတ္တာ-ကို၊ ဝုတ္တာ-ဟောတော်မူအပ်ပြီ၊ အထ-ထိုမှ နောက်၌၊ ကရုဏာ-ကို၊(ဝုတ္တာ)၊(အထ-၌၊) မုဒိတာ-ကို၊(ဝုတ္တာ၊ အထ-၌၊) ဥပေက္ခာ-ကို၊(ဝုတ္တာ)၊(ဤသို့ ထည့်၍ပေး၊) ဣတိ-သို့၊ အယံ ကမော-ဤ အစဉ်ကို၊ ဝေဒိတဗ္ဗော။

ပန-ကား၊ [ဝိသုဒ္ဓိမဂ္ဂါဒိ အစ, ကမောတိုင်အောင်ကို အကျယ်ပြပြီး၍, “ပဝတ္တန္တိ” အစ “တဒပ္ပမညာ” တိုင်အောင်ကို အကျယ်ပြလိုသောကြောင့် “ယသ္မာ ပန” စသည်မိန့်၊] ပန-ကား၊ ယသ္မာ, သဗ္ဗာပိ-နိသော၊ တော-ဤ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့သည်၊ အပ္ပမာဏော-အပိုင်းအခြား မရှိ သော၊ ဂေါစရေ-၌၊ ပဝတ္တန္တိ၊ တသ္မာ, အပ္ပမညာတိ ဝုစ္စန္တိ၊ ဟိ-ချဲ၊ တောသံ-ဤ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့၏၊ ဂေါစရဘူတာ-အာရုံဖြစ်၍ ဖြစ်ကုန်သော၊ သတ္တာ-တို့သည်၊ အပ္ပမာဏာ-အပိုင်းအခြား မရှိကုန်၊ စ-ဆက်၊ ဧကသတ္တဿာပိ · တယောက်သော သတ္တဝါ၏ သော်မှလည်း [ပိသည်

အယံ ကမော။ ။အယံ ကမောတိ အယံ ဣမာသံ အပ္ပမညာနံ ယေဘုယျေန ပဝတ္တနက္ကမောတိ ကတ္ဝာ ဝုတ္တံ-များသောအားဖြင့် ဤပြခဲ့သော အစဉ်အတိုင်းဖြစ် သောကြောင့် “အယံကမော”ဟု ဆိုအပ်ပြီ၊ နဣမိနာဝ ကမေန တောသံ ပဝတ္တိ,န အညထာတိ—ဤအစဉ်အတိုင်းသာ ဤအပ္ပမညာတို့၏ ဖြစ်ခြင်းသည် ဖြစ်၏, အခြား အစဉ်အားဖြင့် မဖြစ် ဟု နှလုံးသွင်း၍“အယံကမော” ဟု ဆိုအပ်သည် မဟုတ်ပါ၊ မှန်၏—မေတ္တာစသော ၃ပါးတို့တွင် ရှေးဦးစွာ မေတ္တာကိုသာပွားစေရမည်,ထို့နောက်မှ ကရုဏာ,ထို့နောက်မှ မုဒိတာကို ပွားစေရမည် ဟု အမြဲသတ်မှတ်ထားသော အစဉ် မရှိ, မည်သည့်တရားကိုမဆို ရှေးဦးစွာ စ၍ ပွားစေနိုင်သည်သာ။ [ပါဋ္ဌိတော်များ၌ မေတ္တာကို စ၍ ထားသည်ကို ဒေသနာက္ကမ ဟု သော်လည်း တနည်းမှတ်ပါ။]

အပ္ပမညာ။ ။ပပုဗ္ဗ, မာဓာတ်သည် ပရိစ္ဆိန္ဒန အနက်ဟောတည်း၊ ပ ဥပသာရ ကြောင့် အနမှ နကို ဏပြု၊ ပမီယတေ အနေနာတိ ပမာဏံ - ပိုင်းခြားအပ်ကြောင်း ဖြစ်သော အပိုင်းအခြား၊ နတ္ထိ+ပမာဏံ ယဿာတိ အပ္ပမာဏော-အပိုင်းအခြား မရှိ သော အရပ်၊ [ဧတ္တကေ ပဒေသေကိုကြည့်၍ ပဒေသ (ကိုယ်၏အစိတ်အပိုင်းအရပ်) ကို အပ္ပမာဏ-အရကောက်ပါ။] အပ္ပမာဏော+ဘဝါ အပ္ပမညာ။

ဂရဟာဇောတက, အများသတ္တဝါ၌ ပမာဏကို မယူပုံမှာ ဆိုဖွယ်မရှိ ဟု သမ္ဘာဝနာကို ဆည်း။] ဇတ္တကေ-ဤမျှ အတိုင်းအရှည်ရှိသော၊ ပဒေသေ-အရပ်၌၊ မေတ္တာဒယော-မေတ္တာ အစရှိသည်တို့ကို၊ ဘာဝေတဗ္ဗာ-ဖြစ်စေထိုက်ကုန်၏၊ ဣတိ ဧဝံ-သို့၊ ပမာဏံ-အပိုင်းအခြားကို၊ အဂ္ဂဟေတွာ-မယူမူ၍၊ ဘကလဖရဏ-ဝသေနေဝ-အလုံးစုံသော ကိုယ်ကို ဖြန့်ခြင်း၏ အစွမ်းဖြင့်သာလျှင်၊ ပဝတ္တာ-ဖြစ်ကုန်၏၊ ဣတိ-ဤသို့ မှတ်အပ်၏၊ တေန-ကြောင့်၊ ဝိသုဒ္ဓိ၊ ပေ၊ တဒပ္ပမညာတိ-ဟူ၍၊ (မယာ) ဝုတ္တံ-ပြီ၊ [ဤအဓိပ္ပာယ်များကို ဋီကာ၌ ပြထား၏။]

စ-ဆက်၊ ဧဝံ-ဤသို့လျှင်၊ အပ္ပမာဏ ဂေါစရတာယ-အပိုင်းအခြားမရှိသော အာရုံရှိကုန်သည်၏ အဖြစ်အားဖြင့်၊ ကေလက္ခဏာသု-တူသော လက္ခဏာရှိကုန်သော၊ တောသုပိ-ဤ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာတို့တွင်လည်း၊ ပုရိမာ-နှ်သော၊ တိဿော-၃ ပါးကုန်သော မေတ္တာ ကရုဏာ မုဒိတာတို့သည်၊ တိက စတုက္ကဈာနိကာဝ-တိကစျာန်, စတုက္ကစျာန်နှင့် ယှဉ်ကုန်သည်သာ၊ ဟောန္တိ၊ [စတုက္ကနည်းအားဖြင့် တိကစျာန်နှင့်ယှဉ်၍, ပဉ္စကနည်းအားဖြင့် စတုက္ကစျာန်နှင့်ယှဉ်ကြသည်။] ကသ္မာ-နည်း၊ သောမနဿာဝိပ္ပယောဂတော-မေတ္တာ ကရုဏာ မုဒိတာတို့က သောမနဿနှင့် မကွေမကွာ ယှဉ်ခြင်းကြောင့်တည်း၊....ပန-ပရိဟာရ၊ ပေ၊ အံ့၊ ကသ္မာ-ကြောင့်၊ (ပုရိမာနံ-နှ်သော၊ တိဿန္နံ-၃ ပါးသော မေတ္တာ ကရုဏာ မုဒိတာတို့၏၊) သောမနဿေန-နှင့်၊ အဝိပ္ပယောဂေါ-မကွေမကွာယှဉ်ခြင်းသည်၊ ဟောတိ-နည်း၊ ဣတိ-ဤကား အမေးတည်း၊ ဒေါမနဿသမုဋ္ဌိတာနံ-ဒေါမနဿကြောင့် ကောင်းစွာဖြစ်ကုန်သော၊ ဗျာပါဒါဒီနံ-ဗျာပါဒအစရှိသည်တို့၏၊ [အာဒိဖြင့် ဝိဟိံသာ, အရတိတို့ကိုယူ၊] နိဿရဏတ္တာ-ထွက်မြောက်ကြောင်းတို့၏ အဖြစ်ကြောင့်တည်း။ [အချို့စာ၌ "ကသ္မာ ပနာသံ" ဟု ရှိ၏၊ အာသံဟု ဆိုလျှင် ၄ ပါးကို စွဲရမည် ဖြစ်သောကြောင့် မကောင်း၊ ထို့ကြောင့် "ပုရိမာနံ တိဿန္နံ" ဟု သမ္ဗန် အပိုထည့်၍ပေးသည်။]

ပန-ကား၊ ပစ္ဆိမာ-နောက်ဖြစ်သော ဥပေက္ခာသည်၊ အဝသေသေ ကဈာနိကာဝ-တိက စတုက္ကစျာန်တို့မူ ကြွင်းသော တပါးသော စျာန်နှင့်သာ ယှဉ်၏၊ ကသ္မာ-နည်း၊ ဥပေက္ခာဝေဒနာ သမ္ပယောဂတော-ဥပေက္ခာဝေဒနာနှင့် ယှဉ်ခြင်းကြောင့်တည်း၊ ဟိ-မှန်၊ သတ္တေသု-တို့၌၊ မဇ္ဈတ္တာကာရပ္ပဝတ္တာ-လျစ်လျူရှုခြင်းဟူသော အခြင်းအရာအားဖြင့်ဖြစ်သော၊ ဗြဟ္မဝိဟာရပေက္ခာ-ဗြဟ္မဝိဟာရ ဥပေက္ခာသည်၊ ဥပေက္ခာဝေဒနံ-ကို၊ ဝိနာ-ကြဉ်၍၊ နဝတ္တတိ-မဖြစ်နိုင်၊ ဣတိ-အပြီးတည်း။ [ဤအဓိပ္ပာယ်များကိုယူ၍ သင်္ဂိုဟ်ဘာသာဋီကာ ကမ္မဋ္ဌာန်းပိုင်း ဘာဝနာဘေဒအဖွင့်၌ ဂါထာနှင့်တကွ ပြထားပြီ။]

ဗြဟ္မဝိဟာရကထာ—သည်၊ နိဋ္ဌိတာ။

အသုဘကထာ အဖွင့်

ဣဒါနိ-ဗြဟ္မဝိဟာရကထာကို ပြပြီးရာ, ယခုအခါ၌၊ ရာဂစရိတသတ္တာနံ-ရာဂစရိုက်ရှိသော သတ္တဝါတို့၏၊ ကေန္တဟိတံ-ကေန်စီးပွားဖြစ်သော၊ [“ရာဂစရိတသတ္တာနံ - တို့အား၊ ကေန္တဟိတံ-စင်စစ်လျောက်ပတ်သော”ဟု ရှေးနိဿယပေး၏။] နာနာရမဏေသု-အမျိုးမျိုးသော အာရုံတို့၌၊ (ဥဒ္ဓုမာတကစသော ၁၀မျိုးသော အာရုံတို့၌၊) ဧကေကဇ္ဈာန ဝသေနေဝ-တပါးတပါးသော ပဌမဈာန်၏ အစွမ်းဖြင့်သာလျှင်၊ ပဝတ္တမာနံ - ဖြစ်သော၊ ရူပါဝစရကုသလံ-ကို၊ ဒဿေတုံ၊ ပေ၊ အာရဒ္ဓံ-ပြီ။

တတ္ထ-ထိုကတမေ ဓမ္မာ ကုသလာအစရှိသော စကားရပ်၌၊ ဥဒ္ဓု၊ ပေ၊ အာဒီသု-အစရှိသော ပါဋ္ဌိရပ်တို့၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ ဝါယုနာ၊ ကြောင့်၊ (သမုဂ္ဂတာ-ကောင်းစွာ တက်သော၊ ဝါ-ဖောင်းပွသော၊) ဘသ္တာဝိယ-ဖားဖိုကဲ့သို့၊ ဇီဝိတပရိယာဒါနာ-အသက်၏ကုန်ရာအခါမှု၊ (သေခြင်းမှု၊) ဥဒ္ဓံ-အထက်ဖြစ်ဆော နောက်၌၊ ယထာနုက္ကမံ-အကြင်အကြင် အစဉ်အတိုင်း (တဖြည်းဖြည်း၊) သမုဂ္ဂတေန - ကောင်းစွာတက်သော၊ ဝါ-ဖောင်းပွသော၊ သူနဘာဝေန-ဖောက်ပြန်သည်၏ အဖြစ်ဖြင့်၊ ဓုမာတတ္တာ-ဖူးယောင်သည်၏

ဘသ္တာ။ ။ဘသဓာတ်သည် ဘာသ (ကုန်းတိုက်စကားပြောခြင်း) ဒိတ္တိအနက်တို့၌ ဖြစ်၏၊ ဘသတိ ဒိပွတေ အဂ္ဂိ ယာယာတိ ဘသ္တာ မီးတောက်ကြောင်းဖြစ်သော ဖားဖို၊ တ ပစ္စည်း, အာပစ္စည်း၊ တြဏ်ပစ္စည်းသက်လျှင် “ဘသ္တြာ” ဟု ဖြစ်၏၊ ဘသ-ဘသ္မီကရဏေ (ပြာဖြစ်အောင်ပြုခြင်း) ဓာတ်နက်ရှိသောကြောင့် “ဘသတိ ဘသ္မီကရောတိ ဧတာယာထိ ဘသ္တာ, ဘသ္တြာ”ဟုလည်းပြုကြ၏။ [နဒါဒိတောဝါဤ သုတ်က [နဒနှင့်တူသော် သဒ္ဒါတို့ကိုယူသော အာကတိဂိုဏ်းဖြစ်သောကြောင့် ထိုဂိုဏ်းတွင် မပါဝင်သော ဘသ္တနောင် ဤပစ္စည်းမသက်ရ, အာပစ္စည်းသာ သက်ရသည်။]

ဥဒ္ဓံ၊ ပေ၊ သမုဂ္ဂတေန်။ ။ဥဒ္ဓုမာတကဉ် ဥကို ဥဒ္ဓံ ဟု ဖွင့်၏၊ ဥဒ္ဓံ၏ အပါဒါန်ကို “ဇီဝိတပရိယာဒါနာ”ထည့်၏၊ သက္ကတဉ် ဓ္မာဓာတ်သည် ပါဋ္ဌိဉ် ဓုမာဓာတ် ဖြစ်၏၊ မီးမှုတ်သံကဲ့သို့“ရှူးရှူး”ဟူသော အသံကို ဟော၏၊ တလုံးဓာတ်ဖြစ်၍ အာလည်းမကြေ၊ “ဓုမာယတိ-ရှူးရှူးဟု အသံပြုတတ်၏၊ ဣတိ ဓုမာတာ”ဟု ပြု၍သားရေဖြင့် ပြုအပ်သော ဖားဖိုခေါ် (ပန်းပဲဆရာတို့ အသုံးပြုအပ်သော) မီးမှုတ်ဖို့အရာကိုယူပါ၊ ထိုဖားဖိုသည် လေပြည့်သောအခါဖောင်းပွလာ၏၊ အသေကောင်လည်း ၂-ရက်,၃-ရက်ကြာသောအခါ ဖောင်းပွလာ၏၊ ထို့ကြောင့် ဖားဖိုနှင့် တူရကား “ဓုမာတာဝိယာတိ ဓုမာတံ”ဟု ဖားဖိုကို ဥပမာပြုသည်။

သူနဘာဝေန။ ။“အကောင်ပုပ်၏အဖြစ်ဖြင့်”ဟု ရှေးနိဿယဉ်ပေး၏၊ သက္ကတအဘိဓာန်၌ ဣတ္ထိလိင် “သူနာ” ပုဒ်ကို “မံသဝိကြိယ-အသား၏ ဖောက်ပြန်ခြင်း” ဟူသော အနက်လည်းဖွင့်၏၊ ဓုမာတနှင့် သဘောတူပင်တည်း။

အဖြစ်ကြောင့်၊(တနည်း)ဥဒ္ဓုမာတတ္တာ-သေသည်မှ အထက် ဖူးရောင်သည်၏ အဖြစ်ကြောင့်၊ ဥဒ္ဓုမာတံ - မည်၏၊ ဥဒ္ဓုမာတမေဝ - သေသည်မှ အထက်, နှစ်ရက် သုံးရက် ကြူးသဖြင့် ဖူးဖူးယောင်သော အလောင်းကောင်သည်ပင်၊ ဥဒ္ဓုမာတကံ-တကမည်၏၊ ဝါ-တနည်း၊ ပဋိကူလတ္တာ-စက်ဆုပ် ရွံရှာဖွယ်၏ အဖြစ်ကြောင့်၊ ကုစ္ဆိတံ-စက်ဆုပ်အပ်သော၊ ဥဒ္ဓုမာတံ-သေသည်မှ အထက်, နှစ်ရက် သုံးရက် ကြူးသဖြင့်, ဖူးဖူးယောင်သော အလောင်းတည်း၊ ဣတိ-ကြောင့်၊ ဥဒ္ဓုမာတကံ-မည်၏၊ တေံ-ဤဥဒ္ဓုမာတကံ ဟူသော အမည်သည်၊ တထာရူပဿ-ထိုသို့ ဖူးဖူးယောင်သည်၏ အဖြစ်ဟူသော သဘောရှိသော၊ ဆဝသရီရဿ - အလောင်းကောင်၏၊ အဓိဝစနံ - အမည်တည်း၊ [မသေမီ ဖောယောင်နေသော ပုဂ္ဂိုလ်များလည်း ဥဒ္ဓုမာတကသဘော ရှိသောကြောင့် ထိုအသက်ရှင်ဆဲကိုယ်ကို ယူမည်စိုး၍ အထင်ရှင်အားဖြင့် အသေကောင်ကို ယူရကြောင်း သိစေဖို့ရန် "ဆဝသရီရဿတံ အဓိဝစနံ"ဟု အဓိဝစနသဒ္ဒါ ဖြင့် ဖွင့်သည်။]

ဥဒ္ဓုမာတတ္တာ။ ။ဝိသုဒ္ဓိမဂ် မဟာဋီကာ အသုဘခန်း၌ ဥဒ္ဓုမာတတ္တာကို "ဥဒ္ဓံ ဥဒ္ဓံ ဓုမာတတ္တာ သူနတ္တာ"ဟု ဖွင့်၏၊ ထိုအဖွင့်အလို ဓုမာဘနှင့် သူနသည် အနက်တူ၏၊ ဥ-အရ ဥဒ္ဓံလည်း ဝိစ္ဆာအနက်ရှိ၏၊ ထို့ကြောင့် "ဥဒ္ဓံ၊ ပေ၊ သူနဘာဝေန" ဟူသော စကားအားလုံးကိုလည်း ဥဒ္ဓုမာတတ္တာ၏ အနက်ပြ ဟု မှတ်ပါ၊ ထိုစကား၌ "ဥဒ္ဓံ ယထာနူက္ကမံ"ကိုထောက်၍ ဥဒ္ဓုမာတမှ ဥကိုလည်း "ဥဒ္ဓံ ဥဒ္ဓံ"ဟု မဟာဋီကာ ဖွင့်သည်။

မှတ်ချက်။ ။သူနဘာဝေန၏နောက်၌လည်း "ဥဒ္ဓုမာတတ္တာ" ဟု "ဥဒ်" ပါဦးမှ မဟာဋီကာဖွင့်ပုံနှင့် ညီမျှသည်၊ ရှေ့၌ ဥအတွက် "ဥဒ္ဓံ"ဟု ပါပြီးမဟုတ်လော ဟု မေးဖွယ်ရှိ၏၊ ထိုဥဒ္ဓံ သူနဘာဝေနသည် ဥဒ္ဓုမာတတ္တာ၏ အနက်ပြဖြစ်သော ကြောင့် "ရှေ့၌ပါပြီးဖြစ်သော ဥဒ္ဓံသည် ဤဥဒ္ဓုမာတတ္တာမှ တခြားတည်း"ဟုဖြေပါ။

အပိုထည့်၍ဖွင့်ပုံ။ ။ဥအတွက် အပါဒါန်လို၍"ဇီဝိတပရိယာဒါနာ"ဟု လည်းကောင်း,ဝဖြိုးကြည်လင်သောဓုမာတကိုယူမည်စိုး၍"ဖောက်ပြန်သောဓုမာတ"ဟုသိစေဖို့ရန်"သူနဘာဝေန"ဟုလည်းကောင်း, ဓုမာတ၏အနက်ပေါ်အောင် "သမုဂ္ဂတေန" ဟုလည်းကောင်း,သေလျှင်သေခြင်း မပုပ်, တဖြည်းဖြည်းမှ အစဉ်အတိုင်း ပုပ်သည်ဟု သိစေလို၍ "ယထာနူက္ကမံ"ဟုလည်းကောင်း အပိုထည့်၍ ဖွင့်ရသည်။

က အနက် ရှိ-မရှိ။ ။"ဥဒ္ဓုမာတမေဝ ဥဒ္ဓုမာတကံ" ဟူသော ပဌမနည်း၌ "က"သည် အနက်မရှိ၊ ဥပမာ-ပီတကံ၌ က အက္ခရာသည် အနက်မရှိသကဲ့သို့တည်း၊ ဤပုဒ်မျိုးကို သွတ္ထတဒ္ဓိတ်ဟု ဆို၏၊ "ပဋိကူလတ္တာဝါ"ဟူသော နောက်နည်း၌ "က" သည် ကုစ္ဆနအနက်ရှိ၏၊ ဥပမာ-ပါပကော (စက်ဆုပ်အပ်စွာ ယုတ်မာသော) ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတိ"ဟူရာ၌ က အက္ခရာမျိုးတည်း၊ "ကုစ္ဆိတံ+ဥဒ္ဓုမာတံ ဥဒ္ဓုမာတကံ"ဟု ကုစ္ဆိတတဒ္ဓိတ်ပြု၊—မဟာဋီကာ။

ဝိပရိဘိန္နနီလဝဏ္ဏံ-အဖြူအနီတို့ဖြင့် ရောပြွမ်းသော မျှားသောအား ဖြင့် ညို သောအဆင်းရှိသောအလောင်းကောင်ကို၊ ဝါ-မူလအဆင်းမှ ကဲ့ပြား သော ညို သောအဆင်းရှိသော အလောင်းကောင်ကို၊ ဝိနိလံ-ဝိနိလဟူ၍၊ ဝုစ္စတိ-၏၊ ဝိနိလ မေဝ-ဖြူနီသဘော, ရောနှောစပ်တဲ့, ညိုမဲမဲပုပ်သော အလောင်းကောင်သည်ပင်၊ ဝါ-မူလအဆင်းမှကဲ့ပြားသောညို သောအဆင်းရှိသောအလောင်းကောင်သည်ပင်၊ ဝိနိလကံ-မည်၏၊ ဝါ-တနည်း၊ ပဋိကူလတ္တာ-ကြောင့်၊ ကုစ္ဆိတံ-သော၊ ဝိနိလံ-ဖြူနီသဘော, ရောနှောစပ်တဲ့, ညိုမဲမဲပုပ်သော အလောင်းကောင်တည်း၊ ဣတိ, ဝိနိလကံ-မည်၏၊ တေံ-ဤဝိနိလကံဟူသော အမည်သည်၊ မံသုဿဒဋ္ဌာနေသု-မျှားသော အသားရှိရာအရပ်တို့၌၊ ရတ္တဝဏ္ဏာဿ - နီသောအဆင်းရှိသော၊ ပုဗ္ဗ သန္နိစယဋ္ဌာနေသု - ပြည်တို့၏ စုဝေးရာအရပ်တို့၌၊ သေတဝဏ္ဏာဿ - ဖြူသော အဆင်းရှိသော၊ နီလဋ္ဌာနေ - ညိုသောအရပ်၌၊ နီလသာဋကာ ပါရုတဿေဝ-ညိုသောအဝတ်ဖြင့် ခြုံအပ်သကဲ့သို့၊ ယောဘုယျေန-အားဖြင့်၊ နီလဝဏ္ဏာဿစ-ညိုသောအဆင်းရှိသည်လည်းဖြစ်သော၊ ဆဝသရီရဿ-၏၊ အဓိဝစနံ-တည်း။

ပရိဘိန္နဋ္ဌာနေသု-ထက်ဝန်းကျင်ပေါက်ကဲ့ရာအရပ်တို့၌၊ ဝါ-ထက်ဝန်းကျင် ပေါက်ကဲ့ရာအရပ်တို့ကာ၊ ဝိဿန္ဒမာနပုဗ္ဗ-ယိုစီးသော ပြည်ရှိသော အလောင်း ကောင်သည်၊ ဝိပုဗ္ဗံ-မည်၏၊ [“ဝိဿန္ဒမာနံ ပုဗ္ဗံ” ဟုဝါကျရှိသည်ကား မကောင်း၊ “ဝိဿန္ဒမာနပုဗ္ဗံ” ဟုဗဟုဗ္ဗိဟိသမာသ်ရှိမှအလောင်းကောင်ကိုဟောနိုင်သည်၊] ဝိပုဗ္ဗမေဝ-ယိုစီးသောပြည်ရှိသောအလောင်းကောင်သည်ပင်၊ စဝိပုဗ္ဗကံ-မည်၏၊ ဝါ-တနည်း၊ ပဋိကူလတ္တာ, ကုစ္ဆိတံ-သော၊ ဝိပုဗ္ဗံ-ယိုစီးသော ပြည်ရှိသော အလောင်းကောင်တည်း၊ ဣတိ, ဝိပုဗ္ဗကံ က မည်၏၊ တေံ-ဤဝိပုဗ္ဗကံဟူသော အမည်သည်၊ တထာ ရူပဿ-ထိုသို့ ယိုစီးသော ပြည်ရှိသည်၏ အဖြစ်ဟူသော သဘောရှိသော၊ ဆဝသရီရဿ အဓိဝစနံ။

ဒ္ဝိခ-၂ ဖြာ၊ ဝါ-၂ ပိုင်း၊ ဆိန္နေန-ဖြတ်အပ်သဖြင့်၊ ဝါ-ဖြတ်ထားခြင်း အား ဖြင့်၊ အပဓာရိတံ-ခွဲအပ်သော အလောင်းကောင်ကို၊ ဝိစ္ဆိဒ္ဒံ-ဟူ၍၊ ဝုစ္စတိ၊ ဝိစ္ဆိဒ္ဒမေဝ-၂ ပိုင်းဖြတ်အပ်သော အလောင်းကောင်သည်ပင်၊ ဝိစ္ဆိဒ္ဒကံ-မည်၏၊

ဝိမရိဘိန္နနီလဝဏ္ဏံ။ ။ဝိနိလဋ္ဌဝိကို “ဝိပရိဘိန္နံ” ဟု ဖွင့်၏၊ နီလံကို “နီလဝဏ္ဏံ” ဟု ဖွင့်သောကြောင့် နီလံဋ္ဌ ဂုဏ္ဍပစာဟု ကြံပါ၊ အညိုဂုဏ်၏ နီလအမည်ကို ဂုဏီ (ဂုဏ်း) ဒြဗ်အလောင်းကောင်၌ တင်စားထားသည် ဟူလို၊ ဝိပရိဘိန္နကို ဋီကာ၌ “သေစာရတ္တာဟိ ပရိဘိန္နံ ဝိမိဿီတံ-အဖြူ အနီအဆင်းတို့ဖြင့် ရောပြွမ်းအပ်သော” ဟု ဖွင့်၏၊ ဤအလို “အသမ္ဘိန္နခတ္တိယ” ဟုရာဋ္ဌကဲ့သို့ ပရိဘိန္နသဒ္ဒါသည် ရောပြွမ်းခြင်း အနက်ဟောဟု ယူပါ၊ “ပုရိမဝဏ္ဏဝိပရိဏာမဘူတံ ဝါ” ဟု တနည်း ဖွင့်၏၊ ထိုအလို “ရှေ့အဆင်းမှ မရှေ့ ထူးခြား ကွဲပြားသော” ဟု အနက် မှတ်ပါ။

ဝါ-တနည်း၊ ပဋိကူလတ္တာ, ကုစ္ဆိတံ-သော၊ ဝိစ္ဆိဒ္ဒံ-၂ ပိုင်းဖြတ်အပ်သော အလောင်းကောင်တည်း၊ ဣတိ, ဝိစ္ဆိဒ္ဒကံ-မည်၏၊ တေံ-ဤ ဝိစ္ဆိဒ္ဒကံဟူသော အမည်သည်၊ ဝေမဇ္ဈေ-အလယ်၌၊ ဆိန္နဿ-ရန်သူတို့ ဖြတ်ထားအပ်သော၊ ဆဝသရီရဿ အဓိဝစနံ။

ဣတောစ-ဤ၌လည်းကောင်း၊ တ္တောစ-ထို၌လည်းကောင်း၊ ဝိဝိဓာ ကာရေန-အထူးထူးသော အခြင်းအရာအားဖြင့်၊ သောဏသိင်္ဂါလာဒီဟိ-အိမ်ခွေး, တောခွေး အစရှိသော သတ္တဝါတို့သည်၊ ခါယိတံ-ခဲစားအပ်သော အလောင်းကောင်သည်၊ ဝိက္ခာယိတံ-တမည်၏၊ ဝိက္ခာယိတမေဝ-အထူးထူး အပြားပြား, ခဲစားအပ်သောအလောင်းကောင်သည်ပင်၊ ဝိက္ခာယိတကံ-မည်၏၊ ဝါ-တနည်း၊ ပဋိကူလတ္တာ, ကုစ္ဆိတံ-သော၊ ဝိက္ခာယိတံ-အထူးထူးအပြားပြား ခဲစားအပ်သော အလောင်းကောင်တည်း၊ ဣတိ, ဝိက္ခာယိတကံ-မည်၏၊ တေံ-ဤ ဝိက္ခာယိတကံဟူသော အမည်သည်၊ တထာရူပဿ-ထိုသို့ အထူးထူးအပြားပြား ခဲစားအပ်သည်၏အဖြစ်ဟူသော သဘောရှိသော၊ ဆဝသရီရဿ အဓိဝစနံ။

ဝိဝိဓာ-အထူးထူးအပြားပြားအားဖြင့်၊ ခိတ္တံ-လွှင့်ပစ်အပ်သောအလောင်း ကောင်သည်၊ ဝိက္ခိတ္တံ-မည်၏၊ ဝိက္ခိတ္တမေဝ-အထူးထူးအပြားပြား ပစ်လွှင့်အပ် သောအလောင်းကောင်သည်ပင်၊ ဝိက္ခိတ္တကံ-မည်၏၊ ဝါ-တနည်း၊ ပဋိကူလတ္တာ, ကုစ္ဆိတံ - သော၊ ဝိက္ခိတ္တံ-တည်း၊ ဣတိ, ဝိက္ခိတ္တကံ-မည်၏၊ တေံ-ဤဝိက္ခိတ္တကံ ဟူသောအမည်သည်၊ အညေန-အခြားအရပ်၌၊ ဟတ္ထံ-လက်လည်းကောင်း၊ အညေန-၌၊ ပါဒံ-ခြေလည်းကောင်း၊ အညေန-၌၊ သီသံ-ဦးခေါင်းလည်း ကောင်း၊ ဣတိ-ဧဝံ-သို့၊ တတော တတော-ထိုထိုအရပ်၌၊ ခိတ္တဿ-ရန်သူတို့ ပစ်လွှင့်အပ်သော၊ ဆဝသရီရဿ အဓိဝစနံ။

ဝိစ္ဆိဒ္ဒံ။ ။ဆိဇ္ဇတေ-ရန်သူတို့သည် ဖြတ်အပ်၏၊ ဣတိ ဆိဒ္ဒံ၊ ဝိသည် ဝိယောဂ (တပိုင်းနှင့်တပိုင်း မယှဉ်စပ်ခြင်း)အနက်ကို ဟော၏၊ ထို့ကြောင့် ဒွိဓာသည် အဓိပ္ပာယ် နက်၊ အပဓာရိတံကို "ဝိဝဋ္ဌံ ဥဂ္ဃာဋိတံ"ဟု မဟာဋီကာ ဖွင့်၏၊ ပါးစပ်ကိုဖွင့်လိုက်လျှင် အထက်နှုတ်ခမ်းနှင့် အောက်နှုတ်ခမ်း ကွဲသွားသကဲ့သို့, ကိုယ်ကိုလည်း ၂ ပိုင်းဖြတ်သော အားဖြင့် ခွဲခွာအပ်သည်ကို "အပဓာရိတံ"ဟု ဆိုသည်၊ [အဝဓာရိတံဟု မူကွဲ ရှိ၏၊ အဝဓာရဏပုဒ်သည် ပိုင်းခြား သတ်မှတ်ခြင်းအနက်ကို ဟောသကဲ့သို့ အဝဓာရိတံပုဒ် လည်း ပိုင်းခြားအပ်ဟူသော အနက်ကိုပင် ဟော၏၊ ထို့ကြောင့် သာ၍ သင့်မည်ထင်၏၊ "အဗဒ္ဓါရိတံ"ဟု တချို့စာအုပ်၌ ရှိသည်ကား ဋီကာဖွင့်တို့နှင့် မည်။]

ဝိက္ခာယိတံ။ ။ဝိသည် ဝိဝိဓအနက်ဟော၊ ထို့ကြောင့် "ဝိဝိဓာကာရေန"ဟု ဖွင့်သည်၊ ခါယိတံ၌ ခေဓာတ်သည် ခါဒနအနက်ကို ဟော၏၊ ထို့ကြောင့် ဧကို အာယ ပြု၍ "ခါယိတ"ဖြစ်သည်ဟု ကြံပါ၊ ဝိသုဒ္ဓိမင်္ဂ၌ကား "ခါဒိတံ"ဟု ရှိ၏၊ ဒကို ခပြုဟု ကြံသင့်မည် ထင်၏၊ သို့မဟုတ် ဓာတ်နက်ဖြင့် ဖွင့်ခြင်းဟု မှတ်ပါ။

ဟတဥ-ညှဉ်းဆဲအပ်သည်လည်း ဟုတ်၏၊ တံ-ထိုညှဉ်းဆဲအပ်သော အရာ ဟူသည်၊ပုရိမနယေနေဝ-ရှေနည်းဖြင့်သာ၊ဝိကိုတ္တကဥ- အထူးထူး အပြားပြား ပစ်လွှင့်အပ်သည်လည်း ဟုတ်၏၊ ဣတိ, ဟတဝိကိုတ္တကံ- မည်၏၊ ဧတံ-ဤ ဟတဝိကိုတ္တကံဟူသော အမည်သည်၊ ကာကပဒါကာရေန-ကျီး၏ ခြေထောက် ဟူသော အခြင်းအရာအားဖြင့်၊ (ကျီးခြေသဏ္ဌာန်အားဖြင့်၊) အင်္ဂပစ္စင်္ဂေသု- အင်္ဂါကြီးငယ်တို့၌၊ သတ္ထေန-ဓားစသော လက်နက်ဖြင့်၊ဟန်တွာ-သတ်ညှဉ်း၍၊ ဝုတ္တနယေန-ဖြင့်၊ (အညေန ဟတ္ထံ-စသော ဆိုအပ်ပြီးသောနည်းဖြင့်၊) ဝိကိုတ္တ ကဿ-အထူးထူး အပြားပြားပစ်လွှင့်အပ်သော၊ ဆဝသရီရဿ အဓိဝစနံ။

လောဟိတံ-သွေးကို၊ကိရတိ ဝိကိုပတိ- ပစ်လွှင့်တတ်၏၊ ဝါ-ယိုချတတ်၏၊ ဣတောစိတောစ-ဤမှဤမှလည်း၊ပဋ္ဌရတိ-ယိုချတတ်၏၊ ဣတိ, လောဟိတကံ- မည်၏၊ ဧတံ-ဤ လောဟိတကံဟူသော အမည်သည်၊ ပဋ္ဌရိတလောဟိတမကို တဿ- ယိုစီးသောသွေးတို့ဖြင့် လိမ်းကျံအပ်သော၊ ဆဝသရီရဿ အဓိဝစနံ၊ ကိမယော- ပိုးလောက်တို့ကို၊ ပုဋ္ဌုဝါ- ပုဋ္ဌုဝတို့ဟူ၍၊ ဝုစ္စန္တိ-နှ်၏၊ ပုဋ္ဌုဝေဟ်- ပိုးလောက်တို့ဖြင့်၊ ဝိကိရတိ- ဆောပြွမ်းတတ်၏၊ ဣတိ, ပုဋ္ဌုဝကံ-မည်၏၊ ဧတံ- ဤပုဋ္ဌုဝကံဟူသော အမည်သည်၊ ကိမိပရိပုဏ္ဏဿ- ပိုးလောက်တို့ဖြင့် ပြည့် နေသော၊ ဆဝသရီရဿ အဓိဝစနံ၊ အဋ္ဌိယေဝ- အရိုးသည်ပင်၊ အဋ္ဌိကံ- မည်၏၊ ဝါ-တနည်း၊ ပဋိကူလတ္တာ, ကုစ္ဆိတံ- သော၊ အဋ္ဌိ- အရိုးတည်း၊ ဣတိ, အဋ္ဌိကံ- မည်၏၊ ဧတံ- ဤ အဋ္ဌိကံဟူသော အမည်သည်၊ အဋ္ဌိသခ်လိကာယပိ- အရိုးကွင်းဆက်၏လည်းကောင်း၊ဧကဋ္ဌိကဿပိ-တချောင်းသော အရိုး၏လည်း ကောင်း၊ အဓိဝစနံ။

စ ပန- ထပ်၍ ဆက်ဦးအံ့၊ ဣမာနိ ဥဒ္ဓုမာတကာဒီနိ- ဤ ဥဒ္ဓုမာတက အစရှိသောအာရုံတို့ကို၊ [''ပန-ဆက်၊ဣမာနိ ဥဒ္ဓုမာတကာဒီနိစ-တို့ကိုလည်း'' ပေး၍''စဖြင့် သဝိညာဏကအသုဘကို ပေါင်းသည်''ဟု ရှေးနိဿယ၌ဆို၏။] နိဿာယ-၍၊ ဥပ္ပန္ဒနိမိတ္တာနံပိ- ဖြစ်သော ပဋိဘာဂနိမိတ်တို့၏ လည်းကောင်း၊ နိမိတ္တေသု- ပဋိဘာဂနိမိတ်တို့၌၊ ပဋိလဒ္ဓဏ္ဌာနာနံပိ- ရအပ်သော ဈာန်တို့၏ လည်းကောင်း၊ ဧတာနေဝ နာမာနိ- ဤ ဥဒ္ဓုမာတကစသော အမည်တို့သည် ပင်၊ (ဟောန္တိ)၊ [အဆင့်ဆင့် ဥပစာတင်ထားသည်-ဟူလို။] တတ္ထ-ထိုဥဒ္ဓုမာ

သတ္ထေနဟနိတွာ။ ။ဝေရီဟိ ခဂ္ဂကရပါလာဒိနာ (သန်လျက်, ဆောင်ဓား စသော)သတ္ထေန ပဟရိတွာ၊-မဟာဋီကာ၊ကာကပဒါ ကာရေန၌ အာကာရသဒ္ဒါသည် ပုံသဏ္ဌာန်အနက်ကို ဟော၏၊ ကျီးသတ္တဝါ၏ ခြေချောင်းကလေးများကဲ့သို့ အစိတ်စိတ် အမွှာမွှာ ဖြစ်အောင် ညှင်း၍ စိတ်ဖြာထားသည်—ဟူလို။

လောဟိတကံ စသည်။ ။ဤ၌ကား ကသည် ကုစ္ဆိတအနက်ဟော မဟုတ်၊ ကိုရ ဓာတ် ကိုပစ္စည်းဖြင့် ရ်ချေ၊ ကိ၏ ဣကို(အ) ပြုထားသည်ဟု ဆိုလိုသည်၊ ပုဋ္ဌုဝကံ၌ ကလည်း နည်းတူ၊ အဋ္ဌိကံ၌ကား ကသည် သွတ္ထ, ကုစ္ဆိတအနက်ဟောပင်တည်း။

တက စသည်တို့တွင်၊ ဥဒ္ဓုမာတကနိမိတ္တေ-ဥဒ္ဓုမာတကပဋိဘာဂနိမိတ်၌၊ အပ္ပနာဝသေန-ဖြင့်၊ ဥပ္ပန္နာ-ဖြစ်သော၊ သညာ-သည်၊ ဥဒ္ဓုမာတတသညာ- မည်၏၊ တာယ ဥဒ္ဓုမာတကသညာယ- ထို ဥဒ္ဓုမာတကသညာနှင့်၊ သမ္ပယောဂဋ္ဌေန-အညီအမျှ အပြားအားဖြင့် ယှဉ်သည်၏ အဖြစ်ဟူသော အနက်အားဖြင့်၊ သဟဂတံ-တကွဖြစ်သော စျာန်သည်၊ ဥဒ္ဓုမာတကသညာ သဟဂတံ-မည်၏၊ ဝိနီလကသညာသဟဂတာဒီသုပိ- ဝိနီလကသညာသဟဂတ အစရှိသော စျာန်တို့၌လည်း၊ သေဝနယော။

ပန-ဆက်၊ တ္ထေ- ဤ အသုဘတို့၌၊ ယံ ဘာဝနာဝိဓာနံ- အကြင် ဘာဝနာအစီအစဉ်သည်၊ ဝါ-ကို၊ ဝတ္တဗ္ဗံ- ဆိုထိုက်သည်၊ ဘဝေယျ-၏၊ တံ-ထို ဘာဝနာအစီအစဉ်ကို၊ သဗ္ဗာတာရေန- အလုံးစုံသော အခြင်းအရာအားဖြင့်၊ ဝိသုဒ္ဓိမဂ္ဂေ-၌၊ (မယာ) ဝုတ္တမေဝ-သည်သာ၊ အဝသေသာ-သော၊ ပါဋ္ဌိဝဏ္ဏနာ-ပါဋ္ဌိတော်၏အဖွင့်ကို၊ ဟေဋ္ဌာ-၌၊ ဝုတ္တနယေနေဝ-ဖြင့်သာ၊ ဝေဒိတဗ္ဗာ၊ ဟိ-စိုးစဉ်းအနည်းငယ်, ဆိုဖွယ်အထူးကား၊ ကေဝလံ- ဒုတိယစျာန် စသည်တို့နှင့် မရောမယှက် သက်သက်၊ စတုတ္ထဇ္ဈာနဝသေန- ဖြင့်၊ ဥပေက္ခာဗြဟ္မဝိဟာရေ-၌၊ (ပဥ္ဇဝိသတိ-သော၊ ကေကာ-တို့သည်၊ ဟောန္တိ) ဝိယ-နှ်သကဲ့သို့၊ (တထာ-တူ၊) ဣဓ- ဤ အသုဘ၌၊ ပဌမဇ္ဈာနဝသေန-ဖြင့်၊ ကေကသို့ - တပါးတပါးသော အသုဘ၌၊ ပဥ္ဇဝိသတိ-သော၊ ကေကာ-တို့သည်၊ ဟောန္တိ၊ စ-ဆက်၊ အသုဘာရမဏဿ- အသုဘအာရုံ၏၊ အဝစုနီယတ္တာ-မတိုးပွားစေအပ်, မတိုးပွားစေနိုင်သည်၏ အဖြစ်ကြောင့်၊ ပရိတ္တေ- သေးငယ်သော၊ ဥဒ္ဓုမာတကဋ္ဌာနေ- ဥဒ္ဓုမာစကအရပ်၌၊ ဥပ္ပန္နနိမိတ္တာရမဏံ-ဖြစ်သော ပဋိဘာဂနိမိတ်လျှင် အာရုံရှိသော စျာန်ကို၊ ပရိတ္တာရမဏံ- ပရိတ္တာရမဏ ဟူ၍၊ (ဝေဒိတဗ္ဗံ)၊ မဟန္တေ-ကြီးသော၊ (ဥဒ္ဓုမာတကဋ္ဌာနေ-၌၊ ဥပ္ပန္နနိမိတ္တာရမဏံ-ကို၊) အပ္ပမာဏာရမဏံ-ဟူ၍၊ ဝေဒိတဗ္ဗံ၊ သေသေသုပိ-ကြွင်းသော ဝိနီလက အစရှိသော အသုဘတို့၌လည်း၊ သေဝနယော၊ ဣတိ- အပြီးတည်း။

ဣတိ-ဤဆိုအပ်ပြီးသော နည်းဖြင့်၊ သုဘဂုဏော- တင့်တယ်သော အရဟံအစရှိသော ဂုဏ်ရှိတော်မူသော၊ ဒသသတလောစနေန [ရှေးနိဿယ၌ "ဒသသတလ္လောစနေန" ဟု ဆန္ဒာနုရက္ခဏ ဒွေဘော်ရှိ၏။]- တထောင်သော ဉာဏ်မျက်လုံးရှိသော သိကြားမင်းသည်၊ ဝါ-ဉာဏ်မျက်လုံး တထောင်, အမြင်ဆောင်သောသိကြားမင်းသည်၊ [တထိုင်တည်းဖြင့်ထောင်ပေါင်းများစွာသော ကိစ္စကို မြီးစီးအောင် ကြံစည်နိုင်သော ဉာဏ်အမြင်ရှိသောကြောင့် သိကြားကို "ဒသသတလောစန" ဟု ခေါ်ထားသည်၊ အဘိဓာန်လာ "သဟဿက္ခော" ပုဒ်၏ ပရိယာယ်ပင်တည်း၊] ထုတိကိတ္တိ-ချီးမွမ်းအပ်သော ကျော်စောသံရှိတော်မူသော၊ ဒသဗလော-ဆယ်ပါးသော ကာယဗလ, ဉာဏဗလ ရှိတော်မူသော

မြတ်စွာဘုရားသည်၊ ဧကေကဇ္ဈာန ဟေတူနိ-တပါးတပါးသော ပဌမစျာန်၏ အကြောင်းဖြစ်ကုန်သော၊ (ဒသ-ဆယ်ပါးကုန်သော၊) ယာနိ အသုဘာနိ-အကြင်အသုဘတို့ကို၊ အဝေါစ-ဟောတော်မူပြီ၊ ဝေံ-ဤဆိုအပ်ပြီးသောနည်းဖြင့်၊ ပါဋိနယေနေဝ-ပါဋိတော်၏နည်းဖြင့်သာလျှင်၊ တာဝ-ရှေးဦးစွာ၊ သဗ္ဗာနိ-အလုံးစုံကုန်သော၊ တာနိ(အသုဘာနိ)-ထိုအသုဘတို့ကို၊ ဇာနိတွာ-သိပြီး၍၊ တေသွေဝ-ထိုအသုဘ ၁၀ ပါးတို့၌ပင်၊ ဘိယျော-အလွန်၊ အယံ ပကိဏ္ဏက ကထာပိ-ဤရောပြွမ်းသောစကားရပ်ကိုလည်း၊(သောတူဟိ-စာသင်သားတို့သည်၊) ဝိညေယျာ-သိထိုက်သေး၏။ [ဒသ အသုဘကိုပြသော အရာဖြစ်၍ ဗုဒ္ဓမြတ်စွာကို အခြားဂုဏ်တို့ဖြင့် မချီးမွမ်းပဲ "သုဘဂုဏ်, ဒသ သတလောစနေန ထုတိကိတ္တိဂုဏ်, ဒသဗလဂုဏ်တို့ဖြင့် ချီးမွမ်းသည်။]

ဟိ-ခဲ့၊ ဧတေသု-ဤအသုဘတို့တွင်၊ ယတ္ထကတ္ထစိ-အမှတ်မထား, တပါးပါးသော အသုဘ၌၊ အဓိဂတဇ္ဈာနော-ရအပ်ပြီးသော ပဌမစျာန်ရှိသော ပုဂ္ဂိုလ်သည်၊ သုဝိကွမ္ဘိတရာဂတ္တာ-ကောင်းစွာ ပယ်ခွါအပ်ပြီးသော ရာဂ ရှိသည်၏ အဖြစ်ကြောင့်၊ ဝါ-ရာဂကိုကောင်းစွာ ပယ်ခွါပြီး၏အဖြစ်ကြောင့်၊ ဝိတရာဂေါ ဝိယ-ကင်းသော ရာဂရှိသောရဟန္တာပုဂ္ဂိုလ်ကဲ့သို့၊ ဝါ-ရာဂကင်းပြီး ရဟန္တာကိုယ်တော်မြတ်ကြီးကဲ့သို့၊နိလ္လောလုပ္ပစာရော-လျှပ်ပေါ်လော်လီသော အကျင့်မရှိသည်၊ ဟောတိ၊ ["အသုဘတပါးပါး၌ စျာန်ရပုဂ္ဂိုလ်သည် ရဟန္တာကြီးကဲ့သို့ နိလ္လောလုပ္ပစာရဖြစ်လျှင် အသုဘဆယ်ပါး ဟောဖွယ် မလို, တပါးပါးသာ ဟောတော်မူထိုက်သည်မဟုတ်ပါလော"ဟု စောဒနာဖွယ်ရှိသောကြောင့် "ဝေံ သန္တေ"စသည်ကို မိန့်သည်။] ဝေံ သန္တေပိ-ဤသို့ပင်ဖြစ်ပါသော်လည်း၊ (အမှတ်မရှိသော အသုဘ၌ စျာန်ရပြီးပုဂ္ဂိုလ်မှန်သမျှ နိလ္လောလုပ္ပစာရ ဖြစ်ပါသော်လည်း၊) ယွာယံ အသုဘဘေဒေါ-ကို၊ (ဘဂဝတာ) ဝုတ္တော၊သော-ထိုအသုဘအပြားကို၊ သရီရသဘာဝပ္ပတ္တိဝသေနစ-သေသောကိုယ်၏ ဥဒ္ဓုမာတ

နိလ္လောလုပ္ပစာရော။ ။လုဘ-ဂိဒ္ဓေဓာတ်နောင် အစ်ပစ္စည်းဖြင့် လုကို လုလုဟု ဒွေဘော်ပြုပြီးနောက် ရှေ့လု၏ ဥကို ဩပြုသောအခါ "လောလုဘ"ဟု ဖြစ်၏၊ ဘကို ပ ပြုသောအခါ "လောလုပ-အလွန်မက်မောသူ"ဟု ဖြစ်၏၊ (ထောမနိဓိ၊)"လောလုပသူ-အလွန် လိုချင်မက်မောသူ၏+ဘာဝေါ လောလုပ္ပံ-အလွန် လိုချင် မက်မောသူ၏ ဖြစ်ကြောင်းဖြစ်ရာ တဏ္ဍာပြဋ္ဌာန်းသောအကျင့်၊ စာရနှင့်ကမ္မဓာရဲ တွဲ၊ အာစာရရှိလျှင် ကောင်း၏၊ [သင်္ဂြိုဟ် အာရဏသင်္ဂဟအဖွင့် မဏိမဥူသာ ဋီကာ၌ "လုပ္ပတီတိ လုဓေါ"စသည်ဖြင့် လုပဓာတ် ကြံလေသည်။]

သရီရသဘာဝပ္ပတ္တိ။ ။အလောင်းကောင်ကို"သရီရ"ဟု ခေါ်၏၊ထိုအလောင်းကောင်သည် အသက်ရှင်စဉ်က သဘောအတိုင်းမတည်ပဲ ဥဒ္ဓုမာတက စသောအားဖြင့် ဆယ်ပါးသော သဘောသို့ ရောက်တတ်၏၊ ထိုသဘောသို့ ရောက်ခြင်းကို "သရီရ

စသော သဘော်သို့ရောက်ခြင်း၏အစွမ်းဖြင့်လည်းကောင်း၊ ဆုဂစရိတဘေဒဝသေနစ-ဆုဂစရိုက်အပြား၏ အစွမ်းဖြင့်လည်းကောင်း၊ (ဝုတ္တော)၊ ဣတိဝေဒိတမ္မော။ [ဆုဂစရိုက်ပြားပုံသဏ္ဌာန် အကျယ်၌ ထင်ရှားလတ္တံ့။]

ဟိ-ခဲ့၊ (တနည်း) ဟိ ယသ္မာ-ကြောင့်၊ ဆဝသရီရံ-သူသေကောင်သည်၊ ပဋိကူလဘာဝံ-စက်ဆုပ် ရွံရှာဖွယ်၏အဖြစ်သို့၊ အာပဇ္ဇမာနံ-ရောက်လသော်၊ ဥဒ္ဓုမာတဂသဘာဝပ္ပတ္တံ ဝါ-ဥဒ္ဓုမာတကသဘော်သို့ရောက်သည်သော်လည်း၊ သိယာ-ဖြစ်ဆုဏ်၊ ဝိနီလကာဒိနံ-ဝိနီလက အစရှိသည်တို့တွင်၊ အညတရသဘာဝပ္ပတ္တံ ဝါ-တပါးပါးသော သဘော်သို့ ရောက်သည်သော်လည်း၊ (သိယာ)၊ ဣတိ-ထို့ကြောင့်၊ (ထိုသို့အလောင်းကောင်က ဥဒ္ဓုမာတဂစသော သဘော ဆယ်မျိုးသို့ ရောက်သည်၏ အဖြစ်ကြောင့်၊) ယာဒိသံ ယာဒိသံ-အကြင်သို့ ရှုအပ်, အကြင်သို့ ရှုအပ်သော သဘောကို၊ လဒ္ဓုံ-ရခြင်းငှါ၊ သက္ကာ-တတ်ကောင်းသည်၊ ဟောတို့၊ တာဒိသေ တာဒိသေဝ-ထိုသို့ရှုအပ်, ထိုသို့ရှုအပ်သော သဘော၌သာလျှင်၊ ဥဒ္ဓုမာတကံ ပဋိကူလံ, ဝိနီလကံ ပဋိကူလံတိ-ဟူ၍၊ ဧဝံ-သို့၊ နိမိတ္တံ-ပရိကမ္မနိမိတ်ကို၊ ဂဟေတမ္ပမေဝ-ယူထိုက်သည်သာ၊ ဣတိ-သို့၊ သရီရသဘာဝပ္ပတ္တိဝသေန ဝါ-ဖြင့်လည်း၊ ဒသဓာ-ဖာဝးဖြင့်၊ အသုဘပဘေဒေါ-ကို၊ ဝုတ္တော၊ ဣတိ ဝေဒိတမ္မော။

[သရီရသဘာဝပ္ပတ္တိဝသေန၏ အကျယ်ကို ပြပြီး၍, ဆုဂစရိတဘေဒဝသေန၏ အကျယ်ကိုပြလိုသောကြောင့် ''ဝိသေသတော စေတ္ထ'' စသည်မိန့်။] စ-သည်သာမကသေး၊ ဝိသေသတော-အထူးအားဖြင့်၊ ဇေတ္ထ-ဤအသုဘဆယ်ပါးတို့တွင်၊ ဥဒ္ဓုမာတကံ-ဥဒ္ဓုမာတကအလောင်းကောင်သည်၊ သရီရသဏ္ဌာနဝိပတ္တိပ္ပကာသနတော-ကိုယ်သဏ္ဌာန်၏ ပျက်စီးပုံကို ထင်ရှားပြခြင်းကြောင့်၊ [တကိုယ်လုံး ဖူးရောင်နေသည့်အတွက် နဂိုသဏ္ဌာန် ပျက်နေပုံကို ထင်ရှားပြခြင်းကြောင့်၊[သရီရသဏ္ဌာနဆုဂိနော-ကိုယ်သဏ္ဌာန်၌ တပ်မက်ခြင်းရှိသောပုဂ္ဂိုလ်အား၊သပ္ပာယံ-လျောက်ပတ်၏။[သရီရသဏ္ဌာန၌တပ်မက်သောဆုဂကို ခွာနိုင်ခြင်းကြောင့် လျောက်ပတ်သည်-ဟူလို။] ဝိနီလကံ-သည်၊ ဆဝိဆုဂဝိပတ္တိပ္ပကာသနတော-အရေ၏ တပ်စွဲဖွယ်၏ ပျက်စီးပုံကို ထင်ရှားပြခြင်းကြောင့်၊ ဆဝိဝဏ္ဏဆုဂိနော-အရေ အဆင်း၌ တပ်မက်ခြင်းရှိသော

သဘာဝပ္ပတ္တိ''ဟု ဆိုသည်၊ ထို့ကြောင့် အကျယ်၌ ''ဥဒ္ဓုမာတက သဘာဝပ္ပတ္တံ ဝါ'' စသည်ဖြင့် မိန့်လိမ့်မည်။ [သရီရံ ဟိ ဝိနဿမာနံ (အလောင်းကောင်ဖြစ်၍ ပျက်လို့ရှိလျှင်) အညရူပေန ဌိတဿ ရက္ခသဿဝိယ (ပြဋ္ဌာ ရက္ခိုသ်များသည် သူ၏ ပြဋ္ဌာသဘောအတိုင်း မတည်ပဲ အမျိုးမျိုး ပုံဟန် ဆောင်၍ ခြောက်လှန့်တတ်သကဲ့သို့) သဘာဝပ္ပတ္တိဝသေနေဝ (ဥဒ္ဓုမာတက စသော အမျိုးမျိုးသော ပုံသဏ္ဌာန်သို့ ရောက်သည်၏အစွမ်းဖြင့်သာ) ဝိနဿတိ၊—မဟာဋီကာ။)

ပုဂ္ဂိုလ်အား၊ သပ္ပဿယံ၊ ဝိပုဗ္ဗကံ-သည်၊ ဏာယဝဏ္ဏပဋိဗန္ဓဿ- ကိုယ် တည်းဟူသော အနာနှင့်စပ်သော၊ ဒုဂ္ဂန္ဓဘာဝဿ-မကောင်းသောအနံ့ရှိသည်၏ အဖြစ်ကို၊ ပကာသနတော-ကြောင့်၊ မာလာဂန္ဓာဒိဝဏေန-ပန်းနံ့သာ အစရှိသည်တို့၏အစုမ်းဖြင့်၊ သမုဒ္ဒာပိတသရီရဂန္ဓရုဂိနော- ကောင်းစွာ ဖြစ်စေအပ်သော ကိုယ်အနံ့၌ တပ်မက်ခြင်းရှိသောပုဂ္ဂိုလ်အား၊ သပ္ပဿယံ-၏။

ဝိစ္ဆိဒ္ဒကံသည်၊ အန္တော-ခန္ဓာကိုယ်၏အတွင်း၌၊ သုသိရဘာဝပကာသနတော-အခေါင်းရှိသည်၏ အဖြစ်ကို ထင်ရှားပြခြင်းကြောင့်၊ သရီရေ-၌၊ ဃနဘာဝရုဂိနော- လုံးလုံးကျစ်ကျစ်, တခဲနက်၏အဖြစ်၌ တပ်မက်ခြင်း ရှိသော ပုဂ္ဂိုလ်အား၊ သပ္ပဿယံ- ၏၊ ဝိက္ခာယိတကံ- သည်၊ မံသူပစယသမ္ပတ္တိဝိနာသပကာသနတော-အသားစုအသားဆိုင်ပြည့်စုံခြင်း၏ပျက်စီးပုံကိုထင်ရှားပြခြင်းကြောင့်၊ ထနာဒီသု-သားမြတ်အစရှိကုန်သော၊ သရီရပဒေသေသု-ကိုယ်အရပ်တို့၌၊ မံသူပစယရုဂိနော-အသားစု အသားဆိုင်၌ တပ်မက်ခြင်းရှိသော ပုဂ္ဂိုလ်အား၊ သပ္ပဿယံ၊ ဝိက္ခိတ္တကံ-သည်၊ အင်္ဂပစ္စင်္ဂနိ-တို့၏၊ ဝိက္ခေပပကာသနတော-ပြန့်ကျဲနေပုံကိုထင်ရှားပြခြင်းကြောင့်၊အင်္ဂပစ္စင်္ဂလီလာရုဂိနော-အင်္ဂါကြီးငယ်တို့၏ တင့်တယ် စံပယ်ခြင်း၌တပ်မက်ခြင်းရှိသော ပုဂ္ဂိုလ်အား၊ သပ္ပဿယံ၊ဟတဝိက္ခိတ္တကံ-သည်၊ သရီရသဏ်ဌာနဘေဒဝိကာရပကာသနတော- ကိုယ်အင်္ဂါတို့ကောင်းစွာ ဖွဲ့စပ်ပုံ၏ ပျက်စီးဖောက်ပြန်ခြင်းကို ထင်ရှားပြခြင်းကြောင့်၊သရီရသဏ်ဌာနသမ္ပတ္တိရုဂိနော- ကိုယ်အင်္ဂါတို့၏ ကောင်းစွာဖွဲ့စပ်ပုံ၏ ပြည့်စုံခြင်း၌ တပ်မက်ခြင်းရှိသောပုဂ္ဂိုလ်အား၊သပ္ပဿယံ။[“သဏ်ဌာနော်အင်္ဂါနံ သုသမ္ဘဒ္ဓတာလက်ခြေစသော ကိုယ်အင်္ဂါတို့ အရိုးအဆစ်ပြေပြစ်အောင် ဖွဲ့စပ်ထားခြင်းကို သရီရသဏ်ဌာနဟု ခေါ်သည်၊-ဋီကာ။]

လောဟိတကံ - သည်၊ လောဟိတမင်္ဂါတပဋိကူလဘာဝပကာသနတော-သွေးတို့ဖြင့် လိမ်းကျံအပ်သည်ဖြစ်၍ စက်ဆုပ်ဖွယ်၏အဖြစ်ကို ထင်ရှားပြခြင်းကြောင့်၊အလင်္ကာရဇနိတသောဘရုဂိနော-တန်ဆာဆင်ခြင်းသည် ဖြစ်စေအပ်သော တင့်တယ်ခြင်း၌ တပ်မက်ခြင်းရှိသော ပုဂ္ဂိုလ်အား၊ သပ္ပဿယံ၊ ပုဋ္ဌဝဂံ-သည်၊ ကာယဿ- ၏၊ အနေကကိမိကုလသာဓာရဏဘာဝပကာသနတော-များစွာသော ပိုးမျိုးတို့နှင့် ဆက်ဆံသည်၏အဖြစ်ကို ထင်ရှားပြခြင်းကြောင့်၊ ကာယေ-၌၊ မမတ္တရုဂိနော- ငါ့ဥစ္စာ၏အဖြစ်ဖြင့် တပ်မက်ခြင်းရှိသော ပုဂ္ဂိုလ်အား၊ သပ္ပဿယံ၊ အင်္ဂီကံ-သည်၊ သရီရင်္ဂီနံ- ကိုယ်အရိုးတို့၏၊ ဖဋိကူလဘာဝပကာသနတော- စက်ဆုပ်ဖွယ်၏အဖြစ်ကို ထင်ရှားပြခြင်းကြောင့်၊ ဒန္တသမ္ပတ္တိရုဂိနော-သွား၏ပြည့်စုံခြင်း၌တပ်မက်ခြင်းရှိသောပုဂ္ဂိုလ်အား၊သပ္ပဿယံ၊ ဏ္ဍတိဝေံ-သို့၊ ရုဂစရိတ (ဘေဒ) ဝသေနဒပိ-ရုဂစရိုက်အပြား၏ အစုမ်းအားဖြင့်လည်း၊ ဗဟုဓာ-ဖြင့်၊ အသုဘပဘေဒေါ-ကို၊ ဝုတ္တော-ပြီ၊ ဏ္ဍတို ဝေဒိတပ္ပော။

ပန-ဆက်၊ ယသ္မာ, ဒသဝိဓေပိ- သော၊ တေသ္မိံ အသုဘေ-၌၊ [“ကေဂ္ဂံ ဟုတ္ဝာ တိဋ္ဌတိ”၌စပ်၊] သေယျထာပိနာမ-ကား၊ အပရိသဏ္ဌိတ ဇလာယ-ထက်ဝန်းကျင်မတန့်ရပ်သောရေရှိသော၊သီဃသောတာယ-လျင်မြန်သော ရေအယဉ်ရှိသော၊ နဒိယာ-မြစ်၌၊ အရိတ္တဗလေနေဝ- ထိုးဝါး၏ အစွမ်းကြောင့်သာလျှင်၊ နာဝါ-လှေသည်၊ တိဋ္ဌတိ(သေယျထာပိ)- တည်တန့်နိုင်သကဲ့သို့လည်းကောင်း၊အရိတ္တေန-နှင့်၊ ဝိနာ-၍၊ ထပေတုံ- တန့်ထားခြင်းငှါ၊ နသက္ကာ (သေယျထာပိ)-မစွမ်းနိုင်သကဲ့သို့လည်းကောင်း၊ ဧဝမေဝ, အာရမဏသ-၏၊ ဒုဗ္ဗလတ္တာ- အားမရှိသည်၏အဖြစ်ကြောင့်၊ [စိတ်သွားလိုရာအာရုံသို့ မသွားရအောင် စိတ်ကိုတန့်၍ မထားနိုင်ခြင်းသည်ပင် အာရုံ၏အားနည်းခြင်းတည်း၊] ဝိတက္ကဗလေနေဝ-ဝိတက်၏ အစွမ်းကြောင့်သာလျှင်၊ စိတ္တံ- သည်၊ ကေဂ္ဂံ-တခုတည်းသော အာရုံရှိသည်၊ ဝါ-တည်ကြည်သည်၊ ဟုတ္ဝာ, တိဋ္ဌတိ-တည်နိုင်၏၊ ဝိတက္ကေန-နှင့်၊ ဝိနာ, ထပေတုံ-ထားခြင်းငှါ၊ နသက္ကာ- မစွမ်းနိုင်၊ တသ္မာ,တ္ထေ-ဤအသုဘအာရုံ၌၊ပဌမဇျာနမေဝ-ပဌမစျာန်သည်သာ၊ (ဝိတက်ပါသော ပဌမစျာန်သည်သာ၊) ဟောတိ၊ ဒုတိယာဒီနိ- ဒုတိယ အစရှိသောစျာန်တို့သည်၊ န(ဟောန္တိ)။ [ဤအဓိပ္ပာယ်များကို သင်္ဂြိုဟ်ဘာသာဋီကာဘာဝနာဘေဒ၌ ဂါထာနှင့်တကွ ပြထားပြီ။]

စ-ဆက်၊ ပဋိကူလေပိ-စက်ဆုပ်ဖွယ်လည်းဖြစ်သော၊ တေသ္မိံ အာရမဏေ-ဤ အသုဘအာရုံ၌၊ (ပီတိသောမနဿံ ဥပ္ပဇ္ဇတိ ၌စပ်-) အဒ္ဓါ- မချတ်ကေန်၊ ဣမာယ ပဋိပဒါယ- ဤအကျင့်ဖြင့်၊ ဇရာမရဏမှာ-အိုခြင်း သေခြင်းမှ၊ ပရိမုစ္စိဿာမိ- လွတ်မြောက်ရတော့အံ့၊ ဣတိ ဧဝံ- သို့၊ အာနိသံသဒဿာဝိတာယ-အကျိုးအာနိသင်ကို ရှုလေ့ရှိသည်၏အဖြစ်ကြောင့် လည်းကောင်း၊ နီဝရဏသန္တာပပ္ပဟာနေနစ- နီဝရဏ၏ပူလောင်ခြင်းကို ပယ်နိုင်ခြင်းကြောင့် လည်းကောင်း၊ ပီတိသောမနဿံ-သည်၊ ဥပ္ပဇ္ဇတိ၊ (ကိမိဝ- အဘယ်ကဲ့သို့နည်း၊) ဒါနိ-မစင်ပုံကြီးကို တွေ့ရရာ ယခုအခါ၌၊ ဗဟုံ-များစွာ၊ ဝေတနံ-မစင်စွန့်ပစ်ခကို၊ (အဟံ-သည်၊)လဘိဿာမိ- ရတော့အံ့၊ ဣတိ-သို့၊ အာနိသံသဒဿာဝိနောအကျိုးကို ရှုလေ့ရှိသော၊ ပုပ္ပဆဋ္ဌကဿ- ပန်းမှိုက်သွန် ဘင်ကျုံးသွား၏၊ဂူထရာသိမှိ- မစင်ပုံ၌၊ (မစင်ပုံကိုမြင်ရာ၌၊) (ပီတိသောမနဿံ-သည်၊ ဥပ္ပဇ္ဇတိဝိယ-ဖြစ်

ပုပ္ပဆဋ္ဌကဿ။ ။မိဖုရားတို့စွန့်ထားအပ်သော ကျင်ကြီးခွက်၌ ပန်းများထည့်ထားကြသတတ်၊ ထိုပန်းအမှိုက်သွန်ရသူကို“ပုပ္ပဆဋ္ဌက”ဟု ခေါ်၏၊ အမှန်မှာ- ကျင်ကြီးကို စွန့်ပစ်ရသူပင်တည်း၊ ထိုဘင်ကျုံးသွားသည် မစင်ပုံကြီးကိုမြင်ရသော်လည်း (နှာခေါင်းရှုံ့လျက် စိတ်ပျက်မနေပဲ) ရမည့်အခကို မြော်တွေး၍ ဝမ်းမြောက်သကဲ့သို့, ပဋိကူလအသုဘအာရုံ၌သော်လည်း ဇရာမရဏမှ လွတ်မည့်အရေးကိုတွေးကာ ပီတိသောမနဿဖြစ်နိုင်ပါသည်။

သကဲ့သို့လည်းကောင်း၊) ဥဿန္ဒဗျာဓိဒုက္ခဿ-ကြီးကျယ်များပြားသော ဗျာဓိဒုက္ခရှိသော၊ ရောဂိနော-ရောဂါရှိသူ၏၊ ဝမနဝိရေစနပဝတ္တိယံ - ပျို့အန်ခြင်း, ဝမ်းလျှောခြင်း၏ဖြစ်ရာအခါ၌၊ ပီတိသောမနဿံ-သည်၊ ဥပ္ပဇ္ဇတိဝိယစ-ကဲ့သို့လည်းကောင်းတည်း။

စ-ဆက်၊ ဒသဝိဓမ္မိ-သော၊ တေံအသုဘံ-ဤအသုဘသည်၊ လက္ခဏတော-အားဖြင့်၊ ကေမေဝ-တပါးတည်းသာ၊ ဟောတိ၊ ဟိ-မှန်၊ ဒသဝိဓဿပိ-သော၊ တေဿ-ဤအသုဘ၏၊ အသုစိ၊ပေ၊ ဘာဝေါဝေ-မစင်ကြယ်သည်၏ အဖြစ်, မကောင်းသော အနံ့ရှိသည်၏အဖြစ်, စက်ဆုပ်ဖွယ်၏အဖြစ်, ရွံရှာဖွယ်၏အဖြစ်သည်သာ၊ လက္ခဏံ - လက္ခဏာတည်း၊ တဒေတံ - ထိုအသုဘသည်၊ ဣမိနာ လက္ခဏေန-ဤအသုစိစသော လက္ခဏာအားဖြင့်၊ ကေဝလံ-ဇီဝမာနကမဖက်သက်သက်၊မတသရီရေယေဝ-အသေကောင်၌သာ၊န(ဥပဋ္ဌာတိ)-ထင်လာသည်မဟုတ်သေး၊ ပန-အဟုတ်ကား၊ ဒန္တဋ္ဌိက ဒဿာဝိနော-မိန်းမ၏သွားရိုးကို မြင်ရသော၊စေတိယပဗ္ဗတဝါသိ မဟာတိဿတ္ထေရဿ - စေတိယတောင်၌ နေလေ့ရှိသော မဟာတိဿထေရ်အား၊ (ဇီဝမာနက သရီရေ - အသက်ရှင်ဆဲကိုယ်၌၊ ဥပဋ္ဌာတိဝိယ-ထင်လာသကဲ့သို့လည်းကောင်း၊) ဟတ္ထိက္ခန္ဓဂတံ - ဆင်ကျောက်ကုန်း၌ရောက်နေသော၊ရာဇာနံ-ကို၊ ဥလ္လောကေန္တဿ-မော်ကြည့်သော၊ သံဃရက္ခိတတ္ထေရူပဋ္ဌာက သာမဏေရဿ - သံဃရက္ခိတထေရ်၏ အလုပ် အကျွေးဖြစ်သော သာမဏေအား၊ (ဇီဝမာနက သရီရေ ဥပဋ္ဌာတိဝိယစ-ကဲ့သို့လည်းကောင်း၊) တထာ-တူ၊ ဇီဝမာနက သရီရေပိ-၌လည်း၊ ဥပဋ္ဌာတိ-ထင်လာ၏၊

ရောဂိနော။ ။ရောဂါရှိသူမှာ ဝမ်းသက်ဆေး ပျို့အန်ဆေးကိုစား၍ ဝမ်းသက်ရာ ပျိုအန်ရာအခါ၌ ရောဂါပျောက်မည့်အရေးကို တွေးကာ ဝမ်းမြောက်သကဲ့သို့ ထို့အတူ ပဋိကူလအာရုံကို အာရုံပြုရသော်လည်း နီဝရဏကိုပယ်နိုင်ခြင်းကြောင့် ပီတိသောမနဿ ဖြစ်နိုင်ပါသည်၊ ဤသို့ ပုပ္ပဆဋ္ဌကနှင့် အာနိသံသဒဿာဝိတာကိုလည်းကောင်း, ရောဂီ၏ ဝမနဝိရေစနနှင့် နီဝရဏသန္တာပ ပဟာနကိုလည်းကောင်း စပ်ဟပ်၍ ဥပမာကို မှတ်ပါ။

မှတ်ချက်။ ။"ဥပသန္တဗျာဓိ ဒုက္ခဿ, ဥဿန္ဒဗျာဓိ ဒုက္ခဿ"ဟု ၂ မျိုး ရှိ၏၊ ဝမနဝိရေစနသည် ရောဂါရှိသူ၏ နီဝရဏသန္တာပ ပဟာနနှင့် တူသောကြောင့် နဂိုရ်က ငြိမ်းအေးပြီးသော ရောဂါ မဖြစ်ထိုက်၊ ထို့ကြောင့် ဥပသန္တဟုရှိသော ပါဌ်က မကောင်း, ဥဿန္ဒဟု ရှိသောပါဌ်သာ ကောင်းသည်။

မဟာတိဿတ္ထေရ။ ။စေတိယတောင်မှ အနုရာဓမြို့သို့ ဆွမ်းခံကြွလာသော မဟာတိဿထေရ်ကို အမျိုးသီးတယောက်သည် ခင်ပွန်းသည်နှင့် ရန်ဖြစ်၍ အဝတ်တန်ဆာ ဆင်ယင်ကာဖြင့် အိမ်မှထွက်ကာ မိဘအိမ်သို့ ပြန်လာစဉ် တွေ့မြင်သောအခါ မရိုးသားသောစိတ်ဖြင့် ကျယ်စွာ ရယ်လေသည်၊ အရှင်တိဿထေရ်သည် ထိုအသံကို ကြား၍ကြည့်လိုက်သောအခါ သွားအရိုးတို့ကိုမြင်၍ အသုဘသညာ ဖြစ်ပေါ်လာသဖြင့် ဝိပဿနာ ဆက်၍ရှုလေရာ ရဟန္တာဖြစ်လေသည်၊—[ဝိသုဒ္ဓိမဂ္ဂ, သီလနိဒ္ဒေသ။]

[“တဒေတံ ဣမိနာ လက္ခဏေန နာ ကေဝလံ မတသရိရေယေဝ, ဇီဝမာနက သရီရေပိ ဥပဒ္ဒဝါတိ” သာ လိုရင်းဖြစ်၏၊ ဒန္ဓဋ္ဌိကဒဿာဝိနော စသည်တို့ကား အာတ္တင်းသွင်းထားသော ဥပမာနဝါကျတို့သာ၊] ဟိ-မှန်၊ မတသရီရံ-သူသေကောင်သည်၊ အသုဘံယထေဝ-မတင့်တယ်သကဲ့သို့၊ ဇီဝ-တူ၊ ဇီဝမာနကမို့-အသက်ရှင်ဆဲကိုယ်သည်လည်း၊ အသုဘမေဝ - မတင့်တယ်သည်သာ၊ ပန-ထို့သို့ မတင့်တယ်ပါသော်လည်း၊ တတ္ထ-ဤအသက်မွေးဆဲ ကိုယ်၌၊ အသုဘလက္ခဏံ-သည်၊ အာဂန္တုကေန-အာဂန္တုကဖြစ်သော၊ (မူလက အိမ်၌မရှိသော ဧည့်သည်ကဲ့သို့ နဂိုက ကိုယ်ခန္ဓာတွင် မပါဝင်သော၊) အလင်္ကာရေန - တန်ဆာဖြင့်၊ ပဋိစ္ဆန္နတ္တာ-ဖုံးကွယ်အပ်သည်၏အဖြစ်ကြောင့်၊ န ပညာယတိ-မထင်ရှား၊ လွတ်-အပြီးတည်း။ [သဂ္ဂိဟ်ဘာသာဋီကာ အသုဘအခန်း၌ ဂါထာနှင့် တကွ ပြထားပြီ။]

အသုဘကထာ-သည်၊ နိဋ္ဌိတာ-ပြီ။

ပန-ပရိဟာရ၊ပေ၊ အံ့၊ ပထဝီကသိဏ်-ကို၊ အာဒိ ကတ္တာ-၍၊ အဋ္ဌကသညာ ပရိယောသာနာဝ-အဋ္ဌကသညာ အဆုံးရှိသည်သာလျှင်ဖြစ်သော၊ သောရူပါဝစရပဋိနာ-ဤရူပါဝစရ အပွနာစျာန်သည်၊ (ဟောတိ) ကိ-ဖြစ်သလော၊ ဥဒါဟု-သို့မဟုတ်၊ အညာပိ-အခြားသော ရူပါဝစရအပွနာသည်လည်း၊ အတ္ထိ ကိ-ရှိသေးသလော၊ လွတ်-ဤကား အမေးတည်း၊ [ဤမှနောက်၌ စာအုပ်များဝယ် မူအာမျိုးမျိုး ဖြစ်နေ၏၊ “အတ္ထိ အာနာပါနဋ္ဌာနံ ဟိ ကာယဂတာသတိဘာဝနာ စ” ဟူသော မူကိုလိုက်၍ အနက်ပေးမည်။] (အညာပိ-အခြားသော ရူပါဝစရအပွနာသည်လည်း၊) အတ္ထိ-ရှိသေး၏၊ ဟိ-ချဲ့၊ အာနာပါနဋ္ဌာနမို့၊ ကိံလည်းကောင်း၊ ကာယဂတာ သတိ ဘာဝနာ စ - ကိုလည်းကောင်း၊ လွန-ဤမမှသင်္ကာပါဋိတော်၌၊ နာ ကထိတာ-ဟောတော် မမူအပ်၊ ကိဉ္စာပိ နာ ကထိတာ-အဂယ်၍ကား ဟောတော်မမူအပ်ပါပေ၊ ပန-ထို့သို့ပင်ဟောတော် မမူအပ်ပါသော်လည်း၊ ဝါယောကသိဏေ - ဝါယောကသိုဏ်းကို၊ ဂဟိတေ-တိုက်ရိုက်ယူအပ်ပြီးသော်၊ အာနာပါနဋ္ဌာနံ - ကို၊ ဂဟိတမေဝ-ယူအပ်ပြီးသည်သာ၊ [ဝါယောကသိုဏ်းနှင့် ထွက်သက်ဝင်သက်လေသည် သဘောတူသောကြောင့်-ဟူလို။]

စ-သည်သာမကသေး၊ ဝဏ္ဏကသိဏေသု-နီလစသော ဝဏ္ဏကသိုဏ်းတို့ကို၊ ဂဟိတေသု-ယူအပ်ပြီးကုန်လသော်၊ ကေသာဒီသု-ဆံအစရှိသည်တို့၌၊ စတုက္ကပဉ္စကဇ္ဈာနဝသေန - ဖြင့်၊ ဥပ္ပန္နာ - သော၊ ကာယဂတာသတိ - ကာယဂတာ

ဝဏ္ဏကသိဏေသု၊ပေ၊ သတိ။ ။ဆံပင်၏ အညိုရောင်သည် နီလကသိုဏ်းနှင့် သဘောတူ၏၊ ဝါသော အသားအရေရောင်သည် ပီတကသိုဏ်းနှင့် သဘောတူ၏၊ အသွေးသည် လောဟိတကသိုဏ်းနှင့် သဘောတူ၏၊ မျက်လုံး၏ဖြူသော အရပ်သည်

သတိကိုလည်းကောင်း၊ ဒသသု-နှ်သော၊ အသုဘေသု-တို့ကို၊ ဂဟိတေသု-ယူအပ်ပြီးကုန်လသော်၊ ဒုတ္တိ ံသာကာရေ-၃၂-ပါးသော အဖိုအစု၌၊ ပဋိကူလမနသိကာရဏ္ဍာနဝသေနစေဝ-စက်ဆုပ်ဖွယ်ကို နှလုံးသွင်းသော ဈာန်၏အစွမ်းဖြင့်လည်းကောင်း၊ နဝသိဝထိကာဝဏ္ဏဏ္ဍာနဝသေနစ- ကိုးပါးသော သင်းချိုင်း၌ဖြစ်သော အဆင်းကို အာရုံပြုသော ဈာန်၏အစွမ်းဖြင့်လည်းကောင်း၊ ဝါ- ၉-ပါးသော သိဝထိကာ အပြားရှိသော ဈာန်၏ အစွမ်းဖြင့် လည်းကောင်း၊ ပဝတ္တာ-သော၊ ကာယဂတာသတိ- ကာယဂတာသတိကို လည်းကောင်း၊ ဂဟိတာဝ- ယူအပ်ပြီးသည်သာ၊ ဣတိ-ကြောင့်၊ သဗ္ဗာပိ-သော၊ ရူပါဝစရပွနာ- ရူပါဝစရအပွနာသည်၊ ဝါ- ရူပါဝစရအပွနာကို၊ ဣဓ-ဤဓမ္မသင်္ဂဏီပါဋိတော်၌၊ ကထိတာဝ- ဟောတော်မူအပ်ပြီးတော့သည်သာ၊ ဟောတိ-ဖြစ်၏၊ ဣတိ-ဤတွင် ရူပါဝစရကုသိုလ်အဖွင့် အပြီးတည်း။

ရူပါဝစရကုသလကထာ-သည်၊ နိဋ္ဌိတာ-ပြီ။

ဩဒါတကသိုဏ်းနှင့် သဘောတူ၏၊ ဤသို့ စသည်ဖြင့် ခန္ဓာကိုယ်၌ ဖြစ်သော နီလပီတလောဟိတဩဒါတတို့ကိုအာရုံပြု၍ ရအပ်သောဈာန်သည် ကာယဂတာသတိဘာဝနာဖြစ်ရကား နီလကသိုဏ်းစသော ဝဏ္ဏကသိုဏ်း လေးပါးကို ဤအဘိဓမ္မာ၌ တိုက်ရိုက်ယူထားသဖြင့် ကေသစသော ကာယ၌ဖြစ်သော ကာယဂတာသတိကိုလည်း ယူပြီးဖြစ်တော့သည်။

ဒသသု၊ ပေ၊ ဂဟိတာဝ။ ။သတိပဋ္ဌာန် ပါဋိတော်၌ "ကေသာ, လောမာ" စသော ၃၂-ကောဋ္ဌာသသည်လည်းကောင်း, နဝသိဝထိကာ ပဗ္ဗသည် လည်းကောင်း ပါ၏၊ အသုဘ ၁၀-ပါးကို ဤအဘိဓမ္မာပါဋိတော်၌ တိုက်ရိုက်ယူလိုက်လျှင် ပဋိကူလမနသိကာရချင်း တူသောကြောင့် ထို ဒုတ္တိ ံသာကာရကာယဂတာသတိကို လည်းကောင်း, နဝသိဝထိကာ၏ အစွမ်းဖြင့်ဖြစ်သော ကာယဂတာသတိကို လည်းကောင်း ယူပြီးဖြစ်သည်။

နဝသိဝထိကာဝဏ္ဏဏ္ဍာန။ ။သူသေကောင်တို့၏ လတ်လတ်လောလော ပစ်ရာသုသာန်ကို "သိဝထိကာ" ဟု ခေါ်၏၊ ထို သိဝထိကာ၌ရှိသော သူသေကောင်ကိုလည်း ဌာနျူပစာရအားဖြင့် "သိဝထိကာ" ဟု ခေါ်သည်၊ ထိုသခ်ျိုင်း၌ "ဧကာဟမတံ ဝါ ဒွီဟမတံ ဝါ" စသည်ဖြင့် သူသေကောင် ၉-မျိုးရှိ၏၊ ထို သူသေကောင် ၉-မျိုး၏ အဆင်းကို မိမိ၏ သက်ရှိကိုယ်၌ ဥပမာပြု၍ အားထုတ်သောအခါ ဈာန်ကို ရသောကြောင့် "နဝသိဝထိကာ ဝဏ္ဏဏ္ဍာန" ဟု ခေါ်သည်၊ [နဝသု သိဝထိကာသု ဝဏ္ဏဝသေန ပဝတ္တဏ္ဍာနံ နဝသိဝထိကာဝဏ္ဏဏ္ဍာနံ၊—အနူ။]

တနည်။။ ။ဝဏ္ဏသဒ္ဒါသည် ပကာရအနက်ကိုဟော၏၊ ထို့ကြောင့် ၉-ပါးသော သိဝထိကာ အလောင်းကောင်အပြားကို(မိမိ၌ ဥပမာဆောင်၍) အာရုံပြုသဖြင့် ရအပ်သောဈာန်ကို "နဝသိဝထိကာဝဏ္ဏဏ္ဍာန" ဟု ခေါ်သည်၊ "သိဝထိကပွကာရာနိ ဝါ သိဝထိကာဝဏ္ဏာနိ၊—ဋီကာ။

အရူပကုသိုလ် အဖွင့်

အာကာသာနဉ္စာယတနစျာန်

ဣဒါနိ- ရူပါဝစရကုသိုလ်ကို ပြတော်မူပြီးရာ ယခုအခါ၌၊ အရူပါဝစရကုသလံ၊ပေ၊အာရဒ္ဓံ၊ တတ္ထ- ထို ကတမေ ဓမ္မာ ကုသလာ အစရှိသော စကား ရပ်၌၊ အရူပူပပတ္တိယာတိ(တတ္ထ)-၌၊ အရူပဘဝေါ- အရူပဘဝသည်၊ အရူပံ- အရူပမည်၏၊ (ဘဝဟူသော နောက်ပုဒ်ချေ၊) အရူပေ- အရူပဘဝ၌၊ ဥပပတ္တိ-ဖြစ်ရခြင်းတည်း၊ ဝါ- ပဋိသန္ဓေနေရခြင်းတည်း၊ အရူပူပပတ္တိ-ခြင်း၊ တဿာ အရူပူပပတ္တိယာ- ထို အရူပဘဝ၌ ဖြစ်ရခြင်း၏၊ ဝါ- ထို အရူပဘဝဝယ် ပဋိသန္ဓေနေရခြင်း၏၊ မဂ္ဂံ ဘာဝေတိတိ-ကား၊ ဥပါယံ- ကပ်ရောက်ကြောင်း ဖြစ်သော စျာန်ကို၊ ဟေတုံ- အကြောင်းဖြစ်သောစျာန်ကို၊ ကာရဏံ-အကြောင်း ဖြစ်သောစျာန်ကို၊ ဥပပါဒေတိ-ဖြစ်စေ၏၊ ဝဧဒုံ- တိုးပွားစေ၏။

သဗ္ဗသောတိ- ကား၊ သဗ္ဗာကာရေန-အလုံးစုံသော အခြင်းအရာအားဖြင့်၊ ဝါ-တနည်း၊ သဗ္ဗာသံ- အလုံးစုံကုန်သော၊ အနဝသေသာနံ- အကြွင်းအကျန် မရှိကုန်သော၊ (ရူပသညာနံ ၌စပ်၊) ဣတိ အတ္ထော။

ဥပါယံ, ဟေတုံ, ကာရဏံ။ ။မဂ္ဂံ၏ အဖွင့်တည်း၊ မဂ္ဂံအရ ပကတိလမ်းကို ယူမည်စိုး၍"ဥပါယံ"ဟု ဖွင့်သည်၊ [ရူပဈာန်တုန်းကလည်း ဤအတိုင်းဖွင့်ခဲ့၏၊]ဥပါယ သဒ္ဒါသည်"ဝိသေသန"ဟူသော အနက်ကိုလည်း ဟော၏၊ ထိုအနက်ကို ယူမည်စိုး၍ "ဟေတုံ"ဟုလည်းကောင်း, ဟိတ်အမျိုးမျိုးတွင် ပြုတတ်သော ဖြစ်စေတတ်သော ဇနကဟိတ်ကို ယူစေလို၍ "ကာရဏံ"ဟု လည်းကောင်း ဖွင့်သည်။

သဗ္ဗသော။ ။အာကာရအနက်၌ "သော"ပစ္စည်းဟု ပြုလို၍ "သဗ္ဗာကာရေန" ဟု ဖွင့်၏၊ တနည်း-"သဗ္ဗသော"ဟူသော အဗျယဟဒ္ဒိတ်ပုဒ်နောင် နံဝိဘတ်ကြသည် ဟု ပြုလို၍"သဗ္ဗာသံ"ဟု ဖွင့်၏၊ ဤသဗ္ဗသည် သာဝသေသသဗ္ဗ မဟုတ်၊ "အနဝ သေသသဗ္ဗ"ဟု သိစေလို၍ "အနဝသေသာနံတိ အတ္ထော"ဟု အဓိပ္ပာယ်ဖွင့်သည်။ [သဗ္ဗသော-အလုံးစုံသော အခြင်းအရာအား ဖြင့်၊ (သမတိက္ကမာ၌စပ်၊) ဝါ-ကြွင်းမဲ့ ညဿံ, အလုံးစုံကုန်သော"ဟု ပါဠိတော်၌ ပေးပါ။

သဗ္ဗာကာရ။ ။"အလုံးစုံ အခြင်းအရာအားဖြင့် ရူပသညာကို လွန်မြောက်" ဟူရာ၌ ရုပ်ခန္ဓာရှိခြင်းကြောင့် တုတ်ကိုင်ရ, ခေါင်းကိုင်ရ, ငြင်းခုန်ရ, စသော ကြမ်းတမ်း မှုများ ဖြစ်ရ၏၊ ဤသို့ စသည်ဖြင့် ရုပ်တရား-ရုပ်ဟူသော ပဋိဘာဂ နိမိတ်တို့၌ လည်း ကောင်း, ထိုတရား ထိုနိမိတ်များကို အာရုံပြုသောအဘိညာဉ်နှင့် ရူပစျာန်တို့၌ လည်း ကောင်း အပြစ်ကိုမြင်ခြင်းဟူသော အခြင်းအရာသည် ရုပ်နှင့်စပ်၍ အားလုံးပင် စုံနေ သောကြောင့် "သဗ္ဗာကာရ"မည်၏၊ တနည်း-ထိုရုပ်, ထိုအဘိညာဉ်, ထိုစျာန်တို့၌ နှစ်သက်မှုကို ပယ်ခြင်း ထိုစျာန်တို့ကို အာဝဇ္ဇနသမာပဇ္ဇန စသည် မပြုလိုတော့ခြင်းကို (ရုပ်နှင့်စပ်၍ အားလုံးပင် စုံသောကြောင့်) "သဗ္ဗာကာရ"ဟု ခေါ်သည်၊-ဋီကာ။

ရူပသညာနန္တိ-ကား၊ သညာသီသေန-သညာကို အဦးပြုသဖြင့်၊ ဝုတ္တရူပါ ဝစရဏ္ဌာနာနဥ္ဇေဝ-ဟောတော်မူအပ်သောရူပါဝစရစျာန်တို့ကိုလည်းကောင်း၊ တဒါရမဏာနဥ္ဇ-ထိုရူပါဝစရစျာန်၏ အာရုံဖြစ်ဘော ကသိုဏ်းရုပ်တို့ကိုလည်း ကောင်း၊ (သမတိက္ကမာ၌ စပ်၊) ဟိ-ချဲ၊ (တနည်း) ဟိ (ယသ္မာ) ရူပီ ရူပါနိ ပဿတီတိ အာဒီသု-အစရှိသောပါဋိရပ်တို့၌၊ ရူပါဝစရဏ္ဌာနံပိ-ကိုလည်း၊ရူပန္တိ-ရူပံဟူ၍၊ဝုစ္စတိ၊ [ရူပီ-ရူပစျာန်ရှိသောပုဂ္ဂိုလ်သည်၊ ရူပါနိ-ကသိုဏ်းရုပ်တို့ကို၊ ပဿတိ-ရှု၏၊] ဗဟိဒ္ဓါ၊ပေ၊ သုဝဏ္ဏဒုဗ္ဗဏ္ဏာနီတိ အာဒီသု-အစရှိသော ပါဋိ ရပ်တို့၌၊ တဿ-ထိုရူပါဝစရစျာန်၏၊ အာရမဏံပိ-ကိုလည်း၊ (ရူပန္တိ ဝုစ္စတိ)၊ [ဗဟိဒ္ဓါ-၌၊ သုဝဏ္ဏဒုဗ္ဗဏ္ဏာနီ-ကောင်းသော အဆင်းရှိကုန်, မကောင်းသော အဆင်းရှိကုန်သော၊ ရူပါနိ-ကသိုဏ်းရုပ်တို့ကို၊ ပဿတိ]၊ တသ္မာ-ကြောင့်၊ (ထိုသို့ ရူပစျာန်၏ ရူပဟုခေါ်ဝေါ်အပ်သည်၏အဖြစ်, ထိုရူပစျာန်၏ အာရုံ၏ လည်း ရူပဟုခေါ်ဝေါ်အပ်သည်၏ အဖြစ်ကြောင့်၊) ဣမ-ဤရူပသညာနံ ဟူသောပါဋ်၌၊ (အဓိဝစနံ၌ စပ်၊) ရူပေ-ရူပစျာန်၌၊ သညာ-ဖြစ်သောသညာ တည်း၊ရူပသညာ-ရူပစျာန်၌ဖြစ်သောသညာ၊ဣတိ ဧဝံ-သို့၊ဧတံ-ဤရူပသညာနံ ဟူသော သဒ္ဒါသည်၊ သညာသီသေန-ဖြင့်၊ ရူပါဝစရဏ္ဌာနဿ-ကို၊ အဓိဝစနံ-ဟောသောသဒ္ဒါတည်း၊ အဿ-ထိုအာရုံ၏၊ ရူပံ-ရုပ်ဟူသော၊ သညာ-အမည်

သညာသီသေန၊ပေ၊ ရမဏာနဥ္ဇ။ ။"ရူပသညနနံ သမတိက္ကမာ"ဟု ဟော တော်မူသောကြောင့် သညာကို သာလွန်သလောဟု မေးဖွယ်ရှိရကား "သညာ သီသေန"ဟု မိန့်သည်၊ သညာကို ခေါင်းတပ်၍ ပဓာနနည်းအားဖြင့် ဟောတော်မူခြင်း တည်း၊ ရူပစျာန်, ထိုစျာန်၏ ကသိုဏ်းအာရုံကိုလည်း လွန်ပါသည်-ဟူလို၊ သညာ သီသေနကို ဝုတ္တ၌သာ စပ်၊ "သညာကိုခေါင်းတပ်၍ ဟောတော်မူအပ်သော ရူပါဝစရ စျာန်"ဟူလို၊ "တဒါရမဏာနဥ္ဇ"ကား သညာသီသေနနှင့် မစပ်ရ။

ရူပါဝစရဏ္ဌာနံပိ ဟိ။ ။ရူပသညာနံ အရ ရူပစျာန်, ထိုစျာန်၏ အာရုံတို့ကို အကျဉ်းချုပ်အားဖြင့် ဖွင့်ပြပြီး၍, ထိုကို ချဲ့လိုသောကြောင့် "ရူပါဝစရဏ္ဌာနံပိ ဟိ" စသည်မိန့်၊ နောက်၌ "တသ္မာ"ဟု ဖလဝါကျ ရှိသောကြောင့် "ဟိ"ကို ဟေတု ဇောတကလည်း ကြံ၏၊ ရူပီ ရူပါနိ ပဿတိဝယ် မုပီ၌ ရူပအရ ရူပစျာန်ကိုလည်း ကောင်း, ဗဟိဒ္ဓါ ရူပါနိဝယ် ရူပအရ နီလကသိုဏ်းစသော အာရုံကိုလည်းကောင်း အဘီဘာယတနကထာတုန်းက ဖွင့်ခဲ့ပြီ။

တသ္မာ၊ပေ၊ အဓိဝစနံ။ ။"ရူပေ+သညာ ရူပသညာ"ဟု တပ္ပုရိသ်သမာသ် ပြုရာ၌"ရူပေ"အရ ရူပစျာန်ကိုရ၍, ထိုစျာန်၌ဖြစ်သော(ယှဉ်သော)သညာစေတသိက် ကို"ရူပသညာ"ဟု ဆိုထားသောကြောင့် တပ္ပုရိသ်သမာသ်ထုံးစံအတိုင်း နောက်ပုဒ်၏ အရဖြစ်သော သညာသည် ပဓာနဖြစ်၏။ ဤသို့ သညာကိုပဓာနအဖြစ်ဖြင့် ဟောတော် မူရကား အပဓာနအားဖြင့် ရူပစျာန်လည်း ရသောကြောင့် "သညာသီသေန ရူပါ ဝစရဏ္ဌာနဿေတံ အဓိဝစနံ"ဟု မိန့်သည်၊ ဤအဖွင့်ကို ကြည့်၍ "ရူပသညာနံ-ရူပစျာန်၌ဖြစ်သော သညာတို့ကို"ဟု ပေးပါ။

သည်၊ အတ္ထိ-ရှိ၏၊ တံ-ထိုအာရုံသည်၊ ရူပသည်ံ-ရူပသညာ မည်၏၊ အာသံ-ထို အာရုံ၏၊ ရူပံ-ရုပ်ဟူသော၊ နာမံ-အမည်သည်၊ (အတ္ထိ)၊ ဣတိ ဝုတ္တံ ဟောတိ၊ ဧဝံ-သို့လျှင်၊ ဧတံ-ဤရူပသညာနံဟူသော သဒ္ဒါသည်၊ ပထဝီကသိဏာဒိ ဧဘေဒဿ-ပထဝီကသိုဏ်းအစရှိသော အပြားရှိသော၊ တဒါရမဏာဿ-ထိုရူပါ ဝစရစျာန်၏အာရုံကိုလည်း၊ အဓိဝစနံ-တည်း၊ ဣတိ ဧဝဒီတဗ္ဗံ။

သမတိက္ကမာတိ-ကား၊ ဝိဇာဂါ-စက်ဆုပ်ခြင်းကြောင့်လည်းကောင်း၊ နိရောဓာစ-ချုပ်ခြင်းကြောင့်လည်းကောင်း၊ [ဤအဖွင့်ကား အဓိပ္ပာယ်ဖွင့်သာ၊ "လွန်မြောက်ခြင်းကြောင့်"ဟု သဒ္ဒတ္ထပေး၊] ကိံ ဝုတ္တံ ဟောတိ၊ ကုသလဝိပါက ကြိယဝသေန-ကုသိုလ်,ဝိပါက်, ကြိယာတို့၏အပြားအားဖြင့်၊ ပဋိဃသန္နံ-နှစ်သာ၊ စျာနသမင်္ဂါတာနံ-စျာန်ဟု ဆိုအပ်ကုန်သော၊ ဧတာသံ ရူပသညာနံ-ဤရူပစျာန်၌ဖြစ်သော သညာတို့ကိုလည်းကောင်း၊ ဝါ-တို့၏ လည်းကောင်း၊ ပထဝီကသိဏာဒိဝသေန-ပထဝီကသိုဏ်း အစရှိသည်တို့၏ အပြားအားဖြင့်၊ အဋ္ဌန်-နှစ်သော၊ အာရမဏသမင်္ဂါတာနံ-နှစ်သော၊ ဧတေသံ ရူပသညာနံ စ-ဤကသိုဏ်း၊ ရုပ် အမည်ရှိသော အာရုံတို့ကိုလည်းကောင်း၊ (တို့၏လည်းကောင်း၊) သဗ္ဗာကာရေန-ဖြင့်၊ ဝါ-တနည်း၊ အနဝသေသာနံ-အကြွင်းအကျန်မရှိကုန်သော၊ (ရူပသညာနံ-တို့၏၊ ဝါ-တို့ကို၊) ဝိဇာဂါစ-ကြောင့်လည်းကောင်း၊ နိရောဓာစ-ကြောင့်လည်းကောင်း၊ ဝိဇာဂဟေတု စစဝ-စက်ဆုပ်ခြင်းဟူသော အကြောင်းကြောင့်လည်းကောင်း၊ နိရောဓ

နောက်နည်း။ ။နောက်နည်း၌ကား "ရုပ်ဟူသော အမည် သညာရှိသော"ဟု ဗဟုဗ္ဗီဟိသမာသ်ပြုသောကြောင့် ကသိုဏ်းရုပ်ဟူသောအာရုံကိုရသည်၊ ရူပမဿ နာမံ၌ နာမံကား သညာ၏အဖွင့်တည်း၊ သညာစေတသိက်ဟူသောအနက်ကို မယူနှင့်, နာမည်ဟူသော အနက်ကို ယူပါ-ဟူလို၊ ဤသို့ ရုပ်အမည်ရှိသော ပထဝီကသိုဏ်းရုပ် စသော အာရုံကို ရသောကြောင့် "ဧဝံ၊ ပေ၊ အဓိဝစနံ"ဟု မိန့်သည်၊ [တဒါရမဏာဿစ၌ စဖြင့် ဆိုအပ်ပြီးသော ရူပါဝစရစျာန်ကို ပေါင်း။] ဤနည်းအရ "ရူပသညာနံ-ကသိုဏ်းရုပ် အမည်ရှိသော အာရုံတို့ကို" ဟု ပေး၊ ပါဠိတော်၌ကား ထို ၂ နည်းလုံးကို ကသေသ့ ပြုပြီးလျှင် "ရူပသညာနံ-ရူပစျာန်၌ဖြစ်သော သညာ, ကသိုဏ်းရုပ် အမည်ရှိသော အာရုံတို့ကို" ဟု ပေးပါ။

ကိံ ဝုတ္တံ ဟောတိ။ ။ဝိရာဂဖြစ်ပုံကို ထင်ရှားပြလို၍ "ကိံ ဝုတ္တံ ဟောတိ"ဟု တက်သည်၊ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ သဗ္ဗာကာရေနကို ဝိရာဂါ၌လည်းကောင်း, အနဝသေသာနံကို နိရောဓာ၌လည်းကောင်း တနည်း စပ်ပြသေး၏၊ သဗ္ဗာကာရ၏အဓိပ္ပာယ်ကို ရှေ့၌ ပြခဲ့ပြီ၊ သဗ္ဗာကာရေနကို ရှေ့၌ ၂ နည်း ဖွင့်ခဲ့သောကြောင့် ဤ၌လည်း "သဗ္ဗာကာရေန, အနဝသေသာနံ ဝါ"ဟု ၂ နည်းပင်ပြသည်၊ ဝိရာဂါနိရောဓာတို့၌ သမ္မာဝိဘတ်၏ ဟိတ်အနက်ကို ပြလို၍ "ဝိရာဂဟေတု, နိရောဓဟေတု"ဟု ဖွင့်သည်၊ ရုပ်နှင့်စပ်သော သညာ၏အဖြစ်ကို မြင်နေခြင်းသည် ဝိရာဂ(ရူပသညာကိုစက်ဆုပ်ခြင်း) တည်း၊ ရုပ်နှင့်စပ်သောဆန္ဒရာဂကို ပယ်ခွာနိုင်ခြင်းသည် နိရောဓ(ရူပသညာ၏ချုပ်ခြင်း) တည်း။

ဟေတုစ-ချုပ်ခြင်းဟူသော အကြောင်းကြောင့်သည်းကောင်း၊ အာကာသာနဉ္ဇာယတနံ - အာကာသာနဉ္ဇာယတနစျာန်သို့၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ ဝိဟရတိ-နေနိုင်၏၊ ဟိ-မှန်၊ [ရှေးနိဿယ၌ "ဟိ-ဗျတိရိက်ကို ဆိုဦးအံ့"ဟု ဆို၏၊ ဗျတိရေကဒဋ္ဌိပင်တည်း။] သဗ္ဗသော -အားဖြင့်၊ အနတိက္ကန္တရူပသညေန-မလွန်မြောက်အပ်သေးသော ရူပသညာရှိသော ပုဂ္ဂိုလ်သည်၊ ဝါ-ရူပသညာကို မလွန်မြောက်သေးသော ပုဂ္ဂိုလ်သည်၊ တေံ - ဤ အာကာသာနဉ္ဇာယတနစျာန်ကို၊ ဥပသမ္ပဇ္ဇ-ပြီးစေ၍၊ ဝိဟရိတုံ-ငှါ၊ နသက္ကာ - မစွမ်းနိုင်၊ ဣတိ-မှတ်အပ်၏၊ [ကသ္မာဟု ထည့်ပြီးလျှင် "ဟိယသ္မာ- ကြောင့်၊ပေ၊ ဣတိ-ထို့ကြောင့်"ဟု ပေး၍ ရှေဝါကျအားလုံးကို ပြန်လှည့်၍လည်းပေးပါ။]

တတ္ထ-ထို သညာသမတိက္ကမ, အာရမဏသမတိက္ကမ ၂-မျိုးတို့တွင်၊ ("အာရမဏ သမတိက္ကမံ, သညာနံယေဝ သမတိက္ကမော"တို့၌စပ်၊) ယသ္မာ, အာရမဏေ- ကသိုဏ်းအာရုံ၌၊ အဝိရတ္တဿ- ဝိရတ္တမဟုတ်သော ယောဂီ ပုဂ္ဂိုလ်၏၊ [မတပ်နှစ်သက်သူမဟုတ်, တပ်နှစ်သက်နေသော ယောဂီပုဂ္ဂိုလ်၏၊] သညာသမတိက္ကမော- သညာကို ကောင်းစွာ လွန်မြောက်ခြင်းသည်၊ နဟောတိ-မဖြစ်နိုင်၊ သညာသုစ- သညာတို့ကိုလည်း၊ သမတိက္ကန္တာသု- ကောင်းစွာ လွန်မြောက်အပ်ပြီးကုန်လသော်၊ အာရမဏံ- ကသိုဏ်းအာရုံသည်၊ ဝါ-ကို၊ သမတိက္ကန္တမေဝ- ကောင်းစွာ လွန်မြောက်အပ်ပြီးတော့သည်သာ၊ ဟောတိ၊ တသ္မာ-ကြောင့်၊ (သညာကို ကောင်းစွာ လွန်မြောက်အပ်လျှင် အာရုံကိုလည်း ကောင်းစွာ လွန်မြောက်အပ်ပြီး၏ အဖြစ်ကြောင့်၊) အာရမဏသမတိက္ကမံ-အာရုံကို ကောင်းစွာ လွန်မြောက်ခြင်းကို၊ အဝတ္ဆာ-ဟောတော်မမူပဲ၊ တတ္ထ ကတမာ၊ ပေ၊သမတိက္ကမာတိ-ဟူ၍၊ ဝေံ-သို့၊ ဝိဘင်္ဂေ-စျာနဝိဘင်းပါဋ္ဌိတော်၌၊ သညာနံယေဝ- သညာတို့ကိုသာ၊ သမတိက္ကမော- ကောင်းစွာ လွန်မြောက်ခြင်းကို၊ ဝုတ္တော- ဟောတော်မူအပ်ပြီ၊ [တတ္ထ- ထို သဗ္ဗသော ရူပသညာနံ အစရှိသော ပါဋ္ဌိရပ်၌၊ ရူပသညာ-ရူပသညာဟူသည်၊ ကတမာ-နည်း၊ ရူပါဝစရသမာပတ္တိ -သို့၊ သမာပန္နဿဝါ- ကောင်းစွာရောက်သောပုဂ္ဂိုလ်၏လည်းကောင်း၊ ဥပပန္နဿဝါ- ရူပဘုံ၌ဖြစ်ရသော ပုဂ္ဂိုလ်၏လည်းကောင်း၊ ဒိဋ္ဌမေ္မ သုခဝိဟာရိဿဝါ-မျက်မှောက်ဘဝ၌ ချမ်းသာစွာနေရခြင်းရှိသော ရဟန္တာ

တတ္ထ ယသ္မာ၊ ပေ၊ ဝုတ္တော။ ။"ရူပသညာနံ သမတိက္ကမာ"အရ၌ စျာနသညာနှင့် အာရုံ ၂-မျိုးလုံး လွန်မြောက်ပုံကိုရပါလျက် စျာနဝိဘင်းပါဋ္ဌိတော်၌ အဘယ့်ကြောင့် "သညာသမတိက္ကန္တ"ကိုသာ ဟောတော်မူပါသနည်း—ဟု မေးဖွယ် ရှိသောကြောင့် "တတ္ထ" စသည်ကိုမိန့်သည်၊ ဆိုလိုရင်းကား-အာရုံ၌ မတပ်မက်မဟုတ် (တပ်မက်နေ) သူမှာ သညာကို မလွန်မြောက်နိုင်၊ သညာကိုလွန်မြောက်လျှင်အာရုံကိုလည်းလွန်မြောက်ပြီးဖြစ်၏၊ ထို့ကြောင့် အာရုံလွန်မြောက်ပုံကို အထူးမဟောတော့ပဲ သညာလွန်မြောက်ပုံကိုသာ ဟောတော်မူပါသည်—ဟူလို။

ပုဂ္ဂိုလ်၏လည်းကောင်း၊သညာ-သညာသည်၊ သဥ္ဇာနနာ- အမှတ်ပြု၍ သိခြင်းဟူသော အခြင်းအရာသည်၊ သဥ္ဇာနိတတ္တံ- အမှတ်ပြု၍ သိတတ်သော စိတ်၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ (အတ္ထိ)၊ ဣမာ- ဤသည်တို့ကို၊ ရူပသညာယော-တို့ဟူ၍၊ ဝုစ္စန္တိ၊ဣမာရူပသညာယောတို့ကို၊အတိက္ကန္တော- လွန်မြောက်ပြီးသည်၊ စိတိက္ကန္တော-အထူးသဖြင့် လွန်မြောက်ပြီးသည်၊ သမတိက္ကန္တော- ကောင်းစွာ လွန်မြောက်ပြီးသည်၊ ဟောတိ၊တေန-ကြောင့်၊ သဗ္ဗသော ရူပသညာနံ သမတိက္ကမာတိ-ဟူ၍၊ ဝုစ္စတိ။]

ပန-ဆက်၊ ယသ္မာ, တော သမာပတ္တိယော- ဤ အရူပသမာပတ်တို့သို့၊ အာရမဏသမတိက္ကမေန- ရှေးရှေးစျာန်၏ အာရုံကို ကောင်းစွာ လွန်မြောက်ခြင်းကြောင့်၊ ပတ္တဗ္ဗာ-ရောက်ထိုက်ကုန်၏၊ ပဌမဇ္ဈာနာဒီနိဝိယ- ပဌမစျာန် အစရှိသည်တို့ကဲ့သို့၊ ကေသို့ ယေဝ အာရမဏေ-တခုတည်းသော အာရုံ၌သာ၊ န (ပတ္တဗ္ဗာ)- ရောက်ထိုက်ကုန်သည် မဟုတ်၊ တသ္မာ- ကြောင့်၊ (ထိုသို့ ဤ အရူပသမာပတ်တို့၏ အာရမဏ သမတိက္ကမဖြင့် ရောက်ထိုက်ကုန်သည်၏ အဖြစ်ကြောင့်၊) အာရမဏသမတိက္ကမဝသေနာပိ- အာရုံကို လွန်မြောက်ခြင်း၏ အစွမ်းဖြင့်လည်း၊ [ပိဖြင့် သညာသမတိက္ကမကို ပေါင်း။]အယံ အတ္ထဝဏ္ဏနာ- ကို၊ (မယာ)ကတာ- ပြီ၊ ဣတိ ဝေဒိတဗ္ဗာ။

ပဋိဃသညာနံ အတ္ထင်္ဂမာတိ- ကား၊ စက္ခာဒီနံ- စက္ခု အစရှိကုန်သော၊ ဝတ္ထူနံ-ဝတ္ထုတို့၏လည်းကောင်း၊ရူပါဒီနံ-ရူပါရုံအစရှိကုန်သော၊အာရမဏာနဥ္စ-တို့၏လည်းကောင်း၊ပဋိသင်္ဌနေန-ထိခိုက်ခြင်းကြောင့်၊[ဝိသုဒ္ဓိမင်္ဂ၌ "ပဋိဃာတေန"ဟု ရှိ၏၊ သပ္ပဋိဃရုပ်ဖြစ်သောကြောင့် ကောင်းသည်။]သမုပ္ပန္နာ-

---

သမာပန္န စသည်။ ။"တတ္ထ ကတမာ ၊ပေ၊ သမတိက္ကမာ"သည် ဈာနဝိဘင်း ပါဋိတော်တည်း၊ ထို၌ သမာပန္နဿဝါဖြင့် ကုသိုလ်ဈာန် ဝင်စားခိုက်ကိုပြ၏၊ ဥပပန္နဿဝါဖြင့် ဝိပါက်ဈာန် (ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ခိုက်) ကိုပြ၏၊ ဒိဋ္ဌဓမ္မ သုခဝိဟာရိဿဝါဖြင့် ရဟန္တာသန္တာန်ဝယ် ကြိယာရူဈာန်ကို ပြသည်။

ယသ္မာ ပန ၊ပေ၊ မဝဒိတဗ္ဗာ။ ။ဈာနဝိဘင်း ပါဋိတော်၌ သညာသမတိက္ကမကို သာ ဟောတော်မူပါလျက် အဘယ်ကြောင့် အရှင် အင္ဌကထာဆရာသည် အာရမဏသမတိက္ကမ၏ အစွမ်းဖြင့်လည်း အတ္ထဝဏ္ဏနာကို ပြုရပါသနည်းဟု မေးဖွယ် ရှိသောကြောင့် "ယသ္မာ ပန" စသည်မိန့်၊ အရူပသမာပတ်တို့သည် ရူပဈာန်တို့ကဲ့သို့ အာရုံတခု၌ ဈာန်ဆင့်ဆင့် ရနိုင်သော သမာပတ်များ မဟုတ်ကြ၊ အောက်အောက် ဈာန်၏ အာရုံကိုလွန်နိုင်မှ အထက်အထက်ဈာန်သမာပတ်ကို ရနိုင်ကြ၏၊ ထို့ကြောင့် အာရမဏသမတိက္ကမ၏ အစွမ်းဖြင့်လည်း အတ္ထဝဏ္ဏနာကို ပြုရပါသည်—ဟူလို။

ပဋိဃသညာနံ။ ။ပဋိယေန-အာရုံ ဝတ္ထုတို့၏ ထိခိုက်ခြင်းကြောင့်+သမုပ္ပန္နာ+သညာ ပဋိဃသညာ"ဟု ပြု၊ ပဥ္စဝတ္ထု၌ ပဥ္စာရုံတို့၏ အချင်းချင်း ပေါင်းစုံမိခြင်းကို "ထိခိုက်"ဟု ခေါ်၏၊ ထိုသို့ထိခိုက်ခြင်းကြောင့်ဖြစ်သော ဒွေပဥ္စဝိညာဉ်နှင့် ယှဉ်သော

ကောင်းစွာ ဖြစ်ကုန်သော၊ သညာ-သညာတို့တည်း၊ ပဋိဃသညာ-ဝတ္ထုအာရုံ ၅-ပါးစုံတို့၏ ထိခိုက်ခြင်းကြောင့် ကောင်းစွာ ဖြစ်သော သညာတို့၊ တေ-ဤ ပဋိဃဲသညာဟူသော အမည်သည်၊ ရူပသညာဒီနံ-ရူပသညာ အစရှိသည်တို့၏၊ အဓိဝစနံ-အမည်တည်း၊ ယထာဟ- အဘယ်ကဲ့သို့ ဟောတော်မူသနည်း၊ တတ္ထ၊ပေ၊(အာဟ)၊[ကတ္ထ-ထို ပဋိဃဲသညာနံ အတ္ထဂ်ဗာဟူသော ပါဠိတော်ရပ်၌၊ ပဋိဃသညာ-တို့ဟူသည်၊ ကတမာ-အဘယ်တို့နည်း၊ ရူပသညာ-ရူပါရုံ၌ ဖြစ်သော သညာလည်းကောင်း၊ပေ၊ဖောဋ္ဌဗ္ဗသညာ-လည်းကောင်း၊ဇ္ဈာန-ဤပဉ္စဝိညာဉ်နှင့်ယှဉ်သော သညာတို့ကို၊ ပဋိဃသညာယေဉ- ပဋိဃသညာတို့ဟူ၍၊ ဝုစ္စန္တိ၊] ကုသလဝိပါကာနံ-ကုသလဝိပါက်ဖြစ်ကုန်သော၊ပဉ္စန္နံ-၅-ပါးသော ပဉ္စဝိညာဉ် သညာတို့လည်းကောင်း၊ အကုသလဝိပါကာနံ-နှ်သော၊ ပဉ္စန္နံ- ၅-ပါးသော ပဉ္စဝိညာဉ်သညာတို့လည်းကောင်း၊ဇ္ဈာတိ-သို့၊ သဗ္ဗသော-ကြွင်းမဲ့ ဥဿုံ,အလုံးစုံကုန်သော၊ [“သဗ္ဗသော ရူပသညာနံ”မှ သဗ္ဗသောကို လိုက်စေသည်။] ဒသန္နံပိ-ကုန်သော၊ တာသံ ပဋိဃသညာနံ- ထို ပဉ္စဝတ္ထု ပဉ္စာရုံတို့၏ ထိခိုက်ခြင်းကြောင့်ဖြစ်သော ပဉ္စဝိညာဉ်သညာတို့၏၊ ဝါ-တွဲကို၊အတ္ထဂ်မာ-ချုပ်ခြင်း သို့ရောက်ခြင်းကြောင့်၊ ပဟာနာ-ပယ်ခြင်းကြောင့်၊ အသမုပ္ပါဒါ- ကောင်းစွာမဖြစ်ခြင်းကြောင့်၊ အပ္ပဝတ္တိ-မဖြစ်ခြင်းကို၊ ကတ္ဝာ-ပြု၍၊ဝါ-ပြုခြင်းကြောင့်၊ ဇ္ဈာတိ ဝုတ္တံ- ဟောတို့။

[အပ္ပဝတ္တိ ကတ္ဝာကို အကြောင်းပြု၍ စောဒနာလိုသောကြောင့် “ကာမ-ဓ္ဓေတာ” စသည်ကိုမိန့်။] စ-ဆက်၊ ဧတာ- ဤပဉ္စဝိညာဉ်သညာတို့သည်၊ ပဌမဇ္ဈာနာဒီနိ- တို့သို့၊ သမာပန္နဿာပိ- ကောင်းစွာ ရောက်သော ပုဂ္ဂိုလ်၏ (သန္တာန်၌)လည်း၊ ဝါ-ဝင်စားသော ပုဂ္ဂိုလ်၏ (သန္တာန်၌) လည်း၊ ကာမံ နသန္တိ- အကယ်၍တား မရှိပါပေကုန်၊ ဟ်-မှန်၊ တသ္မိံ သမယေ-ပဌမစျာန် စသည်တို့ကို ဝင်စားထု ထိုအခါ၌၊ ပဉ္စဒ္ဒါရဝဿေန- ပဉ္စဒ္ဒါရ၏ အစွမ်းဖြင့်၊ စိတ္တံ-သည်၊ နုပဝတ္တတိ-မဖြစ်၊ ဧဝံ သန္တေပိ- ဤသို့ မရှိပါသော်လည်း၊ [ဤပဌမစျာန် အစရှိသည်တို့ကို ဝင်စားသော ပုဂ္ဂိုလ်၏သန္တာန်၌ ပဉ္စဝိညာဉ် မရှိသည် မှန်ပါသော်လည်း၊]အညတ္ထ-အခြားသော စျာန် အခြားသောမဂ်၌၊ [စတုတ္ထစျာန်မှအခြားသောစျာန်,အနာဂ ါမိမဂ်မှအခြားသောမဂ်၌။] ပဟီနာနံ- ပယ်အပ်ပြီးကုန်သော၊ သုခဒုက္ခာနံ- သုခဒုက္ခတို့ကို၊ စတုတ္ထဇ္ဈာနေ–၌၊ (ဝစနံ)ဝိယ- ပယ်ခြင်းကို ဟောတော်မူခြင်းကဲ့သို့လည်းကောင်း၊ သဏ္ဌာယ

သညာတို့ကို “ပဋိဃဲသညာ” ဟု ခေါ်သည်၊ ထိုသညာတို့ကိုပင် “ရူပသညာ” စသည်ဖြင့် ဝိဘင်းပါဠိတော်၌ ဟောတော်မူသည်။[အတ္ထဂ်မာ၊ပေ၊အသမုပ္ပါဒါတို့တွင် နောက်နောက်ပုဒ်သည် ရှေးရှေးပုဒ်၏ အဓိပ္ပာယ်ပြတည်း၊“အပ္ပဝတ္တိ ကတ္ဝာ”ကား ဥဇုကတ္တာပြတည်း။]

ဗိဠဝဓိန်- သက္ကာယဒိဋ္ဌိ အစရှိသည်တို့ကို၊ တတိယမဂ္ဂေ-၌၊ (ဝစန်) ဝိယစ-ပယ်ခြင်းကို ဟောဝတော်မူခြင်းကဲ့သို့လည်း၊ ကောင်း၊ (တထာ–တူ၊)ဣမသ္မိံ စျာနေ-ဤ အာကာသာနဉ္စာယတနစျာန်၌၊ ဥဿာဟဇနနတ္ထံ- အားတက်သထောကို ဖြစ်စေခြင်းအကျိုးငှါ၊ ဣမာ စျာနာ-ဤ အာကာသာနဉ္စာယတနစျာန်ကို၊ ပသံသာဝသေန- ချီးမွမ်းခြင်း၏အစွမ်းဖြင့်၊ တောသံ - ဤပဋိဘသညာတို့ကို၊ ဇတ္ထ- ဤအာကာသာနဉ္စာယတနစျာန်၌၊ ဝစန်- ဟောတော် မူခြင်းကို၊ [အတ္ထဂ်မ၏ အဖြစ်ဖြင့် ဟောတော်မူခြင်းကို၊] ဝေဒိတဗ္ဗံ- ၏။

[“ချီးမွမ်းတော်မူလိုသောကြောင့် ပဋိဘသညာ အတ္ထဂ်မကို ဟောတော်မူရသည်”ဟူသော နည်းမူတပါး, “မဟောလျှင်မဖြစ်လောက်အောင် ဟောသင့်ဒသာအကြောင်း ရှိနေသောကြောင့် ဟောတော်မူရသည်”ဟူသော နည်းကို ပြလိုရှု “အထဝါ”ဟု မိန့်သည်။] အထဝါ-ကား၊ တာ- ထို ပဋိဘသညာတို့သည်၊ ရူပါဝစရံ– ရူပါဝစရစျာန်သို့၊ သမာပန္နဿ-ကောင်းစွာ ရောက်သော ပုဂ္ဂိုလ်၏သန္တာန်၌၊ ကိဉ္စာပိ နသန္တိ- အဏယ်၍ကား မရှိပါကုန်၊ အထခေါ-ထိုသို့ပင် မရှိပါကုန်သော်လည်း၊ ပဟီနတ္တာ-ဘာဝနာဖြင့် ပယ်အပ်ကုန်ပြီး၏ အဖြစ်ကြောင့်၊ နသန္တိ-မရှိကုန်သည်ကား၊ နာ-မဟုတ်၊ ဟိ-မှန်၊ ရူပဝိရာဂါယ-ရူပ်ကို စက်ဆုပ်ခြင်းငှါ၊ ရူပါဝစရဘာဝနာ– ရူပါဝစရဘာဝနာသည်၊ နသံဝတ္တတိ- ဖြစ်သည်မဟုတ်၊ တောသံ- ဤရူပါဝစရဘာဝနာတို့၏၊ ပဝတ္တိ-ဖြစ်ခြင်းသည်၊ ရူပါယတ္တာဝ- ရုပ်၏စပ်သော ဥစ္စာသဒၶတည်း၊ ဝါ-ရူပ်နှင့်စပ်သည်သာတည်း၊ပန-ဗျတိရိက်ကား၊ အယံဘာဝနာ- ဤ အာရုပဘာဝနာသည်၊ ရူပဝိရာဂါယ-ငှါ၊ သံဝတ္တတိ-၏၊ တသ္မာ-ကြောင့်၊ တာ-ထို ပဋိဃသညာတို့ကို၊ ဇတ္ထ- ဤအာကာသာနဉ္စာယတနစျာန်၌၊ ပဟီနာ- ပယ်အပ်ကုန်ပြီ၊ ဣတိ-သို့၊ ဝတ္တုံ-ငှါ၊ ဝဋ္ဋတိ-၏၊ စ-သည်သာမကသေး၊ကေဝလံ-ဆောင်ရွက် မှုတ်သားခြင်းမဖက်, သက်သက်၊ ဝတ္တုံ-ဆိုခြင်းငှါသာ၊ နာ(ဝဋ္ဋတိ)—သင့်သည်မဟုတ်သေး၊ ကဲ့သေနေဝ-စင်စစ်အားဖြင့်သာလျှင်၊ ဇဝံ-သို့၊ (ဤအာကာသာနဉ္စာယတနစျာန်၌ ထိုသညာတို့ကို ပယ်အပ်ကုန်ပြီဟူ၍၊) ဓာရေတုံပိ- ဆောင်ရွက်မှုတ်သားခြင်းငှါလည်း၊ ဝဋ္ဋတိ- ၏။

ကိဉ္စာပိ။ ။ရူပစျာန်ကို ဝင်စားခိုက်၌လည်း ဤပဋိဃသညာတို့မရှိကြသည်မဟုတ်ပါလော, သို့ပါလျက် ဤ ပဌမအရူပစျာန်ကျမှ “ပဋိဃသညာကိုပယ်”ဟု ဟောတော်မူရပါသနည်းဟု မေးဖွယ်ရှိသောကြောင့် ကိဉ္စာပိစသည်ကို မိန့်သည်၊ ရူပစျာန်၌ မရှိခြင်းမှာ ပယ်ထားသောကြောင့် မရှိခြင်းမဟုတ်, ရူပစျာန်က ကသိုဏ်းကို အာရုံပြု၍ ရူပါရုံစသည်ကို အာရုံမပြုသောကြောင့် မရှိခြင်းဖြစ်သည်၊ ဤ အရူပစျာန်ကား ရုပ်ကို စက်ဆုပ်ဖို့ရာဖြစ်သော စျာန်တည်း၊ထို့ကြောင့် ဤအရူပစျာန်ကျမှ “ပဋိဃသညာတို့ကို ပယ်သည်”ဟု ဟောတော်မူရသည်-ဟူလို။

ဟိ-မှန်၊ တာသံ-ထိုပဋိသသညာတို့၏၊ ဝါ-တို့ကို၊ ဣတော-ဤအာကာသာ နဥာယတနသမာပတ်မှ၊ပုဗ္ဗေ-၌၊အပ္ပဟီနတ္တာယေဝ-မပယ်အပ်ကုန်သေးသည်၏ အဖြစ်ကြောင့်သာလျှင်၊ ပဌမဈာနံ-သို့၊ သမာပန္နဿ-ကောင်းစွာရောက်သော ပုဂ္ဂိုလ်၏၊(ပဌမဈာန်ဝင်စားသောပုဂ္ဂိုလ်၏၊)သဒ္ဒေါ-အသံကို၊ကဏ္ဏကောတိ-ဆူးငြောင့်ဟူ၍၊ ဘဂဝတာ, ဝုတ္တော-ပြီ၊ စ-ဆက်၊ ဣဓ-ဤအာကာသာ နဥာယတနဈာန်၌၊ ပဟီနတ္တာယေဝ-ပယ်အပ်ကုန်ပြီး၏ အဖြစ်ကြောင့်ပင်၊ အရူပသမာပတ္တိနံ - တို့၏၊ အာနဥ္ဇတာ-အာနဥ္ဇတို့၏ အဖြစ်ကိုလည်းကောင်း၊ ဝါ-တုန်လှုပ်ခြင်းမရှိကုန်သည်၏ အဖြစ်ကိုလည်းကောင်း၊ သန္တဝိမေက္ခတာစ-ငြိမ်သက်သောဝိမောက္ခတို့၏ အဖြစ်ကိုလည်းကောင်း၊ ဝုတ္တာ-ပြီ၊ [“ယေ တေ သန္တာဝိမောက္ခာ”စသည်ဖြင့် သန္တဝိမောက္ခအဖြစ်ကို ဟောတော်မူသည်။] [မတုန်လှုပ်ပုံကို ပြလို၍ “အာဋ္ဌာရော”စသည် မိန့်၊ ပြတ်ပြီးကို ဆက်သော ဝါကျာရမ္ဘတည်း၊ ရှေးနိဿယ၌ “ဟိ သစ္စံ”ဟုဆို၏။] စ-ဆက်၊ကာဋ္ဌာမော-ကာဋ္ဌာမအနွယ်ဖြစ်သော၊ အာဋ္ဌာရော - အာဋ္ဌာရ ရသေ့သည်၊ အာရုပ္ပ သမာ ပန္နော - အရူပသမာပတ်သို့ ကောင်းစွာရောက်သည်၊ (သမာနော-ဖြစ်စဉ်၊) ပဥ္ဇမတ္တာနိ-ငါးလီ အတိုင်းအရှည် ရှိကုန်သော၊ သကဋ္ဌသတာနိ-လှည်းအရာ တို့ကို၊ (တနည်း) ပဥ္ဇမတ္တာနိ သကဋ္ဌသတာနိ - ငါးရာသော လှည်းတို့ကို၊ နိဿာယ နိဿာယ - မှီ၍မှီ၍၊ (အနီးအပါး၌ ကပ်၍ ကပ်၍၊) အတိက္ကန္တာန်-(တကျွီကျွီ မြည်လျက်) လွန်သွားသည်တို့ကို၊ နေဝ အဒ္ဒသ-မြင်လည်း မမြင် လိုက်၊ သဒ္ဒံ-လှည်းတို့၏ အသံကို၊ န အဿောသိ-ကြားလည်း မကြားလိုက်၊ ဣတိ-သို့၊(ဝုတ္တံ-ဟောတော်မူအပ်ပြီ၊) [သုတ်မဟာဝါ, မဟာပရိနိဗ္ဗာနသုတ်၌ ဟောတော်မူအပ်ပြီ၊ ပန-အနက် မရှိ။

နာနတ္တ သညာနံ အမနသိကာရာတီ - ကား၊ နာနတ္တေ - အထူးထူးသော သဘောရှိသော၊ ဂေါစရေ-အာရုံ၌၊ ပဝတ္တာနံ-နှ်သော၊ သညာနံ-တို့ကို၊ ဝါ-တနည်း၊ နာနတ္တာနံ-အထူးထူးသော သဘောရှိကုန်သော၊ သညာနံ-တို့ကို၊ (အမနသိကာရာ၌ စပ်၊)ဟိ-ချဲ၊ယသ္မာ, [တောကို နောက်၌လာမည့်“သညာ” ပုဒ်ကျမှ တွဲပေး၊] တတ္ထကတမာ၊ပေ၊ သညာယောတိ-ဟူ၍၊ ဧဝံ-သို့၊ ဝိဘင်္ဂေ-ဈာနဝိဘင်းပါဋ္ဌိတော်၌၊ ဝိဘဇိတွာ-ဝေဖန်တော်မူ၍၊ ဝုတ္တာ-နှ်သော၊ ဣဓ-ဤ နာနတ္တသညာနံဟူသောပါဋ္ဌ၌၊ [ရှေးနိဿယ၌ “ဣဓ - ဤဈာန်၌”ဟု ပေး သည်၊] အဓိပ္ပေတာ - အလိုရှိအပ်ကုန်သော၊ အသမာပန္နဿ - သမာပတ်သို့ ကောင်းစွာမရောက်သောပုဂ္ဂိုလ်၏၊မနောဓာတု၊ပေ၊သင်္ဂဟိတာ-မနောဓာတ်, မနောဝိညာဏဓာတ်တို့ဖြင့် သိမ်းယူအပ်ကုန်သော၊[“ပဋိသသညာနံ”ဟူသော ပါဋ္ဌိဖြင့် ပဥ္ဇဝိညာဉ်သညာတို့ကို ယူပြီးဖြစ်သည်။] တောသညာ - ဤသညာ တို့သည်၊ ရူပသဒ္ဒါဒိဘေဒေ - ရူပါရုံ သဒ္ဒါရုံ အစရှိသော အပြားရှိသော၊ နာနတ္တေ-အထူးထူးသော သဘောရှိသော၊ နာနာသဘာဝေ-အထူးထူးသော

သဘောရှိသော၊ [နာနတ္တေကို ထပ်ဖွင့်သည်၊] ဂေါစရေ-၌၊ ပဝတ္တန္တိ-နှ်၏၊ ("တသ္မာ, နာနတ္တသညာတိ-တို့ဟူ၍၊ ဝုတ္တာ-ဟောတော်မူအပ်ကုန်ပြီ"ဟု နောက်၌ လှမ်းစပ်၊) [တတ္ထ-ထိုနာနတ္တသညာနံ အမနသိကာရာဟူသော ပါဌ်ရပ်၌၊ နာနတ္တသညာ-နာနတ္တ သညာတို့ဟူသည်၊ ကတမာ-တို့နည်း၊ အသမာပန္နဿ-သမာပတ်သို့ ကောင်းစွာမရောက်သော၊ မနောဓာတု သမဂ်ိဿဝါ-မနောဓာတ်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ သော်လည်းကောင်း၊ မနောဝိညာဏဓာတု သမဂ်ိဿဝါ - မနောဝိညာဏဓာတ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏သော်လည်းကောင်း၊ သညာ, သဉ္ဇာနနာ, သဉ္ဇာနိတတ္တံ(အတ္ထိ)၊ ဣမာ-ဤတရားတို့ကို၊ နာနတ္တသညာယော - နာနတ္တသညာတို့ဟူ၍၊ ဝုစ္စန္တိ-ဟောတော်မူအပ်ကုန်၏။]

စ-ကား၊("နာနတ္တေ ဂေါစရေ ပဝတ္တာနံ သညာနံ"၏ အကျယ်မှတပါး, "နာနတ္တာနံ ဝါ သညာနံ"၏အကျယ်ကား၊) ယသ္မာ,အဌ-နှ်သော၊ (ကာမာဝစရ ကုသလသညာ-ကာမာဝစရ ကုသိုလ်သညာတို့လည်းကောင်း၊ ဒွါဒသ-နှ်သော၊အကုသလသညာ-တို့လည်းကောင်း၊ ဧကာဒသ-နှ်သော၊ ကာမာဝစရ ကုသလဝိပါကသညာ-တို့လည်းကောင်း၊ဒွေ-နှ်သော၊အကုသလဝိပါကသညာ-တို့လည်းကောင်း၊ ဧကာဒသ-နှ်သော၊ ကာမာဝစရကြိယသညာ-တို့လည်းကောင်း၊ဣတိဝေံ-သို့၊စတုစတ္တာလီသံပိ-၄၄ပါးလည်းဖြစ်သော၊တောသညာ-ဤသညာတို့သည်၊ [ပဋိဃသညာ ၁၀-ပါးကိုနုတ်၍, ကျန်ကာမစိတ် ၄၄-ပါးနှင့် ယှဉ်သော သညာတို့ကို ဆိုသည်။]နာနတ္တာ - အထူးထူးသော သဘောရှိကုန်၏၊ နာနာသဘာဝါ - အထူးထူးသော သဘောရှိကုန်၏၊ [နာနတ္တာကို ထပ်ဖွင့်သည်၊ အတ္တသဒ္ဓါသည် သဘာဝ အနက်ဟော-ဟူလို။] အညမညံ-အချင်းချင်း၊ အသဒိသာ - မတူကုန်၊ [နာနာသဘာဝါကို ထပ်ဖွင့်သည်၊] တသ္မာ, နာနတ္တသညာတိ-ဟူ၍၊ ဝုတ္တာ-ဟောတော်မူအပ်ကုန်ပြီ။

သဗ္ဗသော-အလုံးစုံအားဖြင့်၊ ဝါ-အလုံးစုံကုန်သော၊ ["သဗ္ဗသော ရှုပသညာနံ"မှ သဗ္ဗသောကို လိုက်စေသည်။] တာသံ နာနတ္တသညာနံ - ထိုအထူးထူးသော သဘောရှိသော အာရုံ၌ဖြစ်သော ၄၄-ပါးသောကာမာဝစရ

နာနတ္တ သညာနံ။ ။နာနတ္တေ-အထူးထူးသော သဘောရှိသော အာရုံ၌၊ (ရှုပသညာ,ပဋိဃသညာကဲ့သို့ အာရုံတမျိုးစီမဟုတ်ပဲ ကသိုဏ်းရုပ်အာရုံ, ရှုပ သဒ္ဓ စသော အာရုံ, အခြားအခြားအာရုံ, အမျိုးစုံ၌)+ဘဝါ+သညာ နာနတ္တသညာ၊ (တနည်း) နာနတ္တာ+သညာ နာနတ္တသညာ — မဟာကုသိုလ်၌ ယှဉ်သောသညာ, အကုသိုလ်၌ ယှဉ်သော သညာစသည်ဖြင့် အမျိုးမျိုး သဘောရှိသောသညာတို့-ဟူလို။ [ထိုနာနတ္တသညာသည် သမာပတ် ဝင်စားခိုက်၌ မဖြစ်နိုင်သောကြောင့် "အသမာပန္နဿ"ဟု ဆိုသည်။]

သည်ာတို့ကို၊ ၀၊-အထူးထူးသော သဘောရှိသော ၄၄ ပါးသော ကာမာဝစရသည်ာတို့ကို၊ အမနသိကာရာ-နှလုံးမသွင်းခြင်းကြောင့်၊ အနာဝဇ္ဇနာ-မဆင်ခြင်ခြင်းကြောင့်၊ အသမန္နာဟာရာ - ကောင်းစွာ မဆောင်ခြင်းကြောင့်၊ အပစ္စဝေက္ခဏာ-မဆင်ခြင်ခြင်းကြောင့်၊ (ဥပသမ္ပဇ္ဇ ဝိဟရတိ-၌ စပ်၊) ယသ္မာ, တာ-ထို ၄၄ ပါးသော ကာမာဝစရသည်ာတို့ကို၊ နာဝဇ္ဇတိ-(အာဝဇ္ဇန်းဖြင့်) မဆင်ခြင်၊ နမနသိကရောတိ-စိတ်၌ မပြု၊ ၀၊-နှလုံးမသွင်း၊ နပစ္စဝေက္ခတိ-(ပစ္စဝေက္ခဏာဉာဏ်ဖြင့်) မဆင်ခြင်၊ တသ္မာ-ကြောင့်၊ ဣတိ ဝုတ္တံ ဟောတိ။ [တသ္မာဖြင့် အမနသိကာရာ၌ သ္မာဝိဘတ်၏ ကာရိယ "အာ" ဟု သိစေသည်။]

[ရူပသည်ာတို့ကို "သမတိက္ကမာ" ဟုလည်းကောင်း, ပဋိဃသည်ာတို့ကို "အတ္ထင်္ဂမာ" ဟု လည်းကောင်း ဟောတော်မူရခြင်း, နာနတ္တသည်ာတို့ကို "အမနသိကာရာ" ဟု ဟောတော်မူရခြင်း၏အကြောင်းကို ပြလို၍ "ယသ္မာ စေတ္ထ" စသည်မိန့်၊] စ-ဆက်၊ ယသ္မာ-ကြောင့်၊ ဧတ္ထ ဤ ၃ မျိုးသော သည်ာတို့တွင်၊ ပုရိမာ-ရှေဖြစ်ကုန်သော၊ ရူပသည်ာ-တို့သည်လည်းကောင်း၊ ပဋိဃသည်ာစ-တို့သည်လည်းကောင်း၊ ဣမိနာ စျာနေန-ဤအာကာသာနဥ္ဇာယတနစျာန်ကြောင့်၊ နိဗ္ဗတ္တေ-ဖြစ်ရသော၊ ဘဝေပိ-အရူပဘဝ၌သော်မူလည်း နဝိဇ္ဇန္တိ-မရှိကုန်တုံသေး၏၊ [ဂရဟာဝါကျ၊] တသ္မိံ ဘဝေ-ထိုအရူပဘဝ၌၊ ဣမံ စျာနံ - ဤအာကာသာနဥ္ဇာယတနစျာန်သို့၊ ဥပသမ္ပဇ္ဇ-ရောက်၍၊ ဝိဟရဏကာလေ - နေရာအခါ၌၊ ပဂေဝ ((ဝိဇ္ဇန္တိ)-အဘယ်မှာ ရှိကုန်တော့အံ့နည်း၊ (တနည်း) ပဂေဝ-ရှေးဦးမထွ, အစကပင်၊ နဝိဇ္ဇန္တိ-မရှိကုန်၊ [သမ္ဘာဝနာဝါကျ၊] တသ္မာ, တာသံ-ထိုရူပသည်ာ, ပဋိဃာသည်ာတို့၏၊ (အဘာဝေါ၌ စပ်၊) သမတိက္ကမာ အတ္ထင်္ဂမာတိ-ဟူသော၊ ဒွေဓာပိ-၂ ပါးအပြားအားဖြင့်လည်း၊ အဘာဝေါယေဝ-မရှိခြင်းကိုသာ၊ ဝုတ္တော-ဟောတော်မူအပ်ပြီ၊ [အရူပဘုံ၌ မရှိခြင်းကို ဟောတော်မူသည်-ဟူလို။]

ပန-ကား၊ နာနတ္တသည်ာသု-တို့တွင်၊ (သတ္တဝီသတိသည်ာ၌ စပ်၊) ယသ္မာ, အဌ-ကုန်သော၊ ကာမာဝစရကုသလသည်ာ-တို့လည်းကောင်း၊ နဝ-နှ်သော၊ ကြိယသည်ာ - ကာမာဝစရကြိယသည်ာတို့လည်းကောင်း၊ ဒသ-ကုန်သော၊ အကုသလသည်ာ - တို့လည်းကောင်း၊ ဣတိ-သို့၊ သတ္တဝီသတိ-သော၊ ဣမာသည်ာ-တို့သည်၊ ဣမိနာစျာနေန-ကြောင့်၊ နိဗ္ဗတ္တေ-သော၊ ဘဝေ-၌၊ ဝိဇ္ဇန္တိ-ရှိကုန်သေး၏၊ တသ္မာ-ကြောင့်၊ (ထိုသို့ ရှိကုန်သေးသည်၏ အဖြစ်ကြောင့်၊) တာသံ-ထိုနာနတ္တသည်ာတို့ကို၊ အမနသိကာရာ-ကြောင့်၊ ဣတိ-သို့၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ ဣတိ-သို့၊ ဝေဒိတဗ္ဗံ၊ (ကသ္မာ, ဣတိ-သို့၊ ဝေဒိတဗ္ဗံ-နည်း၊) ဟိ(ယသ္မာ), တတြာပိ-ထိုအရူပဘုံ၌လည်း၊ ဣမံ စျာနံ-ဤအာကာသာနဥ္ဇာယတနစျာန်သို့၊ ဥပသမ္ပဇ္ဇ-၍၊ (စျာန်ဝင်စား၍၊) ဝိဟရန္တော-နေသောပုဂ္ဂိုလ်

သည်၊ တာသံ-ထို ၂၇ ပါးသော နာနတ္တသညာတို့ကို၊ (အရူပဘုံ၌ဖြစ်သော ၂၇ ပါးသော နာနတ္တသညာတို့ကို၊) အမနသိကာရာယေဝ-ကြောင့်သာလျှင်၊ ဥပသမ္ပဇ္ဇ, ဝိဟရတိ-နိုင်၏၊ ပန-ဗျတိရိက်ကား၊ တာ-ထို ၂၇ပါးသော နာနတ္တသညာတို့ကို၊မနသိကရောန္တော-နှလုံးသွင်းသောပုဂ္ဂိုလ်သည်၊ အသမာပန္နော-သမာပတ်သို့ ကောင်းစွာရောက်သူ မဟုတ်သည်၊ဈာန်ဝင်စားသူမဟုတ်သည်၊) ဟောတိ၊ ဣတိ-ကြောင့်၊ (တာသံ-တို့ကို၊ အမနသိကာရာတိ-တို့ဟူ၍၊ ဝုစ္စန္တိ-ဟောတော်မူအပ်ကုန်၏၊ ဣတိ ဝေဒိတဗ္ဗံ။)

စ-ဆက်၊ သခေ်ပတော - အကျဉ်းချုပ်အားဖြင့်၊ တ္ထေ - ဤရူပသညာနံ သမတိက္ကမာစသော ၃ ပုဒ်တို့တွင်၊ရူပသညာနံ သမတိက္ကမာတိ ဣမိနာ-ဟူသော ဤပုဒ်ဖြင့်၊ သဗ္ဗရူပါဝစရမ်မာနံ-တို့ကို၊ ပဟာနံ-ပယ်ခြင်းကို၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ ပဋိဃသညာနံ၊ပေ၊ အမနသိကာရာတိ ဣမိနာ-ဟူသော ဤပုဒ်ဖြင့်၊ သဗ္ဗေသံ-နှ်သော၊ ကာမာဝစရစိတ္တစေတသိကာနဥ္စ-တို့ကိုလည်း၊ ပဟာနံ-ပယ်ခြင်းကိုလည်းကောင်း၊ အမနသိကာရောစ-နှလုံးမသွင်းခြင်းကိုလည်းကောင်း၊ ဝုတ္တော-ပြီ၊ ဣတိ ဝေဒိတဗ္ဗော၊ ဣတိ-ဤဆိုအပ်ပြီးသောနည်းဖြင့်၊ ဘဂဝါ-သည်၊ ပန္နရသန္နံ-ကုန်သော၊ ရူပသညာနံ-တို့ကို၊ သမတိက္ကမေန-ကောင်းစွာ လွန်ခြင်းလည်းကောင်း၊ ဝါ-ကောင်းစွာ လွန်ခြင်းကိုပြသော ရူပသညာနံ သမတိက္ကမာပုဒ်လည်းကောင်း၊ ဒသန္နံ, ပဋိဃသညာနံ-တို့၏၊ အတ္ထင်္ဂမေန-ချုပ်ခြင်းသို့ရောက်ခြင်းလည်းကောင်း၊ ဝါ-ချုပ်ခြင်းသို့ ရောက်ခြင်းကိုပြသော ပဋိဃသညာနံ အတ္ထင်္ဂမာပုဒ်လည်းကောင်း၊ စတုစတ္တာလီသာယ - သော၊ နာနတ္တသညာနံ-တို့ကို၊ အမနသိကာရေန-နှလုံးမသွင်းခြင်းလည်းကောင်း၊ဝါ-နှလုံးမသွင်းခြင်းကိုပြသော နာနတ္တသညာနံ အမနသိကာရာပုဒ်လည်းကောင်း၊ ဣတိ-သို့၊တီဟိ-နှ်သော၊ပဒေဟိ-တို့ဖြင့်၊အာကာသာနဥ္စာယတနသမာပတ္တိယာ-၏၊ဝဏ္ဏံ-ဂူဏ်ကို၊ကထေသိ-ဟောတော်မူပြီ။

ကိံ ကာရဏာ-အဘယ်အကြောင်းကြောင့်၊(တီဟိ-နှ်သော၊ပဒေဟိ-တို့ဖြင့်၊ အာကာသာနဥ္စာယတန သမာပတ္တိယာ-၏၊ ဝဏ္ဏံ-ကို၊ ကထေသိ-နည်း၊) ဣတိ စေ-ဤသို့မေးအံ့၊သောတူနံ-တရားနာကုန်သော နတ်ဗြဟ္မာတို့ကို၊(ပလောဘန ၌ စပ်၊) ဝါ-တို့၏၊(ဥဿာဟ၌စပ်၊) ဥဿာဟဇနနတ္ထဥ္စေဝ-အားတက်သရောကို ဖြစ်စေခြင်းအကျိုးငှာလည်းကောင်း၊ ပလောဘနတ္ထဥ္စ- ဖြားယောင်းခြင်း အကျိုးငှာလည်းကောင်း၊ (တီဟိ ပဒေဟိ၊ပေ၊ ကထေသိ-ပြီ၊) [ကိံ ကာရဏာ ဟု အကြောင်းကိုမေးသော်လည်း အကျိုးကိုဖြေလိုက်လျှင် ထိုအကျိုးသည်ပင် ဟောခြင်း၏ အကြောင်းဖြစ်နိုင်၏၊] ဟိ-ချဲ၊ကေစိ-နှ်သော၊အပဏ္ဍိတာ-ပညာရှိ မဟုတ်သူတို့သည်၊ သစေဝဒေယျုံ၊အကယ်၍ ပြောဆိုကုန်အံ့၊ (ကိံ-အဘယ်သို့ ပြောဆိုကုန်ရာသနည်း၊)သတ္ထာ-မြတ်စွာဘုရားသည်၊ အာကာသာနဥ္စာယတန

သမာပတ္တိ-ကို၊ နိဗ္ဗတ္တေထ - ဖြစ်စေကြကုန်လော၊ ဣတိ-သို့၊ ဝဒတိ-၏၊ နိဗ္ဗတ္တိတာယ- ဖြစ်စေအပ်သော၊ တောယ- ဤ အာကာသာနဥ္စာယတန သမာပတ်၏၊ အတ္ထော- အကျိုးသည်၊ ကောနုခေါ- အဘယ်နည်း၊ အာနိသံသော- အာနိသင်သည်၊ ကော-နည်း၊ ဣတိ-သို့၊ (သစေ ဝဒေယျုံ-နှ်အံ့၊)[အတ္ထောကို အာနိသံသောဟု ထပ်ဖွင့်သည်၊ ဤ အာနိသံသော၏ အဓိပ္ပာယ်ကို ဋီကာ၌ ပြထားပြီ၊]တေ- ထို အပဏ္ဍိတတို့သည်၊ ဝေံ-သို့၊ ဝတ္တုံ-ပြောဆိုခြင်းငှါ၊ ဝါ-ပြောဆိုခွင့်ကို၊ မာ လဘန္တု- မရပါစေကုန်လင့်၊ ဣတိ-ဤသို့ နှလုံးသွင်းတော်မူ၍၊ ဣမေဟိ အာကာရေဟိ- ဤအခြင်းအရာတို့ဖြင့်၊ သမာပတ္တိယာ- အာကာသာနဥ္စာယတနသမာပတ်၏၊ ဝဏ္ဏံ-ကို၊ ကထေသိ- ဟောတော်မူပြီ၊ ဟိ- မှန်၊ နေသံ- ထို အပဏ္ဍိတတို့၏၊ တံ-ထိုဂုဏ်ကို၊ သုတွာ-ကြားရ၍၊ ဝေံ- ဤသို့သော အကြံသည်၊ ဘဝိဿတီ-လတ္တံ့၊(ကိံ)၊ အယံ သမာပတ္တိ- ဤ အာကာသာနဥ္စာယတန သမာပတ်သည်၊ ဝေံ သန္တာကိရ-ဤသို့ ငြိမ်သက်သတတ်၊ ဝေံ ပဏီတာ (ကိရ)-ဤသို့ မှန်မြတ်သတတ်၊ နံ- ထို အာကာသာနဥ္စာယတန သမာပတ်ကို၊ နိဗ္ဗတ္တေဿာမ-ဖြစ်စေကြကုန်အံ့၊ ဣတိ-ဤသို့သောအကြံသည်၊ (ဘဝိဿတိ)၊ အထ-အကြံဖြစ်ရာ ထိုအခါ၌၊ အဿာ-ထို အာကာသာနဥ္စာယတန သမာပတ်ကို၊ နိဗ္ဗတ္တနတ္ထာယ- ဖြစ်စေခြင်းအကျိုးငှါ၊ ဥဿာဟံ- အားတက်သရောကို၊ ကရိဿန္တိ-ပြုကြကုန်လတ္တံ့။ ["ကရိဿန္တိတိ"ဟု ဣတိရှိသည်ကားမကောင်း။]

စ-ကား၊(ဥဿာဟဇနနတ္ထ၏အကျယ်မှတပါး, ပလောဘနတ္ထ၏ အကျယ်ကား၊)နေသံ-ထိုအပဏ္ဍိတတို့ကို၊ပလောဘနတ္ထံပိ-ဖြားယောင်းခြင်း အကျိုးငှါလည်း၊ ဧတိဿာ- ဤ အာကာသာနဥ္စာယတန သမာပတ်၏၊ ဝဏ္ဏံ ကထေသိ၊ (ကောဝိယ- အဘယ်သူ ကဲ့သို့နည်း၊) ဝိသကဏ္ဍက ဝါဏိဇောဝိယ- ဝိသကဏ္ဍကကုန်သည် ကဲ့သို့တည်း၊ ဂုဋ္ဌဝါဏိဇော- တင်လဲ ကုန်သည်ကို၊ ဝိသကဏ္ဍကဝါဏိဇောနာမ-ဝိသကဏ္ဍကဝါဏိဇမည်၏ဟူ၍၊ ဝုစ္စတိ-၏၊ ကိရ-ချဲ၊

ဂုဋ္ဌ၊ပေ၊သက္ကရာဒိနိ။ ။ဂုဋ္ဌောစ ဖာဏိတံ ခဏ္ဍော, မစ္ဆဏ္ဍီ သက္ကရာ ဣတိ၊ဣမေ ဥစ္ဆု ဝိကာရာထ, ဂုဋ္ဌသို့ ဝိသကဏ္ဍကံ၊ (၄၆၂)အဘိဓာန်၊ ထို၏ နိဿယသစ်၌— "ဂုဋ္ဌ—ကြံသကာခဲ၊ ဝါ-ထန်းလျက်၊ ဖာဏိတံ-တင်လဲရည်၊ခဏ္ဍ—သကြားနီ၊(သကြားရိုင်း၊)မစ္ဆဏ္ဍီ—သကာ, မှန်ရောင်သကြားခဲ၊ (ငါးဥကဲ့သို့ စု၍နေသော သကြားဖြူခဲ၊) သက္ကရာ-သကြားဖြူ (သကြားမှုန့်၊) ဣတိ ဣမေ—ဤသည်တို့ကား၊ ဥစ္ဆုဝိကာရာ-ကြံအထူးတို့တည်း၊ အထ-ကား၊ ဝိသကဏ္ဍကံ-ဝိသကဏ္ဍကသဒ္ဒါသည်၊ ဂုဋ္ဌသို့-တင်လဲခဲ၌ ဖြစ်၏"ဟု အနက်ပေးတော်မူ၏။

ဋီကာ။ ။တတ္ထ ဂုဋ္ဌောနာမ ဥစ္ဆုရသံ ပစိတွာ စုဏ္ဏာဒီဟိ မိဿေတွာ သမ္ပိဏ္ဍနေန ပိဏ္ဍီဘူတံ၊ ဖာဏိတံ အပိဏ္ဍိတံ ဒြဝီဘူတံ၊ (အရည်ဖြစ်၍ ဖြစ်၏၊) ခဏ္ဍံ ဘိဇ္ဇနက္ခမံ၊ (ငါးဥကလေးများကဲ့သို့ ခွဲ၍ရနိုင်သည်၊) သက္ကရာနာမ ဖလိကသဒိသာ၊ သက္ကရာဒိနိတိ

သော-ထို တင်လဲကုန်သည်သည်၊ ဂိုင္ဇဖါဏိတ ခဏ္ဍ သက္ကရာဒီနိ- ကြံသကာခဲ, တင်လဲရည်, သကြားနီ, သကြားမှုန့် အစရှိသည်တို့ကို၊ (အာဒိဖြင့် မစ္ဆဏ္ဍီမည်သော မှန်ရောင်သကြားခဲကို ယူ၊) သကဋ္ဌေန- ဖြင့်၊ အာဒါယ- ၍၊ ပစ္စန္တ ဂါမံ- မဇ္ဈိမဒေသ၏ အစွန်အဖျားဖြစ်သော ရွာသို့၊ ဂန္ဓာ- ၍၊ ဝိသကဏ္ဍကံ ဂဏ္ဍထ ဝိသကဏ္ဍကံ ဂဏ္ဍထာတိ- ဟူ၍၊ ဝါ- ဝိသကဏ္ဍကကို ယူလှည့်ကြ, ဝိသကဏ္ဍကကို ယူလှည့်ကြဟူ၍၊ ဥဂ္ဂေါသေသိ- ကြွေးကြော်ပြီ၊ ဝါ-ကြွေးကြော်၍ ဈေးရောင်းပြီ၊ တံ-ထိုဈေးရောင်းသံကို၊ သုတ္ဒာ-ကြားရ၍၊ ဂါမိကာ-ကျေးရွာသားတို့သည်၊ ဝိသံနာမ- အဆိပ်မည်သည်၊ ကက္ခဋ္ဌံ- ကြမ်းတမ်း၏၊ ယော-အကြင်သူသည်၊ နံ-ထိုအဆိပ်ကို၊ ခါဒတိ-ခဲစား၏၊ သော-သည်၊ မရတိ-သေ၏၊ ကဏ္ဍကောပိ- ဆူးသည်လည်း၊ ဝိဇ္ဈိတ္ဒာ- ထိုးဖောက်၍၊ ဝါ-စူး၍၊ မာရေတိ-သေစေတတ်၏၊ ဥဘောပိ- ၂-မျိုးလည်းဖြစ်ကုန်သော၊ ဧတေ- ဤအဆိပ်, ဆူးတို့သည်၊ ကက္ခဋ္ဌာ- ကြမ်းတမ်းကုန်၏၊ ဧတ္ထ- ဤအဆိပ် ဆူးတို့၌၊ အာနိသံသော- အာနိသင်သည်၊ ကော-နည်း၊ ဣတိ-ကြံ၍၊ ဂေဟဒ္ဒါရာနိ-အိမ်တံခါးတို့ကို၊ ထကေသုံ-ပိတ်ကြကုန်ပြီ၊ ဒါရကေစ-ကလေးတို့ကိုလည်း၊ ပလာပေသုံ-ပြေးစေကြကုန်ပြီ၊ တံ-ထိုအခြင်းအရာကို၊ ဒိသ္ဒာ-မြင်၍၊ ဝါဏိဇော-သည်၊ ဣမေ ဂါမိကာ-တို့သည်၊ အဝေါဟာရ ကုသလာ- အခေါ်အပေါ်၌ မကျွမ်းကျင်ကြကုန်၊ ဟန္ဒ-ယခု၊ နေ- ထို ကျေးရွာသားတို့ကို၊ ဥပါယေန-ဥပါယ်တမြည်ဖြင့်၊ ဂဏ္ဍာပေမိ-ဝယ်ယူစေရတော့အံ့၊ ဣတိ-ကြံ၍၊ အတိမဓုရံ-အလွန် ချိမြိန်ကောင်းမြတ်သော အရသာကို၊ ဂဏ္ဍထ-ယူလှည့်ကြကုန်၊ အတိသာဒုံ- အလွန်သာယာအပ်သော အရသာကို၊ ဂဏ္ဍထ၊ ဂုဋ္ဌံ- တင်လဲခဲကို၊ (ဂဏ္ဍထ)၊ ဖာဏိတံ- တင်လဲရည်ကို၊ (ဂဏ္ဍထ)၊ သက္ကရံ- သကြားမှုန့်ကို၊ (ဂဏ္ဍထ)၊ သမဂ္ဃံ- အနည်းငယ်သောအဖိုးဖြင့်၊ (အဖိုးချိုချိုဖြင့်၊ လဗ္ဘတိ-ရအပ် ရနိုင်၏၊ (ရနိုင်တယ်ဗျို့)၊ [သမဂ္ဃံ၌ သံသည် အပွအနက်ဟော၊ ဒုတိယာဝိဘတ်၊ ကြိယာဝိသေသန၊] ကူဋ္ဌမာသက ကူဋ္ဌကဟာပဏာဒီဟိပိ- မမှန်သော

အာဒိသဒ္ဒေန မစ္ဆဏ္ဍိကာဒီနံ သင်္ဂဟော....ဝိသကဏ္ဍကောတိ ဂုဋ္ဌဿ ဝါဏိဇ္ဇသမညာ၊ ကြံအထူးကို ကုန်သည်တို့က "ဝိသကဏ္ဍက"ဟု ခေါ်ကြသတတ်။ (မူလပဏ္ဏာသ, အာကခေ်ယျသုတ်ဋီကာ၊ အကျယ်ကို ကျေးဇူးရှင်အဘယာရာမဆရာတော်၏ အဘိဓာန်နိဿယသစ်၌ ရှုပါ။]

သက္ကရာ သက္ခရာ။ ။ခဏ္ဍမည်သော သကြားရိုင်းမှ အညစ်ကိုထုတ်၍ ကောင်းစွာပြုလုပ်အပ်သောကြောင့် မှန်ရောင်သကြားအဖြူကို "သက္ကရာ"ဟုခေါ်ရကား "သမ္မာ+ကရီယတေတိ သက္ကရာ"ဟု ကြံသင့်၏၊ အဘိဓာနပွဒီပိကာ၌ "ခရဏံ ထဒ္ဓံ-(ပြုတ်ရှပ်ရှပ်နေသောကြောင့်)ကြမ်းခြင်း၊ ခရံ-ခြင်း၊ သဟ+ခရေန ဝတ္တတီ သက္ခရာ"ဟုပြု၏၊ ထို့ကြောင့် ပြခဲ့သော သကြားမှုန့်ကိုပင် ဤ ၂-ပုဒ်လုံးက ဟောနိုင်သောကြောင့် "၂-ပုဒ်လုံး အသင့်"ဟု ယူကြသည်။

ပဲစေ့, မမှန်သော ကျပ်အသပြာ အစရှိသည်တို့ဖြင့် သော်မှလည်း၊ လဗ္ဘတိ-ရအပ် ရနိုင်၏၊ ဗ္ဗတိ-သို့၊ ဥဂ္ဆေါသေသိ-ကြွေးကြော်ပြီ၊ တံ-ထို ဈေးရောင်းသံကို၊ သုတ္ဒာ, ဂါမိကာ- တို့သည်၊ ဟဋ္ဌပဟဋ္ဌာ- ရှင်လန်း, အပြားအားဖြင့် ရှင်လန်းကုန်သည်၊ ဝါ-အလွန် ရှင်လန်းကုန်သည်၊ (ဟုတ္ဒာ) နိဂ္ဂန္ဆာ- ထွက်လာ၍၊ ဗဟုမို- များစွာလည်းဖြစ်သော၊ မူလံ- အဖိုးကို၊ ဒတ္ဒာ-ပေး၍၊ ဂဟေသုံ- ဝယ်ယူကြကုန်ပြီ။ [ကူဋ္ဌ သဒ္ဒါသည် "တုလာကူဋ္ဌ"စသော ပုဒ်၌ကဲ့သို့ ကောက်ကျစ်စဉ်းလဲသော မမှန်သောအရာကို ဟော၏။]

တတ္ထ- ထို ဥပမာစကားရပ်၌၊ [ဥဂ္ဆေါသနံ စသည်၌စပ်၊ ရှေးနိဿယ၌ "သြပမှသံသန္ဒနံ ဝေဒိတဗ္ဗံ" ဟု ထည့်စပ်သည်၊] ဝါဏိဇ္ဇဿ-၏၊ ဝိသကဏ္ဍကံ ဂဏ္ဍထာတိ- ဟူ၍၊ ဥဂ္ဆေါသနံ- ကြွေးကြော်ခြင်းကို၊ (ဒဋ္ဌဗ္ဗံ) ဝိယ- ကဲ့သို့၊ (တထာ-တူ၊)ဘဂဝတော- ၏၊ အာကာသာနဉ္ဇာယတန သမာပတ္တိံ နိဗ္ဗတ္တေထာတိ-ဟူသော၊ ဝစနံ- စကားတော်ကို၊ (ဒဋ္ဌဗ္ဗံ)၊ ဥဘော၊ပေ၊ အာနိသံသောတိ- ဟူ၍၊ ဂါမိကာနံ-တို့၏၊စိန္တနံ-ကြံခြင်းကို၊(ဒဋ္ဌဗ္ဗံ)ဝိယ၊ (တထာ)ဘဂဝါ-သည်၊ အာကာသာနဉ္ဇာယတနံ-ကို၊ နိဗ္ဗတ္တေထ-န်လော၊ ဗ္ဗတိ-သို့၊ အာဟ-ဟောတော်မူပြီ၊ တ္ထေ-ဤ အာကာသာနဉ္ဇာယတနသမာပတ်၌၊အာနိသံသော-သည်၊ ကော- နည်း၊ အဿာ- ဤ အာကာသာနဉ္ဇာယတန သမာပတ်၏၊ (ယောဇနာ၌"အဿ"ဟု ရှိ၏၊)ဂုဏံ-ဂုဏ်ကို၊ နဇာနာမ- မသိရကုန်၊ ဗ္ဗတိ-သို့၊ သောတူနံ- တရားနာသော နတ်ဗြဟ္မာတို့၏၊ စိန္တနံ-ကို၊ (ဒဋ္ဌဗ္ဗံ)၊ အထ-ထိုမှနောက်၌၊ အဿ ဝါဏိဇ္ဇဿ- ၏၊ အတိမဓုရံ ဂဏ္ဍထာတိ အာဒိဝစနံ-အစရှိသောစကားကို၊ (ဒဋ္ဌဗ္ဗံ)ဝိယ၊ (တထာ)ဘဂဝတော-၏၊ ရူပသညာသမတိက္ကမနာဒိကံ-ရူပသညာကို လွန်မြောက်ခြင်းအစရှိသော၊ အာနိသံသပကာသနံ-အကျိုးအာနိသင်ကိုပြကြောင်းစကားကို၊(ဒဋ္ဌဗ္ဗံ)၊ ဟိ-အကျိုးကား၊ ဗဟုမို-များစွာလည်းဖြစ်သော၊ မူလံ-အဖိုးကို၊ ဒတ္ဒာ, ဂါမိကာ-တို့သည်၊ ဂုဋ္ဌံ-ကို၊ (ဂဏ္ဍန္တိ)ဝိယ-ကဲ့သို့၊(တထာ)၊ တေ- ထို တရားနာသော နတ်ဗြဟ္မာတို့သည်၊ ဗ္ဗဒံ- ဤ အာနိသံသပကာသနစကားကို၊ သုတ္ဒာ- ကြားရ၍၊ ဗ္ဗမိနာ အာနိသံသေန- ဖြင့်၊ ပလောဘိတစိတ္တာ- ဖြားယောင်းအပ်သောစိတ် ရှိကုန်သည်၊ (ဟုတ္ဒာ)၊ မဟန္တံပိ- ကြီးစွာလည်းဖြစ်သော၊ ဥဿာဟံ- အားတက်သရောကို၊ ဆတ္ဒာ, ဗ္ဗမံ သမာပတ္တိံ-ကို၊ နိဗ္ဗတ္တေဿန္တိ- ဖြစ်စေကုန်လတ္တံ့၊ (အကျိုးရပုံတည်း၊) ဗ္ဗတိ-သို့၊ ဝါ-ဤ ဆိုအပ်ပြီ၊သောနည်းဖြင့်၊ ဥဿာဟဇနနတ္ထံ-ငှါလည်းကောင်း၊ ပလောဘနတ္ထဥ- ငှါလည်းကောင်း၊ ကထေသိ- ပြီ။

[အာကာ၊ပေ၊ဆဟဂတန္တိ တ္ထေ-ဟူသော ဤပါဋ္ဌ၌၊(အဝယဝတ္ထော-အစိတ်ဖြစ်သောအနက်ကို- ဝေံ ဝေဒိတဗ္ဗော၊) အဿ- ထို ကောင်းကင်ပညတ်၏၊ အန္တော-ဖြစ်ခြင်း,ပျက်ခြင်းဟူသောအပိုင်းအခြားသည်၊ နမရှိ၊ ဗ္ဗတိ-ကြောင့်၊

(တံ- ထိုကောင်းကင်ပညတ်သည်၊) အနန္တံ- အနန္တမည်၏၊ အနန္တံ- ဖြစ်ခြင်းပျက်ခြင်းဟူသော အပိုင်းအခြားမရှိသော၊ အာကာသံ- ကောင်းကင်ပညတ်တည်း၊ အာကာသာနန္တံ-ညတ်၊ အာကာသာနန္တမေဝ- အာကာသနန္တသည်ပင်၊ အာကာသာနဉ္ဇံ-အာကာသာနဉ္ဇမည်၏၊ တံ အာကာသာနဉ္ဇံ-ထိုဖြစ်ခြင်းပျက်ခြင်းဟူသော အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်သည်၊ ဒေဝါနံ-တို့၏၊ (အာယတနံ-တည်ရာဖြစ်သော နတ်စင် နတ်ကွန်းသည်၊) ဒေဝါယတနံ-ဒေဝါယတနမည်သည်၊ (ဟောတိ) ဣဝ- ကဲ့သို့၊ (တထာ-တူ) သသမ္ပယုတ္တဓမ္မဿ- သမ္ပယုတ်တရားနှင့် တကွဖြစ်သော၊ (ယှဉ်ဘက် စိတ်စေတသိက်နှင့် တကွဖြစ်သော၊) အဿ ဈာနဿ-၏၊ (ဥပေက္ခာ ကေဂ္ဂတာဟူသော ဤဈာန်၏၊) အဓိဋ္ဌာနဋ္ဌေန- တည်ရာ၏ အဖြစ်ဟူသော အနက်ကြောင့်၊ အာယတနံ-အာယတနမည်၏၊ ဣတိ-ဤအနက်ကြောင့်၊ အာကာသာနဉ္ဇာယတနံ-မည်၏၊ ဣတိ-ဤသို့လျှင်၊ ဝါ-ဤ ဆိုအပ်ပြီးသောနည်းဖြင့်၊ အာကာသာနဉ္ဇ-အာကာသာနဉ္ဇလည်း ဟုတ်၏၊ တံ-ထိုအာကာသာနဉ္ဇဟူသည်၊ အာယတနဉ္ဇဉ္ဇ-သသမ္ပယုတ္တဈာန်၏ တည်ရာလည်း ဟုတ်၏၊ ဣတိ-ဤ ကမ္မဓာရည်းသမာသ် ဝစနတ္ထကြောင့်၊ အာကာသာနဉ္ဇာယတနံ-မည်၏၊ တေံ- ဤအာကာသာနဉ္ဇာ

နာဿ အန္တောတိ အနန္တံ။ ။နာဿ ဥပ္ပါဒန္တောဝါ ဝယန္တောဝါ ပညာယတိ၊ (ဝိသုဒ္ဓိမဂ်၊) ကောင်းကင်သည် ပညတ်တရားဖြစ်ရကား "မည်သည့်ကာလမှစ၍ ဖြစ်ခဲ့သည်"ဟု ဥပ္ပါဒဟူသော အစ အပိုင်းအခြား မရှိ၊ "မည်သည့်ကာလ၌ ကုန်ဆုံးလိမ့်မည်"ဟု ဝယဟူသော အဆုံးအပိုင်းအခြားလည်း မရှိ၊ ဥပ္ပါဒဝယဓမ္မမဟုတ်–ဟူလို၊ ထို့ကြောင့် "အနန္တ"ဟု အမည်ရသည်၊ အန္တသဒ္ဒါသည် "ကောဋိ (အစွန်း အပိုင်းအခြား) အနက်ကို ဟော၏။ [ရှေးနိဿယ၌ "အနန္တံ–ဥပါဒ် အပိုင်းအခြား, ဘင် အပိုင်းအခြားမထင်သော"ဟု ပေး၏၊ ဘင်ဟူသောစကားသည် ခဏတ္တယနှင့်ဆိုင်သောစကားတည်း၊ ဤ၌ ခဏတ္တယကို ပြခြင်းမဟုတ်၊ နောက်ဆုံးအပျက်ကို ပြခြင်းဖြစ်သည်၊ ထို့ကြောင့် အဋ္ဌကထာ၌ "ဘင်နွော"ဟု မသုံးစွဲပဲ, ဝယနွောဟု သုံးစွဲသည်။]

ဣတိ၊ပေ၊အာယတနဉ္ဇာတိ။ ။"အာယတနဉ္ဇာတိပိ"ဟု စာအုပ်တို့၌ ပိသဒ္ဒါကို တွေ့ရ၏၊ ရှေ့နည်းမှ တနည်းပြသောဝါကျမဟုတ်၊ ရှေးနည်းအတိုင်း အဖြောင့် ဝိဂြိုဟ်ပြသောဝါကျဖြစ်၍ ပိသဒ္ဒါ ပါဖွယ်မလို၊ မှန်၏–ရှေ့နည်း၌လည်း "တံ အာကာသာနဉ္ဇံ အဓိဋ္ဌာနဋ္ဌေန အာယတနံ"ဟု အရတူ ကမ္မဓာရည်းသမာသ်ကိုပင် ပြ၏၊ သို့သော် အခြားစကားများလည်း ပါဝင်နေသောကြောင့် မထင်ရှား၊ ထို့ကြောင့် "ဣတိ၊ပေ၊ အာယတနဉ္ဇာတိ"ဟု ကမ္မဓာရည်းသမာသ်ကို အဖြောင့်ပြရသည်။ [ဤ အာကာသာနဉ္ဇာယတနပုဒ်ပြီးပုံကို သင်္ဂြိုဟ်ဘာသာဋီကာ အာရုပ္ပစိတ်ခန်း၌ ပြထားပြီ။]

အမှာ။ ။ရှေးနိဿယ၌"ဣတိပိ"ဟူသောပါဌ်ကိုအတည်ယူ၍"တံ အာကာသာနဉ္ဇံ အဓိဋ္ဌာနဋ္ဌေန အာယတနမဿ၊ပေ၊ ဈာနဿ"ဟူသော ရှေ့စကားကို ဗဟုဗ္ဗီဟိသမာသ်ဟု ယူဆပြီးလျှင် "ဣတိ ဣမိနာ ဝစနတ္ထေန–ဤ ဗဟုဗ္ဗီဟိသမာသ် ဝစနတ်

ယတနံဟူသော အမည်သည်၊ ကသိဏကုဋ္ဌါဒိမာကာသဿ - ကသိဏ်း ဂ ပါး တို့တွင် တပါးပါးကို ခွဲခြင်းကြောင့် ရအပ်သော ကောင်းကင်ပညတ်၏၊ [ဤ ပါဠိတော်နည်းအတိုင်း "ကသိဏ်း ဂ ပါး" ဟု ဆိုသည်။] အဓိဝစနံ·တဲ့သည်း၊ တသ္မိံ အာကာသာနဉ္စာယတနေ-ထိုအာကာသာနဉ္စာယတနအာရုံ၌၊ (ဖြစ်ခြင်း ပျက်ခြင်းဟူသော အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်ဟူသောတည်ထုအာရုံ၌၊) အပ္ပနာပုတ္တာယ·အပ္ပနာသို့ရောက်သော၊ သညာယ·နှင့်၊ သဟဂတံ· တကွဖြစ်သော စျာန်တည်း၊ အာကာသာနဉ္စာယတနသညာ သဟဂတံ· အာကာသာနဉ္စာယတနသညာနှင့် တကွဖြစ်သော စျာန်။

[သုတ္တန်ပါဠိဘော်၌ "အနန္တော အာကာသော" ဟုဟောတော်မူသကဲ့သို့ ဤ၌ မဟောရခြင်း၏အကြောင်းကို ပုစ္ဆာ, ဝိသဇ္ဇနလုပ်၍ ပြလိုသောကြောင့် "ယထာ ဟ" စသည်မိန့်၊] ပန·ဆက်၊ (စောဒနာဖွယ်ကို ဆက်ပြသည်၊ ရှေးနိဿယ၌ "အထူးကား" ဟု ပေး၏၊)အညတ္ထ·အခြားသော သုတ္တန် ပါဠိတော် တို့၌၊ အနန္တော အာကာသော်တိ·ဟူ၍၊ ဝုတ္တံ ယထာ·ကဲ့သို့၊ ဧဝံ·တူ၊ ဣဓ·ဤ အဘိဓမ္မာပါဠိတော်၌၊ အနန္တံတိ ဝါ·အနန္တံဟူ၍လည်းကောင်း၊ ပရိတ္တံတိ ဝါ· ပရိတ္တံဟူ၍လည်းကောင်း၊ နဂဟိတံ·ယူတော်မမူအပ်၊ကသ္မာ, (နဂဟိတံ·နည်း၊ ဣတိ - ဤကား အမေးတည်း၊) ဟိ·အဖြေကား၊ (တနည်း) ဟိ (ယသ္မာ) ကြောင့်"ဟု ပေးလေ၏၊ ဗဟုဗ္ဗိဟိသမာသ်ဖြစ်လျှင် ဤနည်း၌ အာရုံကို အရမကောက်ရပဲ စျာန်ကို အရကောက်ရလိမ့်မည်၊ စျာန်ကို အရကောက်လျှင် "ကသိဏုဋ္ဌာဒိမာကာသသဿေတံ အဓိဝစနံ"ဟူသောစကားနှင့် ဆန့်ကျင်ရုံသာမက, တသ္မိံ အာကာသာနဉ္စာယတနေ အပ္ပနာပုတ္တာယ သညာယ"ဟူသော စကားနှင့်လည်း ဆန့်ကျင်စရာ ရှိ၏၊ ထို့ကြောင့် ထိုနိဿယစကားကို စဉ်းစားပါ။

မှတ်ချက်။ ။အာကာသာနဉ္စာယတနံ သမတိက္ကမ္မ၌ အာကာသာနဉ္စာယတနံအရ ဗဟုဗ္ဗိဟိ-ကမ္မဓာရည်း ၂ မျိုး ပြုရခြင်းကား၊ အရကောက်ကိုယ်က စျာန်ကိုလည်းကောင်း၊ အာရုံကိုလည်းကောင်း ၂ မျိုးရသောကြောင့်တည်း၊ ထို၌ ၂ မျိုးရသော်လည်း ဤ၌ အာရုံတမျိုးသာရပါသည်။

ကသိဏုဋ္ဌာဒိမ။ ။"ကသိဏုဋ္ဌာဒိမ" ပုဒ်ကို "ကသိဏံ ဥဋ္ဌာဒေတွာ လဒ္ဓမာကာသံ"ဟူသော သင်္ခေပဟ်အတိုင်းပေးလိုက်၏၊ နောက်၌ဖွင့်လတ္တံ့သော ဦကာအလို, အနက်တမျိုးကို နောက်၌ ပြမည်၊ ရှေးနိဿယ၌ "ကသိဏံ+ဥဋ္ဌာဒိယတိ စေတနာတိ ကသိဏုဋ္ဌာတော၊ တစေဝ ကသိဏုဋ္ဌာဒိမံ"ဟု တနည်း ပြပေး၏၊ ထိုနည်းသည် ဝိသုဒ္ဓိမဂ် မဟာဋီကာနည်းပင်တည်း။

အညတ္ထ၊ စပ၊ ကသ္မာ၊ ။အဘိဓမ္မာမှ တခြားသော သုတ္တန် ပါဠိတော်များကို "အညတ္ထ"ဟု ဆိုသည်၊ အဋ္ဌကအဂ်္ဂတ္တိရ် ဝိမောက္ခပါဠိတော် စသည်၌ "အနန္တော အာကာသောတိ အာကာသာနဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ"ဟု ဟောတော်မူ၏၊ ဤ၌ အဘယ်.ကြောင့် ထိုကဲ့သို့ "အနန္တံ"ဟုလည်းကောင်း, "ပရိတ္တံ"ဟုလည်းကောင်း ဟောတော်မမူပါသနည်း-ဟူလို။

(နောက်၌ "တသွာ"ရှိသည်၊) အနန္တော-အနန္တကို၊ ဂဟိတေ-ယူအပ်သော်၊ (ယူလိုက်လျှင်၊) ပရိတ္တံ-ပရိတ္တကို၊ နဂယှတိ-မယူအပ်၊(မယူနိုင်)၊ ပရိတ္တော-ကို၊ ဂဟိတေ-သော်၊ အနန္တံ-ကို၊ နဂယှတိ-အပ်၊ ဧဝံ သန္တေ-ဤသို့ဖြစ်လတော်၊ အာရမ္မဏစတုက္ကံ-အာရမ္မဏစတုက္ကသည်၊ နပ္ပဋိဂတိ-မပြည့်၊ ဒေသနာ-သည်၊ သောဠသကွတ္တုကာ-သောဠသကွတ္တုက ဒေသနာသည်၊ နဟောတိ-မဖြစ်၊ စ-ဆက်၊ သမ္မာသမ္ဗုဒ္ဓဿ-၏၊ ဣမသ္မိံ ဌာနေ-ဤအာရုပ္ပသမာပတ် အဏ္ဍ၌၊ ဒေသနံ-ဒေသနာကို၊ သောဠသကွတ္တုကံ-ကို၊ကာတုံ-၌၊ အဇ္ဈာသယော-အလိုတော်သည်၊ (ဟောတိ-ရှိ၏၊) တသွာ-ကြောင့်၊ အနန္တံတိ ဝါ-ဟူ၍လည်းကောင်း၊ ပရိတ္တံတိ ဝါ-ဟူ၍လည်းကောင်း၊ အဝတ္ဝာ-ဟောတော်မမူပဲ၊ အာကာသာနဉ္စာယတနသညာသဟဂတန္တိ-ဟူ၍၊ အာဟ-ဟောတော်မူပြီ၊ ဟိ-အကျိုးကား၊ ဧဝံ-ဤသို့ဟောတော်မူခြင်းသည်၊ သတိ-သော်၊ ဥဘယမ္ပိ-၂ပါး စုံသော အနန္တပရိတ္တသည်လည်း၊ ဝါ-ကိုလည်း၊ ဂဟိတမေဝ-ယူအပ်ပြီးတော့သည်သာ၊ ဟောတိ၊ အာရမ္မဏစတုက္ကံ-သည်၊ ပူရတိ-ပြည့်၏၊ ဒေသနာ-သည်၊ သောဠသကွတ္တုကာ-သည်၊သမ္ပတ္တိ-အပြည့်အစုံဖြစ်၏၊ (ဤတိ-ဤကား အနန္တကို မယူခြင်း၏ အကျိုးတည်း၊) အဝသေသော-ကြွင်းသော၊ ပါဠိ အတ္ထော-ပါဠိတော်၏အနက်ကို၊ ဟေဋ္ဌာ-အောက်ပဌမစျာန် စသည်၌၊ ဝုတ္တနယေနေဝ-ဖြင့်သာလျှင်၊ ဝေဒိတဗ္ဗော-၏။

[ပဋိပဒါအာဘိညာကို ပြလိုသော် "ရူပါဝစရ"စသည် မိန့်၊] စ-ဆက်၊ ဧတ္ထ-ဤအာကာသာနဉ္စာယတနစျာန်၌၊ ရူပါဝစရ စတုတ္ထဈာန နိကန္တိ ပရိယာဒါန ဒုက္ခတာယ-ရူပါဝစရ စတုတ္ထစျာန်၌ တပ်မက်ဟတ်သော တဏှာကို ကုန်အောင် ယူရခြင်း၏ ခဲယဉ်းသည်၏ အဖြစ်ကြောင့်၊ ဒုက္ခာ-သော၊ ပဋိပဒါ-သည်၊ (ဟောတိ)၊ ပရိယာဒိန္န နိကန္တိကဿ-ထက်ဝန်း ကျင်ယူအပ်ပြီးသော နိကန္တိရှိသော ယောဂီပုဂ္ဂိုလ်၏၊ ဝါ-နိကန္တိကို ကုန်ခမ်းစေပြီးသော ယောဂီပုဂ္ဂိုလ်၏၊ အပ္ပနာပရိဝါသ ဗန္ဓတာယ-အပ္ပနာသို့ ရောက်အောင် ကျင့်သုံးရခြင်း၏ လေးနှံသည်၏ အဖြစ်ကြောင့်၊ ဒန္ဓာ-လေးနှေးသော၊ အဘိညာ-သည်၊ ဟောတိ၊ ဝိပရိယဃနေန-ပြောင်းပြန်အားဖြင့်၊ သုခါ-လွယ်ကူသော၊ ပဋိပဒါ-ကိုလည်းကောင်း၊ ခိပ္ပါ-သော၊ အဘိညာစ-ကိုလည်းကောင်း၊ ဝေဒိတဗ္ဗော-၏။

အနန္တန္တိ ဟိ၊ပေ၊နံ ဟောတိ။ ။အနန္တသဒ္ဒါဒါသည် အပ္ပမာဏာသဒ္ဒါနှင့် အဓိပ္ပာယ်တူ၏၊ ထို့ကြောင့်"အနန္တံ အာကာသံ"ဟု အနန္တံကို ယူလိုက်လျှင် ထိုအနန္တ၏ ပြောင်းပြန်ဖြစ်သော ပရိတ္တံကို မယူနိုင်တော့၊ ပရိတ္တကို "ပရိတ္တံ အာကာသံ"ဟု ဆို၍ ယူလိုက်ပြန်လျှင် အနန္တ (အပ္ပမာဏာ) ကို မယူနိုင်တော့၊ ဤသို့ဖြစ်လျှင် (ပဌမစျာန်တုန်းက ပါဠိတော်ဝယ် အကျယ်ပြသည့်အတိုင်း) "ပရိတ္တံ, ပရိတ္တာရမ္မဏံ"စသော အာရမ္မဏစတုက္ကစျာန် မဖြစ်၊ စတုက္က မဖြစ်လျှင် ပဋိပဒါ ၄ ပါးကို အာရုံ ၄ ပါးဖြင့် မမြောက်နိုင်ရကား သောဠသကွတ္တုက ဒေသနာလည်း မဖြစ်နိုင်တော့။

ပန-ကား၊(ပဋိပဒါအဘိညာမှစာပါးအာရုံကား၊)ပရိတ္တ၊ပေ၊အာကာသေ-ကျဉ်းငယ်သောကသိုဏ်း၏ခွာအပ်သည်၏အဖြစ်ဟူသော ကောင်းကင်ပညတ်၌၊ ပဝတ္တံ-သော၊ ဈာနံ-သည်၊ ပရိတ္တာရမဏံ-ပရိတ္တာရမဏဈာန် မည်၏၊ ဝိပုလ ကသိဏုဂ္ဃါဋိမာကာသေ - ပြန့်ကျယ်သော ကသိုဏ်း၏ ခွာအပ်သည်၏ အဖြစ် ဟူသောကောင်းကင်ပညတ်၌၊ပဝတ္တံ-သော၊(ဈာနံ-သည်၊)အပ္ပမာဏာရမဏံ-ဈာန်မည်၏၊ဣတိ-သို့၊ဝေဒိတဗ္ဗံ၊စ-ဆက်၊ ဥပေက္ခာဗြဟ္မဝိဟာရေဝိယ-ဥပေက္ခာ ဗြဟ္မဝိဟာရ၌ ကဲ့သို့၊ ဣဓာပိ - ဤအာကာသာနဥ္ဇာယတန ဈာန်၌လည်း၊ စတုတ္တဈာနဝသေန-ဖြင့်၊ပဥ္ဇဝီသတိ-သော၊ဧကကာ-တို့သည်-ဟောန္တိ၊စ-ဆက်၊ ဧတ္ထ-ဤအာကာသာနဥ္ဇာယတနဈာန်၌၊(ပဥ္ဇဝီသတိ ဧကကာ ဟောန္တိ)ယထာ၊ ဝေံ-တူ၊ ဣတော - ဤအာကာသာနဥ္ဇာယတနဈာန်မှ၊ ပရေသုပိ-နောက် ဖြစ်သော ဈာန်တို့၌လည်း၊ (ပဥ္ဇဝီသတိ ဧကကာ ဟောန္တိ)၊ ပန-ဆက်၊တေသု-ထို နောက်ဈာန်တို့၌၊ ဝိသေသမတ္တမေဝ - အထူးမျှကိုသာ၊ ဝဏ္ဏယိဿာမ-ဖွင့်ကုန် တော့အံ့။

ဝိညာဏဥ္ဇာယတနဈာန်အဖွင့်

အာကာသာနဥ္ဇာယတနံ သမတိက္ကမာတိ ဧတ္ထ-ဟူသောဤပါဌ်၌၊ တာဝ-အာရုံ၏ အာကာသာနဥ္ဇာယတနမည်ပုံမှ ရှေးဦးစွာ၊ ပုဗ္ဗေ-၌၊ဝုတ္တနယေန-ဖြင့်၊ (အာကာသာနဥ္ဇ မည်ပုံ အာယတနမည်ပုံကို ညွှန်းသည်၊) အဿ-ဤဈာန်၏၊ အာကာသာနဥ္ဇံ - ဖြစ်ခြင်း ပျက်ခြင်းဟူသော အပိုင်းအခြား မရှိသော ကောင်းကင်ပညတ်ဟူသော၊ အဓိဋ္ဌာနဋ္ဌေန-တည်ရာ၏ အဖြစ်ဟူသော အနက် သဘောကြောင့်၊အာယတနံ-တည်ရာသည်၊(အတ္ထိ)၊ဣတိ-ဤ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထကြောင့်၊ ဈာနံပိ-သည်လည်း၊ အာကာသာနဥ္ဇာယတနံ-မည်၏၊ ဝုတ္တန ယေနေဝ-ဖြင့်ပင်၊ (အာကာသာနဥ္ဇ တံ အာယတနဥ္ဇာတိ အာကာသာနဥ္ဇာ ယတနံဟူသော ကမ္မဓာရည်း သမာသ် ဝစနတ္ထပြုရသော နည်းဖြင့်ပင်၊) အာရမဏမိ - သည်လည်း၊ (အာကာသာနဥ္ဇာယတနံ - မည်၏၊ ဧဝံ-လျှင်၊ ဈာနဥ္ဇ-ဈာန်လည်းကောင်း၊ အာရမဏဥ္ဇ-အာရုံလည်းကောင်း၊ ဣတိ-သို့၊ တေံ

ကသိဏုဂ္ဃါဋိမာကာသေ။ ။သဂြိုဟ်၌“ကသိဏံ ဥဂ္ဃါဋေတွာ လဒ္ဓမာကာသံ” ဟု ဆိုသောကြောင့် “ကသိဏာဿ+ဥဂ္ဃါဋော ကသိဏုဂ္ဃါဋော၊ ကသိဏုဂ္ဃါဋေန+ လဒ္ဓံ (ပဝတ္တံ ဝါ) ကသိဏုဂ္ဃါဋိမံ”ဟု ဝိဂြိုဟ်ပြုရ၏၊ ဤ၌ကား ဋီကာဝယ် နောက်၌ “ဥဂ္ဃါဋဘာဝေါ ဥဂ္ဃါဋိမံ”ဟု ဖွင့်သောကြောင့် ဘာဝတဒ္ဓိတ်ပြု၍ ဣမပစ္စည်း သက် ထားသည်၊ ဥပမာ အဏိမာ, လဃိမာပုဒ်တို့၌ “အဏုနော+ဘာဝေါ အဏိမာ” စသည်ဖြင့် ပြုရသကဲ့သို့တည်း၊ “ခွာအပ်သည်၏ အဖြစ်, ခွာအပ်သော ကသိုဏ်း၏ ဖြစ်ကြောင်းဖြစ်ရာ”ဟုသည်လည်း ဘာဝနာဖြင့် ခွာခြင်းကြောင့် စိတ်ထည်း၌ ထင်မြင် လာသော ကောင်းကင်ပညတ်ပင်တည်း၊ အာကာသောနှင့် သမ္မဓာရည်းတွဲပါ။

ဥဘယံပိ-ဤ ၂ ပါးစုံကိုလည်း၊ အပ္ပဝတ္တိကရဏေန စ -မဖြစ်ခြင်းကို ပြုခြင်းအားဖြင့်လည်းကောင်း၊ အမနသိကရဏေန စ -နှလုံး မသွင်းခြင်းအားဖြင့်လည်းကောင်း၊ သမတိက္ကမိတွာ ဝ-လွန်မြောက်ပြီး၍သာလျှင်၊ ဝါ-လွန်မြောက်နိုင်မှုသာလျှင်၊ ယသ္မာ-ကြောင့်၊ ဣဒံ ဝိညာဏဥာယတနံ-သို့၊ ဥပသမ္ပဇ္ဇ-၍၊ ဝိဟာတဗ္ဗံ-နေနိုင်၏၊ တသ္မာ, ဧကံ ဥဘယမ္ပိ-ဤစျာန်အာရုံ ၂ ပါးစုံကိုလည်း၊ ဧကဇ္ဈံ-တပေါင်းတည်း၊ ကတွာ, အာကာသာ ၊ပေ၊ သမတိက္ကမ္မာတိဣဒံ-ဟူသော ဤစကားကို၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ ဣတိ ဝေဒိတဗ္ဗံ။ [ဤအလို "အာကာသာနဥာယတနံ - အာကာသာနဥာယတနစျာန်, အာကာသာနဥာယတန အာရုံကို"ဟု ပါဠိတော်၌ ပေးပါ၊ သဒ္ဒါနက်ဖော်၍ ပေးလိုလျှင် "အာကာသာနဥာယတနံ-ဖြစ်ခြင်း ပျက်ခြင်းဟူသော အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်ဟူသော တည်ရာအာရုံရှိသော စျာန်, ဖြစ်ခြင်းပျက်ခြင်းဟူသော အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်ဟူသော တည်ရာ အာရုံကို"ဟု ပေးပါ။

ပန-ကား၊ ဝိညာဏဥာယတနသညာ သဟဂတန္တိ ဧတ္ထ-၌၊ အနန္တန္တိ-အနန္တံဟူ၍၊ မနသိကာတဗ္ဗဝသေန-ယောဂီပုဂ္ဂိုလ်သည် နှလုံးသွင်းထိုက်သည်၏ အဖြစ်ကြောင့်၊ အဿ-ထိုပဌမာရုပ္ပဝိညာဉ်၏၊ အန္တော-ဖြစ်ခြင်းပျက်ခြင်းဟူသော အပိုင်းအခြားသည်၊ နမရှိ၊ ဣတိ-ကြောင့်၊ အနန္တံ-မည်၏၊ အနန္တမေဝ-အနန္တသည်ပင်၊ အာနဥ်-မည်၏၊[သွတ္ထ၌ ဏျပစ္စည်းသက်၊ နကို နိဂ္ဂဟိတ်ပြု, တျဲကို စ, နိဂ္ဂဟိတ်ကို ဥပြု။] အာနဥ်- အနန္တဟု နှလုံးသွင်းထိုက်သည်၏ အဖြစ်ကြောင့် အာနဥမည်သော၊ ဝိညာဏံ-ပဌမာရုပ္ပဝိညာဉ်တည်း၊ ဝိညာဏာနဥ်-ညာဉ်၊ ဣတိ-သို့၊ အဝတွာ-ဟောတော်မမူပဲ၊ ဝိညာဏဥန္တိ-ဟူ၍၊ ဝုတ္တံ-ပြီ၊ [ဝိညာဏဥာ

အပ္ပဝတ္တိ၊ ပေ၊ အမနသိကရဏ။ ။အပ္ပဝတ္တိကရဏကို စျာနံနှင့် တွဲ၊ စျာန်ကို မဖြစ်အောင် ပြုခြင်းအားဖြင့် လွန်သည်၊ အမနသိကရဏကို အာရမဏံနှင့်တွဲ၊ အာရုံကို နှလုံးမသွင်းသောအားဖြင့် လွန်သည်၊ (တနည်း)စျာန်ကို အာဝဇ္ဇန်းဖြင့် မဆင်ခြင်ခြင်းကို အမနသိကရဏဟု ဆိုနိုင်၏၊ အာရုံကို အာရုံပြုသောအားဖြင့် မဖြစ်စေခြင်းကို အပ္ပဝတ္တိကရဏဟု ဆိုနိုင်၏၊ ထို့ကြောင့် စျာနံ အာရမဏံ ၂ မျိုးလုံးကိုပင် အပ္ပဝတ္တိကရဏ အမနသိကရဏ ၂ မျိုးနှင့် တွဲနိုင်သည်၊-ဝိသုဒ္ဓိမဂ် မဟာဋီကာ။

အနန္တန္တိ မနသိကာတဗ္ဗဝသေန။ ။ယောဂီပုဂ္ဂိုလ်က "ဝိညာဏံ အနန္တံ, ဝိညာဏံ အနန္တံ"ဟု နှလုံးသွင်းထိုက်သည်ကို "အနန္တန္တိ မနသိကာတဗ္ဗဝသေန"ဟု ဆိုသည်၊ ယောဂီပုဂ္ဂိုလ်၏"အနန္တ"ဟု နှလုံးသွင်းခြင်းကို နှလုံးသွင်းအပ်သော ဝိညာဏ အပေါ်၌ တင်စား၍ ပဌမာရုပ္ပဝိညာဉ်ကိုလည်း "အနန္တ"ဟု ခေါ်ရသည်။ [ဝိညာဏံ-ငါရအပ်ပြီးသော ပဌမာရုပ္ပဝိညာဉ်သည်+အနန္တံ-အနန္တဖြစ်သော ကောင်းကင်ကို အာရုံပြုသည့်အတွက် သူလည်း အနန္တပင်တည်း၊ ဣတိ-ကြောင့်၊ အနန္တံ-အနန္တမည်၏။] အတ္တနော ဖရဏာကာရေနေဝ အနန္တန္တိ မနသိကာတဗ္ဗတ္တာ အနန္တန္တိ ဝုတ္တံ၊-ဋီကာ။

ယတနံ၌ "ဝိညာဏဉ်" ဟု ဟောတော်မူသည်။] ဟိ-မှန်၊ တွေ-ဤ ဝိညာဏဉာ ယတနသညာသဟဂတံ ဟူသော ပါဌ်၌၊ အယံ-ဤဝိညာဏဉဟူသော သဒ္ဒါ သည်၊ ရုဋ္ဌိသဒ္ဒေါ-အထင်ရုဋ္ဌိ သဒ္ဒါတည်း။

တဒေဝ ဝိညာဏဉ်- ထို အနန္တဟု နှလုံးသွင်းအပ်သော ပဌမာရုပ္ပဝိညာဉ် သည်ပင်၊ ဣမာယ သညာယ- ဤ ဒုတိယာရုပ္ပ သညာ၏၊ အဓိဋ္ဌာနဋ္ဌေန- ကြောင့်၊ အာယတနံ- အာယတနမည်၏၊ ဣတိ-ကြောင့်၊ ဝိညာဏဉာယတနံ- မည်၏၊ တသ္မိံ ဝိညာဏဉာယတနေ-ထို ဝိညာဏဉာယတန အာရုံ၌၊ (အနန္တ ဟု နှလုံးသွင်းအပ်သော ပဌမာရုပ္ပဝိညာဉ် ဟူသော တည်ရာအာရုံ၌၊) ပဝတ္တာ ယ-သော၊ သညာယ- နှင့်၊ သဟဂတံ- တကွဖြစ်သော ဈာန်တည်း၊ ဣတိ- ကြောင့်၊ ဝိညာဏဉာယတနသညာသဟဂတံ- မည်၏၊ ဧတံ- ဤ ဝိညာဏဉာ ယတနသညာသဟဂတံ ဟူသော အမည်သည်၊ အာကာသေ-၌၊ ပဝတ္တ ဝိညာ ဏာရမဏဿ-ဖြစ်သော ပဌမာရုပ္ပဝိညာဉ်ဟူသော အာရုံရှိသော၊ ဈာနဿ- ဒုတိယာရုပ္ပဈာန်၏၊ အဓိဝစနံ-တည်း၊ ဣဓ- ဤဒုတိယာရုပ္ပဈာန်၌၊ အာကာ သာနဉာယတန သမာပတ္တိယာ-၌၊ နိကန္တိ ပရိယာဒါန ဒုက္ခတာယ- တပ်မက် တတ်သောတဏှာကို ကုန်စေရခြင်း၏ ခက်ခဲသည်၏အဖြစ်ကြောင့်၊ ဒုက္ခာ- သော၊ ပဋိပဒါ (ဟောတိ)၊ ပရိယာဒိန္န နိကန္တိကဿ- ထက်ဝန်းကျင် ယူအပ် ပြီးသော နိကန္တိရှိသော ယောဂီပုဂ္ဂိုလ်၏၊ ဝါ-နိကန္တိကို ကုန်ခန်းစေပြီးသော ယောဂီပုဂ္ဂိုလ်၏၊အပ္ပနာပရိဝါသ ဒန္ဓတာယ-အပ္ပနာသို့ရောက်အောင်ကျင့်သုံး ရခြင်း၏လေးနှေးသည်၏အဖြစ်ကြောင့်၊ ဒန္ဓာ-သော၊ အဘိညာ (ဟောတိ)၊ ဝိပရိယယေန-အားဖြင့်၊သုခါ-သော၊ပဋိပဒါ-သည်လည်းကောင်း၊ခိပ္ပါ-သော၊ အဘိညာစ- သည်လည်းကောင်း၊ (ဟောတိ)၊ပရိတ္တ ကသိဏုဂ္ဃါဋိမာကာသာ

ဆက်ဦးအံ့။ ။ဤသို့ မနသိကာတဗ္ဗ၏ အစွမ်းဖြင့် အနန္တအမည်ရ၍ ဝိညာဉ် ကိုယ်တိုင်မှာ ဥပါဒ် ဘင်အားဖြင့် အဆုံးအပိုင်းအခြား ရှိနေသောကြောင့် "နဿ+ အန္တော" ဟူသော ဝိဂြိုဟ်ကို စဉ်းစားသင့်၏၊ သို့ရာတွင် အမျိုးရှိပါလျက် "နကုလ" အမည်တွင်နေသော ယောက်ျားကို "နတ္ထိ ကုလံ ယဿ" ဟုဝိဂြိုဟ်ပြုသကဲ့သို့ဤ၌လည်း "ယထာကထဉ္စိ ဗျုပ္ပတ္တိ" နှင့် အညီ "နဿ အန္တော" ဟု ဝိဂြိုဟ်ပြုထားဟန်တူသည်။

အယံ ဟေတ္တဲ ရုဋ္ဌိသဒ္ဒေါ။ ။"ဝိညာဏံ အာနဉ်" ဟု ဝိဂြိုဟ် ပြုရပါလျက် "ဝိညာ ဏာနဉ်" ဟု မဆိုပဲ အဘယ်ကြောင့် "ဝိညာဏဉ်" ဟု ဆိုရသနည်း ဟု မေးဖွယ်ရှိ သောကြောင့် "အယံ ဟေတ္တ ရုဋ္ဌိသဒ္ဒေါ" ဟု မိန့်သည်၊ ဝိညာဏဉသဒ္ဒါသည် ဝိညာဏာ နဉသဒ္ဒါ၏ အနက်၌ ထင်ရှားသော အထင်ရုဋ္ဌိသဒ္ဒါဖြစ်သည်-ဟူလို၊ ရုဋ္ဌိသဒ္ဒေါတိ ဣမိနာ ဝိညာဏာနဉ်တိ ဧတဿ ပဒဿ အတ္တေ ဝိညာဏဉသဒ္ဒေါ နိရုဋ္ဌောတိ ဒဿေ တိ၊-မဟာဋီကာ၊ [ဋီကာကျော်၌ကား "ဝိညာဏေန-ဒုတိယာရုပ္ပဝိညာဉ်သည်+အဉ္ဌိ တဗ္ဗံ ပါပုဏိတဗ္ဗံ-ရောက်ထိုက်၏၊ ဣတိ ဝိညာဏဉ်" ဟုလည်း တနည်းပြုသေး၏၊ ထို အလို ရုဋ္ဌိမဟုတ်, အနုတ္တပုဒ်သာ၊ မဟာဋီကာ၌လည်း တမျိုးပြုသေး၏။]

ရမဏံ-ကျဉ်းငယ်သောကသိုဏ်း၏ ခွာအပ်သည်၏အဖြစ်ဟူသော ကောင်းကင်ပညတ်လျှင် အာရုံရှိသော၊ သမာပတ္တိ-ကို၊ အာရဗ္ဘ ၍၊ ပဝတ္တိယာ-ဖြစ်ခြင်းကြောင့်၊ ပရိတ္တာရမဏတာ- ပရိတ္တာရမဏ၏ အဖြစ်ကိုလည်းကောင်း၊ ဝိပရိယယေန-ဖြင့်၊ [ပရိတ္တ၏ပြောင်းပြန် "အပ္ပမာဏကသိဏုဂ္ဂါဋိ မာကာသာရမဏံ သမာပတ္တိ အာရဗ္ဘ ပဝတ္တိယာ"-ဟူလို။] အပ္ပမာဏာရမဏတာ- ကိုလည်းကောင်း၊ ဝေဒိတဗ္ဗာ၊ သေသံ- ကြွင်းသော အစီအရင်သည်၊ ပုရိမ သဒိသမေဝ- ရှေ့၌ ဆိုအပ်ပြီးသော အစီအရင်နှင့် တူသည်သာ။ ["ဥပေက္ခာ ဗြဟ္မ ဝိဟာရေ ဝိယ ဣဓာပိ"စသည်ကို ပြန်ညွှန်းသည်။]

အာကိဉ္ဉညာယတနစျာန် အဖွင့်

ဝိညာဏဉ္ဉာယတနံ သမတိက္ကမ္မာတိ ဇ္ဆောပိ-၌လည်း၊ ပုဗ္ဗေ- ရှေးအာကာသာနဉ္ဉာယတနံ သမတိက္ကမ္မဟူသော ပါဋ်၌၊ ဝုတ္တနယေနေဝ- ဖြင့်သာလျှင်၊ အဿ- ထိုစျာန်၏၊ ဝိညာဏဉ္ဉံ- အနန္တဟု နှလုံးသွင်းအပ်သော ပဌမာရုပ္ပဝိညာဉ်ဟူသော၊ အဓိဋ္ဌာနဌေန-ကြောင့်၊ အာယတနံ-သည်၊ (အတ္ထိ)၊ ဣတိ-ဤ ဗဟုဗ္ဗိဟိသမာသ် ဝစနတ္ထကြောင့်၊ စျာနမ္မိ-သည်လည်း၊ ဝိညာဏဉ္ဉာယတနံ-မည်၏၊ ဝုတ္တနယေနေဝ- ပင်၊ [စ-ပိုသည်။] ("အာကာသာနဉ္ဉံစ+တံ+အာယတနဉ္ဉာတိ အာကာသာနဉ္ဉာယတနံ" ဟူသော ကမ္မဓာရည်းသမာသ် ဖြင့်ပင်၊) အာရမဏံပိ- သည်လည်း၊ (ဝိညာဏဉ္ဉာယတနံ- မည်၏၊) ဧဝံ-သို့၊ စျာနဉ္ဉ- စျာန်လည်းကောင်း၊ အာရမဏဉ္ဉ-လည်းကောင်း၊ ဣတိ-သို့၊ ဧတံ ဥဘယမ္မိ- ဤ ၂-ပါးစုံကိုလည်း၊ ပေ၊ ဣဒံ အာကိဉ္ဉညာယတနံ- သို့၊ ဥပသမ္ပဇ္ဇ ဝိဟာတဗ္ဗံ၊ တသ္မာ, ဧတံ ဥဘယမ္မိ-ကိုလည်း၊ ဧကဇ္ဈံ, ကတ္ဒာ၊ ဝိညာဏဉ္ဉာယတနံ သမတိက္ကမ္မာတိဣဒံ-ဟူသောဤစကားကို၊ ဝုတ္တံ- ဟောတော်မူအပ်ပြီ၊ ဣတိ ဝေဒိတဗ္ဗံ။

ပန- ကား၊ အာကိဉ္ဉညာယတနသညာသဟဂတန္တိ ဇ္ဆော-၌၊ (ဝစနတ္ထောဧဝံ ဝေဒိတဗ္ဗော၊) အဿ-ဤ ပဌမာရုပ္ပဝိညာဉ်၏၊ ကိဉ္ဉနံ- စိုးစဉ်း အနည်းငယ်သည်၊ န-မရှိ၊ ဣတိ-ကြောင့်၊ တံ- ထို ပဌမာရုပ္ပဝိညာဉ်သည်၊ အကိဉ္ဉနံ-မည်၏၊ အဿ- ဤ ပဌမာရုပ္ပဝိညာဉ်၏၊ အန္တမသော- အားဖြင့်၊ ဘင်္ဂမတ္တမ္မိ-

---

ဘင်္ဂမတ္တံမ္မိ၊ ပေ၊ နတ္ထိ။ ။ကိဉ္ဉနန္တိ-ကိဉ္ဉိပိ၊ (ကိဉ္ဉနံနှင့် ကိဉ္ဉိသည် အနက်တူသော နိပါတ်ချည်းတည်း၊) သဘာဝမေ္မဿ အပ္ပါဝသေသတာနာမ ဘင်္ဂေါဧဝ သိယာတိ အာဟ-ဘင်္ဂမတ္တံပိ အဝသိဋ္ဌံ နတ္ထိတိ (သဘာဝမေ္မ၏ ဥပါဒ်ဌီဘင်ဟု အခိုက်အတန့် ၃-မျိုးရှိရာဝယ် "အနည်းငယ်ကျန်သေး၏" ဟု ဆိုလျှင် နောက်ဆုံး ဘင်အခိုက်သာ ဖြစ်စရာရှိ၏၊ ထို့ကြောင့် "ဘင်္ဂမတ္တံပိ အဝသိဋ္ဌံ နတ္ထိ" ဟု ဆိုသည်၊—မဟာဋီကာ။

ဘင်မျှလည်း ဖြစ်သော၊ အဝသိဒ္ဓံ–အကြွင်းအကျန်ဘာည်၊ နတ္ထိ၊ ဣတိ ဝုတ္တံ ဟောတိ၊ [အာကိဉ္စန၏ အဖြောင့် အဓိပ္ပာယ်ဖွင့်သည်၊] အာကိဉ္စနဿ-စိုးစဉ်း အနည်းငယ်မျှမရှိသော ပဌမာရုပ္ပဝိညာဉ်၏၊ (အယုတဲသဖြင့် ဘင်မျှ အကြွင်း အကျန်မရှိသော ပဌမာရုပ္ပဝိညာဉ်၏၊) ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာ မရှိခြင်း တည်း၊ (နတ္ထိဘောပညတ်တည်း၊) အာကိဉ္စည်-စိုးစဉ်းအနည်းငယ်မျှ မရှိသော ပဌမာရုပ္ပဝိညာဉ်၏ ဖြစ်ကြောင်းဖြစ်ရာ နတ္ထိဘောပညတ်၊ ဧတံ-ဤ အာကိဉ္စည်ဟူသော အမည်သည်၊ အာကာသာနဉ္စာယတန ဝိညာဏာဝပဂမဿ-အာကာသာနဉ္စာယတန(ပဌမာရုပ္ပ)ဝိညာဉ်၏ ကင်းခြင်းဟူသော နတ္ထိဘော ပညတ်၏၊ အဓိဝစနံ၊ တံ အာကိဉ္စည်-ထို စိုးစဉ်းအနည်းငယ်မျှ မရှိသော ပဌမာရုပ္ပဝိညာဉ်၏ ဖြစ်ကြောင်းဖြစ်ရာ နတ္ထိဘောပညတ်သည်၊ ဣမိဿာ သညာယ-ဤ တတိယာရုပ္ပသညာ၏၊ အဓိဋ္ဌာနဋ္ဌေန-ကြောင့်၊ အာယတနံ-တည်း၊ ဣတိ-ဤ ကမ္မခာရည်းသမာသ် ဝစနတ်ကြောင့်၊ အာကိဉ္စညာယတနံ-မည်၏၊ တသ္မိံ အာကိဉ္စညာယတနေ-ထို အာကိဉ္စညာယတန အာရုံ၌၊ (ထို စိုးစဉ်း အနည်းငယ်မျှ မရှိသော ပဌမာရုပ္ပ ဝိညာဉ်၏ ဖြစ်ကြောင်းဖြစ်ရာ နတ္ထိဘောပညတ် ဟူသော တည်ရာအာရုံ၌၊) ပဝတ္တာယ-သော၊ သညာယ-နှင့်၊ သဟဂတံ-တကွ ဖြစ်သောစျာနံတည်း၊ ဣတိ-ဤ အာကိဉ္စညာယတနသညာ သဟဂတံ-မည်၏၊ ဧတံ-ဤ အာကိဉ္စညာယတနသညာ သဟဂတံဟူသော အမည်သည်၊ အာကာသေ-၌၊ ပဝတ္တိတ ဝိညာဏာဝပဂမာရုမဏာဿ-ဖြစ်စေအပ်သော ပဌမာရုပ္ပဝိညာဉ်၏ ကင်းကွာခြင်းဟူသော အာရုံရှိသော၊ စျာနဿ-၏၊ အဓိဝစနံ-တည်း၊ ဣစ-ဤ တတိယာရုပ္ပစျာန်၌၊ ဝိညာဏဉ္စာယတန သမာပတ္တိယာ-၌၊ နိကန္တိပရိယာဒါန ဒုက္ခတာယ-ကြောင့်၊ ဒုက္ခာ ပဋိပဒါ (ဟောတိ)၊ ပရိယာဒိန္နနိကန္တိကဿ-၏၊ အပ္ပနာ ပရိဝါသမန္ဒတာယ-ကြောင့်၊ ဒန္ဓာ အဘိညာ (ဟောတိ)၊ ဝိပရိယယေန သုခါ ပဋိပဒါ, ခိပ္ပာ အဘိညာစ (ဟောတိ)၊ ပရိတ္တာ ကသိဏုဂ္ဃာဋိမာကာသေ-၌၊ ပဝတ္တိတ ဝိညာဏာဝပဂမာရုမဏတာယ-ဖြစ်စေအပ်သော ပဌမာရုပ္ပဝိညာဉ်၏ ကင်းကွာခြင်းဟူသော အာရုံရှိသည်၏ အဖြစ်ကြောင့်၊ပရိတ္တာရုမဏတာ-ကိုလည်းကောင်း၊ဝိပရိယယေန, အပ္ပမာဏာရုမဏတာ-ကိုလည်းကောင်း၊ ဝေဒိတဗ္ဗာ၊ သေသံ ပုရိမသဒိသမေဝ။

ဓနဝသညာနာသညာယတန အဖွင့်

အာကိဉ္စညာယတနံ သမတိက္ကမ္မတိ ဇွတ္ထာပိ-၌လည်း၊ ပုဗ္ဗေ ဝုတ္တနယေနေဝ, အဿ-ထို စျာန်၏၊ အာကိဉ္စည်-စိုးစဉ်း အနည်းငယ်မျှ မရှိသော ပဌမာရုပ္ပဝိညာဉ်၏ ဖြစ်ကြောင်းဖြစ်ရာ နတ္ထိဘော ပညတ်ဟူသော၊ အဓိဋ္ဌာနဋ္ဌေန-ကြောင့်၊ အာယတနံ-သည်၊ (အတ္ထိ)၊ ဣတိ-ဤ ဗဟုဗ္ဗီဟိသမာသ် ဝစနတ်

ကြောင့်၊ ဈာနံပိ-သည်လည်း၊ အာကိဉ္ဉညာယတနံ-မည်၏၊ ဝုတ္တနယေနေဝ-ဖြင့်ပင်၊ (တဒေဝ ဝိညာဏဉ္ဇံ အဓိဋ္ဌာနဌေန ဣမာယ သညာယ အာယတနန္တိ ဝိညာဏဉ္ဇာယတနံဟု ဆိုအပ်ပြီးသော ကမ္မဓာရည်းသမာသ် ဝစနတ်နည်းဖြင့်ပင်၊) အာရမဏမိ-သည်လည်း၊ (အာကိဉ္ဉညာယတနံ-မည်၏၊) ဝေံ၊ပေ၊ ဝေဒိတဗ္ဗံ။

ပန-ကား၊ နေဝ၊ပေ၊ သဟဂတန္တိ ဇတ္ထ-၌၊ (ဝိနိစ္ဆယော ဝေံ ဝေဒိတဗ္ဗော၊) ယာယ သညာယ-အကြင်သညာ၏၊ ဘာဝတော-ရှိသေးခြင်းကြောင့်၊ တံ-ထို ဈာန်ကို၊ နေဝသညာနာသညာယတနန္တိ-ဟူ၍၊ ဝုစ္စတိ-၏။ ယထာ (ယံ ပဋိပတ္တိံ)-အကြင် အကျင့်ကို၊ ပဋိပန္နဿ-ကျင့်သောပုဂ္ဂိုလ်၏၊ သာ သညာ-ထို သိမ်မွေ့သောသညာသည်၊ ဟောတိ-၏၊ တာဝ-ရှေးဦးစွာ၊ တံ-ထို အကျင့်ကို၊ [တံ တာဝ ပဋိပတ္တိံ၊-ဋီကာ၊] ဒဿေတုံ-ငှာ၊ ဝိဘဂေ်-ဈာနဝိဘင်းပါဋိတော်၌၊ နေဝသညီနာသညီတိ-ဟူ၍၊ ဥဒ္ဓရိတွာ-ထုတ်ဆောင်တော်မူပြီး၍၊ (သံဝဏ္ဏေတဗ္ဗ အဖြစ်ဖြင့် ထုတ်ဆောင်တော်မူပြီး၍၊) တညေဝ အာကိဉ္ဉညာယတနံ-ထို အာကိဉ္ဉညာယတနဈာန်ကိုပင်၊ သန္တတော-ငြိမ်သက်သည်၏ အဖြစ်အားဖြင့်၊ ဝါ-ငြိမ်သက်၏ ဟူ၍၊ မနသိကရောတိ-နှလုံးသွင်း၏၊ သခ်ါရာဝသေသ သမာပတ္တိံ-ကြမ်းတမ်းသော သခ်ါရတို့မှ ကြွင်းသော သမာပတ်ကို၊ ဘာဝေတိ-ဖြစ်စေ၏၊ တေန-ကြောင့်၊ နေဝသညီ နာသညီတိ-ဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ (ဣတိ-သို့၊) ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ တတ္ထ-ထို ဈာနဝိဘင်းပါဋိတော်၌၊ သန္တသော မနသိကရောတီတိ-ကား၊ ဟိ (ယသ္မာ)၊ယတြ (ယာ သမာပတ္တိ)-သည်၊ နတ္ထိဘာဝမိ-မရှိသည်၏ အဖြစ်ကို သော်မူလည်း၊ (မရှိခြင်းဟူသော နတ္ထိဘော ပညတ်ကိုသော်မှလည်း၊) အာရမဏံ-ကို၊ကရိတွာ၊ ၍၊ ဌဿတိနာမ- တည်နိုင်ပါပေ၏။ [ယတြ၌ တြပစ္စည်းကို ပဌမာအနက်၌

ယာယသညာယ ဘာဝတော။ ။ယာဒိသာယ သညာယ အတ္ထိဘာဝေန၊ ယာ ဟိ သာ ပဋုသညာကိစ္စဿ အဘာဝတော သညာတိပိ နဝတ္တဗ္ဗာ-ထင်ရှားသော သညာကိစ္စ၏ မရှိခြင်းကြောင့် သညာဟုလည်း မဆိုထိုက်၊ သညာသဘာဝါနတိဝတ္တနတော အသညာတိပိ နဝတ္တဗ္ဗာ-သညာသဘောကို မလွန်သောကြောင့် သညာမဟုတ်ဟုလည်း မဆိုထိုက်၊ တဿာ ဝိဇ္ဇမာနတ္တာတိ အတ္ထော၊-မဟာဋီကာ။ [ဤ အဌကထာဝယ် နောက်နား၌လည်း အထဝါတက်၍ ဤအဓိပ္ပာယ်ကို ဖွင့်လတ္တံ့။]

နေဝသညီနာသညီ၊ ။ဤဈာနဝိဘင်းပါဋိတော်၌ နေဝသညီနာသညီဖြင့် ပုဂ္ဂိုလ်ကို အရကောက်ရသော ပုဂ္ဂလာဓိဋ္ဌာန်ကို ပြ၏၊ ထို သညာဝန္တ ပုဂ္ဂိုလ်ကို ပဓာနပြု၍ နေဝသညာနာသညာ ဟူသော ဓမ္မကိုလည်း အပ္ပဓာနအားဖြင့် ပြသည်-ဟု မှတ်ပါ။ [နေဝသညီနာသညီတိ ဟိ ပုဂ္ဂလာဓိဋ္ဌာနေန ဓမ္မံ ဥဒ္ဓရန္တေန (ထုတ်ဆောင်တော်မူသော မြတ်စွာဘုရားသည်) သညာဝန္တမုခေန သညာ ဥဒ္ဓဋာ။-မဟာဋီကာ။]

သက်၊ နာမသဒ္ဒါကို ရှေးနိဿယယဉ်၌ ''အစ္ဆရိယတ္ထ'' ဟု ဆို၏၊] အယံ သမာပတ္တိ-မရှိခြင်းကိုပင် အာရုံပြုနိုင်သော ဤသမာပတ်အသည်၊ သန္တာ ဝတ-ငြိမ်သက်ပါပေစ့၊ ဣတိ ဧဝံ-သို့၊ သန္တာရမဏတာယ-ငြိမ်သက်သော နတ္ထိဘောပညတ်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်၊ နံ-ထို တတိယာရုပ္ပသမာပတ်ကို၊ သန္တာတိ-ငြိမ်သက်၏ဟူ၍၊ မနသိကရောတိ။ [''နတ္ထိဘာဝ'' ကိုကြည့်၍ ''နတ္ထိဘော'' ဟုလည်းကောင်း, ပရမတ်တရားမဟုတ်သောကြောင့် ''ပညတ်'' ဟုလည်းကောင်း ဆိုသည်။]

သန္တတော-အားဖြင့်၊ စေ မနသိ ကရောတိ-အံ့၊(ဧဝံသတိ)၊ ကထံ-သို့လျှင်၊ သမတိက္ကမော- တတိယာရုပ္ပဝိညာဉ်ကို လွန်မြောက်ခြင်းသည်၊ ဟောတိ-နိုင်သနည်း၊ ဣတိ-ဤကား အမေးတည်း၊ အနာဝဇ္ဇံတုကာမတာယ-ဆင်ခြင်ခြင်းငှါ အလိုမရှိသည်၏အဖြစ်ကြောင့်၊(သမတိက္ကမော-သည်၊ ဟောတိ နိုင်၏၊ ဣတိ-ဤကားအဖြေတည်း၊)ဟိ-ချဲ့၊ [ရှေးနိဿယယဉ်၌ ''ဟိ တံ ပါဒကဋ္ဌံ ကရောမိ'' ဟု ဆို၏။]သော-ထို ယောဂီပုဂ္ဂိုလ်သည်၊(စတုဇ္ဈာနိကသမာပတ်ကို အားထုတ်နေသော ယောဂီပုဂ္ဂိုလ်သည်၊) နံ-ထို တတိယာရုပ္ပသမာပတ်ကို၊ သန္တတော-အားဖြင့်၊ကိဉ္စာပိ မနသိ ကရောတိ-အကယ်၍ကား နှလုံးသွင်းပါပေ၏၊ အထ ခေါ-ထိုသို့ပင် နှလုံးသွင်းပါသော်လည်း၊ အာသ-ထိုယောဂီပုဂ္ဂိုလ်၏၊ (အာဘောဂေါ စသည်၌ စပ်၊)အဟံ-သည်၊ ဧတံ- ဤ တတိယာရုပ္ပ သမာပတ်ကို၊ အာဝဇ္ဇိဿာမိ- ဆင်ခြင်အံ့၊ သမာပဇ္ဇိဿာမိ- ဝင်စားအံ့၊ အဓိဋ္ဌဟိဿာမိ-ဆောက်တည်အံ့၊ (ဘဝင်ကို လွှမ်းမိုး၍ စျာန်အစဉ်ကို ထားအံ့၊)ဝုဋ္ဌဟိဿာမိ-စျာန်မှထအံ့၊ ပစ္စဝေက္ခိဿာမိ-ဆင်ခြင်အံ့၊(ဝသီဘော် ၅-ပါးကို ဆိုနေသည်၊) ဣတိ-သို့၊ ဧသ အာဘောဂေါ-ဤသို့သောနှလုံးသွင်းခြင်းသည်၊(ဧသ)သမန္နာဟာရော- ဤသို့သော စိတ်ကို ကောင်းစွာ ဆောင်ခြင်းသည်၊ (ဧသ)မနသိကာရော-ဤသို့သောစိတ်ဋ္ဌ ပြုခြင်းသည်၊ဝါ-ဤသို့သော နှလုံးသွင်းခြင်းသည်၊ နဟောတိ-မဖြစ်၊ ကသ္မာ-နည်း၊အာကာသာနဉ္စာယတနတော- အာကာသာနဉ္စာယတနစျာန်ထက်၊(မိမိချီးမွမ်းအပ်သောအာကာသာနဉ္စာယတနစျာန် ထက်၊)နေဝသညာနာသညာယတနဿ- နေဝသညာ နာသညာယတနစျာန်၏၊ သန္တတရပဏီတတရတာယ- သာ၍ ငြိမ်သက်, သာ၍ မွန်မြတ်သည်၏ အဖြစ်ကြောင့်တည်း။

ဟိ- ဥပမာဆောင်, ထင်အောင်ပြဦးအံ့၊ ရာဇာ-သည်၊ မဟစ္ဆံ- ကြီးကျယ်သော၊ [မဟစ္ဆာတိ မဟတာ၊ တတိယတ္ထေ ပဌမာ၊- ယောဇနာ၊ မဟန္တမေဝ မဟစ္ဆံ၊ သုတ္တဋ္ဌကထာစ္စ ဉ်း သက်။] ရာဇာနုဘာဝေန- မင်း၏ အာနုဘော်ဖြင့်၊ ဟတ္ထိက္ခန္ဓဂတော- ဆင်၏ ကျောက်ကုန်းထက်၌ ရောက်သည်၊ (ဆင်စီးသည်၊) ဟုတ္ဝာ-၍၊ နဂရဿ ထိယံ- မြို့၏လမ်းမ၌၊ ဝိစရေန္တော- လှည့်လည်စဉ်၊ ဒန္ဓကာရဋ္ဌာနေ ယော- ဆင်စွယ်ပြုလုပ်သူ အစရှိကုန်သော၊ ဝါ- ဆင်စွယ်ပွတ်သမား အစရှိ

ကုန်သော၊ သိပ္ပိကေ-အတတ်သည်တို့ကို၊ ကေံဝတ္ထံ- အဝတ်တထည်ကို၊ ဒင္ဇံ-မြဲစွာ၊ နိဝါသေတွာ- ဝတ်၍၊ ဧကေန (ဝတ္ထေန)- အဝတ်တထည်ဖြင့်၊ သီသံ-ကို၊ ဝေဌေတွာ- ရစ်ပတ်၍၊ ဒန္တစုဏ္ဍာဒီဟိ- ဆင်စွယ်မှုန့် ဆစရှိသည်တို့ဖြင့်၊ သမောကိဏ္ဍဂတ္တေ-ရေပြွမ်းသောကိုယ် ရှိကုန်သည်ဖြစ်၍၊ (ကရောန္တေဌ်စပ်၊) အနေကာနိ- များစွာကုန်သော၊ ဒန္တဝိကတိအာဒီနိ- အထူးတလည် ပြုအပ်သော ဆင်စွယ်ရုပ် အစရှိသည်တို့ကို၊ ကရောန္တေ- ပြုလုပ်နေသည်တို့ကို၊ ဒိသွာ-မြင်ရ၍၊အဟောဝတ ရေ-အံ့ဖွယ်ရှိပါပေစွာ့ဟရို့၊ အာစရိယာ-ဆရာတို့သည်၊ ဆေကာ- ကျွမ်းကျင်ပါပေကုန်စွာ့၊ ဤဒိသာနိပိ- ဤကဲ့သို့ ရှုအပ်သည်လည်းဖြစ်ကုန်သော၊ သိပ္ပါနိ-အတတ်တို့ကို၊ ဝါ-အတတ်ဖြင့် ပြုလုပ်အပ်သော အရုပ်တို့ကို၊ကရိဿန္တိနာမ-ပြုနိုင်ပါပေကုန်စွာ့၊ (ဤ၌ နာမသည် အစ္ဆရိယတ္ထ၊) ဣတိ ဝေံ-သို့၊ တေသံ- ထို အတတ်သည်တို့၏၊ ဆေကတာယ- ကျွမ်းကျင်ကုန်သည်၏ အဖြစ်၌၊ (နိုင်နင်းကုန်သည်၏ အဖြစ်၌၊) တုဿတိ- နှစ်သက်၏၊ စ- ထိုသို့ပင် နှစ်သက်ပါသော်လည်း၊ အဿ- ထို ပြည့်ရှင်မင်း၏၊ ဝေံ- ဤသို့သော အကြံသည်၊ နဟောတိ၊ (ကိုံ)၊ အဟံ- သည်၊ ရဇ္ဇံ- မင်းအဖြစ်ကို၊ ပဟာယ-ပယ်စွန့်၍၊ဝေရူပေါ-သော၊ သိပ္ပိကော- အတတ်သည်သည်၊ ဘဝေယျံ-ဖြစ်ရပါမူကား၊ အဟောဝတ- ဩော် ကောင်းလေစွ၊ ဣတိ- ဤသို့သောအကြံသည်၊ (နဟောတိ)။

တံ- ထို မဖြစ်ခြင်းသည်၊ ကိဿဟေတု- နည်း၊ ရဇ္ဇသိရိယာ- မင်းအဖြစ်၏ အသရေ၏၊ မဟာနိသံသတာယ- ကြီးစွာသော အာနိသင် ရှိသည်၏အဖြစ်ကြောင့်တည်း၊ သော- ထို ပြည့်ရှင်မင်းသည်၊ သပ္ပိကေ-တို့ကို၊သမတိက္ကမိတွာ ဝ-လွန်မြောက်၍သာလျှင်၊ ဂစ္ဆတိယထာ- သွားသကဲ့သို့၊ သေ (ဧသော)-ဤယောဂီပုဂ္ဂိုလ်သည်၊ဝေမေဝ-တူ၊ တံ သမာပတ္တိံ- ထို တတိယာရုပ္ပသမာပတ်ကို၊ သန္တတော- အားဖြင့်၊ ကိဉ္စာပိ မနသိကရောတိ- အကယ်၍မူလည်း နှလုံးသွင်းပါပေ၏၊ အထခေါ- ထိုသို့ပင် နှလုံးသွင်းပါသော်လည်း၊ အဿ- ထို ယောဂီပုဂ္ဂိုလ်၏၊ အဟံ-သည်၊ပေ၊သေ မနသိ ကာရော - သည်၊ နေဝ ဟောတိ၊ သော-ထို ယောဂီပုဂ္ဂိုလ်သည်၊ တံ-ထို တတိယာရုပ္ပသမာပတ်ကို၊ သန္တတော-အားဖြင့်၊ မနသိကရောန္တော- နှလုံးသွင်းလျက်၊ (အာရုံပြုယင်း)၊ပရမသုခုမံ-အလွန် သိမ်မွေ့သော၊ အပ္ပနာပတ္တံ- အပ္ပနာသို့ရောက်သော၊ တံ သည်- ထို နေဝသညာနာသညာသို့၊ ပါပုဏာတိ- ရောက်၏၊[သညာကို ပဓာနပြု၍ "တံ-သည်" ဟု ဆို၏၊ အမှန်မှာ- ထိုသညာနှင့်ယှဉ်သော ဈာန်သို့ ရောက်သည်-ဟု ဆိုလိုသည်။] ယာယ- ယင်း သညာကြောင့်၊နေဝသညီ နာသညီနာမ-နေဝသညီနာသညီ မည်သည်၊ ဟောတိ-၏၊ သခ်ါရာဝသေသ သမာပတ္တိံ- ရှန့်ရင်းသော သခ်ါရတို့မှ ကြွင်းကျန်သော သိမ်မွေ့သော သခ်ါရဟူသော သမာပတ်

ကို၊ ဘာဝေတီတိ-ဖြစ်စေသူဟူ၍၊ ဝုစ္စတိ-ဆိုအပ်၏၊ သခ်ါရာဝသေသ သမာ ပတ္တိံ တိ-ကား၊ အစ္စန္တသုခုမဘာ ဝပ္ပတ္တသခ်ါရံ-စင်စစ် သိမ်မွေ့သည်၏ အဖြစ်သို့ ရောက်သော သခ်ါရဟူသော၊ စတုတ္ထာရုပ္ပသမာပတ္တိံ-ကို၊ (ဘာဝေတိ)။

ဣဒါနိ-၌၊ ယံတံ-အကြင် ဈာန်ကို၊ ဧဝံ-ဤသို့၊ ဝါ-ဤ သန္တာ ဟု နှလုံး သွင်းသော အားဖြင့်၊ အဓိဂတာယ-ရအပ်ပြီးသော၊ သညာယ-သိမ်မွေ့သော သညာ၏၊ ဝသေန-ကြောင့်၊ နေဝသညာနာသညာယတနန္တိ-ဟူ၍၊ ဝုစ္စတိ-၏၊ တံ-ထို နေဝသညာနာသညာယတနဈာန်ကို၊ အတ္ထတော-လိုရင်းအနက် အားဖြင့်၊ (တရားကိုယ်အားဖြင့်)၊ ဒဿေတုံ-ငှာ၊ နေဝသညာ နာသညာယတ-နန္တိ၊ ပေ၊ ဓမ္မာတိ-ဟူ၍၊ ဝုတ္တံ၊ (ဈာနဝိဘင်း ပါဋိတော်၌) ဟောတော်မူအပ်ပြီ၊ [နေဝသညာနာသညာယတနန္တိ-ကား၊ နေဝသညာနာသညာယတနံ-သို့၊ သမာ ပန္နဿဝါ-ကောင်းစွာရောက်သော ပုဂ္ဂိုလ်၏လည်းကောင်း၊ ဥပပန္နဿဝါ-နေဝသညာ နာသညာယတနဘုံ၌ ဖြစ်ရသော ပုဂ္ဂိုလ်၏လည်းကောင်း၊ ဒိဋ္ဌဓမ္မ-သုခဝိဟာရိဿဝါ-ပစ္စက္ခဘဝ၌ ချမ်းသာစွာနေရခြင်းရှိသော ပုဂ္ဂိုလ်၏လည်း ကောင်း၊ စိတ္တစေတသိကာ-နသော၊ ဓမ္မာ-တို့သည်၊ ဟောန္တိ၊ [သမာပန္နဿဝါ စသည်တို့၏ အဓိပ္ပာယ်ကို အာကာသာနဥ္စာယတနဈာန်-သမတိက္ကမာ ပုဒ်၏ အဖွင့်၌ ပြခဲ့ပြီ၊] တေသု-ထို သမာပန္န ဥပပန္န ဒိဋ္ဌဓမ္မသုခဝိဟာရီ ပုဂ္ဂိုလ်တို့တွင်၊ ဣဓ-ဤကုသိုလ် ဈာန်အရာ၌၊ သမာပန္နဿ-သမာပတ်သို့ ကောင်းစွာရောက် သော ပုဂ္ဂိုလ်၏၊ စိတ္တ စေတသိကာ-နသော၊ ဓမ္မာ-တို့ကို၊ အဓိပ္ပေတာ-နိ၏။

ပန-ကား၊ (အဓိပ္ပေတတ္ထမှ တပါး ဝစနတ္ထကား၊) ဧတ္ထ-ဤ နေဝသညာ နာသညာယတနံ ဟူသောပါဋ္ဌ၌၊ ဝစနတ္ထော-ကို၊ (ဧဝံ ဝေဒိတဗ္ဗော)၊ သြဋ္ဌာရိ ကာယ-ရှန့်ရင်းသော၊ ဝါ-ထင်ရှားသော၊ သညာယ-၏၊ အဘာဝတော-

---

သခ်ါရာဝသေသ သမာပတ္တိံ။ ။ပဋမဈာန်မှစ၍ အထက် အထက်သို့ တိုးတက် ပွားများစေသော ဘာဝနာသည် တိုး၍တိုး၍ ခရီးသွားနေသူနှင့်တူ၏၊ ထိုဘာဝနာသည် အစဉ်အားဖြင့် စတုတ္ထာရုပ္ပ သမာပတ်သို့ ရောက်သောအခါ သခ်ါရတို့ကို အဆုံးသို့ ရောက်စေအပ်ပြီးဖြစ်၏၊ ထို စတုတ္ထာရုပ္ပသမာပတ်၏ အထက်ဖြစ်သောနောက်၌ တိုး၍ ဘာဝနာပွားလျှင် စိတ်စေတသိက် ဟူသော သခ်ါရတို့၏ချုပ်ရာ နိရောဓသမာပတ်သာ ရှိတော့၏၊ စိတ်စေတသိက် ဟူသော သခ်ါရတို့၏ ဖြစ်ခြင်းကား မရှိတော့၊ ထို့ကြောင့် စတုတ္ထာရုပ္ပသမာပတ်ကို "ရှေးရှေး သခ်ါရတို့၏ နောက်ဆုံးအဖြစ်ဖြင့် ကြွင်းကျန်သော သိမ်မွေ့သော သခ်ါရသာရှိသော သမာပတ်" ဟု ဆိုအပ်ပေသည်။

ဝစနတ္ထော၊ ပေ၊ နာသည်။ ။ဈာနဿသညာ၏နောက်၌ "နာသညာ,နာသည်" ဟု မူကွဲရှိ၏၊ ထိုတွင် "နာသည်" ဟု ရှိမှ အဓိပ္ပာယ်ရ၏၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကိုလည်း မဟာဋီကာက "နာသည်" အနေဖြင့်သာ ဖွင့်၏၊ အနက်ပေးပုံကို နိဿယကြည့်ပါ၊ ထိုသို့ အဓိပ္ပာယ်ရသော်လည်း ထို ဝိဂြိုဟ်ကို လဟုကနည်းအားဖြင့် ဆိုအပ်သော ဝိဂြိုဟ်

မရှိခြင်းကြောင့်လည်းကောင်း၊(အောက်ဈာန်တို့၌ကဲ့သို့ ရှန့်ရင်းသော ထင်ရှား သော သညာ၏ မရှိခြင်းကြောင့်လည်းကောင်း၊) သုခုမာယ-သိမ်မွေ့သော၊ (သညာယ-၏၊) ဘာဝတောစ-ရှိခြင်းကြောင့်လည်းကောင်း၊ သသမ္ပယုတ္တ-ဓမ္မဿ-သမ္ပယုတ်တရားနှင့် တကွဖြစ်သော၊ အဿ ဈာနဿ-၏၊ သညာ-ရှန့်ရင်း သော သညာသည်၊ဝါ-ထင်ရှားသော သညာသည်၊နေဝ(အတ္ထိ)-မရှိ၊အသည်-သိမ်မွေ့သော သညာမရှိသည်၊ နဲ-မဟုတ်၊ ဣတိ-ကြောင့်၊ (ရှန့်ရင်းသော သညာမရှိ, သိမ်မွေ့သော သညာမရှိ မဟုတ်သည်၏ အဖြစ်ကြောင့်၊တံဈာနံ-သည်၊) နေဝသညာနာသညံ-မည်၏၊ နေဝသညာနာသညဥ-နေဝသညာနာ-သည ဈာန်လည်း ဟုတ်၏၊ တံ-ထို နေဝသညာနာသညဈာန် ဟူသည်၊ မနာ-ယတန ဓမ္မာယတန ပရိယာပန္နတ္တာ-မနာယတန ဓမ္မာယတန၌ အကျုံးဝင် သည်၏ အဖြစ်ကြောင့်၊အာယတနဥ-အာယတနလည်း ဟုတ်၏၊ဣတိ-ကြောင့်၊ နေဝသညာနာသညာယတနံ-မည်၏။

ဟု ယူပါ၊ ဘာ့ကြောင့်နည်း၊ "နေဝဿ၊ပ၊ဣတိ" တိုင်အောင် တဝါကျတည်းသာ၊ ထိုတဝါကျတည်း၌လည်း စေဝနှင့် စတို့ကဲ့သို့ နေဝနှင့် နတို့လည်း အသွားတူရမြဲဖြစ်ပါ လျက် ဤနေရာ၌ "နေဝ+အတ္ထိ"ဟု ဆိုပြီးလျှင် "နအသည်-သိမ်မွေ့သော သညာ မရှိသည် မဟုတ်" ဆိုသဖြင့် နေဝနှင့် နတို့အသွား မတူသောကြောင့်တည်း။

ဂရုကနည်း။ ။ထို့ကြောင့် ဂရုကနည်းအားဖြင့် "နေဝ+သညာ နေဝသညာ၊ နဲ + အသညာ နာသညာ" ဟု ရှေးဦးစွာပြု၍, "နေဝသညာ + နာသညာ ယဿ ဈာနဿာတိ နေဝသညာနာသညံ" ဟု ပြုစေလိုသည်။ ["ယဿ ဈာနဿ-၏၊ နေဝ သညာ-ရှန့်ရင်းသော သညာလည်း မဟုတ်သော+နာသညာ-သိမ်မွေ့သော သညာ မဟုတ်သည်လည်း မဟုတ်သော သညာသည်၊ ဝါ-သိမ်မွေ့သော သညာသည်၊ အတ္ထိ-၏" ဟု ပေးပါ။ [ဋီကာကျော်၌ကား တဝါကျတည်း မထားပဲ "အတ္ထိ" ဟု ကြိယာ ထည့်၍ ၂-ဝါကျခွဲပြီးလျှင် သူ့နည်းနှင့်သူ ရုပ်ပြီးပုံကိုပါပြလေသည်။]

မှတ်ချက်။ ။နေဝသညာ၌ နသည် အဘာဝတ္ထတည်း၊ "မရှိ"ဟု နိဿယနက် ပေးရသည်၊ အသညာ၌ အသည် ပဋိသေဓတ္ထတည်း၊"မဟုတ်" ဟု အနက်ပေးရသည်၊ နာသည်၌ နကား အညတ္ထတည်း၊"သိမ်မွေ့သော သညာမရှိသည် မဟုတ်သော ဈာန်မှ တပါးသော သိမ်မွေ့သော ပညာရှိသောဈာန်"ဟူလို၊ နိဿယ အနက်ပေးရာ၌ကား "မဟုတ်" ဟုပင် ပေးရသည်။

တံ၊ပေ၊သညာယတနံ။ ။ဥပေက္ခာ ဧကဂ္ဂတာကို စတုတ္ထာရှပ္ပဈာန် ဟု ခေါ်၏၊ သမ္ပယုတ်ဖြစ်သော စိတ်စေတသိက်နှင့် တကွ ထို ဈာန်ကို ခန္ဓာအာယတနဖွဲ့လျှင် မနာ ယတန, ဓမ္မာယတန၌ ပါဝင်၏၊ ထို့ကြောင့် ထို သသမ္ပယုတ္တဈာန်သည် အာယတန လည်း အမည်ရသောကြောင့် နေဝသညာနာသညနှင့် အရတူရကား "နေဝသညာ နာသညဥ+တံ+အာယတနဥာတိ နေဝသညာနာသညာယတနံ"ဟု ကမ္မဓာရယဝိဂ္ဂဟ ပြုရသည်။

အထဝါ-ထို့ပြင် တနည်းကား၊ ဇတ္ထ-ဣ၌ စတုတ္ထာရုပ္ပစ္ဈာန်၌၊ ယာယံ (ယာ+အယံ) သညာ-အကြင် သညာသည်၊ (အတ္ထိ)၊ သာ-ထိုသညာသည်၊ ပဋ္ဌသညာကိစ္စံ-ထင်ရှားသော သညာ၏ ကိစ္စကို၊[ပဋ္ဌသညာကိစ္စ၏ အဓိပ္ပာယ်ကို နောက်၌ တွေ့ရလတ္တံ့။] ကာတုံ-၄၁၊ အသမတ္ထတာယ-မစ္ဆမ်းနိုင်သည်၏ အဖြစ်ကြောင့်၊ နေဝသညာ-သညာလည်းမဟုတ်၊ (သညာဟုလည်း မဆိုနိုင်၊) သခ်ါဏုဝသေသသုခုမဘာဝေန-ရုန့်ရင်းသော သခ်ါရတို့မှ ကြွင်းသောသိမ်မွေ့သော သခ်ါရ၏အဖြစ်ဖြင့်၊ ဝိဇ္ဇာမာနတ္တာ-ထင်ရှားရှိသည်၏ အဖြစ်ကြောင့်၊ အသညာ-သညာမဟုတ်သည်လည်း၊ န-မဟုတ်၊ ဣတိ-ကြောင့်၊ ဝါ-ထိုသို့ သညာလည်း မဟုတ်, သညာမဟုတ်သည်လည်း မဟုတ်သည်၏ အဖြစ်ကြောင့်၊ (သညာမဟုတ် တဟုတ် ဖြစ်နေသောကြောင့်၊) နေဝသညာနာသညာ-နေဝသညာနာသညာမည်၏၊ နေဝသညာနာသညာစ-နေဝသညာနာသညာလည်းဟုတ်၏၊ သဒ-ထို နေဝသညာနာသညာဟူသည်၊ သေသဓမ္မာနံ-သညာမှကြွင်းသော သမ္ပယုတ်တရားတို့၏၊ အဓိဋ္ဌာနဋ္ဌေန-ကြောင့်၊ (နိဿယသတ္တိစသည်ဖြင့် တည်ရာ၏ အဖြစ်ကြောင့်၊) အာယတနဋ္ဌ-တဲ့ည်ရာသည်း ဟုတ်၏၊ ဣတိ-ကြောင့်၊ နေဝသညာနာသညာယတနံ-မည်၏။

စ-ဆက်၊ ဇတ္ထ-ဣ၌ စတုတ္ထာရုပ္ပစ္ဈာန်၌၊ ကေဝလံ-ဝေဒနာစသည်မဖက်သက်သက်၊ သညာဝ-သညာသည်သာ၊ ဒေသိ-ဣကဲ့သို့ ရှုအပ်သော နေဝသညာနာသညာမည်သည်၊ န-မဟုတ်သေး၊ အထခေါ-စင်စစ်ကား၊ ဝေဒနာပိ-ဝေဒနာသည်လည်း၊ နေဝ ဝေဒနာ-ရုပ်ရင်းသော ဝေဒနာလည်း မဟုတ်၊ နာဝေဒနာ-သိမ်မွေ့သော ဝေဒနာ မဟုတ်သည်း မဟုတ်၊ စိတ္တံပိ-သည်လည်း၊ နေဝစိတ္တံ-ရုန့်ရင်းသော စိတ်လည်း မဟုတ်၊ နာစိတ္တံ-သိမ်မွေ့သော စိတ်မဟုတ်သည်လည်း မဟုတ်၊ ဖဿောပိ-သည်လည်း၊ နေဝဖဿော-ရုန့်ရင်းသော ဖဿလည်းမဟုတ်၊ နာဖဿော-သိမ်မွေ့သော ဖဿ မဟုတ်သည်လည်း မဟုတ်၊ ဣတိ-ကြသို့ မှတ်အပ်၏၊ သေသသမ္ပယုတ္တဓမ္မေသု-ဝေဒနာ စိတ် ဖဿတို့မှကြွင်းသော သမ္ပယုတ်တရားတို့၌၊ သေ-ဣ ဆိုအပ်ပြီးသော အစီအရင်သည်၊

အထဝါ။　။နေဝသညာ နာသညံကို ဗဟုဗ္ဗိဟိ ပြုရသောနည်း, မနာယတနဓမ္မာယတနဖြစ်၍ အာယဘန အမည်ရသော ရှေ့နည်းမှ တနည်းပြလို၍ "အထဝါ" ဟု တက်သည်၊ ဤနည်း၌ လိုရင်းမှာ "နေဝသညာစ+ဘာ+နာသညာစာတိ နေဝသညာနာသညာ" ဟု ပြု၍ အာယတနသဒ္ဒါအတွက် မနာယတနဓမ္မာယတနအနက်ကို မယူပဲ, အဓိဋ္ဌာန အနက်ကို ယူရသည်၊ [နာသညာ၌ "န+အ" ဟု ပဋိသေဓ ၂ ခုရှိသောကြောင့် "သညာမဟုတ်သည် မဟုတ်, သိမ်မွေ့သော သညာဟုတ်၏" ဟု မူလအနက်ကို ရသည်၊ "နာသညာတိ သညာဘာဝေါစ ဇေတိသာ အတ္ထိတိ ဇတ္ထော၊" ဋီကာ။,... ဤ ဝိကပ်၌ နေဝန္နှင့် နတို့သည် အည အနက်ဟောချည်းတည်း။]

နယော-သီကြောင်း အစိအရင်တည်း၊ ပန-ထိုသို့ပင် နေဝေဒနာ နာဝေဒနာ စသည် ဖြစ်ပါသော်လည်း၊ အယံ ဒေသနာ-ဤဒေသနာကို၊ သညာသီသေန-သညာကို အဦးပြုသဖြင့်၊ (သညံကို ခေါင်းတပ်သဖြင့်၊) ကတာ-ပြီ၊ ဣတိ ဝေဒိတမ္မာ၊ စ-ဆက်၊ ပတ္တမက္ခန တေလပ္ပဘုတိဟိ-သပိတ်ကို သုတ်လိမ်းကြောင်း ဆိ အစရှိကုန်သော၊ ဥပမာဟိ-တို့ဖြင့်၊ ဧသ အတ္ထော-ကို၊ ဝိဘာဝေတမ္မော-ထင်စွာ ဖြစ်စေထိုက်၏။

ကိရ-ခဲ့၊ သာမဏေရော-သည်၊ တေလေန-ဖြင့်၊ ပတ္တံ-သပိတ်ကို၊ မက္ခေတွာ-သုတ်လိမ်း၍၊ ထပေသိ-ထား၍ပြီ၊ တံ-ထိုသာမဏေကို၊ ယာဂုပါနကာလေ-ယာဂုသောက်ခါနီးအခါ၌၊ ထေရော-သည်၊ ပတ္တံ-ကို၊ အာဟရ-ဆောင်ခဲ့လော၊ ဣတိ, အာဟ-ပြောပြီ၊ သော-ထိုသာမဏေသည်၊ ဘန္တေ-ရား၊ ပတ္တော-၌၊ တေလံ-ဆီသည်၊ အတ္ထိ-ရှိပါ၏၊ ဣတိ-သို့၊ အာဟ-လျှောက်ပြီ၊ တဓော-ထိုသို့ လျှောက်ခြင်းကြောင့်၊ သာမဏေရ-သာမဏော၊ တေလံ-ကို၊ အာဟရ-ဆောင်ယူခဲ့လော့၊ နာဠိ-ဆီကျည်တောက်ကို၊ ပူရေဆာမိ-ပြည့်စေအံ့၊ ဣတိ-သို့၊ ဝုတ္တော-ပြောဆိုအပ်သော်၊ ဘန္တေ-ရား၊ တေလံ-သည်၊ နတ္ထိ-မရှိပါ၊ ဣတိ-သို့၊ အာဟ-လျှောက်ပြန်ပြီ၊ တတ္ထ-ထို ဥပမာဒကာဒးရပ်၌၊ အန္တောဝုတ္တတ္တာ-အကပ်ယကုဋ္ဌိအတွင်း၌ သိုမှီး သိမ်းဆည်းအပ်သည်၏ အဖြစ်ကြောင့်၊ ယာဂုယာ-နှင့်၊ သဒ္ဓိ-တကွ၊ အကပ်ယဋ္ဌေန-မဖယ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ တေလံ အတ္ထီတိ-သပိတ်၌ ဆီရှိပါသည်ဘုရားဟူ၍၊ (ဝစနံ-လျှောက်ခြင်းသည်၊) ဟောတိယထာ · ကဲ့သို့လည်းကောင်း၊ နာဠိပူရဏာဒီနံ - ဆီကျည်တောက်၌ ပြည့်လောက်သောဆီ အစရှိသည်တို့၏၊ အဘာဝဝဍ္ဎနေန-မရှိခြင်း၏အစွမ်းဖြင့်၊ နတ္ထီတိ-မရှိပါဘုရားဟူ၍၊ (ဝစနံ-သည်၊) ဟောတိယထာ-ကဲ့သို့လည်းကောင်း၊ ဧဝံ-တူ၊ သာမိသညာ-ထို စတုတ္ထာရုပ္ပဈာန်၌ရှိသော သညာသည်လည်း၊ပေ၊

ဧသ အတ္ထော။ ။ကိဉ္စိဝိသေသံ-တစုံတခုသော (သိမ်မွေ့သော သညာ၏ ရှိသေးခြင်း သဘောအထူးကို၊) ဥပါဒါယ (ဉာဏ်ဖြင့်ယူ၍၊) အတ္ထီတိ ဝတ္ထုဗ္ဗသေဝ ဓမ္မသ (ရှိသည်ဟု ဆိုထိုက်သောတရား၏ပင်၊) ကိဉ္စိ ဝိသေသံ ဥပါဒါယ (ရုန့်ရင်းသောသညာ၏ မရှိခြင်းသဘောအထူးကို ဉာဏ်ဖြင့်ယူ၍၊) နတ္ထီတိ ဝတ္ထုဗ္ဗတာသင်္ခါတော အတ္ထော၊-ဝိသုဒ္ဓိမဂ် မဟာဋီကာ။

ဥပမာန ဥပမေယျေ။ ။ဆီတမျိုးတည်းကိုပင် အကပ်ယကုဋ္ဌိတွင်း၌ သိုမှီးအပ်သည့်အတွက် ယာဂုဖြင့်ရော၍ မသောက်ကောင်းသောကြောင့် "ဆီရှိပါသည်" ဟု လျှောက်ခြင်းကဲ့သို့ "နာ+အသညာ-သညာဟုတ်သေး၏" ဟု ဆိုရပုံကိုလည်းကောင်း, ကျည်တောက်၌ ပြည့်လောက်အောင် မရှိသည့်အတွက် "ဆီမရှိပါ" ဟု လျှောက်ခြင်းကဲ့သို့, ဝိဿနာ၏ အာရုံဖြစ်လောက်သော သညာ, နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေနိုင်လောက်သော သညာ မဟုတ်သည့်အတွက် "နေဝသညာ-သညာမဟုတ်" ဟု ဆိုရပုံကိုလည်းကောင်း သိပါ။

နေဝသညာ - ရှန့်ရင်းသောသညာလည်း မဟုတ်၊ (သညာဟုလည်း မခေါ်လောက်၊) သခ်ါဆုဝသေသ သုခုမဘာဝေန - ဖြင့်၊ ဝိဇ္ဇမာနတ္တာ-ကြောင့်၊ အသညာ-သိမ်မွေ့သော သညာ မဟုတ်သည်လည်း၊ နဟောတိ-မဟုတ်၊ (သညာမဟုတ်ဟုလည်း မဆိုနိုင်။)

ပန-ပရိဟာရ၊ပေ၊ ဆိုဦးအံ့၊ တ္ထေ-ဤသာပိသညာ၊ပေ၊ အသမတ္ထတာယ ဟူသောပါဌ်၌၊ သညာကိစ္စံ-သညာ၏ ကိစ္စဟူသည်၊ ကိံ-နည်း၊ ဣတိ-ဤကား အမေးတည်း၊ အာရမဏသဥ္ဇာနနဥ္ဇေဝ - အာရုံကို အမှတ်ပြု၍ သိခြင်းသည်လည်းကောင်း၊ ဝိပဿနာယ-နာ၏၊ဝိသယဘာဝံ-အာရုံ၏အဖြစ်သို့၊ ဥပဂန္ဆာ-ကပ်ရောက်၍၊ နိဗ္ဗိဒါဇနနံစ-နိဗ္ဗိဒါဉာဏ်ကို ဖြစ်စေခြင်းသည်လည်းကောင်း၊ (သညာကိစ္စံ-သညာ၏ကိစ္စဘည်း၊ဣတိ-ဤကားအဖြေတည်း၊)[အချိုစာအုပ်၌ "နိဗ္ဗိဓာဇနန"ဟု ဓအောက်ချိုက်ဖြင့် ရှိ၏, မကောင်း၊] ဟိ-ထင်ရှားအောင်ပြဦးအံ့၊ (တနည်း) ဟိ-ချဲ၊ သုခေါဒကေ-ရေအေး၌၊ ဟေဇောဓာတု-သည်၊ ဒဟနကိစ္စံ-လောင်ခြင်းကိစ္စကို၊ (ကာတုံ-ငှါ၊ နသက္ကောတိ) ဣဝ-မစွမ်းနိုင်သကဲ့သို့၊ (တထာ-တူ၊) သော-ဤသညာသည်၊ သဥ္ဇာနနကိစ္စံပိ-အမှတ်ပြု၍ သိခြင်းကိစ္စကိုလည်း၊ ပဋုံ - ထင်ထင်ရှားရှား၊ ကာတုံ နသက္ကောတိ၊ သောသမာပတ္တိသု-စတုတ္ထာရုပ္ပ သမာပတ်မှကြွင်းသော သမာပတ်တို့၌၊ သညာဝိယ-ကဲ့သို့၊ ဝိပဿနာယ-၏။ ဝိသယဘာဝံ-သို့၊ ဥပဂန္ဆာ-၍၊ နိဗ္ဗိဒါဇနနံပိ-နိဗ္ဗိဒါဉာဏ်ကိုဖြစ်စေခြင်းကိုလည်း၊ ကာတုံ နသက္ကောတိ၊ ဟိ - မှန်၊ အညေသု-စတုတ္ထာရုပ္ပခန္ဓာမှတပါးကုန်သော၊ခန္ဓေသု-ခန္ဓာတို့၌၊အကတာဘိနိဝေသော-မပြုအပ်သော ဝိပဿနာနှလုံးသွင်းခြင်းရှိသော၊ ဘိက္ခု-ယောဂီရဟန်းသည်၊ နေဝသညာနာသညာယတနက္ခန္ဓေ - နေဝသညာ နာသညာယတန ခန္ဓာတို့ကို၊ သမ္မသိတ္ဝာ-အနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်၍၊ နိဗ္ဗိဒံ-နိဗ္ဗိဒါဉာဏ်သို့၊ ပတ္တုံ-ငှါ၊ သမတ္ထောနာမ-စွမ်းနိုင်သူ မည်သည်၊ နတ္ထိ၊ အာယသ္မာ သာရိပုတ္တော အပိ-အရှင်သာရိပုတ္တရာသော်မှလည်း၊ (နသက္ကုဏေယျ-မစွမ်းနိုင်ရာ။) ["အပိစ-စိုးစဉ်းအနည်းငယ်ဆိုဖွယ်ကား၊အာယသ္မာ သာရိပုတ္တော-သည်၊သက္ကုဏေယျ-စွမ်းနိုင်ရာ၏"ဟုလည်း ရှိ၏။]

အပိ၊ပေ၊ ပုတ္တော။ ဤဝါကျ၌ ဝိသုဒ္ဓိမဂ်ဝယ် သေယျထာပိ မပါ၊ ထိုသို့ မပါခြင်းသည် ကောင်း၏၊ အပိစဟု စသဒ္ဒါလည်း ပါသင့်မည် မထင်၊ ထိုစသဒ္ဒါကို ဖြုတ်၍ "အပိ အာယသ္မာ သာရိပုတ္တော-အရှင်သာရိပုတ္တရာသော်မှလည်း၊ (နသက္ကုဏေယျ-မစွမ်းနိုင်ရာ)"ဟု ရှိသင့်မည် ထင်သည်၊ ဘာ့ကြောင့်နည်း "ဧဝံ သုခုမတ္တံဂတာ"ကို "ယထာ ဓမ္မသေနာပတိနာပိနာမ အနုပဒံ နဝိပဿနေယျာတိအတ္ထော(ဓမ္မသေနာပတိဖြစ်တော်မူသော အရှင်သာရိပုတ္တရာသော်မှလည်း နေဝသညာနာသညာယတနခန္ဓာကို တပုဒ်စီ တပုဒ်စီ ဝိပဿနာ မရှုနိုင်)"ဟု မဟာဋီကာဖွင့်သောကြောင့်တည်း။

[ကြျဲအဓိပ္ပာယ်ကို ထပ်၍ပြလိုသောကြောင့် "ပကတိ ဝိပဿကော ပန" စသည်မိန့်။ [ပန-ဆက်၊ပကတိ ဝိပဿကော-ပင်ကိုယ်အားဖြင့် ဝိပဿနာရှုသော ပုဂ္ဂိုလ်သည်၊ မဟာပညော-ကြီးကျယ်သော ပညာရှိသော၊ သာရိပုတ္တသဒိသော၀-အရှင်သာရိပုတ္တရာနှင့်တူသော ပုဂ္ဂိုလ်သည်သာ၊ သက္ကုဏေယျ-စွမ်းနိုင်ရာ၏၊ [ထိုပုဂ္ဂိုလ်လည်း ကလာပသမ္မသနာနည်းအားဖြင့်သာ ဝိပဿနာရှုခြင်းငှါ စွမ်းနိုင်၏ဟု ပြလိုသောကြောင့် "ဓသာပိ" စသည်မိန့်။] သောပိ-ထိုအရှင် သာရိပုတ္တရာကဲ့သို့ ပညာကြီးသော ပုဂ္ဂိုလ်သည်လည်း၊ ဧဝံ-သို့၊ ဣမေ ဓမ္မာ-ဤနေဝသညာ နာသညာယတန သမာပတ်တရားတို့သည်၊ အဟုတ္ဝာ-ရွေးကမဖြစ်ဘူးပဲ၊ သမ္ဘောန္တိကိရ-ယခုဖြစ်ကုန်သတတ်၊ ဟုတ္ဝာ-ဖြစ်ပြီး၍၊ ပဋိဝေန္တိ (ပဋိ+ဝိ+ဧန္တိ)ကိရ-ကင်းကုန်သတတ်၊ နဿန္တိကိရ-ပျက်ကုန်သတတ်၊ [ဤနဿန္တိပါဠိသည် ဝိသုဒ္ဓိမဂ်၌ မရှိ၊ ပဋိဝေန္တိကို အနက်ထင်အောင် နောက်မှထည့်အပ်သောပါဠိ ဖြစ်ဟန်တူသည်။] ဧဝံ-သို့၊ ကလာပသမ္မသနဂေသနေဝ-အပေါင်းအား ဖြင့် သုံးသပ်ခြင်း၏အစွမ်းဖြင့်သာလျှင်၊ (သက္ကုဏေယျ-ရှု၏၊) အနုပဒဓမ္မဝိပဿနာဝဂေသန-တဖို့စီ တဖို့စီသော တရားကို ဝိပဿနာ ရှုခြင်း၏ အစွမ်းဖြင့်၊နော(သက္ကုဏေယျ)မစွမ်းနိုင်ရာ၊ ဧသော သမာပတ္တိ-ဤစတုတ္ထာရုပ္ပ သမာပတ်သည်၊ ဧဝံ-ဤသို့၊(သို့ကဲလောက်၊)သုခုမတ္တံ-သိမ်မွေ့သည်၏ အဖြစ်သို့၊ဂတာ-ရောက်ပြီ။

စ-သည်သဒ္ဒမကသေး၊ ပတ္တမက္ခန တေလူပမာယ-သပိတ်ကို သုတ်လိမ်းကြောင်းဆိဉ်ပမာဖြင့်၊(ဝိဘာဝေတဗ္ဗော)ယထာ-ထင်စွာဖြစ်စေထိုက်သကဲ့သို့၊ ဧဝံ-တူ၊ မဂ္ဂုဒကူပမာယပိ-လမ်း၌ ရေဉပမာဖြင့်လည်း၊ အယံ အတ္ထော-ကို၊ ဝိဘာဝေတဗ္ဗော၊ ကိရ-ခဲ့၊ မဂ္ဂ ပဋိပန္နဿ-ခရီးသွားသော၊ ထေရဿ-၏၊

ပကတိ ဝိပဿကော။ ။"ပကတိယာ + ဝိပဿကော ပကတိ ဝိပဿကော"၊ သဂြိဟ်၌"ခန္ဓာဒိနယ မာရဇ္ဈ"စသည်ကို အစပြု၍ အာရုံ ဒွါရစသည်ဖြင့် ပြအပ်သော ရိုးရာအတိုင်း "ရူပံ အနိစ္စံ"စသည်ဖြင့် ဝိပဿနာရှုသူကို "ပကတိ ဝိပဿကပုဂ္ဂိုလ်" ဟု ခေါ်သည်။

ကလာပ သမ္မသနဂေသနေ၀။ ။စတုတ္ထာရုပ္ပ စိတ္တုပ္ပါဒ ပရိယာပန္နေ ဖဿာဒိဓမ္မေ အဝိနိဘုဇ္ဇ (ဖဿတခြား ဝေဒနာတခြား စသည်ဖြင့် မခွဲခြားမူ၍) ကေတော ဂဟေတွာ ကလာပတော သမ္မဟတော သမ္မသနဝေသန၊—မဟာဋီကာ၊....ထိုသို့ ပေါင်း၍ ဝိပဿနာမရှုပဲ ဖဿတပါး, ဝေဒနာတပါးစသည်ဖြင့် တပါးစီရှုမှု ဟူသော အနုပဒဓမ္မ ဝိပဿနာအားဖြင့်ကား အရှင်သာရိပုတ္တရာကဲ့သို့ ဉာဏ်ကြီးသူသော်လည်း မစွမ်းနိုင်ပါ။[ပဒံပဒံ+အနူ အနုပဒံ-ဖဿ ဝေဒနာစသော အဖို့တိုင်း အဖို့တိုင်း၊ (ဂိစ္ဆာ အဗျယီဘော၊) အနုပဒံစ+တံ+ဓမ္မာစာတိ အနုပဒဓမ္မာ၊ တေသံ+ဝိပဿနာ အနုပဒဓမ္မဝိပဿနာ။]

ပုရတော-၌၊ ဂစ္ဆန္တော-သော၊ သာမဏေရော-သည်၊ ထောက်-အနည်းငယ်သော၊ ဥဒက်-ကို၊ ဒိသွာ-မြင်၍၊ ဘန္တေ-ရား၊ ဥဒက်-ရေပါတည်း၊ ဥပါဟနာ-ဖိနပ်တို့ကို၊ သြမုဥ္ဇထ-ချတ်ပါကုန်၊ ဣတိ-သို့၊ အာဟ-လျှောက်ပြီ၊ တတော-ထိုသို့ လျှောက်ခြင်းကြောင့်၊ ထေရေန-သည် (ဝုတ္တော၌ စပ်၊) ဥဒက်-သစေ အတ္ထိ၊ (ဧဝံသတိ), နှာနသာဋက်-ရေသနုပ်ကို၊ အာဟရ-ဆောင်ခဲ့လော၊ နှာယိဿာမိ-ရေချိုးအံ့၊ ဣတိ-သို့၊ ဝုတ္တေ-ပြောဆိုအပ်သော်၊ ဘန္တေ-ရား၊နတ္ထိ-ရေမရှိပါ၊ ဣတိ, အာဟ-လျှောက်ပြန်ပြီ။

တတ္ထ-ထို ဥပမာစကားရပ်၌၊ ဥပါဟန တေမနမတ္တဋ္ဌေန-ဖိနပ်ကို စိုစေခြင်းအတိုင်းအရှည်ရှိသည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ (ဖိနပ်ကို စိုစေလောက်ရုံ အတိုင်းအရှည်ရှိသည်၏အဖြစ် ဟူသော အနက်ကြောင့်၊) ဥဒက်-သည်၊ အတ္ထိ-ရှိပါ၏၊ ဣတိ-သို့၊ (ဝစနံ-လျှောက်ခြင်းသည်၊) ဟောတိယထာ-ကဲ့သို့လည်းကောင်း၊ နှာနဋ္ဌေန-ချိုးရေ၏ အဖြစ်ဟူသော အနက်ကြောင့်၊(ချိုးလောက်သော ရေဟူသောအနက်ကြောင့်၊) (ဥဒက်-သည်၊) နတ္ထိ-မရှိပါ၊ဣတိ-သို့၊ (ဝစနံ-သည်၊) ဟောတိယထာ-သို့လည်းကောင်း၊ ဧဝံပိ-ဤအတူလည်း၊ (ပိဖြင့် ရှေ့ဥပမာနှင့် တူပုံကိုပေါင်း၊) သာ-ထို သညာသည်၊ ပဋ္ဌုသညာကိစ္စံ-ထင်ရှားသော သညာ၏ ကိစ္စကို၊ ကာတုံ-ငှါ၊အသမတ္ထတာယ-ကြောင့်၊သညာ-သညာသည်၊ နေဝ ဟောတိ-မဖြစ်၊ (သညာဟုလည်း မဆိုလောက်၊)သင်္ခါရာ-ဝသေသ သုခုမ ဘာဝေန-ဖြင့်၊ ဝိဇ္ဇမာနတ္တာ-ကြောင့်၊ အသညာ-သညာမဟုတ်သည်၊ နဟောတိ-မဟုတ်၊(သညာမဟုတ်ဟုလည်း မဆိုနိုင်၊)စ ဆက်၊ကေဝလံ-အခြားဥပမာတို့နှင့်မဖက် သက်သက်၊ တောဟေဝ-ဤ ဆိုအပ်ပြီးသော ဥပမာတို့ဖြင့်သာ၊ (သေ အတ္ထော-ကို၊ ဝိဘာဝေတဗ္ဗော-ထင်စွာ ဖြစ်စေထိုက်သည်ကား၊) နမဟုတ်သေး၊ အညာဟိပိ-အခြားလည်း ဖြစ်ကုန်သော၊ အနုရူပါဟိ-လျော်ကုန်သော၊ဥပမာဟိ-တို့ဖြင့်၊သေ အတ္ထော ဝိဘာဝေတဗ္ဗော။[အခြားဥပမာတမျိုးကို ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ ပြထား၏၊ ရှုပါလေ။]

[ဤတိုင်အောင် "နေဝသညာနာသညာယတန" ၏အဖွင့် ပြီးပြီ၊ ယခုအခါ "သညာသဟဂတနှင့် တွဲ၍ ပြလိုသောကြောင့် ဆိုအပ်ပြီးသော အဖွင့်များကို ပင် နိဂုံးအနေအားဖြင့် ညွှန်ပြလိုရကား "ဣတိ" စသည်မိန့်။] ဣတိ-ဤ ဆိုအပ်ပြီးသောနည်းဖြင့်၊နေဝသညာနာသညာယတနေ-ထင်ရှားသော သညာကား မရှိ, သိမ်မွေ့သောသညာ မရှိသည်လည်း မဟုတ်သော မနာတယန ဓမ္မာယတနဟူသော စတုတ္ထာရုပ္ပစျာန်၌၊ ပဝတ္တာယ-သော၊ ဣမာယ သညာယ-နှင့်၊ (သဟဂတံ-တကွဖြစ်သည်တည်း၊ ဣတိ-ကြောင့်၊ နေဝ၊ပေ၊သဟဂတံ-မည်၏၊ ပဋမနည်း၊) ဝါ-တနည်းကား၊ နေဝ၊ပေ၊ဘူတာယ-ထင်ရှားသော သညာလည်း မဟုတ်, သိမ်မွေ့သောသညာ မဟုတ်သည်လည်း မဟုတ်သော

ကြွင်းသော ဖဿစသော သမ္ပယုက်တရားတို့၏ တည်ရာဖြစ်၍ဖြစ်သော၊ သညာ ယ-သညာနှင့်၊ သဟဂတံ-တည်း၊ ဣတိ,နေဝ၊ပေ၊ယတနံ-မည်၏၊ [ဤကား အထဝါတက်သော နောက်နည်းတည်း၊ ရှေး၌ နေဝသညာနာသညာယတနကို ၂-နည်းဖွင့်ပြခဲ့သည့်အတိုင်း ဤ၌လည်း ၂-နည်း သမာသ်တွဲ၍ ပြသည်၊] ဧတံ-ဤ နေဝသညာနာသညာယတန သညာသဟဂတံဟူသော အမည်သည်၊ အာ ကိဉ္ဇညာယတနသမာပတ္တိ အာရမဏဿ - အာကိဉ္ဇညာယတန တတိယာရုပ္ပ သမာပတ်လျှင် အာရုံရှိသော၊ ဈာနဿ-စတုတ္ထာရုပ္ပဈာန်၏၊ အဓိဝစနံ-တည်း။

ဣဓ-ဤ စတုတ္ထာရုပ္ပဈာန်၌၊ အာကိဉ္ဇညာယတနသမာပတ္တိယာ-အာကိဉ္ဇ ညာယတနသမာပတ်၌၊ နိကန္တိပရိယာဒါန ဒုက္ခတာယ-နိ-ကန္တိကို ကုန်စေရ ခြင်း၏ ခက်ခဲသည်၏အဖြစ်ကြောင့်၊ ဒုက္ခာ-သော၊ ပဋိပဒါ-သည်၊(ဟောတိ)၊ ပရိယာဒိန္န နိကန္တိကဿ-ကုန်စေအပ်ပြီးသော နိကန္တိရှိသော ယောဂီပုဂ္ဂိုလ်၏၊ ဝါ-နိကန္တိကို ကုန်စေပြီးသော ယောဂီပုဂ္ဂိုလ်၏၊ အပ္ပနာပရိဝါသဒန္ဓတာယ- အပ္ပနာသို့ ရောက်အောင် ကျင့်သုံးရခြင်း၏ လေးနှေးသည်၏ အဖြစ်ကြောင့်၊ ဒန္ဓာ-သော၊ အဘိညာ-ထူးသော အသိဉာဏ်သည်၊ (ဟောတိ)၊ ဝိပရိယယေန- ဖြင့်၊သုခါ-သော၊ ပဋိပဒါ-သည်လည်းကောင်း၊ ခိပ္ပာ-သော၊အဘိညာစ-သည် လည်းကောင်း၊ (ဟောတိ)၊ ပရိတ္တကသိဏုဂ္ဆာဋိမာကာသေ-ကျဉ်းယ်သော ကသိုဏ်း၏ ခွာအပ်သည်၏ အဖြစ်ဟူသော ကောင်းကင် ပညတ်၌၊ ပဝတ္တိတ- ဝိညာဏာပဂမာရမဏံ-ဖြစ်စေအပ်သော ဝိညာဉ်၏ ကင်းကွာခြင်း နတ္ထိဘော- ပညတ်ဟူသော အာရုံရှိသော၊သမာပတ္တိံ-ကို၊အာရဗ္ဘ,ပဝတ္တိတာယ-ဖြစ်ခြင်းရှိ သည်၏အဖြစ်ကြောင့်၊ (ရှေ၌"ပဝတ္တိယာ-ဖြစ်ခြင်းကြောင့်"ရှိခဲ့၏၊) ပရိတ္တာ ရမဏတာ-ကိုလည်းကောင်း၊ဝိပရိယယေန-အားဖြင့်၊ အပ္ပမာဏာရမဏတာ-ကို လည်းကောင်း၊ ဝေဒိတဗ္ဗာ၊ သေသံ-သည်၊ ပုရိမသဒိသမေဝ။

အသဒိသရူပေါ-လူနတ် ဗြဟ္မာ, သတ္တဝါတို့နှင့် မတူသည်၏အဖြစ် ဟူသော သဘောရှိတော်မူသော၊ (မတူသော ဂုဏ်ရှိတော်မူသော၊) နာထော-လူနတ် ဗြဟ္မာ,သတ္တဝါတို့၏ ကိုးကွယ်ရာသခင်, ဘုရားရှင်သည်၊စတုဗ္ဗိဓံ-၄ ပါးအပြား ရှိသော၊ ယံ အရုပ္ပံ-အကြင် အရူ ပဈာန်ကို၊ အာဟ-ဟောတော်မူပြီ၊ တံ- ထို အရူပဈာန်ကို၊ ဣတိ-ဤ ဆိုအပ်ပြီးသော အဖွင့်အစဉ်အားဖြင့်၊ ဥတ္တာ- သိပြီး၍၊ တသ္မိံ-ထို အရူပဈာန်၌၊ ပကိဏ္ဏကကထာပိ-ရောပြွမ်းသော စကား ရပ်ကိုလည်း၊ ဝိညေယျာ-သိထိုက်သေး၏။

ဟိ-ချဲ၊ [ပကိဏ္ဏကကထာပိ ဝိညာယျော" ဟူသော စကားကို ချဲသည်၊] စတသောပိ-၄ ပါးလည်း ဖြစ်ကုန်သော၊ ဣမာ အရူပသမာပတ္တိယော-ဤ အရူပသမာပတ်တို့သည်၊ အာရမဏာတိက္ကမတော-ကသိုဏ်းရုပ် အစရှိသော ဏောက်အောက် ဈာန်၏ အာရုံကို လွန်မြောက်ခြင်းကြောင့်၊ ဘဝန္တီ-ဖြစ်ကုန်

၏၊ တောသံ-ဤအရူပသမာပတ်တို့၏၊ အင်္ဂါတိက္ကမံ- ရူပသမာပတ်တို့ကဲ့သို့ အောက်အောက် ဈာန်အင်္ဂါကို လွန်မြောက်ခြင်းကို၊ ဝိဘာဝိနော-ပညာရှိ တို့သည်၊ နဏ္ဍစ္ဆန္တိ-အလိုမရှိကုန်။

ဟိ-ခဲ့၊[အာရမဏာတိက္ကမတောကိုခဲ့သည်။] တောသု-ဤအရူပသမာပတ် တို့တွင်၊ ရူပနိမိတ္တာတိက္ကမတော- ကသိုဏ်းရုပ် နိမိတ် ဟူသော အာရုံကို လွန်မြောက်ခြင်းကြောင့်၊ ပဌမာ-ပဌမ အရူပသမာပတ်သည်၊ (ဟောတိ)၊ အာကာသာတိက္ကမတော-ကောင်းကင်ပညတ်ဟူသော အာရုံကို လွန်မြောက် ခြင်းကြောင့်၊ ဒုတိယာ-ဒုတိယအရူပသမာပတ်သည်၊(ဟောတိ)၊အာကာသေ- ကောင်းကင်ပညတ်၌၊ ပဝတ္တိတဝိညာဏာတိက္ကမတော - ဖြစ်စေအပ်သော ပဌမာရုပ္ပဝိညာဉ်ဟူသောအာရုံကိုလွန်မြောက်ခြင်းကြောင့်၊ တတိယာ-တတိယ အရူပသမာပတ်သည်၊ (ဟောတိ)၊ အာကာသေ-၌၊ ပဝတ္တိတဝိညာဏသ- ဖြစ်စေအပ်သော ပဌမာရုပ္ပဝိညာဉ်၏၊ အပဂမာတိက္ကမတော၊ကင်းကွာခြင်း (နတ္ထိဘောပညတ်)ဟူသော အာရုံကို လွန်မြောက်ခြင်းကြောင့်၊ စတုတ္ထာ- စတုတ္ထအရူပသမာပတ်သည်၊(ဟောတိ)၊ ဣတိ-ဤသို့လျှင်၊ သဗ္ဗထာ-အလုံး စုံသော အခြင်းအရာအားဖြင့်၊ အာရမဏာတိက္ကမတော-ကြောင့်၊ စတသော ပိ-နသော၊ (အချိုစာ၌ ပိ မပါ။) ဣမာ အရူပသမာပတ္တိယော- တို့သည်၊ ဘဝန္တိ၊ ဣတိ,ဝေဒိတဗ္ဗာ-နှ၏၊ ပန-ကား၊ တောသံ-ဤ အရူပသမာပတ်တို့၏၊ အင်္ဂါတိက္ကမံ-ကို၊ ပဏ္ဍိတာ-တို့သည်၊ နဏ္ဍစ္ဆန္တိ။

ဟိ-မှန်၊(တနည်း) ကသ္မာ တောသံ အင်္ဂါတိက္ကမံ နဏ္ဍစ္ဆန္တိ၊ ဟိ ယသ္မာ,ရူပါ ဝစရသမာပတ္တိသု-တို့၌၊ (အင်္ဂါတိက္ကမော- အောက်အောက်ဈာန် အင်္ဂါကို လွန်မြောက်ခြင်းသည်၊အတ္ထိ)ဝိယ-ကဲ့သို့၊ (တထာ-တူ၊)တောသု-ဤ အာရုပ္ပ သမာပတ်တို့၌၊ အင်္ဂါတိက္ကမော-သည်၊ နအတ္ထိ၊(တသ္မာ တောသံ အင်္ဂါတိက္ကမံ နဏ္ဍစ္ဆန္တိ)၊ ဟိ-မှန်၊ သဗ္ဗာသုပိ-နသော၊ တောသု-ဤအာရုပ္ပသမာပတ်တို့၌၊

အာကာသေ၊ ပေ၊ တတိယာ။ ။"အာကာသေ ပဝတ္တိတဝိညာဏ"ဟူသည် ကောင်းကင်ပညတ်ကိုအာရုံပြုသောပဌမာရုပ္ပဝိညာဉ်တည်း။"ထိုဝိညာဉ်ကိုလွန်မြောက် နိုင်ခြင်းကြောင့် တတိယာရုပ္ပသမာပတ် ဖြစ်သည်"ဟူလို၊ မှန်၏ - အာရမဏာတိက္ကမ ဖြစ်သော အရူပသမာပတ်တို့သည် အောက်အောက်ဈာန်၏ အာရုံကို လွန်မြောက်ကြ ရ၏၊ ထိုသို့ လွန်မြောက်ရာဝယ် ပဌမာရုပ္ပ သမာပတ်သည် ရူပစတုတ္ထဈာန်၏ အာရုံ ဖြစ်သော ကသိုဏ်းရုပ်နိမိတ်ကို လွန်မြောက်ခဲ့၏၊ကောင်းကင် ပညာတ်ကို အာရုံပြု၏၊ ဒုတိယာရုပ္ပသမာပတ်သည် ကောင်းကင်ပညတ်ကို လွန်မြောက်ခဲ့၏၊ ပဌမာရုပ္ပဝိညာဉ် ကို အာရုံပြု၏၊ တတိယာရုပ္ပသမာပတ်သည် ပဌမာရုပ္ပဝိညာဉ်ကို လွန်မြောက်ခဲ့၏၊ ထို ဝိညာဉ်၏ ကင်းကွာခြင်း(နတ္ထိဘော)ပညတ်ကို အာရုံပြု၏၊[ဤနည်းအတိုင်း စတုတ္ထာ ရုပ္ပသမာပတ် လွန်မြောက်ခဲ့ပုံ, အာရုံပြုပုံလည်း သဠိုဟ်၌ ပြောရိုးအတိုင်း သိပါ။]

ဥပေက္ခာ-ဥပေက္ခာလည်းကောင်း၊ စိတ္တေကဂ္ဂတာ၊ လည်းကောင်း၊ ဣတိ-သို့၊ ဒွေ ဧဝ၊ ၂ ပါးသာလျှင် ဖြစ်ကုန်သော၊ ဈာနင်္ဂါနိ-တို့သည်၊ ဟောန္တိ-၏၊ ဧဝံသန္တေပိ-ဤသို့ ဈာန်အင်္ဂါ ၂-ပါးချင်း တူပါသော်လည်း၊ ဣဓ-ဤအာရုပ္ပ သမာပတ်တို့၌၊ (ပစ္ဆိမာ ပစ္ဆိမာဝယ် အပေါင်း အာဓာရ, အစိပ် အာဓေယ် စပ်၊) ဝါ-တို့တွင်၊ (နိဒ္ဓါရဏသမုဒါယ, နိဒ္ဓါရဏီယစပ်၊) ပစ္ဆိမာပစ္ဆိမာ-နောက်၌ ဖြစ်ကုန်, နောက်၌ဖြစ်ကုန်သော သမာပတ်တို့သည်၊ သုပဏီတတရာ-သာလွန်မွန်မြတ်ကုန်သည်၊ ဟောန္တိ-ကုန်၏၊ တတ္ထ-ထိုသို့သာလွန်မွန်မြတ်ရာ၌၊ ပါသာဒတလသာဋ္ဌိတာ-ပြာသာဒ်အပြင်, အဝတ်ဟူကုန်သော ဥပမာ-ဥပမာတို့ကို၊ ဝိညေယျာ-ကုန်၏။

ဟိ-ခဲ့၊ စတုဘူမကပါသာဒဿ-၄-ခုသောဘုံရှိသော ပြာသာဒ်၏၊ (၄ ထပ် ပြာသာဒ်၏၊) ဟေဋ္ဌိမတလေ-အောက်ဆုံးအပြင်၌၊ (အောက်ဆုံးအထပ်၌၊) ဒိဗ္ဗနစ္စဂီတဝါဒိတသုရဘိဂန္ဓမာလာ သာဒုရသပါနဘောဇနသယနစ္ဆာဒနာဒိဝသေန၊ နတ်၌ဖြစ်သော ကခြင်း သီဆိုခြင်း တီးမှုတ်ခြင်း, ကောင်းသော အနံ့ရှိသော ပန်း, ကောင်းသော အရသာရှိသော သောက်ဖွယ် စားဖွယ်, အိပ်ရာ အဝတ် အစရှိသည်တို့၏ အစွမ်းဖြင့်၊ ပဏီတာ-မွန်မြတ်ကုန်သော၊ ပဉ္ဇ-န်သော၊ ကာမဂုဏာ-ကာမဂုဏ်တို့သည်၊ ပစ္စုပဋ္ဌိတာ-ရှေးရှုတည်ကုန်သည်၊ အဿု-ဖြစ်ကုန်ရာ၏၊ ဒုတိယေ-ဒုတိယ အပြင်၌၊ ((ဒုတိယအထပ်၌၊) တတော-ထို ပဌမ အပြင်ဝယ် ကာမဂုဏ်ထက်၊ ပဏီတတရာ-သာလွန် မွန်မြတ်ကုန်သော၊ (ပဉ္ဇကာမဂုဏာ ပစ္စုပဋ္ဌိတာ အဿု)၊ တတိယေ-တတိယအပြင်၌၊ (တတိယအထပ်၌၊) တတော-ထို ဒုတိယအပြင်ဝယ် ကာမဂုဏ်ထက်၊ ပဏီတ တမာ-အထူးသဖြင့် သာလွန်မွန်မြတ်ကုန်သော၊ (ပဉ္ဇကာမဂုဏာ ပစ္စုပဋ္ဌိတာ အဿု)၊ စတုတ္ထေ-စတုတ္ထအပြင်၌၊ (စတုတ္ထအထပ်၌၊) သဗ္ဗပဏီတာ-အလုံးစုံသော အောက် ကာမဂုဏ်တို့ထက် သာလွန်မွန်မြတ်ကုန်သော၊ (ပဉ္ဇကာမဂုဏာ ပစ္စုပဋ္ဌိတာ အဿု၊) တတ္ထ-ထို ဥပမာ စကားရပ်၌၊ စတ္တာရိပိ-၄ ထပ်လည်း ဖြစ်ကုန်သော၊ တာနိ-ထိုအပြင်တို့သည်၊ ပါသာဒတလာနေဝ-ပြာသာဒ်အပြင်တို့ချည်းသာတည်း၊ နေသံ-ထို အပြင်တို့၏၊ ပါသာဒတလဘာဝေန-ပြာသာဒ်အပြင်တို့၏ အဖြစ်ဖြင့်၊ ဝိသေသော-အထူးသည်၊ ကိဉ္ဇာပိ နတ္ထိ၊ ပန-ထိုသို့ပင် မရှိပါသော်လည်း၊ ပဉ္ဇကာမဂုဏသမိဒ္ဓိဝိသေသေန- ၅ ပါးသော ကာမဂုဏ်တို့၏ပြည့်စုံခြင်းအထူးအားဖြင့်၊ ဟေဋ္ဌိမတော ဟေဋ္ဌိမတော-အောက်၌ဖြစ်သော အောက်၌ဖြစ်သော အပြင်ထက်၊ ဥပရိမံ ဥပရိမံ-အထက်၌ ဖြစ်သော အထက်၌ဖြစ်သော အပြင်သည်၊ ပဏီတတရံ-အထူးသဖြင့် မွန်မြတ်သည်၊ ဟောတိ ယထာ-ဖြစ်သကဲ့သို့လည်းကောင်း။

["ပါသာဒတလသာဋ္ဌိကာ" ဝယ် ပါသာဒတလ၏ ဥပမာအကျယ်ကိုပြပြီး၍, သာဋ္ဌိကာဥပမာ၏အကျယ်ကို ပြလိုသောကြောင့် "ယထာ စ" စသည်မိန့်၊]

စ-သည်သာမကသေး၊ ကောယ- တယောက်သော၊ ဣတ္ထိယာ-သည်၊ ကန္တိတ ထူလ သဏ္ဍ သဏ္ဍတရ သဏ္ဍတမ သုတ္တာနံ- ငင်အပ်သော ကြမ်းသောချည်, သိမ်မွေ့သောချည်, အထူးသဖြင့် သိမ်မွေ့သောချည်, အလွန်အကြူး အထူး သိမ်မွေ့သောချည်တို့၏၊ စတုပလ တိပလ ဒွိပလ ဧကပလသာဋီကာ- ၄-ပိုလ် အချိန်ရှိသော အဝတ်, ၃-ပိုလ် အချိန်ရှိသောအဝတ်, ၂-ပိုလ် အချိန်ရှိသော အဝတ်, တပိုလ် အချိန်ရှိသော အဝတ်တို့သည်၊ [ထူလသုတ္တဖြင့် ယက်အပ်သော ကြောင့် ၄-ပိုလ် အချိန်ရှိသောအဝတ်, သဏ္ဍသုတ္တဖြင့် ယက်အပ်သောကြောင့် ၃-ပိုလ် အချိန်ရှိသောအဝတ်, သဏ္ဍတရသုတ္တဖြင့် ယက်အပ်သောကြောင့် ၂-ပိုလ်အချိန်ရှိသောအဝတ်, သဏ္ဍတမသုတ္တဖြင့် ယက်အပ်သောကြောင့်တပိုလ် အချိန်ရှိသောအဝတ်တို့သည်။] အာယာမေန-အလျားအားဖြင့်လည်းကောင်း၊ ဝိတ္ထာရေ နစ-အနံအားဖြင့်လည်းကောင်း၊ [အချို့စာ၌ "အာယာမတော ဝိတ္ထာရတော" ဟု ရှိ၏၊] သမပွမာဏာ- တူမျှသော ပမာဏရှိကုန်သည်၊ အဿု-ဖြစ်ကုန်ရာ၏။

ဓတ္ထ-ထို ဥပမာစကားရပ်၌၊ စတဿောပိ- ၄-ထည်လည်း ဖြစ်ကုန်သော၊ တာ သာဋီကာ-ထိုအဝတ်တို့သည်၊ အာယာမတောစ- ဖြင့်လည်းကောင်း၊ ဝိတ္ထာရတောစ-ဖြင့်လည်းကောင်း၊ သမပွမာဏာ-နသည်၊ ကိဉ္ဇာပိ (ဟောန္တိ)-အကယ်၍လည်း ဖြစ်ပါပေကုန်၏၊ တာသံ- ထိုအဝတ်တို့၏၊ ပမာဏတော-အားဖြင့်၊ ဝိသေသော-အထူးသည်၊ ကိဉ္ဇာပိ နတ္ထိ- အကယ်၍လည်း မရှိပါပေ၊ ပန- ထိုသို့ ပမာဏအားဖြင့် မထူးပါသော်လည်း၊ သုခသမ္ဖဿ သုခုမဘာဝ မဟဂ္ဃဘာဝေဟိ- ကောင်းသောအတွေ့ ရှိကုန်သည်၏အဖြစ်, သိမ်မွေ့ကုန် သည်၏အဖြစ်, များသောအဖိုး ရှိကုန်သည်၏အဖြစ်တို့ဖြင့်၊ [အချို့စာ၌ "ဒုက္ခသမ္ဖဿ" ပါနေ၏ မကောင်း၊ သုခသမ္ဖဿစသည်ချင်း မတူကြောင်းကို သာ ပြသောအရာဖြစ်၍ "ဒုက္ခသမ္ဖဿအဝတ်" မပါ၊] ပုရိမာယ ပုရိမာယ-ရှေး၌ဖြစ်သော ရှေး၌ဖြစ်သော အဝတ်ထက်၊ ပစ္ဆိမာ ပစ္ဆိမာ- နောက်၌ ဖြစ် သော နောက်၌ဖြစ်သော အဝတ်တို့သည်၊ ပဏီတတရာ- သာ၍ မွန်မြတ်ကုန် သည်၊ ဟောန္တိယထာ- နဲ သကဲ့သို့လည်းကောင်း။

ဝေမေဝ-ဤအတူသာလျှင်၊ စတူသုပိ-နသော၊ တောသု- ဤအာရှပ္ပသမာ ပတ်တို့၌၊ ဥပေက္ခာ-လည်းကောင်း၊ စိတ္တေကဂ္ဂတာ-လည်းကောင်း၊ ဣတိ-သို့၊ ဒွေယေဝ- နသော၊ တောနိ အင်္ဂါနိ- တို့သည်၊ ကိဉ္ဇာပိ ဟောန္တိ၊ အထခေါ-ထိုသို့ပင် ဈာန်အင်္ဂါ တူပါကုန်သော်လည်း၊ ဘာဝနာ ဝိသေသေန- ဘာဝနာ အထူးကြောင့်၊ တေသံ အင်္ဂါနံ- ထိုအင်္ဂါတို့၏၊ ပဏီတ ပဏီတတရဘာဝေန-မွန်မြတ်ကုန်, သာ၍ မွန်မြတ်ကုန်သည်၏အဖြစ်ဖြင့်၊ ဣဓ-ဤ အာရှပ္ပသမာပတ် တို့၌၊ ဝါ-တို့တွင်၊ ပစ္ဆိမာ ပစ္ဆိမာ- တို့သည်၊ သုပဏီတတရာ- သာလွန် မွန်မြတ် ကုန်သည်၊ ဟောန္တိ၊ ဣတိ ဝေဒိတဗ္ဗာ။...စ-ဆက်၊ ဝေံ- သို့၊ အနုပုဗ္ဗေန-အစဉ်

အားဖြင့်၊ (တဆင့်ထက်တဆင့်၊) ပဏီတ ပဏီတာ- မွန်မြတ်ကုန် မွန်မြတ်ကုန်သော၊ စတဿောပိ-နသော၊ (ဂါထာမှ ယူပေးသည်၊) တော- ဤ အာရုပ္ပသမာပတ်တို့ကို၊ (ဉာတဗ္ဗာဥ်စပ်၊) အသုစိမှိ- မစင်မကြယ်, ရှုံစဖွယ်အရပ်၌၊ (သာမညအာဓာရ)မဏ္ဍပေ-မဏ္ဍပ်၌၊ (ဝိသေသအာဓာရ)၊ ဧကော-တယောက်သော ယောကျ်ားသည်၊ လဂ္ဂေါ-ဆွဲချိတ်သကဲ့သို့၊ (ဌိတော- တည်နေ၏၊) အပရော- ဒုတိယမြောက်,အခြားတယောက်သည်၊ တံ- ထို ပဌမယောကျ်ားကို၊ နိဿိတော-မှီသည်၊ (ဟုတ္ဟာ ဌိတော၊အထ-ထိုမှနောက်၌၊) အညော-တတိယမြောက်, အခြားတယောက်သည်၊ တံ- ထို ပဌမယောကျ်ားကို၊ (အကျယ်၌ တန္ဒိဿိတံဟု ဖွင့်လတ္တံ့၊) အနိဿာယ- မမှီမူ၍၊ ဗဟိ- မဏ္ဍပ်၏ပြင်ဘက်၌၊ (ဌိတော)၊ အပရောစ- စတုတ္ထမြောက်, အခြားတယောက်သည်လည်း၊ တံ-ထို တတိယယောကျ်ားကို၊ နိဿာယ-မှီ၍၊ ဌိတော-တည်၏၊ စတူဟိ- ၄-ယောက်ကုန်သော၊ ဧတေဟိ ပုရိသေဟိ- ဤ ယောကျ်ားတို့နှင့်၊ ယထာက္ကမံ- အစဉ်အတိုင်း၊ သမာနတာယ- တူသည်၏အဖြစ်ဖြင့်၊ ဝိဘာဝိနာ- ပညာရှိသည်၊ ဉာတဗ္ဗာ- သိထိုက်ကုန်၏။

တတြ- ထိုဂါထာ၌၊ အယံ- ကား၊ အတ္ထယောဇနာ- အနက်အဓိပ္ပာယ်ကို ယှဉ်စေခြင်းတည်း၊ ကိရ-ချဲ၊ အသုစိမှိ- မစင်မကြယ်, ရှုံစဖွယ်ကောင်းသော၊ ဒေသေ- အရပ်၌၊ (မစင်တွေ ပြည့်နေသော အရပ်၌၊) ဧကော- တခုသော၊ မဏ္ဍပေါ-သည်၊ (အတ္ထိ)၊ အထ- ထိုအခါ၌၊ ဧကော-သော၊ ပုရိသော- သည်၊ အာဂန္ဆာ-၍၊ တံ အသုစိံ- ထို မစင်မကြယ် ရှုံစဖွယ်ကို၊ ဇိဂုစ္ဆမာနော-စက်ဆုပ်သည်၊ (ဟုတ္ဟာ)၊ တံ မဏ္ဍပံ- ကို၊ ဟတ္ထေဟိ- လက်တို့ဖြင့်၊ အာလမ္ဗိတ္ဟာ- တွဲရရှဲဆွဲ၍- တတ္ထ- ထိုမဏ္ဍပ်၌၊ လဂ္ဂေါ လဂိတောဝိယ- ကပ်ငြိသကဲ့သို့၊ အဌာသိ- တည်ပြီ၊ [ဂါထာ၌ လဂ္ဂေါကို "လဂိတောဝိယ"ဟု ဖွင့်သည်၊ လဂဓာတ်, တပစ္စည်း, ဣ အာဂုမ်ဖြင့် "လဂိတော"ဟုသာ ရှိသင့်၏၊ "လဂ္ဂိတော"ဟု မရှိသင့်၊] အထ- ထိုမှနောက်၌၊ အပရော-ဒုတိယမြောက်,အခြားတယောက်သည်၊ အာဂန္ဆာ- ၍၊ မဏ္ဍပလဂ္ဂံ- မဏ္ဍပ်၌ တွယ်ကပ်နေသော၊ တံ ပုရိသံ-ကို၊ နိဿိတော- မှီသည်၊ (ဟုတ္ဟာ အဌာသိ)။

အထ- ထိုမှနောက်၌၊ အညော- တတိယမြောက် အခြားတယောက်သည်၊ အာဂန္ဆာ,စိန္တေသိ- ကြံပြီ၊(ကိံ)၊ယော သေ-အကြင်သို့သော ဤယောကျ်ားသည်၊ မဏ္ဍပေ-၌၊ လဂ္ဂေါ- တွယ်ကပ် ဆွဲမှီနေ၏၊ ယောစ- အကြင် ဒုတိယယောကျ်ားသည်လည်း၊ တံ- ထို ပဌမယောကျ်ားကို၊ နိဿိတော (ဟုတ္ဟာ အဌာသိ)၊ ဥဘောပိ-နသော၊ဧတေ-ဤယောကျ်ားတို့သည်၊ဒုဋ္ဌိတာ-မကောင်းသဖြင့် တည်နေကုန်၏၊ [ဒုဋ္ဌိတဖြစ်ပုံကို ပြလို၍ "ဓုဝေါစ"စသည်မိန့်၊] နေသံ- ထိုယောကျ်ားတို့၏၊ မဏ္ဍပပပါတေ- မဏ္ဍပ်၏ ပြိုကျခြင်းကြောင့်၊ ပါတော.

ကျရခြင်းသည်၊ ဓုဝေါစ-မချွတ်ကေန်, အမှန်လည်းမြဲ၏၊ (ဣတိ-ကြောင့်၊) ဟန္ဒ-ယခု၊ အဟံ-သည်၊ ဗဟိယေဝ- မဏ္ဍပ်ပြင်ဘက်၌သာ၊ တိဋ္ဌာမိ- တည်ဟော့အံ့၊ ဣတိ- သို့၊ (စိန္တေသိ-ပြီ၊) (ဣတိ-သို့၊ စိန္တေတွာ- ၍၊) သော- ထိုယောကျ်ား သည်၊ တံနိဿိတံ- ထို ဒုတိယယောကျ်ားသည် မှီအပ်သော ပဌမယောကျ်ား ကို၊ [တံနိဿိတံတိ တေန နိဿိတံ၊-ဋီကာ။] အနိဿာယ- ဆက်၍မမှီပဲ၊ ဗဟိ ယေဝ- မဏ္ဍပ်ပြင်ဘက်၌သာ၊ အဋ္ဌာသိ- တည်နေပြီ၊ အထ- ထိုမှနောက်၌၊ အပရော- စတုတ္ထမြောက်, အခြားတယောက်သည်၊ အာဂန္တွာ- ၍၊ မဏ္ဍပလဂ္ဂ ဿ- မဏ္ဍပ်၌ ဆွဲချိတ်နေသော ပထမယောကျ်ား၏လည်းကောင်း၊ တံ နိဿိ တဿစ-ထိုဆွဲချိတ်နေသူကိုမှီသော ဒုတိယယောကျ်ား၏လည်းကောင်း၊ အခေမ ဘာဝံ- ဘေးမကင်းကုန်သည်၏ အဖြစ်ကို၊ စိန္တေတွာ- ကြံ၍လည်းကောင်း၊ ဗဟိ- မဏ္ဍပ်ပြင်ဘက်၌၊ ဌိတံ- တည်သောယောကျ်ားကို၊ သုဋ္ဌိတော- ကောင်း စွာတည်ပြီ၊ ဣတိ- သို့၊ မန္တွာစ- သိ၍လည်းကောင်း၊ တံ- ထို ပြင်ဘက်၌နေသူ ကို၊ နိဿာယ-မှီ၍၊ အဋ္ဌာသိ-တည်ပြီ။

တတ္ထ- ထို ဥပမာစကားရပ်၌၊ အသုစိမှိ- မစင်မကြယ်, ရှံစဖွယ်ကောင်း သော၊ ဒေသေ-၌၊ မဏ္ဍပေါ-ကို၊ (ဒဋ္ဌဗ္ဗော)ဝိယ- မှတ်ထိုက်သကဲ့သို့၊ (တထာ- တူ၊) ကသိဏုဂ္ဂါဋ္ဌိမာကာသံ- ကသိုဏ်း၏ ခွာအပ်သည်၏အဖြစ် ဟူသော ကောင်းကင်ပညတ်ကို၊ ဒဋ္ဌဗ္ဗံ-၏၊ အသုစိ ဇိဂုစ္ဆာယ- မစင်ကို စက်ဆုပ်ခြင်း ကြောင့်၊ မဏ္ဍပလဂ္ဂေါ- မဏ္ဍပ်၌တွယ်ကင်နေသော၊ ပုရိသော-ကို၊ (ဒဋ္ဌဗ္ဗော) ဝိယ-ကဲ့သို့၊ (တထာ) ရူပ နိမိတ္တဇိဂုစ္ဆာယ- ကသိုဏ်းရုပ်နိမိတ်ကို စက်ဆုပ် ခြင်းကြောင့်၊ အာကာသာရမဏံ- ကောင်းကင်ပညတ်ဟူသော အာရုံရှိသော၊ အာကာသာနဉ္ဇာယတနံ- အာကာသာနဉ္ဇာယတနစျာန်ကို၊ (ဒဋ္ဌဗ္ဗံ)၊ မဏ္ဍပ လဂ္ဂံ- မဏ္ဍပ်၌ တွယ်ကပ်နေသော၊ ပုရိသံ- ကို၊ နိဿိတော- မှီ၍နေသော ယောကျ်ားကို၊ (ဒဋ္ဌဗ္ဗော) ဝိယ၊ (တထာ) အာကာသာရမဏံ- ကောင်းကင် ပညတ်ဟူသော အာရုံရှိသော၊ အာကာသာနဉ္ဇာယတနံ- အာကာသာနဉ္ဇာ ယတနစျာန်ကို၊ အာရဗ္ဘ- အာရုံပြု၍၊ ပဝတ္တံ- ဖြစ်သော၊ ဝိညာဏဉ္ဇာယတနံ- ဝိညာဏဉ္ဇာယတနစျာန်ကို၊ (ဒဋ္ဌဗ္ဗံ)။

ဒြိနှုံပိ- ၂-ယောက်လည်း ဖြစ်ကုန်သော၊ တေသံ- ထိုယောကျ်ားတို့၏၊ အခေမဘာဝံ- ဘေးမကင်းကုန်သည်၏ အဖြစ်ကို၊ စိန္တေတွာ-၍၊ မဏ္ဍပလဂ္ဂံ- သော၊ တံ- ထိုယောကျ်ားကို၊ အနိဿာယ- မမှီမူ၍၊ ဗဟိ- မဏ္ဍပ်ပြင်ဘက်၌၊ ဌိတော-တည်နေသော တတိယမြောက် ယောကျ်ားကို၊ (ဒဋ္ဌဗ္ဗော)ဝိယ-ကဲ့သို့၊ (တထာ) အာကာသာနဉ္ဇာယတနံ-ကို၊ အာရမဏံ-ကို၊ အကတွာ-၍၊ တဒ ဘာဝါရမဏံ- ထို အာကာသာနဉ္ဇာယတနစျာန်၏ မရှိခြင်းဟူသော နတ္ထိဘော ပညတ်ဟူသော အာရုံရှိသော၊ အာကိဉ္ဇညာယတနံ-ကို၊ (ဒဋ္ဌဗ္ဗံ။ [တဒဘာဝ (တ+အဘာဝ)-ထို၏မရှိခြင်းနှင့် "နတ္ထိဘာဝ"သည် သဘောတူတည်း။]

မဏ္ဍပလဂ္ဂဿ-၏လည်းကောင်း၊ တံနိဿိတဿစ-၏လည်းကောင်း၊ အခေမ တံ-ဘေးမကင်းကုန်သည်၏အဖြစ်ကို၊ စိန္တေတွာ- ၍လည်းကောင်း၊ ဗဟိ-၌၊ ဌိတံ-တည်သောယောကျ်ားကို၊ သုဌိတော- ကောင်းစွာ တည်သူတည်း၊ ဣတိ-သို့၊ မန္တာစ-သိ၍လည်းကောင်း၊ တံ-ထို မဏ္ဍပ်ပြင်ဘက်၌တည်သူကို၊ နိဿာယ-၍၊ ဌိတော- တည်သော စတုတ္ထမြောက် ယောကျ်ားကို၊ (ဒဋ္ဌဗ္ဗော)ဝိယ-ကဲ့သို့၊ (တထာ) ဝိညာဏာဘာဝ သင်္ခါတေ- ပဌမာရုပ္ပဝိညာဉ်၏ မရှိခြင်းဟု ဆိုအပ်သော၊ ဗဟိပဒေသေ- အပြင်ဘက်အရပ်၌၊ (နတ္ထိဘောပညတ်၌၊) ဌိတံ- သော၊ အာကိဉ္ဇညာယတနံ.အာကိဉ္ဇညာယတနစျာန်ကို၊ အာရဗ္ဘ-၍၊ ပဝတ္တံ-သော၊ နေဝသညာနာသညာယတနံ- နေဝသညာနာသညာ ယတနစျာန်ကို၊ ဒဋ္ဌဗ္ဗံ-မှတ်ထိုက်၏။

စ-ဆက်၊ ဧဝံ-သို့၊ (အပြင်ဘက်အရပ်ဟူသော နတ္ထိဘောပညတ်၌တည်သော အာကိဉ္ဇညာယတနစျာန်ကိုအာရုံပြု၍၊) ပဝတ္တမာနံ-ဖြစ်လသော်၊ ဝါ-ဖြစ်သော ဣဒံ- ဤ နေဝသညာနာသညာယတနစျာန်သည်၊ တံ- ထို အာကိဉ္ဇညာယတနစျာန်ကို၊ အညာဘာဝေန- တပါးသောအာရုံ၏ မရှိခြင်းကြောင့်၊ အာရမဏံ-ကို၊ ကရောတေဝ- ပြုရတော့သည်သာ၊ (ကောဝိယ- အဘယ်သူကဲ့သို့နည်း၊) ဇနော-မင်းခစားယောကျ်ားသည်၊ ဒိဋ္ဌဒေါသံ-မြင်အပ်ပြီးသောအပြစ်ရှိသည်၊ (သမာနံ)ပိ- ဖြစ်ပါသော်လည်း၊ ဝါ- ဖြစ်သည်လည်းဖြစ်သော၊ ရာဇာနံ-ကြမ်းတမ်းသော မင်းကို၊ ဝုတ္တိဟေတု- အသက်မွေး ဝမ်းကျောင်း ဟူသော အကြောင်းကြောင့်၊ (နိဿာယ-မှီ၍၊ ဝတ္တတိ)ယထာ-ဖြစ်ရသကဲ့သို့တည်း။

ဟိ- ခဲ့၊ ဣဒံ နေဝသညာနာသညာယတနံ- ဤနေဝသညာနာသညာယတနစျာန်သည်၊("အာရမဏံ ကရောတွေဝ"၌စပ်၊)အယံ သမာပတ္တိ- ဤတတိယာရုပ္ပသမာပတ်သည်၊ အာသန္နဝိညာဏဋ္ဌာယတန ပစ္စတ္ထိကာ- နီးသော ဝိညာဏဋ္ဌာယတနဟူသော ရန်သူရှိ၏၊ ဣတိ ဧဝံ-သို့၊ ဒိဋ္ဌဒေါသံ- မြင်အပ်ပြီးသော အပြစ်ရှိသည်၊(သမာနံ)ပိ-သော်လည်း၊ တံ အာကိဉ္ဇညာယတနံ-ကို၊ ("အာရမဏံ ကရောတွေဝ"၌စပ်၊) အညဿ-သော၊ အာရမဏဿ-၏၊ အဘာဝါ-မရှိခြင်းကြောင့်၊ အာရမဏံ-ကို၊ ကရောတေဝ- ပြုရတော့သည်သာ၊ ယထာ ကိံ - အဘယ်ကဲ့သို့နည်း၊ ဇနော- မင်းခစား ယောကျ်ားသည်၊ ဒိဋ္ဌဒေါသံ-သည်၊ (သမာနံ)ပိ- သော်လည်း၊ ဝါ-သော၊ ရာဇာနံ- ကို၊ ဝုတ္တိဟေတု- အသက်မွေးဝမ်းကျောင်း ဟူသော အကြောင်းကြောင့်၊ (နိဿာယ- မှီ၍၊ ဝတ္တတိ) ယထာ- ကဲ့သို့တည်း။

ဟိ-ခဲ့ဦးအုံ၊ ဇနော-သည်၊ အသံယတံ- စောင့်စည်းအပ်သော ကိုယ်နှုတ်စိတ် မရှိသော၊ ဖရုသကာယဝစီမနောသမာစာရံ- ကြမ်းတမ်းသော ကိုယ်အကျင့် နှုတ်အကျင့် စိတ်အကျင့် ရှိသော၊ ကဋ္ဌိ- တစုံတယောက်သော၊ သဗ္ဗ

ဒိသမ္ပတိ်-အလုံးစုံသောအရပ်၏ အရှင်ဖြစ်သော၊ [သဗ္ဗဒီပပတိ်-အလုံးစုံသော ကျွန်းတို့၏အရှင်ဖြစ်သော၊ ဤသို့လည်း မူကွဲရှိ၏၊ ဤဝိသေသနဖြင့် ဤမင်းကို မခစားပဲ အခြားအရပ်သို့ သွားစရာမရှိ-ဟု ပြသည်။] ရာဇာနံ-ကို၊ အယံ-ဤမင်းသည်၊ ဖရုသသမာစာရော-ကြမ်းတမ်းသော အကျင့်ရှိ၏၊ ဣတိ ဝေံ-သို့၊ ဒိဋ္ဌဒေါသံ (သမာနံ) ပိ, အညတ္ထ-အခြားသော အရပ်၌၊ ဝုတ္တိ်-အသက်မွေးဝမ်းကျောင်းကို၊ အလဘမာနော-မရနိုင်သည်၊ (ဟုတ္ဝာ)၊ ဝုတ္တိဟေတု-ကြောင့်၊ နိဿာယ-၍၊ ဝတ္တတိယထာ-ကဲ့သို့၊ ဝေံ-တူ၊ ဒိဋ္ဌဒေါသံ-သည်၊ (သမာနံ)ပိ-သော်လည်း၊ ဝါ-သော၊ တံ အကိဉ္စညာယတနံ-ကို၊ အညံ-သော၊ အာရမဏံ-ကို၊ အလဘမာနံ-သည်၊ (ဟုတ္ဝာ)၊ ဣဒံ နေဝသညာနာသညာယတနံ - ဤနေဝသညာ နာသညာယတနစျာန်သည်၊ အာရမဏံ-ကို၊ ကရောတေဝ-ပြုရတော့သည်သာ။

စ-ဆက်၊ ဝေံ-သို့၊ (အာရမဏံ-ကို၊) ကုရုမာနံ-ပြုလသော်၊ (ဝတ္တတိ၌ စပ်၊) ဝါ-ပြုသော၊ (ဣဒံ-ဤနေဝသညာ နာသညာယတနစျာန်သည်၊ ဝတ္တတိ၌ပင် စပ်၊) ဒီဃနိဿေဏိ်-ရှည်မြင့်သော ထန်းတက် လှေခါးကို၊ အာရုဋ္ဌော - တက်သော ယောကျ်ားသည်၊ (အညဿ-လှေကားဘောင်မှ အခြားသော ကိုင်စရာလက်ရုံးတန်း၏၊ အဘာဝေန-မရှိခြင်းကြောင့်၊) နိဿေဏိဗာဟုကံ-လှေကားဘောင်ကို၊ (သြလုဗ္ဘတိ) ယထာ-ထောက်ကိုင်ရသကဲ့သို့လည်းကောင်း၊ ပဗ္ဗတဂ္ဂံ-အထစ်အထစ်ရှိသော တောင်ထိပ်သို့၊ အာရုဋ္ဌော-သည်၊ (အညဿ-တောင်ထွဋ္ဌ တောင်ထိပ်မှ အခြားသော ကိုင်စရာ၏၊ အဘာဝေန) ပဗ္ဗတမတ္ထကံ-တောင်ထွဋ္ဌ တောင်ထိပ်ကို၊ (သြလုဗ္ဘတိ) ယထာစ-လည်းကောင်း၊ [ပဗ္ဗံ-အထစ်အထစ် အဆစ်အဆစ်သည်၊ ယဿ အတ္ထိတိ ပဗ္ဗတော-အဿတ္ထိအနက်၌ တပစ္စည်း။]

ဝါ-တနည်း၊ ဂိရိ်-အဆစ်မနှော, စင်းကြောတောင်သို့၊ အာရုဋ္ဌော-သည်၊ (အညဿ-မိမိ ဒူးပုဆစ်မှ တပါး, အခြားသော ကိုင်စရာ၏၊ အဘာဝေန-မရှိခြင်းကြောင့်၊) အတ္တနောယေဝ-မိမိ၏သာလျှင်၊ ဇဏ္ဏုကံ-ဒူးပုဆစ်ကို၊ သြလုဗ္ဘတိ ယထာ-ထောက်ကိုင်ရသကဲ့သို့လည်းကောင်း၊ တထေဝ - ထို့အတူသာလျှင်၊ ဧတံ စျာနံ-ဤအာကိဉ္စညာယတနစျာန်ကို၊ သြလုဗ္ဘ-ထောက်ကိုင်၍၊ (အာရုံပြု၍၊) ဝတ္တတိ-ဖြစ်ရ၏၊ ဣတိ-အပြီးတည်း။

အရူပါဝစရကုသလကထာ-သည်၊

နိဋ္ဌိတာ-ပြီ။

တေဘူမကကုသိုလ်အဖွင့်

ဣဒါနိ - အရူပါဝစရကုသိုလ်ကို ပြပြီးရာ ယခုအခါ၌၊ (အာရဒ္ဓံ၌ စပ်၊) ယသ္မာ, သဗ္ဗာနိပိ - နိသော၊ တောနိ တေဘူမက ကုသလာနိ-ဤတေဘူမက ကုသိုလ်တို့သည်၊ ဟီနာဒိနာ-ဟီနအစရှိသော၊ ပဘေဒေန-အပြားအားဖြင့်၊ ဝတ္တန္တိ၊ တသ္မာ-ကြောင့်၊ (ထိုသို့ တေဘူမကကုသိုလ်တို့၏ ဟီန အစရှိသော အပြားအားဖြင့် ဖြစ်ကုန်သည်၏အဖြစ်ကြောင့်၊) တေသံ-ထိုတေဘူမကကုသိုလ်တို့၏၊ တံ ပဘေဒံ-ထိုဟီန အစရှိသော အပြားကို၊ ဒဿေတုံ-ငှါ၊ ပုန-တဖန်၊ ကတမေ ဓမ္မာ ကုသသာတိအာဒိ-အစရှိသော စကားကို၊ အာရဒ္ဓံ၊ တတ္ထ-ထို ကတမေဓမ္မာကုသလာအစရှိသောစကားရပ်၌၊ဟီနန္တိ-ကား၊လာမကံ၊ညံ့သော၊ (ရှေးက"ယုတ်သော"ဟု ပေး၏၊ စိတ္တံ၌ စပ်၊)တံ-ထိုညံ့သော ကုသိုလ်စိတ်ကို၊ အာယူဟနဝသေန-အားထုတ်ခြင်း၏အစွမ်းဖြင့်၊ ဝေဒိတဗ္ဗံ ၏၊ ဟီနုတ္တမာနံ-ညံ့သောစိတ်, မြတ်သောစိတ်တို့၏၊ မဇ္ဈေ-၌၊ ဘဝံ-ဖြစ်သောစိတ်တည်း၊ မဇ္ဈိမံ-အလယ်အလတ်၌ဖြစ်သောစိတ်၊ ပဓာနုဘာဝံ-ပြဋ္ဌာန်းသည်၏ အဖြစ်သို့၊ နီတံ-ဆောင်အပ်သောစိတ်တည်း၊ပဏီတံ-ပြဋ္ဌာန်းသည်၏အဖြစ်သို့ ဆောင်အပ်သော စိတ်၊ [ပ (ပြ)၌ ရပါသောကြောင့် နီတံ၌ နကို ဏပြန်၊] ဥတ္တမံ-မြတ်သော စိတ်တည်၊၊ ဣတိ အတ္ထော၊ တာနိပိ-ထို မဇ္ဈိမ ပဏီဘ ကုသိုလ်စိတ်တို့ကိုလည်း၊ အာယူဟနဝသေနေဝ-အားထုတ်ခြင်း၏ အစွမ်းဖြင့်ပင်၊ ဝေဒိတဗ္ဗာနိ-ကုန်၏။

ဟိ-ခဲ့၊ ယဿ-အကြင်ကုသိုလ်၏၊ ဝါ-ကို၊ အာယူဟနက္ခဏေ-အားထုတ်ရာခဏ၌၊ ဆန္ဒောဝါ-ဆန္ဒသည်သော်လည်း၊ ဟီနော-ညံ့နေသည်၊ ဟောတိ၊ ဝီရိယံဝါ-သော်လည်း၊ (ဟီနံ ဟောတိ)၊ စိတ္တံ ဝါ-စိတ်သည်သော်လည်း၊ (ဟီနံ ဟောတိ၊) ဝီမံသာ ဝါ-ပညာသည်သော်လည်း- (ဟီနာ ဟောတိ၊) [အဓိပတိပစ္စည်းထိုက်သော တရား ၄ ပါးလုံးသည် အဓိပတိပစ္စည်း မတပ်ရုံသာမက, တပါးပါးက ညံ့နေသည်-ဟူလို။] တံ-ထိုကုသိုလ်သည်၊ ဟီနံနာမ-ဟီနမည်၏၊ ယဿ-အကြင်ကုသိုလ်၏၊ ဝါ-ကို၊ (အာယူဟနက္ခဏေ-၌၊) တေ ဓမ္မာ-ထိုဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသာတရားတို့သည်၊ မဇ္ဈိမာစေဝ-အလယ် အလတ်၌ ဖြစ်ကုန်သည်သော်လည်းကောင်း၊ ပဏီတာစေဝ - မွန်မြတ်ကုန်သည်သော်လည်းကောင်း၊ (ဟောန္တိ၊)တံ-ထိုကုသိုလ်သည်၊ မဇ္ဈိမဥ္ဇေဝ-မဇ္ဈိမကုသိုလ်သည်လည်းကောင်း၊ ပဏီတဥ္ဇ-သည်လည်းကောင်း၊ (ဟောဟိ။)

အနုဋ္ဌီကာ၏ ဟီနစသည်။ ။အင္ဌကထာ၌"ယဿ ဟိ အာယူဟနက္ခဏေ ဆန္ဒောဝါ ဟီနော"စသည်ဖြင့် ဆန္ဒ စသည်၏ အယုတ် အလတ် အမြတ်လိုက်၍ ဟီန မဇ္ဈိမ ပဏီတကုသိုလ်ဟု ခွဲထား၏၊ အနုဋ္ဌီကာ၌ ထိုနည်းမှ တမျိုးခွဲပုံကိုလည်း ပြသေး၏၊—

ပန-ကား၊ ယံ- အကြောင်ကုသိုလ်ကို၊ (အာယူဟိတ်၌စပ်၊) ကတ္တုကာမတာသခ်ၤါတံ-ပြုလိုသည်၏အဖြစ်ဟု ဆိုအပ်သော၊ ဆန္ဒံ-ကို၊ ဓုရံ-ပဓာနကို၊ ဆန္ဒံ-ကို၊ ဇေဋ္ဌက်-အကြီးအကဲကို၊ ဆန္ဒံ-ကို၊ ပုဗ္ဗင်္ဂမံ-ရှေသွားကို၊ ကတ္ဝာ-၍၊ အာယူဟိတံ- အားထုတ်အပ်ပြီ၊ (ဓုရံ, ဇေဋ္ဌက်, ပုဗ္ဗင်္ဂမံတို့ကား ပရိယာယ်တည်း၊) တံ- ထိုကုသိုလ်သည်၊ ဆန္ဒာဓိပတိတော- ဆန္ဒာဓိပတိမှ၊ အာဂတတ္တာ- လာသည်၏အဖြစ်ကြောင့်၊ ဆန္ဒာဓိပတေယျနာမ- ဆန္ဒာဓိပတေယျမည်၏၊ ဝီရိယာဓိပတေယျာဒီသုပိ- ဝီရိယာဓိပတေယျကုသိုလ် အစရှိသည်တို့၌လည်း၊ ဧသေဝ နယော- တည်း။

ပန- ဆက်၊ ဣမသ္မိံ ဌာနေ- ဆန္ဒာဓိပတေယျစသည်တို့ကို ဖွင့်ပြပြီးရာ ဤဌာနဌ်၌၊ ဌတ္ဝာ-တန်ရပ်၍၊ နယာ-နည်းတို့ကို၊ ဂဏှတဗ္ဗာ- ရေတွက်ထိုက်ကုန်၏၊ ဟိ-ချဲ့၊ သဗ္ဗပဌမံ- အလုံးစုံသော နည်းတို့၏ ရှေးဦးစွာ၊ ဝိဘတ္တော-

---

၁။ အစိတ္တိကာရေနဝါ ကတံ ဟိနံ, အစ္ဆရုပေက္ခနေန ကတံ မဇ္ဈိမံ, သက္ကစ္စကတံ ပဏီတံ=မလေးမစားပြုအပ်သော ဒါန သီလစသော ကောင်းမှုသည် ဟီန, လျစ်လျူရှုသောအားဖြင့် ပြုအပ်သော ကောင်းမှုသည် မဇ္ဈိမ, ကောင်းမွန်စွာ ပြုအပ်သော ကောင်းမှုသည် ပဏီတ။

၂။ အာမိသကိဉ္စက္ခာဒိဟေတု ဝါ ကတံ ဟီနံ, ပုညဖလကာမတာယ ကတံ မဇ္ဈိမံ, အရိယဘာဝေ ဌိတေန ကတံ ပဏီတံ=ဤဘဝ၌ပင် အနည်းငယ်သောအာမိသကို ရလိုခြင်းစသော အကြောင်းကြောင့် ပြုအပ်သောကောင်းမှုသည် ဟီန, နောက်ဘဝတို့၌ကုသိုလ်အကျိုးကိုလိုလား၍ ပြုအပ်သောကောင်းမှုသည် မဇ္ဈိမ, မည်သည့်အကျိုးကိုမျှ မဇတာင့်တပဲ "သူတော်သူမြတ်တို့ ပြုထိုက်သော်အလုပ်"ဟု မြတ်သူ၏ အဖြစ်၌တည်လျက် ပြုအပ်သောကောင်းမှုသည် ပဏီတ။

၃။ ဘဝသမ္ပတ္တိ လောဘေန ဝါ ပဝတ္တိတံ ဟီနံ, အလောဘဇ္ဈာသယေန ပဝတ္တိတံ မဇ္ဈိမံ, ပရဟိတာယ ပဝတ္တိတံ ပဏီတံ=ဘဝစည်းစိမ်ကို တောင့်တသော လောဘအာဒိုင်းခံ၍ဖြစ်စေအပ်သောကောင်းမှုသည် ဟီန, ဘဝသမ္ပတ္တိကိုမတောင့်တပဲ အလောဘ (မသိုချင်မှု) ဓာဇ်ခံရှိ၍ ဖြစ်စေအပ်သောကောင်းမှုသည် မဇ္ဈိမ, သူတပါးအကျိုးကိုလိုလား၍ (သူတပါးမျှမ်းသာအောင်) ကိုယ်ကျိုးမငဲ့သော ကောင်းမှုသည် ပဏီတ။ [ဘုရားအလောင်း သူတော်ကောင်းတို့၏ ကောင်းမှုမျိုးတည်း။]

၄။ ပရိတ္တကတံ ဟီနံ, မတ္တာသော ကတံ မဇ္ဈိမံ, အဓိမတ္တာသော ကတံ ပဏီတံ=နည်းနည်းပါးပါး ပြုအပ်သော ဒါန သီလ ဘာဝနာ ကောင်းမှုသည် ဟီန, သင့်ရုံတော်ရုံ ပြုအပ်သောကောင်းမှုသည် မဇ္ဈိမ, အလွန်အကဲ များများစားစားပြုအပ်သောကောင်းမှုသည် ပဏီတ။ [စေတနာချင်း တူညီလျှင် များများအလှူက အကျိုးများသည်။]

၅။ မဟဂ္ဂတေသု ပဋိလဒ္ဓမတ္တံ (မဟဂ္ဂုတ်ဈာန်တို့တွင် ရအပ်ကာမျှ ဈာန်သည်) ဟီနံ, နာတိသုဘာဝိဘံ (အလွန် အလေ့အလာမပြုအပ်သော ဈာန်သည်) မဇ္ဈိမံ, သုဘာဝိတံ ဝသိဘာဝပ္ပတ္တံ (ကောင်းစွာ ပွားများအပ်၍ ဝသီဘော်ရောက်သောဈာန်သည်) ပဏီတံ။

ဝေဖန်တော်မူဘုမ်းသော၊ ငကော-သော၊ နယော-သုဒ္ဓိကနည်း လည်းကောင်း၊ ဟီနန္တိ·ဟီနံဟူ၍၊(ဝိဘင်္ဂော-သော၊)ငကော-သော၊(နယော-လည်းကောင်း) မဇ္ဈိမန္တိ·ဟူ၍၊ (ဝိဘင်္ဂော)ငကော-သော၊(နယော-လည်းကောင်း၊)ပဏီတန္တိ-ဟူ၍၊(ဝိဘင်္ဂော)ငကော-သော၊(နယော-လည်းကောင်း၊) ဆန္ဒာဓိပတေယျန္တိ-ဟူ၍၊ (ဝိဘင်္ဂော) ငကော-သော၊ (နယော-လည်းကောင်း၊) တာဝ-ဝီရိယာဓိပတေယျစသည်တို့မှ ရှေးဦးစွာ၊ ဆန္ဒာဓိပတေယျ-၌၊ ပဋ္ဌ-န်သော၊ ဣမေ နယာ-တို့သည်၊ (ဟောန္တိ၊)ဝီရိယာဓိပတေယျာဒီသုပိ-ဝီရိယာဓိပတေယျ အစရှိသည်တို့၌လည်း၊ ဧဝံ- ဤအတူတည်း၊ ဣတိ-သို့၊ စတ္တာရော-န်သော၊ ပဋ္ဌာ·ပဋ္ဌကတ္ထိသည်၊ ဝိသတိ-၂၀-သည်၊ ဟောန္တိ။

(ပါဠိတော် အစဉ်အတိုင်း တနည်း ရေတွက်ပြလိုရကား "ပုရိမော ဝါ ငကော" စသည်ကို မိန့်သည်၊]ဝါ-တနည်း၊ ပုရိမော-ရှေး၌ ဖြစ်သော၊ငကော တပါးသော၊ သုဒ္ဓိကနယော- သုဒ္ဓိကနည်းလည်းကောင်း၊ ဟီနန္တိအာဒယော-ဟီနအစရှိကုန်သော၊ တယော-န်သော၊ (နယာ-တို့လည်းကောင်း) ဆန္ဒာဓိပတေယျန္တိ အာဒယော-နှင့်သော၊စတ္တာရော-နှင့်သော၊(နယာ·တို့လည်းကောင်း)

ဣမေ စတ္တာဝေ၊ပေ၊ဝိသတိ။ ။"ဆန္ဒာဓိပတေယျ ပဋ္ဌနယာ"ဟူရာ၌ ပါဠိတော်ကို ကြည့်လျှင် ပဌမ ၅-နည်းတွင် နောက်ဆုံး တနည်း၌သာ "ဆန္ဒာဓိပတေယျ်" ပုဒ်ကို တွေ့ရ၏၊သို့သော်"ရှေ့ ၄-နည်းလည်း ဆန္ဒာဓိပတေယျသို့ရှေးရှု၍ဖြစ်၏"ဟုရည်ရွယ်၍ "ဣမေ တာဝ ဆန္ဒာဓိပတေယျ ပဋ္ဌနယာ"ဟု ဆိုကြောင်းကို ဋီကာဖွင့်သည်၊ ဣမေ တာဝ၊ပေ၊ ဆန္ဒာဓိပတေယျနယေ အန္တေ ပုရိမနယာနံ တံနယာဘိမုခပ္ပဝတ္တိ သန္ဓာယ ဝုတ္တံ၊-ဋီကာ။

ဋီကာကပယ်ခြင်း။ ။အဋ္ဌကထာ၌"ဧဝံ ဝီရိယာဓိပတေယျာဒီသုပိတိ စတ္တာရော" ဟု ဆို၏၊ ထို အဆိုအတိုင်း မှန်လျှင်"၁-သုဒ္ဓိကနယ, ၂-ဟီန, ၃-မဇ္ဈိမ, ၄-ပဏီတ, ၅-ဝီရိယာဓိပတေယျ"ဟု ပါဠိတော်၌ အစဉ်ရှိရလိမ့်မည်၊ ထိုသို့ကား မရှိ၊ ထို့ကြောင့် "အယံ ပန ပကာရော နာမ ပါဠိ အနုဂတော (ဤ အဋ္ဌကထာ တွက်ပြအပ်သော ၂၀-အပြားသည် ပါဠိတော်သို့ အစဉ်မလိုက်)၊ နာ ဟိ သုဒ္ဓိကနယာဒယော ဝတ္တာ ဝီရိယာဓိပတေယျာဒိနယာ ဝုတ္တာတိ"ဟု မိန့်သည်။

ပါဠိတော်ပါဠိကို စိစစ်။ ။အဋ္ဌကထာဝယ် ဝိသတိနယကို တွက်ပြရာ၌ "သဗ္ဗ ပဌမံ ဝိဘင်္ဂော ငကော နယော"ဟု ပထမတွက်နည်း၌လည်းကောင်း, "ပုရိမော ဝါ ငကော သုဒ္ဓိကနယော"ဟု ဒုတိယတွက်နည်း၌လည်းကောင်း ဟီန စသည်နှင့် မတွဲပဲ သုဒ္ဓိကနံည်း တနည်းကို ပြထား၏၊ ယခု ပါဠိတော်စာအုပ်များ၌မူ "ဉာဏသမ္ပယုတ္တံ ဟီနံ"ဟု တွဲလျက်တွေ့ရ၏၊ အမှန်အားဖြင့် ဟီနံနှင့်မတွဲပဲ"ဉာဏသမ္ပယုတ္တံ" တွင် ရပ်၍ "တသ္မိံ သမယေ ဖဿော"စသည်ကိုလည်းကောင်း, "ယသ္မိံ သမယေ"စသည်ကိုလည်း ကောင်း ပေယျာလမြှုပ်ထားသော ပါဠိတော်တရပ်ရှိရဦးမည်၊ထို့ကြောင့် ပါဠိတော် ၌ "ဉာဏသမ္ပယုတ္တံ၊ပေ၊ဟီနံ၊ပေ၊"စသည်ဖြင့် သုဒ္ဓိကနယသီးခြားရှိသေး၏-ဟုမှတ်ပါ။

ဆန္ဒာဓိတေယျ ဟီနန္တိ အာဒယော-ဟီနံ အစရှိကုန်သော၊ ဒုဒိဒသ-တဆယ့် နှစ်ပါးကုန်သော၊ (နယာ-နည်းတို့လည်းကောင်း၊) ဣတိ ဧဝမ်မို-ဤသို့လည်း၊ ဝိသတိ-နှစ်ဆယ်သော၊ နယာ-တို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏။

ဝိသတိ-သော၊ ဣမေ မဟာနယာ-ဤနည်းကြီးတို့ကို၊ ကတ္ထ-အဘယ်ပါဋိ ရပ်၌၊ (ဘဂဝတာ)ဝိဘတ္တာ-ဧဝဖန်တော်မူအပ်ကုန်သနည်း၊ ဣတိ-ဤကား အမေးတည်း၊ မဟာပကရဏေ-ပဋ္ဌာန်းကျမ်းကြီး၌၊ ဟီနတ္တိကေ-ဟီနတိက်၌၊ (ဘဂဝတာ)ဝိဘတ္တာ-နှပြီ၊ ပန-ထိုသို့ပင် ပဋ္ဌာန်းကျမ်းကြီးဝယ် ဟီနတိက်၌ ဧဝဖန်တော်မူအပ်ပါကုန်သော်လည်း၊ ဣမသ္မိံ ဌာနေ-တဘူမက ကုသလကထာ၏အဆုံးဖြစ်သော ဤပါဋိရပ်၌၊ [ကေသ္မိံ တေဘူမက ကုသလကထာဝသာနဋ္ဌာနေ-ဋီကာ။] ဟီနတ္တိကတော-ဟီနတိက်မှ၊ (ပဋ္ဌာန်း ပါဋိတော် ဟီနတိက်မှ၊) မဇ္ဈိမရာသိ-မဇ္ဈိမအစုကို၊ ဂဟေတ္ဝာ-ယူ၍၊ ဟီနမဇ္ဈိမပဏီတ ဝသေန-ဟီန မဇ္ဈိမ ပဏီတတို့၏ အပြားအားဖြင့်၊ တယော-ကုန်သော၊ ကောဋ္ဌာသာ-အဖို့အစုတို့ကို၊ ကာတဗ္ဗာ-ကုန်၏၊ တတော ပိ-ထိုအဖို့အစုတို့မှလည်း၊ မဇ္ဈိမရာသိ-မဇ္ဈိမအစုကို၊ ထပေတ္ဝာ-ထား၍၊ ဟီနပဏီတေ-ဟီနပဏီတ အစုတို့ကို၊ ဂဟေတ္ဝာ ၍၊ နဝနဝ-၉ ပါး ၉-ပါးကုန်သော၊ ကောဋ္ဌာသာ-အစုတို့ကို၊ ကာတဗ္ဗာ-နှ၏။

ဟီနတ္တိကေ ဝိဘတ္တာ။ ။"ပဋ္ဌာန်းကျမ်းဝယ် ဟီနတိက်၌ ဧဝဖန်အပ်ကုန်ပြီ" ဟု ဆိုသော်လည်း ဤမမှသင်္ကာပါဋိတော်၌လာသော အစဉ်အတိုင်း ဧဝဖန်အပ်ကုန်သည် မဟုတ်ပါ၊ ဤပါဋိတော်၌ ပြအပ်-အဋ္ဌကထာ၌ ရေတွက်အပ်သော ဝိသတိနယသည် ကုသိုလ်ချည်းသာဖြစ်၍ ဝိပါက်ကြိယာမပါသောကြောင့် "မဇ္ဈိမမမ္မေကဒေသဘူတာ" ဟု ဋီကာမိန့်သည်၊ ထိုသို့ ပဋ္ဌာန်းဟီနတိက်လာ မဇ္ဈိမတရား၏တစိတ်ဖြစ်သော်လည်း ပဋ္ဌာန်းကျမ်းတွင်မပါဝင်သော တရားများပင်ဖြစ်သောကြောင့် "မဟာပကရဏေ ဟီနတ္တိကေ ဝိဘတ္တာ" ဟု အဋ္ဌကထာဆရာ ဆိုသည်။

ဟီနတ္တိကတော၊ပေ၊ ကာတဗ္ဗာ။ ။"ဣမသ္မိံ ပန ဌာနေ" စသော စကားသည် တဆယ့်ရှစ်ပါးသော ကမ္မဒ္ဒါရတို့ကို ပြလို၍ တက်လာသော စကားတည်း၊ [နဝက ၂ ပါးကိုကား တဆယ့်ရှစ်ပါးသော ကမ္မဒ္ဒါရတို့၏ အခြေခံဖြစ်၍ ပြရသည်။ လိုရင်းကား မဟုတ်ပါ၊] ဟီနတိက်၌ "ဟီနာဓမ္မာ, မဇ္ဈိမာဓမ္မာ, ပဏီတာ ဓမ္မာ" ဟု ၃ မျိုးရှိရာဝယ် မဇ္ဈိမရာသိကိုသာ ယူသည်၊ ထိုမဇ္ဈိမရာသိ၌လည်း ဟီန-မဇ္ဈိမ-ပဏီတအားဖြင့် ၃ မျိုး ခွဲနိုင်ပြန်၏၊ ထို့ကြောင့် "မဇ္ဈိမရာသိ ဂဟေတ္ဝာ၊ပေ၊ တယော ကောဋ္ဌာသာ ကာတဗ္ဗာ" ဟု မိန့်သည်။

တတော ဝိ၊ဓပေ၊ နဝနဝ။ ။အဋ္ဌာရသ ကမ္မဒ္ဒါရကို ပြရာ၌ မကျွတ်ထိုက်သူတို့၏ ကုသိုလ်ကံသည် ဟီနကမ္မဒ္ဒါရဖြစ်၍ ကျွတ်ထိုက်သူတို့၏ ကုသိုလ်ကံမှာ ပဏီတကမ္မဒ္ဒါရဖြစ်၏၊ အကျိုးမပေးသော အဟောသိကံကုသိုလ်ကား မဇ္ဈိမဖြစ်၍ အဋ္ဌာရသကမ္မဒ္ဒါရတွင် မပါဝင်သောကြောင့် "မဇ္ဈိမရာသိ ထပေတ္ဝာ" ဟု ဆိုသည်။

ဟိ-ခ္ဍဲ၊ ဟီနသ္မိံ ယေဝ-ဟီနကုသိုလ်၌ပင်၊ ဟီနံ-ဟီနကုသိုလ်သည်၊ အတ္ထိ-၏၊ မဇ္ဈိမံ - မဇ္ဈိမ ကုသိုလ်သည်၊ အတ္ထိ၊ ပဏီတံ - ပဏီတ ကုသိုလ်သည်၊ အတ္ကိ၊ ပဏီတသ္မိံ ပိ-ပဏီတကုသိုလ်၌လည်း၊ ဟီနံ-သည်၊ အတ္ထိ၊ မဇ္ဈိမံ-သည်၊ အတ္ကိ၊ ပဏီတံ-သည်၊ အတ္ထိ၊ တတ္ထ-ထို ၃ မျိုးစီပြားသော ဟီနပဏီတတို့တွင်၊ ဟီနဟီနသ္မိံ-ဟီနဟီနကုသိုလ်၌၊ ဟီနံ-သည်၊ (အတ္ထိ)၊ ဟီနဟီနသ္မိံ-၌၊ မဇ္ဈိမံ-သည်၊ (အတ္ကိ)၊ ဟီနဟီနသ္မိံ-၌၊ ပဏီတံ-သည်၊ (အတ္ထိ)၊ ဟီနမဇ္ဈိမသ္မိံ-ဟီနမဇ္ဈိမ ကုသိုလ်၌၊ ဟီနံ-သည်၊ (အတ္ထိ)၊ ဟီနမဇ္ဈိမသ္မိံ-၌၊ မဇ္ဈိမံ-သည်၊ (အတ္ထိ)၊ ဟီန မဇ္ဈိမသ္မိံ-၌၊ ပဏီတံ-သည်၊ (အတ္ကိ)၊ ဟီနပဏီတသ္မိံ - ဟီနပဏီတကုသိုလ်၌၊ ဟီနံ-သည်၊ (အတ္ထိ)၊ ဟီနပဏီတသ္မိံ -၌၊ မဇ္ဈိမံ-သည်၊ (အတ္ထိ)၊ ဟီနပဏီတသ္မိံ-၌၊ ပဏီတံ-သည်၊ (အတ္ထိ)၊ ဣတိ အယံ ဤဆိုအပ်ပြီးကား၊ ဧကော-တပါးသော၊ နဝကော-နဝကတည်း၊ (၉ မျိုးသော ကုသိုလ်စိတ်တို့၏ အပေါင်းတည်း။)

ပဏီတဟီနသ္မိံ ပိ-ပဏီတဟီန ကုသိုလ်၌လည်း၊ ဟီနံ နာမ - ဟီန ကုသိုလ် မည်သည်၊ အတ္ထိ၊ ပဏီတဟီနသ္မိံ-၌၊ မဇ္ဈိမံ-သည်၊ (အတ္ထိ)၊ ပဏီတဟီနသ္မိံ-၌၊ ပဏီတံ-သည်၊ (အတ္ထိ)၊ တထာ-ထိုမှတပါး၊ ပဏီကမဇ္ဈိမသ္မိံ - ပဏီတ မဇ္ဈိမ ကုသိုလ်၌၊ ဟီနံ-ဟီနကုသိုလ်သည်၊ (အတ္ထိ)၊ ပဏီတမဇ္ဈိမသ္မိံ-၌၊ မဇ္ဈိမံ-သည်၊ (အတ္ထိ)၊ ပဏီတမဇ္ဈိမသ္မိံ-၌၊ ပဏီတံ-သည်၊ (အတ္ထိ)၊ ပဏီတပဏီတသ္မိံ-ပဏီတ ပဏီတ ကုသိုလ်၌၊ ဟီနံ-သည်၊ (အတ္ထိ)၊ ပဏီတ ပဏီတသ္မိံ-၌၊ မဇ္ဈိမံ-သည်၊ (အတ္ထိ)၊ ပဏီတပဏီတသ္မိံ-၌၊ ပဏီတံ-သည်၊ (အတ္ထိ)၊ ဣတိ အယံ-ကား၊ ဒုတိယော-၂ ခုမြောက်ဖြစ်သော၊ နဝကော - နဝကတည်း၊ ဣတိ-ဤသို့၊

ဟီနသ္မိံ ယေဝ ဟိ။ ။"နဝ နဝ ကောဋ္ဌာသာ"၏ အကျယ်ကိုပြလို၍ "ဟီနသ္မိံ ယေဝ ဟိ"စသည်ကို မိန့်သည်၊ ပြခဲ့သော ဟီနကုသိုလ်ကိုလည်း ဟီန-မဇ္ဈိမ-ပဏီတ အားဖြင့် ၃ မျိုး, ပဏီတကုသိုလ်ကိုလည်း ဟီန-မဇ္ဈိမ-ပဏီတအားဖြင့် ၃ မျိုး ဤသို့ ထပ်၍ ပွားနိုင်ပြန်၏၊ ထို့ကြောင့် "ဟီနသ္မိံ ယေဝ ဟိ၊ ပေ၊ ပဏီတံ အတ္ထိ"ဟု အခြေခံ စကားကို မိန့်သည်။

တတ္ထ ဟီနဟီနသ္မိံ။ ။စာအုပ်၌ "တထာ ဟီနဟီနသ္မိံ"ဟု တွေ့ရ၏၊ တထာ သဒ္ဒါ၏ ထားရိုးဖြစ်သော ဥပမာနိဂုံး, အတိဒေသ, ပကွန္တရစသော အနက်များသည် ဤနေရာ၌ မဖြစ်နိုင်၊ ထို့ကြောင့် ရှေ့၌ပြခဲ့သော ဟီနပဏီတတို့ကိုဖြစ်စေ, နောက်၌ ပြအပ်လတ္တံ့သော ဟီနဟီနစသည်ကိုဖြစ်စေ ညွှန်ပြသော နိဒ္ဓါရဏအနက်ပြ "တတ္ထ" ဟုသာ ရှိသင့်ပါသည်၊ သက္ကရာဇ် ၁၂၅၄ ခုနှစ်ကရေးအပ်သော မင်းခင်းဆရာတော်၏ အဌသာလိနီဂဏ္ဌိ၌လည်း "မဇ္ဈိမကိုထား၍ ဟီန၌ ဟီန-မဇ္ဈိမ-ပဏီတ ၃ ပါး, ပဏီတ ၌လည်း ၃ ပါး"ဟု ရှေ့ဝါကျကို မြန်မာပြန်ပြီးလျှင် "ထိုတွင် ဟီနဟီန၌ ၃ ပါး" စသည်ဖြင့် မြန်မာပြန်၏၊ "ထိုတွင်"ဟူသောစကားသည် "တတ္ထ"ပုဒ်၏ မြန်မာပြန်ပင် ဖြစ်ပေသည်။

ဒွေ-၂-ပါးကုန်သော၊ နဝကာ- နဝကတို့သည်၊ အဋ္ဌာရသ- တဆယ့်ရှစ်ပါးတို့သည်၊ (ဟောန္တိ)၊ ဣမာနိ အဋ္ဌာရသ- ဤ တဆယ့်ရှစ်ပါးသော ကုသိုလ်တို့သည်၊ ကမ္မဒ္ဒါရာနိနာမ- ကမ္မဒ္ဒါရတို့မည်၏၊ ဝါ- ထိုထိုအကျိုး၏ အကြောင်းဖြစ်သောကံတို့ မည်၏။

ရွှင်လန်း အပြားအားဖြင့် ရွှင်လန်းသည်၊ (ဟုတ္တာ)၊ ဂဏှိဿာမိ - ဝယ်ယူရတော့အံ့၊ ဣတိ-သို့၊ စိန္တေတ္တာ, ဝိမံသမာနော-စူးစမ်းလသော်၊ တီဏိ-သုံးခု ကုန်သော၊ ဆိဒ္ဓါနိ-အပေါက်တို့ကို၊ ပသေယျယထာ-မြင်ရသကဲ့သို့၊ သော-ထိုရဟန်းသည်၊ ဆိဒ္ဓေသု-အပေါက်တို့၌၊ နိဏ္ဍလယော-တွယ်တာခြင်းမရှိသည်၊ နှ ဟောတိ ယထာ-မဟုတ်သကဲ့သို့၊ ပန-အနှယကား၊ ပတ္တော-၌၊ နိဏ္ဍလယော-သည်၊ ဟောတိ ယထာ-ကဲ့သို့၊ ဧဝမေဝ-လျှင်၊ တီဏိ-နှင့်သော၊ လက္ခဏာနိ-တို့ကို၊ သလ္လက္ခေတ္တာ-၍၊ သင်္ခါရေသု-သင်္ခါရတရားတို့၌၊ နိဏ္ဍလယော-သည်၊ ဟောတိ၊ သင်္ခါရာရမ္မဏေနေဝ-သင်္ခါရဟူသောအာရုံရှိသည်သာလျှင်ဖြစ်သော၊ ဉာဏေန-ဉာဏ်ဖြင့်၊ သင်္ခါရတော-မှ၊ ဝုဋ္ဌာတိ၊ ဣတိ ဧဝဒိတမ္ပံ၊ ဒုဿောပမာယပိ-အဝတ်ဥပမာ၌လည်း၊ ဧသေဝ နယော၊ [“အဝတ်ကောင်းကောင်းဓလေး ဝယ်လို၍ ကြည့်စဉ် အပေါက် ၃ ပေါက်တွေ့ရာ၌လည်း ဤနည်းပင်”ဟူလို။]

[ဆိုခဲ့ပြီးသော စကားအားလုံးကို နိဂုံးချုပ်လို၍ “ဣတိ ဘဂဝါ”စသည် မိန့်၊] ဣတိ-လျှင်၊ ဘဂဝါ-သည်၊ လောကုတ္တရံ-သော၊ စျာနံ-ကို၊ဘာဇေန္တော-ဝေဖန်တော်မူလသော်၊ သုဒ္ဓိကပဋိပဒါယံ-သုဒ္ဓိကပဋိပဒါ၌၊စတုက္ကနယံ-လည်းကောင်း၊ ပဉ္စကနယံ-လည်းကောင်း၊ ဣတိ-သို့၊ ဒ္ဝေပိ-န်သော၊ နယေ-တို့ကို၊ အာဟရိ-ဆောင်တော်မူပြီ၊ သုဒ္ဓိကသုညတေ-သုဒ္ဓိကသုညတ၌လည်းကောင်း၊ သုညတပဋိပဒါယ-၌လည်းကောင်း၊ သုဒ္ဓိကအပ္ပဏိဟိတေ-၌လည်းကောင်း၊ အပ္ပဏိဟိတပဋိပဒါယ-၌လည်းကောင်း၊ တထာ-ထို့အတူတည်း၊ ဣတိ-မှတ်အပ်၏၊ကသ္မာ, ဧဝံ-သို့၊(ဘဂဝါ ဒ္ဝေပိ နယေ)အာဟရိ-ဆောင်တော်မူသနည်း၊ ဣတိ-ဤကား အမေးတည်း၊ ပဋိလဒ္ဓာသယေန စေဝ-ပဋိလဒ်၏ အစ္ဆာသယကြောင့်လည်းကောင်း၊ ဒေသနာဝိလာသေနစ-ဒေသနာတော်၏ တင့်တယ်စံပယ်ကြောင်းဖြစ်သော သဗ္ဗညုတဉာဏ်တော်ကြောင့်လည်းကောင်း၊ (ဒ္ဝေပိ နယေ, အာဟရိ-ပြီ၊ဣတိ-ဤကား အဖြေတည်း၊)တဒုဘယံပိ-ထိုပဋိလဒ္ဓာသယ, ဒေသနာဝိလာသ ၂ ပါးစုံကိုလည်း၊ ဟေဋ္ဌာ-၌၊ (ရှုပါဝစရဈာန်အဖွင့်၌၊) စုတ္တနယေနေဝ ဝေဒိတမ္ပံ၊ ဧဝံ-ဤသို့လျှင်၊ လောကုတ္တရံ စျာနံ ဘာဝေတိတိ ဧတ္ထ-၌၊ သုဒ္ဓိကပဋိပဒါယ-သုဒ္ဓိကပဋိပဒါ၌၊ စတုက္ကပဉ္စကာဝသေန-စတုက္ကနည်း, ပဉ္စကနည်းတို့၏ အစွမ်းဖြင့်၊ ဒ္ဝေ-န်သော၊ နယာ-နည်းတို့လည်းကောင်း၊ သေသေသု-သုဒ္ဓိကပဋိပဒါမှ ကြွင်းသော သုဒ္ဓိကသုညတ, သုညတပဋိပဒါ, သုဒ္ဓိကအပ္ပဏိဟိတ, အပ္ပဏိဟိတပဋိပဒါတို့၌၊ တထာ-ထို့အတူ ၂ ပါးစီသောနည်းတို့လည်းကောင်း၊ ဣတိ-ဤသို့၊ သဗ္ဗေသုပိ-န်သော၊ ပဉ္စသု-န်သော၊ ကောဋ္ဌာသေသု-အဖို့အစုတို့၌၊ ဒသ-န်သော၊ နယာ-နည်းတို့ကို၊ ဘာဇိတာ-ဝေဖန်တော်မူအပ်ကုန်ပြီ။

လောကုတ္တရကုသလ ပကိဏ္ဏကကထာ

တတြ- ထို လောကုတ္တရစျာန်၌၊ ဗ္ဗဒံ- ဤ ဆိုအပ်လတ္တံ့ကား၊ ပကိဏ္ဏကံ- ဈေပြွမ်းသော စကားရပ်တည်း၊ ["ပကိဏ္ဏက ကထာတည်း"ဟု မပေးနှင့်၊ နပုလိင်ဖြစ်သောကြောင့် "ဝစနံ"ကိုင့်၍ပေးပါ၊ အဏ္ဏတ္တံစသည်၌ ခေါင်းစဉ်မာတိကာမျှသာဖြစ်၍စပ်ပုဒ်မပါပဲ အကျဉ်းချုပ်ပြထားသောကြောင့်အကျဉ်းမျှသာ အနက်ပေးအံ့-]အဏ္ဏတဥ္ဇ- အဏ္ဏတ္တခန္ဓာလည်းကောင်း၊ဗဟိဒ္ဓါစ- ဗဟိဒ္ဓခန္ဓာလည်းကောင်း၊[ဤ ပုဗ္ဗစုဖြင့် နှလုံးသွင်းထိုက်သောတရား,မသွားထိုက်ရာတရားတို့ကိုပြ၏၊]ရူပါရူပေသု- ရုပ်ခန္ဓာ နာမ်ခန္ဓာတို့လည်းကောင်း၊ ပဥ္ဇသု- ရုပ်နာမ် ၂-ဖြာ,ခန္ဓာ ၅-ပါးတို့လည်းကောင်း၊ သတ္တဋ္ဌင်္ဂပရိဏာမံ- ၇-ပါး ၈-ပါး အစရှိသော အင်္ဂါတို့၏ ပြောင်းလွဲခြင်းလည်းကောင်း၊ နိမိတ္တံ-နိမိတ်လည်းကောင်း၊ ပဋိပဒါ-ပဋိပဒါလည်းကောင်း၊ပတိ- အဓိပတိလည်းကောင်း၊ [အဓိပုဒ်အကြေကြံ၊]ဣတိ-ကား၊(ဥဒ္ဒေသော-အကျဉ်းချုပ်ခေါင်းစဉ်တည်း) ["ဣတိ ပကိဏ္ဏကံ"ဟု ပြန်မလှည့်နှင့်၊ ပကိဏ္ဏက စကားရပ်တွင် ခေါင်းစဉ်မျှသာ ရှိသေးသည်။]

ဟိ- ချဲ၊ လောကုတ္တရမဂ္ဂေ- လောကုတ္တရမဂ် အရာ၌၊ အဏ္ဏတ္တံ- အဏ္ဏတ္တခန္ဓာ၌၊ အဘိနိဝိသိတွာ- စွဲမြဲစွာ နှလုံးသွင်းပြီး၍၊ အဏ္ဏတ္တံ- အဏ္ဏတ္တခန္ဓာမှ၊ ဝုဋ္ဌာတိ-ထ၏၊ [အဏ္ဏတ္တံပုဒ်က အဗျယီဘောသမာသ်ဖြစ်၍ ဝိဘတ်အမျိုးမျိုးကြေနိုင်၏၊] အဏ္ဏတ္တံ- ၌၊ အဘိနိဝိသိတွာ, ဗဟိဒ္ဓါ- ဗဟိဒ္ဓခန္ဓာမှ၊ ဝုဋ္ဌာတိ၊

သတ္တဋ္ဌင်္ဂ ပရိဏာမံ။ ။ပရိပုဗ္ဗ နမုဓာတ် ဏပစ္စည်းဖြင့်ပြီးသော ပရိဏာမသဒ္ဒါသည် ပင်ကိုယ်သဘောမှ တမျိုးတဖုံဖြစ်ခြင်း (အစာကြေခြင်း,ကြီးရင့်ခြင်း) ဖောက်ပြန်ခြင်း,ကြွင်းကျန်ခြင်း,အတ္ထာလင်္ကာရ အထူးဟူသော အနက်များကိုဟော၏၊ ဤနေရာ၌ မဂ္ဂင်ရှစ်ပါးမှ ခုနစ်ပါးဖြစ်ခြင်း, ဗောဇ္ဈင် ၇-ပါးမှ ၆-ပါးဖြစ်ခြင်း, စျာနင် ၅-ပါးမှ ၄-ပါး စသည် ဖြစ်ခြင်းကို ပရိဏာမဟု ဆိုသည်၊ ထို့ကြောင့် ပင်ကိုယ်သဘောမှ ပြောင်းလွဲခြင်းကို ပရိဏာမဟု ယူပါ၊ အဋ္ဌင်္ဂနောက်၌လည်း အာဒိအကြေ ကြံပါ။ ["ပရိဝတ္တိတွာ-ပြောင်းလွဲ၍+နမနံ-ညွတ်ခြင်း၊ ပရိဏာမော-ခြင်း"ဟု သဒ္ဒတ္ထဖြစ်၏၊ "သတ္တဋ္ဌင်္ဂါနံ+ပရိဏာမော သတ္တဋ္ဌင်္ဂပရိဏာမော။]

လောကုတ္တရမဂ္ဂေဟိ။ ။"လောကုတ္တရမဂ္ဂေဟိ(မဂ္ဂေါဟိ)"ဟု ပါဋ္ဌ ၂-ထွေရှိ၏၊ "လောကုတ္တရာမဂ်အရာ၌"ဟု ဝိသယာဓာရ အနက်ပေး၍ "အဘိနိဝိသိတွာ ဝုဋ္ဌာတိ"ဟု စပ်နိုင်သောကြောင့်လည်းကောင်း,"လောကုတ္တရာမဂ်အရာဝယ် အဏ္ဏတ္တကို နှလုံးသွင်း၍ အဏ္ဏတ္တသခ်ါရတို့မှ ထသောနည်းလည်းရှိ၏"စသည်ဖြင့် အဓိပ္ပာယ်လည်းရသောကြောင့်လည်းကောင်း "မဂ္ဂေ"ဟု အာဓာရရှိသောပါဋ္ဌသည် ကောင်း၏၊ လောကုတ္တရမဂ္ဂေါပုဒ်သည် "အဘိနိဝိသိတွာ"၌ စပ်၍မဖြစ်၊ အဘိနိဝိသနကြိယာ၏ ကတ္တားသည် လောကုတ္တရာမဂ် မဟုတ်, ဝိပဿနာသာတည်း၊ထို့ကြောင့် မဂ္ဂေါဟူသော ကတ္တားပါဋ္ဌသည် ကောင်းမည်မထင်။

[ဗဟိဒ္ဓါပုဒ်လည်း နိပါတ်ပုဒ်ဖြစ်၍ ဝိဘတ်အမျိုးမျိုးကြေနိုင်သည်၊]ဗဟိဒ္ဓါ-၌၊ အဘိနိဝိသိတ္ဌာ, ဗဟိဒ္ဓါ-မှ၊ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ-၌၊ အဘိနိဝိသိတ္ဌာ, အဇ္ဈတ္တံ-မှ၊ ဝုဋ္ဌာတိ၊ ရူပေ-ရုပ်ခန္ဓာ၌၊ [ဤ၌ "ရူပေ" ဟု ရှိသောကြောင့် အဇ္ဈတ္တံ အဘိနိဝိသိတ္ဌာ, ဗဟိဒ္ဓါ အဘိနိဝိသိတ္ဌာတို့ဝယ် အဇ္ဈတ္တံပုဒ်-ဗဟိဒ္ဓါပုဒ်တို့၌ သတ္တမီဝိဘတ် အကြေကြံရသည်၊] အဘိနိဝိသိတ္ဌာ, ရူပါ-ရုပ်ခန္ဓာမှ၊ ဝုဋ္ဌာတိ၊ ရူပေ-၌၊ အဘိနိဝိသိတ္ဌာ, အရူပါ- နာမ်ခန္ဓာမှ၊ ဝုဋ္ဌာတိ၊ အရူပေ- နာမ်ခန္ဓာ၌၊ အဘိနိဝိသိတ္ဌာ, အရူပါ-မှ၊ ဝုဋ္ဌာတိ၊ အရူပေ-၌၊ အဘိနိဝိသိတ္ဌာ၊ ရူပါ-ရုပ်ခန္ဓာမှ၊ ဝုဋ္ဌာတိ၊ ဧကပ္ပဟာရေနေဝ- တပြိုင်နက်အားဖြင့်သာလျှင်၊ ပဋ္ဌဟိ- နှ်သော၊ ခန္ဓေဟိ- တို့မှ၊ ဝုဋ္ဌာတိ။

[ပဋ္ဌသု၏ အကျယ်မှတပါး, သတ္တဋ္ဌက်ပရိဏာမ၏ အကျယ်ကို ပြလိုသောကြောင့် "သတ္တဋ္ဌက် ပရိဏာမန္တိ" စသည်မိန့်၊] ပန-ကား၊ သတ္တ ၊ပေ၊ ဏာမန္တိ (ဧတ္ထ) - ဟူသော ဤပါဌ်၌၊ [ဣတိအတ္ထော ၌စပ်။] သော ဧသ မဂ္ဂေါ- ထိုသောကုတ္ထရာ မဂ်သည်၊ အဋ္ဌင်္ဂိကောပိ- ဂ-ပါးသော အင်္ဂါရှိသည်လည်း၊ ဟောတိ၊ [ပဌမစျာန်နှင့်ယှဉ်သော မဂ်ကို ဆိုသည်။] သတ္တင်္ဂိကောပိ- ၇-ပါးသော အင်္ဂါရှိသည်လည်း၊ (ဟောတိ)၊[သမ္မာသင်္ကပ္ပမပါသော ဒုတိယစျာန်မဂ်စသည်ကို ဆိုသည်၊] ဗောဇ္ဈင်္ဂါပိ- ဗောဇ္ဈင်တို့သည်လည်း၊ သတ္တဝါ- ၇-ပါးတို့သည်သော်လည်း၊ ဟောတိ၊ [ပဌမစျာန်မဂ်, ဒုတိယစျာန်မဂ်, တတိယစျာန်မဂ်ကိုဆိုသည်၊]ဆဝါ-၆-ပါးတို့သည်သော်လည်း၊ (ဟောန္တိ)၊[ပီတိမပါသော စတုတ္ထစျာန်မဂ်, ပဋ္ဌမစျာန်မဂ်ကိုဆိုသည်] စျာနံပန-စျာန်သည်ကား၊ (စျာန်အမည်ရသော မဂ်သည်ကား၊)ပဋ္ဌင်္ဂိကံဝါ- ၅-ပါးသောအင်္ဂါ ရှိသည်သော်လည်း၊ ဟောတိ၊ (ပဌမစျာန်ကို ရည်ရွယ်သည်၊) စတုရင်္ဂိကံဝါ- ၄-ပါးသော အင်္ဂါရှိသည်သော်လည်း၊ (ဟောတိ)၊တိဝင်္ဂိကံဝါ-သော်လည်း၊ (ဟောတိ)၊ ဒုဝင်္ဂိကံဝါ၊သော်လည်း၊ (ဟောတိ)၊ [ဒုတိယစျာန်စသည်ကိုရည်ရွယ်သည်။] ဧဝံ-လျှင်၊ သတ္တအဋ္ဌာဒီနံ- ၇-ပါး, ဂ-ပါး အစရှိကုန်သော၊ အင်္ဂါနံ- တို့၏၊ ပရိဏာမော-ပြောင်းလွဲခြင်းကို၊ ဝေဒိတဗ္ဗော၊ ဣတိအတ္ထော။

နိမိတ္တံ ပဋိပဒါ ပတီတိ (ဧတ္ထ)-၌၊ ယတော- အကြင် နိမိတ္တ ပဝတ္တမှ၊ ဝုဋ္ဌာနံ- ထခြင်းသည်၊ ဟောတိ၊ (တံ- ထို နိမိတ္တ ပဝတ္တသည်၊) နိမိတ္တံတိ-နိမိတ္တမည်၏၊ ပဋိပဒါ ပတီတိ- ကား၊ ပဋိပဒါယစ- မဂ်သို့ ရောက်ကြောင်း အကျင့်၏လည်းကောင်း၊အဓိပတိနောစ- အဓိပတိ၏လည်းကောင်း၊ စလနာ စလနံ- လှုပ်ရှားခြင်း မလှုပ်ရှားခြင်းကို၊ ဝေဒိတဗ္ဗံ၊ [ဤတိုင်အောင် ဂါထာဥဒ္ဒေသ၏ အကျယ်နိဒ္ဒေသပြီးပြီ၊ ယခုအခါ ပဋိနိဒ္ဒေသကို ထပ်၍ပြလိုသောကြောင့် "တတ္ထ" စသည်မိန့်။] တတ္ထ- ထို အဇ္ဈတ္တံ အဘိနိဝိသိတ္ဌာ အစရှိသော စကားရပ်၌၊ တာဝ-ရူပါ ရူပေသု စသည်တို့မှ ရှေးဦးစွာ၊(နိဒ္ဒိဋ္ဌေသု- နှ်သော၊)

အဏ္ဏတ္တံ အဘိနိဝိသိတ္ဝာ အဏ္ဏတ္တံ ဝုဋ္ဌာတိတိ အာဒီသု-အစရှိသော စကားရပ်တို့၌၊ (ပဋိနိဒ္ဒေသော-ပဋိနိဒ္ဒေသကို၊ ဝေံ ဝေဒိတမ္မော)၊ ဣမ-ဤသာသနာတော်၌၊ ကေစ္စော-အချိုပုဂ္ဂိုလ်သည်၊ အာဒိတောဝ-အစ၌ပင်၊ အဏ္ဏတ္တံ-အဏ္ဏတ္တသန္တာန်၌၊ ပဥ္ဇသု, ခန္ဓေသု-တို့၌၊ အဘိနိဝိသတိ စွဲမြဲစွာ နှလုံးသွင်း၏၊ အဘိနိဝိသိတ္ဝာ-ပြီး၍၊ တေ-ထိုအဏ္ဏတ္တခန္ဓာတို့ကို၊ အနိစ္စာဒိတော- အနိစ္စအစရှိသော အားဖြင့်၊ ပဿတိ-ရှု၏။

ပန-ဆက်၊ ယသ္မာ, သုဒ္ဓအဏ္ဏတ္တဒဿနမတ္တေနေဝ-ဗဟိဒ္ဓမဖက်, သက်သက်သော အဏ္ဏတ္တခန္ဓာကို ရှုခြင်းမျှကြောင့်သာလျှင်၊ မဂ္ဂဝုဋ္ဌာနံ-မဂ်တည်းဟူသော ဝုဋ္ဌာနသည်၊ နဟောတိ-မဖြစ်သေး၊ ဗဟိဒ္ဓါပိ-ဗဟိဒ္ဓခန္ဓာကိုလည်း၊ ဒဋ္ဌဗ္ဗမေဝ-ရှုထိုက်သည်သာ၊ တသ္မာ, ပရဿ-တပါးသောပုဂ္ဂိုလ်၏၊ ခန္ဓေပိ-ခန္ဓာတို့ကိုလည်းကောင်း၊ အနုပါဒိန္နသခ်ါရေပိ-ဥပါဒိန္နမဟုတ်သော ဗဟိဒ္ဓသခ်ါရတို့ကိုလည်းကောင်း၊ အနိစ္စံ-အနိစ္စ၊ ဒုက္ခံ-ဒုက္ခ၊ အနတ္တာ-အနတ္တ၊ ဣတိ-သို့၊ ပဿတိ-ရှု၏၊ သော-ထိုပုဂ္ဂိုလ်သည်၊ ကာလေန-သင့်လျော်သောအခါ၌၊ (ရံဖန်ရံခါ၊) အဏ္ဏတ္တံ-အဏ္ဏတ္တာခန္ဓာကို၊ သမ္မသတိ-သုံးသပ်၏၊ ကာလေန, ဗဟိဒ္ဓါ-ဗဟိဒ္ဓခန္ဓာကို၊ (သမ္မသတိ) ဣတိ ဝေံ-သို့၊ သမ္မသတော-သုံးသပ်သော၊ တဿ-ထိုပုဂ္ဂိုလ်၏၊ အဏ္ဏတ္တံ-ကို၊ သမ္မသနကာလေ-၌၊ ဝိပဿနာ-သည်၊ မဂ္ဂေန-နှင့်၊ သဒ္ဓိံ-တကွ၊ ဃဋ္ဌယတိ-ဆက်စပ်၏၊ [ဆက်စပ်ခြင်း အနက်ဟော စုရာဒိ ဃဋ္ဌဓာတ်ဖြစ်၍ "ဃဋ္ဌယတိ" ဟု ရှိသင့်၏၊] ဝေံ-ဤသို့ဆက်စပ်လသော်၊ အဏ္ဏတ္တံ-၌၊ အဘိနိဝိသိတ္ဝာ-၍၊ အဏ္ဏတ္တံ-မှ၊ ဝုဋ္ဌာတိနာမ-မည်၏၊ ပန-ကား၊ အဿ-ထိုပုဂ္ဂိုလ်၏၊ ဗဟိဒ္ဓါ-ဗဟိဒ္ဓခန္ဓာကို၊ သမ္မသနကာလေ-၌၊ ဝိပဿနာ-သည်၊ မဂ္ဂေန-နှင့်၊ သဒ္ဓိံ, သစေ ဃဋ္ဌယတိ-အကယ်၍ ဆက်စပ်အံ့၊ ဝေံ-ဤသို့ ဆက်စပ်လသော်၊ အဏ္ဏတ္တံ အဘိနိဝိသိတ္ဝာ ဗဟိဒ္ဓါ ဝုဋ္ဌာတိနာမ၊ ဗဟိဒ္ဓါ-၌၊ အဘိနိဝိသိတ္ဝာ-၍၊ ဗဟိဒ္ဓါစ-မှလည်းကောင်း၊ အဏ္ဏတ္တဥ-မှလည်းကောင်း၊ ဝုဋ္ဌာနေပိ-ထခြင်း၌လည်း၊ ဧသေဝနယော။

[အဏ္ဏတ္တဥ ဗဟိဒ္ဓါစတို့၏ ပဋိနိဒ္ဒေသကိုပြပြီး၍, ရှုပါရှုပေသု၏ ပဋိနိဒ္ဒေသကိုပြလိုသောကြောင့် "အပရော" စသည်မိန့်၊] အပရော-တပါးသောပုဂ္ဂိုလ်သည်၊ အာဒိတောဝ-၌ပင်၊ ရှုပေ-၌၊ အဘိနိဝိသတိ၊ (ရှုပေ-၌၊) အဘိနိဝိသိတ္ဝာ-ပြီး၍၊ ဘူတရှုပဥ္ဇ - ဘူတရှုပ်ကို လည်းကောင်း၊ ဥပါဒါရှုပဥ္ဇ - ဥပါဒါရှုပ်ကိုလည်းကောင်း၊ ပရိစ္ဆိန္ဒိတ္ဝာ-ပိုင်းခြားပြီး၍၊ အနိစ္စာဒိတော-အားဖြင့်၊ ပဿတိ၊ ပန-ဆက်၊ ယသ္မာ, သုဒ္ဓရှုပဒဿနမတ္တေနေဝ-နာမ်ခန္ဓာ မဖက်, ရှုပ်သက်သက်ကို ရှုခြင်းမျှကြောင့်သာလျှင်၊ ဝုဋ္ဌာနံ-မဂ်တည်းဟူသော ဝုဋ္ဌာနသည်၊ နဟောတိ၊ အရှုပံပိ-နာမ်ခန္ဓာကိုလည်း၊ ဒဋ္ဌဗ္ဗမေဝ-ရှုထိုက်သည်သာ၊ တသ္မာ, တံရှုပံ-ထိုရှုပ်ခန္ဓာကို၊ အာရမဏံ ကတ္ဝာ, ဥပ္ပန္နံ သော၊ ဝေဒနံ - ဝေဒနာကိုလည်း

ကောင်း၊သည့်-သညာကိုလည်းကောင်း၊ သခ်ါရေ-သခ်ါရတို့ကိုလည်းကောင်း၊ ဝိညာဏံစ-ဝိညာဉ်ကိုလည်းကောင်း၊ ဣဒံ-ဤဝေဒနာ,သညာ,သခ်ါရ,ဝိညာဉ်သည်၊ အရူပံ နာမ်တည်း၊ဣတိ-သို့၊ ပရိစ္ဆိန္နိတ္ဝာ-ပြီး၍၊အနိစ္စာဒီတော ပဿတိ, သော-ထိုပုဂ္ဂိုလ်သည်၊ ကာလေန-၌၊ ရူပံ-ရူပ်ခန္ဓာကို၊ သမ္မသတိ၊ ကာလေန၊ အရူပံ-နာမ်ခန္ဓာကို၊ (သမ္မသတိ)၊ ဧဝံ-သို့၊ သမ္မသတော-သော၊ တဿ-ထို ပုဂ္ဂိုလ်၏၊ ရူပသမ္မသနကာလေ-ရူပ်ခန္ဓာကို သုံးသပ်ရာအခါ၌၊ ဝိပဿနာ၊ပေ၊ ဃဋ္ဋယတိ၊ ဧဝံ-ဤသို့ ဆက်စပ်လသော်၊ ရူပေ-၌၊ အာဘိနိဝိသိတ္ဝာ-၍၊ ရူပါ-ရူပ်ခန္ဓာမှ၊ ဝုဋ္ဌာတိနာမ-ထသည် မည်၏၊ ပန-ကား၊ အဿ-ထိုပုဂ္ဂိုလ်၏၊ အရူပသမ္မသနကာလေ-နာမ်ခန္ဓာကို သုံးသပ်ရာ အခါ၌၊ ဝိပဿနာ၊ပေ၊ သစေ ဃဋ္ဋယတိ၊ ဧဝံ-ဤသို့ ဆက်စပ်လသော်၊ ရူပေ-၌၊ အာဘိနိဝိသိတ္ဝာ, အရူပါ-နာမ်ခန္ဓာမှ၊ ဝုဋ္ဌာတိနာမ၊ အရူပေ-၌၊ အာဘိနိဝိသိတ္ဝာ, အရူပါစ-နာမ်ခန္ဓာမှလည်းကောင်း၊ ရူပါစ-ရူပ်ခန္ဓာမှလည်းကောင်း၊ ဝုဋ္ဌာနေပိ သေနယော။

[ရူပါရူပေသု၏ ပဒ္မိနိဒ္ဒေသကို ပြပြီး၍, ပဥ္စသု၏ ပဒ္မိနိဒ္ဒေသကို ပြလိုသောကြောင့် ''ယံ ကိဉ္စိ'' စသည်မိန့်။]ပန-ကား၊ ယံ ကိဉ္စိ-အမှတ်မရှိ ကြွင်းမဲ့ညှိုး, အလုံးစုံသော အကြင်တရားသည်၊ သမုဒယဓမ္မံ-ကြွင်းသော အကြောင်းနှင့် ပေါင်းမိလသော် ဖြစ်ခြင်းသဘောရှိ၏၊ တံ သဗ္ဗံ-ထိုအလုံးစုံသောတရားသည်၊ နိရောဓဓမ္မံ-ချုပ်ခြင်းသဘော ရှိ၏၊ ဣတိ ဧဝံ-အာဘိနိဝိသိတ္ဝာ, ဧဝမေဝ-ဤအတိုင်းသာလျှင်၊(ခန္ဓာ ၅ ပါးကို အကျဉ်းချုပ်ပေါင်း၍သာလျှင်၊)ဝုဋ္ဌာနကာလေ ပန၊ ထရာအခါ၌ကား၊ ကေပဟာရေန-တပြိုင်နက်အား ဖြင့်၊ ပဥ္စဟိ, ခန္ဓေဟိ-တို့မှ၊ ဝုဋ္ဌာတိ နာမ၊ ဣတိ-ဤသို့သော၊ အယံ-ဤဝိပဿနာသည်၊ တိက္ခဝိပဿကာသ-ထက်မြက်သော ဝိပဿနာရှိသော၊ မဟာပညာသ်-ကြီးကျယ်သော ပညာရှိသော၊ ဘိက္ခုနော-၏၊ ဝိပဿနာ-ဝိပဿနာတည်း။

ဟိ-ဥပမာဆောင် ထင်အောင်ပြဦးအံ့၊ဆာတဇ္ဈတ္တာသ-ဆာလောင်ခြင်းသည် နှိပ်စက်အပ်သော စိတ်ရှိသော၊ ဝါ-ဆာခြင်းကြောင့် ဝမ်းမီးသည် လောင်အပ်သော၊ [ဤဆာတဇ္ဈတ္တံပုဒ်၏ အနက်ပေးပုံနှင့်တကွ အဓိပ္ပာယ်ကို ပါဠိတော်က ဘာသာဋ္ဌကာ ဒုတိယပါဠိတော်က, ဝိနိတဝတ္ထုခန်း၌ ပြထားပြီ။]ပုရိသဿ-၏၊ ဘတ္တာမဇ္ဈေ-ထမင်းအလယ်၌၊ ဂူထပိဏ္ဍံ-မစင်တုံးကို၊ ထပေတွာ-ထည့်ထား၍၊ နာနဂ္ဂရသ ဘောဇနပုဏ္ဏံ - အထူးထူး ကောင်းမြတ်သော အရသာရှိသော ဘောဇဉ်ဖြင့် ပြည့်သော၊ ပါတိ-ခွက်ကို၊ ဥပနေယျုံ-ကပ်ဆောင်ကုန်ရာ၏၊ သော - ထို ထမင်းဆာနေသော ယောကျ်ားသည်၊ ဗျဥ္ဇနံ - ဟင်းလျာကို၊ ဟတ္ထေန-လက်ဖြင့်၊ ဝိယူဟန္တော-မွှေနှောက်လသော်၊ [ရှေးက ''ယက်လသော်'' ဟု ပေးသည်၊] တံ ဂူထပိဏ္ဍံ-ထိုမစင်တုံးကို၊ ဒိသွာ-၍၊ ဣဒံ-ဤအတုံးကား၊ ကိ-အဘယ်နည်း၊ ဣတိ-သို့၊ ပုစ္ဆိတွာ-မေး၍၊ ဂူထပိဏ္ဍော-မစင်တုံးပါတည်း၊ ဣတိ-သို့၊ ဝုတ္တေ-ပြောဆိုအပ်သော်၊ ဓိဓိ-ထို့ထို့၊ အပနေထ-ဖယ်ကြကုန်၊

ဣတိ- ဤသို့ ပြောရှ၊ ဘတ္တေပိ- ထမင်းဌ်လည်းကောင်း၊ ပါတိယံပိ-ခွက်ဌ်လည်းကောင်း၊ နိရာလယော- တွယ်တာခြင်းမရှိတော့သည်၊ ဟောတိယထာ-ကဲ့သို့၊ ဧဝံသမ္ပဒံ-ဤမချတ်မယွင်း, ပြီးစီးခြင်းရှိသော၊ ဣဒံ- ဤ ဥပမေယျကို၊ ဒဋ္ဌဗ္ဗံ-မှတ်ထိုက်၏။

ဟိ- ဥပမာန, ဥပမေယျ, ရောနှောရှ ပြဦးအုံ၊ ဘောဇနပါတိ ဒဿနသို့ ထမင်းခွက်ကို မြင်ရာအခါဌ်၊ တဿ- ထို ထမင်းဆာနေသော ယောကျ်ား၏၊ အတ္တမနကာလော- မိမိ စိတ်ရှိရာအခါကို၊ (နှစ်သက်ဝမ်းမြောက်ရာ အခါကို၊) (ဝေဒိတဗ္ဗော)ဝိယ- သိထိုက်သကဲ့သို့၊ (တထာ-တူ၊) ဣမဿ ဘိက္ခုနော-၏၊ ဗာလပုထုဇ္ဇနကာလေ- မိုက်သော ပုထုဇဉ်ဖြစ်ရာအခါဌ်၊ ပဉ္စက္ခန္ဓေ- ၅-ပါးသော ခန္ဓာတို့ကို၊ အဟံ- ငါတည်း၊ မမံ- ငါ့ဥစ္စာတည်း၊ ဣတိ- သို့၊ ဂဟိတကာလော-ယူအပ်ရာအခါကို၊ (ဝေဒိတဗ္ဗော)၊ ဂူထပိဏ္ဍဿ- မစင်တုံး၏၊ ဝါ-ကို၊ ဒိဋ္ဌကာလော- မြင်အပ်ရာအခါကို၊(ဝေဒိတဗ္ဗော)ဝိယ၊ (တထာ), တိဏ္ဍံ-ကုန်သော၊ လက္ခဏာနံ- တို့၏၊ ဝါ-တို့ကို၊ သလ္လက္ခိတကာလော- မှတ်သားအပ်ရာအခါကို၊ (ဝေဒိတဗ္ဗော)၊ ဘတ္တေပိ- ထမင်းဌ်လည်းကောင်း၊ပါတိယံပိ-ခွက်ဌ်လည်းကောင်း၊ နိရာလယကာလော-တွယ်တာခြင်းမရှိရာအခါကို၊ (ဝေဒိတဗ္ဗော)ဝိယ၊ (တထာ), တိက္ခဝိပဿကဿ-သော၊ မဟာပညဿ-သော၊ ဘိက္ခုနော-၏၊ ယံ ကိဉ္စိ သမုဒယ ဓမ္မံ, သဗ္ဗံတံ နိရောဓ ဓမ္မန္တိ-ဟူ၍၊ (အဘိနိဝိသိတွာ-နှလုံးသွင်းပြီး၍၊)ပဉ္စဟိ-ကုန်သော၊ ခန္ဓေဟိ-တို့မှ၊ ဧကပ္ပဟာရေန- တပြိုင်နက်အားဖြင့်၊ ဝုဋ္ဌိတကာလော-ထရာအခါကို၊ဝေဒိတဗ္ဗော။[ဤတိုင်အောင်"ရူပါ ရူပေသု ပဉ္စသု"၏ အဖွင့် ပြီးပြီ။]

[ရူပါ ရူပေသု ပဉ္စသု၏ ပဋိနိဒ္ဒေသကို ပြပြီး၍, သတ္တဋ္ဌဂ်ပရိဏာမံ၏ ပဋိနိဒ္ဒေသကို ပြလိုသောကြောင့် "သတ္တဋ္ဌဂ် ပရိဏာမန္တိ" စသည် မိန့်၊] သတ္တဋ္ဌဂ် ပရိဏာမန္တိ ဧတ္ထ-ဌ်၊ ဝုတ္တပ္ပဘေဒေါ-ဆိုအပ်ပြီးသော အပြားရှိသော၊ [နိဒ္ဒေသတုန်းက"သောပနေသ မဂ္ဂေါ အဋ္ဌဂိကောပိ ဟောတိ"စသည်ဖြင့် ဆိုအပ်ပြီးသော အပြားရှိသော၊] အယံ အဂ်ပရိဏာမော- ဤ အဂ်ါ၏ ပြောင်းလွှဲခြင်းသည်၊ ယထာ-အကြင် အခြင်းအရာအားဖြင့်၊ ဟောတိ၊ တထာ- ထိုအခြင်းအရာအားဖြင့်၊ ဝေဒိတဗ္ဗော-၏၊ ဟိ-ချဲ၊ သခ်ါရှပေက္ခာညာဏမေဝ- သခ်ါရှပေက္ခာဉာဏ်သည်သာ၊["ယာသိခါပတ္တာ,သာ သာနုလောမာသခ်ါရှပေက္ခာ ဝုဋ္ဌာန ဂါမိနိ ဝိပဿနာတိစ ပဝုစ္စတို"ဟု ဆိုအပ်သော မဂ္ဂဝီထိနှင့် ဆက်၍နေသော ဉာဏ်ကို ဆိုသည်။] အရိယမဂ္ဂဿ-အရိယမဂ်၏၊ ဗောဇ္ဈဂ်မဂ္ဂဂ်စျာနဂ်ဝိသေသံ- ဗောဇ္ဈင်, မဂ္ဂင်, စျာနင် အထူးကို၊ နိယမေတိ-မှတ်သား၏၊ ပန-ဝါဒန္တရကား၊ ကေစိ- အချို့ကုန်သော၊ ထေရာ- ထေရ်တို့သည်၊ ဗောဇ္ဈဂ်မဂ္ဂဂ် စျာနဂ်ဝိသေသံ-ကို၊ ပါဒကဇ္ဈာနံ-ပါဒကစျာန်သည်၊ နိယမေတိ၊ ဣတိ ဝဒန္တိ၊ [ပါဒကစျာနဝါဒတည်း၊] ကေစိ- ကုန်သော၊ (ထေရာ- တို့သည်၊)

ဝိပဿနာယ-၏၊ အာရမဏဘူတာ-အာရုံဖြစ်၍ ဖြစ်ကုန်သော၊ ခန္ဓာ-တို့သည် နိယမေန္တိ၊ ဣတိ ဝဒန္တိ၊ [သမ္မသိတဝါဒဘည်း၊ ဝိပဿနာဉာဏ်ဖြင့် သုံးသပ်အပ်သော အာရုံကို သမ္မသိတဟု ခေါ်သည်။] ကေစိ (ထေရာ), ပဋိလဒ္ဓါသယော-ပဋိလဒ္ဓါသယသည်၊ နိယမေတိ၊ ဣတိ ဝဒန္တိ၊ [ပဋိလဒ္ဓါသယ ဝါဒတည်း၊] တေသံပိ-ထို ၃-ပါးသော ထေရ်တို့၏လည်း၊ ဝါဒေသု- ဝါဒတို့၌၊ (ပါဒက ဗျာနဝါဒ, သမ္မသိတဝါဒ, ပဋိလဒ္ဓါသယဝါဒတို့၌၊) သန်္ခါရပေက္ခာသန်္ခါစာ-သော၊ ပုဗ္ဗဘာဂါ-မဂ်၏ ရှေအဖို၌ ဖြစ်သော၊ အယံ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဝ-ဤ ဝုဋ္ဌာနဂါမိနီ ဝိပဿနာသည်သာ၊ နိယမေတိ-၏၊ ဣတိ-သို့၊ ဝေဒိတဗ္ဗာ- သိထိုက်၏။

တတြ- ထိုပါဒက ဗျာနဝါဒ စသော ၄-ဝါဒတို့၌၊ ["တတြာတိ လောကုတ္တရဋ္ဌာနေ" ဟု ယောဇနာစဲသည်။] အယံ- ဤ ဆိုအပ်လတ္တံ့ကား၊ အနုပုဗ္ဗီကထာ-အစဉ်အတိုင်းဖြစ်သော စကားတည်း၊ [ရှေးက အစဉ်အဆက်ပြောဆိုလာခဲ့သော စကားတည်း၊] ဟိ-ချဲ့၊ ဝိပဿနာနိယမေန- ဝိပဿနာနိယမဖြင့်၊ (ဗောဇ္ဈင်, မဂ္ဂင်, ဗျာနင် အထူးကို မှတ်သားတတ်ခဲသော ဝိပဿနာအား ဖြင့်၊ "ပဌမဋ္ဌာနိကော ဟောတိ" ၌စပ်၊) သုက္ခဝိပဿကဿ- ဗျာန်စေး မထောက်, ခြောက်ကပ်သော ဝိပဿနာရှိသောပုဂ္ဂိုလ်၏ သန္တာန်၌၊ ဥပ္ပန္နမဂ္ဂေါပိ-ဖြစ်သော မဂ်သည်လည်းကောင်း၊ သမာပတ္တိလာဘိနော-ဗျာန်သမာပတ်ကို ရခြင်းရှိသော ပုဂ္ဂိုလ်၏၊ ဗျာန်-ဗျာန်သမာပတ်ကို၊ ပါဒကံ-အခြေခံကို၊ အကတ္ဝာ-မပြုမူ၍၊ ဥပ္ပန္နမဂ္ဂေါပိ-သည်လည်းကောင်း၊ ပဌမဋ္ဌာနံ-ပဌမဗျာန်ကို၊ပါဒကံ-ကို၊ကတ္ဝာ, ပကိဏ္ဏကသင်္ခါရေ- ပါဒကဗျာန်မှကြွင်းသော ထူပြောမ်းသော သင်္ခါရတို့ကို၊ သမ္မသိတ္ဝာ-၍၊ ဥပ္ပါဒိတမဂ္ဂေါပိ- ဖြစ်စေအပ်သော မဂ်သည်လည်းကောင်း၊ ပဌမဋ္ဌာနိကဝ-ဗျာန်အင်္ဂါ ၅-ပါးရှိသော ပဌမဗျာန်နှင့် ယှဉ်သည်သာ၊ ဟောတိ။ [ပကိဏ္ဏက သင်္ခါရတို့ ပါဒကဋ္ဌာနတော အညသင်္ခါရ၊ တနှ ပါဒကဋ္ဌာနသင်္ခါတေသု သင်္ခါရသု ဝတ္တမ္ပမေဝ ("ပဌမဋ္ဌာနိက" ဟု ဆိုဖွယ်သည်ပင်)နတ္ထိတိ ဒဿေတိ။]

သမ္ပဿု- အလုံးစုံသောမဂ်တို့၌၊ ["သုက္ခဝိပဿကဿ ဥပ္ပန္နမဂ္ဂေါပိ, ဗျာန်ပါဒကံ အကတ္ဝာ ဥပ္ပန္နမဂ္ဂေါပိ, ပကိဏ္ဏကသင်္ခါရေ သမ္မသိတ္ဝာ ဥပ္ပါဒိတမဂ္ဂေါပိ" ဟု ဆိုအပ်ခဲ့သော ၃-မျိုးသော မဂ်တို့၌၊] သတ္တာ-နှ်သော၊ ဗောဇ္ဈင်္ဂါနိ-ဗောဇ္ဈင်တို့သည်လည်းကောင်း၊ အင်္ဂ-နှ်သော၊ မဂ္ဂင်္ဂါနိ-တို့သည်လည်းကောင်း၊ ပဒ္ဓ-နှ်သော၊ ဗျာနင်္ဂါနိ- တို့သည်လည်းကောင်း၊ ဟောန္တိ၊ [ပဌမဗျာနိကမဂ်ဖြစ်သောကြောင့် ဗောဇ္ဈင်, မဂ္ဂင်, ဗျာနင်တို့ တပါးစီးမျှ မလျော့—ဟူလို။] ဟိ-မူန်၊ တေသံ-ထို မဂ်တို့၏၊ ပုဗ္ဗဘာဂဝိပဿနာ- မဂ်၏ ရှေအဖို၌ဖြစ်သော ဝိပဿနာသည်၊ သောမနဿာ သဟဂတာပိ- သောမနဿနှင့် တကွဖြစ်သည်လည်းကောင်း၊ ဥပေက္ခာသဟဂတာပိ- ဥပေက္ခာနှင့်တကွ ဖြစ်သည်လည်း

ကောင်း၊ ဟုတ္ဘာ- ဖြစ်ပြီး၍၊ ဝုဋ္ဌာနကာလေ-သင်္ခါရ, ဝဋ္ဌဒုက္ခမှ ထမြောက်ခါနီး အခါ၌၊ သင်္ခါရပေက္ခာဘာဝံ- သင်္ခါရပေက္ခာဉာဏ်၏ အဖြစ်သို့၊ ပတ္တာ-ရောက်သည်၊ (သမာနာ-သော်၊) သောမနဿသဟဂတာဝ- သောမနဿနှင့်တကွဖြစ်သည်သာ၊ ဟောတိ၊ [ပဌမစျာနိကမဂ်ဖြစ်သောကြောင့် မဂ်၏ရှေအဖို့၌ဖြစ်သော သင်္ခါရပေက္ခာဝိပဿနာလည်း သောမနဿသဟဂုတ်သာ ဖြစ်ရသည်။]

["သင်္ခါရပေက္ခာဉာဏမေဝ ဟိ၊ပေ၊ ဝိသေသံ နိယမေတိ"၏ အကျယ်ကို ပြပြီး၍ "ကေစိ ပန ထေရာ"စသော ပုဂ္ဂိုလ်၏ ပါဒကဇ္ဈာနဝါဒကို ပြလိုသောကြောင့် "ပဥ္ဇကနယေ"စသည်မိန့်။] ပဥ္ဇကနယေ - ပဥ္ဇကနည်း၌၊ ဒုတိယ တတိယ စတုတ္ထဇ္ဈာနာနိ - ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်တို့ကို၊ ပါဒကာနိ-အခြေခံတို့ကို၊ ကတ္ဘာ-၍၊ ဥပ္ပါဒိတမဂ္ဂေသု-ဖြစ်စေအပ်သောမဂ်တို့၌၊ ယထာက္ကမေနေဝ-အကြင်အကြင် အစဉ်အားဖြင့်သာလျှင်၊ စျာနံ-စျာန်သည်၊ စတုရင်္ဂိကံ-၄ ပါးသော အင်္ဂါရှိသည်လည်းကောင်း၊ [ဒုတိယစျာန်ကို ရည်ရွယ်သည်၊] တိဝင်္ဂိကံ-၃ ပါးသော အင်္ဂါရှိသည်လည်းကောင်း၊ [တတိယစျာန်ကို ရည်ရွယ်သည်၊] ဒုဝင်္ဂိကံစ-၂ ပါးသော အင်္ဂါရှိသည်လည်းကောင်း၊ [စတုတ္ထစျာန်ကို ရည်ရွယ်သည်၊] ဟောတိ၊ ပန-ဆက်၊ သဗ္ဗေသု-အလုံးစုံသော မဂ်တို့၌၊ (ဒုတိယစျာနိက စသော မဂ်တို့၌)၊ သတ္တမဂ္ဂင်္ဂါနိ ဟောန္တိ၊ [သမ္မာသင်္ကပ္ပမဂ္ဂင် မပါသောကြောင့် "သတ္တ"ဟု ဆိုသည်။]စတုတ္ထေ-စတုတ္ထစျာနိကမဂ်၌၊ ဆ-နှ်သော၊ ဗောဇ္ဈင်္ဂါနိ(ဟောန္တိ)၊ [ပီတိသမ္ဗောဇ္ဈင်မပါသောကြောင့် "ဆ" ဟု ဆိုသည်၊] အယံ ဝိသေသော-ဤမဂ္ဂင်, ဗောဇ္ဈင်အထူးသည်၊ ပါဒကဇ္ဈာန နိယမေနစေဝ-ပါဒကစျာန်ဟူသော နိယမကြောင့်လည်းကောင်း၊ [ဗောဇ္ဈင်, မဂ္ဂင်, စျာနင် အထူးကို သတ်မှတ်တတ်သော ပါဒကစျာန်ကြောင့်လည်းကောင်း၊] ဝိပဿနာ နိယမေန စ-ဝိပဿနာ ဟူသော နိယမကြောင့်လည်းကောင်း၊] ဟောတိ၊ ဟိ-မှန်၊ တေသံပိ-ထိုမဂ်တို့၏လည်း- ပုဗ္ဗဘာဂဝိပဿနာ-မဂ်၏ ရှေအဖို့၌ဖြစ်သော ဝိပဿနာသည်၊ သောမနဿသဟဂတာပိ-သည်လည်းကောင်း၊ ဥပေက္ခာသဟဂတာပိ-သည်လည်းကောင်း၊ ဟောတိ၊ ဝုဋ္ဌာန

ဝိပဿနာနိယမေနစ။ ။"ဝိပဿနာ"ဟူသည် နောက်ဆုံးသင်္ခါရပေက္ခာဉာဏ်ဖြစ်သော ဝိပဿနာတည်း၊ ဒုတိယစျာန်ကို ပါဒကပြု၍ သင်္ခါရတခုခုကို အနိစ္စစသည်ဖြင့် သမ္မသနပြုသောပုဂ္ဂိုလ်၏ ဝိပဿနာသည် ဒုတိယစျာန် လွန်မြောက်အပ်သော ဝိတက်အပေါ်၌ မဝင်စားလိုသောအားဖြင့် စက်ဆုပ်သော (ဝိတက္ကဝိရာဂ) ဘာဝနာဖြစ်၏၊ ထို့ကြောင့် ထိုဘာဝနာမှတက်၍ ရအပ်သောမဂ်၌လည်း ဝိတက် မပါသော ဒုတိယစျာန်မဂ်သာ ဖြစ်ရသည်၊ ဤနည်းအားဖြင့် ပါဒကစျာန်ဝါဒ၌လည်း ဝိပဿနာက မဂ္ဂင်, ဗောဇ္ဈင်, စျာနင်ကွဲပြားအောင် သတ်မှတ်လျက် ရှိသည်၊ ဤနည်းကိုမှီး၍ နောက်ဝါဒတို့၌လည်း ဝိပဿနာက နိယမပြုနိုင်ပုံကို ယှဉ်စပ်ပါလေ။ [ဝိပဿနာနိယမေနေဝ ဟိ၊ပေ၊ ယောဇေတဗ္ဗော၊-ဋီကာ။]

ဂါမိနီ - ဝုဋ္ဌာနဂါမိနိဝိပဿနာသည်၊ သောမနဿသဟဂတာဝ - သောမနဿသဟဂုတ်သည်သာ၊ (ဟောတိ)။ [ပဥ္စကနည်းဖြစ်၍ စတုတ္ထစျာန်၏ ရှေဝုဋ္ဌာနဂါမိနီ ဝိပဿနာလည်း၊ သောမနဿသဟဂုတ် ဖြစ်ရသည်။]

ပဥ္စမဇ္ဈာနံ-ကို၊ ပါဒကံ-ကို၊ ကတ္ဝာ, နိဗ္ဗတ္တိတမဂ္ဂေပန-ဖြစ်စေအံ့ပ်သော မဂ်၌ကား၊ ဥပေက္ခာ စိတ္တေကဂ္ဂတာဝသေန - ဥပေက္ခာ, စိတ္တေကဂ္ဂတာ၏ အပြားအားဖြင့်၊ ဒ္ဝေ-နှ်သော၊ စျာနင်္ဂါနိ-တို့သည်၊ (ဟောန္တိ)၊ ဗောဇ္ဈင်္ဂမဂ္ဂင်္ဂါနိ-တို့သည်၊ ဆ-၆ ပါးတို့သည်လည်းကောင်း၊ (ပီတိသမ္ပယောဇ္ဈင်္ဂမပါသော ၆ ပါး တို့သည်လည်းကော၁င်း၊) သတ္တစေဝ-၇ ပါးတို့သည်လည်းကောင်း၊ (သမ္မာသင်္ကပ္ပ မပါသော မဂ္ဂင် ၇ ပါးတို့သည်လည်းကောင်း၊ ဟောန္တိ)၊ အယံပိ ဝိသေသော - ဤစျာနင် ဗောဇ္ဈင်္, မဂ္ဂင် အထူးသည်လည်း၊ ဥဘယ နိယမဝသေန-၂ ပါးစုံသော ပါဒကစျာန, ဝိပဿနာဟူသော နိယမ၏အစွမ်းဖြင့်၊ ဟောတိ၊ ဟိ-မူနှ်၊ ဤမသို့ နယေ-ပဥ္စမစျာန်ကို ပါဒကပြုသော ဤနည်း၌၊ ပုဗ္ဗဘာဂဝိပဿနာ-သည်၊ သောမနဿသဟဂတာဝါ-သောမနဿ သဟဂုတ်သည်သော်လည်းကောင်း၊ ဥပေက္ခာ သဟဂကာ ဝါ - သည်သော်လည်းကောင်း၊ ဟောတိ၊ [ရှေ၌ကား ဝါဟူ မဆိုပဲ ''သောမနဿ သဟဂတာပိ ဥပေက္ခာ သဟဂတာပိ'' ဟု ဆိုခဲ့၏။] [ဝုဋ္ဌာနဂါမိနီ-သည်၊ ဥပေက္ခာ သဟဂတာဝ-သည်သာ၊ (ဟောတိ)၊ အဋ္ဌပဇ္ဈာနာနိ-တို့ကို၊ ပါဒကာနိ-တို့ကို၊ ပါဒကာနိ ကတ္ဝာ, ဥပ္ပါဒိတမဂ္ဂေပိ-ဖြစ်စေအပ်သော မဂ်၌လည်း၊ ဧသေဝနယော၊ [ဝုဋ္ဌာနဂါမိနီဝိပဿနာဃို မရောက်မီရှေအဖို့၌ သောမနဿ, ဥပေက္ခာ ၂မျိုးဖြစ်သော်လည်း ဝုဋ္ဌာနဂါမိနီဝိပဿနာအခိုက်၌ကား ဥပေက္ခာသာ ဖြစ်ရမည်-ဟူလို။] ဧဝံ-သို့၊ ပါဒကဇ္ဈာနတော-ပါဒကစျာန်မှ၊ ဝုဋ္ဌာယ-၍၊ ယေကေစိ-အမှတ်မရှိ အလုံးစုံကုန်သော၊ သင်္ခါရေ-တို့ကို၊ သမ္မသိတ္ဝာ-၍၊ နိဗ္ဗတ္တိတမဂ္ဂဿ-ဖြစ်စေအပ်သောမဂ်၏၊ အာဝဇ္ဇနုပဒေသေ-အနီးဖြစ်သော အရပ်၌၊ ဝုဋ္ဌိတာ-ထအပ်ရာဖြစ်သော၊ သမာပတ္တိ-သမာပတ်သည်၊ အတ္တနာ-မိမိနှင့်၊ သဒိသဘာဝံ-တူသည်၏ အဖြစ်ကို၊ ကရောတိ၊ ဘူမိဝဏ္ဏော-မြေကြီး၏အဆင်းသည်၊ ဂေါဓာဝဏ္ဏဿ-ဖုတ်အဆင်း၏၊ (အတ္တနာ သဒိသဘာဝံ, ကရောတိ) ဝိယ-ပြုသကဲ့သို့တည်း။ [ဖုတ်၏နေရာတွင်းသည် မြေနီဖြစ်အံ့၊ ထိုမြေနီသည် ဖုတ်နှင့် အနီးဆုံးဖြစ်သောကြောင့် ဖုတ်ကို နီသောအဆင်းရှိစေ၁င် ပြု၏၊ မြေနက်တွင်း ဖြစ်အံ့၊ ထို့အတူပင် နက်အောင်ပြု၏ကဲ့သို့တည်း။]

[ပဌမထေရ်၏ ပါဒကစျာန၀ါဒကိုပြုပြီး၍, ဒုတိယထေရ်၏ သမ္မသိတစျာန၀ါဒကိုပြလိုသောကြောင့် ''ဒုတိယဿ္မာရ၀ါဒေ ပန'' စသည်မိန့်။] ပန-ကား၊ ဒုတိယဿ္မာရ၀ါဒေ၊ ဒုတိယထေရ်၏၀ါဒ၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ ယတော်ယတော သမာပတ္တိတော-အကြင်အကြင်စျာန်သမာပတ်မှ၊ဝုဋ္ဌာယ-၍၊ ယေ ယေ သမာပတ္တိဓမ္မေ-အကြင် အကြင် သမာပတ်တရားတို့ကို၊သမ္မသိတ္ဝာ-

၍၊ မဂ္ဂေါ- မဂ်သည်၊ နိဗ္ဗတ္တိတော- ဖြစ်စေအပ်သည်၊ ဟောတိ၊ သော မဂ္ဂေါ-သည်၊) တံတံသမာပတ္တိ သဒိသောဝ- ထိုထို ဈာန်သမာပတ်နှင့် တူသည်သာ၊ ဟောတိ၊ သမ္မသိတ သမာပတ္တိသဒိသော- သုံးသပ်အပ်သော ဈာန်သမာပတ်နှင့် ဗောဇ္ဈင်, မဂ္ဂင်, ဈာနင်ချင်းတူသည်၊ (ဟောတိ)၊ ဣတိအတ္ထော-ဤကား အဓိပ္ပာယ်နက်၊ ပန-ဆက်၊ ကာမာဝစရဓမ္မေ-ကာမာဝစရ တရားတို့ကို၊ သစေ သမ္မသတိ-အံ့၊ (ဝေံသတိ-သော်၊ သော မဂ္ဂေါ- သည်၊) ပဌမဇ္ဈာနိဆောဝ- ပဌမဈာန်နှင့် ယှဉ်သည်သာ၊ ဟောတိ၊ [ကာမာဝစရတရားကို သုံးသပ်သော ပုဂ္ဂိုလ်သည် မည်သည့်ဈာန်အင်္ဂါကိုမျှ မစက်ဆုပ်သောကြောင့် ပဌမဇ္ဈာနိတ မဂ်သာ ဖြစ်၏။] တတြာပိ- ထို ဒုတိယထေရ်၏ ဝါဒ၌လည်း၊ ဝိပဿနာနိယ မော- ဝိပဿနာနိယမကို၊ (ဗောဇ္ဈင်, မဂ္ဂင်, ဈာနင်အထူးကို မှတ်သားတတ်သော ဝိပဿနာကို၊) ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

[ဒုတိယထေရ်၏ သမ္မသိတဝါဒကိုပြပြီး၍, တတိယထေရ်၏ ပုဂ္ဂလဇ္ဈာသယ ဝါဒကို ပြလိုသောကြောင့် "တတိယတ္ထေရဝါဒေ" စသည်မိန့်။] တတိယတ္ထေရ ဝါဒေ-၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ အဟံ-ငါသည်၊ သတ္တင်္ဂိကံ- ၇-ပါး သော အင်္ဂါရှိသော၊ မဂ္ဂံ- မဂ်သို့၊ (သမ္မာသင်္ကပ္ပမပါသော ဒုတိယဈာန်မဂ် စသည်သို့၊) ပါပုဏေယျံ- ရောက်ရပါမူကား၊ အဟောဝတ- ဩော် ကြောင်း လေစ္ဆ၊ အဋ္ဌင်္ဂိကံ- ရှစ်ပါးသော အင်္ဂါရှိသော၊ မဂ္ဂံ-မဂ်သို့၊ (ပဌမဈာန်မဂ်သို့၊) ပါပုဏေယျံ၊ (အဟောဝတ)၊ ဣတိ-သို့၊ အတ္တနော-၏၊ အဇ္ဈာသယာနုရူပေ န- အလိုအားလျော်သဖြင့်၊ ယံယံဈာန်- အကြင်အကြင် ဈာန်ကို၊ ပါဒကံ, ကတ္ဒာဝါ-ပြု၍သော်လည်းကောင်း၊ ယေ ယေ ဈာနဓမ္မေ- အကြင် အကြင် ဈာန်တရားတို့ကို၊ သမ္မသိတ္ဒာဝါ- သော်လည်းကောင်း၊ ["ယေဝါ ယေဝါ ဈာနဓမ္မေ" ဟု ရှိသည်ကား မကောင်း၊ "ယံယံ ဈာနံ" ကို ဝိကပ်ပြုသော ဝါ တခုသာရှိရမည်။] နိဗ္ဗတ္တိတော-သော၊ မဂ္ဂေါ-သည်၊ တံတံဈာနသဒိသောဝ- ထိုထို ဈာန်နှင့်တူသည်သာ၊ ဟောတိ၊ ပန-ဆက်၊ ပါဒကဇ္ဈာန်- ပါဒကဈာန်ကို သော်လည်းကောင်း၊သမ္မသိတဈာနံဝါ-သမ္မသိတဈာန်ကိုသော်လည်းကောင်း၊ ဝိနာ-ကြဉ်၍၊ အဇ္ဈာသယမတ္ထေနေဝ- အဇ္ဈသယမျှဖြင့်သာ၊ တံ- ထိုသို့ ထိုထို ဈာန်နှင့်တူစွာ မဂ်၏ဖြစ်ခြင်းသည်၊ နဣဇ္ဈတိ-မပြီးစီးနိုင်၊ [တံတိ တံတံဈာန

သွာယမတ္ထော။ ။"ပါဒကဈာန်, သို့မဟုတ် သမ္မသိတဈာန်ကို ကြဉ်၍ (ထိုဈာန်မပါပဲ) အဇ္ဈာသယမျှကြောင့်သာ မပြီးနိုင်ခြင်းဟူသော ဤအနက်ကို" ဟူလို၊ မှန်၏— အဇ္ဈာသယကြောင့် ပြီးရာ၌ ပါဒကဈာန်ရှိလျှင် ထို ပါဒကဈာန်သည်, သမ္မသိတဈာန်ရှိလျှင် ထို သမ္မသိတဈာန်သည် အဇ္ဈာသယအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုလျက်ရှိ၏၊ ထို့ကြောင့် ပါဒက-သမ္မသိတဈာန် တမျိုးမျိုးက ပကတူပသတ္တိဖြင့် ကျေးဇူးပြုမှ အဇ္ဈာသယအတိုင်း ပြီးစီးရသည်။

အဋ္ဌသာလိနီ (က) ၁၂

သဒိသဘဝနံ၊-ဋီကာ၊] သ္ဒာယမတ္ထော- ထို အနက်အဓိပ္ပာယ်ကို၊ နန္ဒကောဝါဒ သုတ္တေန- နန္ဒကောဝါဒသုတ်ဖြင့်၊ ဒီပေတဗ္ဗော- ထင်ရှားပြထိုက်၏။

ဟိ- သာဓကကား၊ သေယျထာပိ ဘိက္ခဝေ၊ပေ၊သမ္ဗောဓိပရာယဏာတိ- သေယျထာပိ ဘိက္ခဝေ၊ပေ၊ သမ္ဗောဓိပရာယဏာ ဟူသော၊ ဧတံ(သုတ္တံ)-ဤ ပါဋိတော်ကို၊ (ဘဂဝတာ)ဝုတ္တံ-ပြီ။ (မဇ္ဈိမနိကာယ်, ဥပရိပဏ္ဏာသ, သဋ္ဌာ ယတနဝဂ်, နန္ဒကောဝါဒသုတ်၌ ဟောတော်မူအပ်ပြီ။) [ဘိက္ခဝေ-တို၊သေယျ ထာပိ- ဥပမာ မည်သည်ကား၊ ဥပေါသထေ-ဥပုသ်နေ့ ဖြစ်သော၊ ပန္နရသေ- ၁၅-ရက်မြောက်ဖြစ်သော၊ တဒဟု-ထို နေ့၌၊ စန္ဒော-လသည်၊ ဦနော နုခေါ- ယုတ်လျော့လေသလော၊ စန္ဒော- သည်၊ ပုဏ္ဏောနုခေါ- ပြည့်လေသလော၊ ဣတိ- သို့၊ ဗဟူနော- သော၊ ဇနဿ- လူအပေါင်း၏၊ ကခ်ါဝါ- အနည်းငယ် ယုံမှားခြင်းသည်လည်းကောင်း၊ ဝိမတိဝါ- အထူးထူး တွေးတောခြင်းသည် လည်းကောင်း၊န ဟောတိ သေယျထာပိ-ကဲ့သို့၊အထခေါ-စင်စစ်ကား၊စန္ဒော- သည်၊ ပုဏ္ဏောတွေဝ- ပြည့်၏ဟူ၍သာ၊ ဟောတိ ယထာ-ကဲ့သို့၊ ဘိက္ခဝေ-တို့၊ ဧဝမေဝ-လျှင်၊ တာ ဘိက္ခုနိယော- ထို ဘိက္ခုနီတို့သည်၊ နန္ဒကဿ- နန္ဒက၏၊ ဓမ္မဒေသနာယ-တရားဒေသနာကြောင့်၊အတ္တမနာစေဝ- မိမိ စိတ်ရှိကြကုန်သည် လည်းကောင်း၊ (နှစ်သက် ဝမ်းမြောက်ကြကုန်သည်လည်းကောင်း၊) ပရိပုဏ္ဏ သက်ပွါစ- ပြည့်စုံသော အကြံရှိကြကုန်သည် လည်းကောင်း၊ (ဟောန္တိ)၊ ဘိက္ခဝေ, တာသံ ပဥ္ဇန္ဒံ ဘိက္ခုနိသတာနံ- ထို ငါးရာသောဘိက္ခုနီတို့တွင်၊ ယာ ဘိက္ခုနီ-သည်၊ပစ္ဆိမိကာ-နောက်ဆုံး၌ဖြစ်၏၊သာ-ထို ဘိက္ခုနီသည်၊ အဝိနိပါတ ဓမ္မာ- ဖရိုဖရဲ ကျခြင်းသဘော မရှိသော၊ နိယတာ- သမ္မတ္တနိယမအားဖြင့် မြဲသော၊ သမ္ဗောဓိပရာယဏာ-အထက်မဂ် ၃-ပါးဟူသော လည်းလျောင်းရာ ရှိသော၊ သောတာပန္နာ-တည်း။]

ဟိ- ထင်ရှားအောင် ပြဦးအံ့၊ တာသု- ထို ငါးရာသော ဘိက္ခုနီတို့တွင်၊ ယဿာ ဘိက္ခုနိယာ-၏၊ သောတာပတ္တိဖလဿ-၏၊ ဥပနိဿယော- အားကြီး သော မှီရာအကြောင်းသည်၊(ကောင်းမှုသည်၊) (အတ္ထိ-ရှိ၏၊)သာ-ထိုဘိက္ခုနီ

နန္ဒကော ဝါဒသုတ္တေန။ ။ထိုသုတ်၌ ဘိက္ခုနီတို့မှာ သောတာပန်ဖြစ်သူတို့လည်း ထို သောတာပန် ဖြစ်ရခြင်းအားဖြင့် အတ္တမန ပရိပုဏ္ဏသက်ပွဖြစ်ကြရ၏၊ ပေ၊ ရဟန္တာ ဖြစ်သူတို့လည်း ထို ရဟန္တာဖြစ်ရခြင်းအားဖြင့် အတ္တမနပရိပုဏ္ဏသက်ပွဖြစ်ကြရ၏၊ ထိုသို့ မိမိရအပ်သော တရားထူးဖြင့် အတ္တမန ပရိပုဏ္ဏသက်ပွ ဖြစ်ရခြင်းမှာ ရှေးရှေး ဘဝ၌ ဆည်းပူးအပ်ခဲ့သော သောတာပန်ဖြစ်ကြောင်း၊ပေ၊ ရဟန္တာဖြစ်ကြောင်း ကောင်းမှုက ပကတူပနိဿယသတ္တိဖြင့် ကျေးဇူး ပြုနေသောကြောင့်တည်း၊ ထို့အတူ ဤ၌လည်း ပါဒက-သို့မဟုတ် သမ္မသိတချာန်က ပကတူပသတ္တိဖြင့်ကျေးဇူးပြုသောကြောင့် ပါဒက- သို့မဟုတ် သမ္မသိတချာန်နှင့် အလားတူ ချာန်အင်္ဂါရှိသော မဂ်ကို လိုလားသော အဇ္ဈာ သယ ဖြစ်ရသည်။

သည်၊ သောတာပတ္တိဖလေနေဝ- သောတာပတ္တိဖိုလ်ဖြင့်သာ၊ ပရိပုဏ္ဏသက်ပွါ-ပြည့်စုံသော အကြံရှိသည်၊ အဟောသိ-ပြီ၊ ပေ၊ [သကဒါဂါမိဖိုလ်, အနာဂါမိဖိုလ်တို့ကို ပေယျာလမြှုပ်သည်၊] ယဿာ- အကြင် ဘိက္ခုနီ၏၊ အရဟတ္တဿ-အရဟတ္တဖိုလ်၏၊ ဥပနိဿယော (အတ္ထိ)၊ သာ-ထို ဘိက္ခုနီသည်၊ အရဟတ္တေနေဝ- အရဟတ္တဖိုလ်ဖြင့်သာ၊ (ပရိပုဏ္ဏသက်ပွါ-သည်၊ အဟောသိ) [သက်ပွအဇ္ဈာသယရှိရုံဖြင့် မဂ်ဖိုလ်ကို မရ, ဥပနိဿယလည်း ရှိမှ မဂ်ဖိုလ်ကိုရသည်-ဟူလို။] ဧဝမေဝ- ပင်၊ အတ္တနော- ၏၊ အဇ္ဈာသယာနုရူပေန- သဖြင့်၊ ယ်ယ်ဈာနံ- ကို၊ ပါဒကံ-ကို၊ ကတ္ဘာဝါ- သော်လည်းကောင်း၊ ယေယေ ဈာနဝမ္မေ-တို့ကို၊ သမ္မသိတ္ဘာဝါ-သော်လည်းကောင်း၊ နိဗ္ဗတ္တိတော-သော၊ မဂ္ဂေါ-သည်၊ တံတံ ဈာနသဒိဝသာဝ ဟောတိ၊ ပန-ဆက်၊ ပါဒကဇ္ဈာနံ- ပါဒကဈာန်ကို သော်လည်းကောင်း၊ သမ္မသိတဇ္ဈာနံဝါ- သမ္မသိတ ဈာန်ကို သော်လည်းကောင်း၊ ဝိနာ, အဇ္ဈာသယမတ္တေနေဝ-ဖြင့်သာ၊ တံ-ထိုသို့ ထိုထိုဈာန်နှင့်တူစွာ မဂ်၏ဖြစ်ခြင်းသည်၊ နဲ ဣဇ္ဈတိ၊ ဣတိ-ဤသို့မှတ်အပ်၏၊ စ-ဆက်၊ ဧတ္ထာပိ-ဤ ပုဂ္ဂလဇ္ဈာသယဝါဒဋ္ဌလည်း၊ ဝိပဿနာ နိယမော-ကို၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

တတ္ထ- ထို သုံးပါးသော ထေရ်တို့တွင်၊ [တိပိဋက စူဋ္ဌနာဂတ္ထေရမှိစသော အစိတ်ကို ကြည့်စွဲသည်၊ "တေသုဝါဒေသု" ဟု ယောဇနာဋ္ဌစွဲ၏၊] ပါဒကဇ္ဈာနမေဝ- ပါဒကဈာန်သည်သာ၊ နိယမေတိ- ဗောဇ္ဈင် မဂ္ဂင် ဈာနင် အထူးကို မှတ်သား၏၊ ဣတိ ဧဝံ ဝါဒိံ-ဤသို့ ပြောလေ့ရှိသော၊ တိပိဋကစူဋ္ဌနာဂတ္ထေရံ-ကို၊ အန္တေဝါသိကာ- အနီးနေတပည့်တို့သည်၊ အာဟံသု-လျှောက်ကြကုန်ပြီ၊ (ကိံ- အဘယ်သို့ လျှောက်ကြကုန်သနည်း၊) ဘန္တေ- အရှင်ဘုရား၊ တာဝ-အရှုပဘဝမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေ- ညွှန်ပြအပ်သော၊) ယတ္ထ- အကြင်ဘဝ၌၊ ပါဒကဇ္ဈာနံ—ပါဒကဈာန်သည်၊ အတ္ထိ၊ တတ္ထ-ထိုဘဝ၌၊ တံ-ထို ပါဒကဈာန်သည်၊ နိယမေတု- ဗောဇ္ဈင် မဂ္ဂင် ဈာနင်အထူးကို မှတ်သားပါစေတော့၊ ပန-ကား၊ ယသ္မိံ-အကြင် အရှုပဘဝ၌၊ ပါဒကဇ္ဈာနံ-သည်၊ နတ္ထိ-မရှိနိုင်၊ (စတုက္ကနည်းအရ စတုတ္ထဈာန်မှ တပါးသော အခြား ပါဒကဈာန်များမရှိနိုင်ခြင်းကို ရည်ရွယ်၍ "ပါဒကဇ္ဈာနံ နတ္ထိ" ဟု ဆိုသည်၊ စတုတ္ထပါဒကဈာန်ကား အရှုပဘုံ၌ ရှိနိုင်ပါသေး၏၊-ဋီကာ။) တသ္မိံ အရှုပဘဝေ- ထို အရှုပဘဝ၌၊ ကိံ-အဘယ်သည်၊ နိယမေတိ- မှတ်သားပါသနည်း၊ ဣတိ- ဤသို့၊ (အာဟံသု-လျှောက်ကြကုန်ပြီ၊) အာဝုသော-တို့၊ တတ္ထပိ- ထို အရှုပဘဝ၌လည်း၊ ပါဒကဇ္ဈာနမေဝ- သည်သာ၊ နိယမေတိ-မှတ်သား၏၊ ဟိ- မှန်၊ (တနည်း) ဟိ-ချဲ၊ ယော ဘိက္ခု- သည်၊ အဋ္ဌသမာပတ္တိလာဘီ- ရှစ်ပါးသော သမာပတ်ကိုရခြင်းရှိသည်၊ (ဟုတ္ဘာ) ပဋမဇ္ဈာနံ-ကို၊ ပါဒကံ-ကို၊ ကတ္ဘာ- ၍၊ သောတာပတ္တိမဂ္ဂဖလာနံ- သောတာပတ္တိမဂ်ဖိုလ်တို့ကို၊ နိဗ္ဗတ္ထေတ္ဘာ- ဖြစ်စေပြီး၍၊ အပရဟီန

ဇျောနော- မယုတ်လျော့သော စျာန်ရှိသည်၊ (ဟုတ္တာ) ကာလံ- ပျံလွန်တော်မူခြင်းကို၊ ကတ္တာ-ပြု၍၊ အရူပဘဝေ- ၌၊ နိဗ္ဗတ္တော- ဖြစ်ပြီးသည်၊ (ဟုတ္တာ)၊ ပဌမဇျောနိကာယ- ပဌမစျာန်၌ယှဉ်သော၊ သောတာပတ္တိဖလ သမာပတ္တိယာ-မှ၊ ဝုဋ္ဌာယ- ထပြီး၍၊ ဝိပဿနံ- ကို၊ ပဋ္ဌပေတ္တာ- ဖြစ်စေ၍၊ ဥပရိ- အထက်၌၊ တီဏိ-သုံးပါးကုန်သော၊ မဂ္ဂဖလာနိ-တို့ကို၊ နိဗ္ဗတ္တေတိ-ဖြစ်စေ၏၊ တာသာ- ထို ရဟန်း၏၊ တာနိ- ထို အထက် မဂ်ဖိုလ်တို့သည်၊ ပဌမဇျောနိကာနေ၀- ပဌမစျာန်၌ ယှဉ်ကုန်သည်သာ၊ ဟောန္တိ၊ ဒုတိယဇျောနိကာဇီသုပိ - ဒုတိယစျာန်၌ ယှဉ်သော မဂ်ဖိုလ် အစရှိသည်တို့၌လည်း၊ ဧသေ၀နယော- ဤနည်းပင်တည်း၊ [ဒုတိယစျာန်ကိုအခြေခံ၍ သောတာမတ္တိမဂ်ဖိုလ်ရပြီးလျှင် အရူပဘုံသို့ဆောက်မူ အထက်မဂ်ဖိုလ်တို့ကို အာဒုတ်ထု၌ ဒုတိယစျာန်သည်ပင် ပါဒကစျာန်ဖြစ်ရသည်၊ဤသို့ စသည်ဖြင့် သိပါ။] ...[အရူပဘုံ၌ ပဉ္စမစျာန်သာ ရှိသည်မဟုတ်ပါလော၊ အဘယ်နည်းဖြင့် ဒုတိယစျာန်စသည် ရှိပါသနည်းဟု မေးဖွယ်ရှိသောကြောင့် အရူပေ စသည်မိန့်။] အရူပေ-အရူပဘုံ၌၊ တိကစတုက္ကဇျာနံ-တိကစျာန်, စတုက္ကစျာန်သည်၊ ဥပပဇ္ဇတိ-၏၊ တဉ္စ-ထိုစျာန်သည်လည်း၊ လောကုတ္တရံ-လောကုတ္တရစျာန်တည်း၊ န လောကိယံ-လောကီစျာန်မဟုတ်၊ ဧ၀ံ-ဤသို့လျှင်၊ အာ၀ဇ္ဇသော-တို့၊ တတ္ထာပိ- ထို အရူပဘုံ၌လည်း၊ ပါဒကဇျာနမေ၀- သည်သာ၊ နိယမေတိ- မှတ်သား၏၊ ဣတိ- ဤသို့ မိန့်တော်မူပြီ၊ ဘဒန္တ-ရှင်း၊ ပဥ္ဉာ-ပြဿနာကို၊ သုကထိတော-ကောင်းစွာ ဖြေဆိုအပ်ပါပြီ၊ ဣတိ-ဤသို့၊ (အာဟံသု- ကုန်ပြီ။)

ဝိပဿနာယ-၏၊ အာရမ္မဏဘူတာ- အာရုံဖြစ်၍ ဖြစ်ကုန်သော၊ ခန္ဓာ-တို့သည်၊ နိယမေန္တိ-ကုန်၏၊ ဟိ-မှန်၊ ယံယံ ပဋ္ဌကွန်း-အကြင်အကြင် ငါးပါးသော ခန္ဓာကို၊ သမ္မသိတ္တာ- ၍၊ ဝုဋ္ဌာတိ-၏၊ မဂ္ဂေါ-မဂ်သည်၊ တံတံ သဒိသော ၀- ထိုထို သုံးသပ်အပ်သော ခန္ဓာနှင့်တူသည်သာ၊ ဟောတိ၊ ဣတိ၀ါဒိ-ဤသို့ ပြောလေ့ရှိသော၊ မောရ၀ါပိ၀ါသိ မဟာဒတ္တ်တွေ့ရမို့- မောရ၀ါပိ အရပ်၌ နေလေ့ရှိသော မဟာဒတ္တအထေရ်ကိုလည်း၊ အန္တေ၀ါသိကာ- တို့သည်၊ အာဟံသု-ကုန်ပြီ၊ (ကိံ-သနည်း၊)ဘန္တေ, တုမှာကံ-တို့၏၊ ၀ါဒေ- သမ္မသိတ ၀ါဒ၌၊ ဒေါသော- အပြစ်သည်၊ ပညာယတိ- ထင်ရှားပါ၏၊ ဟိ- မှန်၊ ရူပံ- ရုပ်ကို၊ သမ္မသိတ္တာ- သုံးသပ်၍၊ ဝုဋ္ဌိတဘိက္ခုနော- သခ်ါရပရိစ္ဆေဒဉာဏ်မှထသော ရဟန်း၏၊ ရူပသဒိသေန-ရုပ်နှင့်တူသော၊ အဗျာကတေန- အဗျာကတဖြစ်သော၊ မဂ္ဂေန- မဂ်သည်၊ဘ၀ိတဗ္ဗံ- ဖြစ်ရာပါ၏(ဖြစ်စရာရှိပါ၏၊)နေ၀သညာနာသညာယတနံ-နေ၀သညာနာသညာယတနစျာန်ကို၊ နယတော- ကလာပသမ္မသနနည်းအားဖြင့်၊ ပရိဂ္ဂဟေတ္တာ- သိမ်းဆည်း၍၊ ဝုဋ္ဌိဟသေ-သခ်ါရပရိစ္ဆေဒဉာဏ်မှ ထသော ရဟန်း၏၊ တံ သဒိသေနေ၀- ထို နေ၀သညာနာသညာယတနနှင့် တူသည်သာ

လျှင်ဖြစ်သော၊ နေဝသညာနာသညာဘာဝပွတ္တေန- နေဝသညာနာသညာ၏ အဖြစ်သို့ရောက်သော၊ မဂ္ဂေန-မဂ်သည်၊ ဘဝိတဗ္ဗံ- ဖြစ်ရာပါ၏၊ ဣတိ-ဤသို့ လျှောက်ကုန်ပြီ၊ အာစုံသော- တို့၊ ဧဝံ- ဤသို့၊ နဟောတိ-မဖြစ်၊ (ကသ္မာ-ကြောင့်၊ ဧဝံ နဟောတိ- သနည်း၊)ဟိ(ယသ္မာ)-ကြောင့်၊ လောကုတ္တရမဂ္ဂေါ-သည်၊ အပွနံ-သို့၊ အပွတ္တောနာမ- မရောက်သောမဂ် မည်သည်၊ နတ္ထိ၊ တသ္မာ-ကြောင့်၊ ရူပံ-ကို၊ သမ္မသိတ္ဝာ-၍၊ ဝုဋ္ဌိတဿ- သခ်ါရပဝတ္တမှ ထသောရဟန်း၏၊ အဋ္ဌင်္ဂိကော-ရှစ်ပါးသော အင်္ဂါရှိသော၊ သောမနဿသဟဂတမဂ္ဂေါ-သောမနဿနှင့်တကွဖြစ်သောမဂ်သည်၊ဟောတိ၊နေဝသညာနာသညာယတနံ-ကို၊ သမ္မသိတ္ဝာ-၍၊ ဝုဋ္ဌိတဿာပိ-သခ်ါရပဝတ္တမှ ထသော ရဟန်း၏လည်း၊ သဗ္ဗာကာရေန-အလုံးစုံသော အခြင်းအရာအားဖြင့်၊ တာဒိသော- ထို နေဝသညာ နာသညာယတနကဲ့သို့ ရှုအပ်သည်၊ နဟောတိ- မဖြစ်၊ ပန- စင်စစ်ကား၊ သတ္တင်္ဂိကော-၇-ပါးသော အင်္ဂါရှိသော၊ (သမ္မာသင်္ကပ္ပ မပါသော)၊ ဥပေက္ခာ သဟဂတမဂ္ဂေါ-သည်၊ ဟောတိ၊ ဣတိ- ထို့ကြောင့်၊ (ဧဝံ- ဤသို့၊ နဟောတိ)၊ ဣတိ- ဤသို့ ဖြေတော်မူပြီ။

ပုဂ္ဂလဗျာသယော-သည်၊ နိယမေတိ-မှတ်သား၏၊ ဣတိ ဝါဒိနော- ဤသို့ ပြောလေ့ရှိသော၊ စူဋ္ဌာဘယတ္ထေရဿာပိ- စူဋ္ဌာဘယထေရ်၏လည်း၊ ဝါဒံ-ဝါဒကို၊ အာဟရိတ္ဝာ-ဆောင်၍၊ တိပိဋကစူဋ္ဌနာဂတ္ထေရဿ-အား၊ ကထယိံ-သု- လျှောက်ကြကုန်ပြီ၊ သော- ထို တိပိဋကစူဋ္ဌနာဂထေရ်သည်၊ အာဟ-မိန့်တော်မူပြီ၊ (ကိုံ-နည်း) ယဿ- အကြင် ရဟန်း၏ သန္တာန်၌၊ တာဝ-ရှေးဦးစွာ၊ ပါဒကဗျာနံ-သည်၊ အတ္ထိ၊ တဿ-ထို ရဟန်း၏ သန္တာန်၌၊ ပုဂ္ဂလ

အဋ္ဌင်္ဂိကော သောမန၊ပေ၊မဂ္ဂေါ။ ။ရုပ်ကို အနိစ္စစသည်ဖြင့် သုံးသပ်သော အခါ ထို ဝိပဿနာဉာဏ်၌ ရူပါဝစရစျာန် အခြေမခံခဲ့သောကြောင့် လည်းကောင်း, ရူပါဝစရစျာန်ကို မသုံးသပ်သောကြောင့် လည်းကောင်း, ထိုထို စျာန်အင်္ဂါကို လွန်မြောက်ခြင်းဟူသော ဥပနိဿယမရှိလျှင် ထိုထို စျာန်အင်္ဂါပေါ်၌ စက်ဆုပ်ခြင်းဟူသော ဝိရာဂသတ္တိလည်းမရှိ၊ထို့ကြောင့် အဋ္ဌင်္ဂိကမဂ်သာ ဖြစ်ခွင့်ရှိရကား"အဋ္ဌင်္ဂိကော သော-မနဿသဟဂတမဂ္ဂေါ မဟာတိ"ဟုမိန့်သည်။[အပွနာပဝတ္တိစ၊ပေ၊ မဂ္ဂေါ ဟောတိတိ အာဟ၊-ဋီကာ။]

ဥပေက္ခာသဟဂတမဂ္ဂေါ။ ။နေဝသညာ နာသညာ သမာပတ်ကို ကလာပ သမ္မသနနည်းအားဖြင့် သုံးသပ်မှု(သမ္မသန)ပြု၍ သခ်ါရတို့မှ ထမြောက်သော၊ (မဂ်ရသော)ပုဂ္ဂိုလ်၏ မဂ်သည် (သခ်ါရာဝသေသ-ရုန့်ရင်းသော သခ်ါရတို့မှ ကြွင်းသော သိမ်မွေ့သော သခ်ါရ၏ အဖြစ်ဖြင့်) ထို စျာန်နှင့် အားလုံး မတူနိုင်၊ စတုတ္ထစျာန်ချင်း ဥပေက္ခာသဟဂုတ်ချင်းသာ တူနိုင်၏၊ ထို့ကြောင့် သမ္မာသင်္ကပ္ပ မဂ္ဂင်မပါပဲ သတ္တင်္ဂိက ဥပေက္ခာသဟဂုတ်မဂ်သာ ဖြစ်ရသည်။ [ဥပေက္ခာသဟဂတမဂ္ဂေါတိ ဧတေန စတုတ္ထ စျာနိကတာပိ သမာနာ,အနူသယသမုဂ္ဃါယာဋနံ သမတ္ထဿ နသခ်ါရာဝသေသတာတိ ဒုဿေတိ၊-ဋီကာ။]

ဏ္ဍာဘယော-သည်၊ နိယမေတု- မှတ်သားပါစေတော့၊ (စူဋ္ဌာဘယထေရ်၏ ဝါဒအတိုင်း မှတ်သားပါစေတော့-ဟူလို၊) ယဿ-၌၊ တံ- ထို ပါဒကဏ္ဍာနိ သည်၊ နတ္ထိ၊ တဿ- ထို ရဟန်း၏၊ ကတရဏ္ဍာသယော- အဘယ်အဏ္ဍာသယ သည်၊ နိယမေဿတိ-ဗောဇ္ဈင် မဂ္ဂင် စျာနင်အထူးကို မှတ်သားနိုင်လတ္တံ့နည်း၊ နိဒ္ဒနဿ-ရင်းနှီးဖို့ရာ ဥစ္စာမရှိသူ၏၊ ဝုစိုဂဝေသနကာလောဝိယ- အတိုးအပ္ပား ကို ရှာမှီးရာကာလနှင့် တူသည်၊ ဟောတိ၊ ဣတိ၊ ဤသို့၊ အာဟ-ပြောဆိုပြီ။

တံကထံ- ထိုစကားကို၊ အာဟရိတ္ဘာ၊ တိပိဋကစူဋ္ဌာဘယတ္ထေရဿ- အား၊ ပုန-တဖန်၊ ကထယိံသု-လျှောက်ကြကုန်ပြီ၊ သော-ထို တိပိဋကစူဋ္ဌာ ဘယထေရ်သည်၊ အာဝုသော-တို့၊ ပါဒကဏ္ဍာနဝတော- ပါဒကစျာန်ရှိသော ပုဂ္ဂိုလ်၏အတွက်၊ ဣဒံ-ပုဂ္ဂလဏ္ဍာသယော နိယမေတိဟူသော ဤစကားကို၊ မယာ, ကထိတံ-ဆိုအပ်ပြီ၊ ဣတိ အာဟ၊ ပန-ဆက်၊ ပါဒကဏ္ဍာနဝတော— ပါဒကစျာန်ရှိသောပုဂ္ဂိုလ်၏အတွက်၊ ဣဒံ- ဤပုဂ္ဂလဏ္ဍာသယော နိယမေတိ ဟူသော စကားကို၊ ကထိတံ ယထာ-ဆိုအပ်သကဲ့သို့၊ တထေဝ- ထို့အတူ သာလျှင်၊ သမ္မသိတဏ္ဍာနဝတောပိ- သမ္မသိတစျာန်ရှိသော ပုဂ္ဂိုလ်၏အတွက် လည်း၊ ဝေဒိတဗ္ဗံ- ၏၊ ဟိ-မှန်၊ ပဉ္ဇမစျာနတော- ပဉ္ဇမစျာန်မှ၊ ဝုဋ္ဌာယ- ထ ပြီး၍၊(ပဉ္ဇမစျာန်ကို ပါဒကပြုပြီး၍၊) ပဌမာဒိနိ-ပဌမ အစရှိသော စျာန်တို့ကို၊ သမ္မသတော- သုံးသပ်သော ပုဂ္ဂိုလ်၏ သန္တာန်၌၊ ဥပ္ပန္နမဂ္ဂေါ- ဖြစ်သောမဂ် သည်၊ ပဌမတ္ထေရဝါဒေန- ပဌမထေရ်၏ ဝါဒအားဖြင့်၊ ပဉ္ဇမဏ္ဍာနိကော— ပဉ္ဇမစျာန်၌ ယှဉ်သည်၊ (အာပဇ္ဇတိ-ဖြစ်၏၊) ဒုတိယဝါဒေန- ဒုတိယထေရ်၏ ဝါဒအားဖြင့်၊ ပဌမာဒိဏ္ဍာနိကော- ပဌမစျာန် အစရှိသော စျာန်၌ယှဉ်သည်၊ အာပဇ္ဇတိ- ဖြစ်၏၊ ဣတိ-ကြောင့်၊ ဒွေပိ ဝါဒါ- ပါဒကဏ္ဍာနဝါဒ သမ္မသိတ ဝါဒဟူသော ၂-ပါးသော ဝါဒတို့သည်လည်း၊ ဝိရုဏ္ဍန္တိ- ဆန့်ကျင်ကုန်၏၊ တတိယဝါဒေ ပန-တတိယထေရ်၏ ဝါဒ၌ကား၊ ဧတ္ထ- ဤစျာန်တို့တွင်၊ ယံ- အကြင်စျာန်ကို၊ ဣစ္ဆတိ- ၏၊ တဏ္ဍာနိကော- ထို အလိုရှိအပ်သော စျာန်၌ ယှဉ်သည်၊ ဟောတိ-၏၊ ဣတိ-ထို့ကြောင့်၊ တေစဝါဒါ- ထိုပါဒကဏ္ဍာနဝါဒ, သမ္မသိတဏ္ဍာနဝါဒတို့သည်လည်း၊ နဝိရုဏ္ဍန္တိ- မဆန့်ကျင်တော့ကုန်၊ အဏ္ဍာ

တေစ ဝါဒါ နဝိရုဏ္ဍန္တိ။ ။ပါဒကစျာန်က ပဉ္ဇမစျာန်ဖြစ်, သမ္မသိတစျာန်က ပဌမစျာန် ဖြစ်နေရာဝယ် ပါဒကစျာနဝါဒအတိုင်းဆိုလျှင် ပဉ္ဇမစျာနိကမဂ် ဖြစ်စရာရှိ၍, သမ္မသိတစျာန ဝါဒအတိုင်းဆိုလျှင် ပဌမစျာနိကမဂ် ဖြစ်စရာရှိ၏၊ ဤသို့ ဝါဒ ၂-ရပ် ဆန့်ကျင်နေရာဝယ် အဏ္ဍာသယက ပဉ္ဇမစျာန်၌ အလိုရှိနေလျှင် ပဉ္ဇမစျာနိက မဂ်သာ ဖြစ်၏၊ ပဌမစျာန်မဂ်ကို အလိုရှိလျှင်လည်း ပဌမဏ္ဍာနိကမဂ်သာ ဖြစ်စရာရှိ၏၊ ဤသို့ ဆန့်ကျင်ဘက် ဖြစ်နေသော ထို ၂-ဝါဒသည် အဏ္ဍာသယက ကူစွက်ပေးသောကြောင့် ဆန့်ကျင်ဘက် မဖြစ်တော့-ဟူလို။

သယော၈-အဇ္ဈာသယသည်လည်း၊ သာတ္ထကော-အကျိုးရှိသည်၊ " ဟောတိ၊ ဣစ်-ဤသို့၊ ဝေဒိတဗ္ဗံ။

ဝေံ-ဤသို့လျှင်၊ တယောပိ-သုံးပါးလည်း ဖြစ်ကုန်သော၊ ထေရ-ထေရ်တို့သည်၊ ပဏ္ဍိတာ-ကြောင်းကျိုးမြင်သိ သဘာဝပညာ ရှိကြကုန်ဆဲသည်၊ ဗျတ္တာ-ထက်မြက်ကုန်သည်၊ ဗဟုဿုတ-ဘုရားသခင်ဟောကြားတော်မူသော ပိဋကတ်သုံးပုံကို ကောင်းစွာသိသော ဗဟုသုတ ဂုဏ်ရှိသည်၊ မဟာကထိက-ဓမ္မကထိကတို့၏ ဝိသယ-ဥစ္စာဖြစ်သော၊ ပဋိသမ္ဘိဒါ-ဉာဏ်ပညာနှင့် ပြည့်စုံကုန်သည်သာ၊ (ဟောန္တိ)၊ တေန-ထို့ကြောင့်၊ (ထိုသို့ ပဏ္ဍိတ ဗျတ္တ ဗဟုဿုတ ဓမ္မကထိကဖြစ်ကုန်သည့်၏ အဖြစ်ကြောင့်၊) ဓောသံ-ထိုသုံးပါးသောထေရ်တို့၏၊ ဝါဒံ-ဝါဒကို၊ တန္တိ-အဋ္ဌကထာအစဉ်ကို၊ ကတ္တာ (အာစရိယာ-ရှေး အဋ္ဌကထာဆရာတို့သည်၊) ထပယိ-သု-ထားခဲ့ကြကုန်ပြီ၊ ဣဓ ပန-ဤအဋ္ဌသာလိနီ အဋ္ဌကထာ၌ကား၊ အတ္ထမေဝ-အနက် အဓိပ္ပာယ်ကိုသာ၊ [ဝေဖြင့် တန္တိကိုကန့်၊ ထိုပါဠိအားလုံးကို မထုတ်ဆောင်ပဲ-ဟူလို၊] ဥဒ္ဓရိတ္ဝာ-ထုတ်ဆောင်၍၊ တယောပိ-သုံးပါးလည်း ဖြစ်ကုန်သော၊ ဧတေဝါဒေ-ဤဝါဒနှင့် တကွဖြစ်သော ဈာန်တို့ကို၊ ဝါ-ဤပြောဆိုကြောင်းဈာန်တို့ကို၊ ဝိပဿနာဝ-သည်သာ၊ နိယမေတိ-၏၊ ဣတိ-သို့၊ ဒဿိတံ-ပြအပ်ပြီ။

[သတ္တင္ဒဂ်ပရိဏာမံ ဟူသော ဥဒ္ဒေသ၏ ပဋိနိဒ္ဒေသကို ပြုပြီး၍ "နိမိတ္တံ ပဋိပဒါပတိ" ဟူသော ဥဒ္ဒေသ၏ ပဋိနိဒ္ဒေသကို ပြလိုသောကြောင့် ဣဒါနိ စသည်မိန့်၊ [ဣဒါနိ-၌၊ နိမိတ္တံ ပဋိပဒါ ပတိတိ ဧတ္ထ-၌၊ (ဝိနိစ္ဆယော ဧဝံ ဝေဒိတဗ္ဗော)၊ ဧဝံ-ဤ ဆိုအပ်ပြီးသော နည်းဖြင့်၊ အင်္ဂပရိဏာမဇာတော-ပေဘဋ္ဌင်, မဂ္ဂင်, ဈာနင်တို့၏ ပြောင်းလဲခြင်းရှိသော၊ မဂ္ဂသဲ-မဂ်၏၊ ဥပ္ပါဒ ကာလေ-ဖြစ်ရာ အခါ၌၊ ဂေါတြဘု-သည်၊ ကုတော-အဘယ်မှ၊ ဝုဋ္ဌာတိ-ထသနည်း၊ မဂ္ဂေါ-သည်၊ ကုတော-မှ၊ ဝုဋ္ဌာတိ-နည်း၊ ဣတိ-ဤကား အမေး

အဇ္ဈာသယော သာတ္ထကော။ ။အဇ္ဈာသယမပါပဲ ထို ၂-ဝါဒချည်းသာ ရှိလျှင် ဆန့်ကျင်ဘက် ဖြစ်စရာရှိ၍ အဇ္ဈာသယဝါဒကို သွင်းပေးမှ အဇ္ဈာသယပါသည့် ဘက်က အနိုင်ရသောကြောင့် အဇ္ဈာသယလည်း အချည်းနှီး (အကျိုးမဲ့) မဟုတ်ပဲ အကျိုးထူးရှိသည်။

တယော ဧပဧတ် ဝါဒေ။ ။တံ့တံ့ဝါဒေဟိ ပညာပီယမာနာနိ ပါဒကေဇ္ဈာနာဒီနိ (ထိုထိုဝါဒတို့ဖြင့် ပညတ်အပ်ကုန်သော ပါဒကဈာန်အစရှိသည်တို့ကို) ဝါဒ သဟစာရိတာယ ဝါဒါတိ ဝုစ္စန္တိ (ဝါဒနှင့်တကွ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် သဟစရဏာနည်းအားဖြင့် ဝါဒဟူ ဆိုအပ်ကုန်၏၊) ကွတိ အဓိပ္ပာယေန တယော ပေတေ ဝါဒေတိ ဆာဟ၊-အနု)၊ ဤအလို ဝါဒအရ ပါဒကဈာန်စသော ဈာန်တို့ကို ကောက်ပါ၊ (တနည်း)ဝဒန္တိ ဧတေဟိတိဝါ ဝါဒကရဏာဘူတာနိ ပါဒကဇ္ဈာနာဒီနိ ဝါဒါ၊ ဤအလို "တယောပိ-ကုန်သော၊ ဧတေဝါဒေ-ဤ ပြောဆိုကြောင်းဈာန်တို့ကို" ဟု ပေးပါ၊ မဓုဠိကား ပါဠိရှိအတိုင်းပင် အနက်ပေးစေလိုသည်။

တည်း၊ တာဝ-မဂ်မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌံ-ညွှန်ပြအပ်သော၊) ဂေါတြဘု-သည်၊ နိမိတ္တတော-သင်္ခါရနိမိတ်ဟူသော အာရုံမှ၊ ဝုဋ္ဌာတိ-၏၊ ပဝတ္တံ-အဆက်မပြတ်ဖြစ်သော ဝဋ္ဌတရားကို၊ ဆေတ္တုံ-ဖြတ်ခြင်းငှါ၊ နသက္ကောတိ၊ ဟိ-မှန်၊ သော (တေံ)-ဤဂေါတြဘုသည်၊ ကေတော ဝုဋ္ဌာနော-တဖက်မှထခြင်းရှိ၏၊ [စိတ်ကို ဟောသောဂေါတြဘုသဒ္ဒါသည် နပုံလိင်ရှိသောကြောင့် "ကေတော ဝုဋ္ဌာနံ တေံ" ဟု ရှိမှ သာ၍ကောင်း၏၊] မဂ္ဂေါ-သည်၊ နိမိတ္တတော-သင်္ခါရ နိမိတ်ဟူသော အာရုံမှ၊ ဝုဋ္ဌာတိ-၏၊ ပဝတ္တမှိ-အဆက်မပြတ်ဖြစ်သော ဝဋ္ဌတရားကို လည်း၊ ဆိန္ဒတိ-ဖြတ်နိုင်၏၊ ဟိ-မှန်၊ သေ-ဤမဂ်သည်၊ ဥဘတောဝုဋ္ဌာနော-နိမိတ္တ ပဝတ္တဟူသော နှစ်ပါးစုံမှ ထခြင်းရှိသည်၊ ဟောတိ။

တေသံ-ထိုဂေါတြဘုမဂ်တို့၏၊ အယံ-ဤဆိုအပ်လတ္တံ့ကား၊ ဥပ္ပိတ္တိနယော-ဖြစ်ပုံကို သိကြောင်းနည်းတည်း၊ ဟိ-ချဲ၊ ယသ္မိံ ဝါရေ-အကြင် ဝိပဿနာ အလှည့်အကြိမ်၌၊ မဂ္ဂဝုဋ္ဌာနံ-မဂ်တည်းဟူသော ဝုဋ္ဌာနသည်၊ ဟောတိ၊ တသ္မိံ-ထိုဝိပဿနာအလှည့်အကြိမ်၌၊ အနုလောမံ-အနုလုံသည်၊ ကေံ-တကြိမ်တည်းသာ၊ နေဝ ဟောတိ-ဖြစ်သည်မဟုတ်၊ ပဋ္ဌမံ-၅ ကြိမ်မြောက်လည်း၊ နဟောတိ-ဖြစ်သည်မဟုတ်၊ ဟိ-မှန်၊ (တနည်း) ဟိ (ယသ္မာ)၊ (နောက်၌တသ္မာရှိလတ္တံ့၊) ကေံ-တကြိမ်တည်းသော အနုလုံသည်၊ အာသေဝနံ-အာသေဝန ပစ္စည်းကို၊ နလဘတိ-မရ၊ ပဋ္ဌမံ-၅ ကြိမ်မြောက် အနုလုံသည်၊ ဘဝင်္ဂဿ-ဘဝင်၏၊ အာသန္နတ္တာ-နီးသည်၏အဖြစ်ကြောင့်၊ ပဝေဓတိ-တုန်လှုပ်၏၊ [ဂေါတြဘုအား ကျေးဇူးပြုနိုင်လောက်အောင် မခိုင်မြဲသောကြောင့် "တုန်လှုပ်၏" ဟု ဆိုသည်၊ ပဝေဓတိတိ ဂေါတြဘုဿ ပစ္စယော ဘဝိတုံ နသက္ကောတိတိ အတ္ထော၊-ဋီ။] ဟိ-မှန်၊ တဒါ-ငါးကြိမ်မြောက်ဖြစ်ရာထိုအခါ၌၊ ဇဝနံ-သည်၊ ပတိတံ နာမ-ကျသည်မည်သည်၊ ဟောတိ-၏၊ တသ္မာ-ထို့ကြောင့်၊ ကေံ၊ တကြိမ်တည်းသာ၊ နေဝ ဟောတိ၊ ပဋ္ဌမံ-လည်း၊ နဟောတိ။

ပန-အန္ဓယကား၊ မဟာပညဿ-ကြီးသော ပညာရှိသော ပုဂ္ဂိုလ်၏၊ ဒွေ-၂ ကြိမ်ကုန်သော၊ အနုလောမာနိ-အနုလုံတို့သည်၊ ဟောန္တိ-နှ၏၊ တတိယံ-သုံးကြိမ်မြောက်၊ ဂေါတြဘု-ဂေါတြဘုသည်၊ ဟောတိ၊ စတုတ္ထံ-လေးကြိမ်မြောက်၊ မဂ္ဂစိတ္တံ-သည်၊ ဟောတိ၊ တီဏိ-၃ ကြိမ်ကုန်သော၊ ဖလာနိ-တို့သည်၊ ဟောန္တိ၊ တတော-ထိုဖိုလ်သုံးကြိမ်မှ၊ (ပရံ-နောက်၌၊) ဘဝင်္ဂေါတရဏံ-ဘဝင်သို့သက်ခြင်းသည်၊ ဟောတိ၊ မဇျိမပညဿ - အလယ် အလတ် ပညာရှိသော ပုဂ္ဂိုလ်၏၊ တီဏိ အနုလောမာနိ ဟောန္တိ၊ စတုတ္ထံ-၄-ကြိမ်မြောက်၊ ဂေါတြဘု-ဂေါတြဘုသည်၊ ဟောတိ-၏၊ ပဋ္ဌမံ-ငါးကြိမ်မြောက်၊ မဂ္ဂစိတ္တံ - သည်၊ ဟောတိ၊ ဒွေ-၂ ကြိမ်ကုန်သော၊ ဖလာနိ-ဖိုလ်စိတ်တို့သည်၊ ဟောန္တိ၊ တတော-ထိုဖိုလ် ၂ ကြိမ်မှ၊ (ပရံ) ဘဝင်္ဂေါတရဏံ-ဘဝင်သို့ သက်ခြင်း

သည်၊ ဟောတိ၊ မန္ဒပညဿ-နုံ့သော ပညာရှိသော ပုဂ္ဂိုလ်၏၊ စတ္တာရိ အနု လောမာနိ၊ ဟောန္တိ၊ ပဋ္ဌမံ-ငါးကြိမ်မြောက်၊ ဂါတြဘု-သည်၊ ဟောတိ၊ ဆဋ္ဌံ မဂ္ဂစိတ္တံ (ဟေ့တိ)၊ သတ္တမံ-၇-ကြိမ်မြောက်၊ ဖလံ-သည်၊ (ဟောတိ၊) တတော၁-ထိုဖိုလ်တကြိမ်မူ၊ (ပရံ-၌၊) ဘဝဂ်ါတရဏံ-သည်၊ (ဟောတိ)။

တတ္ထ-ထိုပုဂ္ဂိုလ်တို့တွင်၊ မဟာပညမန္ဒပညာနံ - မဟာပညပုဂ္ဂိုလ် မန္ဒပည ပုဂ္ဂိုလ်တို့၏၊ ဝါ-တို့နှင့်၊ ဝဿန-အစုမ်းဖြင့်၊ ပါ-စပ်သဖြင့်၊ အာကထေတ္ဝာ-မဆိုမူ၍၊ မဇ္ဈိမပညဿ - အလယ်အလတ် ပညာရှိသော ပုဂ္ဂိုလ်၏၊ ဝါ-နှင့်၊ ဝဿန-အစုမ်းဖြင့်၊ ဝါ-စပ်သဖြင့်၊ ကထေဟပ္ပဲ-ဆိုရာ၏၊ ဟိ-ခဲ့၊ ယသ္မိံ ဝါရေ-အကြင်ဝိပဿနာ အလှည့်အကြိမ်၌၊ မဂ္ဂဝုဋ္ဌာနံ-သည်၊ ဟောတို့-၏၊ တသ္မိံ-၌၊ ဥပေက္ခာသဟဂတာ - ဥပေက္ခာ သဟဂုတ်ဖြစ်သော၊ ကြိယာဟေတုက မနော ဝိညာဏဓာတု-ကြိယာအဟိတ် မနောဝိညာဏဓာတ်သည်၊ မနောဒ္ဓါဆုဝဋ္ဋနံ-သည်၊ ဟုတ္ဝာ-၍၊ (တနည်း-မနောဒ္ဓါဆုဝဋ္ဋနံ ဟုတ္ဝာ-မနောဒ္ဓါဆု ဝဋ္ဋန်း၏ အဖြစ်ဖြင့် ဖြစ်၍၊) ဝိပဿနာဂေါစရေ-ဝိပဿနာ၏ အာရုံ ဖြစ်ကုန်သော၊ ခန္ဓေ-ရုပ်နာမ်ခန္ဓာတို့ကို၊ အာရမ္မဏံ ကတ္ဝာ, ဘဝင်္ဂံ-ကို၊ အာဝဇ္ဇေတိ-ပြန်လည် စေ၏၊ [“ဘဝင်ကိုဖြတ်၏-ဟူလို၊] တဒနန္တရံ-ထိုဘဝင်၏အခြားမဲ့၌၊ တေနေဝ အာဝဇ္ဇနေန-ထိုအာဝဇ္ဇန်းသည်ပင်၊ ဂဟိတကွန္ဓေ-ယူအပ်ပြီးသော ရုပ်နာမ် ခန္ဓာတို့ကို၊ ဂဟေတ္ဝာ-ယူ၍၊ ပဌမံဇဝနံ-ပဌမဇော်ဖြစ်သော၊ အနုလောမညာဏံ-အနုလောမဉာဏ်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်၏၊ တံ-ထိုအနုလောမဉာဏ်သည်၊ တေသု ခန္ဓေသု-ထိုရုပ်နာမ်ခန္ဓာတို့၌၊ အနိစ္စာတိ ဝါ-အနိစ္စတို့ဟူ၍သော်လည်းကောင်း၊ ဒုက္ခာတိ ဝါ-ဒုက္ခတို့ဟူ၍သော်လည်းကောင်း၊ အနတ္တာတိဝါ-အနတ္တတို့ဟူ၍ သော်လည်းကောင်း၊ ပဝတ္တိတ္ဝာ-ဖြစ်ပြီး၍၊ သြဋ္ဌာရိကံ သြဋ္ဌာရိကံ-ကြမ်းသော ကြမ်းဩော၊ သစ္စပ္ပဋိစ္ဆာဒကတမံ-သစ္စာ ၄ ပါးကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမှောင်ကို၊ ဝိနောဒေတ္ဝာ-ပယ်ဖျောက်၍၊ တီဏိ-နှံ့သော၊ လက္ခဏာနိ-တို့ကို၊ ဘိယျောဘိယော်-အလွန်အလွန်၊ ပါကဋာနိ - ထင်ရှား သည်တို့ကို၊ကတ္ဝာ-၍၊နိရုဇ္ဈတိ-ချုပ်သွား၏။

တဒနန္တရံ-ထိုပဌမ အနုလောမညာဏ်၏ အခြားမဲ့၌၊ ဒုတိယာနုလောမံ-ဒုတိယာနုလောမညာဏ်သည်၊ ဥပ္ပဇ္ဇတိ-ဖြစ်ပြန်၏၊ တေသု - ထိုအနုလောမ

မန္ဒပညဿ စတ္တာရိ။ ။“ဤနည်းသည် ရှေး အဋ္ဌကထာ၌ ပါသောကြောင့် ဆိုအပ်သောနည်း”ဟု ယောဇနာဆို၏၊ အရှင် ဗုဒ္ဓဃောသသည် အလိုရှိအပ်သောနည်း မဟုတ်၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ အနုလုံ့ ၄ ကြိမ်ဝါရကို တားမြစ်ထားသည်၊ သင်္ဂြိဟ်၌ လည်း ဤ ၄ ကြိမ်နည်းမပါ၊ “ပရိကမ် ဥပစာ အနုလုံ့”ဟု နာမည်ချင်း ခဲ့၍ ၃ ကြိမ် သာ ပြထားသည်။ [အဋ္ဌကထာ၌ ပြထားသော အဓိပ္ပာယ်များကိုလည်း သင်္ဂြိဟ် ဘာသာဋီကာ အပ္ပနာဇောဝါရအဖွင့်၌ ပြထားပါသည်။]

ဉာဏ် ၂ မျိုးတို့တွင်၊ပုရိမံ-ရှေ့အနုလောမဉာဏ်သည်၊အနာသေဝနံ-အာသေဝန ပစ္စည်းမရှိသည်၊ (ဟုတ္ဆာ၊) ဒုတိယဿ-ဒုတိယဖြစ်သော အနုလောမဉာဏ်၏၊ အာသေဝနံ-အာသေဝန ပစ္စည်းသည်၊ ဟောတိ၊ [ဒုတိယဿ၏ နောက်၌ "ပုရိမံ"ဟု စာအုပ်တို့ဝယ်ရှိသည်ကား မကောင်း၊ ရှေ့ပုရိမံသည်ပင် ကတ္တား ဖြစ်နိုင်၏။]တံ-ထိုဒုတိယအနုလောမဉာဏ်သည်၊ လဒ္ဓါသေဝနတ္တာ-ရအပ်သော အာသေဝနပစ္စည်းရှိသည်၏ အဖြစ်ကြောင့်၊ တိက္ခံ-ထက်မြက်သည်၊ သူရံ-ရဲရင့်သည်၊ ပသန္နံ-ကြည်လင်သည်၊ ဟုတ္ဆာ, တသ္မိံ ယေဝါရမဏေ-ထိုရုပ်နာမ်ခန္ဓာ ဟူသော အာရုံ၌ပင်၊ တေနေဝါကာရေန - ထိုအနိစ္စ ဒုက္ခ အနတ္တဟူသော အခြင်းအရာအားဖြင့်ပင်၊ ပဝတ္တိတ္ဆာ-ဖြစ်ပြီး၍၊ မဇ္ဈိမပ္ပမာဏံ-အလယ်အလတ် ပမာဏရှိသော၊ သစ္စပ္ပဋိစ္ဆာဒကတမံ-သစ္စာ ၄ပါးကိုဖုံးလွှမ်းတတ်သောမောဟ တည်းဟူသောအမှောင်ကို၊ဝိနောဒေတ္ဆာ-ပယ်ဖျောက်၍၊တီဏိလက္ခဏာနိ၊ပေ၊ နိရုဇ္ဈတိ-၏။

တဒနန္တရံ-ထိုဒုတိယ အနုလောမဉာဏ်၏အခြားမဲ့၌၊ တတိယာနုလောမံ-တတိယအနုလောမဉာဏ်သည်၊ဥပ္ပဇ္ဇတိ-ဖြစ်ပြန်၏၊တဿ-ထိုတတိယအနုလောမ ဉာဏ်၏၊ ဒုတိယံ-၂ ခုမြောက်သော အနုလုံသည်၊ အာသေဝနံ-အာသေဝန ပစ္စည်းသည်၊ ဟောတိ-၏၊ တမ္ပိ-ထိုတတိယအနုလောမဉာဏ်သည်လည်း၊ လဒ္ဓါ သေဝနတ္တာ-ရအပ်သော အာသေဝနပစ္စည်းရှိသည်၏ အဖြစ်ကြောင့်၊ တိက္ခံ, ပသန္နံ,ဟုတ္ဆာ,တသ္မိံ ယေဝါရမဏေ-၌ပင်၊ တေနေဝါကာရေန-အားဖြင့်ပင်၊ ပဝတ္တိတ္ဆာ-ဖြစ်ပြီး၍၊ တဒဝသေသံ-ထိုမှ ကြွင်းကျန်သော၊ [ဒုတိယ အနုလုံ ပယ်အပ်သောသစ္စပ္ပဋိစ္ဆာဒကတမမှကြွင်းကျန်သော၊]အဏုသဟဂတံ-သိမ်မွေ့ သည်၏အဖြစ်နှင့်တကွဖြစ်သော၊ သစ္စပ္ပဋိစ္ဆာဒကတမံ-သစ္စာ ၄ ပါးကို ဖုံးလွှမ်း တတ်သော မောဟတည်းဟူသော အမှောင်ကို၊ ဝိနောဒေတ္ဆာ-၍၊ နိရဝသေသံ၊ အကြွင်းအကျန်မရှိသည်ကို၊ ကတ္ဆာ,တီဏိ လက္ခဏာနိ၊ပေ၊နိရုဇ္ဈတိ၊ဧဝံ-ဤသို့၊ တီဟိ - သုံးကြိမ်ကုန်သော၊ အနုလောမေဟိ - အနုလောမ ဉာဏ်တို့သည်၊ သစ္စပ္ပဋိစ္ဆာဒကတမေ-သစ္စာ ၄ပါးကိုဖုံးလွှမ်းတတ်သောမောဟတည်းဟူသော အမှောင်ကို၊ ဝိနောဒိတေ-ပယ်ဖျောက်အပ်ပြီးသော်၊ တဒနန္တရံ-ထိုသုံးကြိမ် ကုန်သော အနုလောမဉာဏ်တို့၏အခြားမဲ့၌၊ ဂေါတြဘုညာဏံ-ဂေါတြဘုဉာဏ် သည်၊နိဗ္ဗာနံ-ကို၊အာရမဏံ-ကို၊ကုရုမာနံ-ပြုလျက်၊ဥပ္ပဇ္ဇတိ-၏။

တတြ-ထိုစကားရပ်၌၊ အယံ-ဤဆိုအပ်လတ္တံ့ကား၊ ဥပမာ-တည်း၊ကိရ-ချဲ-ဧကော-တယောက်သော၊ စက္ခုမာ-ပသာဒ စက္ခုရှိသော၊ (မျက်စိ အမြင် ကောင်းသော၊) ပုရိသော-သည်၊ နက္ခတ္တယောဂံ-နက္ခတ်၏ စန်းနှင့် ယှဉ်ပုံကို၊ ဇာနိဿာမိ-သိအံ့၊ ဣတိ-ဤသို့ ကြံ၍၊ ရတ္ထိဘာဂေ-ညဉ့်အဖို့၌၊ နိက္ခမိတ္ဆာ၊

အိမ်တွင်းမှ ထွက်၍၊ စန္ဒံ-လကို၊ ပဿိတုံ-ကြည့်ခြင်းငှါ၊ ဥဒ္ဓံ-အထက်ကောင်းကင်သို့၊ ဥလ္လောကေသိ-မော်၍ ကြည့်ပြီ၊ တဿ-ထိုယောကျ်ား၏ စက္ခုဉ်၊ ဝလာဟကေဟိ-တိမ်တိုက်တို့သည်၊ ပဋိစ္ဆန္နတ္တာ-ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်၊ စန္ဒော-လသည်၊ နပညာယိတ္ထ-မထင်ရှား၊ အထ-ထိုအခါဌ်၊ ဧကော-တမျိုးသော၊ ဝါတော-လေသည်၊ ဥဋ္ဌဟိတ္ဝာ-တက်လာ၍၊ ထူလထူလေ-ထူထဲကုန် ထူထဲကုန်သော၊ ဝလာဟကေ-တိမ်တိုက်တို့ကို၊ ဝိဒ္ဓံသေသိ-ဖျက်ဆီးပြီ၊ အပရော-ပဌမလေမှ တပါးသော၊ (ဝါတော-လေသည်၊) မဇ္ဈိမေ-အလယ်အလတ်ဖြစ်ကုန်သော၊ ဝလာဟကေ-တို့ကို၊ ဝိဒ္ဓံသေသိ-ပြီ၊ အပရော-ဒုတိယလေမှ တပါးသော၊ (ဝါတော-လေသည်၊) သုခုမေ-သိမ်မွေ့ကုန်သော၊ ဝလာဟကေ ဝိဒ္ဓံသေသိ - ပြီ၊ တတော - ထိုမှ နောက်၌၊ သော ပုရိသော-သည်၊ ဝိဂတ ဝလာဟကေ-ကင်းသောတိမ်တိုက်ရှိသော၊ နဘေ-ကောင်းကင်၌၊ စန္ဒံ-လကို၊ ဒိသွာ-မြင်ရ၍၊ နက္ခတ္တယောဂံ-နက္ခတ်၏ စန်းယှဉ်ပုံကို၊ အညာသိ-သိရပြီ။

တတ္ထ-ထိုဥပမာ၌၊ တယော-၃ မျိုးကုန်သော၊ ဝလာဟကာ-တိမ်တိုက်တို့ကို၊ (ဒဋ္ဌဗ္ဗာ) ဝိယ-မှတ်ထိုက်ကုန်သကဲ့သို့၊ (တထာ-တူ၊) သစ္စပ္ပဋိစ္ဆာဒကထူလမဇ္ဈိမ သုခုမ ကိလေသန္ဓကာရာ-သစ္စာ ၄ ပါးကို ဖုံးလွှမ်းတတ်ကုန်သော ထူထဲသော ကိလေသာမှောင်, အလယ်အလတ်ဖြစ်သော ကိလေသာမှောင်, သိမ်မွေ့သော ကိလေသာ မှောင်တို့ကို၊ (ဒဋ္ဌဗ္ဗာ-မှတ်ထိုက်ကုန်၏၊) တယော-သုံးမျိုးကုန်သော၊ ဝါတာ-လေတို့ကို၊ (ဒဋ္ဌဗ္ဗာ)ဝိယ-ကဲ့သို့၊ (တထာ) တီဏိ ကုန်သော၊ အနုလောမစိတ္တာနိ-အနုလုံ စိတ်တို့ကို၊ ဒဋ္ဌဗ္ဗာနိ-နှ်၏၊ စက္ခုမာ-ပသာဒစက္ခုရှိသော၊ ပုရိသော-ကို၊ (ဒဋ္ဌဗ္ဗော) ဝိယ-ကဲ့သို့၊ (တထာ) ဂေါတြဘုဉာဏံ-ကို၊ ဒဋ္ဌဗ္ဗံ-ထိုက်၏၊ စန္ဒော-လကို၊(ဒဋ္ဌဗ္ဗော)ဝိယ၊ကဲ့သို့၊ (တထာ) နိဗ္ဗာနံ-ကို၊ ဒဋ္ဌဗ္ဗံ-ဧကေကဿ-တမျိုးတမျိုးသော၊ ဝါတဿ-လေ၏၊ ယထာက္ကမေန-အားဖြင့်၊ ဝလာဟကတ္တယဝိဒ္ဓံသနံ - တိမ်တိုက် ၃ မျိုးအပေါင်းကို ဖျက်ဆီးခြင်းကို၊ (ဒဋ္ဌဗ္ဗံ)ဝိယ-ကဲ့သို့၊ (တထာ) ဧကေကဿ-တခုတခုသော၊ အနုလောမစိတ္တဿ-အနုလုံစိတ်၏၊ သစ္စပ္ပဋိစ္ဆာဒကတမဝိနောဒနံ-သစ္စာ ၄ ပါးကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသောအမှောင်ကို ပယ်ဖျောက်ခြင်းကို၊ (ဒဋ္ဌဗ္ဗံ)၊ ဝိဂတ ဝလာဟကေ-ကင်းသော တိမ်တိုက်ရှိသော၊ နဘေ-၌၊ တဿ ပုရိသဿ-၏၊ ဝိသုဒ္ဓစန္ဒ ဒဿနံ-အထူးသဖြင့် စင်ကြယ်သော လကို မြင်ရခြင်းကို၊ ဒဋ္ဌဗ္ဗံဝိယ-ကဲ့သို့၊(တထာ)သစ္စပ္ပဋိစ္ဆာဒကေ-သစ္စာ ၄ ပါးကို ဖုံးလွှမ်းတတ်သော၊ တမေ-မောဟတည်းဟူသော အမှောင်သည်၊ ဝိဂတေ-ကင်းလသော်၊ ဂေါတြဘုဉာဏဿ-၏၊ သုဝိသုဒ္ဓနိဗ္ဗာနာရမဏကရဏံ-အလွန် အထူးသဖြင့် စင်ကြယ်သော နိဗ္ဗာန်ကို အာရုံပြုရခြင်းကို၊ ဒဋ္ဌဗ္ဗံ-၏။

ဟိ-ထင်ရှားအောင်ပြဦးအံ့၊ တယော-သုံးမျိုးကုန်သော၊ ဝါတာ-တို့သည်၊ စန္ဒပ္ပဋိစ္ဆာဒကေ-လကို ဖုံးလွှမ်းတတ်ကုန်သော၊ ဝလာဟကေယေဝ-တိမ်တိုက်တို့ကိုသာလျှင်၊ ဝိဒ္ဓံသေတုံ-ဖျက်ဆီးခြင်းငှါ၊ သက္ကောန္တိ ယထာ-စွမ်းနိုင်ကုန်သကဲ့သို့၊ စန္ဒံ-လကို၊ ဒဋ္ဌုံ-မြင်ခြင်းငှါ၊ နသက္ကောန္တိယထာ-ကဲ့သို့၊ ဧဝံ-တူ၊ အနုလောမာနိ-သုံးကြိမ်သော အနုလုံတို့သည်၊ သစ္စပ္ပဋိစ္ဆာဒုကတမေယေဝ-သစ္စာ ၄ ပါးကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမှောင်တို့ကိုသာလျှင်၊ ဝိနောဒေတုံ-ငှါ၊ သက္ကောန္တိ-စွမ်းနိုင်ကုန်၏၊ နိဗ္ဗာနံ-ကို၊ အာရမဏံ-ကို၊ ကာတုံ-ငှါ၊ နသက္ကောန္တိ၊ ဒေသာ ပုရိသော-သည်၊ စန္ဒမေဝ-ကိုသာလျှင်၊ ဒဋ္ဌုံ-မြင်ခြင်းငှါ၊ သက္ကောတိယထာ-ကဲ့သို့၊ ဝလာဟကေ-တို့ကို၊ ဝိဒ္ဓံသေတုံ-ငှါ၊ နသက္ကောတိယထာ-ကဲ့သို့၊ ဧဝံ-တူ၊ ဂေါတြဘုညာဏံ-သည်၊ နိဗ္ဗာနမေဝ အာရမဏံ ကာတုံ သက္ကောတိ၊ ကိလေသတမံ-ကိလေသာ တည်းဟူသော အမှောင်ကို၊ဝိနောဒေတုံ-ငှါ၊နသက္ကောတိ၊[နိဂုံးကိုပြလို၍"ဧဝံ"စသည်မိန့်၊] ဧဝံ-ဤသို့လျှင်၊ အနုလောမံ-အနုလောမဉာဏ်သည်၊ သခ်ါရာရမဏံ-သခ်ါရတရားဟူသော အာရုံရှိသည်၊ ဟောတိ၊ ဂေါတြဘု-သည်၊နိဗ္ဗာနာရမဏံ-နိဗ္ဗာန်ဟူသော အာရုံရှိသည်၊ ဟောတိ။

ဟိ-လဒ္ဓဒေါလ, ထင်ရှားပြအံ့၊ ဂေါတြဘု-သည်၊ အနုလောမေန-အနုလောမဉာဏ်သည်၊ ဂဟိတာရမဏံ-ယူအပ်ပြီးသော အာရုံကို၊ ယဒိဂဏေယျ-အကယ်၍ဆက်လက် ယူငြားအံ့၊ (ဧဝံသတိ)၊ ပုန-တဖန်၊ ဝါ-နောက်ထပ်ဖြစ်သော၊ အနုလောမံ-သည်၊ တံ-ထိုဂေါတြဘုသို့၊ အနုဗန္ဓေယျ-အစဉ်လိုက်ရာ၏၊ ဣတိ-ကြောင့်၊ မဂ္ဂဝုဋ္ဌာနမေဝ-မဂ်တည်းဟူသော ဝုဋ္ဌာနသည်ပင်၊ နဘဝေယျ-မဖြစ်တော့ရာ၊ ပန-စင်စစ်ကား၊ ဂေါတြဘုညာဏံ-သည်၊ အနုလောမဿ-၏၊ အာရမဏံ-ကို၊ အဂ္ဂဟေတွာ-မယူမူ၍၊ တံ-ထိုအနုလုံကို၊ အပစ္ဆတော ပဝတ္တိကံ-နောက်၌ဖြစ်ခြင်း မရှိသည်ကို၊ [အယုတ္တသမာသ်၊] ဓာတွာ-၍၊ သယံ-မိမိဟူသော ဂေါတြဘု ကိုယ်တိုင်၊ အနာဝဇ္ဇနံ-အာဝဇ္ဇန်းမဟုတ်သည်၊ သမာနံပိ-ဖြစ်ပါသော်လည်း၊ အာဝဇ္ဇနဋ္ဌာနေ-အာဝဇ္ဇန်း

ပုန၊ပေ၊ တံ အနုဗန္ဓေယျ။ ။ဂေါတြဘုသည် နိဗ္ဗာန်ကိုအာရုံမပြုပဲ ရှေ့အနုလုံယူအပ်သော သခ်ါရအာရုံကိုသာ ဆက်၍ယူနေလျှင် သူလည်း ဂေါတြဘုအမည် မရပဲ အနုလောမအမည်သာ ဆက်၍ရနေရာ၏၊ သူသည် ရှေ့အနုလုံသို့ အစဉ်လိုက်သကဲ့သို့ သူ့ကိုလည်း နောက်အနုလုံက အစဉ်လိုက်ရာ၏၊ ဤသို့အနုလုံချည်းသာ ဆက်၍ဆက်၍ဖြစ်နေပါမူ မဂ်သည် မိမိနှင့်အာရုံတူ၍ အာဝဇ္ဇန်းအရာ၌တည်လျက် ကျေးဇူးပြုမည်ဖြစ်သော ဂေါတြဘုကို မရခြင်းကြောင့် သခ်ါရအာရုံမှထမြောက်သောတရားအဖြစ်ဖြင့် မဖြစ်တော့ရာ၊ ထို့ကြောင့် "မဂ္ဂဝုဋ္ဌာနံ နဘဝေယျ"ဟု ဆိုသည်၊ [ဂေါတြဘုဿ ဟိ၊ပေ၊ ပစ္စယဿ အလာဘာ။-ဋီကာ။]

အရာဒ္ဓ၊ ဌတ္ဝာ-ဇာည်၍၊ ဧဝံ-ဣအတိုင်း၊(နိဗ္ဗာန်ကို အာရုံပြု၍၊) နိဗ္ဗတ္တာဟိ-ဖြစ်ရစ်လော့၊ ဣတိ-သို့၊ မဂ္ဂသ်-အား၊ သည့်-အမှတ်သညာကို၊ ဒတ္ဝာဝိယ-ပေးသကဲ့သို့၊ [“ပေးတတ်သောသတ္တိ မရှိပဲလျက် ပေးသကဲ့သို့”ဟု တဒ္ဓမ္မ။ ပစာ ဥပရိကွာ၂စကားဖြင့် ဆိုသည်။] နိရုဇ္ဈတိ-ချုပ်၏၊ မဂ္ဂေါပိ-သည်လည်း၊ တေန-ထို၎ကြောင့်သည်၊ ဒိန္နသည့်-ပေးအပ်သော အမှတ်သညာကို၊ အမုဉ္စိတွာဝ - မလွှတ်မူ၍သာ၊ အဝိစိသန္တတိဝသေန - အကြွားမရှိသော အစဉ်၏ အစွမ်းဖြင့်၊ တံ ဉာဏံ- ထို၎ကြောင့်ဉာဏ်သို့၊ အနုပန္ဓမာနော - အစဉ်လိုက်လျက်၊ အနိဗ္ဗိဒ္ဓပုဗ္ဗံ- ရှေးဦး မဖောက်အပ်သေးသော၊ အပဒါလိတပုဗ္ဗံ ရှေးဦး-မခွဲအပ်သေးသော၊(အနုမတဂ္ဂသံသရုဝယ် တခါမျှ မခွဲအပ် မဖောက်အပ်ဘူးသေးသော၊) လောဘက္ခန္ဓံ-လောဘအတုံးအခဲကိုလည်းကောင်း၊ ဒေါသက္ခန္ဓံ-ဒေါသအတုံးအခဲကိုလည်းကောင်း၊ မောဟက္ခန္ဓံ - မောဟအတုံးအခဲကိုလည်းကောင်း၊ နိဗ္ဗိဇ္ဈမာနော၀- ဖောက်လျက်သော၊ ပဒါလယမာနော၀- ခွဲလျက်သော၊ နိဋ္ဌတ္တတိ-ဖြစ်၏။

တတြ-ထိုသို့ဖြစ်ရာ၌၊ အယံ-ကား။ ဥပမာ-တည်း။ ကိရ-ခဲ့၊ ဧကော-သော၊ ဣဿာသော-လေးသမား၊သည်၊ ဓနုသတမတ္တဂေ-လေးအပြန်တရာ၏ အထက်၌၊ ဖလကသတံ-ပျဉ်ချပ်တရာကို၊ ထပါပေတွာ-ထား၍၊ ဝဇ္ဇေန-အဝတ်ဖြင့်၊ မုခံ-မျက်နှာကို၊ ဝေဋ္ဌေတွာ-ရစ်ပတ်၍၊ သရံ-မြားကို၊ သန္နယ်ိတွာ၊ ကောင်းစွာဖွဲ့၍၊ ဝါ-တပ်၍၊ စက္ကယာနဿ-စက်ဘီးတပ်သော ယန္တရား အပေါ်၌၊ (လှည်းကလေးအပေါ်၌၊) အဋ္ဌာသိ-ရပ်ဟည်ပြီ၊ အညော-အခြားသော၊ ပုရိသော - သည်၊ စက္ကယန္တံ - ကို၊ အဝိဇ္ဈိတွာ-ဆွဲငင်၍၊ ယဒါ-၌၊ ဣဿာသဿ-၏၊ ဖလကသတံ- သည်၊ အာဘိမုခံ- ရှေးရှုသည်၊ (တည့်တည့်ဖြစ်နေသည်၊)ဟောတိ-၏၊တဒါ-၌၊ တတ္ထ-ထိုပျဉ်ချပ်၌၊ ဒဠ္ဟကေန-တုတ်ဖြင့်၊ သည့်-အမှတ်အသားကို၊ဒေတိ-ပေးလိုက်၏၊[တုတ်ဖြင့် ပျဉ်ချပ်ကို ဒေါက်ကန်ခေါက်လိုက်သည်၊] ဣဿာသော-သည်၊ ဒဠ္ဟကသည့်-တုတ်အမှတ်အသားကို၊ အမုဉ္စိတွာဝ-မလွှတ်မူ၍သာ၊ သရံ-မြားကို၊ ခိပိတွာ-ပစ်၍၊ ဖလကသတံ-ကို၊ နိဗ္ဗိဇ္ဈတိ-ဖောက်ထွင်း၏။

တတ္ထ-ထို ဥပမာ စကားရပ်၌၊ ဒဠ္ဟကသညာ - တုတ် အမှတ်အသားကို၊ (ဒဋ္ဌဗ္ဗာ)ဝိယ-ကဲ့သို့၊ (တထာ-တူ၊) ဓေါတြဘုညာဏံ-ကို၊ (ဒဋ္ဌဗ္ဗံ)၊ ဣဿာသဿ-၏၊ ဒဠ္ဟကသည့်-ကို၊ အမုဉ္စိတွာဝ-သာလျှင်၊ ဖလကသတံ-ကို၊ နိဗ္ဗိဇ္ဈနံ-ကို၊ (ဒဋ္ဌဗ္ဗံ)ဝိယ၊ (တထာ) မဂ္ဂညာဏဿ-၏၊ ဓေါတြဘုညာဏေန-သည်၊ ဒိန္နသည့်-ကို၊ အမုဉ္စိတွာဝ-၍သာ၊ နိဗ္ဗာနံ-ကို၊ အာရမ္မဏံ ကတွာ, အနိဗ္ဗိဒ္ဓပုဗ္ဗအပဒါလိတပုဗ္ဗာနံ၊ ရှေးဦး မဖောက်အပ်သေးကုန်, ရှေးဦး မခွဲအပ်သေးကုန်သော၊ လောဘက္ခန္ဓာဒီနံ-လောဘ အတုံးအခဲ အစရှိသည်တို့ကို၊ နိဗ္ဗိဇ္ဈန

ပဒါလနံ-ဖောက်ခြင်း ခွဲခြင်းကို၊ (ဒဋ္ဌဗ္ဗံ)၊ တေဒေဝ-ဤလောဘကွန္ဓစသည်ကို ဖောက်ခွဲခြင်းကိုပင်၊ ဘူမိလဒ္ဓဝဋ္ဌသေတုသမုဂ္ဂါတ၊ ပေ၊ ကရဏန္တိပိ - ရအပ်သော တည်ရာ ဘုံရှိသော ဝဋ္ဌတရားကို နှောင်ဖွဲ့တတ်သော ကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်မှုကို ပြုခြင်းဟူ၍လည်း၊ (ဝုစ္စတိ)။

ဟိ-မှန်၊ မဂ္ဂဿ-၏၊ ကိစ္စံ-ကိစ္စဟူသည်၊ ကေမေဝ-တခုတည်းသာလျှင် ဖြစ်သော၊ အနုသယပဋဟနံ - အနုသယကိုပယ်ခြင်းတည်း၊ ဣတိ - လျှင်၊ သော - ထိုမဂ်သည်၊ အနုသယေ - တို့ကို၊ ပဋဟန္တော - ပယ်လျက်၊ နိမိတ္တာ-သင်္ခါရအာရုံဟူသော နိမိတ်မှ၊ ဝုဋ္ဌာတိနာမ - ထသည်မည်၏၊ ပဝတ္တံ-အဆက်မပြတ်ဖြစ်တတ်သောဝဋ္ဌတရားကို၊ ဆိန္ဒတိနာမ-ဖြတ်သည်မည်၏၊ ရူပဝေဒနာသညာသင်္ခါရဝိညာဏနိမိတ္တံ - ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဟူသော အာရုံသည်၊ နိမိတ္တန္တိ - နိမိတ္တ မည်၏၊ ရူပဝေဒနာသညာသင်္ခါရဝိညာဏ ပဝတ္တမေဝ - ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ် ဟူသော အဆက်မပြတ်ဖြစ်တတ်သော ဝဋ္ဌတရားသည်ပင်၊ ပဝတ္တမိ - ပဝတ္တလည်းမည်၏၊ တံ - ထို ပဝတ္တသည်၊ ဥပါဒိန္နကံ-ဥပါဒိန္နကပဝတ္တလည်းကောင်း၊ အနုပါဒိန္နကံ-အနုပါ-ဒိန္နကပဝတ္တလည်းကောင်း၊ ဣတိ-သို့၊ ဒုဝိဓံ-သည်၊ ဟောတိ-၏၊ တေသု-ထို၂-ပါး တို့တွင်၊ မဂ္ဂဿ-၏၊ အနုပါဒိန္နကတော-အနုပါဒိန္နကပဝတ္တမှ၊ ဝုဋ္ဌာနဲ့စ္ဆာယာ-ထခြင်းဟူသော အရိပ်အယောင်ကို၊ ဒီဿတိ-ဧရွှေမြင်အပ်၏၊ ဣတိ-သို့၊ ဝတ္ဘာ-၍၊ အနုပါဒိန္နကတော-အနုပါဒိန္နကပဝတ္တမှ၊ ဝုဋ္ဌာတိ၊ ဣတိ-သို့၊ ဝဒိ သု-ကုန်ပြီ။

ဟိ-ချဲ၊ သောတာပတ္တိမဂ္ဂေန-သည်၊ စတ္တာရိ-ကုန်သော၊ ဒိဋ္ဌိဂတသမ္ပယုတ္တာနိ-ဒိဋ္ဌိဂတသမ္ပယုတ်စိတ်တို့လည်းကောင်း၊ ဝိစိကိစ္ဆာသဟဂတံ-ဝိစိကိစ္ဆာသဟဂုတ်စိတ်လည်းကောင်း၊ ဣတိ-သို့၊ ပဉ္စ-ကုန်သော၊ စိတ္တာနိ-တို့ကို၊ ပဟီယန္တိ-ပယ်အပ်ကုန်၏၊ တာနိ-ထိုစိတ်တို့သည်၊ ရူပံ-ကို၊ သမုဋ္ဌာပေန္တိ-ဖြစ်စေကြကုန်၏၊ တံ-ထို ဖြစ်စေအပ်သောရုပ်သည်၊ အနုပါဒိန္နက ရူပကွန္ဓော-ကမ္မဇရုပ် ဟူသော ဥပါ

ဘူမိလဒ္ဓ၊ ပေ၊ ကရဏန္တိပိ၊ ။ဘူမိ+လဒ္ဓါ ယေဟိတိ ဘူမိလဒ္ဓါ၊ မိမိတို့၏တည်ရာ ဥပါဒါနကွန္ဓာ ဟူသော ဘုံကို ရသော အနုသယ ကိလေသာများကို "ဘူမိလဒ္ဓ" ဟု ခေါ်၏၊ ဝဋ္ဌံ သိနောန္တိ ဗန္ဓန္တိတိ ဝဋ္ဌသေတူ၊ ဝဋ္ဌတရားကို လွတ်မသွားအောင်ဖွဲ့နှောင်၍ ထားတတ်သောကြောင့် ထိုအနုသယ ကိလေသာတို့ကိုပင် "ဝဋ္ဌသေတု" ဟုလည်း ခေါ်သည်၊ [သေတု၌ "သိ-ဗန္ဓနေ" ဟူသော သွာဒိ ကိုယာဒိဓာတ်,တု ပစ္စည်း။] "သမုဂ္ဂါတနံ သမုဂ္ဂါတော-ထို အနုသယ ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း၊ သမုဂ္ဂါတဿ+ကရဏံ သမုဂ္ဂါတကရဏံ-မဂ်တရားက ထိုအနုသယကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်မှုကို ပြုခြင်းဟူသည်လည်း လောဘကွန္ဓ စသည်တို့ကို ဖောက်ခွဲခြင်းပင်တည်း၊ "ဘူမိလဒ္ဓါစ+တေ+ဝဋ္ဌသေတူစာတိ ဘူမိလဒ္ဓ ဝဋ္ဌသေတုနော၊ ဘူမိလဒ္ဓ ဝဋ္ဌသေတူနံ+သမုဂ္ဂါတကရဏံ ဘူမိ၊ ပေ၊ သမုဂ္ဂါတကရဏံ။ [ဘူမိလဒ္ဓ အနုသယ ကိလေသာ ပယ်ပုံကို သင်္ဂြိုဟ်ဘာသာဋီကာ ကမ္မဋ္ဌာန်းပိုင်း-မဂ်ပယ်ခန်း၌ ပြထားပြီ။]

ဒိန္နက မရှိသော ရူပကွန္ဓာမည်၏၊ [စိတ္တဇရုပ် ဖြစ်သောကြောင့် "အနုပါဒိန္နက ရူပကွန္ဓော" ဟု ဆိုသည်။] တာနိစိတ္တာနိ-ထို ၅-ပါးသောစိတ်တို့သည်၊ ဝိညာဏ ကွန္ဓော- ဝိညာဏကွန္ဓာတည်း၊ တံ သမ္ပယုတ္တာ- ထို ၅-ပါးသော စိတ်တို့နှင့် ယှဉ်ကုန်သော၊ ဝေဒနာ သညာ သခ်ါရာ- တို့သည်၊ တယော-နှ်သော၊ အရူပ ကွန္ဓာ- နာမ်ခန္ဓာတို့တည်း၊ တတ္ထ- ထို ၅-ပါးသောစိတ်တို့ကို ပယ်ရာ၌၊ သောတာပန္နဿ- သောတာပန်ပုဂ္ဂိုလ်သည်၊ ဝါ- ၏၊ သောတာပတ္တိမဂ္ဂေါ- သည်၊ ဝါ-ကို အဘာဝိတော-မဖြစ်စေအပ်သည်၊ သစေ အဘဝိဿ-အကယ်၍ ဖြစ်အံ့၊ (ဝေံသတိ)၊ ပဉ္စ- နှ်သော၊ တာနိ စိတ္တာနိ- တို့သည်၊ ဆသု-နှ်သော၊ အာရမဏေသု-တို့၌၊ ပရိယုဋ္ဌာနံ- ထကြွခြင်းသို့၊ ပါပုဏေယျုံ- ရောက်ကုန် ရာ၏၊ သောတာပတ္တိမဂ္ဂေါပန- သည်ကား၊ နေသံ- ထို ၅-ပါးသောစိတ်တို့၏၊ ပရိယုဋ္ဌာနပ္ပတ္တိံ- ထကြွခြင်း၏ ဖြစ်ခြင်းကို၊ ဝါရယမာနော- တားမြစ်လျက်၊ သေတုသမုဂ္ဃါတံ- အကြောင်းကို အကြင်းမဲ့ဖြတ်ခြင်းကို၊ (ဝဋ္ဌတရားတို့ကို လွှတ်မသွားအောင် ဖွဲ့နှောင်တတ်သော ကိလေသာတို့ကို အကြင်းမဲ့ဖြတ်ခြင်း ကို၊) အဘဗ္ဗုပ္ပတ္တိကဘာဝံ- မထိုက်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်ကို၊ ဝါ- မဖြစ်ထိုက်သည်၏အဖြစ်ကို၊ ကုရုမာနော-ပြုလျက်၊ အနုပါဒိန္နကတော-အနုပါ ဒိန္နကဖြစ်သော ရုပ်နာမ်ခန္ဓာဟူသော ပဝတ္တမူ၊ ဝုဋ္ဌာတိနာမ- ထသည်မည်၏။

သကဒါဂါမိမဂ္ဂေန- သည်၊ စတ္တာရိ- ကုန်သော၊ ဒိဋ္ဌိဂတဝိပ္ပယုတ္တာနိ- တို့လည်းကောင်း၊ ဒွေ-ကုန်သော၊ ဒေါမနဿသဟဂတာနိ- တို့လည်းကောင်း၊ ဣတိ-သို့၊ ဩဋ္ဌာရိက ကာမရာဂ ဗျာပါဒဝသေန- ရုန့်ရင်းသော ကာမရာဂ ဗျာပါဒတို့၏ အစွမ်းဖြင့်၊ ဆ-နှ်သော၊ စိတ္တာနိ- တို့ကို၊ ပဟီယန္တိ၊ အနာဂါမိ မဂ္ဂေန-သည်၊ အဏုသဟဂတကာမရာဂ ဗျာပါဒဝသေန- သိမ်မွေ့သည်၏ အဖြစ်နှင့်တကွဖြစ်သော ကာမရာဂ, ဗျာပါဒတို့၏အစွမ်းဖြင့်၊ တာနိ ဝေ ဆစိတ္တာနိ- ထို ၆-ပါးသောစိတ်တို့ကိုပင်၊ ပဟီယန္တိ၊ အရဟတ္တမဂ္ဂေန-သည်၊ စတ္တာရိ, ဒိဋ္ဌိဂတဝိပ္ပယုတ္တာနိ-တို့လည်းကောင်း၊ ဥဒ္ဓစ္စသဟဂတံ- ဥဒ္ဓစ္စသဟဂုတ် စိတ်လည်းကောင်း၊ ဣတိ-သို့၊ ပဉ္စ-နှ်သော၊ အကုသလစိတ္တာနိ ပဟီယန္တိ၊တတ္ထ- ထို အကုသိုလ်စိတ်တို့ကို ပယ်ရာ၌၊ တေသံ အရိယာနံ- တို့သည်၊ ဝါ-တို့၏၊ တေ မဂ္ဂါ-တို့သည်၊ဝါ-တို့ကို၊ အဘာဝိတာ- မဖြစ်စေအပ်ကုန်သည်၊ သစေ အဿု- အကယ်၍ ဖြစ်ကုန်အံ့၊ ["အဘဝိဿံသု" ဟု ရှိလျှင် ရှေ့နောက် ညီ၏။] (ဝေံသတိ)၊တာနိ စိတ္တာနိ- တို့သည်၊ ဆသု အာရမဏေသု- တို့၌၊ပေ၊ ပါပုဏေ ယျုံ၊ ပန- ထိုသို့ပင် ရောက်ကုန်ရာပါသော်လည်း၊ တေ မဂ္ဂါ-တို့သည်၊တေသံ- ထို စိတ်တို့၏၊ ပရိယုဋ္ဌာနပ္ပတ္တိံ-ကို၊ ဝါရယမာနာ-ကုန်လျက်၊ သေတုသမုဂ္ဃါတံ- ကို၊ အဘဗ္ဗုပ္ပတ္တိကဘာဝံ-ကို၊ ကုရုမာနာ-နှ်လျက်၊ အနုပါဒိန္နကတော- မူ၊ ဝုဋ္ဌဟန္တိနာမ- ထကုန်သည်မည်၏။

ဒိဋ္ဌိယေဝ-သည်ပင်၊ သာသင်္ကံ သပ္ပဋိဘယဋ္ဌေန- ရှုံ့ရွှာဖွယ်နှင့် တက္ခဖြစ်သည်၏အဖြစ် ဟူသော အနက်, ဘေးဘျမ်းနှင့်တကွ ဖြစ်သည်၏ အဖြစ်ဟူသော အနက်သဘောကြောင့်၊ ဒိဋ္ဌိကန္တာရော-မည်၏၊ (ကေ ဝိယ-အာဘယ်တို့ကဲ့သို့နည်း၊) စောရကန္တာရ၊ပေ၊ ဒုဇ္ဇိက္ခကန္တာရဝိယ- တောပုန်း ဒမြတို့

ဂဟန်။ ။“ဂါဟ (ဂါဟူ)- ဝိလောဋနေ” ဓာတ်, ယုပစ္စည်း၊ ဂါဟတိ- မွှေနှောက်ရှုပ်ပွေ၏၊ ဣတိ ဂဟနံ၊ ဝိသောဒရာဒိဂုဏ်းဖြစ်၍ အာကို ရဿပြု၊ (ထောမနိဓ်)၊ အရည် ကာနနံ ဓါယော, ဂဟနံ ဝိပိနံ ဝနံ၊-အဘိဓာန် (၅၃၆)။ [ပဗ္ဗတဂဟနဉ္စကား အသွားအလာခက်သောကြောင့် တောရှုပ်နွှင့်တူသည်ကို “ဂဟန”ဟူ ဆိုသည်၊ သဒိသူပစာတည်း။]

ကန္တာရ။ ။သင်္ကထဉ်၌ “ကာန္တာရ” ဟု ရှိ၏၊ ကဿ- ရေ၏ + အန္တော-အတွင်းတည်း၊ ကာန္တံ-ရေ၏အတွင်း၊ ရိဓာတ်; ဏ (အဏ်) ပစ္စည်း, ရ်ကို အာရပြု၍ “ကာန္တာရ”ဟူ ဖြစ်၏၊ ကာန္တံ- ရေ၏ အတွင်းသို့ + ရယတိ-ရောက်တတ်၏၊ ဣတိ ကန္တာရော၊ ရေသည် ဘေးပတ်ဝန်းကျင်အရပ်၌သာ ရှိ၍ ထိုအရဖ်၌ မရှိသောကြောင့် “ကန္တာရ”ဟူ ခေါ်သည်၊ ဤကား သင်္ကတအဆိုတည်း၊ ပါဠိအဖွင့်တို့ဆိုပုံကို ပါရာဇိကဏ် ဘာသာဋီကာ သတ္ထာဒေဝ မနုဿာနံအဖွင့်၌ ရှုပါ။

မုတ်ချက်။ ။“ကံ်(ဥဒကံ်)တာရေန္တိ တ္ထောတိ ကန္တာရော”ဟူ ဝိဂ္ဂဟပြု၍ ဝါကျအနက်ကို ငဲ့လျှင် ရေမရှိသော ခရီးခဲ့တခုသာ ရသော်လည်း ဝါကျအနက်ကို မငဲ့ပဲ သမာသ်ပြီးသောအခါ ဘေးရန်ရှိသော့ ခရီးခဲ့အားလုံးကို ရသည်၊ ဥပမာ—“တိုလ

စိုးအုပ်တည်နေအပ်သော ခရီးခဲ,ခြသေ့်,သစ်,ကျား စသော သားရဲတို့စိုးအုပ်တည်နေအပ်သော ခရီးခဲ,များစွာသော သဲရှိသော ခရီးခဲ,ရေမရှိသောခရီးခဲ,ငတ်မွတ် ခေါင်းပါး အစာရှားသော ခရီးခဲတို့ကဲ့သို့တည်း။

သမ္မာဒိဋ္ဌိယာ-သမ္မာဒိဋ္ဌိ၏၊ ဝါ-ကို၊ ဝိနိဝိဇ္ဈနငွေန- ထိုးဆွတတ်သည်၏ အဖြစ်ဟူသော အနက်သဘောကြောင့်လည်းကောင်း၊ ဝိလောမနငွေနစ-ဆန့်ကျင်ဘက်၏ အဖြစ်ဟူသော အနက်သဘောကြောင့်လည်းကောင်း၊ ဒိဋ္ဌိဝိသူကာယိကံ- ဒိဋ္ဌိဝိသူကာယိက မည်၏၊ ဟိ-မှန်၊ (တနည်း,ချဲ၊)မိစ္ဆာဒဿနံ-မိစ္ဆာအမြင်သည်၊ (မိစ္ဆာအယူသည်၊)ဥပ္ပဇ္ဇမာနံ- ဖြစ်လသော်၊ သမ္မာဒဿနံ- သမ္မာအမြင်ကို၊ (သမ္မာအယူကို၊) ဝိနိဝိဇ္ဈတိစေဝ- ထိုးဆွလည်း ထိုးဆွတတ်၏၊ ဝိလောမေတိစ- ဆန့်ကျင်ဘက်လည်း ပြုတတ်၏၊ ကဒါစိ- တရံတခါ၌၊ သဿတဿ- သဿတ အယူကိုလည်းကောင်း၊ ကဒါစိ- ၌၊ ဥစ္ဆေဒဿ-ဥစ္ဆေဒ အယူကိုလည်းကောင်း၊ ဂဟဏတော- ယူခြင်းကြောင့်၊ ဒိဋ္ဌိယာ- ဒိဋ္ဌိ၏၊ ဝိရူပံ-ဖောက်ပြန်သော၊ ဖန္ဒိတံ- တုန်လှုပ်ခြင်းတည်း၊ ဣတိ-ကြောင့်၊ ဒိဋ္ဌိဝိပ္ပန္ဒိတံ-မည်၏၊ ဟိ-မှန်၊ ဒိဋ္ဌိဂတိကော- မိစ္ဆာအယူရှိသူသည်၊ ဧကသ္မိံ - တခုသော အယူ၌၊ ပတိဋ္ဌာတုံ- တည်တံ့ခြင်းငှါ၊ နသက္ကောတိ- မစွမ်းနိုင်၊ ကဒါစိ-၌၊ သဿတံ- သို့၊ အနုပတတိ- အစဉ်ကျရောက်၏၊ ကဒါစိ-၌၊ ဥစ္ဆေဒံ- သို့၊ (အနုပတတိ)၊ ဒိဋ္ဌိယေဝ- မိစ္ဆာအယူသည်ပင်၊ ဗန္ဓနငွေန- နှောင်ဖွဲ့တတ်သည်၏ အဖြစ်ဟူသော အနက်သဘောကြောင့်၊ သံယောဇနံ- သယောဇဉ်တည်း၊ ဣတိ-ကြောင့်၊ ဒိဋ္ဌိ သံယောဇနံ- မည်၏၊ ["သံယောဇေတိ ဗန္ဓတီတိ သံယောဇနံ"ဟု ပြု။]

သုသုမာရာဒယော- မိကျောင်းအစရှိသော သတ္တဝါတို့သည်၊ ပုရိသံ- ကို၊ ဒဋ္ဌံ- မြဲမြံစွာ၊ ဂဏှန္တိဝိယ- ဖမ်းယူကုန်သကဲ့သို့၊ တထာ, အာရမဏံ-ကို၊ ဒဋ္ဌံ-စွာ၊ ဂဏှာတိ- ဖမ်းယူတတ်၏၊ ဣတိ, ဂါဟော-မည်၏၊ ပတိဋ္ဌဟနတော-စွဲမြဲ

တော+ဇာတံ"ဟူသော ဝါကျအခိုက်၌ တေလသဒ္ဒါသည် နှမ်းဆီကိုသာ ဟောသော်လည်း"တေလံ"ဟု သမာသ်ပြီးသောအခါ သားဆီ, ငါးဆီစသော ဆီ သာမညကိုလည်း ဟောသကဲ့သို့တည်း။

ဝိသူကာယိကံ။ ။"သူစိ-အပ်" ဟူရာ၌ သူစဓာတ် ဖြစ်သကဲ့သို့ ဤ၌လည်း ဝိပုဗ္ဗ သူစဓာတ်, ဏ ပစ္စည်းဖြင့် "ဝိသူက" ဟု ရှိသင့်၏၊ [ဝိသူကဒဿနဉ် ဝိသူကံကို "ပဋ္ဌာဏီဘူတံ- ဆန့်ကျင်ဘက်စို့, သံ"ဟု ဖွင့်၏၊] ဝိသူစနံ- ဆန့်ကျင်ဘက် စို့ (မယ်နေ- သံ) ကဲ့သို့ သမ္မာဒိဋ္ဌိကို ထိုးဆွဲခြင်း, ဝါ-ဆန့်ကျင်ခြင်း၊ ဝိသူကံ- ခြင်း၊ ဝိသူကေန+အယနံ-ဖြစ်ခြင်းတည်း၊ ဝိသူကာယော-ခြင်း၊ ဝိသူကာယော ယဿာတိ ဝိသူကာယိကံ-ထိုးဆွခြင်းအားဖြင့် ဖြစ်ခြင်းရှိသော တရား၊ (ဒိဋ္ဌိဂတံ)။ ["မိစ္ဆာဒိဋ္ဌိ ဖြစ်သောအခါ သမ္မာဒိဋ္ဌိကို ထိုးဆွတတ်, ဆန့်ကျင်ဘက်ပြုတတ်"ဟူသော အဓိပ္ပာယ်သည် ယခုခေတ်၌ သာ၍ ထင်ရှား၏။]

စွာ တည်တတ်သည်၏ အဖြစ်ကြောင့်၊ ပတိဌာဟော-မည်၏၊ [ပတိပုဗ္ဗ, ဌာဓာတ်, အ ပစ္စည်း၊ ကွစိဓာတုဖြင့် ဌာဓာတ်နောင် ဟ လာ။] ဟိ-မှန်၊ အယံ-ဤမိစ္ဆာဒိဋ္ဌိသည်၊ ဗသဝပဝတ္တိဘာဝေန-အားကြီးစွာ ဖြစ်ခြင်းရှိသည်၏ အဖြစ်ဖြင့်၊ ပတိဋ္ဌဟိတ္တာ- စွဲမြဲစွာတည်၍၊ ဂဏ္ဌာတိ- ယူတတ်၏၊ နိစ္စာဒိဝသေန-နိစ္စ အစရှိသည်တို့၏ အဖြစ်ဖြင့်၊ အဘိနိဝိသတိ- စွဲစွဲမြဲမြဲ သက်ဝင်တတ်၏၊ (နှလုံးသွင်းတတ်၏၊) ဣတိ, အဘိနိဝေသော- မည်၏၊ ဓမ္မသဘာဝံ- ဓမ္မ၏ မှန်ကန်သော အနိစ္စစသော သဘောကို၊ အတိက္ကမိတ္တာ- ကျော်လွန်၍၊ နိစ္စာဒိဝသေန-နိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့်၊ ပရတော-မှန်သည်မှာပါး, မှားသော အားဖြင့်၊ အာမသတိ-သုံးသပ်တတ်၏၊ ဣတိ-ကြောင့်၊ ပရာမာသော-မည်၏ [အာမသတိတိ အာမာသော၊ ပရတော+အာမာသော ပရာမာသော၊] အနတ္ထာဝဟတ္တာ- အကျိုးမဲ့ကို ဆောင်တတ်သည်၏ အဖြစ်ကြောင့်၊ ကုစ္ဆိတော-စက်ဆုပ်အပ်သော၊ မဂ္ဂေါ- လမ်းတည်း၊ (ဣတိ-ကြောင့်၊ ကုမဂ္ဂေါ-မည်၏၊) ဝါ-တနည်း၊ ကုစ္ဆိတာနံ-နှ်သော၊ အပါယာနံ- အပါယ်တို့၏၊ မဂ္ဂေါ- တည်း၊ ဣတိ-ကြောင့်၊ ကုမဂ္ဂေါ- မည်၏။

အယာထာဝပထဘော- မမှန်သောလမ်း၏အဖြစ်ကြောင့်၊ မိစ္ဆာပထော-မည်၏၊ ဟိ- ဥပမာဆောင်, ထင်အောင်ပြဦးအံ့၊ ဒ်သာမူဌေန- အရပ်မျက်နှာတို့၌ တွေဝေသူသည်၊ အယံ- ဤလမ်းသည်၊ အသုကဂါမဿ နာမ- ထိုမည်သော ရွာ၏၊ ပထော- လမ်းတည်း၊ ဣတိ-ဤသို့၊ ဂဟိတော- ယူအပ်သည်၊ (သမာနော)ပိ- သော်လည်း၊ တံ ဂါမံ- သို့၊ နသမ္ပာပေတိယထာ- မိမ်ကို မရောက်စေနိုင်သကဲ့သို့၊ ဧဝံ-တူ၊ ဒိဋ္ဌိဂတိကေန- မိစ္ဆာအယူရှိသူသည်၊ သုဂတိပထော- သုဂတိ၏လမ်းတည်း၊ ဣတိ- သို့၊ ဂဟိဘာ-သည်၊ (သမာနာ)ပိ-သော်လည်း၊ ဝါ- ဖြစ်သည်လည်းဖြစ်သော၊ ဒိဋ္ဌိ- သည်၊ သုဂတိံ- သုဂတိဘဝသို့၊ နပါပေတိ-နိုင်၊ ဣတိ (တသ္မာ) အယာထာဝပထတော- ထိုသို့ မမှန်သော လမ်း၏ အဖြစ်ကြောင့်၊ မိစ္ဆာပထော- မည်၏၊ မိစ္ဆာသဘာဝတော-မှားသော သဘော ရှိသည်၏ အဖြစ်ကြောင့်၊ မိစ္ဆတ္ထံ- မည်၏၊ ["မိစ္ဆတ္ထံ-မှားသော သဘောရှိသော တရား" ဟု ပေး၊ အဘ္ထသဒ္ဒါ သဘာဝ ဝါစက၊ မိစ္ဆာ+အတ္ထာ ယဿာတိ မိစ္ဆတ္ထံ၊ (ဒိဋ္ဌိဂတံ။)]

တတ္ထေဝ-ထိုမိစ္ဆာအယူ၌ပင်၊ ပရိဗ္ဘမနတော- ထက်ဝန်းကျင် လည်တတ်ကုန်သည်၏ အဖြစ်ကြောင့်၊ (ချာချာလည်နေတတ်သည်၏ အဖြစ်ကြောင့်၊) တ္ထေ-ဤမိစ္ဆာအယူ၌၊ ဗာလာ-လူမိုက်တို့သည်၊ တရန္ဆီ-ကူးခပ်တတ်ကုန်၏၊ ဝါ-

---

ကုမဂ္ဂေါ ၊ ကုစ္ဆိတော+မဂ္ဂေါ ကုမဂ္ဂေါ၊ ကုသဒ္ဒါ ကုစ္ဆိတအနက်ဟော၊ မဒွေးဘော် ရောက်ဖို့ရန် အကြောင်းမရှိသောကြောင့် "ကုမဂ္ဂေါ" ဟု ရှိသင့်၏ သက္ကတဉ်လည်း "ကုမာရ်ဂ" ဟု ရှိသည်။

ပေါလောပေါ်ကုန်၏၊ ဣတိ-ကြောင့်၊ တိတ္ထံ- မည်၏၊ တိတ္ထဥ- ဆိပ်ကမ်းနှင့်တူသော မိစ္ဆာအယူလည်း ဟုတ်၏၊ တံ- ထိုဆိပ်ကမ်းနှင့်တူသော မိစ္ဆာအယူဟူသည်၊ အနတ္ထာနံ- အကျိုးမဲ့တို့၏၊ အာယတနဥ- တည်ရာလည်းဟုတ်၏၊ ဣတိ-ကြောင့်၊ တိတ္ထာယတနံ-မည်၏၊ ဝါ-တနည်း၊ တိတ္ထိယာနံ- မိစ္ဆာအယူရှိသူတို့၏၊ သဥ္ဇာတိဒေသဌေန-ပေါက်ဖွားရာ၏အဖြစ်ဟူသော အနက်သဘောကြောင့်လည်းကောင်း၊ နိဝါသဌာနဌေနစ- အမြဲတည်နေရာ၏ အဖြစ်ဟူသော အနက်သဘောကြောင့်လည်းကောင်း၊ အာယတနံ- မည်၏၊ ဣတိပိ- ကြောင့်လည်း၊ တိတ္ထာယတနံ-မည်၏၊ ဝိပရိယာသဘူတော-ဖောက်ဖောက်ပြန်ပြန် ဖြစ်တတ်သည်ဖြစ်၍ဖြစ်သော၊ ဂါဟော-ယူခြင်းတည်း၊ ဝါ-တနည်း၊ ဝိပရိယာသတော- ဖောက်ဖောက်ပြန်ပြန် ဖြစ်သောအားဖြင့်၊ ဂါဟော- ယူခြင်းတည်း၊ ဣတိ, ဝိပရိယာသဂ္ဂါဟော-မည်၏၊ ဝိပလ္လတ္ထဂ္ဂါဟော- ဖောက်ဖောက်ပြန်ပြန် ဖြစ်သော ယူခြင်း၊ ဝါ- ဖောက်ဖောက်ပြန်ပြန် ဖြစ်သောအားဖြင့် ယူခြင်း၊ ဣတိ အတ္ထော။

အဟိရိကာ နောတ္တပ္ပနိဒ္ဒေသေသု-တို့၌၊ ဟိရောတ္တပ္ပနိဒ္ဒေသ ဝိပရိယယေန-ဟိရိ ဩတ္တပ္ပ နိဒ္ဒေသတို့၏ ပြောင်းပြန်အားဖြင့်၊ အတ္ထော ဝေဒိတဗ္ဗော၊ [သက္ကတ၌ ဝိ, ပရိပုဗ္ဗ ဣဓာတ်, အ ပစ္စည်းဖြင့် "ဝိပရိယယ"ဟု ရှိ၏။] ပန-

---

တိတ္ထာယတနံ။ ။အဌကထာ၌ မိစ္ဆာအယူ တိုက်ရိုက်ရအောင်"တရန္တိ ဗာလာ ဧတ္ထာတိ တိတ္ထံ"ဟု ပြုသော်လည်း ထိုနည်းကို လဟုကနည်းအားဖြင့် ပြုထားသည်ဟု ယူပါ၊ ဂရုက နည်းအားဖြင့်ကား "တရန္တိ ဧတ္ထာတိ တိတ္ထံ၊ ပကတိဆိပ်ကမ်း ရစေ၊" "တိတ္ထံ ဝိယာတိ တိတ္ထံ-မိစ္ဆာအယူရှိသူတို့၏ ကူးခပ်ရာ မိစ္ဆာအယူရစေ၊"ထို့ကြောင့် ဋီကာ၌"တရန္တိတိ တိတ္ထေဝိယ ပိလဝန္တိ"ဟု ဝိယထည့်၍ဖွင့်သည်၊ ထို့နောက် "တိတ္ထံ စ+တံ+အာယတနံ စာတိ တိတ္ထာယတနံ"ဟု တွဲ၊ "အကျိုးမဲ့တို့၏ တည်ရာဖြစ်သော ဆိပ်ကမ်းနှင့်တူသော မိစ္ဆာအယူ"ဟု ပေးပါ၊ နောက်နည်း၌ တိတ္ထဖြင့်, တိတ္ထိယတို့ကို ရအောင်ယူထား၏၊"တိတ္ထံ ယေသံ အတ္ထီတိ တိတ္ထာ"ဟုပြု၊ ရှေးနိဿယ၌ "တိတ္ထိယ" ဟု ဆိုလိုလျက် ဣနှင့် ယ ချေထားသည်ဟု ကြံလေသည်၊အာယတန သဒ္ဒါကား ရှေ့၌ ပြခဲ့သောအနက်တို့တွင် သဥ္ဇာတိဒေသ, နိဝါသဌာန အနက်ဟောတည်း၊ "တိတ္ထာနံ-မိစ္ဆာအယူ ရှိသူတို့၏+အာယတနံ- ပေါက်ဖွားရာဖြစ်သော မိစ္ဆာအယူတည်း၊ ဝါ-အမြဲ နေရာဖြစ်သော မိစ္ဆာအယူတည်း၊ တိတ္ထာယတနံ-ယူ"ဟု ပြု။

ဝိပလ္လတ္ထဂ္ဂါဟော။ ။ဝိပလ္လာသ၌ ဝိ,ပရိ ရှေးရှိသော အသဓာတ်, ဏပစ္စည်းဖြင့် ပြီးသကဲ့သို့ ဤဝိပလ္လတ္ထ၌လည်း ဝိ, ပရိ ရှေးရှိသော အသဓာတ်, တပစ္စည်းဖြင့် ပြီးရကား "ဝိပလ္လတ္ထ"ဟု ရှိမှ သဒ္ဒါသွား ကောင်း၏၊ "ဝိပရိ ယသတီတိ ဝိပလ္လတ္ထော-ဖောက်ဖောက်ပြန်ပြန်ဖြစ်သော၊ ဂါဟော-အယူ"ဟု ပေး။ [ဝိပရိယေသ၌လည်း အသဓာတ်, ဏပစ္စည်းဖြင့်"ဝိပရိယာသ"ဟုသာ ရှိသင့်၏၊ ထိုသို့ရှိမှ "ဝိပလ္လတ္ထ" အဖွင့်နှင့် လျော်မည်၊ စူဌဝဂ္ဂပါဌိတော် သမထခန္ဓကဝယ် ဂဂ္ဂမည်သော ရဟန်းရူး၏ အမှားမှား အယွင်းယွင်း ပြုမှု, ပြောမှုကို "ဝိပရိယာသ"ဟု ဆိုသည်။]

ကား၊ သဟဇာတဓမ္မသု-တို့၌၊ အကမ္မနဌေနေဝ-ကြောင့်ပင်၊ အဟိရိက ဗလံ-အဟိရိက ဗိုလ်ကိုလည်းကောင်း၊ အနောတ္တပ္ပဗလံစ-ကိုလည်းကောင်း ဇေဒီတမ္ဗံ။

လောဘ မောဟ နိဒ္ဒေသသု-တို့၌၊(ဝိနိစ္ဆယော ဇဝံ ဝေဒီတမ္ဗော)၊(ယော သဘာဝေါ) လုဗ္ဘတိ-လိုချင်တတ်၏၊ ဣတိ (သော သဘာဝေါ)လောဘော-မည်၏၊ လုဗ္ဘနာတိ-ကား၊ လုဗ္ဘနာကာရော-လိုချင်ခြင်းဟူသော အခြင်းအရာသည်၊ (ဟောတိ)၊ လောဘသမ္ပယုတ္တစိတ္တံ-လောဘနှင့်ယှဉ်သော စိတ်သည်၊ (လုဗ္ဘိတံ-လုဗ္ဘိတမည်၏၊) ဝါ-တနည်း၊ ပုဂ္ဂလော-လောဘကြီးသော ပုဂ္ဂိုလ်သည်၊ လုဗ္ဘိတော-မည်၏၊[လုဘဓာတ်, ဒိဝါဒိ ယ ပစ္စည်း, တ ပစ္စည်း၊] လုဗ္ဘိတဿ-လောဘကြီးသောစိတ်၏၊ ဝါ-လောဘကြီးသော ပုဂ္ဂိုလ်၏- ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာတည်း၊ လုဗ္ဘိတတ္တံ-ရာ၊ (ယော သဘာဝေါ သာရဇ္ဇတိ၊ လွန်စွာ တပ်မက်တတ်၏၊ ဣတိ-ကြောင့်၊(သော) သာရာဂေါ-မည်၏၊[“သံ+ရာဂေါ”ဟု ပုဒ်ခဲ့၊ နိဂ္ဂဟိတ်ချေ,ဒီဃပြု၊]သာရဇ္ဇနာကာရော-လွန်စွာ တပ်မက်ခြင်းဟူသော အခြင်းအရာသည်၊ သာရဇ္ဇနာ-မည်၏၊ သာရဇ္ဇိတဿ-လွန်စွာတပ်မက်တတ်သောစိတ်၏၊ ဝါ၊လွန်စွာတပ်မက်တတ်သောပုဂ္ဂိုလ်၏၊ဘာဝေါ-တည်း၊ သာရဇ္ဇိတတ္တံ-ရာ၊ အဘိဇ္ဈာယနဋ္ဌေန-ရှေးရှု ကြံတတ်သည်၏ အဖြစ်ဟူသော အနက်သဘောကြောင့်၊ အဘိဇ္ဈာမည်၏၊ ပုန-တဖန်၊ လောဘဝစနေ-လောဘသဒ္ဒါကို ဆိုခြင်း၌၊ ကာရဏံ-အကြောင်းကို၊ ဝုတ္တမေဝ-ပြီးသည်သာ၊[ကုသလစိတ္တနိဒ္ဒေသ၌ မနောဟု ရှေးဦးစွာပါပြီးမှ ထပ်၍ မနောသဒ္ဒါကို ဆိုခြင်း၌ အကြောင်းပြခဲ့သည်ကို ရည်ရွယ်ဟန်တူသည်၊] အကုသလဋ္ဌ-အကုသိုလ်လည်း ဟုတ်၏၊ တံ-ထို အကုသိုလ်ဟူသည်၊ မူလဋ္ဌ-မူလလည်း ဟုတ်၏၊ (ဣတိ-ကြောင့်၊ အကုသလမူလံ-မည်၏၊) ဝါ-တနည်း၊ အကုသလာနံ-တို့၏၊ မူလံ-မူလတည်း၊ ဣတိ-ကြောင့်၊ အကုသလမူလံ-မည်၏။

[လောဘနိဒ္ဒေသကို ပြပြီး၍ မောဟနိဒ္ဒေသကို ပြလိုသောကြောင့် “ဉာဏဒဿန ပဋိပက္ခတော” စသည်မိန့်။] ဉာဏ၊ ပေ၊ ပက္ခတော - သိတတ်သော ဉာဏ်၏ဆန့်ကျင်ဘက်, မြင်တတ်သောဉာဏ်၏ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်၊ အညာဏံ-အညာဏလည်းမည်၏၊ အဒဿနံ-အဒဿနလည်း မည်၏၊ အဘိမုခေါ-ရှေးရှုသည်၊ ဟုတ္ဝာ, ဓမ္မေ-သစ္စာ ၄ ပါး တရားတို့ကို၊ နသမေတိနသမ္မာဂစ္ဆတိ-ကောင်းစွာမသိတတ်၊ဣတိ-ကြောင့်၊အနဘိသမယော-မည်၏။

အနဘိသမယော။ ။အဘိရှေး သံရှေးရှိသော ဣခတ်,အပစ္စည်း၊ ဣကို ဧ,ကို အယ်ပြု၍ အဘိသမယဟု ဖြစ်၏၊ အဘိကို “အဘိမုခေါ ဟုတ္ဝာ”ဟု ဖွင့်၏၊ သမယကို “သမေတိ”ဟုဖွင့်၏၊“သံ+ဧတိ”ဟုပုဒ်ခဲ့၊သံ၌ နိဂ္ဂဟိတ်ကို မပြု၍“သမေတိ”ဟုဖြစ်၏၊ သံ၏ ပရိယာယ် သမ္မာဟုလည်းကောင်း, ဧတိ၏ ပရိယာယ် ဂစ္ဆတိဟုလည်းကောင်း

(ယော သဘာဝေါ) အနုရူပတော-လျော်သောအားဖြင့်၊ ဓမ္မေ-သစ္စာ ၄ ပါး တရားတို့ကို၊ ဗုဇ္ဈတိ-သိတတ်၏၊ ဣတိ-ကြောင့်၊(သော)အနုဗောဓော မည်၏၊[လျော်စွာ သစ္စာ ၄ ပါး တရားကို သိတတ်သောဉာဏ်၊]တပ္ပဋိပက္ခတာယ-ထို အနုဗောဓ၏ ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်၊ ဝါ-လျော်စွာ သိတတ်သော ဉာဏ်၏ ဆန့်ကျင်ဘက်၏ အဖြစ်ကြောင့်၊ အနနုဗောဓော-မည်၏၊ (ယော သဘာဝေါ) အနိစ္စာဒိဟိ-အနိစ္စ အစရှိသော သဘောတို့နှင့်၊ သဒ္ဒိ, ယောဇေတွာ-ယှဉ်စပ်၍၊ နဗုဇ္ဈတိ-မသိတတ်၊ ဣတိ-ကြောင့်၊ (သော) အသမ္မောဟော - အသမ္မောဟ မည်၏၊ (ယော သဘာဝေါ) အသန္တံ-ထင်ရှားမရှိသော ပကတိ, အတ္တာအစရှိသော အရာကိုလည်းကောင်း၊ အသမံ-မညီမျှသော သညာ စိတ္တ ဒိဋ္ဌိဝိပလ္လာသကိုလည်းကောင်း၊ ဗုဇ္ဈတိ၊ ဣတိပိ-ကြောင့်လည်း၊ (သော) အသမ္မောဟော-မည်၏။

(ယော သဘာဝေါ)စတုသစ္စမမံ-၄ ပါးသောသစ္စာတရားကို၊နပဋိဝိဇ္ဈတိ-ထိုးထွင်း၍ မသိတတ်၊ ဣတိ, (သော)အပဋိဝေဓော-မည်၏၊ (ယာ ဓမ္မဇာတိ) ရူပါဒီသု-ရူပကွန္ဓာ အစရှိသော တရားတို့တွင်၊ ဇကမ္မံပိ-တခုသော တရားကိုလည်း၊ အနိစ္စာဒိသာမညတော - အနိစ္စ အစရှိသော သာမညလက္ခဏာအားဖြင့်၊ နသင်္ကာတိ-ကောင်းစွာ မယူတတ်၊ (မချိမြောက်တတ်၊) ဣတိ-ကြောင့်၊ (သာ) အသံကါဟနာ-မည်၏၊(ယာ ဓမ္မဇာတိ)တမေဝဓမ္မံ-ထိုသစ္စာ ၄ ပါး တရားသို့ပင်၊ နပရိယောဂါဟတိ-မသက်ဝင်တတ်၊ ဣတိ-ကြောင့်၊ (သာ) အပရိယောဂါဟနာ-မည်၏၊ (ယာ ဓမ္မဇာတိ)၊ သမံ-အညီအမျှ၊ နဖွင့်သည်၊ ထို့ကြောင့် ဓမ္မေ နသမေတိ, နသမ္မာ ဂစ္ဆတိ"ဟု ပါဠိမှန်ရှိပါစေ၊ ထိုသို့ရှိမှ ရှေ့သမယအဖွင့်ဝယ် အဘိသမယအနက်ကို ပြုရာ၌ ဉာဏ်ကို အရကောက်သော အစာ၊"အဘိမုခဘာဝေန သမ္မာဝါ တေ ဂစ္ဆတီ ဗုဇ္ဈတိတိ အဘိသမယော"ဟု ဝိဂ္ဂဟပြုသော အနုဋ္ဌီကာနှင့်လည်း ညီသည်၊ထို့ကြောင့် စာအုပ်တို့၌ "သမာဂစ္ဆတိ-ပေါင်းဆုံ၏"ဟု ရှိသည်ကို စဉ်းစားပါ။

မှတ်ချက်။ ။သုတ်မဟာဝါ မဟာပဒါနသုတ်၌"အဟု ပညာယ အဘိသမယော"ကို"တေန ဇရာမရဏာကာရဏေန သဒ္ဓိံ သမာဂမော"ဟု အဋ္ဌကထာ ဖွင့်သော်လည်း'ပညာယ"ဟူသော သမ္ဗန်္ဓနှင့် လိုက်လျောအောင် ဖွင့်ခြင်းသာ၊ ဤနေရာ၌ "အဘိ'သမယ"အရ ဉာဏ်ကိုရသောကြောင့် ထိုအဖွင့်ကို ဤ၌ မလိုအပ်ဟု မှတ်ပါ။

အသမ္မောဟော။ ။ပဌမနည်း၌ သံကို ယောဇေတွာဟု ဖွင့်၍ "ဗုဇ္ဈတိတိ ဗောဓော၊ယောဇေတွာ ဗောဓော သမ္မောဟော၊(သံ သဒ္ဒါသည်သံယုဇ္ဇနအနက်ဟော၊) န+သမ္မောဓော အသမ္မောဟော"ဟု ပြု၊ ဒုတိယနည်းအလို "အသံ"ကို "အသန္တံ"ဟုလည်းကောင်း, "အသမံ"ဟုလည်းကောင်း, ၂ နက်ဖွင့်၏၊ အသန္တဟူသည် ထင်ရှားမရှိသော ပကတိ,အတ္တ,သတ္တ,ပုဂ္ဂလစသည်တည်း၊ အသမဟူသည် သညာ,စိတ္တ,ဒိဋ္ဌိဝိပလ္လာသတည်း၊ "ဗုဇ္ဈတိတိ ဗောဓော အသန္တံ+ဗောဓော အသမ္မောဟော၊(တနည်း, အသမံ+ဗောဓော အသမ္မောဟော"ဟု ပြု၊ [သဘာဝ ပေါဝုတ္ထိ၊—ဋီကာ။]

ပေက္ခတိ-မ၎တတ်၊ ဣတိ, (သာ)အသံမပေက္ခဏာ-မည်၏၊ (ယာ ဓမ္မဇာတိ)၊ ဓမ္မာနံ-တို့၏၊ သဘာဝံ- ဟုတ်မှန်သောသဘောကို၊ ပတိ-စွဲ၍၊ နှ အပေက္ခတိ-မ၎တတ်၊ ဣတိ,(သာ)အပစ္စဝေက္ခဏာ- မည်၏။

ကုသလာ ကုသလကမ္မေသု- ကုသိုလ်, အကုသိုလ်ကံတို့၌၊ ဝိပရီတဝုတ္တိယာ-ဖောက်ဖောက်ပြန်ပြန် ဖြစ်ခြင်းကြောင့်လည်းကောင်း၊ သဘာဝဂ္ဂဟဏာဘာဝေန ဝါ- ဟုတ်မှန်သောသဘောကို ယူခြင်း၏ မရှိခြင်းကြောင့်လည်းကောင်း၊ ဇတာဃ- ဤမောဟ၏၊ ပစ္စက္ခံ- မျက်မှောက်ဖြစ်သော၊ ဇကမ္မိ ကမ္မံ- တခုသောကံသည်လည်း၊ နတ္ထိ၊ (ဣတိ-ကြောင့်၊ အပစ္စက္ခကမ္မံ- မည်၏၊) ဝါ- တနည်း၊ သယံ- မိမိဟူသော မောဟကိုယ်တိုင်၊ကဿစိ ကမ္မဿ-တစုံတခုသောကံကို၊ ပစ္စက္ခကရဏံ နာမ- မျက်မှောက်ပြုနိုင်သည်မည်သည်၊နှ ဟောတိ-မဖြစ်၊ ဣတိ-ကြောင့်၊ အပစ္စက္ခကမ္မံ- မည်၏။

ဇတသ္မိံ-ဤမောဟသည်၊ အနုပဂ္ဂမာနေ-မဖြစ်လသော်၊ ယံ စိတ္တသန္တာနံ-အကြင်စိတ်အစဉ်သည်၊ မဇ္ဈံ-စင်ကြယ်သည်၊ သုစိ-စင်ကြယ်သည်၊ ဝေဒါနံ-ဖြူစင်သည်၊ ဘဝေယျ- ဖြစ်ရာ၏၊ ဣမိနာ- ဤ မောဟသည်၊ တံ မဇ္ဈံ- ထို စင်ကြယ်သောစိတ်အစဉ်ကို၊ ဒုဋ္ဌံ- ဖျက်ဆီးအပ်ပြီ၊ ဣတိ, ဒုမ္မဇ္ဈံ- မည်၏။

အပစ္စက္ခကမ္မံ၊ ။ပဌမနည်း၌ "ပစ္စက္ခံ- မျက်မှောက်ဖြစ်သော+ကမ္မံ ပစ္စက္ခကမ္မံ၊ နတ္ထိ+ပစ္စက္ခကမ္မံ ဇတသာတိ အပစ္စက္ခကမ္မံ"ဟု ဆင်ဇဟုဇ္ဇိဟိ ပြုပါ၊ ဒုတိယနည်း၌ သယံနှင့် ပစ္စက္ခကရဏံသည် အရတူသော ပကတိ ဝိကတိဟု ခေါ်ကြသော (သာမည ဝိသေသ)ကတ္တားတည်း၊ ထို့ကြောင့် နတ္ထိ ဟု မထားပဲ "နှ ဟောတိ"ဟု ထားသည်၊ ပစ္စက္ခဖြင့်လည်း ပစ္စက္ခကရဏကိုင်အောင် အဓိပ္ပာယ်ယူပါ၊ ဝိဂြိုဟ်ကိုကား "နတ္ထိ ပစ္စက္ခကမ္မံ+ဟသ"ဟုပင် ပြုရ၏၊ "ကံကို မျက်မှောက် မပြုနိုင်"ဟူသည်နှင့် "မျက်မှောက်ပြုအပ်သော ကံမရှိ"ဟု ဆိုခြင်းမှာ သဘောတူပင်။

ဒုမ္မဇ္ဈံ၊ ။မဇ္ဈဓာတ်သည် သုဒ္ဓိ (စင်ကြယ်ခြင်း) အနက်ကို ဟော၏၊ ထို့ကြောင့် မဇ္ဈံကို "သုစိ ဝေဒါနံ"ဟု ဖွင့်သည်၊ "မဇ္ဈတိ သုဗ္ဗတီတိ မဇ္ဈံ"ဟု ပြု၊ သတ္တဝါတို့၏ ပင်ကိုယ်စိတ်သည် ဓမ္မာဟစသော အညစ်အကြေးတို့နှင့် မယှဉ်သောကြောင့် "ပဘဿရံ ဣဒံ ဘိက္ခဝေ စိတ္တံ"နှင့်အညီ ပြိုးပြိုးပျက်, ဆရောင်ထွက်သကဲ့သို့ ပြုစင်သန့်ရှင်း၏၊ "ဒုဋ္ဌံ"သည် ဒုဒ်ဖြစ်အနက်ဖွင့်တည်း၊ "ဒုဋ္ဌ+မဇ္ဈံ ယေနာတိ ဒုမ္မဇ္ဈံ"ဟု ပြု၍ ယေနဓာတ်ဆရဖြစ်သော ကတ္တားကို ဆရကောက်ပါ၊ ဒုမ္မဇ္ဈံ-စင်ကြယ်သောစိတ်အစဉ်ကို ဖျက်ဆီးတတ်သော မောဟ။

ဒုဇ္ဈမဿံ ဓဟတိ၊ ။မေဒ္ဓ ဓနှင့်တကွ ဓတုတ္ထကျရာ "ဇ္ဈ" ပြင့် "ဒုဇ္ဈံ"ဟု မူကွဲရ၏၊ "မဇ္ဈံ သုစိ ဝေဒါနံ"ဆိုဖွင့်နှင့် မညီပါ၊ ထကယ်၍ "ဒုမေဇ္ဈံ"ပါင့်သာ ဆိုမှန်ဖြစ်လျှင် "ဒုမ္မေဓသ+ဘာဝေါ ဒုမ္မေဇ္ဈံ-ပညာမရှိသူ၏အဖြစ်"ဟု ဝိဂြိုဟ်ပြု၍ ဆိုဖွင့်ကိုလည်း တမျိုးဖွင့်ရလိမ့်မည်၊

ဗာလာနံ- လူဖျင်း- လူအာ, လူန- လူထိုင်း, လူရိုင်း-လူမိုက်တို့၏၊ ဘာဝေါ-စာည်း၊ ဣတိ-ကြောင့်၊ ဗာလံ့-မည်၏၊ [“ဖျင်းအ” သူများလည်း မောဟ ပြဉ္ဇာန်းသူများပင်တည်း၊ ထို့ကြောင့် လူမိုက်ဟူရာဝယ် လူအာ,လူန,လူထိုင်း, လူရိုင်းများလည်း ပါဝင်သည်၊] (ယော သဘာဝေါ)မုယ္ဟတိ-တွေဝေတတ်၏၊ (မသိတတ်)၊ ဣတိ-ကြောင့်၊(သော)မောဟော-မည်၏၊(မောဟောဝ-မောဟသည်ပင်၊ ဤပါဠိသည် ရှေးစာအုပ်၌သာရှိ၏၊ မကောင်း၊) ဗလဝတရော-သာ၍အားကြီးသော၊ မောဟော- မောဟတည်း၊ ဣတိ- ဤ ဝစနတ္ထကြောင့်၊ ပမောဟော-မည်၏၊[ပသဒ္ဓါဗလဝအနက်ဟော၊] (ယော သဘာဝေါ)သမန္တာ တော- ပတ်ဝန်းကျင်၌၊ မုယ္ဟတိ-၏၊ ဣတိ-ကြောင့်၊ (သော) သမ္မောဟော-မည်၏၊(ယာ ဓမ္မဇာတိ)၊ ဝိဇ္ဇာယ-ဝိဇ္ဇာဉာဏ်၏၊ ပဋိပက္ခဘာဝတော-ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်၊ ဝိဇ္ဇာ-ဝိဇ္ဇာသည်၊ နှ-မဟုတ်၊ ဣတိ-ကြောင့်၊ (သော) အဝိဇ္ဇာ-မည်၏၊ သြဃယောဂဂ္ဃော- သြဃသဒ္ဒါ, ယောဂသဒ္ဒါ၏ အနက်ကို၊ ဂုတ္တောယေဝ- ဆိုအပ်ပြီးသည်သာ။

(ယော သဘာဝေါ)ထာမဂတဋ္ဌေန-ဇေားအစွမ်းသို့ ရောက်သည်၏ အဖြစ်ဟူသောအနက်သဘောအား,ဖြင့်,အနုသေတိ-သတ္တဝါတို့၏သန္တာန်၌, အဖန်ဖန်ကိန်းတတ်၏၊ ဝါ- လျော်သောအကြောင်းကို ရသည်ရှိသော် ဖြစ်တတ်၏၊ ဣတိ-ကြောင့်၊ (သော) အနုသယော- မည်၏၊ [ကိလေသာ ၁၀-ပါးတွင် အားကောင်းသော ကိလေသာ ၆-ပါးကိုသာ အင်အားသတ္တိရှိသောကြောင့် “အနုသယ”ဟု ခေါ်ရ၏၊ထို့ကြောင့်“ထာမဂတဋ္ဌေန”ဟု ဆိုသည်၊သင်္ဂြိဟ်ဘာသာဋီကာ အနုသယအဖွင့်၌ ရှုပါ။] (ယံ ဓမ္မဇာတံ)စိတ်တို-ကို၊ ပရိယုဋ္ဌာတိ အဘိဘဝတိ- လွှမ်းမိုးတတ်၏၊ ဣတိ(တံ ဓမ္မဇာတံ) ပရိယုဋ္ဌာနံ-မည်၏။

ဟိတဂ္ဂဟဏာဘာဝေန-စီးပွားကိုယူခြင်း၏ မရှိခြင်းကြောင့်၊ဟိတာဘိမုခံ-စီးပွားသို့ ရှေးရှု၊ ဂန္တုံ- သွားခြင်းငှါ၊ နှ သက္ကောတိ- မစွမ်းနိုင်၊ အညဇတ္ထု-စင်စစ်ကား၊ လဂ်တိယေဝ-ခွင်သည်သာ၊(ချော်သည်သာ၊)ဣတိ-ထို့ကြောင့်၊ လဂီ- လဂီမည်၏၊ ခဠုတိ- ခွင်တတ်၏၊ ဣတိ အတ္ထော၊ တနည်း, ဒုရုဏ္ဍဒုန္ဓန-ခဲယဉ်းသဖြင့် ဖုံ့ခွဲအပ်သည်၏ အဖြစ်ကြောင့်၊ လဂီ-မည်၏၊ ဟိ- ခဲ့၊

လဂီ။ ။လဂီဓာတ်သည် ခဠုန, ဂတိအနက်တို့ကို ဟော၏၊ ထို့ကြောင့် “လဂ်တိ ကို“ခဠုတိ”ဟု ပဌမနည်းဖွင့်၏၊ [လဂိဟု, ဣကာရန္တဓာတ်ဖြစ်၍ နိဂ္ဂဟီတ်လာ, လဂ်တိဟု ဖြစ်၏၊ လဂီဌ်ကား အပစ္စည်း, ဣတ္ထိဇောတက(ဤ)ပစ္စည်းတည်း။]

ဒုရုဏ္ဍဒုန္ဓနေန။ ။လဂိဓာတ်ဖြင့်ပြီးသော“လဂီ”သဒ္ဒါက“လဂီတ္ထီ ပလိဃော ဘာဝေ”-၂၁၇-အဘိဓာန်နှင့်အညီ “တံခါးကျည်”ဟု ခေါ်အပ်သော မင်းတုပ် (ကန့်လန့်)ကို ဟော၏၊ ထို မင်းတုပ်သည် အလွန်ကြီးကျယ်နေလျှင် ခွာဖို့ ဖွင့်ဖို့

မဟာပလိဃသခ်ါတာ-ကြီးစွာသော တံခါးကျည်ဟု ဆိုအပ်သော၊ လဂီ-တံခါးကျည်သည်၊ ဒုရှဂ္ဆါဌာ-ခဲယဉ်းသဖြင့် ခွာအပ်သည်၊ ဟောတိ ယထာ-ကဲ့သို့၊ ဧဝံ-တူ၊ အယံပိ-ဤ မောဟသည်လည်း၊ လဂီဝိယ-တံခါးကျည်နှင့်တူ၏၊ ဣတိ-ကြောင့်၊ လဂီ-မည်၏၊ သေသံ-သည်၊ ဥတ္တာနတ္ထမေဝ-သည်သာ၊ သင်္ဂဟဝါရ သုညတဝါရာပိ-တို့ကိုလည်း၊ ဟေဋ္ဌာ-အောက် ကုသလနိဒ္ဒေသ၌၊ ဝုတ္တနယေနေဝ-ဖြင့်သာ၊ အတ္ထဟော-အားဖြင့်၊ ဝေဒိတဗ္ဗာ-နှ၏၊ ဣတိ-အပြီးတည်း။ ။ပဌမစိတ္တံ-သည်၊ နိဋ္ဌိတံ-ပြီ။

မလွယ်ကူသကဲ့သို့ ဤမောဟကိုလည်း ပယ်ခွာဖို့မလွယ်ရကား ဥပမာတဒ္ဓိတ် (တနည်း—သဒ်သူပမာ)အားဖြင့် "လဂီ"ဟု ခေါ်ရသည်။ [လင်္ဂတိ-ခွင်တတ် ကောက်နေတတ်၏၊ ဣတိ လဂီ၊ လဂီဝိယာတိ လဂီ(မောဟ)။

ဒုတိယစိတ် အဖွင့်

ဒုတိယစိတ္တေ-ဒုတိယ အကုသိုလ်စိတ်၌၊ သသခ်ါရေနာတိ ပဒံ-သသခ်ါရေနဟူသော ပုဒ်သည်၊ ဝိသေသံ-ပထမ စိတ်မှ ထူး၏၊ တမ္ပိ-ထို သသခ်ါရေနပုဒ်သည်လည်း၊ ဟေဋ္ဌာ-အောက် ကုသလနိဒ္ဒေသ၌၊ ဝုတ္တတ္ထမေဝ-ဖွင့်ဆိုအပ်ပြီးသော အနက်ရှိသည်သာ၊ ပန်-ဆက်၊ ဣဒံ စိတ္တံ-ဤ ဒုတိယ အကုသိုလ်စိတ်သည်၊ ဆသု-နှ်သော၊ အာရမဏေသု-တို့၌၊ သောမနသိတဿ-ဖြစ်သော သောမနဿရှိသည်ဖြစ်၍၊ (ပရာမသန္တဿ၌စပ်၊) လောဘံ-လောဘကို၊ ဥပ္ပါဒေတွာ-ဖြစ်စေ၍၊သတ္တောသတ္တောတိ အာဒိနာ-သတ္တောသတ္တော အစရှိသော၊ နယေန-နည်းဖြင့်၊ (သတ္တဝါဟု မှတ်ထင်သော မိစ္ဆာအယူဖြင့်၊)ပရာမသန္တဿ-မှားသောအားဖြင့်သုံးသပ်သောပုဂ္ဂိုလ်၏သန္တာန်၌၊ကိဉ္ဇာပိ ဥပ္ပဇ္ဇတိ-အကယ်၍လည်း ဖြစ်ပါပေ၏၊ [ပဌမစိတ်တုန်းကကဲ့သို့ ဖြစ်ပါပေသည်-ဟူလို၊ ဤ "ကိဉ္ဇာပိ၊ပေ၊ ဥပ္ပဇ္ဇတိ"ဝါကျဖြင့် ပဌမစိတ်နှင့် တူကြောင်းကို ပြသည်၊ ဤသို့တူနေရာမှ ထူးကြောင်းကို ပြလိုသောကြောင့် "တထာပိ"စသည်မိန့်၊] တထာပိ-ထိုသို့ ဖြစ်ပါသော်လည်း၊ သသခ်ါရိကတ္တာ-သသခ်ါရိက၏အဖြစ်ကြောင့်၊ သမ္ပယောဂေန-ပယောဂနှင့် တကွဖြစ်သော အာရုံ မနသိကာရစသော အကြောင်းအပေါင်းကြောင့်၊ သဥပါယေန-ဥပါယနှင့်တကွဖြစ်သော အာရုံ မနသိကာရစသော အကြောင်းအပေါင်းကြောင့်၊ဥပ္ပဇ္ဇနတော-ဖြစ်ခြင်းကြောင့်၊ [သသခ်ါရိကတ္တာကို ထပ်၍ဖွင့်သည်၊ (ဣဒံ လဗ္ဘတိ၌ လှမ်းစပ်။)]

ယဒါ-အကြင်အခါ၌၊ ကုလပုတ္တော-အမျိုးသားသည်၊ မိစ္ဆာဒိဋ္ဌိကဿ-မိစ္ဆာအယူရှိသော၊ ကုလဿ-အမျိုး၏၊ ကုမာရိကံ-သတို့သမီးကို၊ ပတ္ထေတိ-တောင့်တ၏၊ တေစ-ထို သမီးရှင်တို့သည်လည်း၊ တုမ္မေ-တို့သည်၊ အညဒိဋ္ဌိကာ-

ဝါတို့အယူမှ တပါးသောအယူရှိသူတို့တည်း၊ ဣတိ-ဤသို့ပြောရှ၊ ကုမာရိကံ-ကို၊ နဒေန္တိ-မပေးကြကုန်၊ အထ-ထိုအခါ၌၊ အညေ-အခြားကုန်သော၊ ဉာတကာ-ဆွေမျိုးတို့သည်၊ တုမှေ-သင်တို့သည်၊ ယံ-အကြင်အမှုကို၊ (မိမိတို့အယူနှင့် ဆိုင်သောအမှုကို၊) ကရောထ-ပြုကုန်၏၊ တမေဝ-ထိုအမှုကိုပင်၊ အယံ-ဤ သတို့သားသည်၊ ကရိဿတိ-ပြုပါလိမ့်မည်၊ ဣတိ-ဤသို့ ပြောရှ၊ ဒါပေန္တိ-ပေးစေကြကုန်၏၊ သော-ထို အမျိုးသားသည်၊ တေဟိ-ထို မိစ္ဆာအယူရှိသော အမျိုးတို့နှင့်၊ သဒ္ဓိံ, တိတ္ထိယေ-တိတ္ထိတို့သို့၊ ဥပသင်္ကမတိ-ချဉ်းကပ်၏၊ အာဒိတောဝ-အစ၌သာလျှင်၊ ဝေမတိကော-ယုံမှားခြင်းရှိသည်၊ ဟောတိ-၏၊ ကာလေ-အခါသည်၊ ဂစ္ဆန္တေ ဂစ္ဆန္တေ-သွားလသော် သွားလသော်၊ (တရွှေရွှေကုန်လသော်၊) ဧတေသံ-ဤသူတို့၏၊ ကြိယာ-အမူအရာသည်၊ မနာပါ-စိတ်ကို တိုးပွားစေတတ်၏၊ (မြတ်နိုးဖွယ်ကောင်း၏၊) ဣတိ-ဤသို့တွေးရှ၊ လဒ္ဓိံ-အယူကို၊ ဆောစေတိ-နှစ်သက်၏၊ ဒိဋ္ဌိံ-မိစ္ဆာအယူကို-ဂဏှာတိ-ယူ၏၊ ဝေရှပေ-ဤသို့ သဘောရှိသော၊ ကာလေ-အခါ၌၊ ဣဒံ၊ ဤ ဒုတိယ အကုသိုလ်စိတ်ကို၊ လဗ္ဘတိ၊ ဣတိ-သို့၊ ဝေဒိတဗ္ဗံ။

ပန-ဆက်၊ ဧတ္ထ-ဤ ဒုတိယအကုသိုလ်စိတ်၌၊ ယေဝါပနကေသု-ယေဝါပနကတရားတို့၌၊ ထိနမိဒ္ဓံ-သည်၊ အဓိကံ-ပဌမအကုသိုလ်စိတ်ထက် ပိုလွန်၏၊ တတ္ထ-ထို ထိန မိဒ္ဓ ၂-ပါးတို့တွင်၊ ထိနနတာ-အားစွမ်းမထုတ် တွန့်ဆုတ်သောစိတ်၏ ဖြင်ကြောင်းဖြစ်ရာသည်၊ ထိနံ-ထိန မည်၏၊ မိဒ္ဓနတာ-သတ္တိအစွမ်း, အားကုန်ခန်းသဖြင့်, ပင်ပန်းသောစေတသိက်အပေါင်း၏ ဖြစ်ကြောင်းဖြစ်ရာသည်၊ မိဒ္ဓံ-မည်၏၊ အနုဿာဟ သံဟနနတာ - အားတက်သရောမရှိ, တွန့်ဆုတ်သည်၏ အဖြစ်သည်လည်းကောင်း၊ (ထိနနတာ၏ အဖွင့်၊) အသတ္တိ

ထိနံ။ ။သက္ကတ၌ "သ္တ၂ာနံ"ဟူသောပုဒ်သည် ပါဋ္ဌိ၌ ထိနူ(ထီန)ဟု ဖြစ်၏၊ ထီနဓာတ်သည် ပေါင်းစပ်ခြင်းအနက်ကို ဟော၏၊ "ပေါင်းစပ်"ဟူသည် အားတက်သရောမရှိပဲ ကိုယ်လက်စသည်တို့ တွန့်ဆုတ် ကုပ်နေခြင်းတည်း၊ ထို့ကြောင့် ထိနနတာကို "အနုဿာဟ သံဟနနတာ"ဟု အဋ္ဌကထာ၌လည်းကောင်း, "အနုဿာဟနာဝသီဒနဘာဝေန သံဟတဘာဝေါ ထိနံ"ဟု ဋီကာ၌လည်းကောင်း ဖွင့်သည်၊ "ထိနနံ+ထိနံ"ဟု ပြု။ [ယောဇနာ၌ "ထိ"ဓာတ်ကြံ၍ "ထိယတိ" အနုဿာဟနာဝသီဒန ဝသေန သံဟတီတိ ထိနံ"ဟု ပြုလေ၏၊ ဓာတ်ကျမ်း၌ ထိဓာတ်ကို မတွေ့ရ။]

မိဒ္ဓံ။ ။မိဒ္ဓနပုဒ်ကို ကြည့်၍ မိဒ္ဓဓာတ် ဟု ကြံဖွယ်ရှိ၏၊ သို့သော် ထိုဓာတ်ကို မတွေ့ရ၊ ယောဇနာ၌ မိဓဓာတ်ဖြင့် "မိဇ္ဈနံ မိဒ္ဓံ"ဟု ပဌမကြံစေလိုဟန်တူ၏၊ ထို့နောက် "မိဟ–အသာမတ္ထိယေ"ဟု ဓာတ်နက်ဆို၍ "မိဟတိဝါ အသာမတ္ထိယံ ဟောတီတိ မိဒ္ဓံ"ဟု ပြုလေ၏၊ ထို မိဓဓာတ်နှင့် မိဟဓာတ်၏ အသာမတ္ထိယအနက်ကိုလည်း ဓာတ်ကျမ်း၌ မတွေ့ရ၊ အသတ္တိဝိယာတတာသည် မိဒ္ဓန၏ အနက်ဖွင့်တည်း၊ အိပ်ချင်မူးတူး

ဝိဃာတတာစ-သတ္တိမရှိသည်ဖြစ်၍ ပင်ပန်းသည်၏ အဖြစ်သည်လည်းကောင်းတည်း၊ (မိဒ္ဓနတာ၏ အဖွင့်၊) ဣတိအတ္ထော-ဤကားအနက်၊ထိနဥ-ထိနလည်း၊ မိဒ္ဓဥ-မိဒ္ဓလည်း၊ ထိနမိဒ္ဓံ-ထိနမိဒ္ဓ။

တတ္ထ-ထို ထိနမိဒ္ဓ ၂-ပါးတို့တွင်၊ ထိနံ-ထိနသည်၊ အနုဿာဟလက္ခဏံ-အားတက်သရော မရှိခြင်းလက္ခဏာရှိ၏၊ဝီရိယ ဝိနောဒနရသံ-ဝီရိယကို ပယ်ရှားခြင်းကိစ္စ ရှိ၏၊ [ဝီရိယရှိသူကိုလည်း ထိနသမားက မုန်းသည်၊] သံသီဒန ပစ္စုပဋ္ဌာနံ - ထိုထိုကိစ္စ၌ ဆုတ်နစ်တတ်သောတရား ဟု ယောဂီတို့ဉာဏ်အားရှေးရှုထင်လာ၏၊ မိဒ္ဓံ-သည်၊ အကမ္မညတာလက္ခဏံ-ထိုထိုအမှု၌ မခံ့သည်၏ အဖြစ်ဟူသောလက္ခဏာရှိ၏၊ ဩနဟနရသံ-သမ္ပယုတ္တတရားတို့ကို လေးတွဲ့တွဲ့ဖြစ်အောင် ဖွဲ့ထားခြင်းကိစ္စ ရှိ၏၊ [ရှေးနိဿယ၌ "ဩဒဟနရသံ" ဟု ရှိ၏။] လီနဘာဝ ပစ္စုပဋ္ဌာနံ - တွန့်ဆုတ်သည်၏ အဖြစ်ဖြင့် ယောဂီတို့ ဉာဏ်အားရှေးရှုထင်လာ၏၊ ဝါ-တနည်း၊ ပစလာယိကာနိဒ္ဒါ ပစ္စုပဋ္ဌာနံ-မျက်တောင်တလှုပ်လှုပ်ရှိအောင် အိပ်ငိုက်ခြင်းအကျိုးကို ဖြစ်စေတတ်၏၊ (ဖလပစ္စုပဋ္ဌာန်တည်း၊) ဥဘယံပိ-ထိန မိဒ္ဓ ၂-ပါးစုံသည်တည်း၊ အရတိ တန္ဒိ ဝိဇမ္ဘိတာဒီသုကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်း, ပျင်းရိခြင်း, ကိုယ်လက် ဆန့်တန်းခြင်း၊ ရှိသူ၏အဖြစ် အစရှိသည်တို့၌၊ အယောနိသောမနသိကာရပဒဋ္ဌာနံ-အယောနိသောမနသိကာရလျှင် နီးစွာသောအကြောင်း ရှိ၏၊ ဣတိ-အပြီးတည်း။ ..... ဒုတိယစိတ္တံ-သည်၊ နိဋ္ဌိတံ-ပြီ။

ဖြစ်ရာအခါ၌ကဲ့သို့ ထိုထိုအမှုကိုပြုဖို့ရန် သတ္တိကင်းခြင်းကို "အသတ္တိ" ဟု ဆို၏၊ ထိုသို့ သတ္တိကင်းခြင်းသည် စေတသိက်တို့၏ ပင်ပန်းခြင်း သဘောတည်း၊ အသတ္တိဧဝ+ဝိဃာတော အသတ္တိ ဝိဃာတော။ [ယောဇနာ၌ "အသတိဝိဃာတော-သတိမရှိသောစိတ်၏ အဖြစ်ဟူသော ပင်ပန်းခြင်း" ဟု မူကွဲရှိ၏။]

ပစလာယိကာ နိဒ္ဒါ။ ။"စလနံ စလော၊ ပကာရေန+စလော ပစလော—မျက်လွှာ၏ အထက်တက်လိုက်,အောက်ကျလိုက်အားဖြင့် အမျိုးမျိုးလှုပ်ခြင်း၊ ပစလေန—မျက်တောင်တလှုပ်လှုပ်၏ အဖြစ်ဖြင့်+အယနံ—ဖြစ်ခြင်းတည်း၊ ပစလာယော—ခြင်း၊ "ပစလာယော + ယဿာ အတ္ထိတိ ပစလာယိကာ (နိဒ္ဒါ) = မျက်တောင် တလှုပ်လှုပ်မှိတ်တုတ်မှိတ်ဟုတ် ဖြစ်ခြင်းရှိသော အိပ်ငိုက်ခြင်း၊ ယောဇနာ၌ "အယနောင် ဏွုပစ္စည်းသက်၍ "အယိကာ" ဟု ကိတ်ပုဒ်ကြံလေ၏၊ [နိဒ္ဒါ၌ နိပုဗ္ဗ ဒါဓာတ်, အပစ္စည်း, ဣတ္ထိဇောတက အာ ပစ္စည်း၊ ဘူဝါဒိဖြစ်၍ "နိဒ္ဒါတိ" ဟု ကြိယာဖြစ်၏၊ "အိပ်ငိုက်၏" ဟု ပေး၊ "နိဒ္ဒါယန္တိ" ဟု ရှိရာ၌ကား နိဒ္ဒါနောင် အာစာရအနက်၌ အာယပစ္စည်းဟု နာမဓာတ်ကြံပါ၊ "အိပ်ငိုက်ခြင်းကို ပြု၏" ဟု ပေး။]

တတိယစိတ်အဖွင့်

တတိယံ-တတိယ အကုသိုလ်စိတ်သည်၊ (ဥပ္ပဇ္ဇတိဋ္ဌ စပ်၊) ဆသု-ကုန်သော၊ အာရုမဏေသု-တို့ဋ္ဌ၊ သောမနဿိတဿ-ဖြစ်သော သောမနဿ ရှိသည်ဖြစ်၍၊ (ပဿတော, ပသုတဿတို့ဋ္ဌ စပ်၊) လောဘံ-ကို၊ ဥပ္ပါဒေတ္ဝာ-၍၊ သတ္တော သတ္တောတိအာဒိနာ-သော၊ နယေန-ဖြင့်၊ အပရာမသန္တဿ-မှားသောအားဖြင့် မသုံးသပ်ပဲ၊ (ဤစကားဖြင့် ဒိဋ္ဌိမယှဉ်ပုံကို ပြသည်၊ ပဿတော, ပသုဘဿတို့ဋ္ဌ စပ်၊) နာရာယဏ ဝိရာဇန မလ္လယုဒ္ဓ နဋ္ဌသမဇ္ဇာဒီနိ-ဗိဿကို့နတ်၏ တင့်တယ်စံပယ်ခြင်းဟူသော ဂဠဲ, လက်ဝှေ့သတ်ပဲ့, ကချေသည်တို့၏ ကပဲ့ ဖြစ်ရှိသည်တို့ကို၊ ပဿတော-ကြည့်ရှုသော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း၊ မနာပိယ သဒ္ဓဿဝနာဒိ ပသုတဿဝါ-မြတ်နိုးခြင်းကို ဖြစ်စေတတ်သော အသံကို နားထောင်ခြင်းဖြစ်ရှိသည်၌ လေ့ကျက်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း၊ ဥပ္ပဇ္ဇတိ။ [သဒ္ဒဿဝနာဒိ''၌ အာဒိဖြင့် ''မနာပိယ ဂန္ဓ ဃာယန စသော အာရုံများ၌ လိုက်စားနေသူကို ယူ။]

ဣစ-ဤတတိယ အကုသိုလ်စိတ်၌၊ မာနေန-မာနနှင့်၊ သဒ္ဓိံ, ပဋ္ဌ-န်သော၊ အပဏ္ဏကဂံါနိ-မချုပ် မယွင်းသော စိတ်အင်္ဂါတို့သည်၊ ဟောန္တိ၊ တတ္ထ-ထို အပဏ္ဏကအင်္ဂါတို့တွင်၊ (ယော သဘာဝေါ) မညတိ-မှတ်ထင်တတ်၏၊ ဣတိ-ကြောင့်၊ (သော) မာနော-မည်၏၊ သော-ထိုမာနသည်၊ ဥန္နတိလက္ခဏော-

---

နာရာ၊ပေ၊ သမဇ္ဇာဒီနိ၊ ။နာရာယဏဟူသည် ဗိဿကို့နတ်တည်း၊ ဝိရာဇန သဒ္ဒါကား တင့်တယ်စံပယ်ခြင်း(ပျော်မြူးခြင်း)အနက်ကို ဟော၏၊ ဗိဿကို့နတ်ရုပ်လုပ်၍ ကပွဲသဘင်ပြုလုပ်ခြင်းကို''နာရာယဏ ဝိရာဇန''ဟု ခေါ်၏၊''နာရာယဏသ+ဝိရာဇနံ နာရာယဏ ဝိရာဇနံ-ဗိဿကို့နတ်၏ တင့်တယ် စံပယ်ခြင်း, ပျော်မြူးခြင်း (နာရာယဏနတ်ရုပ်၏ ကပွဲပြုလုပ်ခြင်း၊) ဤကဲ့သို့ နာရာယဏနတ်ပွဲကို ကြည့်ရှုရခြင်း, မလ္လယုဒ္ဓ-လက်ဝှေ့သည်တို့၏ နပမ်းလုံးပွဲ (လက်ဝှေ့ပွဲ)ကို ကြည့်ရှုရခြင်း, နဋ္ဌသမဇ္ဇ-ကချေသည်တို့၏ ကမှုကို ကြည့်ရှုရခြင်း ဤသို့စသည်ဖြင့် ကြည့်ရှုရသူမှာ သောမနဿ သဟဂုတ်, ဒိဋ္ဌိဂတဝိပ္ပယုတ် အကုသိုလ်စိတ်ဖြစ်သည်။

စဉ်းစားပုံ။ ။ရှေးနိဿယ၌''နာရာယဏ ဝိရာဇန''နေရာဝယ် ''နာရာယဏ နိရာဇန''ဟု ပါဠိရှိ၍ ''ကြက် ငှက် စသည် တိုက်ခြင်း''ဟု အနက်ပေး၏၊ ထိုအနက်ကို သဒ္ဒါနက် ပျောက်လွဲရှိသောကြောင့် စဉ်းစားပါ၊ ယောဇနာ၌လည်း''ရာဇာစ+မလ္လ ယုဒ္ဓန္တ+နဋ္ဌသမဇ္ဇန္တ''ဟု ဝိဂ္ဂဟ ပြုထားသည်ကို တွေ့ရ၏၊ . ထိုကိုလည်း''နာရာယဏ'' သဒ္ဒါ လုံးဝမပါသောကြောင့် စဉ်းစားပါ။

မာဓနန သဒ္ဓိံ ပဋ္ဌ။ ။ပဌမစိတ်၌ ''ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စ''ဟု ယေဝါပနကတရား ၄ ပါးကိုပြခဲ့ပြီ၊ ဒိဋ္ဌိဂတဝိပ္ပယုတ်ဖြစ်သောကြောင့် ဤစိတ်၌ မာန ထည့်၍''ယေဝါပနကတရား ၅ ပါး''ဟုဆိုသည်၊မာနကို အနိယတယောဂီစေတသိက်ဟု သဂြိုဟ်၌ ဆိုသည့်အတိုင်း အနိယတဖြစ်ပုံကို ဋီကာ၌ သာဓကနှင့်တကွ ပြထား၏။

မောက်ကြွခြင်းလက္ခဏာရှိ၏၊ [ထို့ကြောင့် မာနကြီးသူကို "မောက်တဲ့လူ, မော်တဲ့လူ"ဟု ပြောကြသည်။] သမ္ပဂ္ဂဟရသော-သမ္ပယုတ္တတရားတို့ကို ချီမြှောက်ခြင်းကိစ္စ ရှိ၏၊ ကေတုကမျတာ ပစ္စုပဋ္ဌာနော-တုရင်မှန်ကင်းကဲ့သို့ ပြုလိုသည်၏အဖြစ်ဖြင့် ယောဂီတို့ဉာဏ်အား ရှေးရှု ထင်လာ၏၊ ဒိဋ္ဌိ၊ ပေ၊ ပဒဋ္ဌာနော-ဒိဋ္ဌိဝိပ္ပယုတ် လောဘလျှင် နီးစွာသောအကြောင်းရှိ၏၊ ဥမ္မာဒေါဝိယ-ရှားသွပ်ခြင်းကဲ့သို့၊ ဒဋ္ဌဗ္ဗော-၏၊ [ဤကဲ့သို့သော လူမျိုးကို "နှလုံးလေပင့်၍ ဘဝင်မြင့်ရောဂါစွဲနေသူ, ဝါ-အရှး"ဟု ဆိုကြသည်။] ဣတိ-အပြီးတည်း။.... တတိယစိတ္တံ-သည်၊ နိဋ္ဌိတံ-ပြီ။

စတုတ္ထစိတ် အဖွင့်

စတုတ္ထံ - စတုတ္ထအကုသိုလ်စိတ်သည်၊ (ဥပ္ပဇ္ဇတိ ၌စပ်၊) ဝုတ္တပ္ပကာရေသု ဧဝ-ဆိုအပ်ပြီးသော အပြားရှိသည်သာလျှင် ဖြစ်ကုန်သော၊ ဌာနေသု-ဌာနတို့၌၊ (နာရာယဏ ဝိရာဇနစသော ဌာနတို့၌၊) ယဒါ-၌၊ သီသေ-ဦးခေါင်းပေါ်၌၊ ခေဋ္ဌံ-တံတွေးကို၊ ခိပန္တိ-ပစ်ကြ ထွေးကြကုန်၏၊ ပါဒပံသုံ-ခြေမှုန့်ကို၊ သြကိရန္တိ-ကြဲဖြန့်ကြကုန်၏၊ တဒါ-ထိုအခါ၌၊ တဿ-ထိုတံတွေးကို၊ ဝါ-ထိုခြေမှုန့်ကို၊ ပရိဟရဏတ္ထံ-ရှောင်လွှဲခြင်းအကျိုးငှာ၊ သဥဿာဟေန-အားထုတ်ခြင်းနှင့်တကွဖြစ်သော စိတ်ဖြင့်၊ (ရှောင်လွှဲဖို့ရန် အားထုတ်သော စိတ်ဖြင့်၊) အန္တရန္တရာ-အကြား အကြား၌၊ သြလောကေန္တာနံ-ကြည့်ရသူတို့၏ သန္တာန်၌လည်းကောင်း၊ ရာဇနာဋကေသု-မင်း၏ ကချေသည်တို့သည်၊ (ဘုရင့်ပွဲတော်သားတို့သည်၊) နိက္ခန္တေသု-ထွက်လာကုန်လသော်၊ ["ရာဇနာဋကာသု နိက္ခန္တိသု"ဟု ရှိလျှင် ကောင်း၏၊] ဥဿာရဏာယ-အထက်အထက်သို့တိုးသွားစေခြင်းသည်၊ ဝါ-ရွှေ့ရှားစေခြင်းသည်၊ (လမ်းဖယ်ခိုင်းခြင်းကို ဆိုသည်၊) ဝတ္တမာန

ပရိဟဏတ္ထံ၊ ပေ၊ ဥပ္ပဇ္ဇတိ။ ။ပွဲကြည့်ရာ၌ ခုံအဆင့်ဆင့် အနိမ့်အမြင့် တန်းထားပုံကို သတိပြုပါ၊ အထက်ဆင့်တွင် နေသူတို့က တံတွေး ထွေးချသည်ဖြစ်စေ, ခြေမှုန့် ခါချသည်ဖြစ်စေ, ထို တံတွေး ခြေမှုန့်တို့ကို ရှောင်လွှဲဖို့ရန် အားထုတ်ရသောစိတ်ကို "ပရိဟရဏတ္ထံ သ ဥဿာဟေန"ဟု ဆိုသည်၊ ထိုသို့ရှောင်လွှဲနေရသဖြင့် ပွဲကို တဆက်တည်း မကြည့်နိုင်ရကား ကြားဖြတ်၍ ကြားဖြတ်၍ ကြည့်ရသည်ကို "အန္တရန္တရာ သြလောကေန္တာနံ"ဟု ဆိုသည်။

ဥဿာရဏာယ။ ။မင်း၏မောင်းမများ ထွက်လာသောအခါ လာရောက်ကြည့်ရှုသူတွေ အလွန်များလှသဖြင့် ဆိုင်ရာ အစောင့်အရှောက်တို့က လမ်းဖယ်ခိုင်းခြင်း, လမ်းရှင်းခြင်းကို "ဥဿာရဏာယ ဝတ္တမာနာယ"ဟု ဆိုသည်၊ ထိုသို့ လမ်းရှင်းသောအခါ ရုံးရုံး ရုံးရုံးနှင့် ဆုတ်ကြ ဖယ်ကြရသဖြင့် ကောင်းကောင်း မကြည့်ရပဲ ခပ်ဝေးဝေးမှ ချောင်း၍ ကြည့်ရသည်ကို "တေန တေန ဆိဒ္ဓေန သြလောကေန္တာနံ"ဟု ဆိုသည်၊ ထိုသို့ ပွဲကြည့်ရာ၌ အသင်္ခါရိကစိတ် မဖြစ်၊ သသင်္ခါရိကစိတ်သာ ဖြစ်သည်-ဟူလို။

ယ-ဖြစ်လသော်၊ တေန တေန ဆိဒ္ဓေန-ထိုထို အပေါက်ဖြင့်၊ ဩလောကေန္တာနံ စ-ချောင်း၍ကြည့်ရသူတို့၏သန္တာန်၌လည်းကောင်း၊ ဣတိ ဝေမာဒီသု-နှ်သော၊ ဌာနေသု-တို့၌၊ ဥပ္ပဇ္ဇတိ၊ ပန-ဆက်၊ ဣဓ-ဤ စတုတ္ထအကုသိုလ်စိတ်၌၊ ထိနမိဒ္ဓေ ဟီ-တို့နှင့်၊ သဒ္ဓိံ, သတ္တ-နှ်သော၊ ယေဝါပနကာ-တို့သည်၊ ဟောန္တိ၊ ဥဘ ယတ္ထာပိ-၂ ပါးစုံသော တတိယ စတုတ္ထစိတ်တို့၌လည်း၊ မိစ္ဆာဒိဋ္ဌိ-မိစ္ဆာဒိဋ္ဌိ သည်၊ ပရိဟာယတိ-ယုတ်လျော့၏၊ တံ-ထိုမိစ္ဆာဒိဋ္ဌိကို၊ ထပေတွာ-ချန်ထား၍၊ သေသာနံ-ကြွင်းသောတရားတို့၏၊ ဝသေန-ဖြင့်၊ ဓမ္မဂဏနာ-တရား အရေ အတွက်ကို၊ ဝေဒိတဗ္ဗာ-၏၊ ဣတိ-အပြီးတည်း။....စတုတ္ထံ-သည်၊ နိဋ္ဌိတံ-ပြီ။

ပဥ္ဇမစိတ်အဖွင့်

ပဥ္ဇမံ- ပဥ္ဇမအကုသိုလ်စိတ်သည်၊ ဆသု အာရမဏေသု- တို့၌၊ ဝေဒနာ ဝသေန-ဖြင့်၊ မဇ္ဈတ္တဿ-အလယ်အလတ်၌ တည်သော သဘောရှိသည်ဖြစ်၍၊ (ဥပေက္ခာဝေဒနာရှိသည်ဖြစ်၍၊) လောဘံ၊ပေ၊ဥပ္ပဇ္ဇတိ၊ ပန-ဆက်၊ ဇတ္ထ-ဤ ပဥ္ဇမ အကုသိုလ်စိတ်၌၊ သောမနဿဌာနေ - သောမနဿအရာ၌၊ ဥပေက္ခာ ဝေဒနာ-ဥပေက္ခာဝေဒနာသည်၊ ဟောတိ၊ ပီတိပဒံ-ပီတိပုဒ်သည်၊ ပရိဟာ ယတိ-ယုတ်လျော့၏၊ သေသံ-ကြွင်းသော၊ သဗ္ဗံ-အလုံးစုံသော အစီအရင် သည်၊ ပဌမစိတ္တသဒိသမေဝ-ပဌမ အကုသိုလ်စိတ်၏ အစီအရင်နှင့် တူသည် သာ။ ــ ပဥ္ဇမစိတ္တံ-သည်၊ နိဋ္ဌိတံ-ပြီ။

ဆဋ္ဌ စိတ္တာဒိ အဖွင့်

ဆဋ္ဌသတ္တမဋ္ဌမာနိပိ- ဆဋ္ဌ အကုသိုလ်စိတ်, သတ္တမ အကုသိုလ်စိတ်, အဋ္ဌမ အကုသိုလ်စိတ်တို့ကိုလည်း၊ ဝေဒနံ-ကို-ပရိဝတ္တေတွာ-လဲလှယ်၍လည်းကောင်း၊ ပီတိပဒံ-ပီတိပုဒ်ကို၊ ဟာပေတွာစ- ယုတ်လျော့စေ၍လည်းကောင်း၊ ဒုတိယ တတိယ စတုတ္ထေသု- ဒုတိယ, တတိယ, စတုတ္ထ အကုသိုလ်စိတ်တို့၌၊ ဝုတ္တနယေ နေဝ, ဝေဒိတဗ္ဗာနိ-နှ်၏၊ အဋ္ဌသု-ကုန်သော၊ ဣမေသု လောဘသဟဂတ စိတ္တေသု-တို့၌၊ သဟဇာတာဓိပတိ-သဟဇာတာဓိပတိလည်းကောင်း၊ အာရ မဏာဓိပတိ-လည်းကောင်း၊ ဣတိ-သို့၊ ဒွေပိ- ၂ မျိုးလည်း ဖြစ်ကုန်သော၊ အဓိပတယော-အဓိပတိတို့ကို၊ လဗ္ဘန္တိ။ [လောဘမူစိတ်သည် ထို အဓိပတိ ၂ မျိုးလုံး၏ ပစ္စံယုပ္ပန် ဖြစ်သည်-ဟူလို။]

နဝမစိတ်အဖွင့်

နဝမံ-နဝမအကုသိုလ်စိတ်သည်၊ ဆသု အာရမဏေသု-တို့၌၊ ဒေါမနဿိ တဿ-ဖြစ်သော ဒေါမနဿရှိသည်ဖြစ်၍၊ ပဋိဃံ-ဒေါသကို၊ ဥပ္ပါဒယတော- ဖြစ်စေသောပုဂ္ဂိုလ်၏သန္တာန်၌၊ ဥပ္ပဇ္ဇတိ၊ တဿ-ထို နဝမ အကုသိုလ်စိတ်၏၊

တာဝ-ဓမ္မုဒ္ဒေသဝါရမ္မ ရွေးဦးစွာ၊(နိဒ္ဒိဋ္ဌေ)သမယဝဝတ္ထာနဝါရေ· သမယ ဝဝတ္ထာနဝါရဉ်၊(အတ္ထော ဇေံ ဝေဒိတဗ္ဗော)၊ ဒုဋ္ဌံ·ဒေါသသည် ဖျက်ဆီးအပ်သော၊ မနော-စိတ်တည်း၊ (ဣတိ-ကြောင့်၊ ဒုမ္မနော·မည်၏၊) ဝါ-တနည်း၊ ဟီနဝေဒနတ္တာ· ယုတ်ညံ့သော ဝေဒနာရှိသည်၏ အဖြစ်ကြောင့်၊ ကုစ္ဆိတံ·စက်ဆုပ်အပ်သော၊ မနော·တည်း၊ ဣတိ, ဒုမ္မနော· မည်၏၊ ဒုမ္မနဿ-ဒေါသသည် ဖျက်ဆီးအပ်သော စိတ်၏၊ ဝါ-စက်ဆုပ်အပ်သော စိတ်၏၊ ဘာဝေါ-ဖြစ်ကြောင်း ဖြစ်ထုတည်း၊ ဒေါမနဿံ·ထာ၊တေန·ထိုဒေါမနဿ ဝေဒနာနှင့်၊ သဟဂတံ·အတူတက္ခဲ့ကေ့ပါဒတာ အစရှိသော အဖြစ်သို့ ရောက်သော စိတ်တည်း၊ ဣတိ·ကြောင့်၊ ဒေါမနဿသဟဂတံ·မည်၏၊(ယံ ဓမ္မဇာတံ)၊ အသမ္မိယာယနဘာဝေန- လွန်စွာချစ်ခြင်းဖြင့် ဖြစ်ခြင်း မရှိသည်၏အဖြစ်ဖြင့်၊ ဝါ·မမြတ်နိုးသည်၏ အဖြစ်ဖြင့်၊ [ပီတိ၏အဖုဉ်၌ သမ္မိယာယနံပုဒ်ကို ဖုဉ်ခဲ့ပြီ၊] အာရမဏသ္မိ-၌၊ ပဋိဟညတိ·ထိခိုက်တတ်၏၊ ဣတိ·ကြောင့်၊ (တံဓမ္မဇာတံ)၊ ပဋိဃံ· မည်၏၊ တေန· ထို ဒေါသနှင့်၊ သမ္မယုတ္တံ· အညီအမျှ ကေ့ပါဒတာ အစရှိသော အပြားတို့ဖြင့် ယှဉ်သည်တည်း၊ ဣတိ· ကြောင့်၊ ပဋိဃသမ္မယုတ္တံ·မည်၏။

ဓမ္မုဒ္ဒေသ- ဓမ္မုဒ္ဒေသဝါရ၌၊ တီသုပိ· လည်း ဖြစ်ကုန်သော၊ ဌာနေသု-တို့၌၊ (ဖဿပဉ္စမကဌာန,စျာနင်္ဂဌာန,ဣန္ဒြိယဌာနတို့၌၊) ဒေါမနဿဝေဒနာဝ-သည်သာ၊ အာဂတာ-လာ၏၊ တတ္ထ- ထို ဝေဒနာစသောပုဒ်တို့တွင်၊ (ဖဿပဉ္စမကဌာန၌လာသော ဝေဒနာပုဒ်, စျာနင်္ဂဌာန၌လာသော ဒုက္ခပုဒ်,ဣန္ဒြိယဌာန၌လာသော ဒေါမနဿပုဒ်တို့တွင်၊) ဝေဒနာပဒံ·ကို၊ ဝုတ္တမေဝ· ပြီးသည်သာ၊ (ပဌမ မဟာကုသိုလ်စိတ်အဖုဉ်၌ ဆိုအပ်ပြီးသည်သာ၊) ဒုက္ခဒေါမနဿပဒါနိ- ဒုက္ခပုဒ်, ဒေါမနဿပုဒ်တို့ကို၊ တထာ· ထို့အတူ၊ (ဝုတ္တာနေဝ-နှ်ပြီး

ဒုမ္မနော။ ။ပါဠိအဘိဓာန်၌ ဒုသဒ္ဒါ၏ ဒုဋ္ဌအနက်ကို မတွေ့ရသော်လည်း ထောမနိဓိ အဘိဓာန်၌"ဒုဋ္ဌ"အနက်လည်း ရှိ၏၊ ထို့ကြောင့်"ဒုဋ္ဌံ+မနော ဒုမ္မနော" ဟု ပဌမဖွဉ့်သည်၊ "ဒုဋ္ဌ-ဖျက်ဆီးအပ်" ဟူသည် ဒေါသသည် ဖျက်ဆီးအပ်တည်း။ နောက်နည်း၌ ဒုသည် ကုစ္ဆိတအနက်ဖော်တည်း၊ "ကုစ္ဆိတံ+မနော ဒုမ္မနော"ဟုပြု။

မှတ်ချက်။ ။စာအုပ်တို့၌ ဒုဋ္ဌံနေရာဝယ်"ဒုဋ္ဌ" ဟုလည်းကောင်း, "ဒုဋ္ဌံ"ဟုလည်းကောင်းရှိ၏၊ နိဂ္ဂဟိတ်ကား ဝါစာသိလိဋ္ဌတည်း၊ ရှေးနိဿယ၌ "ဒုဋ္ဌံ-မတင့်တယ်သော၊ ဝါ-ဒေါသသည် ဖျက်ဆီးအပ်သော"ဟု ပေးလေသည်၊ ဋီကာကျော်နိဿယ၌လည်း "ဒုဋ္ဌံ"ပါဌ်ကိုယူ၍ အနက်ပေးခဲ့သည်၊ သုသဒ္ဒါ၏ အနက်ကို ပြုရာ၌ သုဋ္ဌအနက်ရှိသကဲ့သို့, ဒုသဒ္ဒါလည်း ဒုဋ္ဌအနက်ကို ဟောနိုင်ပါ၏၊ သို့ရာတွင် သုမနောကို အနက်ဖွင့်သောအခါ "သုဋ္ဌ+မနော"ဟုမဖွင့်၊ "သုန္ဒရံ+မနော"ဟုသာဖွင့်၏၊ ထို့ကြောင့် "ဒုဋ္ဌ,ဒုဋ္ဌံ"ပါဌ်သည် သင့်လျော်သောပါဌ် မဖြစ်နိုင်။

သည်သာ။) [ဝေဒနာတိက် ဒုက္ခာယ ဝေဒနာယပုဒ်အဖွင့်၌ ဒုက္ခပုဒ်ကို လည်းကောင်း, ရှေ့နား၌ ဒေါမနဿပုဒ်ကိုလည်းကောင်း ဆိုခဲ့ပြီးပြီ–ဟူလို။]

ပန- ပဒတ္ထမှတပါး, လက္ခဏာဒျတ္ထကား၊ လက္ခဏာဒိတော- လက္ခဏာအစရှိသောအားဖြင့်၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊ ဒေါမနဿံ-ဒေါမနဿ ဝေဒနာသည်၊ အနိဋ္ဌာ၊ပေ၊ လက္ခဏံ- သဘာဝပရိကပ္ပဖြစ်သော အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၏၊ယထာတထာဝါ- ဟုတ်ဟုတ်ညားညားသော အခြင်းအရာအားဖြင့်လည်း၊ (သဘာဝအားဖြင့် ဖြစ်စေ, ပရိကပ္ပအားဖြင့် ဖြစ်စေ၊) အနိဋ္ဌာ ၊ပေ၊ ရသံ- အနိဋ္ဌ အခြင်းအရာကို သုံးဆောင်ခံစားခြင်း ကိစ္စရှိ၏၊ [ယောဇနာ၌ "အနိဋ္ဌာကာရေန အာရမဏဿ သမ္ဘုဥ္ဇနရသံ အနုဘဝနကိစ္စံ" ဟု ဖွင့်၏၊ ထိုအလို "အနိဋ္ဌအခြင်းအရာအားဖြင့် အာရုံကိုခံစားခြင်းကိစ္စရှိ၏" ဟုပေး။] စေတသိကာဗာဓပစ္စုပဋ္ဌာနာ- စိတ်၌မှီသော အနာဟု ယောဂီတို့ ဉာဏ်အား ရှေးရှုထင်လာ၏၊ [စိတ်ရောဂါအဖြစ်ဖြင့် ထင်လာသည်- ဟူလို၊ ထို့ကြောင့် သူတပါးအပေါ်၌ မကျေမနပ် ဒေါမနဿဖြစ်နေလျှင် "စိတ်နာလွန်းလို" ဟု ပြောလေ့ရှိကြသည်။] ဧကန္တေနေဝ- ဧကန်အားဖြင့်သာလျှင်၊ ဟဒယဝတ္ထုပဒဋ္ဌာနံ-ဟဒယဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။

မူလကမ္မပထေသု- မူလဋ္ဌာန, ကမ္မပထဋ္ဌာနတို့၌၊ ပုရိမစိတ္တေသု- ရှေလောဘမူစိတ်တို့၌၊ လောဘောဟောတိ, အဘိဇ္ဈာဟောတီတိ-ဟူ၍၊ အာဂတံ ယထာ-လာသကဲ့သို့၊ဧဝံ-တူ၊ဒေါသော ဟောတိ,ဗျာပါဒေါ ဟောတီတိ-ဟူ၍ (ဘဂဝတာ)ဝုတ္တံ-ပြီ၊တတ္ထ-ထိုဒေါသ ဗျာပါဒတို့တွင်၊[ဒေါသော ဗျာပါဒေါ တို့၌စပ်၊] တေန- ထို သဘောတရားဖြင့်၊ (သမ္ပယုတ္တဓမ္မာ) ဒုဿန္တိ- ပျက်စီးကုန်၏၊ ဣတိ- ကြောင့်၊(ထိုသို့ သမ္ပယုတ်တရားတို့၏ ပျက်စီးကြောင်း၏အဖြစ်ကြောင့်)၊ သော-သည်၊ဒေါသော- မည်၏၊ ဝါ-တနည်း၊(ယော သဘာဝေါ) သယံ-မိမိကိုယ်တိုင်၊ ဒုဿတိ-ပျက်စီးတတ်၏၊ ဣတိ-ထိုသို့ ပျက်စီးတတ်သည်၏ အဖြစ်ကြောင့်၊သော,ဒေါသော-မည်၏၊ ဝါ- တနည်း၊ တံ-ထို သဘောတရားသည်၊ ဒုဿနမတ္တမေဝ- ပျက်စီးခြင်းမျှသာတည်း၊ဣတိ-ကြောင့်၊ ဒေါသော-

---

ဧက၊ပေ၊ပဒဋ္ဌာနံ။ ။ဒေါသ,ဒေါမနဿသည် ရုပ်ရှိရာ ပဉ္စဝေါကာရဘုံ၌သာ ဖြစ်သောကြောင့်လည်းကောင်း, တချို့ စိတ်များသည် အရူပ၌ ဖြစ်ခိုက် ဟဒယဝတ္ထုကို မမှီသောကြောင့်လည်းကောင်း, (ထိုကဲ့သို့မဟုတ်ကြောင်းကို သိစေလို၍) "ဧက၊ပေ၊ ပဒဋ္ဌာနံ" ဟု ဆိုသည်၊ "ဤ ဒေါမနဿသည် ဟဒယဝတ္ထုကိုမှီ၍ ကာမဘုံ၌သာ ဖြစ်သည်" ဟူလို။

ဒေါသော။ ။ဒိဝါဒိ ဒုသဓာတ်သည် အပ္ပီတိ, ဝိကတ(မနှစ်သက်ခြင်း, ပင်ကိုယ် သဘောမှကင်း၍ ပျက်စီးခြင်း)အနက်ကို ဟော၏။ဤ၌ ဝိကတအနက်ကိုယူ၍ "ဒုဿန္တိ-ပျက်စီးကြကုန်၏" စသည်ဖြင့် ပေးပါ၊ ပရမတ္ထအနက်ဟော သဒ္ဒါဖြစ်၍ ဝိဂ္ဂဟ ၃-မျိုး ပြုသည်။

မည်၏၊ သော-ထိုဒေါသသည်၊ ပဟဋ္ဌာသိဝိသော ဝိယ-ပုတ်ခတ်အပ်သော မြွေဆိုးကဲ့သို့၊ စဏ္ဍိက္ကလက္ခဏော-ကြမ်-တမ်းသော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ဖြစ်ရာ လက္ခဏာရှိ၏၊ အသနိပါတော ဝိယ-မိုးကြိုး၏ကျခြင်းကဲ့သို့၊ ဝ်သပ္ပန ရသော-အနိဋ္ဌရုပ်၏ တကိုယ်လုံး၌ ပျံ့နှံ့ခြင်းဟူသော သမ္ပတ္တိရသရှိ၏၊ ဝါ-ဖောက်ဖောက်ပြန်ပြန်ဖြစ်ခြင်းဟူသော ကိစ္စရသ ရှိ၏၊ ဝါ-တနည်း၊ ဒါဝဂ္ဂိဝိယ-တောမီးကဲ့သို့၊ အတ္တနော-၏၊ နိဿယဒဟနရသော-မှီရာ ဟဒယ ဝတ္ထုရုပ်ကို လောင်ကျွမ်းခြင်း ကိစ္စ ရှိ၏၊ လဒ္ဓေါကာသော-ဖျက်ဆီးဖို့ရန်, ရအပ်သော အခွင့်အလမ်းရှိသော၊ သပတ္တော ဝိယ-ရန်သူကဲ့သို့၊ ဒုဿနပစ္စုပဋ္ဌာနော-ဖျက်ဆီးတတ်သောတရားဟုယောဂီတို့ဉာဏ်အားရှေးရှု ထင်လာ၏၊(ယှဉ်ဘက် တရားကိုလည်းကောင်း, မိမိကိန်းရာ သတ္တဝါကိုလည်းကောင်း ဖျက်ဆီးတတ်သော တရားဟု ယောဂီတို့ဉာဏ်အား ရှေးရှု ထင်လာ၏၊) ဝိသသံသဋ္ဌပူတိမုတ္တံ ဝိယ-အဆိပ်ဖြင့်ရောအပ်သော ကျင်ငယ်ပုပ်ကဲ့သို့၊ အာဃာတဝတ္ထုပဒဋ္ဌာနော-အာဃာတဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏ဟူ၍၊ ဒဋ္ဌဗ္ဗော။ [အာဃာတဝတ္ထု ၁၀ ပါးသည် နိက္ခေပကဏ္ဍ-ဟေတုဒုတနိဒ္ဒေသဉ် လာလတ္တံ့။]

အသနိပေ၊ ရသော။ ။မိုးကြိုးကျသောအခါ ကျရာအရပ်၌ အမြင်မကောင်းအောင် အနိဋ္ဌရုပ်တွေ ကျယ်ပြန့်နေသကဲ့သို့, ထို့အတူ ဒေါသဖြစ်သောအခါ ဒေါသဖြစ်ရာ တကိုယ်လုံး၌ အနိဋ္ဌဖြစ်သော ရုပ်တွေ (အရုပ်ပျက် အဆင်းပျက် ဖြစ်လောက်အောင် ပျံ့နှံ့နေ၏၊ ဤသို့ ပြန့်စေနိုင်ခြင်းကား ဒေါသ၏ အပြည့်အစုံ အပြင်းအထန်ဖြစ်ခြင်းတည်း၊ ထို့ကြောင့် အနုဋီကာ၌ ဤနည်းကို သမ္ပတ္တိရသဟု ဖွင့်သည်။[ဤနည်း၌ ဝိသပ္ပန သဒ္ဒါသည် ပျံ့နှံ့ခြင်း အနက်ဟောတည်း၊ ဝိပုဗ္ဗ+သပ္ပဓာတ်, ယုပစ္စည်း၊ သပ္ပဓာတ်သည် ဂတိအနက် ဟောသော်လည်း ဝိဥပသာရကြောင့် ပျံ့နှံ့ခြင်း ကျယ်ပြန့်ခြင်းအနက်ကို ဟောနိုင်ပါသည်၊ "ဝိသ+နိပါတော ဝိယ-အဆိပ်၏+ကျခြင်းကဲ့သို့" ဟူလည်း မူကွဲ ရှိ၏။]

တနည်း။ ။မိုးကြိုးကျခြင်းသည် (ငယ်သည်ဖြစ်စေ,ကြီးသည်ဖြစ်စေ) ဖောက်ပြန်သော အခြင်းအရာဖြစ်သကဲ့သို့, ထို့အတူ ဒေါသဖြစ်ခြင်းသည် (နည်းသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ) မူလ ပင်ကိုသဘောမှ ဖောက်ပြန်သော အခြင်းအရာသာ ဖြစ်၏၊ ဤနည်းကို ကိစ္စရသဟု ဖွင့်သည်၊ ဖောက်ပြန်သော အမူအရာ ကိစ္စ-ဟူလို၊ "ဝိရှုမ်-ဖောက်ပြန်စွာ+သပ္ပနံ-ဖြစ်ခြင်း၊ ဝိသပ္ပနံ-ခြင်း။[ဋီကာအဓိပ္ပာယ်နှင့် တွဲစပ်၍ကြည့်ပါ။]

ဝိသ၊ ပေ၊ မုတ္တံဝိယ။ ။ကျင်ငယ်ရည်သည် သူ့ချည်းသက်သက်ဆိုလျှင် ဆေးဘက်ဝင်သေးသော်လည်း အဆိပ်နှင့် ရောနေသောအခါ ဥပယောဂ (တစုံတရာဝတ္ထုဉ်ထည့်စပ်သုံးစွဲ၍)မဖြစ်တော့၊ အကျိုးပေးလျှင်လည်း ထိုအဆိပ်ရောသောကျင်ငယ်သည် မကောင်းကျိုးကိုသာ ပေးစရာရှိ၏။ ထို့အတူ ဒေါသလည်း ဥပယောဂ-ဖလ ၂ မျိုး၌ပင် အနိဋ္ဌဖြစ်သောကြောင့် ဝိသသံသဋ္ဌပူတိမုတ္တနှင့် တူသည်၊ [ဒေါသော ဥပယောဂ ဖလေသူ အနိဋ္ဌတ္တာ ဝိသသံသဋ္ဌပူတိမုတ္တံ ဝိယ ဒဋ္ဌဗ္ဗော၊-ဋီကာ။]

တေန-ထိုသဘောတရားဖြင့်၊ စိတ်တံ-သည်၊ ဗျာပဇ္ဇတိ-ဖောက်ပြန်ခြင်းသို့ ရောက်တတ်၏၊ ပူတိဘာဝံ-ပုပ်သည်၏အဖြစ်သို့၊ ဥပဂစ္ဆတိ-ကပ်ရောက်တတ်၏၊ ဣတိ-ကြောင့်၊(ဒသာ,ဗျာပါဒေါ-မည်၏၊)ဝါ-တနည်း၊(ယော သဘာဝေါ) ဝိနယာစာရ ရူပသမ္ပတ္တိ ဟိတသုခါဒီနိ-ဝိနည်း, မျိုးရိုးဏကျင့်, ရုပ်အဆင်း၏ ပြည့်စုံခြင်း, စီးပွားချမ်းသာ အစရှိသော ကောင်းကျိုးတို့ကို၊ ဗျာပါဒယတိ-ဖောက်ပြန်ခြင်းသို့ ရောက်စေတတ်၏၊ ဣတိ,(သော)ဗျာပါဒေါ-မည်၏၊ ပန်-ဆက်၊ ဧသ (ဧသော)-ဤဗျာပါဒဟူသည်၊ အတ္တတော-ပရမတ္ထအလို, တရား ကိုယ်အနက်အားဖြင့်၊ ဒေါသေယေဝ-ဒေါသပင်တည်း၊ [“အထက်၌ ပြအပ်ခဲ့သော ဒေါသပင်တည်း”ဟူလို။] ဌမ-ဤနဝမဇာကုသိုလ်စိတ်၌၊ ပဒ ပဒ္ဓိ ပါဠိယာ-ပုဒ်အစဉ်အားဖြင့်၊ ကေနတိ သ-တခုယုတ် ၃၀ သော၊ပဒါနိ-တရား အစုတို့သည်၊ဟောန္တိ၊အဂ္ဂဟိတဂ္ဂဟဏေန-ယူအပ်ပြီးသောတရားတို့ကိုမယူခြင်း အားဖြင့်၊ စုဒ္ဒသ-နံသော၊ (ပဒါနိ ဟောန္တိ)၊ တေသံ-ထို ၁၄ ပါးသောတရား အစုတို့၏၊ ဝသေန-ဖြင့်၊ သဝိဘတ္တိကာ ဝိဘတ္တိက ရာသိဘေဒေါ-သဝိဘတ္တိက အဝိဘတ္တိက အပြား, ရာသိအပြားကို၊ ဝေဒိတဗ္ဗော-၏။ [ထိုအပြားကို ပဌမမဟာကုသိုလ် ဓမ္မာဒ္ဓေသဝါရကထာအဆုံး၌ ရှုပါ။]

ယေဝါပနကေသု-ယေဝါပနကတို့တွင်၊ ဆန္ဒော၊ပေး၊ ဥဒ္ဓစ္စာနိ-ဆန္ဒ, အဓိမောက္ခ, မနသိကာရ, ဥဒ္ဓစ္စတို့သည်၊ နိယတာနံ-နိယတ ယေဝါပနကတို့ တည်း၊ ပန-ဆော၊ ဣဿာ မစ္ဆရိယ ကုက္ကုစ္စေသု-တို့တွင်၊ အညတရေန-တပါးပါးနှင့်၊ သဒ္ဓိံ, ပဋ္ဌပဒ္ဓ-၅ ပါး ၅ပါးတို့သည်၊ ဟုတ္ဝါပိ-ဖြစ်၍လည်း၊ ဥပပဇ္ဇန္တိ၊ ဧဝံ-လျှင်၊ တဿာ-နံသော၊ ဣမေပိ ဓမ္မာ-တို့သည်လည်း၊ အနိယတ ယေဝါပနကာနာမ-အနိယတ ယေဝါပနကတို့မည်၏၊ တေသု-ထို ၃ပါးသော တရားတို့တွင်၊ (ယာဓမ္မဇာတိ)ဣဿတိ-ငြူစူတတ်၏၊ ဣတိ-ကြောင့်၊ (သာ) ဣဿာ-မည်၏၊ သာ-ထို ဣဿာသည်၊ ပရသမ္ပတ္တိနံ-သူတပါးတို့၏ စည်းစိမ်တို့ကို၊ ဥသူယန လက္ခဏာ-ငြူစူခြင်း လက္ခဏာ

ဗျာပါဒေါ။ ။“ဝိ+အာ+ပါဒ”ဟု ပုဒ်ခွဲ၊ဝိသည် ဝိရူပအနက်ဟော၊ထို့ကြောင့် “ဗျာပဇ္ဇတိ”ကို “ပူတိဘာဝံ ဥပဂစ္ဆတိ”ဟု အဓိပ္ပာယ် ဖွင့်သည်၊ “ဗျာပဇ္ဇတိ တေနာတိ ဗျာပါဒေါ”ဟု ကရဏသာဓနပြု၊ဒုတိယနည်း၌ ဝိ,အာပုဗ္ဗပဒဓာတ်,ကာရိုက်ဏော ပစ္စည်း၊ ထိုကာရိုက်ပစ္စည်းကိုချေ၍ “ဗျာပါဒေါ”ဟု ပြီးကြောင်းကို ပြလိုသောကြောင့်“ဗျာပါဒယတိဝါ၊ပေ၊ ဗျာပါဒေါ”ဟု မိန့်သည်၊ ဝိနယဖြင့် ဝိနည်းသိက္ခာပုဒ်စသော ဝါရိတ္တဝိနည်းကို ယူ၍, အာစာရဖြင့် မျိုးရိုးအကျင့် ထုံးစံဖြစ်သော စာရိတ္တအကျင့်ကို ယူပါ၊ ဒေါသဖြစ်သောအခါ ထိုဝါရိတ္တ, စာရိတ္တဝိနည်းကိုလည်း ဖျက်ဆီးသောအားဖြင့် ဖောက်ပြန်စေ၏၊ မိမိရုပ်အဆင်း၏ ပြည့်စုံခြင်းကိုလည်း မျက်နှာနီမြန်းလာခြင်း, တုန်လှုပ်စေခြင်းအားဖြင့် ဖောက်ပြန်စေ၏၊ စီးပွားရေး, ချမ်းသာရေးစသည်တို့ကိုလည်း ပျက်စီးစေသည်။

ရှိ၏၊[သက္ကတ၌ အသူယသည်ပါဋ္ဌိ၌"ဥသူယ"ဟုဖြစ်၏၊]တတ္ထေဝ-ထိုသူတပါး စည်းစိမ်တို့၌ပင်၊ အနဘိရတိရသာ-မွေ့လျော်ခြင်း၏ ဆန့်ကျင်ဘက်ကိစ္စ ရှိ၏၊ တတော - ထိုသူတပါး စည်းစိမ်မှ၊ ဝိမုခဘာဝပစ္စုပဋ္ဌာနာ - မျက်နှာလွှဲ၏ အဖြစ်ဖြင့် ယောဂီတို့ဉာဏ်အားရှေးရှုထင်လာ၏၊ပရသမ္ပတ္တိပဒဋ္ဌာနာ-သူတပါး တို့၏ သမ္ပတ္တိလျှင် နီးစွာသော အကြောင်းရှိ၏၊ [နောက်၌ "အတ္တသမ္ပတ္တိ အာဝါသာဒိ"ဟု ဋီကာ ဖွင့်လတ္တံ့ ဖြစ်သောကြောင့် ဤပရသမ္ပတ္တိလည်း အာဝါသ အစရှိသည်ပင်တည်း။] သံယောဇနန္တိ-ဣဿာ သံယောဇဉ်တမျိုး ဟူ၍၊ ဒဋ္ဌဗ္ဗာ-၏။

မစ္ဆရဘာဝေါ-ဝန်တိုတတ်သူ၏ ဖြစ်ကြောင်းဖြစ်ရာ သဘောစာရားသည်၊ မစ္ဆရိယံ-မည်၏၊ ["မစ္ဆေရဘာဝေါ"ဟု ရှိသည်ကား မကောင်း၊ မစ္ဆရနောင် ဘာဝအနက်၌ ဏျပစ္စည်းသက်, ရ၏ အ,ကို ဣပြု၊ ဣဿရိယံပုဒ်ကဲ့သို့တည်း၊] တံ - ထိုမစ္ဆရိယသည်၊ လဒ္ဓါနံဝါ-ရအပ်ပြီးမူလည်း ဖြစ်ကုန်သော၊ လဘိ တဗ္ဗာနံဝါ-ရထိုက်သည်မူလည်း ဖြစ်ကုန်သော၊ (မရသေးသော်လည်း ရဖို့ရန် မျှော်လင့်ချက်ရှိသည်လည်းဖြစ်ကုန်သော၊) အတ္တနော-၏၊ သမ္ပတ္တိနံ-စည်းစိမ် တို့ကို၊ နိဂူဟနလက္ခဏံ-လျှို့ဝှက်ခြင်းလက္ခဏာရှိ၏၊ တာသံယေဝ-ထို ရထိုက်- ရပြီး ကိုယ့်ပစ္စည်းတို့၏ပင်၊ ပရေဟိ-တို့နှင့်၊ သာဓာရဏဘာဝ အက္ခမနရသံ- ဆက်ဆံသည်၏အဖြစ်ကို သည်းခံခြင်း၏ ဆန့်ကျင်ဘက်ကိစ္စ ရှိ၏၊ သင်္ကောစန ပစ္စုပဋ္ဌာနံ-တွန့်တိုသော တရားဟု ယောဂီတို့ဉာဏ်အား ရှေးရှု ထင်လာ၏၊ (သူတပါးအား ပေးရမည်ကို တွန့်တိုခြင်းသဘောဟု ယောဂီတို့ဉာဏ်အား ထင်လာသည်၊) ဝါ-တနည်း၊ ကဋ္ဌုကဋ္ဌုကတာပစ္စုပဋ္ဌာနံ - ခါးစပ်သော အရသာကဲ့သို့ ဖြစ်တတ်သည်၏အဖြစ်ဖြင့် ယောဂီတို့၊ပေ၊ ထင်လာ၏၊ အတ္တ သမ္ပတ္တိပဒဋ္ဌာနာ-မိမိ၏ အာဝါသ အစရှိသော သမ္ပတ္တိလျှင် နီးစွာသော အကြောင်း ရှိ၏၊ စေတသော - စိတ်၏၊ ဝိရူပဘာဝေါ-ဖောက်ပြန်သည်၏ ဖြစ်ကြောင်းဖြစ်ရာတည်း၊ ဣတိ-သို့၊ ဒဋ္ဌဗ္ဗံ-၏။

ကဋ္ဌုကဋ္ဌုကတာ။ ။"ကဋ္ဌုက+အဋ္ဌုက"ဟု ခွဲ၊ကဋ္ဌုကသဒ္ဒါသည် အခါးအစပ် အရသာကို ဟော၏၊ အဋ္ဌဓာတ်သည် ဂတိအနက် ဟော၏၊ ဋီကာ၌ "ကဋ္ဌုကာကာရ ဂတိ-စပ်သော အခြင်းအရာ၏ ဖြစ်ခြင်း"ဟု ဖွင့်၏၊ ထို၌ "အာကာရ"အရ "အခြင်း အရာ"ဟူသည် စပ်သောအရသာကဲ့သို့ ဖြစ်ခြင်း, စပ်သော အရသာနှင့် တူခြင်းတည်း၊ ထို့ကြောင့် "အဋ္ဌယတိ ဂစ္ဆတီတိ အဋ္ဌုကံ၊ (ဥကန် ပစ္စည်း၊) ကဋ္ဌုကံဝိယ+အဋ္ဌုကံ ကဋ္ဌုကဋ္ဌုကံ=ခါးစပ်သော အရသာကဲ့သို့ ဖြစ်တတ်သော စိတ်၊ တဿ+ဘာဝေါ ကဋ္ဌုကဋ္ဌုကတာ၊ ခါးစပ်သော အရသာသည် သာယာဖွယ်မကောင်းသကဲ့သို့ စွန့်ကြဲ ပေးကမ်းမှု၌ မသာယာသော (စိတ် မပါသော) အခြင်းအရာအားဖြင့် ဖြစ်ခြင်း"ဟူလို။ [ဤကဋ္ဌုကဋ္ဌုကတာ၏ အဖွင့်သည် နိကွေပကဏ္ဍ, ဒုကနိကွေပကထာ၌ လာလတ္တံ့။]

ကုစ္ဆိတံ-စက်ဆုပ်အပ်စ္ဓာ၊ ကတံ-ပြုအပ်သော စိတ်တည်း၊ ကုကတံ-စိတ်၊ တသဲ-ထိုစက်ဆုပ်အပ်စ္ဓာ ပြုအပ်သောစိတ်၏၊ ဘာဝေါ-တည်း၊ ကုက္ကုစ္စံ-ထု၊ တံ-ထိုကုက္ကုစ္စသည်၊ ပစ္ဆာနုတာပလက္ခဏံ-ပြုထုကာလမှ နောက်၌ အဖန်ဖန် ပူပန်ခြင်းလက္ခဏာရှိ၏၊ကတာကတာနုသောစနရသံ-ပြုအပ်ပြီးသော ဒုစရိုက်, မပြုအပ်မိသော သုစရိုက်သို့ အစဉ်လိုက်၍ ဝမ်းနည်းခြင်းကိစ္စ ရှိ၏၊ [ရှေးက ''စိုးရိမ်ခြင်း'' ဟု ပေးကြသည်၊ အမှန်မှာ စိုးရိမ်ခြင်းမဟုတ်, ဝမ်းနည်းခြင်းတည်း] ဝိပ္ပဋိသာရပစ္စုပဋ္ဌာနံ-လွန်ပြီးမှုနောက်, စဲလျော်၍, ဖောက်ဖောက်ပြန်ပြန် ကြံစည်ခြင်းရှိသောတရားဟု ယောဂိတို့ဉာဏ်အား ရှေးရှုထင်လာ၏၊ (နှလုံးမသာယာခြင်းရှိသောတရားဟု ယောဂိတို့ဉာဏ်အား ရှေးရှုထင်လာ၏၊) ကတာကတပဒဋ္ဌာနံ-ပြုအပ်ပြီးသော ဒုစရိုက်, မပြုအပ်မိသော သုစရိုက်လျှင် နိုးစ့ာသောအကြောင်းရှိ၏၊ ဒါသဗျံဝိယ-ကျွန်၏အဖြစ်ကဲ့သို့၊ ဒဋ္ဌဗ္ဗံ-၏၊ အယံ-ဤဆိုအပ်ပြီးတား၊တာဝ-နိဒ္ဒေသဝါရမှ ရှေးဦးစ့ာ၊(နိဒ္ဒိဋ္ဌေ)ဥဒ္ဒေသဝါရေ-၌၊ ဝိသေသေ - အထူးတည်း၊ နိဒ္ဒေသဝါရေ-၌၊ ဝေဒနာနိဒ္ဒေသေ-ဝေဒနာနိဒ္ဒေသ၌၊ အသာတံ-အသာတကို၊ သာတပဋိပက္ခဝသေန-သာတ၏ ဆန့်ကျင်ဘက်၏ အဖြစ်ဖြင့်၊ ဝေဒိတဗ္ဗံ။

ကုက္ကုစ္စံ။ ။''ကုစ္ဆိတံ+ကတံ ကုကတံ-စက်ဆုပ်အပ်စ္ဓာပြုအပ်သောစိတ်''ဟူသည် ပြုအပ်ပြီးသော ဒုစရိုက်ကို အာရုံပြု၍ဖြစ်သော, မပြုအပ် (မပြုခဲ့မိ) သော သုစရိုက်ကို အာရုံပြု၍ဖြစ်သော စိတ်တည်း၊ [ကုစ္ဆိတံ ကတံတိ ကတာကတံ အာရဗ္ဘ ဥပ္ပဇ္ဇနကဝိပ္ပဋိသာရစ်တ္တံ၊-ယောဇနာ။] မှန်၏-ထို့စ်တ်သည် ပြုအပ်ပြီး အကုသိုလ်ကိုလည်း မပြုအပ်ရာရောက်အောင်, မပြုခဲ့မိသောကုသိုလ်ကိုလည်း ပြုအပ်ပြီးဖြစ်အောင် မတတ်နိုင်ရကား သက်သက် စက်ဆုပ်စရာ (ရွံစရာ) ကောင်းသောစိတ်သာ ဖြစ်လေသည်၊ ထိုစိတ်၏ ဖြစ်ကြောင်းဖြစ်ရာကား ဤကုက္ကုစ္စ စေတသိက်တည်း၊ ထို့ကြောင့် ''ကုကတသ+ဘာဝေါ ကုက္ကုစ္စံ''ဟု ပြုရသည်။ [ကျပစ္စည်းသက်, တျကို စပြု၊ ဒွေဘော်လှာ, က၏ အကို ဥပြု။]

အမှာ။ ။ရှေးနိဿယ၌ ''ကုကတ်''အရ ပြုအပ်ပြီး အကုသိုလ်, မပြုခဲ့မိသော ကုသိုလ်ကို မုချကောက်၍,ထိုကုသိုလ် အကုသိုလ်ကိုအာရုံပြုသောစိတ်ကိုကား ကာရဏူပစာရအားဖြင့် ကောက်လေ၏၊ ထို့ပြင် ပါရာဇိကဏ် သုဒိန္နကဏ္ဍအဋ္ဌကထာ, ဋီကာတို့၌ ''ကုစ္ဆိတံ-စက်ဆုပ်အပ်စ္ဓာ+ကတံ-ပြုအပ်သော အမူအရာတည်း၊ ကုကတံ-ရာ၊ ကုကတမေဝ ကုက္ကုစ္စံ''ဟု ဖွင့်၏၊ ထိုအဖွင့်ကို ဤနည်းမှ တမျိုးဟု မှတ်ပါ။

ဒါသဗျံဝိယ။ ။ဒါသဿ+ဘာဝေါ ဒါသဗျံ၊ ဘာဝအနက်၌ ဗျပစ္စည်းသက်၊ ဝုမုဗျပုဒ်ပြီးပုံကဲ့သို့တည်း၊ ကျွန်ဖြစ်နေလျှင် ထိုကျွန်သည် မည်သည့်ကိစ္စ၌မျှ မိမိမပိုင်တော့ပဲ အရှင်သခင်၏အလိုအတိုင်းသာဖြစ်ရသကဲ့သို့, ကုက္ကုစ္စဖြစ်နေလျှင် ထိုကုက္ကုစ္စရှိသူသည် ကုသိုလ်ကိစ္စ၌ မိမိအလိုအတိုင်း မဖြစ်နိုင်။ [ဋီကာ၌ ဤနည်းအပြင် နောက်တနည်း ဖွင့်သေး၏။]

ဒေါသနိဒ္ဒေသေ-ဒေါသနိဒ္ဒေသဉ်၊ (ဆတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊ (ယော သဘာဝေါ) ဒုဿတိ-ပျက်စီးတတ်၏၊ ဣတိ, (သော)၊ ဒေါသော-မည်၏၊ ဒုဿနာတ္ထိ-ကား၊ ဒုဿနာကာရော-ပျက်စီးခြင်းဟူသော အခြင်းအရာတည်း၊ ဒုဿိတတ္တန္တိ-ကား၊ ဒုဿိတဘာဝေါ-ပျက်စီးသောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာတည်း၊ ပကတိဘာဝ ဝိဇဟနဋ္ဌေန - ပင်ကိုသဘောကို စွန့်ခြင်း ဟူသော အနက်သဘောအားဖြင့်၊ ဗျာပဇ္ဇနံ - ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းသည်၊ ဗျာပတ္တိ-မည်၏၊ ဗျာပဇ္ဇနာတိ-ကား၊ ဗျာပဇ္ဇနာကာရော-ဖောက်ပြန်ခြင်းသို့ ရောက်ခြင်းဟူသော အခြင်းအရာတည်း၊ (ယော သဘာဝေါ)၊ ဝိရုဇ္ဈတိ-ဆန့်ကျင်တတ်၏၊ဣတိ,(သော)၊ဝိရောဓော-မည်၏၊(ယော သဘာဝေါ)၊ပုနပ္ပုနံ-အဖန်ဖန်၊ (ပဋိ၏ အဖွင့်) ဝိရုဇ္ဈတိ-၏၊ ဣတိ, (သော)၊ ပဋိဝိရောဓော-၏၊ ဝေါ-တနည်း၊ဣဒံ-ဤ ဝိရောဓော,ပဋိဝိရောဓော ဟူသော ပုဒ် ၂ ပါး အပေါင်းကို၊ဝိရုဒ္ဓါ၊ပေ၊ဝသေန-ဆန့်ကျင်သောပုဂ္ဂိုလ်(စိတ်)၏ အခြင်းအရာ,အဖန်ဖန် ဆန့်ကျင်သောပုဂ္ဂိုလ်(စိတ်)၏ အခြင်းအရာ၏ အစွမ်းဖြင့်၊ ဝုတ္တံ ပြီ၊ စဏ္ဍော-ကြမ်းတမ်းသော၊ ထဒ္ဓပုဂ္ဂလော - ခက်ထန်သော ပုဂ္ဂိုလ်ကို၊ စဏ္ဍိကော-စဏ္ဍိက ဟူ၍၊ ဝုစ္စတိ၊ တဿ-ထို ကြမ်းတမ်းသော ပုဂ္ဂိုလ်၏၊ ဘာဝေါ-သည်၊ စဏ္ဍိက္ကံ-မည်၏။

ဇေတန-ဤဒေါသသည်၊ဝေါ-ကြောင့်၊ သုရောပိတံ-ကောင်းစွာဖြစ်စေအပ်သော၊ ဝစနံ-စကားလုံးသည်၊ နဟောတိ-မဖြစ်၊ ဒုရုတ္တံ (၉ဝ)- မကောင်းသဖြင့် ပြောဆိုအပ်သော စကားသည်သာ၊ အပရိပုဏ္ဏမေဝ- မပြည့်စုံသော စဏားသည်သာ၊ဟောတိ-ဖြစ်၏၊ ဣတိ-ကြောင့်၊ အသုရောပေါ-မည်၏၊ ဟိ-

---

ဝိရုဒ္ဓါ၊ပေ၊ဝုတ္တံ။ ။အာကာရဖြင့် ဖွင့်ပြသောကြောင့်"ဝိရုဇ္ဈနံ ဝိရောဓော၊ ပဋိဝိရုဇ္ဈနံ ပဋိဝိရောဓော"ဟု ဘာဝသာဓန ပြု၏။ [ဝိရုဒ္ဓါ ကာရောတိ၊ပေ၊ တန ဝိရုဇ္ဈနံ ဝိရောဓောတိ ဒဿေတိ။-ဋီကာ။] ဤဋီကာဋ္ဌ ပဋိဝိရုဇ္ဈနကို အထူးမဖွင့်, သဘောတူ၍ ချန်ထားသည်၊ ရှေးနိဿယဋ္ဌ "ဝိရုဒ္ဓါကာရ" မပါ၊ "ပဋိဝိရုဒ္ဓါကာရ"သာ ပါ၏၊ ကျနေဟန် တူသည်။

စဏ္ဍိက္ကံ။ ။စဋီခဝ်ာတ်သည် ကောပ(အမျက်ထွက်ခြင်း)အနက်ဟောဟု ထောမနိဓိဆို၏၊ (အက်ာ (အ) ပစ္စည်း)ဟုလည်း ဆို၏၊ စဏ္ဍတိ ကုပ္ပတိတိ စဏ္ဍော-အမျက်ထွက်တတ်သူ, ကြမ်းတမ်းသူ၊ ထို စဏ္ဍိကောကို စဏ္ဍောဟု ဖွင့်သောကြောင့် ဣကပစ္စည်း အနက်သီးခြားမရှိ, သွတ္ထဟု ပြု၏၊ "စဏ္ဍောယေဗ စဏ္ဍိကော၊ စဏ္ဍိကဿ+ဘာဝေါ စဏ္ဍိက္ကံ။

အသုရောပေါ။ ။ရောပေါဒ္ဒိ ရုဟ(ဇနနေ) ဟူသောခဝ်ာတ်, ကာပေပစ္စည်း၊ ဝုဒ္ဓိပြု, ဟနှင့် အာကိုးချ၍ "ရောပ"ဟု ဖြစ်၏၊ ရောပိယတေ-ဖြစ်စေအပ်၏၊ ဣတိ ရောပံ (ဝစနံ)၊ သုမှာ+ရောပံ သုရောပံ၊နဿိ+သုရောပံ ယေနာတိ အသုရောပေါ၊ ကောင်းစွာ

မှန်၏၊ ကုဒ္ဓကာလေ-စိတ်ဆိုးရာအခါ၌၊ ပရိပုဏ္ဏဝစနံနာမ- ပြည့်စုံသောစကား မည်သည်၊ နတ္ထိ-မရှိ၊ ကဿစိ-အချိုပုဂ္ဂိုလ်၏၊ (အချိုပုဂ္ဂိုလ်မှာ၊) ပရိပုဏ္ဏ ဝစနံ-ပြည့်စုံသောစကားသည်၊ သစေပိ ဟောတိ-အကယ်၍မူလည်း ဖြစ်စေဦး တော့၊ [တချိုပုဂ္ဂိုလ်မှာ စကားအပြော ကျွမ်းကျင်သောကြောင့် ဒေါသထွက် စေကာမူ စကားကိုပြည့်စုံအောင် ပြောနိုင်၏၊] (ဝေံသတိပိ-ဤသို့ဖြစ်ပါသော်လည်း၊) တံ-ထို အချိုပုဂ္ဂိုလ်အတွက် စကား၏ ပြည့်စုံခြင်းသည်၊ အပ္ပမာဏံ-နှိုင်းယှဉ်ကြောင်း ပမာဏ မဟုတ်။

ပန - ဝါဒန္တိရကား၊ အပရေ - တပါးသော ဆရာတို့သည်၊ အသုဇန နဌေန-မျက်ရည်ကို ဖြစ်စေတတ်သည်၏အဖြစ်ဟူသောအနက်အားဖြင့်၊ (ဝဒန္တိ ၌စပ်၊) အသုရောပနတော - မျက်ရည်ကိုဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်၊ အသုရောပေါတီ-ဟူ၍၊ ဝဒန္တိ-နှ်၏၊ တံ-ထို မျက်ရည်ကို ဖြစ်စေခြင်းဟူသော အကြောင်းသည်၊ အကာရဏံ-လိုရင်းအကြောင်း မဟုတ်၊ (ကသ္မာ-နည်း၊) သောမနဿဿာပိ-သောမနဿဝေဒနာ၏လည်း၊ အသုဇနနတော-မျက်ရည် ကို ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်တည်း၊ ဟေဌာ-၌၊ ဝုတ္တအတ္တမနတာ ပဋိပက္ခတော-ဆိုအပ်ပြီးသော အတ္တမနတာ၏ ဆန့်ကျင်ဘက်၏အဖြစ်ကြောင့်၊ အတ္တမနတာ-အတ္တမနတာသည်၊ နှ-မဟုတ်၊ ဣတိ-ကြောင့်၊ အနတ္တမနတာ-မည်၏၊ ပန-ဆက်၊ ယသ္မာ,သာ-ထိုအနတ္တမနတာသည်၊ စိတ္တဿေဝ-စိတ်၏ သာလျှင်၊ (အနတ္တမနတာ-သည်၊ ဟောတိ)၊ သတ္တဿ-သတ္တဝါ၏၊ (အနတ္တ မနတာ-သည်၊) နှ-မဟုတ်၊ တသ္မာ,စိတ္တဿာတိ-ဟူ၍၊ ဝုတ္တံ-ပြီ၊ သေသံ-ကြွင်းသော အစီအရင်ကို၊ ဧတ္ထ-ဤ နဝမအကုသိုလ်စိတ်၌လည်းကောင်း၊ သင်္ဂဟ သုညတဝါရေသုစ - သင်္ဂဟဝါရ, သုညတဝါရတို့၌လည်းကောင်း၊ ဟေဌာ-အောက် ပဌမမဟာကုသိုလ်စိတ်၌၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ၊ ဣတိ-အပြီး တည်း။....နဝမံ-သည်၊ နိဋ္ဌိတံ-ပြီ။

(ပြည့်စုံစွာ) ဖြစ်စေအပ်သောစကား မရှိကြောင်းဒေါသ၊ "ဒုရုတ္တံ, အပရိပုဏ္ဏမေဝ" ကား အဓိပ္ပာယ်ဖွင့်။ [ဝစနံကို နိဒဿနနည်းဟု ဋီကာဆို၏၊ "စကားသာမက, ဒေါသ ဖြစ်သောအခါ မည်သည့်အမှုကိုမျှ ပြည့်စုံစွာ မဖြစ်စေနိုင်" ဟူလို။]

အပရေ ပန်။ ။ဤအပရေဝါဒ၌ "အသုရောပေါ" ဟုပါ၌ရှိရမည်၊ "ရောပေတိ ဇနေတိတိ ရောဒေပါ၊ "ရုဟ-ဇနနေ" ဟူသောဓာတ်, ဏာဓပပစ္စည်း၊ အသုံ+ရောပေါ အသုရောပေါ-မျက်ရည်ကို ဖြစ်စေတတ်သော ဒေါသ၊ ဤဝါဒကို အဌကထာဆရာ မနှစ်သက်သောကြောင့် "တံ အကာရဏံ" ဟု မိန့်သည်၊ ဘာ့ကြောင့်နည်း-တရံတခါ ဝမ်းမြောက်လွန်းသည့် အတွက် မျက်ရည်ထွက်တတ်သောကြောင့်တည်း၊ မှန်၏-မိမိ ဆိုင်ရာ ပုဂ္ဂိုလ်တို့၏ နာမည် ကျော်ကြား ထင်ရှားမှု ဖြစ်သောအခါ ဝမ်းမြောက်မှု သောမနဿကြောင့်လည်း မျက်ရည်ထွက်လာတတ်ပေသည်။

ဒသမစိတ်အဖွဲ့

ဒသမံ - ဒသမ အကုသိုလ် စိတ်သည်၊ သသင်္ခါရိကတ္တာ - သင်္ခါရနှင့် တကွ ဖြစ်သည်၏အဖြစ်ကြောင့်၊ ပရေဟိ-တို့သည်၊ ဥဿာဟိတဿ-အားတက်စေအပ်သည်ဖြစ်၍၊ (တိုက်တွန်းအပ်သည်ဖြစ်၍၊) (ကုဇ္ဈိမာနဿ) ဝါ-စိတ်ဆိုးသော ပုဂ္ဂိုလ်၏ သန္တာန်၌သော်လည်းကောင်း၊ပရေသံ-တို့၏၊ အပရာဓံ-အပြစ်ကို၊ သာရိတဿ-အမှတ်ရစေအပ်သည်ဖြစ်၍၊(ကုဇ္ဈမာနဿ)ဝါ-၌သော်လည်းကောင်း၊ သယမေဝ-ကိုယ်တိုင်သာလျှင်၊ ပရေသံ-တို့၏၊ အပရာဓံ-ကို၊ အနုဿရိတ္တာ, အနုဿရိတ္ဝါ-အောက်မေ့၍, အောက်မေ့၍၊ (တွေး၍တွေး၍)၊ ကုဇ္ဈမာနဿ ဝါ-၌သော်လည်းကောင်း၊ ဥပ္ပဇ္ဇတိ-၏။ [သူတပါးက မတိုက်တွန်းရပဲ မိမိအပေါ်၌ သူတပါးပြုအပ်သောအပြစ်ကို မိမိဘာသာ စဉ်းစားသောအခါ ရှေစိတ်၏ တိုက်တွန်းမှုကြောင့် နောက်စိတ်၌ ဤ သသင်္ခါရိက ဒေါသ-ဒေါမနဿဲ ဖြစ်သည်။]

ဣဓဝပိ - ဤ ဒသမ အကုသိုလ်စိတ်၌လည်း၊ ပဒပဋိပါဋိယာ - အားဖြင့်၊ ဧကူနတိံသ - သော၊ (ပဒါနိ - တရားအစုတို့သည်၊ ဟောန္တိ၊) အဂ္ဂဟိတဂ္ဂဟဏေနစ-ယူအပ်ပြီးသော တရားတို့ကို မယူခြင်းအားဖြင့်လည်း၊ စုဒ္ဒသေဝ-၁၄ ပါးသာလျှင် ဖြစ်ကုန်သော၊ ပဒါနိ-တရားအစုတို့သည်၊ ဟောန္တိ၊ ပန-ဆက်၊ [တချို့စာအုပ်၌ "ပန" မပါ။] ယေဝါပနကေသု-တို့၌၊ ထိနမိဒ္ဓပိ-ကိုလည်း၊ လဗ္ဘတိ၊ တသ္မာ,ဧတ္ထ-ဤ ဒသမ အကုသိုလ်စိတ်၌၊ ဤသာမစ္စရိယကုက္ကုစ္စေဟိ-တို့နှင့်၊ ဝိနာ-ကင်း၍၊ စတ္တာရိ-နှံသော၊ အပဏ္ဏကင်္ဂါနိ-မချွတ်မယွင်းသော အင်္ဂါတို့လည်းကောင်း၊ ထိနမိဒ္ဓံ - လည်းကောင်း၊ ဤတိ - သို့၊ ဆ - နှံသော၊ ဤမေ - ဤတရားတို့သည်၊ (ဟောန္တိ)၊ ဤသာဒီနံ-ဤသာ အစရှိသည်တို့၏၊ ဥပ္ပတ္တိကာဇလ-ဖြစ်ရာအခါ၌၊ တေသု-ထို ဤသာအစရှိသည်တို့တွင်၊ ဇာတရေန-တပါးပါးသောတရားနှင့်၊ သဒ္ဓိံ, သတ္တ-နှံသော၊ ယေဝါပနကာ-တို့သည်၊ ကေဣဏေ-တပြိုင်နက်သောခဏ၌၊ ဥပ္ပဇ္ဇန္တိ-ဖြစ်နိုင်ကုန်၏၊ သေသံ-သော၊ သဗ္ဗံ-အလုံးစုံသော အစီအရင်သည်၊ သဗ္ဗဝါရေသု-တို့၌၊ နဝမ-သဒိသမေဝ-နဝမအကုသိုလ်စိတ်၏ အစီအရင်နှင့်တူသည်သာ၊ ပန-ဆက်၊ ဒ္ဝိသုန်- သော၊ ဤမေသု ဒေါမနဿစိတ္တေသု - ဤဒေါမနဿစိတ်တို့၌၊ (ဒေါသမူစိတ်တို့၌၊) သဟဇာတာမိပတိ်ယေဝ-ကိုသာ၊ လဗ္ဘတိ့-၏၊ အာရုမဏာဓိပတိ-ကို၊နှ(လဗ္ဘတိ)၊ (ကသ္မာ အာရုမဏာဓိပတိ, နှ လဗ္ဘတိ့-နည်း၊) ဟိ(ယသ္မာ), ကုဒ္ဓါ-စိတ်ဆိုးသူသည်၊ကိဉ္စိ-တစုံတခုသောအာရုံကို၊ဂရုံ-လေးလေးစားစား၊ နှ ကထေတိ-မပြု၊ ဤတိ-ကြောင့်၊ (အာရုမဏာဓိပတိ-ကို၊ နှ လဗ္ဘတိ-မရအပ်။)

ကောဒသမ စိတ်အဖွဲ့

ကောဒဆမံ - ကဲ့ဒသမ အကုသိုလ် စိတ်သည်၊ ဆသု အာရုံမကွေသို့, ဝေဒနာဝဲသေန - ဖြင့်၊ မဇ္ဈတ္တာသ - အလယ် အလတ်၌ တည်သော သဘော ရှိသည်ဖြစ်၍၊ (ဥပေက္ခာဝေဒနာရှိသည်ဖြစ်၍၊) ကခ်ံါပဝတ္တိကာလေ-ယုံမှားခြင်း၏ ဖြစ်ရာအခါ၌၊ ဥပ္ပဇ္ဇတိ-၏၊ တဿ-ထို ကောဒသမ အကုသိုလ်စိတ်၏၊ သမယဝဝတ္ထာနေ - သမယဝဝတ္ထာနဝါရ၌၊ ဝိစိကိစ္ဆာသမ္ပယုတ္တံတိ ပဒံ - ဝိစိကိစ္ဆာ သမ္ပယုတ်ံ ဟူသောပုဒ်သည်၊ အပုဗ္ဗံ-ရှေးမဟုတ်သောပုဒ်တည်း၊ (အသစ်ဖြစ်သောပုဒ်တည်း၊) တဿ-ထို ဝိစိကိစ္ဆာသမ္ပယုတ်ံ ပုဒ်၏၊ အတ္ထော - ကို၊ (ဝံ ဝေဒိတဗ္ဗော)၊ ဝိစိကိစ္ဆာယ - ဝိစိကိစ္ဆာနှင့်၊ သမ္ပယုတ်ံ - အညီအမျှ ကေပ္ပါဒတာ အစရှိသောအပြားတို့ဖြင့် ယှဉ်သော စိတ်တည်း၊ ဣတိ-ကြောင့်၊ ဝိစိကိစ္ဆာသမ္ပယုတ်ံ-မည်၏၊ဓမ္မုဒ္ဒေသေ-ဓမ္မုဒ္ဒေသဝါရ၌၊ဝိစိကိစ္ဆာ ဟောတိတိ ပဒမေဝ-ဝိစိကိစ္ဆာဟောတိ ဟူသော ပုဒ်သည်သာ၊ ဝိသေသော-ထူး၏။

တတ္ထ-ထို ဝိစိကိစ္ဆာဟူသော ပုဒ်၌၊ (ဝိစနတ္ထလက္ခဏာဒယော - တို့ကို၊ ဝေံ-သို့၊ ဝေဒိတဗ္ဗာ - နှ်၏၊) စိကိစ္ဆာ - ဉာဏ်တည်းဟူသော ဆေးကုခြင်းမှ၊ ဝိဂတာ - ကင်းသောတရားတည်း၊ ဣတိ, ဝိစိကိစ္ဆာ - မည်၏၊ ဝါ-တနည်း၊ တောယ-ဤသဘောတရားဖြင့်၊ သဘာဝံ-တရားတို့၏ ဟုတ်မှန်သော သဘောကို၊ ဝိစိနန္တော- စူးစမ်းရှာဖွေလသော်၊ ကိစ္ဆတိ ကိလမတိ-ပင်ပန်းရ၏၊ ဣတိ-ကြောင့်၊ (ထိုသို့သဘောမှန်ကို စူးစမ်းသူ၏ ပင်ပန်းကြောင်း၏အဖြစ်ကြောင့်၊) (သာ) ဝိစိကိစ္ဆာ-မည်၏၊ သာ-ထိုဝိစိကိစ္ဆာသည်၊ သံသယလက္ခဏာ-ယုံမှားခြင်း လက္ခဏာရှိ၏၊ကမ္မနရသာ-တုန်လှုပ်ခြင်းကိစ္စရှိ၏၊ အနိစ္ဆယ ပစ္စုပဋ္ဌာနာ-ဆုံးဖြတ်ခြင်း မရှိသော တရားဟု ယောဂီတို့ဉာဏ်အား ရှေးရှု ထင်လာ၏၊ ဝါ-တနည်း- အနေကံသဂ္ဂါဟ ပစ္စုပဋ္ဌာနာ - တပါးမက မျှားသောအဖို့ကို ယူခြင်းသဘောတရားဟုယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏၊အယောနိသော မနသိကာရပဒဋ္ဌာနာ-အယောနိသောမနသိကာရလျှင် နီးစွာသောအကြောင်းရှိ၏၊ ပဋိပတ္တိ အန္တရာယကရာ-ပဋိပတ်၏ အန္တရာယ်ကို ပြုတတ်သော တရားတည်း၊ ဣတိ ဒဋ္ဌဗ္ဗာ။

ဝိစိကိစ္ဆာ။ ။ပဌမနည်း၌ ဝိသည် "ဝိဂတ"အနက်ဟော၊ ဒုတိယနည်း၌ "ဝိစိနန္တကိစ္ဆာ"ဟု ဆိုလိုလျက် နန္တကို ချေထားသည်၊ အကျယ်က သဂြိုဟ်ဘာသာဋီကာ စေတသိက်ပိုင်း၌ ရှုပါ။

ပဋိပတ္တိ အန္တရာယကရာ။ ။ဘုရားစသော အာရုံ၌ ယုံမှား သံသယ ဖြစ်နေလျှင် ရှေ့သို့ တိုးတက်၍ တရားအားထုတ်လို့ မရ၊ ထို့ကြောင့် "ပဋိပတ်၏ အန္တရာယ်ကို ပြုတတ်သည်"ဟု ဆိုသည်၊ ဒွေဓာပထေ၌လည်း ဤအဓိပ္ပာယ်ပင်တည်း။

ဣဓ-ဤ ကောဒသမ အကုသိုလ်စိတ်၌၊ ပဒပဋိပါဋိယာ-အားဖြင့်၊ တေ စီသတိ-သော၊ ပဒါနိ-တရားအစုတို့သည်၊ ဟောန္တိ၊ အဂ္ဂဟိတဂ္ဂဟဏေန-ယူအပ်ပြီးသော တရားတို့ကို မယူခြင်းအားဖြင့်၊ စုဒ္ဒသ၊ (ပဒါနိ ဟောန္တိ)၊ တေသံ - ထို ၁၄ ပါးသော တရားအစုတို့၏၊ ဝသေန-ဖြင့်၊ သဝိဘတ္တိကာ ဝိဘတ္တိကရာသိဝိနိစ္ဆယော-သဝိဘတ္တိက အဝိဘတ္တိက, ရာသိ အဆုံးအဖြတ်ကို၊ ဝေဒိတဗ္ဗော၊ မနသိကာရော-မနသိကာရလည်းကောင်း၊ ဥဒ္ဓစ္စံ-လည်းကောင်း၊ ဣတိ-သို့၊ ဒွေ ယေဝ-၂ ပါးသာလျှင် ဖြစ်ကုန်သော၊ ယေဝါပနကာ-တို့သည်၊ (ဟောန္တိ)။

နိဒ္ဒေသဝါရဿ-၏၊ [ရှေ့၌ "နိဒ္ဒေသဝါရေ" ဟု ရှိခဲ့၏၊] စိတ္တဿေကဂ္ဂတာ နိဒ္ဒေသေ-၌၊ (ဝုတ္တံ-၌စပ်၊) ယသ္မာ, ဣဒံ စိတ္တံ-ဤ ကောဒသမ အကုသိုလ် စိတ်သည်၊ ဒုဗ္ဗလံ-အားမရှိ၊ တ္ထေ-ဤစိတ်၌၊ ပဝတ္တိဋ္ဌိတိမတ္တကမေဝ - စိတ်၏ ဖြစ်တည်ခြင်းမျှသည်သာ၊ ဟောတိ-၏၊ တသ္မာ, သဏ္ဌိတိတိအာဒိနိ-သဏ္ဌိတိ အစရှိသော ပုဒ်တို့ကို၊ အဝတ္ဘာ-မဟောမူ၍၊ စိတ္တဿ ဋ္ဌိတိတိ-စိတ္တဿဋ္ဌိတိ ဟူသော၊ ကေမေဝပဒံ-တခုသော ပုဒ်ကိုသာ၊ ဝုတ္တံ-ပြီ၊ စ-ဆက်၊ တေနေဝ ကာရဏေန- ထိုအကြောင်းကြောင့်ပင်၊ (ပဝတ္တိဋ္ဌိတိမတ္တကသာ ဖြစ်သော ကြောင့်ပင်၊) ဥဒ္ဒေသဝါရေပိ-၌လည်း၊ သမာဓိန္ဒြိယန္တိ အာဒိ- သမာဓိန္ဒြိယံ အစရှိသောပုဒ်ကို၊(အာဒိဖြင့် "သမာဓိဗလံ" စသည်ကိုယူ၊)နဝုတ္တံ-ဟောတော် မမူအပ်။

ဝိစိကိစ္ဆာနိဒ္ဒေသေ-၌၊ ကခ်နဝသေန-ယုံမှားခြင်း၏ အစွမ်းဖြင့်၊ ကခ်ါ-ကခ်ါမည်၏၊ ကခ်ါယ-ယုံမှားခြင်းကို၊ အာယနာ-ဖြစ်စေတတ်သော သဘော တရားတည်း၊ ဣတိ-ကြောင့်၊ ကခ်ါယနာ-မည်၏၊ ဟိ-မှန်၊ ပုရိမကခ်ါ-ရှေ

ပဝတ္တိဋ္ဌိတိမတ္တကမေဝ။ ။" ဝိစိကိစ္ဆာသမ္ပယုတ် စိတ်၏ နိဒ္ဒေသ၌ စိတ္တဿေ ကဂ္ဂတာ(သမာဓိ)ကို အကျယ်ပြရာဝယ် အခြားစိတ်များ၌ကဲ့သို့ သဏ္ဌိတိ အဝဋ္ဌိတိကို အဘယ့်ကြောင့် မပြအပ်ပါသနည်း" ဟု မေးဖွယ်ရှိ၍ "ပဝတ္တိ၊ပေ၊ကေမေဝပဒံ ဝုတ္တံ" ဟု မိန့်သည်၊ အခြားစိတ်များ၌ ယှဉ်သော ကေဂ္ဂတာသည် ထို အာရုံတခု အပေါ်၌ စိတ်အစဉ် (ဝီထိစဉ်) အတော်ရှည်အောင် ကျေးဇူးပြုသကဲ့သို့ ဤစိတ်၌ ယှဉ်သော ကေဂ္ဂတာသည် မပြုနိုင်၊ ဖြစ်နေသောစိတ်၏ ဥပါဋ္ဌ ဌီ ဘင် ခဏတ္တယမျှ တည်ရုံသာ ကျေးဇူးပြုနိုင်၏၊ထို့ကြောင့် "သဏ္ဌိတိ အဝဋ္ဌိတိ" ဟု ဟောတော်မမူပဲ "စိတ္တဿဋ္ဌိတိ" ဟု တပုဒ်သာ ဟောတော်မူသည်။ [ပါဋ္ဌိတော်ကို ကြည့်ပါ။]

ကခ်ါယနာ။ ။ကခ်ါယနာပုဒ်၌ ပဋမနည်းအလို "ကခ်ါ+အာယနာ" ဟု ခွဲ၊ အာယနာ၌ အယဓာတ်,ကာရိတ်ကြေ, ယုပစ္စည်း၊ "အာယတီတိ အာယနာ၊ ကခ်ါယ-နောက်နောက်ယုံမှားခြင်းကို+အာယနာ-ဖြစ်စေတတ်သော ရှေးရှေးယုံမှားခြင်းတည်း၊ ကခ်ါယနာ-ခြင်း၊ နောက်နည်းအလို "ကခ်ါ+အယနာ" ဟု ခွဲ၊ အယနာ၌ ကာရိတ် မပါ၊ "ကခ်ါယ=၏+အယနာ-ဖြစ်ခြင်းတည်း၊ ကခ်ါယနာ-ခြင်း" ဟု ပြု၊ အာကာရ ဝသေနဖြင့် ဘာဝဘာဝနကို ပြသည်။

ဖြစ်သော ယုံမှားခြင်းသည်၊ ဥတ္တရကခ်ံ-နောက်ဖြစ်သော ယုံမှားခြင်းကို၊ အာယတိနာမ-ဖြစ်စေသည် မည်၏၊ [အာနေတိ နာမ ရှိသည်ကား ပါဠိပျက်။] ဝါ-တနည်း၊ တေံ-ဤ ကခ်ါယနာဟူသော ပုဒ်ကို၊ အာကာရဝသေန-ယုံမှားခြင်းဟူသော အခြင်းအရာ၏ အစွမ်းဖြင့်၊ ဝုတ္တံ-ပြီ။

ကခ်ါသမဂ်ိစိတ္တံ-ယုံမှားခြင်းနှင့် ပြည့်စုံသော စိတ်သည်၊ ကခ်ါယ-ယုံမှားခြင်းသည်၊ အာယိတတ္တာ-ဖြစ်စေအပ်သည်၏ အဖြစ်ကြောင့်၊ ကခ်ါယိတံ နာမ-မည်၏၊ တဿ-ထို ယုံမှားခြင်းသည် ဖြစ်စေအပ်သောစိတ်၏၊ ဘာဝေါ-ဖြစ်ကြောင်း ဖြစ်ရာတည်း၊ ကခ်ါယိတတ္တံ-ရာ၊ ဝိမတိတိ-ကား၊ နမတိ-မသိခြင်းတည်း၊ [ဝိသဒ္ဒါသည် ပဋိသေဓအနက်ဟော၊ "နမတိ ဝိမတိ"ဟုပြု။] ဝိစိကိစ္ဆာ-ဝိစိကိစ္ဆာသည်၊ ဝုတ္တတ္ထာဝေ-ဆိုအပ်ပြီးသော အနက်ရှိသည်သာ၊ (ယံ မေ့ဇာတံ)၊ ကမ္ပနဌေန-တုန်လှုပ်တတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ ဒွိဓာ-၂ ပါး အပြားအားဖြင့်၊ ဝါ-၂ ဖြာ၊ လေယတိ-စိတ်ကို တုန်လှုပ်စေတတ်၏၊ ဣတိ-ကြောင့်၊ (တံ မေ့ဇာတံ)၊ ဒွေဌကံ-မည်၏။

ပဋိပတ္တိနိဝါရဏေန-ပဋိပတ်ကို တားမြစ်တတ်သည်၏ အဖြစ်ကြောင့်၊ (ဘာဝပ္ပဓာနကြံ၊) ဒွိဓာပထောဝိယ-၂ ဖြာကွဲသော လမ်းနှင့် တူ၏၊ ဣတိ-ကြောင့်၊ ဒွိဓာပထော-မည်၏၊ ဣဒံ-ဤသဘောတရားသည်၊ နိစ္စံနုံခေါ-နိစ္စလေလော၊ အနိစ္စံနုံခေါ-အနိစ္စလေလော၊ ဣတိအာဒိ ပဝတ္တိယာ-ဤသို့ အစရှိသောအားဖြင့် ဖြစ်ခြင်းကြောင့်၊ ကေသို့-တခုသော၊ အာကာရေ-အခြင်းအရာ၌၊ သဏ္ဌာတုံ-ကောင်းစွာ တည်ခြင်းငှာ၊ အသမတ္တတာယ-မစွမ်းနိုင်

ဒွေဌကံ။ ။"ဒွိ+ဌေက"ဟု ခွဲ၊ ဌေက၌ လေဓာတ်သည် ကမ္ပနအနက်ကိုဟော၏၊ ကာရိတ်ကြေ၊ "လေယတိ-စိတ်ကို တုန်လှုပ်စေတတ်၏၊ ဣတိ လေကံ၊ လေဓာတ်နောင် ဟပစ္စည်း,လကို ဌပြု၊သွတ္ထ၌ က ပစ္စည်းသက်၊ တုန်လှုပ်ခြင်းအနက်ကို ဌဖြင့် ဌေဓာတ်က မဟော၊ လငယ်ဖြင့် လေဓာတ်ကသာ ဟော၏၊ ထိုဓာတ်လည်း ဘူဝါဒိသာ ရှိ၏၊ ထို့ကြောင့် လေယတိ၌ ကာရိတ်ဝင်သည်ဟု ကြံသည်၊ ဒွိဓာ-(ဗုဒ္ဓအပေါ်၌ ဘုရားဟုတ်လေသလား, မဟုတ်လေသလား,ဤသို့စသော) ၂ ပါး အပြားအားဖြင့်+ဌေက်-စိတ်ကို တုန်လှုပ်စေတတ်သော တရားတည်း၊ ဒွေဌကံ-ရား၊ [ဒွိဓာ လေတိ ကမ္ပတိ စိတ္တံ ဧတေနာတိ (ဟိ) ဒွေဌကံ၊ ဟ ပစ္စယံ သကတ္ထဝုတ္တိကပစ္စယဉ္စ ကတွာ၊-ဗြဟ္မဇာလသုတ် ဋီကာသစ်၊ သဒ္ဒနီတိ၌ကား "ဘာဝအနက်၌ ဌက ပစ္စည်းသက်"ဟု ဆို၏၊ "ဒွိဓာ-၂ ပါး အပြား၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာတည်း၊ ဒွေဌကံ-ရာ"ဟု ပြု၊ ထိုနည်းကား အဌကထာဝယ် "လေယတိ"ဟု ဆိုသောကြောင့် ဤ၌ မဖြစ်နိုင်။

မှတ်ချက်။ ။ဗြဟ္မဇာလသုတ် ဋီကာသစ်၌ ကရဏသာဓ်ပြုခြင်းနှင့်, ဤ၌ "ဒွိဓာ လေယတိ"ဟု ဟေတုကတ္တုသာဓ်ပြုခြင်းသည် အဓိပ္ပာယ်အတူပင်၊ ဥပမာ-ပြီးစေတတ်ဟု ဆိုလျှင်, ပြီးကြောင်းဟု အဓိပ္ပာယ် ရသကဲ့သို့တည်း၊ ထို့ကြောင့်"ပြီးစေတတ်က, ပြီးကြောင်းရ၏, ကရဏ-ကတ္တု,ကာရကကို ဝိဂြိုဟ်ပြု"ဟု ရှေးဆရာတို့ မိန့်ကြသည်။

သည်၏ အဖြစ်ကြောင့်၊ သမန္တတော-ထက်ဝန်းကျင်၌၊ သေတိ-ဖြစ်တတ်၏၊ ဣတိ-ကြောင့်၊ သံသယော-မည်၏။

ကေံသံ-တခုသောအဖိုကို၊ ဂဟေတုံ-ယူခြင်းငှါ၊ အသမတ္ထတာယ-ကြောင့်၊ ကေံသဂ္ဂါဟော-တခုသော အဖိုကို ယူခြင်း ဘဘောတရားသည်၊ နှ-မဟုတ်၊ ဣတိ-ကြောင့်၊ အနေကံသဂ္ဂါဟော-မည်၏၊ နိစ္ဆေတုံ-ဆုံးဖြတ်ခြင်းငှါ၊ အသက္ကောန္တီ-မစွမ်းနိုင်သည်၊ (ဟုတ္ဘာ)၊ အာရမဏတော-မှ၊ ဩသက္ကတိ-ဆုတ်နစ်သကဲ့သို့ဖြစ်၏၊ ဣတိ-ကြောင့်၊ အာသပ္ပနာ-မည်၏၊ ဩဂါဟိတုံ-ဉာဏ်ဖြင့် သက်ဝင်ခြင်းငှါ၊ အသက္ကောန္တီ(ဟုတ္ဘာ)၊ ပရိ,သမန္တတော-ထက်ဝန်းကျင်၌၊ [ပရိကို "သမန္တတော"ဟု ဖွင့်သည်။] သပ္ပတိ-ဖြစ်တတ်၏၊ ဣတိ-ကြောင့်၊ ပရိသပ္ပနာ-မည်၏၊ ပရိယောဂါဟိတုံ - ဉာဏ်ဖြင့် ထက်ဝန်းကျင် သက်ဝင်ခြင်းငှါ၊ အသမတ္ထတာယ-ကြောင့်၊ အပရိယောဂါဟဏာ-မည်၏။

နိစ္ဆယဝသေန-ဆုံးဖြတ်ခြင်း၏ အစွမ်းဖြင့်၊ အာရမဏေ-၌၊ ပဝတ္တိတုံ-ဖြစ်ခြင်းငှါ၊ အသမတ္ထတာယ-ကြောင့်၊ ဆမ္ဘိတတ္တံ-မည်၏၊ စိတ္တဿ-၏၊ ထဒ္ဓဘာဝေါ-ခက်ထန်သည်၏ အဖြစ်တည်း၊ ဣတိအတ္ထော၊ ဟိ-မှန်၊ ဝိစိကိစ္ဆာ-သည်၊ ဥပ္ပဇ္ဇိတ္ဘာ-ဖြစ်၍၊ ဝါ-ဖြစ်လသော်၊ စိတ္တံ-ကို၊ ထဒ္ဓံ-ခက်ထန်အောင်၊ ကရောတိ၊ ပန-ဆက်၊ ယသ္မာ,သော-ဤဝိစိကိစ္ဆာသည်၊ ဥပ္ပဇ္ဇမာနာ-သော်၊ အာရမဏံ-ကို၊ ဂဟေတ္ဘာ-ယူပင်ယူရသော်လည်း၊မနံ-ကို၊ဝိလိခန္တီဝိယ-ရေးခြစ်သကဲ့သို့ဖြစ်၏၊ တသ္မာ,မနောဝိလေခေါတိ-ဟူ၍၊ ဝုတ္တာ-ပြီ၊ [ဝိပုဗ္ဗ လိခဓာတ်, ဏ ပစ္စည်းဖြစ်၍ ပုလ္လိင်ထားသည်၊] သေသံ-ကြွင်းသော ပုဒ်အပေါင်းသည်၊ သဗ္ဗတ္ထ-အလုံးစုံသောဝါရ၌၊ ဥတ္တာနတ္ထမေဝ-ပေါ်လွင်ထင်ရှားသော အနက်ရှိသည်သာ၊ ကောဒသမံ-သည်၊ နိဋ္ဌိတံ-ပြီ။

သံသယော။ ။သံကို "သမန္တတော"ဟု ဖွင့်သည်၊ "ထက်ဝန်းကျင်ဖြစ်" ဟူသည်လည်း ထိုအာရုံ၌ မဆုံးဖြတ်နိုင်ပဲ ဝေ့လည်လည်ဖြစ်နေခြင်းတည်း၊ ထိုသို့ဖြစ်နေခြင်းကို "သံသယဖြစ်ခြင်း"ဟု ဆိုကြသည်။ ["ပရိသပ္ပနာ"၌လည်း နည်းတူ။]

အာသပ္ပနာ။ ။အာကို "အာမုခံ"ဟု ဋီကာ, "အဘိမုခံ"ဟု မဓု ဖွင့်၏၊ ကေံအာကာရံ ဂန္တုံ အသမတ္ထတာယ (အကြောင်းအရာတခုကို ပိုင်ပိုင်နိုင်နိုင် သိခြင်းငှါ မစွမ်းနိုင်ခြင်းကြောင့်"အတ္တနော အာမုခံ သပ္ပနတော"(မိမိသို့ရှေးရှုဖြစ်နေခြင်းကြောင့် အာရုံသို့မသွားပဲ မိမိသို့ပြန်နေသကဲ့သို့ဖြစ်ခြင်းကြောင့်)"အာရမဏတောဩသက္ကတိ" ဟု အဓိပ္ပာယ် ဖွင့်သည်၊ သဒ္ဒတ္ထမှာ "မိမိသို့ရှေးရှုဖြစ်ခြင်း"ဟုသာ ဖြစ်၏။

ဆမ္ဘိတတ္တံ။ ။ထဘိဓာတ်သည် ခက်ထန်ခြင်း အနက်ကို ဟော၏၊ ဣကာရန္တဓာတ် ဖြစ်သောကြောင့် နိဂ္ဂဟိတ်လာ, မ ပြု၍ "ထမ္ဘိတ"ဟု ဖြစ်သည်၊ ထကို ဆပြု၍ "ဆမ္ဘိတ"ဟု ဖြစ်ပြန်သည်၊ ထို့ကြောင့် "ဆမ္ဘိတတ္တံ"ကို "ထဒ္ဓဘာဝေါ"ဟု ဖွင့်သည်၊ ထဒ္ဓဋ္ဌိလည်း ထဘိဓာတ်, တ ပစ္စည်းတည်း။

ဒွါဒသမစိတ် အဖွင့်

ဒွါဒသမေ-ဒွါဒသမ အကုသိုလ်စိတ်၌၊ သမယဝဝတ္ထာနေ-သမယဝဝတ္ထာန ဝါရ၌၊ (အတ္ထော ဧဝံ ဝေဒိတဗ္ဗော)၊ ဥဒ္ဓစ္စေန-နှင့်၊ သမ္ပယုတ္တံ-တည်း၊ ဣတိ-ကြောင့်၊ ဥဒ္ဓစ္စ သမ္ပယုတ္တံ-မည်၏၊ ဟိ-မှန်၊ ဣဒံ စိတ္တံ-ဤဒွါဒသမအကုသိုလ်စိတ်သည်၊ ဆသု အာရမဏေသု, ဝေဒနာဝသေန-ဖြင့်၊ မဇ္ဈတ္တံ-အလယ်အလတ်၌ တည်သော သဘောရှိသည်၊ (ဥပေက္ခာ ဝေဒနာရှိသည်၊) ဟုတ္ဘာ, ဥဒ္ဓတံ-အထက်အထက်သို့ လွင့်တက် တုန်လှုပ်သည်၊ (ပျံ့လွင့်သည်၊) ဟောတိ၊ [ဥဒ္ဓံ+ဓုနာတိ ကမ္ပတီတိ ဥဒ္ဓတံ၊] ဣဓ-ဤဒွါဒသမ အကုသိုလ်စိတ်၌၊ ဓမ္မုဒ္ဓေသေ-ဓမ္မုဒ္ဓေသဝါရ၌၊ ဝိစိကိစ္ဆာဌာနေ-ဝိစိကိစ္ဆာ၏ အရာ၌၊ [ကောဒသမစိတ်ဝယ် ဝိစိကိစ္ဆာ၏အရာ၌၊] ဥဒ္ဓစ္စံ ဟောတီတိ-ဟူ၍၊ အာဂတံ-လာပြီ၊ ပဒပဋိပါဋိယာ-အားဖြင့်၊ အဋ္ဌဝီသတိ-၂၈ ပါးသော၊ ပဒါနိ ဟောန္တိ၊ အဂ္ဂဟိဘဂ္ဂဟဏေန-အားဖြင့်၊ စုဒ္ဒသ (ပဒါနိ ဟောန္တိ)၊ တေသံ-ထို ၁၄ပါးသောတရားအစုတို့၏၊ ဝသေန-ဖြင့်၊ သဝိဘတ္တိကာ ဝိဘတ္တိကရာသိ ဝိဓာနံ-သဝိဘတ္တိက တရားတို့ကို စီရင်ကြောင်းစကား, အဝိဘတ္တိက တရားတို့ကို စီရင်ကြောင်းစကား, ရာသိ တရားတို့ကို စီရင်ကြောင်းစကားကို၊ ဝေဒိတဗ္ဗံ-၏၊ [ရှေ့၌ ဘေဒေါဟု ရှိခဲ့၏၊ ဤဝိဓာနသဒ္ဒါကိုလည်း ဘေဒအနက်ဟောဟု ကြံ၍ "သဝိဘတ္တိက အဝိဘတ္တိက အပြား, ရာသိအပြားကို" ဟုလည်း ပေးပါ၊] အဓိမောက္ခော-လည်းကောင်း၊ မနသိကာရော-လည်းကောင်း၊ ဣတိ-သို့၊ ဒွေယေဝ-၂ ပါးသာလျှင် ဖြစ်ကုန်သော၊ ယေဝါပနကာ-တို့သည်၊ (ဟောန္တိ)။

နိဒ္ဒေသဝါရဿ-နိဒ္ဒေသဝါရ၏၊ [ရှေးရှေးစိတ်များ၌ "နိဒ္ဒေသဝါရေ" ဟု ရှိခဲ့၏၊] ဥဒ္ဓစ္စနိဒ္ဒေသေ-၌၊ စိတ္တဿာတိ-ကား၊ န သတ္တဿ-သတ္တဝါမဟုတ်သော၊ န ပေါသဿ-ပေါသမဟုတ်သော၊ (စိတ္တဿ-၏၊ ဥဒ္ဓစ္စံ၌ စပ်၊) ["သဗ္ဗပဒံ သာဝဓာရဏံ" နှင့်အညီ "စိတ္တဿ ဧဝ ဥဒ္ဓစ္စံ" ဟုအဓိပ္ပာယ်ရှိရကား ထိုဧဝဖြင့် ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါ၏ ဥဒ္ဓစ္စမဟုတ်-ဟု ပြသည်။] ဥဒ္ဓစ္စံတိ-ကား၊ ဥဒ္ဓတာကာရော-အထက်အထက်၌လွင့်တက်တုန်လှုပ်ခြင်းဟူသော အခြင်းအရာတည်း၊ (ပျံ့လွင့်ခြင်းဟူသော အခြင်းအရာတည်း၊) ["ဥဒ္ဓတဿ+ဘာဝေါ ဥဒ္ဓစ္စံ" ဟုပြုစေလိုသည်၊ အာကာရောဖြင့် ဘာဝအနက်ကိုပြသည်။] ဝူပသမော-ငြိမ်းအေးခြင်းသဘောတရားသည်၊ န-မဟုတ်၊ ဣတိ-ကြောင့်၊ အဝူပသမော-မည်၏၊ (ယော သဘာဝေါ)၊ စေတော-စိတ်ကို၊ ဝိက္ခိပတိ-အထူးထူးအပြားပြား ပစ်လွှင့်တတ်၏၊ ဣတိ-ကြောင့်၊ (သော)၊ စေတောဝိက္ခေပေါ-မည်၏၊ [စာအုပ်တို့၌ "စေတသော ဝိက္ခေပေါ" ဟု ရှိ၏, မကောင်း၊] ဘန္တတ္တံ စိတ္တဿာတိ-ကား၊ စိတ္တဿ-စိတ်၏၊ ဘန္တဘာဝေါ-တုန်လှုပ်သည်၏ အဖြစ်တည်း၊ (တုန်လှုပ်သော စိတ်၏ ဖြစ်ကြောင်း ဖြစ်ရာတည်း၊) (ကဿဝိယ-အဘယ်၏ ကဲ့သို့နည်း၊)

ဘန္တယာန ဘန္တဂေါဏာဒီနုံ·တုန့်လှုပ်သော ယာဉ်, တုန့်လှုပ်သော နွဲး အစရှိသည်တို့၏၊ (ဘန္တဘာဝေါ) ဝိယ·တုန့်လှုပ်ကုန်သည်၏ အဖြစ်ကဲ့သို့တည်း၊ [ယောဇနာ၂၌ "ဘန္တယာနဘန္တဂေါဏာဒီနုံ" ဟု ရှိ၏၊ စိတ္တဆ၏ ဥပမာနဖြစ်သောကြောင့် ထိုပါဠိကဲ့ကောင်းသည်။] လှုပ်ရှားမှုသို့ ဘန္တတို့ စိတ္တဆဟူသော ပါဠိဖြင့်၊ ဧကာရုမဏ္ဍသို့ ယေဝ·တခုတည်းသော အာရုံ၌သာလျှင်၊ ဝိပ္ပန္နနှံ·အထူးထူး အပြားပြား တုန့်လှုပ်ခြင်းကို၊ ကထိတံ·ပြီ၊ ဟိ·မှန်၊ (တနည်း) ဟိ·အထူးကား၊ ဥဒ္ဓစ္စ·သည်၊ ဧကာရုမဏော·တခုတည်းသော အာရုံ၌၊ ဝိပ္ပန္နတိ·အထူးထူး အပြားပြား တုန့်လှုပ်၏၊ ဝိစိကိစ္ဆာသည်၊ နာနာရုမဏော·အမျိုးမျိုးသော အာရုံ၌၊ (ဝိပ္ပန္နတိ)၊ သေသံ·ကြွင်းသော အစီအရင်ကို၊ သဗ္ဗဝါရေသု·တို့၌၊ ဟေဋ္ဌာ·၌၊ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။

ဣဒါနိ·၌၊ ဣမသ္မိံ စိတ္တဒ္ဝယေ·ဤစိတ် ၂ ပါး အပေါင်း၌၊ (မောဟမူဒ္ဒး၌၊) ပကိဏ္ဏကဝိနိစ္ဆယော·ထူးပြုမ်းသော အဆုံးအဖြတ်သည်၊ ဟောတိ၊ ဟိ·ချဲ့၊ အာရုမဏော, ပဝဋ္ဋနကစိတ္တာနိနာမ·လိမ့်သောစိတ်တို့မည်သည်၊ ကတိ·အာဘယ်လောက်တို့နည်း၊ ဣတိ·သို့၊ ဝုတ္တေ·ပြောဆိုအပ်သော်၊ ဣမာနေဝ ဒ္ဝေ·ဤ ၂ ပါးတို့ပင်တည်း၊ ဣတိ·သို့၊ ဝတ္တဗ္ဗံ·ပြောဆိုထု၏၊ တတ္ထ·ထို ၂ ပါးသော စိတ်တို့တွင်၊ ဝိစိကိစ္ဆာသဟဂတံ·ဝိစိကိစ္ဆာသဟဂုတ်စိတ်သည်၊ ဧကန္တေန·ဧကန်အားဖြင့်၊ ပဝဋ္ဋတိ·တလိမ့်ထဲ လိမ့်နေ၏၊ ဥဒ္ဓစ္စသဟဂတံပန·သည်ကား၊ လဒ္ဓါဓိမောက္ခတ္တာ·ရအပ်သော အဓိမောက္ခရှိသည်၏ အဖြစ်ကြောင့်၊ (အဓိမောက္ခနှင့် ယှဉ်ရသောကြောင့်၊) လဒ္ဓံပတိ်ဋ္ဌံ·ရအပ်သော ထောက်တည်ရာရှိသည်၌၊ (ဟုတ္ဝာ)ဝ·ဖြစ်၍သာလျှင်၊ ပဝဋ္ဋတိ·လိမ့်၏။

ဟိ·ဥပမာဆောင်, ထင်အောင်ပြဦးအံ့၊ ဝဋ္ဋစတုရဿသု·အလုံးဖြစ်ကုန်, ၄·ထောင့်ဖြစ်ကုန်သော၊ ဒ္ဝိသု · ၂ လုံးကုန်သော၊ မဏိသု · ပတ္တမြားတို့ကို၊ ပဘ္ဘာရဋ္ဌာနေ · ချိုင့်ဝှမ်းသောအရပ်၌၊ ပဝဋ္ဋေတ္ဝာ · လိမ့်စေ၍၊ ဝိသဋ္ဌေသု·လွှတ်အပ်ကုန်လတ်သော်၊ ဝဋ္ဋမဏိ·လုံးသော ပတ္တမြားသည်၊ ဧကန္တေနေဝ·ဧကန်အားဖြင့်သာလျှင်၊ ပဝဋ္ဋတိယထာ·တလိမ့်ထဲ လိမ့်သွားသကဲ့သို့လည်း

ဥဒ္ဓစ္စံ ဟိ၊ ပေ၊ နာနာရုမဏော။ "ဥဒ္ဓစ္စသည် မိမိယူအပ်သော အာရုံ၏ အခြင်းအရာ၌သာတည်၍ တုန့်လှုပ်၏၊ "မှားသည်ဖြစ်စေ, မှန်သည်ဖြစ်စေ, ထို အခြင်းအရာကိုသာ မငြိမ်မသက် တုန့်လှုပ်လျက် ယူသည်"ဟူလို၊ ဝိစိကိစ္ဆာလည်း တပြိုင်နက် အာရုံ ၂ ခု စသည်ကို မယူနိုင်ပါ၊ သို့သော် "ဒီလိုလေလား, ဒီဟာလေလား"ဟု စွဲးတောတတ်ရကား "ဒီလို=ဒီဟာ"ဟူသော အခြင်းအရာမှတပါး, "ဟိုလို=ဟိုဟာ"ဟူသော အခြင်းအရာကို ငဲ့လျက်ရှိ၏၊ ထို့ကြောင့် "အမျိုးမျိုးသောအာရုံ၌ တုန့်လှုပ်တတ်သည်" ဟု ဆိုသည်။ [ဥဒ္ဓစ္စံ အတ္ထာနော ဂဟိတာကာရေ ဧဝ ဌတ္ဝာ၊ ပေ၊ ဂဟေတဗ္ဗာကာရံ အပေက္ခတိတို့ နာနာရုမဏော စလနံ ဟောတိ၊—ဋီကာ။]

ကောင်း၊ စတုရဿော-၄ ထောင့်ရှိသော၊ (မဏိ-သည်၊) ပတိဋ္ဌာယ ပတိဋ္ဌာယ-တန့်ရပ်၍ တန့်ရပ်၍၊ ပဝဋ္ဌတိယထာ-လိမ့်သကဲ့သို့လည်းကောင်း၊ ဝေံသမ္ပဒံ-ဤသို့ မချွတ်မယွင်း, ပြီးစီးခြင်းရှိသော၊ ဣဒံ-ဤ ဥပမေယျကို၊ ဒဋ္ဌဗ္ဗံ-၏၊ [ဋီကာ၌ "ဒဋ္ဌဗ္ဗံ"ဟု ရှိ၏၊] (အယံ-ကား၊ ပကိဏ္ဏကဝိနိစ္ဆယော-တည်း။)

["ဝေံ သမ္ပဒမိဒံ ဒဋ္ဌဗ္ဗံ"တိုင်အောင် ဤစိတ် ၂ ပါး၌ ရှေးဆရာတို့ဆိုအပ်ပြီးသော အဆုံးအဖြတ်ကို ပြပြီး၍, အကုသိုလ်စိတ် ၁၂ ပါးလုံး၌ ရှေးဆရာတို့ဆိုအပ်ပြီးသောအဆုံးအဖြတ်ကို ပြလိုသောကြောင့် "သဗ္ဗေသုပိ"စသည်မိန့်၊] သဗ္ဗေသုပိ-အလုံးစုံသော အကုသိုလ်စိတ် ၁၂ ပါးလုံးတို့၌လည်း၊ ဟီနာဒိဘေဒေါ-ဟီန အစရှိသောအပြားကို၊န ဥဒ္ဓဋ္ဌော-ပါဋ္ဌိတော်၌ ထုတ်ပြတော်မမူအပ်၊ ["ဟီနစိတ္တံ"စသည်ဖြင့် ထုတ်ပြတော်မမူအပ်၊] (ကသ္မာ-နည်း၊) သဗ္ဗေ-သံ-အလုံးစုံသော အကုသိုလ်စိတ်တို့၏၊ ဧကန္တဟီနတ္တာ-ဧကန် ဟီနတို့၏အဖြစ်ကြောင့်တည်း၊ သဟဇာတာဓိပတိ-ကို၊ လဗ္ဘမာနောပိ-ရအပ်ပါသော်လည်း၊ န ဥဒ္ဓဋ္ဌော-အပ်၊["ဆန္ဒာဓိပတေယျံ" စသည်ဖြင့် ပါဋ္ဌိတော်၌ ထုတ်ပြတော်မမူအပ်၊] (ကသ္မာ-နည်း၊) ဟေဋ္ဌာ-၌၊ ဒဿိတနယတ္တာ-ပြအပ်ပြီးသောနည်းရှိသည်၏ အဖြစ်ကြောင့်တည်း၊ ပန-ဆက်၊ ဧတ္ထ-ဤ အကုသိုလ်စိတ်တို့၌၊ ဉာဏာဘာဝတော-ဉာဏ်၏ မရှိခြင်းကြောင့်၊ ဝီမံသာဓိပတိနာမ - မည်သည်၊ နတ္ထိ၊ ပစ္ဆိမဒ္ဒယေ-နောက်ဆုံး အကုသိုလ်စိတ် ၂ ပါးအပေါင်း၌၊ (မောဟမူ

ဝေံ သမ္ပဒမိဒံ။ ။အဓိမောက္ခနှင့် မယှဉ်သော ဝိစိကိစ္ဆာ၏ အာရုံ၌လိမ့်ခြင်းသည် ဝဋ္ဌမဏိ၏ ရပ်တန့်၍ မနေပဲ တလိမ့်ထဲလိမ့်၍ ကျသွားခြင်းနှင့် တူ၏၊ အဓိမောက္ခနှင့် ယှဉ်သော ဥဒ္ဓစ္စ၏အာရုံ၌ လိမ့်ခြင်းသည် စတုရဿမဏိ၏ တန့်ရပ်၍ တန့်ရပ်၍ လိမ့်ကျသွားခြင်းနှင့်တူသည်။[အဓိမောက္ခ၏ ယှဉ်ခြင်းကား ပတ္တမြား၌ အထောင့်ပါနေခြင်းနှင့် တူသည်။]

သဟဇာတာ၊ ပေ၊ နယတ္တာ။ ။ဤ အကုသိုလ်စိတ်တို့၌ သဟဇာတာဓိပတိ ရထိုက်ပါလျက် အဘယ့်ကြောင့် မထုတ်ပြအပ်ပါသနည်း ဟု မေးဖွယ်ရှိသောကြောင့် "ဟေဋ္ဌာ ဒဿိတနယတ္တာ"ဟု မိန့်သည်၊ အောက် အကုသိုလ်စိတ်တို့၌ "ဆန္ဒာဓိပတေယျံ"စသည်ဖြင့် ပါဋ္ဌိတော်ဝယ် ထုတ်ပြတော်မူခဲ့၏၊ ထိုသို့ ထုတ်ပြအပ်ပြီးသောနည်းရှိသည့်အတွက် ထိုနည်းအတိုင်း သိသာသောကြောင့် ဤအကုသိုလ်စိတ်၌"ဆန္ဒာဓိပတေယျံ"စသည်ဖြင့် ပါဋ္ဌိတော်ဝယ် ထုတ်ပြတော်မမူ။

မှတ်ချက်။ ။"သဟဇာတာဓိပတိ လဗ္ဘမာနောပိ"ဟု ဆိုသောကြောင့် "အကုသိုလ်စိတ်ဝယ် အာရမဏာဓိပတိ မရထိုက်"ဟု ထင်ဖွယ်ရှိ၏၊ ဒေါသမူ, မောဟမူစိတ်တို့၌ မရသော်လည်း လောဘမူစိတ်၌ကား အာရမဏာဓိပတိ ရပါ၏၊ သို့သော် အာရမဏာဓိပတိကိုကား ရှေ့ကုသိုလ်စိတ်များ၌လည်း မပြခဲ့သောကြောင့် ရှေ့၌ပြခဲ့သော သဟဇာတာဓိပတိအတွက်သာ အဋ္ဌကထာဆရာ အကြောင်းပြရပါသည်၊ [ကုသလေသုပိ အာရမဏာဓိပတိ အနုဒ္ဓရိတွာ၊ပေ၊အဋ္ဌသု လောဘသဟဂတေသု လဗ္ဘတီတိ၊ -ဋီကာ။]

ဒွေးဒ်၌)သေသောပိ·ဝိမသာဓိပတိမှကြောင်းသောသဟဇာတာဓိပတိသည်လည်း၊ နှတ္ထိဇေ·ရှိသည်သာ၊ (မရသည်သဲ၊) ကသွာ·နည်း၊ ကဥ္ဆိဓမ္မံ·ဟစုံဟာခုဓသောတရားကို၊ (ဆန္ဒ, စိတ္တ, ဝီရိယတို့တွင်, တစုံတခုသောတရားကို၊) ဓုရံ·အကြီးအမှူးကို၊ ကတွာ·၍၊ အနုပဋ္ဌနတောဓ·မဖြစ်ခြင်းကြောင့် လည်းကောင်း၊ ပဋ္ဌာနေ·ပဋ္ဌာန်းပါဋ္ဌိတော်၌၊ ပဋိသိဒ္ဓတောဓ·တားမြစ်တော်မူဖူးသည်၏ ဏဖြစ်ကြောင့်လည်းကောင်းတည်း။[တားမြစ်ဆိုသည်မှာ ပဋ္ဌာန်းပါဋ္ဌိတော်၌ မထုတ်ပြခြင်းသာတည်း၊ တမက်လာတားမြစ်သောပါဋ္ဌိကား မရှိပါ၊ ဧကဿပိ ပဥ္စဿ ဏနုဒ္ဓန္တတ္တာ ပဋ္ဌာနေ ပဋိသိဒ္ဓဘာ ဓေဒိတဗ္ဗာ၊-ဋီကာ။]

ပန·ဆက်၊ ဒုဒြဒသဟိပိ·ဒ၂ ပါးလည်းဖြစ်ကုန်သော၊ ဣမေဟိ ဏကုသလစိတ္တေဟိ-တို့ဖြင့်၊ ကမ္မေ-ကံကို၊ ဏာယူဟိတေ·အားထုတ်ဏပ်ပြီးသော်၊ ဥဒ္ဓစ္စသဟဂတံ-ဥဒ္ဓစ္စသဟဂုတ်စိတ်ကို၊ ထပေတွာ-ထား၍၊ သေသာနံ-ဥဒ္ဓစ္စသဟဂုတ်စိတ်မှ ကြွင်းကုန်သော၊ ဧကာ ဒသေဝ-ဘာ ပါးသော ဏကုသိုလ်စိတ်တို့သည်သာ၊ ပဋိသန္ဓိ·-ပဋိသန္ဓေကို၊ ဏာကဿုန်တိ-ငင်နိုင်ကုန်၏၊ [ပဋိသန္ဓေကျိုးကို ပေးနိုင်ကုန်၏၊ "ဣတ္ထာကုသလကမ္မမုဒ္ဓစ္စရဟိတံ ဏပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ"ဟူသော သဠာယ်လာ စကားရပ်နှင့် ဏတူပင်တည်း၊] ဝိစိကိစ္ဆာသဟဂတေ·စိတ်သည်၊ ဏလဒ္ဓါဓိမောက္ခေ·မရဏပ်သော် ဏဓိမောက္ခရှိသည်ဖြစ်၍၊ (ဏဓိမောက္ခနှင့် မယှဉ်ရသည်ဖြစ်၍၊) ဒုဗ္ဗလေ·အားမရှိသည်၊ (သမာနေ)ပိ·ဖြစ်ပါလျက်လည်း၊ ပဋိသန္ဓိ·-ကို၊ ဏာကဿမာနေ·ငင်နိုင်လသော်၊ ဥဒ္ဓစ္စသဟဂတံ·သည်၊ လဒ္ဓါဓိမောက္ခံ·ရဏပ်သော ဏမ်မောက္ခ ရှိသည်၊ (ဏဓိမောက္ခနှင့် ယှဉ်ရသည်၊ ဟုတ္ဝာ-ဖြစ်၍၊) ဗလဝံ·အားရှိသည်၊ (သမာနံ·လျက်၊) (ပဋိသန္ဓိ·-ကို၊) ကသွာ·ကြောင့်၊ နာကဿုတိ·မငင်နိုင်ပါဘူးသနည်း၊ ဣတိ-ဤဏားဏဓိပ္ပါယ်ရှိ၏။ ဒဿနေန ပဟာတဗ္ဗာဘာဝဘော-သောတာပတ္တိမဂ်သည် ပယ်ထိုက်သောတရားတို့၌ မပါဝင်ခြင်းကြောင့်ဟု ဋီကာ ၂ နည်းဖွင့်၏၊ ပဋိသန္ဓေကျိုးကို မငင်နိုင်(မပေးနိုင်)ခြင်းကြောင့် ဒဿနေန ပဟာတဗ္ဗတရားတို့၌ ဥဒ္ဓစ္စ သဟဂုတ်စိတ်

ဧသဧသာဝိ နှတ္ထိ။ ။မောဟမူဒ္ဒေးဟူသော နောက်ဆုံးစိတ် ၂ပါး၌ ဝိမံသာဓိပတိမှကြွင်းသော ဏဓိပတိ ၃ ပါးလည်း မရှိ။ ["ဒွိဟေတုက တိဟေတုက ဇဝနေသွေဝ ယထာသမ္ဘဝံ ဏဓိပတိ ဧကော၀ လဗ္ဘတိ"ဟူသော သဠာယ်၌ "ဏဟိတ်ဧော၀ယ် ဏဓိပတိမရနိုင်"ဟူသော စကားနှင့် ထပ်တူပင်တည်း၊] ထို မရခြင်း၏ ဏကြောင်းကို ပြလို၍ "ကဿ ဓမ္မံ"စသည်ပိန့်။ [ကဿဓမ္မန္တိ-ဆန္ဒာဒီသု ဧကမို့ သဟဇာတံ၊-ဋီကာ။]

ဒဿ၊ဧပ၊ ဘာ၀ဧတာ။ ။"ဒဿနေန ပဟာတဗ္ဗသဿ+ဏဘာ၀တော-ဥဒ္ဓစ္စသဟဂုတ်စိတ်က သောတာပတ္တိမဂ် ပယ်ဆိုက်သည်၏ဏဖြစ်၏မရှိခြင်းကြောင့်,(တနည်း) ပဟာတဗ္ဗေသု+ဏဘာ၀တော-ဥဒ္ဓစ္စ သဟဂုတ်စိတ်က သောတာပတ္တိမဂ်သည် ပယ်ထိုက်သောတရားတို့၌ မပါဝင်ခြင်းကြောင့်"ဟု ဋီကာ ၂ နည်းဖွင့်၏၊ ပဋိသန္ဓေကျိုးကို မငင်နိုင်(မပေးနိုင်)ခြင်းကြောင့် ဒဿနေန ပဟာတဗ္ဗတရားတို့၌ ဥဒ္ဓစ္စ သဟဂုတ်စိတ်

မပါဝင်ခြင်းကြောင့်၊) (နာကစုတိ-နိုင်၊ ဣတိ-ဤတား အဖြေတည်း၊) ဟိ-ချဲ၊ (ဥဒ္ဓစ္စသဟဂတံ-သည်၊ ပဋိသန္ဓိံ-ကို၊) ယဒိအာကစေုယျ-အံ့၊ (ဝေံ သတိ၊) ဒဿနေန၊ပေ၊ ဝိဘင်္ဂေ-ဒဿနေန ပဟာတဗ္ဗပုဒ်၏ အကျယ်ဝေဖန်ရာဝိဘင်း၌၊ အာဂစ္ဆေယျ-လာရာ၏၊ (လာကား မလာပါ-ဟူလို၊) တသ္မာ-ကြောင့်၊ တံ-ထို ဥဒ္ဓစ္စသဟဂုတ်စိတ်ကို၊ထပေတ္ဝာ-၍၊ သေသာနိ-ကုန်သော၊ကောဒသ-၁၁ ပါး သော အကုသိုလ်စိတ်တို့သည်၊ (ပဋိသန္ဓိံ-ကို၊) အာကစုန္တိ-ငင်နိုင်ကုန်၏။

ဟိ-ချဲ၊ [ဒဿနေန၊ပေ၊ ဝိဘင်္ဂေ အာဂစ္ဆေယျကိုပင် "ဒဿနေန၊ပေ၊ ဝိဘင်္ဂေ နာဂတံ"ဟု အကျယ်ပြသည်၊ ရှေးနိဿယ၌ "ထိုမှတပါး"ဟု ပေး လေ၏၊] တေသု-ထို ၁၀ ပါးသော အကုသိုလ်စိတ်တို့တွင်၊ ယေန ကေနစိ-အမှတ်မထား တပါးပါးသောစိတ်ဖြင့်၊ တမ္မေ-ကို၊ အာယူဟိတေ-အားထုတ် အပ်ပြီးသော်၊ တာယ စေတနာယ-ထိုစေတနာကြောင့်၊ စတူသုန်သော၊ အပါယေသု-တို့၌၊ ပဋိသန္ဓိ သည်၊ ဟောတိ-ဖြစ်ရ၏၊ အကုသလဝိပါကေသု-အကုသလ ဝိပါက် ၇ ပါးတို့တွင်၊ အဟေတုက၊ပေ၊ သဟဂတာယ-အဟိတ် မနောဝိညာဏဓာတ်, ဥပေက္ခာသဟဂုတ်စိတ်ဖြင့်၊ (အဟိတ် အကုသလဝိပါက် ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်ဖြင့်၊) ပဋိသန္ဓိံ-ကို၊ ဂဏ္ဌာတိ-ယူရ၏၊ ဣတရဿာပိ-၁၁ ပါးသော အကုသိုလ်စိတ်မှ တပါးသော ဥဒ္ဓစ္စသဟဂုတ်စိတ် ၏လည်း၊ ဧတ္ထေဝ-ဤအပါယ်ဘုံ၌သာ၊ ပဋိသန္ဓိဒါနံ-ပဋိသန္ဓေကျိုးကို ပေး ခြင်းသည်၊ ဘဝေယျ-ဖြစ်ရာ၏၊ ပန-စင်စစ်ကား၊ ယသ္မာ တေံ (ပဋိသန္ဓိဒါနံ)-ဤ ဥဒ္ဓစ္စ သဟဂုတ်စိတ်၏ ပဋိသန္ဓေကျိုးကို ပေးခြင်းသည်၊ နတ္ထိ၊ တသ္မာ, ဒဿနေန၊ပေ၊ ဝိဘင်္ဂေ-၌၊ နာဂတံ-မလာ၊ ဣတိ-အပြီးတည်း။

အကုသလာဓမ္မာတိ ပဒဿ-၏၊ ဝဏ္ဏနာ-သည်၊ နိဋ္ဌိတာ-ပြီ။

မပါဝင်ခြင်းဖြစ်ရကား ဤဒဿနေန ပဟာတဗ္ဗာဘာဝတောပါ၌ဖြင့် ပဋိသန္ဓေကျိုးကို မငင်နိုင် မပေးနိုင်ခြင်းကို ပြီးစေ၏၊ ထိုကြောင့် "ယဒိဟိ၊ပေ၊ အာကစုန္တိ"ဟု မိန့်သည်။

တေသု ဟိ၊ပေ၊ နာဂတံ။ ။ဤစကားဖြင့် ဒဿနေန ပဟာတဗ္ဗာ တရားတို့၌ မပါခြင်းကို ပြီးစေသည်၊ ဥဒ္ဓစ္စမှ တပါးသော အကုသိုလ် ၁၁ ပါးသည် အပါယ်ဘုံ၌ ပဋိသန္ဓေကျိုးကို ပေး၏၊ ဥဒ္ဓစ္စစေတနာလည်း ပဋိသန္ဓေကျိုး ပေးရလျှင် ဤအပါယ်ဘုံ ၌သာ ပေးစရာရှိ၏၊ အမှန်အားဖြင့် ဤဥဒ္ဓစ္စသည် ပဋိသန္ဓေကျိုး မပေးနိုင်၊ ထိုသို့ မပေး နိုင်သောကြောင့် ဒဿနေနပဟာတဗ္ဗတရားတို့၌ မပါခြင်းဖြစ်သည်-ဟူလို။ ["အကုသလ ဝိပါကေသု၊ပေ၊ ဂဏ္ဌာတိ"သည် "စဇူသု အပါယေသု ပဋိသန္ဓိံ ဟောတိ"ကို ထပ်၍ ပြုသော စကားတည်း။]

အဗျာကတပဒ

အဟိတ်ကုသလဝိပါက် အဖွင့်

ဣဒါနိ-အကုသလာဓမ္မာပုဒ်ကို အကျယ်ဝေဖန်ပြီးရာ ယခုအခါ၌၊ အဗျာကတပဒံ-အဗျာကတပုဒ်ကို၊ (အဗျာကတာဓမ္မာဟူသောပုဒ်ကို၊) ဘာဇေတွာ-အကျယ်ဝေဖန်တော်မူ၍၊ ဒဿေတုံ-ငှာ၊ ကတမေ ဓမ္မာ အဗျာကတာတိ အာဒိ-အစရှိသော စကားကို၊ (ဘဂဝတာ) အာရဒ္ဓံ-၏၊ တတ္ထ-ထို ကတမေ ဓမ္မာ အဗျာကတာ အစရှိသော စကားရပ်၌၊ အဗျာကတံ-အဗျာကတသည်၊ ဝိပါကံ-ဝိပါက်အဗျာကတ လည်းကောင်း၊ ကြိယံ-ကြိယာအဗျာကတ လည်းကောင်း၊ ရူပံ-ရုပ်အဗျာကတလည်းကောင်း၊ နိဗ္ဗာနံ-နိဗ္ဗာန်အဗျာကတ လည်းကောင်း၊ ဣတိ-သို့၊ စတုဗ္ဗိဓံ-၏၊ တေသု-ထို ၄-ပါးတို့တွင်၊ ဝိပါကာ ဗျာကတံ-ကို၊ [“ဘာဇေတွာ ဒဿေတုံ၊ပေ၊အာရဒ္ဓံ”၌ စပ်ဖို့ရန် ဋီကာ ဖွင့်သည်၊ နောက်ပုဒ်များ၌လည်း နည်းတူ။]

ဝိပါကာဗျာကတေပိ-ဝိပါက်အဗျာကတ၌လည်း၊ ဝါ-တွင်လည်း၊ ကုသလ ဝိပါကံ-ကုသလဝိပါက်ကို၊ (ဘာဇေတွာ ဒဿေတုံ-ငှာ၊ ပေ၊အာရဒ္ဓံ၊) တသ္မိံပိ-ထို ကုသလဝိပါက်၌လည်း၊ ဝါ-တွင်လည်း၊ ပရိတ္တဝိပါကံ-ကာမ ဝိပါက်ကို၊ (ဘာဇေတွာ ဒဿေတုံ၊ပေ၊အာရဒ္ဓံ၊) တသ္မိံပိ-ထို ကာမဝိပါက်၌ လည်း၊ ဝါ-တွင်လည်း၊ အဟေတုကံ-အဟိတ်ဝိပါက်ကို၊ (ဘာဇေတွာ ဒဿေ တုံ၊ပေ၊အာရဒ္ဓံ၊) တသ္မိံ-ထို အဟိတ်ဝိပါက်၌လည်း၊ ဝါ-တွင်လည်း၊ ပဉ္ဇ ဝိညာဏံ-ပဉ္ဇဝိညာဉ်ကို၊ (ဘာဇေတွာ ဒဿေတုံ၊ပေ၊အာရဒ္ဓံ၊) တသ္မိံပိ-ထို ပဉ္ဇဝိညာဉ်၌လည်း၊ ဝါ-တွင်လည်း၊ ဒွါရပဋိပါဋိယာ-ဒွါရအစဉ်အားဖြင့်၊ စက္ခုဝိညာဏံ-စက္ခုဝိညာဉ်ကို၊ (ဘာဇေတွာ ဒဿေတုံ၊ ပေ၊ အာရဒ္ဓံ၊) တဿာပိ-ထို စက္ခုဝိညာဉ်၌လည်း၊ [“ဥပ္ပတ္တိံ ဒီပေတုံ ဝုတ္တံ”၌စပ်၊] ဒွါရာ၊ပေ၊ ပစ္စယံ-ဒွါရ, အာရုံအစရှိသော ဆက်ဆံသော အကြောင်းကို၊ ထပေတွာ, အသာဓာရဏ ကမ္မပစ္စယဝသေနေဝ-မဆက်ဆံသော ကံဟူသော အကြောင်း၏အစွမ်းဖြင့်သာလျှင်၊ ဥပ္ပတ္တိံ-ဖြစ်ပုံကို၊ ဒီပေတုံ-ငှာ၊ ကာမာဝစရဿ၊ပေ၊ ကတတ္တာတိအာဒိ-အစရှိသော စကားရပ်ကို၊ (ဘဂဝတာ) ဝုတ္တံ-ပြီ။

တတ္ထ-ထို ကာမာဝစရဿ ကုသလဿ ကမ္မဿ ကတတ္တာ အစရှိသော စကားရပ်၌၊ ကတတ္ထာတိ-ကား၊ ကတကာရဏာ-ပြုအပ်ပြီး၏ အဖြစ်ဟူသော

ကတတ္တာ။ ။ကရီယိတ္ထ-ပြုအပ်ပြီ၊ ဣတိ ကတံ(ကမ္မံ)၊ ကတဿ-ပြုအပ်ပြီး သော ကံ၏+ဘာဝေါ-ဖြစ်ကြောင်းဖြစ်ရာဘည်း၊ ကတတ္တံ-ရာ၊ “ပြုအပ်ပြီးသော ကံ၏ ဖြစ်ကြောင်းဖြစ်ရာ”ဟူသည် ပြုပြီးခြင်းကြိယာတည်း၊ ထို့ကြောင့် “ကတ ကာရဏာ”ဟု ဖွင့်သည်၊ ကတကာရဏာ၌ ကတကို “ကတဘာဝ”ဟု ဆိုလိုလျက် ဘာဝပွဓာန, တနည်း ဘာဓလောပကြံပါ၊ “ကာရဏာ”ကား “တ္ထာ”၌ သွာဝိဘတ်၏

အကြောင်းကြောင့်၊ ဝါ-ပြုပြီးခြင်းဟူသောအကြောင်းကြောင့်၊ ဥပစိတတ္တာတိ-ကား၊ အာစိတတ္တာ - ဆည်းပူးအပ်ပြီး၏ အဖြစ်ကြောင့်၊ ဝစိုတကာရဏာ-တိုးပွားစေအပ်ပြီး၏ အဖြစ်ဟူသော အကြောင်းကြောင့်၊ ဝါ - တိုးပွားစေ ပြီးခြင်းဟူသော အကြောင်းကြောင့်။ [ဥပ္ပန္နံ ဟောတိ၌စပ်။]

စက္ခုဝိညာဏန္တိ - ကား၊ ကာရဏဘူတဿ - ဝိညာဉ်၏ အကြောင်းဖြစ်၍ ဖြစ်သော၊ စက္ခုဿ-စက္ခုပသာဒ၏၊ ဝိညာဏံ-ဝိညာဉ်တည်း၊ (ဣတိ-ကြောင့်၊ စက္ခုဝိညာဏံ-စက္ခုဝိညာဏမည်၏၊) ဝါ-တနည်း၊ စက္ခုတော-စက္ခုပသာဒကြောင့်၊ ပဝတ္ထံ-ဖြစ်သော၊ (ဝိညာဏံ-တည်း၊ ဣတိ-ကြောင့်၊ စက္ခုဝိညာဏံ-မည်၏-) ဝါ-တနည်း၊ စက္ခုသ္မိံ-စက္ခုပသာဒ၌၊ နိဿိတံ-မှီသော၊ ဝိညာဏံ-တည်း၊ ဣတိ-ကြောင့်၊ စက္ခုဝိညာဏံ-မည်၏၊ ပရတော-နောက်၌၊ သောတဝိညာဏာဒီသုပိ - သောတဝိညာဏံ အစရှိသော ပုဒ်တို့၌ လည်း၊ ဧသေဝနယော။

အဖွင့်တည်း၊ သွာသည် ကာရဏဟိတ်ခေါ် ဇနကဟိတ်အနက်၌ သက်ကြောင်းကို သိစေသည်၊ မှန်၏–ကံသည် အကျိုးကို ဖြစ်စေတတ်သော ဇနကဟိတ်တည်း၊ တနည်း "ကရီယိတ္ထ-ပြုပြီးခြင်း၊ ကတံ-ခြင်း" ဤသို့ ကြံလျှင်လည်း ကတတ္တာအရ ပြုပြီးခြင်း ကြိယာရသောကြောင့် အဓိပ္ပာယ်တူပင်တည်း၊ "ကတကာရဏာ-ပြုပြီးခြင်း ဟူသော အကြောင်းကြောင့်"ဟု ပေး။

ဥပစိတတ္တာ။ ။စိခာတ်၏ အာစယ(စီခြင်း)အနက်ကို သိစေလို၍ "အာစိတ" ဟု သဒ္ဒတ္ထဖွင့်သည်၊ [ဥပစိယိတ္ထ-စီအပ်ပြီ၊ ဣတိ ဥပစိတံ။] "စီခြင်း"ဟူသည် (ပန်းရန် ဆရာ၏ အုတ်စီခြင်းကဲ့သို့) အထပ်ထပ် တိုးစေခြင်းတည်း၊ အခြားကံ၏ အကျိုးပေးခွင့်ကို တားမြစ်၍ မိမိသည်သာ အကျိုးပေးခွင့်ရလောက်အောင် ကံကို အထပ်ထပ်တိုးပွားစေ သည်-ဟူလို၊ ထိုသို့ တိုးပွားစေခြင်းကို "ဆည်းပူး"ဟု ခေါ်၏၊ နောက်ထပ်ဖြစ်သော ကံများကို အခြားသို့ ရောက်မသွားအောင် ဆည်းတား၍, ရှေးရှေးကံများနှင့် ပူးပေါင်း ထားသကဲ့သို့ ဖြစ်ခြင်းတည်း၊ ထို့ကြောင့်"ဝစိုတ"ဟု အဓိပ္ပာယတ္ထဖွင့်သည်၊ ကာရဏာ ကား သွာဝိဘတ်၏ အနက်ဖွင့်ပင်တည်း၊ "ဝစိုတ"၌လည်း ဘာဝပွဓာနဲ, ဘာဝလောပ ကြံပါ၊ (တနည်း) ဘာဝသာဓန ကြံပါ။

စက္ခုဝိညာဏံ။ ။စက္ခုဝိညာဉ် ဖြစ်ခြင်း၏ အကြောင်း၌ စက္ခုပသာဒ, ရူပါရုံ, အာလောက, မနသိကာရဟု ၄-ပါးရှိ၏၊ ထိုတွင် ရူပါရုံသည် စက္ခုဝိညာဉ်သာမက, သမ္ပဋိစ္ဆိုန်းစသော စက္ခုဒွါရိကဝီထိ, တဒနူဝတ္တိက မနောဒွါရဝီထိများ၏ အကြောင်း လည်းဖြစ်၏၊ စက္ခုပသာဒကား စက္ခုဝိညာဉ်စိတ် ၁-ပါးနှင့်သာ ဆက်ဆံ၏၊ ထို့ကြောင့် အခြားတရားတို့နှင့် မဆက်ဆံသော စက္ခုပသာဒဟူသော အကြောင်းဖြင့်သာ နာမည် တင်လို၍ "စက္ခုဝိညာဏံ-စက္ခု၌မှီသော ဝိညာဉ်"ဟု မိန့်တော်မူသည်။ ["ဘေရိ သဒ္ဒေါ ယဝကုံရော"စသည်ကဲ့သို့ အသာဓာရဏနည်းတည်း၊] ဝိဂ္ဂဟ ၃-မျိုးတွင် ပဌမ ဝိဂ္ဂဟ၌"စက္ခုဿ+ဝိညာဏံ"ဟု ဆဋ္ဌီတပ္ပုရိသ်ပြုပါ၊ ဒုတိယဝိဂ္ဂဟ၌ ပဝတ္တအလယ်ပုဒ် တတိယဝိဂ္ဂဟ၌ နိဿိတ အလယ်ပုဒ်ကြေသော မဇ္ဈေလောပီဘပ္ပုရိသ်။

ကတ္ထ-ထိုစက္ခုဝိညာဉ်,သောတဝိညာဉ် အစရှိသည်တို့တွင်၊ စက္ခုဝိညာဏ်သည်၊ စက္ခု၊ပေ၊ လက္ခဏ်-စက္ခုပသာဒကို မှီသည်အဖြစ်, ရူပါရုံကို သိခြင်းဟူသော မှတ်ကြောင်း လက္ခဏာရှိ၏၊ ရူပမတ္တာရမဏရသံ-ရူပါရုံမျှဖြစ်သော အာရုံကို ယူခြင်းကိစ္စရှိ၏၊ ရူပါဘိမုခဘာဝပစ္စုပဋ္ဌာနံ-ရူပါရုံသို့ ရှေးရှုသည်၏ အဖြစ်ဖြင့် ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာ၏၊ ရူပါရမဏာယ - ရူပါရုံဟူသော အာရုံရှိသော၊ ကြိယမနောဓာတုယာ-ကြိယမနောဓာတ်၏၊ အပဂမပဒဋ္ဌာနံ-ကင်းချုပ်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏၊ ပရဘောဂ-နောက်၌၊ အာဂတာနိ-လာကုန်သော၊ သောတ၊ပေ၊ ဝိညာဏာနိ-သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်တို့သည်၊ သောတာဒိ သန္ဒိဿိတ သဒ္ဒါဒိ ဝိဇာနနလက္ခဏာနိ-သောတ အစရှိသော ပသာဒကို မှီကုန်သည်၏ အဖြစ်, သဒ္ဒ အစရှိသော အာရုံကို သိခြင်းလက္ခဏာရှိကုန်၏၊ သဒ္ဒါဒိမတ္တာရမဏရသာနိ-သဒ္ဒ အစရှိသည်မျှ ဖြစ်သော အာရုံကို ယူခြင်းကိစ္စရှိကုန်၏၊ သဒ္ဒါဒိ အဘိမုခဘာဝ ပစ္စုပဋ္ဌာနာနိ-သဒ္ဒ အစရှိသော အာရုံသို့ ရှေးရှုသည်၏ အဖြစ်ဖြင့် ယောဂီတို့ဉာဏ်အား ရှေးရှုထင်လာကုန်၏၊ သဒ္ဒါဒိအာရမဏာနံ-သဒ္ဒ အစရှိသည်လျှင် အာရုံရှိကုန်သော၊ ကြိယမနောဓာတူနံ-ကြိယာမနောဓာတ်တို့၏၊ အပဂမပဒဋ္ဌာနာနိ-ကင်းချုပ်ခြင်းလျှင် နီးစွာသော အကြောင်းရှိကုန်၏။

မှတ်ချက်။ ။ဋီကာ၌အသာဓာရဏနည်းအပြင်"စက္ခာဒီနံ တိက္ခမန္ဒဘာဝေါ၊ပေ၊ ဝိသေသပစ္စယတ္တာစ"ဟုအကြောင်းတမျိုးပြသေး၏၊စက္ခုပသာဒက အခြားအကြောင်းတို့ထက် သာလွန် ထူးကဲသော အကြောင်းဖြစ်သောကြောင့်လည်း "စက္ခုဝိညာဏ်"ဟု စက္ခုဖြင့် အထူးပြု၍ နာမည်တပ်ရသည်–ဟူလို၊ သာလွန်ခြင်း၏အကြောင်းမှာ "စက္ခုပသာဒက အားသေးလျှင် စက္ခုဝိညာဉ်၏ အသိအမြင် အားသေးခြင်း, စက္ခုပသာဒက အားကောင်းလျှင် စက္ခုဝိညာဉ်၏ အသိအမြင်လည်း အားကောင်းခြင်းတည်း၊ ဤအလို အဓိကနည်းဟုလည်း ဆိုသင့်၏။[ဝိသေသပစ္စယတ္တာတိ အဓိကပစ္စယတ္တာ၊-အနူ။]

စက္ခုသန္ဒိ၊ပ၊လက္ခဏံ။ ။"စက္ခုသန္ဒိဿိတဋ္ဌ+တံ+ရူပဝိဇာနနဋ္ဌာတိ စက္ခုသန္ဒိဿိတ ရူပဝိဇာနနံ၊ ရှေးနီဿိယ၌ "သန္ဒိဿိတ"ကို "မှီခြင်း" ဟု ပေး၏၊ ဤ၌ကား ဘာဝပွဓာန, ဘာဝလောပကြံ၍ ပေးသည်၊ စက္ခုသန္ဒိဿိတ ရူပဝိဇာနနံ+လက္ခဏံ ဧတဿာတိ စက္ခုသန္ဒိဿိတ ရူပဝိဇာနနလက္ခဏံ၊ ထိုတွင် စက္ခုသန္ဒိဿိတ သဒ္ဒါဖြင့် ရူပါရုံကိုသိသော (စက္ခုဒွါရိက ဝီထိ၌ပါသော) သမ္ပဋိစ္ဆိုန်း စသော ဝိညာဉ်များကို ကန့်၏၊ ရူပဝိဇာနနသဒ္ဒါဖြင့် စက္ခုဝိညာဉ်နှင့်အတူ ဖြစ်၍ ရူပါရုံကိုပင် သိကြသော ဖဿစသော တရားများကိုကန့်သည်၊ မှန်၏–ဖဿစသော တရားတို့သည် ထိုဝီထိ၌ ရူပါရုံကို သိကြသော်လည်း ရူပဝိဇာနနလက္ခဏာ မရှိကြ၊ ဖုသနစသော လက္ခဏာ ရှိကြသည်။

အပဂမ ပဒဋ္ဌာနံ။ ။ဤ မနောဓာတ်ဟူသည် ပဋ္ဌဒွါရာဝဇ္ဇန်းတည်း၊ ပဋ္ဌဒွါရာဝဇ္ဇန်း ကင်းချုပ်မှ စက္ခုဝိညာဉ် ဖြစ်ရသောကြောင့် ပဋ္ဌဒွါရာဝဇ္ဇန်း၏ ကင်းချုပ်ခြင်းကို စက္ခုဝိညာဉ်ဖြစ်ဖို့ရန် နီးကပ်သောအကြောင်း ပဒဋ္ဌာန်ဟု ဆိုသည်။

ဣစ - ဤ စက္ခုဝိညာဉ်စိတ်၌၊ ပဒပဋိပါဋိယာ - ပုဒ်တို့၏ အစဉ်အားဖြင့်- ဒသ-နှ်သော၊ ပဒါနိ-တရားအစုတို့သည်၊ ဟောန္တိ-နှ်၏၊ အဂ္ဂဟိတဂ္ဂဟဏေန၊ ဖြင့်၊ သတ္တာ-နှ်သော၊ (ပဒါနိ ဟောန္တိ)၊ [သတ္တာ၏ သရုပ်ကို ပါဠိတော်၌ ကြည့်ပါ၊] တေသု-ထိုး ၇ ပါးတို့တွင်၊ပဌ-နှ်သော၊ (ပဒါနိ-တို့သည်၊) အဝိဘတ္တိကာနှ်-ခဲ့ခြား ဝေဖန်ရခြင်း မရှိကုန်သည်၊ (ဟောန္တိ)၊ ဒွေ-နှ်သော၊ (ပဒါနိ) သ ဝိဘတ္တိကာနှ် - ခဲ့ခြား ဝေဖန်ရခြင်းနှင့် တကွ ဖြစ်ကုန်သည်၊ (ဟောန္တိ)၊ တေသု-ထိုး ၂ ပါးတို့တွင်၊စိတ်-သည်၊ ဖဿပဉ္စမကဝသေန စေဝ-ဖဿပဉ္စမက၏ အစွမ်းဖြင့်လည်းကောင်း၊ ဣန္ဒြိယဝသေန စ- လည်းကောင်း၊ ဒ္ဝိသု-နှ်သော၊ ဌာနေသု-တို့၌၊ ဝိဘတ္တိ - ဝေဖန်အပ်သည်၏ အဖြစ်သို့၊ ဂစ္ဆတိ - ရောက်၏၊ ဝေဒနာ-သည်၊ ဖဿပဉ္စမကစျာနင်္ဣန္ဒြိယဝသေန-ဖဿပဉ္စမကဌာန, စျာနင်္ဌာန, ဣန္ဒြိယဌာန၏ အစွမ်းဖြင့်၊ တီသုယေဝ- ၃ ပါးသာလျှင်ဖြစ်ကုန်သော၊ (ဌာနေသု ဝိဘတ္တိ ဂစ္ဆတိ)၊ ဏသယောပိ - အစုတို့သည်လည်း၊ ဣမေဝ တယော-ဤ ၃ ပါးတို့သည်သာ၊ ဟောန္တိ၊ (ဖဿပဉ္စမက, စျာနင်္ဂ, ဣန္ဒြိယတို့တည်း၊) ယေဝ ပနကော-ယေဝ ပနကသည်၊ ဧကော-တပါးသော၊ မနသိကာရော ဧဝ-မနသိကာရသာတည်း။

နိဒ္ဒေသဝါရေ-၌၊ စက္ခုဝိညာဏံ-ကို၊ ပဇ္ဇရန္တိ-ပဇ္ဇရုံဟူ၍၊ ဝတ္ထုတော-ဝတ္ထုအားဖြင့်၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ ဟိ-ခဲ့၊ ကုသလံ-သည်၊ အတ္တနော-မိမိဟူသော ကုသိုလ်၏၊ပရိသုဒ္ဓတာယ-ထက်ဝန်းကျင် စင်ကြယ်သည်၏ အဖြစ်ကြောင့်၊ ပဇ္ဇရံနာမ-မည်၏၊ အကုသလံ-သည်၊ ဘဝင်္ဂနိသန္ဒေန-ဘဝင်၏ အကျိုးဆက်ကြောင့်၊ (ပဇ္ဇရံနာမ်-၏၊) ဝိပါကံ-သည်၊ ဝတ္ထုပဇ္ဇရတာယ-မှီရာဝတ္ထု၏ ဖြိုစင်သည်၏အဖြစ်ကြောင့်၊ (ပဇ္ဇရံနာမ-၏။)

စျာနင်္ဌာန။ ။ဒွေပဉ္စဝိညာဉ် ၁၀ ၌ ယှဉ်သော ဝေဒနာ (ဥပေက္ခာ သုခ ဒုက္ခ)ကေဂ္ဂတာတို့သည် စျာနင်မထိုက်ကုန်သည် မဟုတ်ပါလော၊ သို့ပါလျက် အာဘယ့်ကြောင့် စျာနင်္ဌာနသို့ခဲ့ "ဥပေက္ခာ ဟောတိ, စိတ္တသေကဂ္ဂတာ ဟောတိ" စသည်ဖြင့် ဟောတော်မူအပ်ပါသနည်း-ဟု မေးဖွယ်ရှိ၏၊ အဖြေကား-ပဉ္စဝိညာဉ်မှ တပါးသော အခြားစိတ်တို့၌ ယှဉ်ခိုက်ဝယ် ထို ဝေဒနာ, ကေဂ္ဂတာတို့က စျာနင်ထိုက်သောကြောင့် နာမည်တူ, သဒိသူပစာရအားဖြင့် စျာနင်္ဌာနသို့၌ ဟောတော်မူပါသည်။ [စျာနင်္ဌာနဝသေနာတိ ကွာဒံ၊ ပေ၊ တံ သဒိသာနံ တဒုပစာရံ၊ ကတွာ ဝုတ္တံ၊-ဋီကာ။]

ဝတ္ထုပဇ္ဇရတာယ။ [ဋီကာ၌ "တာယ"ဟု ရှိ၏၊] "ပသာဒ, ဟဒယဝတ္ထု တို့သည် မိမိတို့က ကဏ္ဍဓမ္မ အကုသိုလ်တို့၏ ဆန့်ကျင်ဘက် မဟုတ်ကြသောကြောင့် ကုသိုလ်ကဲ့သို့ ဆန့်ကျင်ဘက်ကိုထောက်၍ ပဇ္ဇာရ မဖြစ်နိုင်ကြ, ရုပ်တရားဖြစ်၍ ပင်ကိုယ် သဘောအတိုင်းပင် ဖြူစင်ကြသည်၊ထိုဖြူစင်သော ပသာဒရုပ်,ဟဒယဝတ္ထုကို မှီရခြင်းကြောင့် ဝိပါက်စိတ်တို့လည်း ပဇ္ဇာရဖြစ်ကြ၏"ဟူလို။ [ဝတ္ထုပဇ္ဇာရတာယာတိ သယံ၊ ပေ၊ အဓိပ္ပာယော၊-ဋီကာ။]

စိတ္တဿေကဂ္ဂတာ နိဒ္ဒေသေ-၌၊ စိတ္တဿ ဌိတိတိ-ဟူသော၊ ကေမေဝ-တပုဒ် သာလျှင်ဖြစ်သော၊ ပဒံ-ပုဒ်ကို၊ ဝုတ္တံ-ဟောတော်မူအပ်ပြီ၊ [သဏ္ဌိတိ အဝဋ္ဌိတိ" မပါဟူလို၊] ဟိ-မှန်၊ ဣဒမ္ပိ-ဤစက္ခုဝိညာဉ်စိတ်သည်လည်း၊ [ပိဖြင့် ဝိစိကိစ္ဆာ စိတ်ကိုပေါင်း၊] ဒုဗ္ဗလံ-အားမရှိသော၊ စိတ္တံ-စိတ်တည်း၊ တ္ထေ-ဤစက္ခုဝိညာဉ် စိတ်၌၊ ပဝတ္တိဋ္ဌိတိမတ္တမေဝ-ဖြစ်ခြင်း၏ တည်ခြင်းမျကိုသာ၊ လဗ္ဘတိ-ရအပ်၏၊ သဏ္ဌိတိ အဝဋ္ဌိတိဘာဝံ-သဏ္ဌိတိ အဝဋ္ဌိတိ၏အဖြစ်သို့၊ ပါပုဏိတုံ-ရောက်ခြင်း ငှါ၊ နသက္ကောတိ-မစွမ်းနိုင်၊ [ပဝတ္တိဋ္ဌိတိမတ္တ၏ အဓိပ္ပာယ်ကို ဝိစိကိစ္ဆာစိတ် အဖွင့်၌ ပြခဲ့ပြီ။] သင်္ဂဟဝါရေ-၌၊ ဈာနင် မဂ္ဂင်ါနိ-ဈာနင် မဂ္ဂင်တို့ကို၊ နဥဒ္ဓဋာနိ-ထုတ်ပြတော် မမူအပ်ကုန်၊ ကသ္မာ, (နဥဒ္ဓဋာနိ-နသနည်း၊) ဟိ (ယသ္မာ) ဈာနံ နာမ - ဈာန် မည်သည်၊ ဝိတက္ကပစ္ဆိမကံ-ဝိတက်ဟူသော နောက်ပိတ်ဆုံး ရှိ၏၊ မဂ္ဂေါနာမ-မင်္ဂမည်သည်၊ ဟေတုပစ္ဆိမကော-ဟိတ် ဟူသော နောက်ပိတ်ဆုံး ရှိ၏၊ [သမုစ္စည်းပိုင်း "ပဉ္စဝိညာဏေသု ဈာနင်္ဂါနိ" အဖွင့် သင်္ဂြိုဟ်ဘာသာဋီကာ၌ ပြထားပြီ။] ပကတိယာ-ပင်ကိုအားဖြင့်၊ (ဝိတက်ကို လွန်မြောက်ခြင်းကြောင့် မဟုတ်ပဲ ပင်ကိုသဘောအားဖြင့်၊) အဝိတက္ကစိတ္တေ-ဝိတက်မရှိသော စိတ်၌၊ ဈာနင်္ဂံ-ကို၊ နလဗ္ဘတိ၊ အဟေတုက စိတ္တေစ-အဟိတ်စိတ်၌လည်း၊ မဂ္ဂင်ါနိ-တို့သို့၊(နလဗ္ဘန္တိ-မရအပ်ကုန်၊)တသ္မာ-ကြောင့်၊ ဣဓ-ဤစက္ခုဝိညာဉ်စိတ်၌၊ ဥဘယမ္ပိ ဈာနင် မဂ္ဂင် ၂ ပါးစုံကိုလည်း၊ နဥဒ္ဓဋံ-ထုတ်ပြတော် မမူအပ်။

တ္ထေ-ဤစက္ခုဝိညာဉ်စိတ်၌၊ သင်္ခါရက္ခန္ဓောပိ-ကိုလည်း၊ စတုရင်္ဂိတော ယေဝ-၄ ပါးသော အင်္ဂါရှိသော သင်္ခါရက္ခန္ဓာကိုသာ၊ ဘာဇိတော-ဝေဖန် တော်မူအပ်ပြီ၊ [ဖဿ, စေတနာ, စိတ္တဿေကဂ္ဂတာ, ဇီဝိတိန္ဒေ ၄ ပါးတည်း၊ ပါဋ္ဌိတော်ကြည့်ပါ။] သုညတဝါရော-သည်၊ ပါကတိကောယေဝ - ပင်ကို သဘောအတိုင်းသာတည်း၊ သောတဝိညာဏာဒိနိဒ္ဒေသာပိ-သောတဝိညာဉ် အစရှိသည်တို့၏ နိဒ္ဒေသတို့ကိုလည်း၊ ဣမိနာဝနယေန-ဖြင့်သာ၊ ဝေဒိတဗ္ဗာ-နှ၏၊ ဟိ-စိုးစဉ်းအနည်းငယ်ဆိုဖွယ်အထူးကား၊ ကေဝလံ-ဝေဒနာချင်း မရော မယှက် သက်သက်၊ စက္ခုဝိညာဏာဒိသု-တို့၌၊ ဥပေက္ခာ-ဥပေက္ခာဝေဒနာကို၊ ဘာဇိတာ-ပြီ၊ ကာယဝိညာဏေ-၌၊ သုခံ-သုခဝေဒနာကို၊ (ဘာဇိတံ) ဣတိ အယံ-ကား၊ တ္ထေ-ဤစက္ခုဝိညာဉ် အစရှိသည်တို့၌၊ ဝိသေသော။

ပကတိယာ။ ။[ဤပုဒ်ကို "အဝိတက္ကစိတ္တေ"၌ စပ်။] "အဝိတက္ကစိတ်"ဟူရာ၌ ဒုတိယဈာန်စိတ်စသော စိတ်များသည် ပကတိ အဝိတက္ကမဟုတ်, ဝိတက်ကိုလွန်မြောက်ခြင်းကြောင့် အဝိတက္ကဖြစ်ကြရသည်၊ "ဒွေ ပဉ္စဝိညာဉ်ကား ဝိတက်ကိုလွန်ခြင်းကြောင့် အဝိတက္ကစိတ် မဟုတ်, ပင်ကိုရိုးရာအတိုင်းပင် အဝိတက္ကစိတ် ဖြစ်သည်"ဟူ ပြလို၍ "ပကတိယာ"ဟူ မိန့်သည်။ [ပကတိယာ နအတိုက္ကမနေန၊-ဋီကာ။]

စ·ဆက်၊ သောပိ·ထိုအထူးကိုလည်း၊ ဃဋ္ဋနဝသေန-ထိခိုက်ခြင်း၏အစွမ်းကြောင့်၊ (ထိခိုက်ခြင်းနှင့် စပ်သဖြင့်၊) ဟောတိ၊ ဣတိ-သို့၊ ဝေဒိတဗ္ဗော၊ ဟိ-ခဲ့၊ စက္ခုဒ္ဒါရာဒီသု-စက္ခုဒ္ဒါရ အစရှိကုန်သော၊ စတူသု-၄ ပါးသော ဒ္ဒါရတို့၌၊ ဥပါဒါရူပမေဝ-ဥပါဒါရုပ်သည်သာ၊ ဥပါဒါရုပ်-ကို၊ ဃဋ္ဋေတိ-ထိခိုက်၏၊ [ဥပါဒါရုပ်ဖြစ်သော ရူပ သဒ္ဒ ဂန္ဓ ရသာရုံတို့စာ ဥပါဒါရုပ်ဖြစ်သော စက္ခုသောတ ဃာန ဇိဝှါဝတ္ထုတို့ကို ထိခိုက်ကြသည်။ [ဥပါဒါရူပေယေဝ-သည်သာ၊ ဥပါဒါရူပ်-ကို၊ ဃဋ္ဋနွေ့-ထိခိုက်လသော်၊ ပဋိဃဋ္ဋနာနိဃံသော-ထိခိုက်ခြင်းဟူသော ပွတ်တိုက်ခြင်းသည်၊ ဗလဝါ-အားရှိသည်၊ နု ဟောတိ၊ [''ပဋိဃဋ္ဋနာနိဃံသော ဗလဝါ နု ဟောတိ''ကို ဥပမာဖြင့် ထင်ရှားအောင် ပြလိုလျှင် ''စတုန္နံ၊ပေ၊ ဖုဋ္ဌမတ္တမေဝ ဟောတိ''ဟု မိန့်သည်။] စတုန္နံ-၄ ခု ကုန်သော၊ အဓိကရဏိနံ့-ပေတို့၏၊ [ထုရိုက်ဖန်မျှားလျှင် ပေနေ တေနေသော အောက်ခံသံတုံးကို ''ပေ''ဟု ခေါ်သည်။] ဥပရိ-အထက်၌၊ စတ္တာရော-၄ ခု ကုန်သော၊ ကပ္ပာသပိစုပိလ္လော-ဝါဂွမ်းဆိုင်တို့ကို၊ ထပေတ္ဝာ-တင်ထား၍၊ ပိစုပိလ္လောဟေဝ-ဝါဂွမ်းဆုံင်တို့ဖြင့် သာလျှင်၊ ပဟတကာလောဝိယ-ပုတ်ခတ်အပ်ရာအခါကဲ့သို့၊ ဖုဋ္ဌမတ္တမေဝ-ထိအပ်ကာမျှသည်သာ၊ ဟောတိ၊ ဝေဒနာသည်၊ မဇ္ဈတ္တဋ္ဌာနေ-မဇ္ဈတ္တအရာ၌၊ တိဋ္ဌတိ။ [ဥပေက္ခာဝေဒနာ ဖြစ်သည်-ဟူလို။]

ပန-ကား၊ ကာယဒ္ဒါရေ-၌၊ ဗဟိဒ္ဓါ-အပ၌၊ မဟာဘူတာရမ္မဏံ-မဟာဘုတ်တည်းဟူသောအာရုံသည်၊ အဋ္ဌတ္တိကကာယပသာဒံ-အဋ္ဌတ္ထသန္တာန်၌ဖြစ်သော ကာယပသာဒကို၊ ဃဋ္ဋေတွာ-ထိခိုက်၍၊ ပသာဒပစ္စယေသု-မှီရာ ပသာဒ၏အကြောင်း၊ဖြစ်ကုန်သော၊ မဟာဘူတေသု - မဟာဘုတ်တို့၌၊ ပဋိဃညတိ-ထိခိုက်၏။

ဗဟိဒ္ဓါ။ ။''ဗဟိဒ္ဓါ မဟာဘူတာရမ္မဏံ''၌ ဗဟိဒ္ဓါကို နိဒဿနဿ, ဥပလက္ခဏနည်းအားဖြင့် ဆိုသည်၊ မှန်၏-ဗဟိဒ္ဓ မဟာဘုတ်ဖြစ်သော ဖောဋ္ဌဗ္ဗာရုံသာမက မိမိလက်သီးဖြင့် မိမိကိုယ်ကို ပြန်၍ ထုသောအခါ စသည်၌ အဋ္ဌတ္တ(ခန္ဓာကိုယ်၌ပါသော) မဟာဘုတ်ဖောဋ္ဌဗ္ဗာရုံကလည်း အဋ္ဌတ္တကာယပသာဒကိုထိခိုက်နိုင်သည်သာ၊[ဗဟိဒ္ဓါတိဇေတံ် နိဒဿနမတ္တံ၊-ဦးကား၊ နိဒဿနမတ္တံတိ ဥပလက္ခဏမတ္တံ၊မခု။]

တနည်း။ ။ကာယဝိညာဏာဓာတ်သည် ကာယပသာဒ ဝတ္ထုကို မှီ၏၊ ထိုဝတ္ထုသည် ဥပါဒါရုပ်ဖြစ်ရကား ကလဒ်ပတ္တဖြစ်သော်မဟာဘုတ်ကို မှီရ၏၊ထိုမှီရာမဟာဘုတ်သည် အာရုံမဖြစ်နိုင်၊ ထို့ကြောင့် ထိုကာယဝိညာဉ်၏ အဆင့်ဆင့် မှီရာ မဟုတ်မှ တပါးသော မဟာဘုတ် ဖောဋ္ဌဗ္ဗာရုံကို (ခန္ဓာကိုယ်တွင်း၌ ရှိသည်ဖြစ်စေ, ကိုယ်ပ၌ ရှိသည်ဖြစ်စေ) ''ဗာဟိဒ္ဓ မဟာဘူတာ အာရုံ''ဟု ခေါ်သည်။ [''ဝိညာဏာဓာတု၊ပေ၊ ဝုတ္တံ၊-ဦးကား။]

အဓိကရဏိမတ္ထကေ-ပေ၏ အထက်၌၊ ကပ္ပဿပိစုပိဏ္ဍံ-ကို၊ ထပေတ္ဝာ-၍၊ ကူဋ္ဌေန-သံတူဖြင့်၊ ပဟာရန္တိဿ-ပုတ်ခတ်လသော်၊ ကပ္ပာသပိစုပိဏ္ဍံ-ကို၊ ဆိန္ဒိတ္ဝာ-၊ ဖြတ်၍၊ (ထိုပြီး၍) ကူဋ္ဌံ-သံတူသည်၊ အဓိကရဏိ-ပေကို၊ ဂဏှာတိ-ယူ၏၊ ဣတိ-ကြောင့်၊ နိဿံသော ပုတ်တိုက်ခြင်းသည်၊ ဗလဝါ-အားရှိသည်၊ ဟောတိ-ယထာ-ကဲ့သို့၊ ဧဝမေဝ-သာလျှင်၊ ပဋိဃဋ္ဋနာနိဿံသော-ထိခိုက်ခြင်းဟူသော ပုတ်တိုက်ခြင်းသည်၊ ဗလဝါ, ဟောတိ-၏၊ ဣဋ္ဌေ-ဣဋ္ဌဖြစ်သော၊ အာရမဏေ-၌၊ သုခသဟဂတံ-သုခသဟဂုတ်ဖြစ်သော၊ ကာယဝိညာဏံ-သည်၊ ဥပပဇ္ဇတိ၊ အနိဋ္ဌေ-သော၊ (အာရမဏေ-၌၊) ဒုက္ခသဟဂတံ-သော၊ (ကာယဝိညာဏံ ဥပပဇ္ဇတိ)။

[“သောပိစ၊ပေ၊ ဝေဒိတဗ္ဗော”၏ အကျယ်ကို ပြုပြီး၍ ဝတ္ထုဒ္ဒါရုရမဏတို့၏ နိဗန္ဓဖြစ်ပုံကိုပြလိုသောကြောင့် “ဣမေသံ ပန”စသည်မိန့်။] ပန-ဆက်၊ ပဥ္စန္နံ-နှ်သော၊ ဣမေသံ စိတ္တာနံ-တို့၏၊ ဝတ္ထုဒ္ဒါရုရမဏာနိ-တို့သည်၊ နိဗန္ဓာနေဝ-အမြဲဖွဲ့စပ်အပ်ကုန်သည်သာ၊ ဟောန္တိ၊ တတ္ထ-ဤစကားဝိညာဉ်အစရှိသည်တို့၌၊ ဝတ္ထာဒိသင်္ခါတံ နာမ-ဝတ္ထုအစရှိသည်တို့၏ ပြောင်းလွှဲခြင်း မည်သည်၊ နတ္ထိ၊ [“စက္ခုဝိညာဉ်မှန်သမျှ စက္ခုဝတ္ထု, စက္ခုဒ္ဒါရ, ရူပါရုံ၌သာ အမြဲနေသည်၊ အခြားဝတ္ထု, ဒ္ဒါရ, အာရုံများသို့ ပြောင်းလွှဲခြင်း မရှိ” ဤသို့စသည်ဖြင့် သောတဝိညာဉ်စသည်တို့၌လည်း သိပါ။] ဟိ-မှန်၊ ကုသလဝိပါက စက္ခုဝိညာဏံ-သည်၊ စက္ခုပသာဒံ-ကို၊ ဝတ္ထုံ-မှီရာဝတ္ထုကို၊ ကတ္ဝာ-၍၊ ဣဋ္ဌာနိဋ္ဌလည်းဖြစ်သော၊ ဣဋ္ဌမဇ္ဈတ္တဆ-ဣဋ္ဌမဇ္ဈတ္တလည်းဖြစ်သော၊ စတုသမုဋ္ဌာနိက ရူပါရမဏေ-ကံ စိတ် ဥတု အာဟာရအားဖြင့် ၄ ပါးသော အကြောင်းတို့ကြောင့်ဖြစ်သော ရူပါရုံ၌၊ ဒဿနကိစ္စံ-မြင်ခြင်းကိစ္စကို၊ သာဓယမာနံ-ပြီးစေလျက်၊ စက္ခုဒ္ဒါရေ-၌၊ ဋ္ဌတ္ဝာ-တည်၍၊ ဝိပစ္စတိ-အကျိုးဖြစ်၏၊ [ဝိပါက်ဖြစ်၍ “ဝိပစ္စတိ”ဟု ဆိုသည်။] သောတဝိညာဏာဒီနိ-သောတဝိညာဉ် အစရှိသော ဝိညာဉ်တို့သည်၊ သောတပသာဒါဒီနိ - သောတပသာဒ အစရှိသည်တို့ကို၊ ဝတ္ထုံ-မှီရာကို၊ ကတ္ဝာ, ဣဋ္ဌဣဋ္ဌမဇ္ဈတ္တသု-ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံဖြစ်ကုန်သော၊

ပဋိဃဋ္ဋနာနိဿံသော ဗလဝါ။ ။ကာယ်ပသာဒနှင့် ဖောဋ္ဌဗ္ဗာရုံတို့၏ ပဋိဃဋ္ဋန (ထိခိုက်ခြင်း)ဟူသော နိဿံသ(ပွတ်တိုက်ခြင်း)သည် အားရှိ၏၊ ထိုသို့ အားရှိသောကြောင့်ပင် ကောင်းသောအာဇာနိယ်တို့ကို တွေ့ရခြင်းစသည်ဖြင့် ကာယဖောဋ္ဌဗ္ဗာရုံနှင့် ပေါင်းဆုံထိခိုက်သောအခါ ကာယပသာဒ၏မှီရာ မဟာဘုတ်ခေတ်တို့သည် သုခဝေဒနာအဆက်ဆက်ဖြစ်ဖို့ရန် အာကြောင်းများဖြစ်၍ ခန္ဓာကိုယ်ကို ချီမြှောက်ကုန်လျက် ကြာမြင့်စွာဖြစ်ကြကုန်၏ တစုံတခုသောအရာဝတ္ထုနှင့် ထိခိုက်မိခြင်းစသည်ဖြင့် အနိဋ္ဌဖောဋ္ဌဗ္ဗာရုံနှင့် ပေါင်းဆုံမိသောအခါလည်း ထို့ဟာဘုတ်ခေတ်တို့သည် အဆက်ဆက် ဒုက္ခဝေဒနာဖြစ်ဘို့ရန် အာကြောင်းများဖြစ်၍ ချောက်ချားဖောက်ပြားသော စေတ်များ အဖြစ်ဖြင့် ကြာမြင့်စွာ ဖြစ်ကြသည်၊ [ပဋိဃဋ္ဋနာ၊ပေ၊ စိရံ အနုဝတ္တန္တီ-ဋီကာ။]

သဒ္ဒါဒီသု-သဒ္ဒအစရှိသော အာရုံတို့၌၊ [အာဒိဖြင့် ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗာရုံတို့ကို ယူ] သဝန၊ပေ၊ ကိစ္စာနိ-ကြားခြင်း, နံခြင်း, သာယာခြင်း, ထိုခြင်းကိစ္စတို့ကို၊ သာဓယမာနာနိ-ပြီးစေကုန်လျက်၊ သောတဒ္ဒါဆုဒီသု-တို့၌၊ ဌတ္ဝာ, ဝိပစ္စန္တိ-နှိ၏၊ ပန-အထူးကား၊ ဇတ္ထ-ဤအာရုံတို့တွင်၊ သဒ္ဒေါ-သဒ္ဒါရုံသည်၊ ဒ္ဒိ-သမုဋ္ဌာနိကောယေဝ-ဒ္ဒိသမုဋ္ဌာနိကသည်သာ၊ ဟောတိ။ [စိတ်, ဥတု ၂ ပါး ကြောင့်ဖြစ်သည်-ဟူလို၊ အဘိဓမ္မတ္ထသင်္ဂဟ၌ လာသော "သဒ္ဒေါစိတ္တော-တုဇော"နှင့် သဘောတူပင်။]

မနောဓာတုနိဒ္ဒေသေ-မနောဓာတု နိဒ္ဒေသ၌၊ (ဝိနိစ္ဆယော ဇဝံ ဝေဒိတဗ္ဗော)၊ သဘာဝသုညတနိဿတ္တဇ္ဇီဝန-သဘောဟူသော အနက်, အတ္တမှကင်းဆိတ်သည်၏ အဖြစ်ဟူသော အနက်, သတ္တမဟုတ်သည်၏ အဖြစ်ဟူသော အနက်ကြောင့်၊ မနောယေဝ-သိကာမတ္တ, သိရုံမျှသာဖြစ်သော၊ ဓာတု-ဓာတ်တည်း၊ မနောဓာတု-သိကာမတ္တ, သိရုံမျှသာဖြစ်သော ဓာတ်၊ သာ-ထိုမနောဓာတ်သည်၊ စက္ခုဝိညာဏာဒီနံ-စက္ခုဝိညာဉ် အစရှိသော ပဉ္စဝိညာဉ်တို့၏၊ အနန္တရံ-အခြားမဲ့၌၊ ရူပါဒိဝိဇာနနလက္ခဏာ-ရူပါဒိ အစရှိသည်ကို သိတတ်သည်၏ အဖြစ်ဟူသော မူတ်ကြောင်း လက္ခဏာရှိ၏၊ [သမ္ပဋိစ္ဆန်း ဒေးဟု ဆိုအပ်သော မနောဓာတ်ကို ရည်ရွယ်သည်။] ရူပါဒိနံ-ရူပါရုံအစရှိသည်တို့ကို၊ သမ္ပဋိစ္ဆနရသံ-လက်ခံခြင်းကိစ္စ ရှိ၏၊ တထာဘာဝပစ္စုပဋ္ဌာနာ-ထို လက်ခံတတ်သည်၏အဖြစ်ဖြင့် ယောဂီတို့ဉာဏ်အား ရှေးရှု ထင်လာ၏၊ စက္ခုဝိညာဏာဒိအပဂမပဒဋ္ဌာနာ စက္ခုဝိညာဉ် အစရှိသည်တို့၏ ကင်းချုပ်ခြင်းလျင် နီးစွာသောအကြောင်း ရှိ၏။

သဘာဝေ၊ဓမ္မေ၊ မနောဓာတု၊ ။"အဘ္ဘနော သဘာဝံ ဓာရေတီတိ ဓာတု"နှင့် အညီ မိမိသဘောကို ဆောင်နေသောကြောင့် (မိမိသဘောအတိုင်း ထင်ရှားသောကြောင့်)"ဓာတ်"ဟု ဆိုလျင် "ထင်ရှားရှိသောတရား, အတ္တမှ ကင်းဆိတ်သောတရား, သတ္တဝါမဟုတ်သောတရား"ဟု အဓိပ္ပာယ်နက် ထွက်၏၊ ဓာတုသဒ္ဒါ၏ သဒ္ဒတ္ထမှာ "ဓာတ်"ဟုသာ ဖြစ်သော်လည်း အဓိပ္ပာယတ္ထအားဖြင့် "သဘာဝ, သုညတ, နိဿတ္တ အနက်ကို ဟောသောသဒ္ဒါ ဖြစ်သည်"ဟု ဆိုလိုသည်၊ ထို့ကြောင့် "သဘာဝ၊ပေ၊ တ္ထဇ္ဇေန"သည် ဓာတုသဒ္ဒါ၏ သဒ္ဒတ္ထမဟုတ်၊ အဓိပ္ပာယတ္ထသာတည်း၊ "မနော၌ဝ+ဓာတု မနောဓာတု"သာ လိုရင်းဖြစ်သည်။

မတ္တ၏အနက်။ ။မတ္တသဒ္ဒါသည် ဝေသဒ္ဒါ၏အနက်ကို ဟောသကဲ့သို့ ဤဝေသဒ္ဒါလည်း မတ္တသဒ္ဒါ၏အနက်ကို ဟော၏၊ သိကာမတ္တ သိရုံမျှဖြစ်သော ဓာတ်တည်း၊ ဝိညာဏဓာတ်, မနောဝိညာဏဓာတ်တို့ကဲ့သို့ အထူးအထွေ မသိတော်-ဟူလို၊ ထိုကဲ့သို့ မသိနိုင်ပုံကို ဋီကာ၌ အကြောင်းပြထားသည်။ [တသ္မာ တ္ထေ မနော၌ဝ ဓာတု မနောဓာတူတိ ဝေသဒ္ဒေါ မတ္တသဒ္ဒတ္ထော ဒဋ္ဌဗ္ဗော၊-ဋီကာ။]

ဣစ-ဤ မနောဓာတုနိဒ္ဒေသဒ္ဒါ၊ ဓမ္မုဒ္ဒေသေ·ဓမ္မုဒ္ဒေသဝါရဒ္ဒါ၊ ဒ္ဝါဒသ-နိ်သော၊ ပဒါနိ - တို့သည်၊ ဟောန္တိ၊ ဆဂ္ဂဟိတဂ္ဂဟဏေန - ဆားဖြင့်၊ နဝ-နိ်သော၊ (ပဒါနိ ဟောန္တိ)၊ တေသု-ထို၉ပါးတို့တွင်၊သတ္တ-နိ်သော၊ (ပဒါနိ-တို့သည်၊) အဝိဘတ္တိကာနိ - ခဲ့ခြားဝေဖန်ရခြင်းမရှိကုန်သည်၊ (ဟောန္တိ)၊ ဒ္ဒေ-နိ်သော၊ (ပဒါနိ) သဝိဘတ္တိကာနိ-ခဲ့ခြားဝေဖန်ရခြင်းနှင့်တကွ ဖြစ်ကုန်သည်၊ (ဟောန္တိ)၊ အဓိမောက္ခော-လည်းကောင်း၊ မနသိကာရော-လည်းကောင်း၊ ဣတိ-သို့၊ ဒ္ဒေ-နိ်သော၊ ယေဝါပနကာ-တို့သည်၊ (ဟောန္တိ)၊ဝိတက္ကာနိဇ္ဈာနော-သည်၊ အဘိနိရောပန်-စေတသော အဘိနိရောပနသို့၊ ပါပေတွဲ-ရောက်စေ၍၊ ဌိတော-တန့်ရပ်ပြီ။

ပန-ဆက်၊ ယသ္မာ, တေံစိတ္တံ-ဤသမ္ပဋိစ္ဆိန်းစိတ်သည်၊ နော ကုသလံ-ကုံသိုလ်လည်းမဟုတ်၊ နာကုသလံ-အကုသိုလ်လည်းမဟုတ်၊ တသ္မာ-ကြောင့်၊ (ထိုသို့ ကုသိုလ်လည်းမဟုတ်, အကုသိုလ်သည်း မဟုတ်သည်၏အဖြစ်ကြောင့်၊) သမ္မာသက်ပွေါတိဝါ-ဟူ၍လည်းကောင်း၊ မိစ္ဆာသက်ပွေါတိဝါ- ဟူ၍လည်းကောင်း၊ (ဘဂဝတာ)နဝုတ္တံ၊ သင်္ဂဟဝါရေ-၌၊ လဗ္ဘမာနံပိ-ရထိုက်ပါသော်လည်း၊ (ရထိုက်သည်ဖြစ်သော၊)ဈာနင်္-ဈာနင်သည်၊ပဉ္စဝိညာဏသော တေ-ပဉ္စဝိညာဉ်ဒေသနာ၏ အယဉ်၌၊ပတိတ္တာ-ကျ၍၊ ဂတံ-သွားပြီ၊ ဣတိ-ကြောင့်၊ (ဈာနင်္-ကို၊ နာ ဥဒ္ဒဋ္ဌံ-ထုတ်ပြတော် မမူအပ်၊) မဂ္ဂင်္ပန-မဂ္ဂင်ကိုကား၊ နာ လဗ္ဘတိယေဝ-မရအပ်သည်သာ၊ [ရကို မရအပ်-ဟူလို။] ဣတိ-ကြောင့်၊ နာ ဥဒ္ဒဋ္ဌံ-သုညတဝါရော-သည်၊ ပါဂတိကော်ယေဝ-ပင်ကိုယ်သဘောရှိသည်သာ။

ဣမဿ စိတ္တဿ-ဤ သမ္ပဋိစ္ဆိန်းစိတ်၏၊ ဝတ္ထု-မှီရာဝတ္ထုသည်၊ နိဗဒ္ဓ-မြဲ၏၊ ဟဒယဝတ္ထုမေဝ-သည်သာ၊ဟောတိ၊[''ဝတ္ထုနိဗဒ္ဓံ''ကို ထပ်ဖွင့်သည်၊]

ဝိတက္ကာနိဒ္ဒေသော၊ပေ၊ဌိတော။ ။ကုသိုလ်, အကုသိုလ်စိတ်များဝယ် ဝိတက်စသော နိဒ္ဒေသသို့ ''တက္ကော၊ ပေ၊ စေတသော အဘိနိရောပနာ''ဟု ဟော်တော်မူပြီးနောက် ''သမ္မာသက်ပွေါ''ဖြစ်စေ, မိစ္ဆာသက်ပွေါ''ဖြစ်စေ ပါရိုးဖြစ်သော်လည်း, ဤ မနော ဓာတ်၌ကား ''စေတသော အဘိနိရောပနာ'' ရောက်လျှင် ရပ်တန့်တော့၏၊ ''သမ္မာသက်ပွေါ, သို့မဟုတ် မိစ္ဆာသက်ပွေါ'' တိုင်အောင် မသွားတော့-ဟူလို။ [ပါဠိတော်ကြည့်ပါ။]

ဈာနင်္၊ဧပေ၊နာ ဥဒ္ဒဋ္ဌံ၊ ။''ပဉ္စဝိညာဏသု ဈာနင်္ဂါနိ(နာ လဗ္ဘန္တိ''ဟု ဆိုသောကြောင့် ဈာနင်သည် ဒွေပဉ္စဝိညာဉ်၌သာ မရနိုင်၊ ယခု ဆိုအပ်ဆဲဖြစ်သော သမ္ပဋိစ္ဆိုင်း၌ကား ရနိုင်၏၊ ထိုသို့ ရနိုင်ပါလျက် အဘယ့်ကြောင့် ပါဠိတော်၌ မထုတ်ပြအပ်ပါသနည်း-ဟု မေးဖွယ်ရှိသောကြောင့် ''ပဉ္စဝိညာဏသောတေ ပတိတ္တာ ဂတန္တိ (နာ ဥဒ္ဒဋ္ဌံ)''ဟု မိန့်သည်၊မဂ္ဂင်ကိုကား ရကိုမရထိုက်သောကြောင့် ပါဠိတော်၌ မထုတ်ပြအပ်၊ ထို့ကြောင့် ''မဂ္ဂင်္ပန နလဗ္ဘတိယေဝါတိ နာ ဥဒ္ဒဋ္ဌံ''ဟု ဧဝသဒ္ဒါဖြင့် မိန့်သည်၊

ဒွါရာရမဏာနိ-တို့သည်၊ အနိဗဒွါနိ-မမြဲကုန်၊ တတ္ထ-ထို သမ္ပဋိစ္ဆန်းစိတ်၌၊ ဒွါရာရမဏာနိ-တို့သည်၊ ကိဉ္စာပိ သက်မဲ့ကို-အကယ်၍လည်း ပြောင်းလွှဲပါပေကုန်၏၊ ပန-ထိုသို့ပင် ပြောင်းရွှေ့ပါကုန်သော်လည်း၊ ဌာနံ-ဌာနသည်၊ ဧကံ-တခုတည်းသာတည်း၊ ဟိ ခဲ့၏၊ ဧတံ-ဤစိတ်သည်၊ သမ္ပဋိစ္ဆနကိစ္စမေဝ-သမ္ပဋိစ္ဆိန်းကိစ္စရှိသည်သာ၊ ဟောတိ၊ ဟိ-မှန်၊ ဣဒံ-ဤ သမ္ပဋိစ္ဆိန်းစိတ်သည်၊ ပဉ္စဒွါရေ-၌၊ ပဉ္စသု-နှစ်သော၊ ဆာရမဏေသု-တို့၌၊ သမ္ပဋိစ္ဆန်-သမ္ပဋိစ္ဆိန်းသည်၊ ဟုတွာ, ဝိပစ္စတိ-အကျိုးဖြစ်၏၊ ကုသလဝိပါကေသု-ကုသလဝိပါက်ဖြစ်ကုန်သော၊ စက္ခုဝိညာဏာဒီသု-စက္ခုဝိညာဉ်အစရှိသော ဝိညာဉ်တို့သည်၊ နိရုဒ္ဓေသု-ချုပ်ပြီးကုန်လတော်၊ တံ သမနန္တရာ-ထို ပဉ္စဝိညာဉ်တို့၏ အခြားမဲ့၌၊ ဌာနပ္ပတ္တာနိ-မိမိ၏ သမ္ပဋိစ္ဆိန်းဌာနသို့ ရောက်ကုန်သော၊ [ရှေးနိဿယ၌ "ဌာနပ္ပတ္တာနိ-ဌိသို့ ရောက်ကုန်သော" ဟု ပေး၏၊ အဓိပ္ပာယ် မှန်သော်လည်း သဒ္ဒါနှင့် မလျော်။] တာနေဝ ရူပါရမဏာဒီနိ-ထို ရူပါဂုံ အစရှိသည်တို့ကိုပင်၊ သမ္ပဋိစ္ဆတိ-ခံယူရ၏။

မနောဝိညာဏဓာတု နိဒ္ဒေသေသု-မနောဝိညာဏဓာတု နိဒ္ဒေသတို့တွင်၊ ပဌမမနောဝိညာဏဓာတုယံ-ပဌမမနောဝိညာဏဓာတ်၌၊ ပိတိပဒံ-ပီတိပုဒ်သည်၊ အဓိကံ-ပိုလွန်၏၊ [သောမနဿသန္တီရဏ ဖြစ်သောကြောင့်တည်း။] ဝေဒနာပိ-သည်လည်း၊ သောမနဿဝေဒနာ-သောမနဿဝေဒနာသည်၊ ဟောတိ၊ ဟိ-မှန်၊ (တနည်း-ဂဿဝါ သောမနဿဝေဒနာ, ဟောတိ-နည်း၊) ဟိ(ယသ္မာ)၊ အယံ-ဤပဌမမနောဝိညာဏဓာတ်သည်၊ ဣဋ္ဌာရမဏသို့ ယေဝ-၌သာ၊ ပဝတ္တတိ-ဖြစ်၏၊ ဣတိ-ကြောင့်၊ (သောမနဿဝေဒနာ ဟောတိ)၊ ဒုတိယ မနောဝိညာဏဓာတု-သည်၊ ဣဋ္ဌမဇ္ဈတ္တာရမဏော-၌၊ (ပဝတ္တတိ)၊ တသ္မာ-ကြောင့်၊ တတ္ထ-ထို ဒုတိယမနောဝိညာဏဓာတ်၌၊ ဥပက္ခာဝေဒနာသည်၊ ဟောတိ၊ ဣတိ-ကြောင့်၊ ပဒါနိ-တရားအစုတို့သည်၊ မနောဓာတု နိဒ္ဒေသာသဒိသာနေဝ၊မနောဓာတုနိဒ္ဒေသနှင့် တူကုန်သည်သာ၊ [မနောဓာတ်နှင့် ဤဥပေက္ခာ သန္တီရဏ၌ စေတသိက် အရေအတွက် တူသည်-ဟူလို။] ဥဘယတ္ထာပိ-မနောဝိညာဏဓာတ် ၂ ပါးစုံ၌လည်း၊ ပဉ္စဝိညာဏသောတေ-၌၊ ပတ်တွာ-ကျ၍၊ ဂတတ္တာယေဝ-သွားသည်၏ အဖြစ်ကြောင့်ပင်၊ ဈာနင်္ဂါနိ-တို့ကို၊ နာ ဥဒ္ဓဋ္ဌာနိ-မထုတ်အပ်ကုန်၊ မဂ္ဂင်္ဂါနိ-တို့ကို၊ အလာဘတောယေဝ-မရခြင်းကြောင့်ပင်၊ (နာ ဥဒ္ဓဋ္ဌာနိ)၊ သဗ္ဗတ္ထ-အလုံးစုံသော ဝါရတို့၌၊ သေသံ၊ ကြွင်းသော အစီအရင်ကို၊ ဝုတ္တနယေနေဝ-ဖြင့်သာ၊ ဝေဒိတဗ္ဗံ။

[ပါဠိတော်၌ ဟောတော်မူပုံကို ပြပြီး၍, လက္ခဏာ စသည်ကို ပြလိုသောကြောင့် "လက္ခဏာဒိတော ပန" စသည်မိန့်၊ စာအုပ်တို့၌ "ပနေသာ" ဟု ရှိ၏၊ နောက်၌ ဝိပါကာနှင့် တွဲရမည် ဖြစ်သောကြောင့်လည်းကောင်း, ဝိပါကပုဒ်တာပုလိုင် မြဲသောကြောင့်လည်းကောင်း, စဉ်းစားသင့်၏ "ပနေတေ" ဟု ရှိမူ

ကောင်းမည်ထင်သည်၊] – ပန-ဆက်၊ လက္ခဏာဒိတော-လက္ခဏ အစရှိသော အားဖြင့်၊ ဒုဝိဓာပိ-၂-ပါး အပြားရှိသည်လည်း ဖြစ်ကုန်သော၊ ဧတေ မနောဝိညာဏဓာတု အဟေတုကဝိပါကာ-ဤမနောဝိညာဏဓာတ်ဟူသော အဟိတ်ဝိပါက်တို့ကို၊ (ဝေဒိတဗ္ဗာ ၌စပ်၊) ဝါ-တို့သည်၊ ဆဋ္ဌာရမဏဝိဇာနနလက္ခဏာ-၆-ပါးသောအာရုံကို သိတတ်ကုန်သည်၏အဖြစ် ဟူသော မူတ်ကြောင်း လက္ခဏာရှိကုန်၏၊ သန္တီရဏာဒိရသာ-စုံစမ်းခြင်းအစရှိသော ကိစ္စရှိကုန်၏၊ [အာဒိဖြင့် သောမနဿ သန္တီရဏအတွက် တဒါရမဏကိစ္စ, ဥပေက္ခာသန္တီရဏအတွက် တဒါရမဏကိစ္စနှင့်တက္ခ ပဋိသန္ဓိ, ဘဝင်, စုတိကိစ္စတို့ကို ယူ၊] တထာဘာဝပစ္စုပဋ္ဌာနာ-ထို စုံစမ်းတတ်ကုန်သည်၏ အဖြစ် အစရှိသည်တို့၏အဖြစ်ဖြင့် ယောဂီတို့၏ဉာဏ်အား ရှေးရှုထင်လာကုန်၏၊ ဟဒဟဝတ္ထုပဒဋ္ဌာနာ - ဟဒယဝတ္ထုလျှင် နီးစွာသော အကြောင်းရှိကုန်၏၊ ဣတိ-သို့၊ ဝေဒိတဗ္ဗာ-ကုန်၏။

တတ္ထ - ထိုမနောဝိညာဏဓာတ် ၂-ပါးတို့တွင်၊ ပဌမာ - ရှေးဦးစွာသော မနောဝိညာဏဓာတ်သည်၊ ဒ္ဒိသု-ကုန်သော၊ ဌာနေသု-တို့၌၊ ဝိပစ္စတိ-၏၊ ဟိ-မူန်၊ (တနည်း) ဟိ - ခဲ့၊ သာ - ထိုပဌမ မနောဝိညာဏဓာတ်သည်၊ [သောမနဿ သန္တီရဏကိုဆိုသည်။] ပဉ္ဇဒ္ဒါရေ-၌၊ ကုသလ၊ ပေ၊ အနန္တရံ-ကုသလဝိပါက် စက္ခုဝိညာဉ်အစရှိသည်တို့၏ အခြားမဲ့၌၊ ဝိပါကမနောဓာတု ယာ-ဝိပါက်မနောဓာတ်သည်၊ (သမ္ပဋိစ္ဆိုန်းသည်၊) တံ အာရမဏံ-ထိုအာရုံကို၊ သမ္ပဋိစ္ဆိတွာ - ခံယူ၍၊ နိရုဒ္ဓါယ - ချုပ်ပြီးလသော်၊ တသ္မိံ ယေဝ အာရမဏေ-ထိုသမ္ပဋိစ္ဆိုန်းခံယူအပ်ပြီးသော အာရုံ၌ပင်၊ [အချိုစာအုပ်၌ "တဒါရမဏေ" ဟူ ရှိ၏၊] သန္တီရဏကိစ္စံ - စုံစမ်းခြင်းကိစ္စကို၊ သာဓယမာနာ - ပြီးစေလျက်၊ ပဉ္ဇသု, ဒ္ဒါရေသု, ဌတွာ-တည်၍၊ ဝိပစ္စတိ၊ ပန-ဆက်၊ ဆသု, ဒ္ဒါရေသု-တို့၌၊ ဗလဝါရမဏေ - အားရှိသော အာရုံ၌၊ [အားသေးသော အာရုံက တဒါရုံဖြစ်သည်တိုင်အောင်မတည်နိုင်သောကြောင့် "ဗလဝါရမဏေ" ဟု ဆိုသည်။] တဒါရမဏာ - တဒါရုံသည်၊ ဟုတွာ ဝိပစ္စတိ၊ ကထံ-အဘယ်သို့ ဖြစ်သနည်း၊ ဟိ-ခဲ့၊ စဏ္ဍသောတေ-ကြမ်းတမ်းသော ရေအယဉ်၌၊ တိရိယံ-ဖီလာ၊ နာဝါယ-လှေသည်၊ ဂစ္ဆန္တိယာ - သွားလသော်၊ ဥဒကံ - ရေသည်၊ ဆိဇ္ဇိတွာ-ပြတ်၍၊ ထောကုံ-အနည်းငယ်သော၊ ဌာနံ-အရပ်တိုင်အောင်၊ နာဝံ-လှေသို့၊ အနုဗန္ဓိတွာ-အစဉ်လိုက်ပြီး၍၊ ယထာသောတမေဝ-ရေအယဉ်အားလျော်စွာသာလျှင်၊ ဂစ္ဆတိယထာ-သွားမြဲသွားသကဲ့သို့၊ ဧဝမေဝ-ဤအတူပင်၊ ဆသု, ဒ္ဒါရေသု, ဗလဝါရမဏေ-အားရှိသော အာရုံသည်၊ ပလောဘယမာနေ-ဖြားယောင်းသကဲ့သို့ဖြစ်၍၊ အာပါတံ-ရှေးရှုကျခြင်းသို့၊ ဂတေ-ရောက်လသော်၊ ဇဝနံ-ဇောလည်၊ ဇဝတိ-စောဏ်၊ ဝါ-အဟုန်ပြင်းစွာဖြစ်၏၊ တသ္မိံ-ထိုဇောသည်၊ ဇဝိတေ-စောပြီးလသော်၊ ဘဝင်ဿ, ဝါရော-အလှည့်အကြိမ်သည်၊ (ဟောတိ)၊ ပန-ထိုသို့ပင် ဘဝင်၏ အလှည့် အကြိမ် ဖြစ်ပါသော်လည်း၊ ဣဒံ စိတ္တံ-ဤ

၅၈၆ အင်္ဂသာလိနီအင်္ဂဏတော [အဗျာဇသုတ

သန္တိရဏစိတ်ကြည့်၊ ဘဝင်္ဂသ်ဿ-အား၊ ဝါရံ-အလှည့်အကြိမ်ကို၊ အဒတ္ဝာ-မပေးမူ၍၊ ဇဝနေန-သည်၊ ဂဟိတာရမဏံ-ယူအပ်ပြီးသောအာရုံကို၊ ဂဟေတွာ-ယူ၍၊ ဧကံ(စိတ္တဝါရံ)-စိတ်တကြိမ်သော်လည်းကောင်း၊ ဒွေစိတ္တဝါရေ-စိတ် ၂-ကြိမ်တို့တိုင်အောင်သော်လည်းကောင်း၊ ပဝတ္တိတ္ဝာ-ဖြစ်ပြီး၍၊ ဘဝင်္-မေဝ-သို့သာ၊ သြတရတိ-ဆင်း၏၊ [တချို့ကတဒါရုံတကြိမ်လည်း အလိုရှိကြ၏၊ သင်္ဂြိဟ်၌ကား ၂-ကြိမ်။]

ဂဝက္ခန္ဓေ-နွားအစုသည်၊ နဒီ-ကို၊ တရန္တေပိ-ကူးသော်လည်း၊ ဝါ-ကူးဆွဲလည်း၊ ဇဝမေဝ-ဤအတူပင်၊ ဥပမာ-ကို၊ ဝိတ္ထာရေတဗ္ဗာ-ချဲ့ထွင်ထိုက်၏၊ [“အနည်းငယ်သော ကာလမျှ နွားအစုနောက်သို့ ရေလိုက်သွား၍, ထို့နောက် စီးမြဲသကဲ့သို့ ဟူလို။] ဇဝံ-ဤသို့လျှင်၊ သော-ဤ ပဌမ မနောဝိညာဏဓာတ်သည်၊ ဇဝနေန-သည်၊ ယံ ဂဟိတာရမဏံ-အကြင်ယူအပ်ပြီးသောအာရုံသည်၊ (အတ္ထိ)၊ တဿဝ-ထို့ဇော၏ အာရုံ၏ပင်၊ ဝါ-ကိုပင်၊ ဂဟိတတ္တာ-ယူအပ်သည်၏ အဖြစ်ကြောင့်၊ တဒါရမဏံနာမ-မည်သည်၊ ဟုတ္ဝာ ဝိပစ္စတိ၊ [“တဿဝ ဂဟိတတ္တာ”ဖြင့် တသဲ့ အာရမဏံ အာရမဏံယဿာတိ တဒါရမဏံ”ဟူသော ဝိဂြိုဟ်ကိုပြသည်။]

ပန-ကား၊ ဒုတိယာ-၂-ခုမြောက်သော မနောဝိညာဏဓာတ်သည်၊ (ဥပေက္ခာ သဟဂုတ်သန္တိရဏကို ဆိုသည်၊) ပဠသု ဌာနေသု ဝိပစ္စတိ၊ ကထံ-နည်း၊ တာဝ-ဘဝင် သန္တိရဏ တဒါရုံ စုတိတို့မှ ရှေးဦးစွာ၊ မနုဿလောဏော-လူ့ပြည်၌၊ ဇစ္စန္ဓ၊ပေ၊နပုံသကာနံ-ပဋိသန္ဓေအားဖြင့် ကာဏ်းသူ, ပဋိသန္ဓေအားဖြင့် နားထိုင်းသူ, ပဋိသန္ဓေအားဖြင့် ဗအသူ, ပဋိသန္ဓေအားဖြင့် ဂူးနှမ်းသူ, ဥဘဝတာဗျည်း, နပုန်းပက္ကုတ်တို့၏၊ ပဋိသန္ဓိဂ္ဂဟဏကာလေ-ပဋိသန္ဓေကို ယူထုအခါ၌၊ ပဋိသန္ဓိ-သည်၊ ဟုတ္ဝာ ဝိပစ္စတိ၊ ပဋိသန္ဓိယာ-သည်၊ ဝိတိဝတ္တာယ-လွန်ပြီးလသော်၊ ယာဝတာယုကံ-အသက်ရှည်သမျှ ကာလပတ်လုံး၊ ဘဝင်္-သည်၊ ဟုတ္ဝာဝိပစ္စတိ၊ [“ယာဝတာယုကံ”ဟုဆိုသော်လည်း တဆက်တည်းမဟုတ်၊ “ဇောဝိထိတို့၏ အကြား အကြား၌ ဖြစ်သည်”ဟု ဆိုလိုသည်၊ တသက်လုံး ဘဝင်ချည်း ဖြစ်နေသည်ဟုလည်း မမှတ်ရ၊] ဣဋ္ဌမဇ္ဈတ္တေ-ဣဋ္ဌမဇ္ဈတ္တာရုံ၌၊ ပဠာရမဏဝိထိယာ-၌၊သန္တိရဏံ-သည်၊ဟုတ္ဝာ-ဖြစ်၍လည်းကောင်း၊ ဗလဝါရမဏေ-၌၊ ဆသု ဒွါရေသု-တို့၌၊တဒါရမ္မဏံ-သည်၊ ဟုတ္ဝာ-လည်းကောင်း၊ မရဏကာလေ-ဧသခါနိုးအခါ၌၊ စုတိ-သည်၊ ဟုတ္ဝာ-လည်းကောင်း၊ (ဝိပစ္စတိ)၊ ဣတိ-သို့၊ ပဠသု-ကုန်သော၊ ဣမေသု ဌာနေသု-တို့၌၊ ဝိပစ္စတိ၊ ဣတိ-အဟိတ် မနောဝိညာဏဓာတ် အပြီးတည်း။

မနောဝိညာဏဓာတုဒွယံ-သည်၊ နိဋ္ဌိတံ-ပြီ။

မဟာဝိပါက်စိတ်အဖွင့်

ဣဒါနိ-အဟိတ်ကုသလဝိပါက်စိတ်ကိုပြပြီးရာ ယခုအခါ၌၊ အဋ္ဌ-နိသော၊ မဟာဝိပါကစိတ္တာနိ-တို့ကို၊ ဒဿေတုံ ပုန, ကတမေ ဓမ္မာ အဗျာကတာတိ အာဒိ(ဘဂဂတာ)အာရဒ္ဓံ၊ တတ္ထ- ထိုကတမေ ဓမ္မာ အဗျာကတာအစရှိသော စကားရပ်၌၊ ပါဋိယံ-ပါဋိတော်၌၊ နယမတ္တံ-နည်းမျှကို၊ ဒဿေကွာ-ပြတော်မူ၍၊ သဗ္ဗဝါရာ-အလုံးစုံသော ဝါရတို့ကို၊ (သံဂီတိကာရေဟိ-ပေါတ္ထကာရုဋ္ဌ သံဂါယနာတင်ထေရ်တို့သည်၊) သံခိတ္တာ - ချုံးအပ်ကုန်ပြီ၊ (ပါဋိတော်ကို ကြည့်ပါ၊) တေသံ-ထိုအလုံးစုံသော ဝါရတို့၏၊ အတ္ထော-ကို၊ ဟေဋ္ဌာ-၌၊ (မဟာကုသိုလ်စိတ်အဖွင့်၌၊)ဝုတ္တနယေနေဝ-ဖြင့်သာ၊ ဝေဒိတဗ္ဗော၊ပန-ဆက်၊ (တနည်း) ပန-အထူးကား၊ တ္ထေ-ဤမဟာဝိပါက်စိတ်၌၊ ယော ဝိသေသော-အကြင်အထူးသည်၊ (အတ္ထိ)၊ တံ-ထိုအထူးကို၊ ဒဿေတုံ, အလောဘော အဗျာကတမူလန္တိ အာဒိ-ကို၊ (ဘဂဂတာ) ဝုတ္တံ-ပြီ၊ ယံပိ-အကြင်အကြောင်း အရာကိုလည်း၊ နဝုတ္တံ-ကုသိုလ်စိတ်၌ မဆိုအပ်ခဲ့၊ တံ-ထိုအကြောင်းအရာကို၊ ဝေံ-ဤဆိုအပ်လတ္တံ့သော နည်းဖြင့်၊ ဝေဒိတဗ္ဗံ။

ဟိ-ချဲ၊ ကာမာဝစရကုသလေသု-တို့၌၊ ယော ကမ္မဒ္ဒါရ၊ပေ၊ ဘေဒေါ-အကြင် ကမ္မဒ္ဒါရအပြား, ကမ္မပထအပြား,ပုညကြိယဝတ္ထုအပြားကို၊ ဝုတ္တော-ဆိုအပ်ပြီ၊ သော-ထိုကမ္မဒ္ဒါရအပြား, ကမ္မပထအပြား, ပုညကြိယဝတ္ထုအပြား သည်၊ ဣဓ-ဤမဟာဝိပါက် စိတ်၌၊ နတ္ထိ၊ ကသ္မာ-ကြောင့်၊ (နတ္ထိ-နည်း၊ ဣမဿ-ဤမဟာဝိပါက်စိတ်၏၊) အဝိညတ္တိဇနကတော-ဝိညတ်ကို မဖြစ်စေ တတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အဝိပါကဓမ္မတော-အကျိုးကို ဖြစ်စေတတ်သော သဘောမရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ တထာ-ထိုဒါန သီလအစရှိသော ပုညကြိယအပြားအားဖြင့်၊ အပ္ပဝတ္တိတောစ-မဖြစ်ခြင်းကြောင့်လည်းကောင်း၊ (ဣဓ-ဤမဟာဝိပါက်စိတ်၌၊ သော-ထိုကမ္မဒ္ဒါရ အပြား, ကမ္မပထအပြား, ပုညကြိယဝတ္ထုအပြားသည်၊ နတ္ထိ။)

အဝိညတ္တိ၊ပေ၊ အပ္ပဝတ္တိတောစ။ ။ဤဟိတ် ၃ ပါးတွင် အဝိညတ္တိဇနကတော ဖြင့် ကာယကမ္မဒ္ဒါရ ဝစီကမ္မဒ္ဒါရမဖြစ်ခြင်း၏ အကြောင်းကို ပြ၏၊ [မဟာဝိပါက်စိတ်တို့က ဝိညတ်ကို ဖြစ်စေနိုင်သော စိတ်တို့တွင် မပါဝင်ပုံနှင့် တကွ, "ကာယဝိညတ္တိ သခ်ါတေ ကာယဒ္ဒါရေ, ဝစီဝိညတ္တိ သခ်ါတေ ဝစီဒ္ဒါရေ"ကို သတိပြုပါ၊] အဝိပါက ဓမ္မတောဖြင့် မနောကမ္မဒ္ဒါရ မဖြစ်ကြောင်းကိုလည်းကောင်း, ကမ္မပထမဖြစ်ကြောင်းကို လည်းကောင်း ပြ၏၊ မဓုဋ္ဌကား ကာယကမ္မဒ္ဒါရ, ဝစီကမ္မဒ္ဒါရ မဖြစ်ကြောင်းကိုလည်း ဖွင့်ထားသေး၏၊ [မနောကမ္မဒ္ဒါရ နိဝါရဏဋ္ဌာတိ စသဒ္ဒေါ သေသဒ္ဒါရ နိဝါရဏံ သမုစ္စေတိ၊-မဓု။] ထိုဒါန သီလစသော အပြားအားဖြင့် ဝိပါက်စိတ်က မဖြစ်ရကား "တထာ အပ္ပဝတ္တိတော"ဖြင့် ပုညကြိယဝတ္ထုအပြားကို ထားမြစ်သည်။

ယေဝါပနကေသု-တို့၌၊ ယာပိ တာ ကရုဏာ မုဒိတာ-အကြင်သို့သော ထိုကရုဏာ မုဒိတာတို့ကို၊ ဝုတ္တာ-ဟောတော်မူအပ်ကုန်ပြီ။ [ကုသိုလ်တုန်းက ဟောတော်မူအပ်ကုန်ပြီ၊] တာ-ထိုကရုဏာ မုဒိတာတို့သည်၊ သတ္တာရမဏတ္တာ-သတ္တဝါပညတ်ဟူသော အာရုံရှိကုန်သည်၏အဖြစ်ကြောင့်၊ ဝိပါကေသု-တို့၌၊ နသန္တိ၊ ဟိ-မှန်၊ ကာမာဝစရဝိပါကာနိ-တို့သည်၊ ကေန္တ ပရိတ္တာရမဏာနိ-ကေန် ကာမတရားလျှင် အာရုံ ရှိကုန်၏၊ စ-ဆက်၊ ကေဝလံ-ဝိရတိ မဖက်သက်သက်၊ ကရုဏာ မုဒိတာ-တို့သည်သာ၊ (နသန္တိ-မရှိကုန်သည်ကား၊) နမဟုတ်သေး၊ တ္ထေ-ဤမဟာဝိပါက်စိတ်၌၊ ဝိရတိယောပိ-တို့သည်လည်း၊ နသန္တိ၊ ဟိ - မှန်၊ ပဉ္စသိက္ခာပဒါနိ-တို့သည်၊ ကုသလာယေဝ-ကုသိုလ်တို့သာတည်း၊ ဣတိ-သို့၊ ဝုတ္တံ-ပြီ၊ (သိက္ခာပဒ ဝိဘင်းပါဠိတော်၌ ဟောတော်မူအပ်ပြီ။)

စ-ဆက်၊ တ္ထေ-ဤမဟာဝိပါက်စိတ်၌၊ အသခ်ါရ သသခ်ါရဝိဓာနံ-အသခ်ါရ သသခ်ါရ အစီအရင်ကို၊ ကုသလတောစေဝ-ကုသိုလ်ကြောင့်လည်းကောင်း၊ ပစ္စယဘေဒတောစ-အကြောင်း အထူးကြောင့် လည်းကောင်။ ဝေဒိတဗ္ဗံ၊ ဟိ-ချဲ၊ အသခ်ါရိကဿ-အသခ်ါရိကဖြစ်သော၊ ကုသလဿ-၏၊ အသခ်ါရိက်မေဝ-အသခ်ါရိကသာလျှင်ဖြစ်သော၊ ဝိပါကံ-ဝိပါက်သည်၊ (ဟောတိ)၊ သသခ်ါရိကဿ-သော၊ (ကုသလဿ-၏၊) သသခ်ါရိကံ(ဝိပါကံဟောတိ)၊ စ-ဆက်၊ (တနည်း)စ-ကား၊ [ကုသလတောစေဝဟူသောဟိတ်၏အကျယ်မှုတပါး ပစ္စယဘေဒတောစဟူသော ဟိတ်၏အကျယ်ကား၊] ဗလဝပစ္စယေဟိ-အား

ဗလဝပစ္စယေဟိ။ ။မိမိကိုယ်တိုင်၏ ကာယ ဝစီ မနော ပယောဂနှင့် သူတပါးတို့၏ ကာယ ဝစီ ပယောဂမပါပဲ ဖြစ်ပေါ်လာသော အာရုံ မနသိကာရ စသော အကြောင်းကို "ဗလဝပစ္စယ"ဟု ဆိုသည်။ ["ဗလဝပစ္စယေဟိတိ မယောဂေန ဝိနာ နိပ္ပန္နေဟိ အာရမဏာဒိ ပစ္စယေဟိ၊-ဋီကာ။]

ချဲဦးအံ့။ ။ဤဝိပါက်စိတ်တို့သည် ပဋိသန္ဓေ,ဘဝင်,စုတိ,တဒါရုံကိစ္စ တပ်ရကား သေခါနီး၌ ကံစသော နိမိတ် (အာရုံ) ကောင်း ထင်လာအောင် မည်သူမျှ မစီမံရပဲ အလိုလို ထင်လာလျှင် ထိုအာရုံသည် ဗလဝပစ္စယဖြစ်ရကား အသခ်ါရိက ပဋိသန္ဓေစိတ်ဖြစ်၏၊ ထိုသို့ အာရုံကောင်းထင်လာအောင် ဆရာသမား, ဆွေမျိုးကောင်းတို့က တရားစာရွတ်ခြင်း, ပန်းပူဇော်၍ သူ့ကို ကြည်ညိုစေခြင်းစသော ပယောဂတို့ဖြင့် ပြုစီမံမှ ထင်လာသော အာရုံသည် ဗလဝမဟုတ်, ထိုအာရုံကို အာရုံပြု၍ ပဋိသန္ဓေစိတ်ဖြစ်လျှင် သသခ်ါရိကစိတ် ဖြစ်၏။ [သသခ်ါရိကဖြစ်စေကာမူ အကုသိုလ်နိမိတ် ထင်ခြင်းထက် သာလွန် ကောင်းသောကြောင့် ပယောဂကူထိုက်သည်သာ၊ ပယောဂ ကူသော်လည်း အာရုံကောင်းက သူ့ဘာသာ ထင်မည်ဖြစ်လျှင် ဗလဝပင်တည်း၊] ဘဝင် စုတိတို့မှာ ပဋိသန္ဓေအတိုင်းသာတည်း၊ တဒါရုံမှာ ကုသိုလ် အကုသိုလ်ဇောတို့က အသခ်ါရိက ဖြစ်လျှင် အသခ်ါရိက, သသခ်ါရိကဖြစ်လျှင် သသခ်ါရိက ဖြစ်ရသည်။

ရှိသော အာရုံစသော အကြောင်းတို့ကြောင့်၊ ဥပ္ပန္နံ-ဖြစ်သော မဟာဝိပါက်သည်၊ အသင်္ခါရိကံ-အသင်္ခါရိကတည်း။ ဣဘရေဟိ-အခြားသော အကြောင်းတို့ကြောင့်၊ (ဒုဗ္ဗလ ပစ္စယတို့ကြောင့်၊ ဥပ္ပန္နံ-သည်၊) ဣကာရံ-အသင်္ခါရိကမှ တပါးသော သသင်္ခါရိကတည်း။

ဟီနာဒိဘေဒေပိ-ဟီန အစရှိသော အပြားဌ်လည်း၊ ဣမာနိ-ဤမဟာဝိပါက်စိတ်တို့သည်၊ ဟီန မဇ္ဈိမ ပဏီတေဟိ-ဟီန မဇ္ဈိမ ပဏီတဖြစ်ကုန်သော၊ ဆန္ဒာဒီဟိ-ဆန္ဒ အစရှိသည်တို့သည်၊ အနိပ္ဖါဒိတတ္တာ-မဖြစ်စေအပ်ကုန်သည်၏ အဖြစ်ကြောင့်၊ ဟီန မဇ္ဈိမ ပဏီတာနိနာမ-တို့မည်၏သည်၊ နဟောန္တိ-မဟုတ်ကုန်၊ ပန-အဟုတ်ကား၊ ဟီနဏာ-ညံ့သော၊ ကုသလဿ-၏၊ ဝိပါကံ-ဝိပါက်သည်၊ ဟီနံ-ဟီနတည်း၊ မဇ္ဈိမဿ-အလယ်အလတ်ဖြစ်သော၊ (ကုသလဿ-၏၊ ဝိပါကံ-သည်၊ မဇ္ဈိမံ-တည်း၊ ပဏီတဿ-မြတ်သော၊ (ကုသလဿ ဝိပါကံ) ပဏီတံ-တည်း၊ ဧတ္ထ-ဤမဟာဝိပါက်စိတ်၌၊ အဓိပတ္တိနောပိ-အဓိပတိတို့သည်လည်း၊ နသန္တိ၊ ကဿဝ-ကြောင့်၊ (နသန္တိ-နှ်သနည်း၊) ဆန္ဒာဒီနိတို့ကို၊ ဓုရံ-အကြီးအမှူးကို၊ (ပဓာနကို)၊ ကတ္ဝာ, အနုပ္ပါဒေတဗ္ဗတော-မဖြစ်စေထိုက်သည်၏အဖြစ်ကြောင့်၊ (နသန္တိ)၊ သေသံ-သော၊ သဗ္ဗံ-အလုံးစုံသော အစီအရင်သည်၊ အဌသု-နှ်သော၊ ကုသလေသု-တို့၌၊ ဝုတ္တသဒိသမေဝ-ဆိုအပ်ပြီးသော အစီအရင်နှင့် တူသည်သာ။

ဣဒါနိ-၌၊ အဌန္နံ-နှ်သော၊ ဣမေသံ မဟာဝိပါကစိတ္တာနံ-တို့၏၊ ဝိပစ္စနဋ္ဌာနံ-အကျိုးဖြစ်ရာဌာနကို၊ ဝေဒိတဗ္ဗံ၊ ဟိ-ချဲ့၊ ဧတာနိ-ဤမဟာဝိပါက်စိတ်တို့သည်၊ ပဋိသန္ဓိယံ-ပဋိသန္ဓေဌာနလည်းကောင်း၊ ဘဝင်-ဘဝင်ဌာနလည်းကောင်း၊ စုတိယံ စုတိဌာနလည်းကောင်း၊ ကဒါရမဏော-တဒါရုံ ဌာနလည်းကောင်း၊ ဣတိ သို့၊ စတူသု,ဌာနေသု-တို့၌၊ ဝိပစ္စန္တိ-နှ်၏၊ ကထံ-အဘယ်သို့ ဖြစ်သနည်း၊ တာဝ-ဘဝင်ဌာန စသည်တို့မှ ရှေးဦးစွာ၊ မနုဿသု-လူတို့၌လည်းကောင်း၊ တာမာဝစရဒေဝသု-ကာမာဝစရ နတ်တို့၌လည်းကောင်း၊ ပုညဝန္တာနံ-ဘုန်းကံရှိကုန်သော၊ ဒုဟေတုက တိဟေတုကာနံ-ဒွိဟိတ်, တိဟိတ်ပုဂ္ဂိုလ်တို့၏၊ ပဋိသန္ဓိဂ္ဂဟဏကာလေ-ပဋိသန္ဓေကို ယူရာအခါ၌၊ ပဋိသန္ဓိ-သည်၊ ဟုတ္ဝာ ဝိပစ္စန္တိ၊ ပဋိသန္ဓိယာ-သည်၊ ဝိတိဝတ္တာယ-လွန်ပြီးလဟော်၊ ပဝတ္တေ-ပဝတ္တိအခါ၌၊ သဋ္ဌိပိဝဿာနိ-အနှစ် ၆၀ တို့ ပတ်လုံးလည်းကောင်း၊ အသီတိပိဝဿာနိ-အနှစ်ရှစ်ဆယ်တို့ ပတ်လုံးလည်းကောင်း၊ အသင်္ခ်ေယျမ်ပိ-အသင်္ခ်ေယျလည်းဖြစ်သော၊ အာယုကာလံ-အသက်ရှည်ရာ ကာလပတ်လုံးလည်းကောင်း၊ ဘဝင်-ဘဝင်သည်၊ ဟုတ္ဝာ (ဝိပစ္စန္တိ)၊ ပလဝါရမဏော-၌၊ ဆသု ၆ ပါးကုန်သော၊ ဒ္ဝါရေသု-ဒ္ဝါရတို့၌၊ တဒါရမဏံ-တဒါရုံသည်၊ ဟုတ္ဝာ (ဝိပစ္စန္တိ)၊ မရဏကာလေ-သေခါနီးအခါ၌၊ စုတိ-သည်၊ ဟုတ္ဝာ(ဝိပစ္စန္တိ)၊ ဣတိဧဝံ-သို့၊ စတူသု,ဌာနေသု-တို့၌၊ ဝိပစ္စန္တိ-ရင့်ကျက်ကုန်၏၊ ဝါ-အကျိုးဖြစ်ကုန်၏။

တတ္ထ-ထိုမဟာဝိပါက်စိတ်တို့တွင်၊ သဗ္ဗေပိ-အလုံးစုံလည်း ဖြစ်ကုန်သော၊ သဗ္ဗညုဗောဓိသတ္တာ-သဗ္ဗညုဘုရားအလောင်းတို့သည်၊ ပစ္ဆိမပဋိသန္ဓိဂ္ဂဟဏေ-နောက်ဆုံးဘဝ၌ဖြစ်သော ပဋိသန္ဓေကိုယူရာအခါ၌၊ ပဌမေန-ပဌမဖြစ်သော၊ သောမနဿ၊ပေ၊ စိတ္တေန-သောမနဿ သဟဂုတ် တိဟိတ် အသခ်ါရိက မဟာဝိပါက်စိတ်ဖြင့်၊ ပဋိသန္ဓိ-ကို၊ ဂဏ္ဏန္တိ-ယူကြကုန်၏၊ ပန-ဆက်၊ တံ-ထိုသောမနဿ သဟဂုတ် တိဟိတ် အသခ်ါရိက မဟာဝိပါက်စိတ်သည်၊ မေတ္တာပုဗ္ဗဘာဂစိတ္တဿ-ရှေ့အဖို၌မေတ္တာရှိသောကုသိုလ်စိတ်၏၊ ဝိပါကံ-အကျိုးသည်၊ ဟောတိ၊ တေန-ထိုသောမနဿ သဟဂုတ် တိဟိတ် အသခ်ါရိက မဟာကုသိုလ်စိတ်သည်၊ ဒိန္နာယ-ပေးအပ်သော၊ ပဋိသန္ဓိယာ-ကြောင့်၊ အသခ်ျေယျံ-အသခ်ျေဖြစ်သော၊ အာယု-အသက်သည်၊ (ဟောတိ)၊ ပန-ထိုသို့ပင် အသခ်ျေအသက်ရှည်နိုင်ပါသော်လည်း၊ကာလဝသေန-ကာလ၏အစွမ်းဖြင့်၊ ပရိဏမတိ-ကိုင်းညွှတ်ရ၏၊ ဝါ-ပြောင်းလွဲရ၏၊ [ဤဝါကျ၏ အဓိပ္ပာယ်ကို ဋီကာ၌ အကျယ်ပြထား၏၊ ကောင်းလှ၍ ရှုပါ၊ ကံစွမ်းရှိသလောက် အသက် မရှည်နိုင်ပဲ ကာလအလျောက်သာ အသက်ရှည်သည်-ဟူလို။]

ပန-ဝါဒန္တရဓား၊ မဟာသိဝတ္ထေရော-သည်၊ အာဟ၊(ကိံ)၊ သောမနဿ သဟဂတတော-သောမနဿ သဟဂုတ်စိတ်ထက်၊ ဥပေက္ခာသဟဂတံ-သည်၊ ဗလဝတရံ-သာ၍ အားရှိ၏၊ (သဗ္ဗေပိ သဗ္ဗညု ဗောဓိသတ္တာ ပစ္ဆိမ ပဋိသန္ဓိက္ခဏေ) တေန-ထိုဥပေက္ခာ သဟဂုတ်စိတ်ဖြင့်၊ ပဋိသန္ဓိ-ကို၊ ဂဏ္ဏန္တိ၊ ဟိ-မှန်၊ တေန-ထိုဥပေက္ခာ သဟဂုတ်စိတ်ဖြင့်၊ ဂဟိတပဋိသန္ဓိကာ-ယူအပ်သော ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်တို့သည်၊ မဟဏ္ဌာသယာ-ကြီးမြတ်သော အလိုဆန္ဒရှိကုန်သည်၊ ဟောန္တိ၊ ဒိဗ္ဗေသု-နတ်၌ ဖြစ်ကုန်သော၊ အာရမဏေသုပိ-အာရုံတို့၌သော်မူလည်း၊ [ပိကား သမ္ဘာဝနာ၊] ဥပ္ပိလာဝိနော-ပေါလောပေါ်ခြင်းရှိကုန်သည်၊ (လျှပ်ပေါ်လော်လီကုန်သည်၊) နဟောန္တိ၊ (ကေဝိယ-အဘယ်ပုဂ္ဂိုလ်တို့ကဲ့သို့နည်း)၊ တိပိဋက၊ပေ၊ ဝိယ-တိပိဋကစူဠနာဂထေရ် အစရှိသော ပုဂ္ဂိုလ်တို့ကဲ့သို့တည်း၊ ဣတိ-သို့၊ (အာဟ)၊ ပန-ထိုသို့ပင် မိန့်ဆို အပ်ပါသော်လည်း၊ အဋ္ဌကထာယံ-ရှေးအဋ္ဌကထာ၌၊ အယံ-ဤအလိုသည်၊

တတ္ထသဗ္ဗေပိ၊ပေ၊ ဂဏ္ဏန္တိ။ ။မဟာဝိပါက်စိတ် ၈ ပါးလုံးတို့၌ ဗလဝစိတ်, ဒုဗ္ဗလစိတ်ကို စိစစ်ဖို့ရန် "တတ္ထ သဗ္ဗေပိ" စသည်ကို မိန့်သည်၊ "သဗ္ဗညုဘုရားအလောင်းတို့သည် သောမနဿ သဟဂုတ် တိဟိတ် အသခ်ါရိက မဟာဝိပါက်စိတ်ဖြင့် ပဋိသန္ဓေနေတော်မူကြ၏" ဟု ဆိုသဖြင့် "ဥပေက္ခာသဟဂုတ်ထက် သောမနဿ သဟဂုတ်သည်လည်းကောင်း, သသခ်ါရိကထက် အသခ်ါရိကသည်လည်းကောင်း ဗလဝ ဖြစ်၏" ဟု သိစေ၏၊ မဟာသိဝထေရ်ကား "ဥပေက္ခာ သဟဂုတ်စိတ်က ဗလဝဖြစ်သည်" ဟုဆို၏၊ သို့သော် ထိုအဆိုကို အဋ္ဌကထာ ပယ်သည်။

ထေရဿ-မဟာသိဝထေရ်၏၊ မနောရထော-စိတ်အလိုသာတည်း၊ တေံ-ဤ ဥပေက္ခာသဟဂုတ်စိတ်ဖြင့် ပဋိသန္ဓေနေခြင်းသည်၊ နတ္ထိ၊ ဣတိ-သို့၊ ပဋိက္ခိပိတ္ဌာ-ပယ်၍၊ သဗ္ဗညုဗောဓိသတ္တာနံ-တို့၏၊ ဟိတူပစာရော-စီးပွားကို ကပ်၍ ကျင့်ခြင်းသည်၊(သတ္တဝါတို့၏စီးပွားကို ဆောင်လိုခြင်းသည်၊)ဗလဝါ-အားရှိသည်၊ ဟောတိ၊ တသ္မာ-ကြောင့်၊ (ထိုသို့ ဟိတူပစာရ အားကြီးသည်၏အဖြစ်ကြောင့်၊)မေတ္တာ၊ပေ၊စိတ္တေန-ရှေအဖို့၌ မေတ္တာရှိသော ကာမာဝစရကုသလ ဝိပါက်သောမနသံသဟဂုတ် တိဟိတ်အသင်္ခါရိကစိတ်ဖြင့်၊ ပဋိသန္ဓိ ဂဏှန္တိ၊ ဣတိ-သို့၊ ဝုတ္တံ-ဆိုအပ်ပြီ။

မနောရထော။ ။မနော ဝေ+ရထော အတြာတိ မနောရထော၊ စိတ်သည် အလိုဆန္ဒဖြစ်ရာသို့ ရောက်အောင် သွားနိုင်ရကား စိတ်တည်းဟူသော ရထားရှိသော အလိုဆန္ဒကို "မနောရထ"ဟု ဆိုသည်၊ (ထောမနိဓိ ဝိဂ္ဂဟ)၊ ဤနေရာဝယ် စိတ်ထင်တိုင်း ပြောအပ်သောစကားကို "မနောရထ"ဟု ယူပါ။

ဝိပါကုဒ္ဓါရကထာ အဖွင့်

ဣဒါနိ-မဟာဝိပါက်တို့ကို ပြပြီးရာ ယခုအခါ၌၊ ဝိပါကုဒ္ဓါရကထာယ-ဝိပါက်တို့ကို ထုတ်ပြရာ ထုတ်ပြကြောင်း စကားရပ်၌၊ မာတိကာ-ကို၊ ထပေတဗ္ဗာ-ထားထိုက်၏၊ တာဝ-မဟာဒတ္တထေရ်မှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌော) တိပိဋကစူဋ္ဌနာဂတ္ထေရော-သည်၊ အာဟ၊ (ကိံ)၊ ကောယ-တပါးသော၊ ကုသလစေတနာယ-ကြောင့်၊ သောဋ္ဌသ-ကုန်သော၊ ဝိပါကစိတ္တာနိ-တို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဧတ္ထေဝ-ဤ တပါးသော စေတနာဖြင့် အားထုတ်အပ်သောကံကြောင့်ပင်၊ ဒွါဒသကမဂ္ဂေါပိ-၁၂ ပါး အပြားရှိသော ဝိပါက်သည်လည်းကောင်း၊ [ဒွိဟိတ်ပဋိသန္ဓေနေသူ၏ ဝိပါက်တည်း၊ မဂ္ဂသဒ္ဒါသည် ပကာရအနက်ကို ဟော၏။] အဟေတုကဋ္ဌကမ္မိ-အဟိတ်ဝိပါက် ၈ ပါးအပေါင်းသည်လည်းကောင်း၊ [အဟိတ်ပဋိသန္ဓေ နေရသူ၏ ဝိပါက်တည်း။] (ဥပ္ပဇ္ဇတိ)၊ ဣတိ(အာဟ)။

ဝိပါကုဒ္ဓါရကထာယ်။ ။အတ္ထုဒ္ဓါရ ဟူရာ၌ "ရသမျှအနက်တို့ကို ထုတ်ပြရာစကား"ဟု အဓိပ္ပာယ်ရသကဲ့သို့, ဤ၌လည်း ကုသိုလ်ထပါးအတွက် ရထိုက်သမျှ အကျိုးဝိပါက်ကို ထုတ်ပြရာစကားကို "ဝိပါကုဒ္ဓါရကထာ"ဟု ခေါ်၏၊ ဤကထာ၌ ဝိပါက်၏ဖြစ်ကြောင်းကံကိုလည်းကောင်း, ဝိပါက်အပြားကိုလည်းကောင်း, ဝိပါက်၏ဖြစ်ရာ ပဋိသန္ဓေစသော ဌာနကိုလည်းကောင်း ပြလိမ့်မည်၊ "ဤ ဝိပါကုဒ္ဓါရကထာဝယ် မာတိကာကို ထားထိုက်၏" ဟူရာ၌ အခြားနေရာဝယ် ခေါင်းစဉ်ခြင်းမျိုးကဲ့သို့ "တိပိဋက စူဋ္ဌနာဂထေရ်၏ အလိုအားဖြင့် ဝိပါက်ဖြစ်ပုံ, မဟာဒတ္တထေရ်၏ အလိုအားဖြင့် ဝိပါက်ဖြစ်ပုံ, မဟာမေဓရက္ခိတထေရ်၏ အလိုအားဖြင့် ဝိပါက်ဖြစ်ပုံ"ဟု အကျဉ်းချုပ် ၃ မျိုး စဉ်ပြခြင်းကို မာတိကာ-ဟု ဆိုသည်။

မောရဝါပိဝါသီ-မောရဝါပိ အရပ်၌ နေလေ့ရှိသော၊ မဟာဒတ္ထတ္ထေရော ပန-သည်ကား၊ အာဟ၊ (ကိံ)၊ ကောယ, ကုသလစေတနာယ- ကြောင့်၊ ဒွါဒသ, ဝိပါကစိတ္တာနိ, ဥပ္ပဇ္ဇန္တိ၊ တ္ထေဝ–ဤ တပါးသော စေတနာဖြင့် အားထုတ်အပ်သော ကံကြောင့်ပင်၊ ဒသကမဂ္ဂေါပိ-၁၀ ပါး အပြားရှိသော ဝိပါက်သည်လည်းကောင်း၊ အဟေတုကဌကံပိ-သည်လည်းကောင်း၊ (ဥပ္ပဇ္ဇတိ) ဣတိ (အာဟ)၊ ["အသခ်ါရိကကံက သသခ်ါရိကအကျိုးကိုလည်းကောင်း, သသခ်ါရိကကံက အသခ်ါရိက အကျိုးကိုလည်းကောင်း မပေးနိုင်"ဟု အယူရှိသောကြောင့်"ဒွါဒသ ဝိပါကစိတ္တာနိ ဥပ္ပဇ္ဇန္တိ"ဟု ဆိုသည်၊ ဒိဟိတ်ပဋိသန္ဓေနေရာ၌ ဒသကမဂ္ဂ, အဟိတ်ပဋိသန္ဓေနေရာ၌ အဟေတုကဌကတည်း။]တိပိဋက မဟာဓမ္မရက္ခိတတ္ထေရော-သည် အာဟ၊ (ကိံ)၊ ကောယ, ကုသလစေတနာယ ကြောင့်၊ ဒသ ဝိပါကစိတ္တာနိ ဥပ္ပဇ္ဇန္တိ၊ တ္ထေဝ-ကြောင့်ပင်၊ အဟေတုကဌကံ-သည်၊ (ဥပ္ပဇ္ဇတိ)၊ ဣတိ (အာဟ)၊ [ဤထေရ်ကား သောမနဿကံကြောင့် ဥပေက္ခာကျိုးကိုလည်းကောင်း, သခ်ါရ အပြောင်းအလွဲကိုလည်းကောင်း မလိုလားသောကြောင့် "ဒသ ဝိပါက စိတ္တာနိ"ဟု ဆိုသည်။

ဣမသို့ ဌာနေ-ဤဝိပါကုဒ္ဓါရဌာန၌၊ သာကေတပဥ်နာမ - သာကေတ ပြဿနာမည်သည်ကို၊ ဂဏ္ဌိသု-ယူကြကုန်ပြီ၊ ["ယူ"ဟူသည် ရှေးအဌကထာ ဆရာတို့ ဤနေရာ၌ ထည့်ထားခြင်းတည်း၊] ကိရ-ချဲ၊ သာကေတေ-သာကေတ မြို့၌၊ ဥပါသကာ-တို့သည်၊ သာလာယံ-စရပ်၌၊ နိသီဒိတွာ-ထိုင်၍၊ ကောယ-သော၊ စေတနာယ-ဖြင့်၊ ကမ္မေ-ကို၊ အာယူဟိတေ-အားထုတ်အပ်သော၊ ကော-တပါးသော၊ ပဋိသန္ဓိ-သည်၊ ဟောတိ ကိံ နုခေါ-ဖြစ်လေသလော၊ ဥဒါဟု-သို့မဟုတ်၊ နာနာ-အမျိုးမျိုးသော၊ (ပဋိသန္ဓိ-သည်၊) ဟောတိ ကိံ နုခေါ-လေသလော၊) ဣတိ-သို့၊ ပဥ်နာမ-ကို၊ သမုဌာပေတွာ-ဖြစ်စေ၍၊ နိစ္ဆေတုံ-ဆုံးဖြတ်ခြင်းငှါ၊ အသက္ကောန္တာ-မစွမ်းနိုင်ကုန်သည်၊ (ဟုတွာ)၊ အာဘိမ္မိကတ္ထေရေ-အဘိမ္မာဆောင်ထေရ်တို့ကို၊ ဥပသက်မိတွာ-ချဉ်းကပ်၍၊ ပုစ္ဆိသု - မေးလျှောက်ကြကုန်ပြီ၊ ထေရာ-အဘိမ္မာဆောင် ထေရ်တို့သည်၊ ကေသွာ-သော၊ အမ္ဗဗီဇာ၊ သရက်စေ့မှ၊ ကောဝ-တခုသာလျှင်ဖြစ်သော၊ အက်ုရော-အညွှန့်သည်၊ နိက္ခမတိယထာ-ထွက်သကဲ့သို့၊ ဝေံ-ဤအတူ၊ ကောဝ-တခုသာလျှင်ဖြစ်သော၊ ပဋိသန္ဓိ-သည်၊ ဟောတိ၊ ဣတိ-သို့၊ သညာပေသုံ-နားလည်စေကြကုန်ပြီ။

သာကေတပဥ်။ ။သာကေတမြို့၌ဖြစ်သောကြောင့် "သာကေတပဥ်"ဟု ခေါ်သည်၊ ဤပြဿနာ၏အဖြေ၌ စေတနာတပါးကြောင့် ပဋိသန္ဓေကျိုးတကျိုးသာ ဖြစ်၏၊ စေတနာအများကြောင့် ပဋိသန္ဓေကျိုးအများ ဖြစ်၏၊ ဤသို့ ဆိုသောကြောင့် ကံကိုလည်းကောင်း, ပဋိသန္ဓေကိုလည်းကောင်း ပိုင်းခြား သတ်မှတ်ပြ၏၊ [ကမ္မ ပဋိသန္ဓိ ဝဝတ္ထာနတ္ထံ သာကေတပဥ်ဂဏ္ဌိသု။]

အထ-ထိုမှနောက်၌၊ ကဒိဝသံ-တနေ့သ၌၊ နာနာစေတနာဟိ-အမျိုးမျိုးသော စေတနာတို့ဖြင့်၊ ကမ္မေ-ကို၊ အာယူဟိတေ-သော်၊ ပဋိသန္ဓိယော-တို့သည်၊ နာနာ-အမျိုးမျိုးတို့သည်၊ ဟောန္တိ ကိံ နုခေါ-ဖြစ်ကုန်လေသလော၊ ဥဒါဟု, ကော-သော၊ (ပဋိသန္ဓိ-သည်၊ ဟောတိ ကိံ နု ခေါ-လေသလော၊) ဣတိ-သို့၊ ပဉ္ဉံ-ကို၊ သမုဋ္ဌာပေတွာ၊ပေ၊ ပုစ္ဆိ သု၊ ထေရော-တို့သည်၊ ဗဟူသု-များစွာကုန်သော၊ အမှေဗိဇ်သု-တို့ကို၊ ရောပိတသု-စိုက်ပျိုးအပ်ကုန်လေသော်၊ ဗဟူန်သော၊ အင်္ကုရော-တို့သည်၊ နိက္ခမန္တိယထာ-ထွက်ကုန်သကဲ့သို့၊ ဧဝံ-တူ၊ ဗဟုကာဝ-များသည်သာလျှင် ဖြစ်ကုန်သော၊ ပဋိသန္ဓိယော-တို့သည်၊ ဟောန္တိ၊ ဣတိ-သို့၊ သညာပေသုံ-နှိပြီ။

အပရမ်ပိ-အခြားလည်း ဖြစ်သော၊ ဣမသ္မိံ ဌာနေ-ဤဝိပါကုဒ္ဓါရဌာန၌၊ ဥဿဒကိတ္တနံနာမ-ဥဿဒကိတ္တန မည်သော စကားကို၊ ဂဟိတံ-ရှေးအဋ္ဌကထာဆရာတို့ ယူအပ်ပြီ၊ ဟိ-ချဲ့၊ ဣမေသံ သတ္တာနံ-တို့၏၊ လောတောပိ-သည်လည်း၊ ဥဿန္နော-များသည်၊ ဟောတိ၊ ဒေါသောပိ-သည်လည်း၊ (ဥဿန္နော ဟောတိ)၊ပေ၊ အမောဟောပိ (ဥဿန္နော ဟောတိ)၊ နေသံ-ထိုသတ္တဝါတို့၏၊ တံ ဥဿန္နဘာဝံ-ထိုများကုန်သည်၏ အဖြစ်ကို၊ ကော-အဘယ် တရားသည်၊ နိယာမေတိ-မြစေသနည်း၊ (သတ်မှတ်သနည်း၊) ဣတိ-ဤကား အမေးတည်း၊ ပုဗ္ဗဟေတု-ရှေးအကြောင်းသည်၊ နိယာမေတိ-မြစေ၏၊ (သတ်မှတ်၏၊) ကမ္မံ ယူဟနကွဏေယေဝ-ကံကို အားထုတ်ရာခဏ၌ပင်၊ နာနတ္တံ-ထူးသည်၏ အဖြစ်သည်၊ ဟောတိ၊ ကထံ-အဘယ်သို့ဖြစ်သနည်း၊ ဟိ-ချဲ့၊ ယသ-အကြင် ပုဂ္ဂိုလ်၏၊ ကမ္မံ ယူဟနကွဓဏ-၌၊ လောဘော-သည်၊ ဗလဝါ-အားရှိသည်၊ ဟောတိ-ဖြစ်၏၊ အလောဘော-သည်၊ မန္ဒော-နုံ့သည်၊ (ဟောတိ)၊ အဒေါသော မောဟော-

---

ဥဿဒကိတ္တနံ။ ။အလောဘစသော ဂုဏ်တို့၏လည်းကောင်း, လောဘစသော အပြစ်တို့၏လည်းကောင်း များပုံနှင့်, များခြင်း၏အကြောင်းကို ပြောပြခြင်းစကားကို "ဥဿဒကိတ္တန"ဟု ခေါ်၏။ [ကမ္မဝဿန ဝိပါကဿ တံ တံ ဂုဏဒေါသုဿဒ နိမိတ္တတံ ဒဿေတုံ ဥဿဒကိတ္တနံ ဂဏှိံသု။-ဋီကာ။]

မှတ်ချက်။ ။ဤဥဿဒကိတ္တနကိုကြည့်၍ ရှေးရှေးကံသည် ယခုဘဝ၌ လောဘကြီးသူ, မကြီးသူဖြစ်အောင် စီမံခဲ့ကြောင်း, ယခုဘဝ၌ ပြုသမျှကံလည်း နောက်နောက်ဘဝအဆက်ဆက်၌ ဤကဲ့သို့ စီမံလိမ့်မည်သာဖြစ်ကြောင်းကို သိနိုင်ပြီ၊ ထို့ကြောင့် ကိုယ်ရေးကိုယ်တာနှင့် ဒါယကာ ဒါယိကာမတို့ ကုသိုလ်ကံပြုရာ၌ လောဘ ဒေါသ မခြုံရုံပဲ မေတ္တာ ကရုဏာ အသိဉာဏ်ပညာတို့ကို ခြုံရုံစေ၍ပြုမိဖို့ရန် သွန်သင်သင့်ကြပေသည်၊ ယခုအခါ၌ကား ရဟန်းရှင်လူ အားလုံးပင် ကုသိုလ်ကံကလေးတခုပြုရာ၌ ကြွားဝါလိုသောလောဘ, လာဘ်လာဘကို တောင့်တသော လောဘ, မာန်မာနတို့ဖြင့် ခြုံရုံနှာတ်ကြလေသည်။ အယုတ်သဖြင့် စာချုပ်နှိုးမှာပင် ဒေါသရွေ့ထား၍ ငေါက်လား ငမ်းလှားနှင့် ပို့ချကြသည်မှာ ရုက်ဖွယ်သာတည်း။

အဒေါသ အမောဟတို့သည်၊ ဗလဝန္တော-အားရှိကုန်သည်၊ (ဟောန္တိ)၊ ဒေါသမောဟာ-တို့သည်၊ မန္ဒာ-နုံ့ကုန်သည်၊ (ဟောန္တိ)၊ တဿ-ထိုပုဂ္ဂိုလ်၏၊ မန္ဒော-နုံ့သော၊ (ညုံသော)၊အလောဘော-သည်၊လောဘံ-ကို၊ပရိယာဒါတုံ-ပိုင်းခြား၍ယူခြင်းငှါ၊(ကုန်ခန်းစေခြင်းငှါ၊) နှ သက္ကောတိ-မစွမ်းနိုင်၊ ပန-ကား၊ အဒေါသာမောဟာ-တို့သည်၊ ဗလဝန္တော-နှ်သည်၊ (ဟုတ္ဝာ)၊ ဒေါသ မောဟေ-တို့ကို၊ ပရိယာဒါတုံ-ငှါ၊ သက္ကောန္တိ-ကုန်၏၊ တဿော-ကြောင့်၊ သော-ထိုပုဂ္ဂိုလ်သည်၊ တေန ကမ္မေန-ထိုလောဘအဲ့သ်းကြီးသော ကံသည်၊ ဒိန္နေ ပဋိသန္ဓိဝသေန-ပေးအပ်သောပဋိသန္ဓေ၏အစွမ်းဖြင့်၊နိဗ္ဗတ္တော-ဖြစ်ရသည်၊ (သမာနော)၊လုဒ္ဓါ-လောဘကြီးသည်၊ဟောတိ၊(လောဘ၏ အကျိုးဆက်၊) ပန-ထိုသို့ပင်လောဘကြီးပါသော်လည်း၊ သုခသီလော-ချမ်းသာသောအလေ့ရှိသည်၊ အက္ကောဓနော-ဒေါသ မကြီးသည်၊ (အဒေါသ၏ အကျိုးဆက်၊) ပညဝါ-ပညာရှိသည်၊ ဝဇိရူပမညာဏော-ဝရဇိန်နှင့် တူသောဉာဏ် ရှိသည်၊ (ဟောတိ)၊ (အမောဟ၏ အကျိုးဆက်၊) ဣတိ-ဤသို့မူတ်အပ်၏၊ [လောဘကြီးသော ကံကြောင့် လုဒ္ဓဖြစ်ရ၏၊ အဒေါသ (မေတ္တာ) အားကြီးသော ကံကြောင့် သုခသီလ, အက္ကောဓန ဖြစ်ရ၏၊ အမောဟ(ဉာဏ်)အဲ့သ်းကြီးသော ကံကြောင့် ဝဇိရူပမဉာဏ်ရှိသူ ဖြစ်ရသည်။]

ပန-ကား၊ ယဿ-အကြင်ပုဂ္ဂိုလ်၏၊ ကမ္မာယူဟနက္ခဏေ-၌၊ လောဘ ဒေါသာ-တို့သည်၊ ဗလဝန္တော-နှ်သည်၊ ဟောန္တိ၊ အလောဘာဒေါသာ-တို့သည်၊ မန္ဒာ-နှ်သည်၊ (ဟောန္တိ)၊ အမောဟော-သည်၊ ဗလဝါ(ဟောတိ)၊ မောဟော-သည်၊ မန္ဒော(ဟောတိ)၊ သော-ထိုပုဂ္ဂိုလ်သည်၊ ပုရိမနယေနေဝ-ရှေးနည်းဖြင့်သာလျှင်၊လုဒ္ဓေါဧဝ-လောဘကြီးသူသည်လည်းကောင်း၊ဒုဋ္ဌော စ-ဒေါသသည် ဖျက်ဆီးအပ်သူသည်လည်းကောင်း၊ (ဒေါသကြီးသူသည်လည်းကောင်း၊) ဟောတိ၊ ပန-ကား၊ ပညဝါ-ပညာရှိသူသည်၊ ဝဇိရူပမညာဏော-ဝရဇိန်နှင့်တူသော ဉာဏ်ရှိသူသည်၊ဟောတိ၊ (ကောဝိယ)၊ ဒတ္တာဘယတ္ထေရော၀ိယ-ဒတ္တာဘယထေရ်ကဲ့သို့တည်း။

ပန-ကား၊ ယဿ ကမ္မာယူဟနက္ခဏေ, လောဘာ ဒေါသမောဟာ-လောဘ အဒေါသ မောဟတို့သည်၊ ဗလဝန္တော ဟောန္တိ၊ ဣတရေ-လောဘ အဒေါသ မောဟမူတပါးသော, အလောဘ ဒေါသ အမောဟတို့သည်၊မန္ဒာ(ဟောန္တိ)၊ သော,ပုရိမနယေနေဝ,လုဒ္ဓေါစေဝ-သည်လည်းကောင်း၊ ဒန္ဓော စ-နုံ့ညုံသည်လည်းကောင်း၊ဟောတိ-၏၊ ပန-ကား၊သုခသီလကော-ချမ်းသာသောအလေ့ရှိသူသည်၊ အက္ကောဓနော-ဒေါသမကြီးသူသည်၊ ဟောတိ၊ တထာ-ထိုမူ တပါး၊ ယဿ ကဲ့မ္မာယူဟနက္ခဏေ, တယောပိ-၃ ပါးလည်း ဖြစ်ကုန်သော၊ လောဘ ဒေါသ မောဟာ-တို့သည်၊ ဗလဝန္တော ဟောန္တိ၊အလောဘာဒယော-တို့သည်၊

မန္ဒာ-နည်းကုန်သည်၊(ဟောန္တိ)၊သော၊ပေ၊လုဒ္ဓေါစေဝ-သည်လည်းကောင်း၊ ဒုဋ္ဌောစ-သည်လည်းကောင်း၊မူဋ္ဌောစ-တွေဝေသူသည်လည်းကောင်း၊(ဖျင်းအသူသည်လည်းကောင်း၊) ဟောတိ။

ပန-ကား၊ ယဿ ကမ္မာယူဟနက္ခဏေ, အလောဘ ဒေါသမောဟာ-တို့သည်၊ ဗလဝန္တော ဟောန္တိ၊ ဣတရေ-အလောဘ ဒေါသ မောဟမူတပါးသော, လောဘ အဒေါသ အမောဟတို့သည်၊ မန္ဒာ(ဟောန္တိ)၊ သော, ပုရိမနယေနေဝ-ဖြင့်သာလျှင်၊ အပ္ပကိလေသော-နည်းသော ကိလေသာ ရှိသည်၊ ဒိဗ္ဗာရမဏံပိ-နတ်၌ဖြစ်သော အာရုံကိုသော်မူလည်း၊ ဒိသ္ဒာ-မြင်ရ၍၊ နိစ္စလော-မတုန်လှုပ်သည်-ဟောတိ၊ (အပ္ပကိလေသောကိုပင် "ဒိဗ္ဗာရမဏံပိ" စသည်ဖြင့် သရုပ်ဖော်သည်၊)ပန-ကား၊ဒုဋ္ဌော-သည်လည်းကောင်း၊ဒန္ဓပညောစ-လေးနှေးသောပညာရှိသူသည်လည်းကောင်း၊ ဟောတိ-၏၊ ဣတိ-ဤသို့ မှတ်အပ်၏။

ပန-ကား၊ ယဿ ကမ္မာယူဟနက္ခဏေ, အလောဘာ ဒေါသ မောဟာ-တို့သည်၊ ဗလဝန္တော ဟောန္တိ၊ ဣတရေ-အလောဘ အဒေါသ မောဟမူ တပါးသော, လောဘ ဒေါသ အမောဟတို့သည်၊ မန္ဒာ (ဟောန္တိ) သော ပုရိမနယေနေဝ, အလုဒ္ဓေါစေဝ-လောဘ မကြီးသူသည်လည်းကောင်း၊ သုခသီလကောစ-သည်လည်းကောင်း၊ ဟောတိ၊ ပန-ကား၊ ဒန္ဓော-လေးနှေးသူသည်၊ ဟောတိ၊ တထာ-ထိုမူတပါး၊ ယဿ ကမ္မာယူဟနက္ခဏေ,အလောဘ ဒေါသာမောဟာ-တို့သည်၊ ဗလဝန္တော ဟောန္တိ၊ ဣတရေ-အလောဘ ဒေါသ အမောဟမူတပါးသော, လောဘ အဒေါသမောဟတို့သည်၊ မန္ဒာ(ဟောန္တိ)၊ သော ပုရိမနယေနေဝ, အလုဒ္ဓေါစေဝ-သည်လည်းကောင်း၊ ပညဝါစ-ပညာ ရှိသူသည်လည်းကောင်း၊ ဟောတိ၊ ပန-ကား၊ ဒုဋ္ဌောစ-သည်လည်းကောင်း၊ ကောဓနောစ-အမျက်ထွက်လေ့ရှိသူသည်လည်းကောင်း၊ ဟောတိ၊ ပန-ကား၊ ယဿ,ကမ္မာယူဟနက္ခဏေ-၌၊တယောပိ-နသော၊အလောဘာဒယော-တို့သည်၊ ဗလဝန္တော ဟောန္တိ၊ လောဘာဒယော-တို့သည်၊ မန္ဒာ(ဟောန္တိ)၊ သော-ထိုပုဂ္ဂိုလ်သည်၊ မဟာသံဃရက္ခိတတ္ထေဇရာဝိယ-ကဲ့သို့၊ အလုဒ္ဓေါ-လောဘ မကြီးသူသည်လည်းကောင်း၊ အဒုဋ္ဌော-ဒေါသသည် မဖျက်ဆီးအပ်သူသည် လည်းကောင်း၊ (ဒေါသ မကြီးသူသည်လည်းကောင်း၊) ပညဝါ-ပညာ ရှိသူသည်လည်းကောင်း၊ ဟောတိ၊ ဣတိ-မှတ်အပ်၏။

အပရမ္ပိ-တပါးလည်းဖြစ်သော၊ ဣမသ္မိံ ဌာနေ-ဤဝိပါကုဒ္ဓါရဌာန၌၊ ဟေတုကိတ္တနံနာမ-ဟေတုကိတ္တနမည်သော စကားကို၊ ဂဟိတံ-ရှေးအဌကထာ

ဟေတု ကိတ္တနံ။ ။"တိဟိတ်ကံသည် တိဟိတ်ဝိပါက် ဒုဟိတ်ဝိပါက် အဟိတ်ဝိပါက်ကိုပေး၏"ဤသို့စသည်ဖြင့် ဟိတ်နှင့်ယှဉ်သောကံနှင့်အကျိုးတို့ကိုပြရာပြကြောင်း စကားကို "ဟေတု ကိတ္တန"ဟု ခေါ်၏၊ ဤဟေတုကိတ္တနကို ပြရာ၌ ဤနေရာဝယ်

ဆရာတို့ယူအပ်ပြီ၊ ဟိ-ချဲ၊ တိဟေတုကကမ္မံ-တိဟိတ်ကံသည်၊ တိဟေတုကမ္ပိ-တိဟိတ်လည်းဖြစ်သော၊ ဒုဟေတုကမ္ပိ-သော၊ အဟေတုကမ္ပိ-သော၊ ဝိပါကံ-အကျိုးကို၊ ဒေတိ-ပေး၏၊ ဒုဟေတုကကမ္မံ-သည်၊ တိဟေတုကဝိပါကံ-ကို၊ နဒေတိ-မပေးနိုင်၊ ဣတရံ-တိဟိတ် အကျိုးမှ တပါးသော ဒ္ဒိဟိတ် အဟိတ် အကျိုးကို၊ဒေတိ၊တိဟေတုကကမ္မေန-ကြောင့်၊ပဋိသန္ဓိ-သည်၊တိဟေတုကာပိ-တိဟိတ် ပဋိသန္ဓေသည်လည်းကောင်း၊ ဒုဟေတုကာပိ-သည်လည်းကောင်း၊ ဟောတိ၊ အဟေတုကာ-အဟိတ် ပဋိသန္ဓေသည်၊ နဟောတိ၊ ဒုဟေတုကေန-ဒ္ဒိဟိတ် ကံကြောင့်၊ ဒုဟေတုကာပိ-ဒ္ဒိဟိတ် ပဋိသန္ဓေသည် လည်းကောင်း၊ အဟေတုကာပိ-သည်လည်းကောင်း၊ ဟောတိ၊ တိဟေတုကာ-သည်၊ နဟောတိ၊ [“တတ္ထာပိ တိဟေတုက မုက္ကဋ္ဌံ ကုသလံ တိဟေတုကံ”စသော သင်္ဂြိုဟ်စကားအတိုင်းပင်တည်း။]

အသင်္ခါရိကံ-အသင်္ခါရိကဖြစ်သော၊ ကုသလံ-သည်၊ အသင်္ခါရိကမ္ပိ-အသင်္ခါရိကလည်းဖြစ်သော၊သသင်္ခါရိကမ္ပိ-သော၊ဝိပါကံ ဒေတိ၊သသင်္ခါရိကံ-သော၊ (ကုသလံ) သသင်္ခါရိကမ္ပိ-သော၊ အသင်္ခါရိကမ္ပိ-သော၊ ဝိပါကံဒေတိ၊ အာရမဏေန-ဖြင့်၊ ဝေဒနာ-ကို၊ ပရိဝတ္တေတဗ္ဗာ-ပြောင်းလွှဲ စေထိုက်၏၊ ဇဝနေန-ဇောဖြင့်၊ တဒါရမဏံ-ကို၊ နိယမေတဗ္ဗံ-သတ်မှတ်ထိုက်၏။

ဣဒါနိ-၌၊ တဿ တဿ ထေရဿ-ထိုထိုတိပိဋက စူဋ္ဌနာဂ စသောထေရ်၏၊ ဝါဒေ-၌၊ သောဋ္ဌသ မဂ္ဂါဒယော ၁၆-ပါးအပြားရှိသော ဝိပါက် အစရှိသည်တို့ကို၊ ဝေဒိတဗ္ဗာ - နှ၏၊ ဟိ-ချဲ၊ ပဌမ ကာမာဝစရကုသလ သဒိသေန-ပဌမကာမာဝစရ ကုသိုလ်နှင့် တူသော၊ ပဌမ မဟာဝိပါက စိတ္တေန-ဖြင့်၊

တိဟိတ်ကံက ၁၆ ပါးသောဝိပါက်ကိုပေး၏ဟုလည်းကောင်း, “အသင်္ခါရိက ကုသလံ အသင်္ခါရိကမ္ပိ သသင်္ခါရိကမ္ပိ ဝိပါကံ ဒေတိ” ဟုလည်းကောင်း ဆိုထားသောကြောင့် တိပိဋက စူဋ္ဌနာဂ ပဌမထေရ်၏ ဝါဒကို ပြထားသည်ဟု မှတ်ပါ။

အဟေတုကာ နဟောတိ။ ။ဉာဏဿ(တိဟိတ်ကံ၌ပါသောဉာဏ်၏)ဇစ္စန္ဓာဒိ ဝိပတ္တိ နိမိတ္တ ပဋိပက္ခဘာဝတော တိဟေတုကံ အတိဒုဗ္ဗလမ္ပိ သမာနံ ပဋိသန္ဓိ အာကမုန္တံ ဒုဟေတုကံ အာကမေုယျာတိ အဟေတုကာ နဟောတိတိ အာဟ၊-ဋီကာ။

အာရမဏေန၊ပေ၊ပရိဝတ္တေတဗ္ဗာ။ ။ဤစကားသည် သန္တီရဏ တဒါရုံတို့ကို ရည်ရွယ်၍ ဆိုအပ်သော စကားတည်း၊ မှန်၏-ပဉ္စဒ္ဓါရာဝဇ္ဇန်းစသော စိတ်တို့၌ ဝေဒနာ ၂ မျိုးမရ၊ အာရုံကို ဣဋ္ဌ အတိဣဋ္ဌအလိုက် ခွဲခြား၍ ယူခြင်းငှါ မစွမ်းနိုင်သောကြောင့် ဥပေက္ခာဖြစ်စေ(ကာယဝိညာဉ်၌ ကုသလဝိပါက်ဝယ် သုခဖြစ်စေ)တမျိုးစီသာ ရကြ၏၊ သန္တီရဏ တဒါရုံတို့၌ကား အာရုံအလိုက် သောမနဿ, ဥပေက္ခာပြောင်းလွှဲနိုင်သည်။

ဇဝနေန တဒါရမဏံ။ ။သောမနဿဇောနောင် သောမနဿတဒါရုံ,ဥပေက္ခာ ဇောနောင် ဥပေက္ခာတဒါရုံဖြစ်သောကြောင့် “ဇဝနေန၊ပေ၊ နိယမေတဗ္ဗံ”ဟုဆိုသည်။ အသင်္ခါရိကဇောနောင် အသင်္ခါရိကတဒါရုံ စသောအားဖြင့် ဖြစ်ပုံကိုလည်း သိပါ၊

ဂဟိတ ပဋိသန္ဓိကဿ-ယူအပ်ပြီးသော ပဋိသန္ဓေရှိသော ပုဂ္ဂိုလ်၏၊ ဝါသည်၊ ဂဗ္ဘာဝါသတော - အမိဝမ်းဟူသော နေရာမှ၊ နိက္ခမိတ္တာ - ထွက်၍၊ သံဝရ သံဝရေ-ကြီးသော စောင့်စည်းခြင်း, ငယ်သော စောင့်စည်းခြင်းတို့ကို၊ ပဋ္ဌပေတုံ-ဖြစ်စေခြင်းငှာ၊ သမတ္တဘာဝံ-စွမ်းနိုင်သူ၏အဖြစ်သို့၊ ဥပဂတဿ-ရောက်လသော်၊ စက္ခုဒ္ဒါရသို့ - ၌၊ ဂ္ဂဒ္ဒာရမဏော - သည်၊ အာပါတံ-ရှေးရှုကျခြင်းသို့၊ အာဂတေ-ရောက်လသော်၊ ကြိယမနောဓာတုယာ-သည်၊ (ပဋ္ဌဒ္ဒါရာဝဇ္ဇန်းကို ဆိုသည်၊) ဘဝင်္ဂ်-ဘဝင်ကို၊ အနာဝဋ္ဋိတေယေဝ-မလည်စေအပ်သေးမီပင်၊ (ဘဝင်္ဂုပစ္ဆေဒ မဖြစ်သေးမီပင်၊) အတိက္ကမနအာရမဏာနုလွန်သွားသော အာရုံတို့၏၊ ပမာဏံ နတ္ထိ၊ ကသ္မာ, ဧဝံ-သို့၊ ဟောတိ-ဖြစ်ရသနည်း၊ အာရမဏ ဒုဗ္ဗလတာယ-အာရုံ၏ အားနည်းသည်၏အဖြစ်ကြောင့်၊ (ဧဝံ-သို့၊ ဟောတိ-၏၊)တာဝ-ဒုတိယဝါရ စသည်တို့မှ ရှေးဦးစွာ၊ (နိဒ္ဒိဒ္ဓော) အယံ - ဤဝါရသည်၊ ဧကော - တမျိုးသော၊ မောဃဝါရော - မောဃဝါရတည်း၊ ဝါ-ဝိထိစိတ်တို့မှ ဆိတ်သောဝါရတည်း။ [သင်္ဂြိဟ်၌ ဤ ဇဝါရကိုသာ မောဃဝါရ ဟု ခေါ်သည်။]

ပန-ကား၊ ဘဝင််-ကို၊ သစေ အာဝဇ္ဇေတိ-အကယ်၍ လည်စေအံ့၊ (ဧဝံ သတိ)၊ ကြိယမနောဓာတုယာ-သည်၊ ဘဝင််-ကို၊ အာဝဋ္ဋိတေ-လည်စေအပ်ပြီးသော်၊ ဝေါဋ္ဌပနံ-ဝုဋ္ဌောစိတ်သို့၊ အပါပေတွာ- မရောက်စေမူ၍၊ အန္တရာ-အကြား၌၊ စက္ခုဝိညာဏေဝါ-၌သော်လည်းကောင်း၊ ပေ၊ သန္တီရဏေဝါ-၌သော်လည်းကောင်း၊ ဌတွာ-တန့်ရပ်၍၊ နိဝတ္တိတ္ထ သတိ-စိတ်အစဉ်ဆုတ်နစ်လတ္တံ့၊ ဣတိ ဧတံ ဌာနံ-ဤအကြောင်းသည်၊ နဝိဇ္ဇတိ၊ ပန-စင်စစ်ကား၊ ဝေါဋ္ဌပနဝသေန-ဝုဋ္ဌောဏ်အစွမ်းဖြင့်၊ ဌတွာ-၍၊ ဧကံ (စိတ္တံ) ဝါ-တခုသောစိတ်သည်သော်လည်းကောင်း၊ ဒွေ စိတ္တာနိဝါ - ၂ ခုသော စိတ်တို့သည် သော်လည်းကောင်း၊ ပဝတ္တန္တိ၊ တတော-ထို့မှ နောက်၌၊ အာသေဝနံ-အာသေဝနပစ္စည်း

သံဝရာ၊ပေ၊ဥပဂတဿ။ ။"သံဝရာ၊ပေ၊ ဥပဂတဿ"ဟူသော ဤစကားဖြင့် အမိဝမ်းမှ ထွက်ပြီးနောက် အထိုက်အလျောက် ကြည့်ရှုတတ်, ကြားတတ်သောအရွယ်ကို ပြသည်၊ ကုသိုလ်ကိုပြသောအရာဖြစ်၍"သံဝရ အကြီးအငယ်ကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော"ဟု ဝိသေသနပြုသည်၊ ထိုသို့ နားလည်လောက်သော အရွယ်ရောက်မှ တဒါရုံဖြစ်ဖို့ အကြောင်းဖြစ်သော ဇောများ အပြည့်အစုံ ဖြစ်နိုင်ကြ၏၊ မွေးခါစ၌ကား မြင်မှု, ကြားမှု, အနံ့ယူမှုစသော ပဋ္ဌဝိညာဉ်ဝိပါက်များသော်မှ အပြည့်အစုံ မဖြစ်နိုင်ကြချေ၊ တဒါရုံဖြစ်ဖို့ အကြောင်းဖြစ်သော ဇောစေဖို့ကား သာ၍ ဝေးသေး၏။

ပမာဏံ နတ္ထိ။ ။မျက်စိကိုမှှင့်ထားလျှင် စက္ခုဒ္ဒါရ၌ ရူပါရုံတွေ ခဏခဏ အများအပြား ထင်နေကြ၏၊ သို့ဖြစ်သည်း ပဋ္ဌဒ္ဒါရာဝဇ္ဇန်းမဖြစ်ပဲ လွန်သွားသော အာရုံတွေမည်၍ မည်မျှ ဟု ပမာဏ မပြနိုင်လောက်အောင် များသည်-ဟူလို ဤနေရာမျိုးကို "သတိမမူ, ဂူမမြင်"ဟု ဆိုကြသည်၊ အခြား ၄ ဒွါရ၌လည်း နည်းတူ။

ကို၊ (မူလဋီကာအလို၊) ဝါ-အာသေဝနပစ္စည်းနှင့် တူသော အထုံကို၊ (အနု-အလို၊) လဘိတ္ဘာ-ရ၍၊ ဇဝနဌာနေ-ဇော၏အရာ၌၊ ဌတ္ဘာ-တည်၍၊ ပုန, ဘဝင်္ဂ-သို့၊ ဩတရတိ-သက်၏၊ ဣဒံပိ-ဤစိတ်အစဉ်သည်လည်း၊ အာရမဏဒုဗ္ဗလ တာယ-ကြောင့်၊ ဧဝံ-ဤ ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့်၊ ဟောတိ၊ အယံပနဝါရော - ကိုကား၊ မေ-ငါသည်၊ ဒိဋ္ဌဝိယ - မြင်အပ်သကဲ့သို့တည်း၊ (မြင်လိုက်သလိုရှိ၏၊) မေ - ငါသည်၊ သုတံဝိယ - ကြားအပ်သကဲ့သို့တည်း၊ (ကြားလိုက်သလို ရှိ၏၊) ဣတိ အာဒီနိ-ဤသို့ အစရှိသော စကားတို့ကို၊ ဝဒန ကာလေ-ဆိုရာအခါ၌၊ လဗ္ဘတိ၊ အယမ္ပိဝါရော-ဤဝါရသည်လည်း၊ ဒုတိယော-၂ ခုမြောက်သော၊ မောဃဝါရော - တည်း၊ ဝါ - ဇောမူ ကင်းဆိတ်သော မောဃဝါရတည်း။

အပရဿ-အခြားသောပုဂ္ဂိုလ်၏၊ ကြိယမနောဓာတုယာ-သည်၊ ဘဝင်္ဂ-ဘဝင်ကို၊ အာဝဋ္ဌိတေ - လည်စေအပ်သော်၊ ဝီထိစိတ္တာနိ ဥပ္ပဇ္ဇန္တိ၊ ဇဝနံ-သည်၊ ဇဝတိ-အဟုန်ပြင်းစွာ ဖြစ်ပေါ်လာ၏၊ (စော၏၊) ပန-ကား၊ ဇဝန ပရိယောသာနေ - ဇော၏ အဆုံး၌၊ တဒါရမဏဿ - ၏၊ ဝါရော - အလှည့် အကြိမ်သည်၊ (ဟောတိ)၊ တသ္မိံ-ထို တဒါရုံသည်၊ အနုပ္ပန္နေယေဝ-မဖြစ်သေး မီပင်၊ ဘဝင်္ဂ-သို့၊ ဩတရတိ-သက်၏၊ တတြ-ထိုသို့ တဒါရုံမဖြစ်မီ ဘဝင်သို့ သက်ရာ၌၊ အယံ - ကား၊ ဥပမာ - ဥပမာတည်း၊ ဟိ - ချဲ၊ နဒိယာ - မြစ်၌၊ (မြစ်ထဲ၌)၊ အာဝရဏံ-ဆည်းတားကြောင်းဖြစ်သော ရေကာကို၊ ဗန္ဓိတ္ဘာ-ဖွဲ့ပြီး၍၊ ဥဒကေ-ကို၊ မဟာမာတိကာဘိမုခေ-မြောင်းကြီးသို့ ရှေးရှုနေသည်ကို၊

အာသေဝနံ၊ ပေ၊ ဌတ္ဘာ။ ။"အာသေဝနံ လဘိတ္ဘာ" အရ ဝုဋ္ဌော ၂ ကြိမ်, ဖြစ်ရာ၌ နောက် ဝုဋ္ဌောသည် အာသေဝနပစ္စည်းအစစ်၏ ကျေးဇူးပြုကို ခံရ၏ ဟုလည်း ကောင်း, ထို ဝုဋ္ဌော ၂ကြိမ်ကိုပင် ဇောအရာ၌ တည်သည်ဟုလည်းကောင်း ယူလျှင်, ပဋ္ဌာန်းပါဋ္ဌိတော်၌ ထိုသို့ ဟောတော်မူအပ်ချက် မရှိ၍ မူလဋီကာဆရာသည် ဤစကား များကို စိစစ်သွား၏၊ အနုဋ္ဌီကာဆရာကား "ဇဝနဌာနေ ဌတ္ဘာတိ ဇဝနဿ ဥပ္ပဇ္ဇနဌာ နေ ဒွိတ္ဒတ္တုံ ပဝတ္တိတ္ဘာ,န ဇဝနဘာဝေနာတိ-ဇော ဖြစ်ရမည့်နေရာ၌ ၂-ကြိမ်ဖြစ်ခြင်း ကို ဆိုလိုပါသည်, ဇောအဖြစ်ဖြင့် ဖြစ်ခြင်းကို မဆိုလိုပါဟုလည်းကောင်း, အာသေဝနံ အရလည်း (၂ ကြိမ်ဖြစ်သည့်အတွက်)အာသေဝနရသကဲ့သို့ ဖြစ်ခြင်းကို ဆိုလိုသည်"ဟု လည်းကောင်း, ဖွင့်ပြီးလျှင် ဤသို့ အဓိပ္ပာယ်ယူလျှင် အဌကထာစကားသည် ပါဋ္ဌိတော် နှင့် မဆန့်ကျင်သော စကားဖြစ်၏ဟု မိန့်သည်။ [အာသေဝနံ ဝိယ အာသေဝနန္တိ ဝုစ္စမာနေ နကောစိ ဝိရောဓော၊-အနူ။]

အာဝရဏံ ဗန္ဓိတ္ဘာ။ ။[အထက်က စီးလာသော ရေကို မြောင်းထဲသို့ သွား အောင်, အောက်ဘက်က ငုတ်တိုင် များစွာစိုက်ခြင်းဖြင့် ဆည်းတားဖို့ရာ ပြုအပ်သော ရေကာကို "အာဝရဏံ"ဟု ဆိုသည်၊ ထိုကဲ့သို့ ဆည်းတားသော အခါ အချို့သော ရေသည် အောက်ဘက်သို့ စီးမသွားပဲ မြောင်းကြီးဘက်သို့ စီးသွားလေ၏။

ဆာတေ- ပြုအပ်ပြီးသော်၊ ဥဒက်-သည်၊ ဂန္ဓာ- သွားရ၍၊ ဥဘောသု- ၂-ဘက်ကုန်သော၊ တီရေသု- ကမ်းတို့၌၊ ကေဒါရေ- လယ်တို့ကို၊ ပူရေတွာ- ပြည့်စေ၍၊ အတိရေက်- လယ်တို့မှ အပိုအလွန် ဖြစ်သော ရေသည်၊ ကက္ကဋ္ဌမဂ္ဂါဒီဟိ- ပုဇွန်လမ်းပေါက် အစရှိသည်တို့ဖြင့်၊ [ကက္ကဋ္ဌသဒ္ဒါသည် ပုဇွန်ဟော၊ ကက္ကဋ္ဌတသဒ္ဒါကား ပုဇွန်နှင့်တူသော ပင့်ကူဟောတည်း၊ ထို့ကြောင့် ဤနေရာ၌ကား "ကက္ကဋ္ဌ" ဟု ရှိစေ။] ပလာယိတွာ- ပြေး၍၊ ပုန,နဒိ ယေဝ- မြစ်သို့သာ၊ သြတရတိယထာ- သက်ဆင်းသကဲ့သို့၊ ဧဝံ- ဤအတူ၊ တေ- ဤဥပမေယျကို၊ ဒဋ္ဌဗ္ဗံ- မှတ်ထိုက်၏။

ဟိ- ဥပမာန ဥပမေယျ ရောနှော၍ပြဦးအံ့၊ တတ္ထ- ဤ ဥပမာစကားရပ်၌၊ နဒိယံ- ၌၊ ဥဒကပ္ပဝတ္တနကာလော- ရေစီးရာအခါကို၊ (ဒဋ္ဌဗ္ဗော) ဝိယ-ကဲ့သို့၊ (တထာ)၊ ဘဝင်္ဂဝိထိပ္ပဝတ္တနကာလော - ဘဝင်အစဉ်၏ ဖြစ်ရာအခါကို၊ (ဒဋ္ဌဗ္ဗော)၊ [ဘဝင်အစဉ်ကိုပင် "ဝိထိ" ဟု ဆိုထားသည်။] အာဝဇ္ဇနကာလော- ရေကာကို ဖွဲ့ရာအခါကို၊ (ဒဋ္ဌဗ္ဗော)ဝိယ၊ (တထာ)၊ ကြိယမနောဓာတုယာ-၏၊ ဘဝင်္ဂသ-ကို၊ အာဝဇ္ဇနကာလော - လည်စေရာအခါကို၊ (ဒဋ္ဌဗ္ဗော)၊ မဟာမာတိကာယ- မြောင်းကြီး၌၊ ဥဒကပ္ပဝတ္တနကာလော-ရေစီးရာအခါကို၊(ဒဋ္ဌဗ္ဗော)ဝိယ၊(တထာ)၊ဝိထိစိတ္တပ္ပဝတ္တိ- ဝိထိစိတ်တို့၏ ဖြစ်ခြင်းကို၊ (ဒဋ္ဌဗ္ဗာ)၊ ဥဘောသု-နှစ်သော၊ တီရေသု-တို့၌၊ ကေဒါရပူရဏ်-လယ်တို့ကို ပြည့်စေခြင်းကို၊ (ဒဋ္ဌဗ္ဗံ)ဝိယ၊ (တထာ)၊ ဇဝန်-ကို၊ (ဒဋ္ဌဗ္ဗံ)၊ ကက္ကဋ္ဌမဂ္ဂါဒီဟိ- ပုဇွန်လမ်းပေါက် အစရှိသည်တို့ဖြင့်၊ ပလာယိတွာ-၍၊ ပုန,ဥဒကဏ္ဏ-၏၊ နဒီ သြတရဏ်- မြစ်သို့ သက်ဆင်းခြင်းကို၊ (ဒဋ္ဌဗ္ဗံ) ဝိယ၊ (တထာ) ဇဝန်-သည်၊ ဇဝိတွာ-၍၊ တဒါရမဏေ- သည်၊ အနုပ္ပန္နေယေဝ- မဖြစ်သေးမီပင်၊ ပုန, ဘဝဂေါါတရဏ်-ဘဝင်သို့ သက်ဆင်းခြင်းကို၊ (ဒဋ္ဌဗ္ဗံ)၊ ဧဝံ-လျှင်၊ ဘဝင်္ဂံ-သို့၊ သြတရဏစိတ္တာနံပိ - သက်ဆင်းသောစိတ်တို့၏လည်း၊ ဂဏနာနာမ- အရေအတွက်မည်သည်၊ နတ္ထိ၊ ဣဒံပိ- ဤ စိတ်အစဉ်သည်လည်း၊ အာရမဏ ဒုပ္ပဋိတာယ-အာရုံ၏အား မရှိသည်၏အဖြစ်ကြောင့်၊ ဧဝံ-ဤ ဆိုအပ်ပြီးသောအပြားအားဖြင့်၊ ဟောတိ-ဖြစ်ရ၏၊ အယံ-ဤဝါရသည်၊ တတိယော-သော၊ မောဃဝါရော- မောဃဝါရတည်း၊ ဝါ-တဒါရုံမှ ကင်းဆိတ်သော ဝါရတည်း။

ကက္ကဋ္ဌ၊ပေ၊ဘဝင်္ဂဝိတရဏံ၊ ။ဇောနောက်က တဒါရုံကို ဘဝင်သို့ ဝင်ဖို့ရာလမ်းကြောင်းဟု ဆိုလိုသည်။ ထိုလမ်းကြောင်းသည် မြစ်သို့ပြန်၍ ဝင်မည့် မာတိကာ(မြောင်း)နှင့်တူ၏၊ လယ်တို့မှ ပိုလျှံသောရေသည် မြောင်းမှပြန်၍ မြစ်သို့မဝင်ပဲ ပုဇွန်တွင်းပေါက်မှ ဝင်သကဲ့သို့ နာဂိရ် ဘဝင်တည်းဟူသောမြစ်မှ ထွက်လာသော စိတ်ရေအယဉ်သည် တဒါရုံမြောင်းပေါက်မှ ဘဝင်မြစ်သို့ ပြန်၍မဝင်ပဲ တဒါရုံမဖြစ်မီ ဇော၏ အခြားမဲ့၌ ဘဝင်မြစ်သို့ ပြန်ဝင်သည်-ဟု ဆိုလိုသည်။

ပန်- ဆက်၊ ဗလဝါရမဏံ- အားရှိသောအာရုံသည်၊ အာပါတဂတံ- ရှေးရှုကျခြင်းသို့ ရောက်သည်၊ သစေ ဟောတိ၊ (ဝေံသတိ)၊ ကြိယမနောဓာတု ယာ-သည်၊ ဘဝင်္ဂေ-ကို၊ အာဝဋ္ဌိတေ- လည်စေအပ်ပြီးသော်၊ စက္ခုဝိညာဏာ ဒီနိ- စက္ခုဝိညာဉ် အစရှိသောစိတ်တို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဇဝနဌာနေပန- ဇော၏ အရာ၌ကား၊ ပဌမကာမာဝစရ ကုသလစိတ္တံ-သည်၊ ဇဝနံ-ဇောသည်၊ ဟုတ္ဝာ, ဆ သတ္တဝါရေ- ၆-ကြိမ်, ၇-ကြိမ်တို့တိုင်တိုင်၊ ဇဝိတ္ဝာ- အဟုန်ပြင်းစွာ ဖြစ်ပြီး၍၊ (စောပြီး၍)၊ [သင်္ဂြိုဟ်၌ "ကာမာဝစရ ဇဝနာနိ သတ္တက္ခတ္တုံ ဆက္ခတ္တုံ မေဝဝါ ဇဝန္တိ" နှင့် သဘောတူပင်။] တဒါရမဏဿ- အား၊ ဝါရံ- အလှည့် အကြိမ်ကို၊ ဒေတိ၊ တဒါရမဏံ-သည်၊ ပတိဋ္ဌဟမာနံ- တည်လသော်၊ တံသဒိသ မေဝ-ထို ပဌမ မဟာကုသိုလ်စိတ်နှင့် တူသည်သာလျှင်ဖြစ်သော၊ မဟာဝိပါက စိတ္တံ- ပဌမ မဟာဝိပါက်စိတ်သည်၊ ပတိဋ္ဌာတိ- တည်၏၊ ဣဒံ- ဤ ပဌမ မဟာ ဝိပါက်စိတ်သည်၊ ပဋိသန္ဓိ စိတ္တသဒိသတ္တာ- ပဋိသန္ဓေစိတ်နှင့် တူသည်၏ အဖြစ် ကြောင့်၊ မူလဘဝင်္ဂန္တိစ-မူလဘဝင် ဟူ၍လည်းကောင်း၊ ဇဝနေန-သည်၊ ဂဟိတံ ယူအပ်သော၊ ယံအာရမဏံ- သည်၊ (အတ္ထိ)၊ တဿ- ထိုအာရုံ၏၊ ဝါ-ကို၊ ဂဟိတတ္တာ-ယူအပ်သည်၏အဖြစ်ကြောင့်၊ တဒါရမဏန္တိစ-ဟူ၍လည်းကောင်း၊ ဒွေ- ၂-ပါးကုန်သော၊ နာမာနိ-အမည်တို့ကို၊ လဘတိ-၏၊ ဣမသို့ ဌာနေ-ဤဝိထိ အရာ၌၊ စက္ခုဝိညာဏံ- စက္ခုဝိညာဉ်လည်းကောင်း ၊ပေ၊ တဒါရမဏံ-လည်း ကောင်း၊ ဣတိ-သို့၊ စတ္တာရိ-နိ်သော၊ ဝိပါကစိတ္တာနိ-တို့သည်၊ ဂဏနူပဂါနိ- ရေတွက်အပ်သည်၏အဖြစ်သို့ ရောက်ကုန်သည်၊ ဟောန္တိ။

ပန်-ကား၊ ယဒါ-၌၊ ဒုတိယကုသလစိတ္တံ-ဒုတိယ မဟာကုသိုလ် စိတ်သည်၊ ဇဝနံ-သည်၊ ဟောတိ၊ တဒါ-၌၊ တံသဒိသံ-ထို ဒုတိယမဟာကုသိုလ် စိတ်နှင့်

မူလဘဝင်္ဂန္တိ။ ။တဒါရုံသည် ဇောနောက်သို့ အစဉ်လိုက်သကဲ့သို့, တဒါရုံမကျ သော ဝိထိ၌ ဘဝင်လည်း ဇောနောက်သို့ အစဉ်လိုက်ရကား ဇောနောက် လိုက်ချင်း တူသောကြောင့် တဒါရုံကိုပင် "ဘဝင်"ဟု သုံးစွဲထား၏၊ ပဋ္ဌာန်း ပါဋ္ဌိတော်၌လည်း တဒါရုံကိုပင် "သဟေတုကံ ဘဝင်် အဟေတုကဿ ဘဝင််ဿ အနန္တရ ပစ္စယေန ပစ္စယော" စသည်ဖြင့် "သဟေတုကဘဝင််" ဟုလည်းကောင်း, အဟေတုကံ ဘဝင်် သဟေတုကဿ ဘဝင််ဿ"စသည်ဖြင့် "အဟေတုကဘဝင််" ဟုလည်းကောင်း ဟော တော်မူသည်၊ မှန်၏၊ တဘဝ၌ ပဋိသန္ဓေစိတ်နှင့်တူသော ဘဝင်စိတ်သည် တမျိုးသာ ရှိရကား ဘဝင်အစစ်မှာ သဟိတ် အဟိတ် ဟု တဘဝအတွက် မကွဲနိုင်၊ နောက်ဘဝင် အား အနန္တရသတ္တိဖြင့် ကျေးဇူးပြုသော ရှေ့ဘဝင်ဟူသည် တဒါရုံသာ ဖြစ်သင့်၏၊ ထို ဘဝင်ဟူသော တဒါရုံသည်ပင် ပဋိသန္ဓေစိတ်နှင့် (ပဌမ မဟာဝိပါက်ချင်း တူသော ကြောင့်) "မူလဘဝင််"ဟုအမည်ရ၏။ [ဤဘဝ၌ ပဌမဖြစ်သော စိတ်ဖြစ်၍ "အရင်းခံ မူလဖြစ်သော အာဝါသိက်ဘဝင်"ဟူသို့၊] ပဋိသန္ဓေစိတ်နှင့် မတူသော ဘဝင်အမည် ရသော တဒါရုံကိုကား အာဂန္တုကဘဝင်ဟု ဆိုလတ္တံ့။

တူသော၊ ဒုတိယဝိပါကစိတ္တမေဝ-သည်ပင်၊ တဒါရမဏံ ဟုတ္ဘာ ပတိဋ္ဌာတိ၊ ဣဒဥ္စ - ဤဒုတိယမဟာဝိပါက်စိတ်သည်လည်း၊ ပဋိသန္ဓိစိတ္တေန-နှင့်၊ အသဒိသတ္တာ မတူသည်၏ အဖြစ်ကြောင့်၊ အာဂန္တုကဘဝင်္ဂန္တိစ-ဟူ၍လည်းကောင်း၊ ပုရိမနယေနေဝ-ရှေနည်းဖြင့်ပင်၊ [ယံဇဝနေန ဂဟိတံ အာရမဏံ" စသော ရှေနည်းဖြင့်ပင်၊] တဒါရမဏန္တိစ-ဟူ၍လည်းကောင်း၊ ဒွေ နာမာနိ လဘတိ၊ ဣမိနာ-ဤ ဒုတိယမဟာဝိပါက်စိတ်နှင့်၊ သဒ္ဓိံ, ပုရိမာနိ-နိ်သော၊ စတ္တာရိ-၄ ပါးသော ဝိပါက်စိတ်တို့သည်၊ ပဥ္စ-၅ ပါးတို့သည်၊ ဟောန္တိ။ [ရှေက စက္ခုဝိညာဉ်, သမ္ပဋိစ္ဆိုန်း, သန္တီရဏ (တဒါရုံကိစ္စ တပ်သော) ၎ဌမ မဟာဝိပါက် ၁ ပါးအားဖြင့် ၄ ပါး ရှိခဲ့၏၊ ထို ၄ ပါးတွင် ဤ တဒါရုံကိစ္စတပ်သော ဒုတိယမဟာဝိပါက်ကို ထည့်လျှင် ဝိပါက်စိတ် ၅ ပါး ဖြစ်သည်-ဟူလို။]

ပန-ကား၊ ယဒါ, တတိယ ကုသလစိတ္တံ-သည်၊ ဇဝနံ ဟောတိ၊ တဒါ, တံ သဒိသံ-ထို တတိယ မဟာကုသိုလ်စိတ်နှင့်တူသော၊ တတိယဝိပါကစိတ္တံ-သည်၊ တဒါရမဏံ ဟုတ္ဘာ ပတိဋ္ဌာတိ၊ ဣဒံပိ-ဤ တတိယ မဟာဝိပါက်စိတ်သည်လည်း၊ ဝုတ္တနယေနေဝ-ဖြင့်ပင်၊ အာဂန္တုကဘဝင်္ဂံ (တိစ)-ဟူ၍လည်းကောင်း၊ တဒါရမဏန္တိ စ-ဟူ၍လည်းကောင်း၊ ဒွေ နာမာနိ လဘတိ၊ ဣမိနာ-ဤ တတိယ မဟာဝိပါက်စိတ်နှင့် သဒ္ဓိံ, ပုရိမာနိ-ကုန်သော၊ ပဥ္စ-၅ပါးသော မဟာဝိပါက်စိတ်တို့သည်၊ ဆ-၆ ပါးတို့သည်၊ ဟောန္တိ၊ ပန-ကား၊ ယဒါ, စတုတ္ထကုသလစိတ္တံ-သည်၊ ဇဝနံ ဟောတိ၊ တဒါ, တံ သဒိသံ-ထို စတုတ္ထ မဟာကုသိုလ်စိတ်နှင့် တူသော၊ စတုတ္ထဝိပါကစိတ္တံ-သည်၊ တဒါရမဏံ ဟုတ္ဘာ ပတိဋ္ဌာတိ၊ ဣဒံပိ-ဤ စတုတ္ထမဟာဝိပါက်စိတ်သည်လည်း၊ ဝုတ္တနယေနေဝ-ဖြင့်ပင်၊ အာဂန္တုကဘဝင်္ဂံ (တိစ) ဟူ၍လည်းကောင်း၊ တဒါရမဏန္တိစ ဟူ၍လည်းကောင်း၊ ဒွေ နာမာနိ လဘတိ၊ ဣမိနာ-ဤ စတုတ္ထမဟာဝိပါက်စိတ်နှင့်၊ သဒ္ဓိံ ပုရိမာနိ-ကုန်သော၊ ဆ-၆ ပါးသော ဝိပါက်စိတ်တို့သည်၊ သတ္တ-၇ ပါးတို့သည်၊ ဟောန္တိ။

[သောမနဿသဟဂုတ် မဟာဝိပါက်မူတပါး, ဥပေက္ခာသဟဂုတ် မဟာဝိပါက်ကိုပြလို၍ "ယဒါပန" စသည်မိန့်၊] ပန-ကား၊ ယဒါ, တသ္မိံ ဒွါရေ-၌၊ ဣဋ္ဌမဇ္ဈတ္တာရမဏံ-ဣဋ္ဌမဇ္ဈတ္တာရုံသည်၊ အာပါတံ-သို့၊ အာဂစ္ဆတိ-ရောက်၏၊ တတြာပိ-ထို ဣဋ္ဌမဇ္ဈတ္တာရုံ ထင်လာရာအခါ၌လည်း၊ ဝုတ္တနယေနေဝ-ဖြင့်ပင်၊ တယော-နိ်သော၊ မောဃဝါရာ-တို့ကို၊ လဗ္ဘန္တိ၊ ပန-ဆက်၊ ယသ္မာ, အာရမဏေန-ကြောင့်၊ (ဣဋ္ဌမဇ္ဈတ္တာရုံကြောင့်၊) ဝေဒနာ-သည်၊ ပရိဝတ္တတိ-ပြောင်းလွဲ၏၊ တသ္မာ, တတ္ထ-ထို ဣဋ္ဌမဇ္ဈတ္တာရုံ၌၊ ဥပေက္ခာသဟဂတ သန္တီရဏံ - ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည်၊ (ဟောတိ)၊ စတုန္နံ-နိ်သော၊ ဥပေက္ခာသဟဂတ မဟာကုသလဇဝနာနံစ-တို့၏လည်း၊ ပရိယောသာနေ-၌၊ စတ္တာရိ-နိ်သော၊ ဥပေက္ခာသဟဂတ မဟာဝိပါက စိတ္တာနေဝ-တို့သည်ပင်၊

တဒါရမဏဘာဝေန - တဒါရုံ၏အဖြစ်ဖြင့်၊ ပတိဋ္ဌဟန္တိ - နှ၏၊ တာနိပိ - ထို တဒါရုံတို့သည်လည်း၊ [၄ ပါးသော ဥပေက္ခာသဟဂုတ် မဟာဝိပါက်စိတ်တို့သည်လည်း၊] ဝုတ္တနယေနေဝ-ဖြင့်ပင်၊ အာဂန္တုကဘဝင်္ဂ (တိစ)-ဟူ၍လည်းကောင်း၊ တဒါရမဏန္တိစ-ဟူ၍လည်းကောင်း၊ ဒွေ နာမာနိ လဘန္တိ၊ ပိဋ္ဌိဘဝင်္ဂါနိတိပိ-ပိဋ္ဌိဘဝင်တို့ဟူ၍လည်း၊ ဝုစ္စန္တိဝေ-ဆိုအပ်ကုန်သည်သာ။

ဣတိ-သို့၊ ဣမာနိပဥ္စ-ဤ ၅ ပါးသော ဝိပါက်စိတ်တို့သည်၊ (ဥပေက္ခာသဟဂုတ်သန္တီရဏစိတ် ၁ ပါး, ဥပေက္ခာသဟဂုတ် မဟာဝိပါက်စိတ် ၄ ပါးအားဖြင့် ၅ ပါးသော ဝိပါက်စိတ်တို့သည်၊) ပုရိမေဟိ-ကုန်သော၊ သတ္တဟိ-၇ ပါးသော ဝိပါက်စိတ်တို့နှင့်၊ သဒ္ဓိံ, ဒွါဒသ-၁၂ ပါးသော ဝိပါက်တို့သည်၊ ဟောန္တိ၊ ဝေံ-လျှင်၊ စက္ခုဒွါရေ-၌၊ ဒွါဒသ-၁၂ ပါးသော ဝိပါက်တို့လည်းကောင်း၊ သောတဒွါရဃဒီသု-တို့၌၊ ဒွါဒသဒွါဒသ-၁၂ ပါး, ၁၂ ပါးသော ဝိပါက်တို့လည်းကောင်း၊ ဣတိ-သို့၊ သမသဋ္ဌိ-အတိကျ ၆၀ သည်၊ ဟောန္တိ၊ ဝေံ-သို့၊ ကောယ-သော၊ စေတနာယ-ဖြင့်၊ ကမ္မေ-ကို၊ အာယူဟိတေ-သော်၊ သမသဋ္ဌိ-သော၊ ဝိပါက်စိတ္တာနိ-တို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ပန-ဆက်၊ အဂ္ဂဟိတဂ္ဂဟဏေန-ယူအပ်ပြီးသော စိတ်တို့ကို မယူခြင်းအားဖြင့်၊ စက္ခုဒွါရေ-၌၊ ဒွါဒသ-၁၂ ပါးသော ဝိပါက်တို့လည်းကောင်း၊ သောတ၊ပ၊ ဝိညာဏာနိ-သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှါဝိညာဉ်, ကာယဝိညာဉ်ဟူကုန်သော၊ စတ္တာရိ-၄ ပါးသော ဝိပါက်တို့လည်းကောင်း၊ ဣတိ-သို့၊ သောဋ္ဌသ-တဆယ့်ခြောက်ပါးသော ဝိပါက်တို့သည်၊ ဟောန္တိ၊ [အဟိတ်ကုသလဝိပါက် ၈, မဟာဝိပါက် ၈ ပါးပင်တည်း။]

ဣမသ္မိံ-ဌာနေ-ဤဝိပါက်တို့ကို ပြရာဌာန၌၊ အမ္မောပမ္မံနာမ-သရက်သီးဥပမာမည်သည်ကို၊ ဂဏ္ဌိံသု-ရှေးဆရာတို့ ယူကြကုန်ပြီ၊ ကိရ-ချဲ၊ ဧကော-သော၊ ပုရိသော-သည်၊ ဖလိတမ္မရုက္ခမူလေ-ကောင်းစွာဖြစ်သောအသီးရှိသော သရက်ပင်၏ အနီးအောက်၌၊ ["သဋ္ဌာတာနိ+ဖလာနိ ယဿာတိ ဖလိတော (အမ္မရုက္ခော)၊ သဋ္ဌာတအဿအနက်၌ ဣတ ပစ္စည်း သက်၊] သသိသံ-

---

ပိဋ္ဌိဘဝင်္ဂါနိ။ ။ဤ အာဂန္တုက ဘဝင်ဟူသည် တဒါရုံပင်တည်း၊ ဆရာကြီး၏ အကူအညီ လက်ထောက်ဆရာကို "ပိဋ္ဌိ အာစရိယ (နောက်ထောက် ကျောမှီဆရာ)" ဟု ခေါ်ရသကဲ့သို့ ထို့အတူ မူလဘဝင်၏ နောက်ထောက်ဖြစ်သောကြောင့် အာဂန္တုက ဘဝင်ဟူသော တဒါရုံကိုပင် ပိဋ္ဌိဘဝင် ခေါ်နိုင်ဖို့ရန် သေချာရကား ဝေသဒ္ဓါဖြင့် "ပိဋ္ဌိဘဝင်္ဂါနိတိပိ ဝုစ္စတိဝေ" ဟု မ်နှ်သည်ဟု ကြံပါ၊ ပိသဒ္ဓါကား အာဂန္တုကဘဝင်ဟူသော နာမုည်၌ ပေါင်းသော သမ္ပိဏ္ဍနတည်း၊ သို့သော် "ပိဋ္ဌိဘဝင်္ဂါနိပိ" ဟု ဆိုအပ်သော ဝါရ၌ မူလပဋိသန္ဓေစိတ်နှင့် ဝေဒနာချင်း မတူသော စိတ်များဖြစ်သောကြောင့် "မူလပဋိသန္ဓေနှင့်ကား ဝေဒနာချင်း မတူရ" ဟု ယူဆဖွယ်ရှိသည်။

ဦးခေါင်းနှင့် တကွဖြစ်သော ကိုယ်ကို၊ ပါရုပိတ္တာ-ခြုံ၍၊ နိပန္နော-လျောင်းလျက်၊ နိဒ္ဓါယတိ-အိပ်ပျော်၏၊ အထ-ထိုအခါ၌၊ ဧကံ-တလုံးသော၊ အမ္မပက္ကံ-သရက်သီးမှည့်သည်၊ [အလိုလိုကြွေကျမည်ဖြစ်၍ သရက်သီးအမှည့်ကို ပြသည်၊] ဝဏ္ဏဒတာ-အညှာမှု၊ မုစ္စိတ္ဝာ-ကြွေကျ၍၊ တဿ-ထိုယောက်ျား၏၊ ကဏ္ဍသက္ခလိ-နားရွက်ကို၊ ဖုသမာနံဝိယ-ထိသကဲ့သို့၊ (ထိတော့မတတ်၊) [စာအုပ်များ၌ "ပုဉ္ဇမာနံ ဝိယ-ပုတ်တိုက်သကဲ့သို့" ဟု ရှိ၏၊ နောက်၌ "ပသာဒသန္နန" ဟို ဆိုလတ္တံ့ဖြစ်သောကြောင့် "ဖုသမာနံ" ရှိမှု ကောင်းမည်။] ထန်ဒိ-ထန်ဟူ၍၊ (ထန်ဟု အသံ မည်၍၊) ဘူမိယံ-မြေ၌၊ ပတိ-ကျပြီ၊ သော-ထိုယောက်ျားသည်၊ တဿ-ထိုသရက်သီး၏၊ သဒ္ဒေန-အသံကြောင့်၊ ပဗုဇ္ဈိတ္ဝာ-နိုးရ၍၊ ဥမ္မိလိတ္ဝာ-မျက်စိဖွင့်၍၊ သြလောကေသိ-ကြည့်ပြီ၊ တတော-ထိုမှ နောက်၌၊ ဟတ္ထံ-ကို၊ ပသာရေတ္ဝာ-ဆန့်တန်း၍၊ ဖလံ-သရက်သီးကို၊ ဂဟေတ္ဝာ-ယူ၍၊ မဒ္ဒိတ္ဝာ-နှိပ်စမ်း၍၊ ဥပသိဉ္စိတ္ဝာ-နမ်းရှုပ်၍၊ ပရိဘုဉ္ဇိ-သုံးဆောင်ပြီ။

တတ္ထ-ထို ဥပမာ စကားရပ်၌၊ တဿ ပုရိသဿ-၏၊ အမ္မဖလဂ္ဂဟဏလေ-၌၊ နိဒ္ဒါယနကာလော ဝိယ-အိပ်ပျော်ရာ အခါကိုကဲ့သို့၊ ဘဝင်္ဂသမင်္ဂိကာလော-ဘဝင်နှင့် ပြည့်စုံရာ အခါကို၊ (ဒဋ္ဌဗ္ဗော)၊ အမ္မဖလဿ-၏၊ ဝဏ္ဏတော-မှု၊ မုစ္စိတ္ဝာ-၍၊ တဿသက္ခလိ-ကို၊ ဖုသမာနဿ-ထိသကဲ့သို့ဖြစ်၍၊ ပတနကာလော ဝိယ-ကျရာအခါကိုကဲ့သို့၊ အာရမ္မဏဿ-၏၊ ပသာဒဃဋ္ဋနကာလော-ပသာဒကို ထိခိုက်ရာအခါကို၊ (ဒဋ္ဌဗ္ဗော)၊ တေန သဒ္ဒေန-ထိုအသံကြောင့်၊ ပဗုဒ္ဓကာလော ဝိယ-နိုးရာအခါကိုကဲ့သို့၊ ကြိယမနောဓာတုယာ-သည်၊ ဘဝင်္ဂဿ-၏၊ ဝါ-ကို၊ အာဝဇ္ဇနကာလော-လည့်စေအပ်ရာအခါကို၊ (ဒဋ္ဌဗ္ဗော)၊ ဥမ္မိလိတ္ဝာ-မျက်စိဖွင့်၍၊ သြလောကိတကာလော ဝိယ-ကြည့်ရာအခါကိုကဲ့သို့၊ စက္ခုဝိညာဏဿ-၏၊ ဒဿနကိစ္စသာဓနကာလော-မြင်ခြင်းကိစ္စကို ပြီးစေရာအခါကို၊ (ဒဋ္ဌဗ္ဗော)၊ ဟတ္ထံ-လက်ကို၊ ပသာရေတ္ဝာ-ဆန့်တန်း၍၊ ဂဟိတကာလော ဝိယ-ယူအပ်ရာ အခါကိုကဲ့သို့၊ ဝိပါကမနောဓာတုယာ-ဝိပါက်မနောဓာတ်၏၊ ဝါ-သည်၊ အာရမ္မဏဿ-၏၊ ဝါ-ကို၊ သမ္ပဋိစ္ဆိတကာလော-လက်ခံအပ်ရာ အခါကို၊ (ဒဋ္ဌဗ္ဗော)၊ ဂဟေတ္ဝာ-ယူ၍၊ မဒ္ဒိတကာလော ဝိယ-နှိပ်နယ်အပ်ရာ အခါကဲ့သို့၊ ဝိပါကမနောဝိညာဏဓာတုယာ-ဝိပါက်မနောဝိညာဏဓာတ်၏၊ အာရမ္မဏဿ-ကို၊ သန္ဋီရဏကာလော-စုံစမ်းရာအခါကို၊ (ဒဋ္ဌဗ္ဗော)၊ ဥပသိဉ္စိတကာလော ဝိယ-နမ်းရှုအပ်ရာ အခါကိုကဲ့သို့၊ ကြိယမနောဝိညာဏဓာတုယာ-၏၊ ဝါ-သည်၊ အာရမ္မဏဿ-၏၊ ဝါ-ကို၊ ဝဝတ္ထပိတကာလော-ပိုင်းခြား မှတ်သားအပ်ရာအခါကို၊ (ဒဋ္ဌဗ္ဗော)၊ ပရိဘုတ္တကာလော ဝိယ-သုံးဆောင်အပ်ရာအခါကိုကဲ့သို့၊ ဇဝနဿ-၏၊ အာရမ္မဏသံ-ကို၊ အနုဘဝိတကာလော-ခံစားအပ်ရာ အခါကို၊ (ဒဋ္ဌဗ္ဗော)။

အယံ ဥပမာ-ဤဥပမာသည်၊ ကိ-အဘယ်အနက်ကို၊ ဒီပေတိ-ပြသနည်း၊ အာရုမဏာဆာ-၏၊ ပသာဒဃဋ္ဋနမေဝ-ပသာဒကို ထိခိုက်ခြင်းသည်သာ၊ ကိစ္စံ-ကိစ္စတည်း၊ တေန-ထိုအာရုံသည်၊ ပသာဒေ-ကို၊ ဃဋ္ဋိတ-ထိခိုက်အပ်သော်၊ ကြိယမနောဓာတုယာ-၏၊ (ပဉ္စဒ္ဝါရာဝဇ္ဇန်း၏၊) ဘဝင်္ဂါဝဇ္ဇနမေဝ-ဘဝင်ကို လည်စေခြင်းသည်သာ၊ (ကိစ္စံ)၊ စက္ခုဝိညာဏာဆာ-၏၊ ဒဿနမတ္တကမေဝ-မြင်ခြင်းမျှသည်သာ၊ (ကိစ္စံ)၊ ဝိပါကမနောဓာတုယာ-၏၊ (သမ္ပဋိစ္ဆာန်း၏၊) အာရုမဏာသမ္ပဋိစ္ဆနမတ္တကမေဝ-အာရုံကိုခံယူခြင်းမျှသည်သာ၊(ကိစ္စံ)၊ ဝိပါကမနောဝိညာဏာဓာတုယာ-၏၊ (သန္တီရဏ၏၊) အာရုမဏာ သန္တီရဏမတ္တကမေဝ-အာရုံကိုစူးစမ်းခြင်းမျှသည်သာ၊ (ကိစ္စံ)၊ ကြိယမနောဝိညာဏာဓာတုယာ-၏၊ (ဝုဋ္ဌော၏၊) အာရုမဏာဝဇ္ဇနမတ္တကမေဝ-အာရုံကို ပိုင်းခြား မှတ်သားခြင်းမျှသည်သာ၊ ကိစ္စံ-ကိစ္စတည်း၊ ကေန္တေန ပန-စင်စစ်အားဖြင့်ကား၊ အာရုမဏရသံ-အာရုံ၏ အရသာကို၊ ဇဝနမေဝ-သည်သာ၊ အနုဘဝတိ-ခံစား၏၊ ဣတိ-ဤအနက်ကို၊ ဒီပေတိ။

စ-ဆက်၊ တ္ထ-ဤစိတ်တို့တွင်၊ ဟံ-သင်သည်၊ ဝါ-သင်က၊ ဘဝင်္ဂံ နာမ-ဘဝင်မည်သောစိတ်သည်၊ ဟောဟိ-ဖြစ်လော၊ တံ, အာဝဇ္ဇနံ နာမ-အာဝဇ္ဇန်းမည်သော စိတ်သည်၊ (ဟောဟိ)၊ တံ, ဒဿနံ နာမ-ဒဿနမည်သော စိတ်သည်၊ (စက္ခုဝိညာဉ်မည်သော စိတ်သည်၊) ဟောဟိ၊ တံ, သမ္ပဋိစ္ဆနံ နာမ-သမ္ပဋိစ္ဆိန်းမည်သော စိတ်သည်၊ (ဟောဟိ)၊ တံ, သန္တီရဏံ နာမ-သန္တီရဏမည်သောစိတ်သည်၊(ဟောဟိ) တံ, ဝေါဋ္ဌပနံ နာမ-ဝုဋ္ဌောမည်သောစိတ်သည်၊ (ဟောဟိ)၊ တံ, ဇဝနံ နာမ-ဇောမည်သောစိတ်သည်၊ ဟောဟိ-လော့၊ ဣတိ-သို့၊ ဓကာစိ-တစုံတယောက်သော၊ ကတ္တာဝါ-ကိုယ်တိုင် ပြုစီမံတတ်သော ပုဂ္ဂိုလ်သည် လည်းကောင်း၊ ကာရေတာဝါ-သူတပါးကို ပြုစေတတ်သော ပုဂ္ဂိုလ်သည်လည်းကောင်း၊ နတ္ထိ။

ဇဝနမေဝ အနုဘဝတိ။ ။စက္ခုဝိညာဉ်စသော ဝိပါက်စိတ်တို့သည် ကုသိုလ်, အကုသိုလ်တို့၏ (သုခ ဒုက္ခ) ကောင်းကျိုး ဆိုးကျိုးမျှသာဖြစ်၍, ကုန်ဆုံး အနိဋ္ဌ အာရုံကို (ကုန်ဆုံးပဲ အနိဋ္ဌပဲ)ဟု ခွဲခြားမှုမပြုတတ်ကြ၊ ဇောသည် ရဇ္ဇုန (တပ်မက်စရာ၌ တပ်မက်မှု) ဝိရဇ္ဇုန (မတပ်မက်စရာ၌ မတပ်မက်မှု)စသည်ကိုပြုလေ့အားဖြင့် ကုန်ဆုံး အနိဋ္ဌ ခွဲခြားမှုကို ပြုတတ်၏၊ ထို့ကြောင့် ဇောသည်သာ အာရုံ၏အရသာကို ခံစားနိုင်သည်။

ကတ္တာ၊ပေ၊နတ္ထိ။ ။ဤအဓိပ္ပာယ်ကိုရည်ရွယ်၍ ဝိသုဒ္ဓိမဂ် ကခ်ါဝိတရဏဝိသုဒ္ဓိ၌ အောက်ပါဂါထာကို ဆိုသည်၊ နိဿယကို သင်္ဂြိဟ်ဘာသာဋီကာ၌ ကြည့်ပါ။

နဟေတ္ထ ဒေဝေါ ဗြဟ္မာဝါ, သံသာရဿတ္ထိ ကာရကော၊
သုဒ္ဓမ္မာ ပဝတ္တန္တိ, ဟေတုသမ္ဘာရပစ္စယာ။

ပန-ဆက်၊ ဣမသို့ ဌာနေ-ဤ ဝိထိစိတ်တို့ကို ပြရာဌာန၌၊ ဗီဇနိယာမံ-ဗီဇနိယာမလည်းကောင်း၊ပေ၊ စိတ္တနိယာမံ- လည်းကောင်း၊ ဣတိ-သို့၊ ပဥ္ဇဝိဓံ-၅-ပါးအပြားရှိသော၊ နိယာမံနာမ- နိယာမမည်သည်ကို၊ ဂဏ္ဌိသု- ရှေးဆရာတို့ ယူကြကုန်ပြီ၊ တတ္ထ-ထို ၅-ပါးတို့တွင်၊ ကုလတ္ထဂစ္ဆဿ-ပဲပိစပ်ချုံ၏၊ [ရှေးနိဿယ၌ "ကုလားပဲပင်၏" ဟု ပေး၏၊] ဥတ္တရဂ္ဂဘာဝေါ- မြောက်အရပ်၌ အဖျားရှိသည်၏အဖြစ်လည်းကောင်း၊ (မြောက်အရပ်သို့ အဖျားလှည့်သည်၏ အဖြစ်လည်းကောင်း၊) (ဣတိ၌စပ်၊) ဒက္ခိဏဝလ္လိယာ- လက်ျာနွယ်၏၊ ဒက္ခိဏတော- လက်ျာဘက်မှ၊ ရက္ခပရိဟရဏံ-သစ်ပင်ကို ပယ်ရှားခြင်းလည်းကောင်း၊ (နွယ်တက်၍ ဆွဲချခြင်းလည်းကောင်း၊) သူရိယာဝဋ္ဌပုပ္ဖါနံ- နေဘက်သို့လည်၍ ပွင့်သောပန်းတို့၏၊ (နေကြာပန်းတို့၏၊) [ရှေးနိဿယ၌ "ဆူးလေပန်းတို့၏" ဟု လည်း ပေးသေး၏၊] သူရိယာဘိမုခဘာဝေါ- နေဘက်သို့ ရှေးရှုသည်၏အဖြစ်လည်းကောင်း၊ မာလုဝလတာယ-မာလောနွယ်၏၊ [ဆရာတို့က "ခွေးတောက်နွယ်" ဟု မိန့်ဆိုကြသည်၊] ရက္ခာဘိမုခဂမနမေဝ- သစ်ပင်သို့သာ ရှေးရှုသွားခြင်းလည်းကောင်း၊ နာဋ္ဌိကေရဿ- အုန်းသီး၏၊ မတ္ထကစ္ဆိဒ္ဒသဗ္ဗာဝေါ-ဦးထိပ်၌ အပေါက်၏ ထင်ရှားရှိသည်၏ အဖြစ်လည်းကောင်း၊ ဣတိ-သို့၊ တေသံ တေသံ ဗီဇာနံ- ထိုထို မျိုးစေ့တို့၏၊ တံတံ သဒိသဖလဒါနံ- ထိုထို မိမိ အားလျော်သော အကျိုးကို ပေးခြင်းသည်၊ ဗီဇနိယာမောနာမ-မည်၏၊ [တံတံ သဒိသဖလဒါနန္တီ တဿ တဿ အတ္တနော အနရူပဖလဿ ဒါနံ၊- ဋီကာ၊ မျိုးစေ့က အသီးအား မိမိနှင့် တူအောင် ကျေးဇူးပြုနိုင်ခြင်းသည် ပကတူပနိဿယ သတ္တိဟူသော ဗီဇနိယာမတည်း။]

တသို့ တသို့ သမယေ-ထိုထို အချိန်အခါ၌၊ တေသံ တေသံ ရက္ခာနံ- ထိုထို သစ်ပင်တို့၏၊ ဧကပွဟာရေနေဝ-တပြိုင်နက်အားဖြင့်သာလျှင်၊ ပုပ္ဖဖလပလ္လဝ-ဂ္ဂဟဏံ- အပွင့်, အသီး, အညွှန့်တို့ကို ယူခြင်းသည်၊ ဥတုနိယာမောနာမ-မည်၏။ [မိုးဥတုစသော ဥတု၏ ထိုအပွင့် စသည်တို့ကိုဖြစ်အောင် ကျေးဇူးပြုနိုင်ခြင်းသည် ပကတူပနိဿယသတ္တိဟူသော ဥတုနိယာမတည်း။] တိဟေတု

ပဥ္ဇဝိဓံ နိယာမံ နာမ။ ။စိတ်အစဉ်ဟူသောဝီထိဖြစ်ရာ၌ ထိုအစဉ်အတိုင်း ကျကျနနဖြစ်ဖို့ရန် ပြုလုပ်စီမံဘတ်သော ဗိဿဏိုး, ဗြဟ္မာ, ထာဝရဘုရား စသူမရှိလျှင် အဘယ်နည်းအားဖြင့် အာဝဇ္ဇန်းစသော စိတ်တို့သည် အစဉ်အတိုင်း ဖြစ်ကြပါသနည်း ဟု မေးဖွယ်ရှိသောကြောင့် "ပဥ္ဇဝိဓံ နိယာမံနာမ ဂဏ္ဌိသု" ဟု မိန့်သည်၊ စိတ္တနိယာမအားဖြင့် ထိုအစဉ်အတိုင်း ဖြစ်ကြသည်-ဟူလို၊ မှန်၏-သဘာဝမျှတို့၏ မိမိသဘော မိမိကိစ္စတို့ဖြင့် အကျိုးပစ္စယုပွန် တရားတို့အား ကျေးဇူးပြုနိုင်သည်၏ အဖြစ်ဟူသော သတ္တိကို "နိယာမ-မြဲသောသဘော" ဟု ဆိုသည်၊ (တနည်း) သဘာဝမျှတို့၏ မိမိသဘော မိမိကိစ္စရှိသော ပစ္စယုပွန်တရားတို့အား ကျေးဇူးပြုနိုင်သည်၏ အဖြစ်ဟူသော သတ္တိကို "နိယာမ-မြဲသောသဘော" ဟု ဆိုသည်။

ကကဲမ္ပံ-သည်၊ တိဟေတုက ၊ပေ၊ ဝိပါကံ- တိဟိတ်ဝိပါက်, ဒ္ဒိဟိတ်ဝိပါက်, အဟိတ်ဝိပါက်ကို၊ ဒေတိ- ပေးနိုင်၏၊ ဒုဟေတုကကမ္ပံ-သည်၊ ဒုဟေတုကာ ဟေတုကဝိပါကံ- ဒ္ဒိဟိတ်ဝိပါက်, အဟိတ်ဝိပါက်ကို၊ ဒေတိ၊ တိဟေတုကံ- တိဟိတ်ဝိပါက်ကို၊ နဒေတိ၊ ဣတိ ဝေံ- သို့၊ တဿ တဿ ကမ္မဿ-၏၊ တံတံ သဒိသဝိပါကဒါနမေဝ- ထိုထို မိမိအားလျော်သော အကျိုးကို ပေးခြင်းသည် သာလျှင်၊ ကမ္မနိယာမောနာမ-မည်၏၊ [ကမ္မပစ္စယသတ္တိကိုပင် ကမ္မနိယာမ ဟု ဆိုသည်။]

အပရောပိ- အခြားလည်းဖြစ်သော၊ တမ္မသရိက္ခက် ဝိပါကဝသေနေဝ- ကံနှင့် အလားတူသော အကျိုး၏အစွမ်းဖြင့်သာလျှင်၊ ကမ္မနိယာမော-သည်၊ ဟောတိ-ရှိသေး၏၊ တဿ- ထို ကမ္မနိယာမကို၊ ဒီပနတ္ထံ-ပြခြင်းအကျိုးငှါ၊ဣဒံ ဝတ္ထုံ-ဤဝတ္ထုကို၊ ကထေန္တိ-ပြောဟောကြကုန်၏၊ [ဝတ္ထုက သုံးဝတ္ထုရှိသော် လည်း ဂါထာတခုတည်း၏ဝတ္ထုဖြစ်သောကြောင့် "ဣဒံ ဝတ္ထုံ" ဟူကေရစ်ဖြင့် ဆိုသတတ်။] သမ္မာသမ္ဗုဒ္ဓကာလေ- မြတ်စွာဘုရား၏ လက်ထက်တော်အခါ၌၊ သာဝတ္ထိယာ-သာဝတ္ထိမြို့၏၊ ဒ္ဒါရဂါမော- တံခါးအနီး၌ တည်အပ်သော ရွာ သည်၊ စျာယိ-မီးလောင်ပြီ၊ တတော- ထိုမီးမှ၊ ပဇ္ဇလိတံ- အလျံတောက်သော၊ တိဏကရဋ္ဌံ- မြက်ကရွတ်ခွေသည်၊ ဥဋ္ဌဟိတ္ဒာ- တက်၍၊ အာကာသေန- ဖြင့်၊ ဂစ္ဆတော- ပျံသွားသော၊ ကာကဿ- ကျီး၏၊ ဂီဝါယ- လည်ပင်း၌၊ ပဋိမုစ္စိ- စွပ်ပြီ၊ သော-ထိုကျီးသည်၊ ဝိရဝန္တော- မြည်ဘမ်းလျက်၊ ဘူမိယံ-၌၊ ပတိတ္ဒာ- ကျ၍၊ ဓာလံ-သေချိန်ကို၊ အတာသိ-ပြုပြီ။

မဟာသမုဒ္ဒေပိ- မဟာသမုဒ္ဒရာ၌လည်း၊ ကော- တစင်းသော၊ နာဝါ- လှေသည်၊ နိစ္စလာ-မလှုပ်သည်၊ (ဟုတ္ဒာ)၊ အဋ္ဌာသိ- တည်ပြီ၊ ဟေဋ္ဌာ- ၌၊ ကေနစိ- တစုံတခုသည်၊ နိရုဒ္ဓဘာဝံ- ပိတ်ပင်တားဆည်းအပ်သည်၏ အဖြစ်ကို၊ အပဿန္တာ- မတွေ့ကုန်သည်၊ (ဟုတ္ဒာ)၊ ကာဋ္ဌကဏ္ဍိသလာကံ- သူယုတ်၏ စာရေးတံကို၊ စာရေသုံ-လည်စေကုန်ပြီ၊ (မဲချကြကုန်ပြီ၊) သာ-ထို ကာဋ္ဌကဏ္ဍိ စာရေးတံသည်၊ နာဝိကဿေဝ-လှေသူကြီး၏ပင်၊ ဥပါသိကာယ-ဥပါသိကာမ ၏၊ ဟတ္ထေ-၌၊ ပတိ- ကျပြီ၊တတော- ထို့ကြောင့်၊ ကိဿာ-တယောက်သော မိန်းမ၏၊ ကာရဏာ- အကြောင်းကြောင့်၊ သဗ္ဗေ-အလုံးစုံသော လူတို့သည်၊ မာနဿန္တု- မပျက်စီးပါစေကုန်လင့်၊ ဥဒကေ- ၌၊ နံ- ထို မိန်းမကို၊ ခိပါမ- ပစ်ချကြကုန်စို့၊ ဣတိ-သို့၊ အာဟံသု- ပြောဆိုကြကုန်ပြီ၊ နာဝိကော- လှေ သူကြီးသည်၊ တေံ-ဤ မိန်းမကို၊ ဥဒကေ-၌၊ လဝမာနံ- ပေါလောပေါ်နေ သည်ကို၊ ပဿိတုံ- ကြည့်ခြင်းငှါ၊ နသက္ခိဿာမိ- မစွမ်းနိုင်ပါ၊ ဣတိ- ဤသို့ ပြော၍၊ ဝါလိကာဃဋ္ဌံ-သဲအိုးကို၊ ဂီဝါယ-လည်၌၊ ဗန္ဓာပေတ္ဒာ- ဖွဲ့ချည်စေ၍၊ ခိပါပေသိ-ပစ်ချစေပြီ၊ တခ်ဏညေဝ- ထို ခဏ၌ပင်၊ နာဝါ- သည်၊ ခိတ္တ

ဿရော ဝိယ-ပစ်အပ်သောမြားသည်ကဲ့သို့၊ပက္ခန္ဒီ-ပြေးသွားပြီ၊ ဧကော-တပါး သော၊ ဘိက္ခု-သည်၊ လေဏေ-လိုဏ်၌၊ ဝသတိ-နေ၏၊ မဟန္တံ-ကြီးစွာသော၊ ပဗ္ဗတကူဋံ-တောင်ထွဋ်သည်၊ ပတ္တိတွာ-ကျ၍၊ ဒွါရံ-တံခါးပေါက်ကို၊ ပိဒဟိ-ပိတ်မိပြီ၊ တံ-ထိုတောင်ထွဋ်သည်၊ သတ္တမေ ဒိဝသေ-ခုနစ်ရက်မြောက်နေ့၌၊ သယမေဝ-အလိုလိုသာလျှင်၊ အပဂတံ-ကင်းကွာပြီ။

သမ္မာသမ္ဗုဒ္ဓဿ-အား၊ ဝါ-သည်၊ ဧတဝနေ-၌၊ နိသီဒိတွာ-မူ၍၊ ဓမ္မံ-ကို၊ ကထေန္တဿ-မူစဉ်၊ တိဏိ-၃ ပါးကုန်သော၊ဣမာနိဝတ္ထူနိ-တို့ကို၊ကေပဟာရေ နေဝ-တပဟိုရ်တည်းဖြင့်သာလျှင်၊ (တချိန်တည်းဖြင့်သာလျှင်၊) အာရော စေသုံ-လျှောက်ကြကုန်ပြီ၊ သတ္ထာ-သည်၊ တေံ-ဤအမှုကို၊ အညေဟိ-အခြား သူတို့သည်၊ နကတံ-ပြုအပ်သည်မဟုတ်၊တံ-ထိုအမှုသည်၊တေဟိ-ထိုသူတို့သည်၊ ကတကမ္မမေဝ-ပြုအပ်သောအမှုသာတည်း၊ ဣတိ-ဤသို့မိန့်တော်မူ၍၊အတီတံ-လွန်လေပြီးသောဖြစ်ပုံကို၊အာဟရိတွာ-ဆောင်တော်မူ၍၊ဒဿေန္တော-ပြတော်မူလိုသည်၊ (ဟုတွာ)၊ အာဟ-ပြီ၊ (ကိံ)၊ ကာကော-ကျီးသည်၊ ပုရိမတ္တဘာဝေ-ရှေး၌ဖြစ်သော အတ္တဘော၌၊ မနုဿော-သည်၊ ဟုတွာ, ကေံ-သော၊ ဒုဋ္ဌဂေါဏံ-ပျက်သော နွားကို၊ (နွားရိုင်းကို၊) ဒမေတုံ-ဆုံးမခြင်းငှါ၊ အသက္ကောန္တော-သည်၊ (ဟုတွာ)၊ ဂီဝါယ-၌၊ ပလာလဝေဏိံ-ကောက်ရိုး ထုံးကို၊ ဗန္ဓိတွာ-ဖွဲ့၍၊ အဂ္ဂိံ-ကို၊ အဒါသိ-ပြီ၊ ဂေါဏော-သည်၊ တေနေဝ-ထိုမီးကြောင့်သာလျှင်၊ မတော-သေရှာပြီ၊ ဣဒါနိ-၌၊ တံကမ္မံ-ထိုမကောင်းမှုသည်၊ တေဿ-ဤကျီးအား၊ ဝါ-သည်၊ အာကာသေန-ဖြင့်၊ ဂစ္ဆတောပိ-ပျံသွားပါသော်လည်း၊ မုစ္စိတုံ-လွတ်မြောက်ခြင်းငှါ၊ နအဒါသိ-မပေး။

သာပိဣတ္ထီ-(ရေ၌ ပစ်ချခံရသော)ထိုမိန်းမသည်လည်း၊ပုရိမတ္တဘာဝေ-၌၊ ကော-တယောက်သော၊ဣတ္ထီယေဝ-မိန်းမပင်တည်း၊ ကော-တကောင်သော၊ ကုက္ကုရော-ခွေးသည်၊ တာယ-ထိုမိန်းမသည်၊ ပရိစိတော- အဖန်ဖန်လေ့ကျက်အပ်သည်၊(ငယ်ငယ်ကစ၍ မွေးမြူအပ်သည်၊) ဟုတွာ, အရည့်-သို့၊ဂစ္ဆန္တီယာ-သွားလသော်၊ ဝါ-သွားသော၊ (တာယ-ထိုမိန်းမနှင့်၊) သဒ္ဓိံ-အတူ၊ ဂစ္ဆတိ၊ သဒ္ဓိံဝေ-အတူသာလျှင်၊ အာဂစ္ဆတိ-ပြန်လာ၏၊ မနုဿာ-တို့သည်၊ ဣဒါနိ-၌၊ အမှာကံ-တို့၏၊ သုနခလုဒ္ဒကော-ခွေးမုဆိုးသည်၊ နိက္ခန္တော-ထွက်သွားပြီ၊ ဣတိ-သို့၊ ဥပ္ပဏ္ဍေန္တိ-ပြောင်လှောင်ကြကုန်၏၊ သာ-ထိုမိန်းမသည်၊ တေန-ထိုပြောင်လှောင်ခြင်းသည်၊ အဋ္ဌိယမာနာ- နှိပ်စက်အပ်သကဲ့သို့ ပြုအပ်သည်၊ (ဟုတွာ)၊ ကုက္ကုရံ-ကို၊ နိဝါရေတုံ-ငှါ၊ အသက္ကောန္တီ-သည်၊ (ဟုတွာ) ဝါလိကာဆဋ္ဌံ-သဲအိုးကို၊ ဂီဝါယ-၌၊ ဗန္ဓိတွာ, ဥဒကေ-၌၊ ခိပိ-ပစ်ချပြီ၊ တံကမ္မံ-ထိုမကောင်းမှုသည်၊ တဿာ-ထိုမိန်းမအား၊ သမုဒ္ဒမဇ္ဈေ - သမုဒ္ဒရာအလယ်၌၊ မုစ္စိတုံ-ငှါ၊ ဝါ-ကို၊ နအဒါသိ။

သောပိ ဘိက္ခု-ထို (တောင်ထွဋ် အပိတ်ခံရသော) ရဟန်းသည်လည်း၊ ပုရိမတ္ထဘာဝေ-၌၊ ဂေါပါလကော-နွားကျောင်းသားသည်၊ ဟုတ္ဘာ, ဗိလံ-တွင်းသို့၊ ပဝိဋ္ဌာယ-ဝင်ပြီးသော၊ ဂေါဓာယ-ဖွတ်၏၊ သာခါဘင်္ဂမုဋ္ဌိယာ-ချိုးအပ်သော သစ်ခက်ဆုပ်ဖြင့်၊ ဒွါရံ-အပေါက်ကို၊ ထကေသိ-ပိတ်ပြီ၊ သော-ထိုနွားကျောင်းသားသည်၊ သတ္တမေ ဒိဝသေ-၌၊ သယံ-ကိုယ်တိုင်၊ အာဂန္တွာ-လာ၍၊ ဝိဝရိ-ဖွင့်ပြီ၊ ဂေါဓာ-သည်၊ ကမ္ပမာနာ-တုန်လှုပ်လျက်၊ နိက္ခမိ-ထွက်လာပြီ၊ ကရုဏာယ-သနားခြင်းကြောင့်၊ တံ-ထိုဖွတ်ကို၊ န မာရေသိ-မသတ်၊ တံ ကမ္မံ-ထိုမကောင်းမှုသည်၊ တဿ-ထိုရဟန်းအား၊ ပဗ္ဗတန္တရံ-တောင်၏အတွင်းသို့၊ ပဝိသိတ္ဘာ-ဝင်၍၊ နိသိန္နဿ-သော၊ (တဿ-ထိုရဟန်းအား၊) မုစ္စိတုံ န အဒါသိ၊ ဣတိ-သို့၊ (အာဟ-မိန့်တော်မူပြီ၊) တီဏိ-နှ်သော၊ ဣမာနိ ဝတ္ထူနိ-တို့ကို၊ သမောဓာနေတ္ဘာ-ပေါင်းတော်မူ၍၊ ဣမံ ဂါထံ-ကို၊ အာဟ-ဟောတော်မူပြီ။ (ကိံ)။

အန္တလိက္ခေ-ကောင်းကင်၌၊ (ဌိတော-တည်နေသည်၊ သမာနောပိ-သော်လည်း၊ ပါပကမ္မာ-မကောင်းမှုမှ၊ န မုစ္စေယျ-မလွတ်နိုင်ရာ၊) သမုဒ္ဒမဇ္ဈေ-၌၊ (ဌိတော သမာနောပိ ပါပကမ္မာ န မုစ္စေယျ)၊ ပဗ္ဗတာနံ-တို့၏၊ ဝိဝရံ-အခေါင်းသို့၊ ပဝိသ-ဝင်၍၊ [တ္ဘာပစ္စည်းကို ယပြု, သျကို သပြု, ဒွေဘော်လာ၊] (ဌိတော သမာနောပိ ပါပကမ္မာ န မုစ္စေယျ)၊ ယတ္ထ-အကြင်အရပ်၌၊ ဌိတော-တည်သူသည်၊ ပါပကမ္မာ-မှ၊ မုစ္စေယျ-လွတ်ရာ၏၊ သော ဇဂတိပ္ပဒေသော-ထိုလောကအရပ်သည်၊ န ဝိဇ္ဇတေ-မရှိ၊ ဣတိ, အာဟ-ပြီ။ [ဇဂတိသဒ္ဒါ ပထဝီ၏ ပရိယာယ်ဖြစ်ပါသော်လည်း ဤနေရာ၌ လောက၏ပရိယာယ်ဟု မှတ်ပါ၊ ဇဂတိပ္ပဒေသောတိ လောကပ္ပဒေသော၊-ဋီကာ၊] အယံပိ-ဤကုံ၏ အလားတူအကျိုးကို ဖြစ်စေခြင်းသည်လည်း၊ ကမ္မနိယာမောယေဝ နာမ-ကမ္မနိယာမမည်သည်သာတည်း၊ အညာနိပိ-အခြားလည်း ဖြစ်ကုန်သော၊ ဧဝရူပါနိ-ကုန်သော၊ ဝတ္ထူနိ-တို့ကို၊ ကထေတဗ္ဗာနိ-ပြောဟောထိုက်ကုန်၏၊ [သာမာဝတီအမှူးရှိသော မောင်းမတို့၏ မီးလောင်ခံရခြင်း, ခုဇ္ဇုတ္တရာ၏ခါး ကုန်းရခြင်း, လကုဏ္ဍက ဘဒ္ဒိယထေရ်၏ ပုနေရခြင်းစသောဝတ္ထုများကို ဟောပြကြပါလေ၊ ထိုဝတ္ထုများကို ဓမ္မပဒအဋ္ဌကထာ, အပ္ပမာဒဝဂ် သာမာဝတီဝတ္ထု စသည်၌လည်းကောင်း, ပဏ္ဍိတဝဂ် လကုဏ္ဍကဘဒ္ဒိယထေရ်ဝတ္ထုစသည်၌လည်းကောင်းရှုပါ။]

ပန-ကား၊ (ကမ္မနိယာမမှတပါး, ဓမ္မနိယာမကား၊) ဗောဓိသတ္တာနံ-ဘုရား အလောင်းတော်တို့၏၊ ပဋိသန္ဓိဂ္ဂဟဏေ-ပဋိသန္ဓေ ယူရာ အခါ၌လည်းကောင်း၊ မာတု ကုစ္ဆိတော - မယ်တော်ဝမ်းမှ၊ နိက္ခမနေ-ထွက်တော်မူရာ အခါ၌ လည်းကောင်း၊ (ဖွားတော်မူရာ အခါ၌လည်းကောင်း၊) (အဘိသမ္မောဓိယုံ-အလုံးစုံသော တရားတို့ကို သိတော်မူရာ အခါ၌လည်း

ကောင်း၊ (ဘုရားဖြစ်တော်မူရာ အခါဌ်လည်းကောင်း၊) တထာဂတသမြတ်စွာဘုရား၏၊ ဓမ္မစက္ကပ္ပတ္တနေ-ဓမ္မစက္ကပ္ပဝတ္တနသုတ်ကို ဟောတော်မူရာ အခါဌ်လည်းကောင်း၊ အာယုသင်္ခါရသ-အာယုသင်္ခါရကို၊ (ဇီဝိတိန္ဒြေကို ပြုစီမံတတ်သော ဖလသမာဓိတ်ကို၊) ဩသဇ္ဇနေ-စွန့်လွှတ်တော်မူရာ အခါဌ်လည်းကောင်း၊ ပရိနိဗ္ဗာနေစ-ပရိနိဗ္ဗာန်စံတော်မူရာ အခါဌ်လည်းကောင်း၊ ဒသသဟဿာ စက္ကဝါဠကမ္မုနံ-တသေဒ်းသော စကြဝဠာ၏ တုန်လှုပ်ရခြင်းသည်၊ ဓမ္မနိယာမောနာမ-၏၊ (သဗ္ဗညုတဉာဏ်တော် ဓမ္မလျှင် အရင်းခံရှိသော ပဋိသန္ဓေ ဓမ္မစသည်တို့၏ တသေဒ်းသောလောကဓာတ်ကို တုန်လှုပ်စေခြင်းဌ်မြဲသော အစွမ်းမည်၏။)

ပန-ကား၊ (ဓမ္မနိယာမမ္မတပါး, စိတ္တနိယာမကား၊) အာရဗ္ဘ-သည်၊ ပသာဒေ-ကို၊ ဃဋ္ဋိတေ-ထိခိုက်အပ်သော်၊ တံ-သည်၊ ဝါ-က၊ အာဝဇ္ဇနံနာမ-အာဝဇ္ဇန်းမည်သော စိတ်သည်၊ ဟောဟိ-လော၊ ပေ၊ တံ, ဇဝနံနာမ-သည်၊ ဟောဟိ၊ ဇ္ဈတိ-သို့၊ ကောစိ-သော၊ ကတ္တာဝါ-ကိုယ်တိုင်ပြုလုပ်သူသည်လည်းကောင်း၊ ကာရေတာဝါ-သူတပါးကို ပြုလုပ်စေတတ်သူသည်လည်းကောင်း၊ နတ္ထိ၊ ပန-အနုယကား၊ အတ္တနော အတ္တနော-၏၊ ဓမ္မတာယဝေ-ဓမ္မတာအားဖြင့်ပင်၊ (ထုံးစံအားဖြင့်ပင်၊) အာရဗ္ဘတေန-သည်၊ ပသာဒဿ-၏၊ ဝါ-ကို၊ ဃဋ္ဋိတကာလတော-ထိခိုက်အပ်ရာ အခါမှ၊ ပဋ္ဌာယ-၍၊ ကြိယမနောဓာတုစိတ္တံ၊ ကြိယမနောဓာတ်စိတ်သည်၊ (ပဥ္စဒ္ဒွါရာဝဇ္ဇန်းစိတ်သည်၊) ဘဝင်္ဂ-ကို၊ အာဝဇ္ဇေတိ-လည်စေ၏၊ စက္ခုဝိညာဏံ-သည်၊ ဒဿနကိစ္စံ-မြင်ခြင်းကိစ္စကို၊ သာဓေတိ-ပြီးစေ၏၊ ပေ၊ ဇဝနံ-သည်၊ အာရဗ္ဘရသံ-ကို၊ ဧနုဘဝတိ-ခံစား၏၊ ဇ္ဈတိ အယံပိ-ဤ နိယာမသည်လည်း၊ စိတ္တနိယာမောနာမ-မည်၏၊ (စိတ်တို့၏ မိမိဆိုင်ရာကိစ္စကို ပြီးစေခြင်းဌ် မြဲသော အစွမ်းသတ္တိမည်၏၊)ဇ္ဈဓ-ဤစိတ်အစဉ်ကို ပြုရာဌ်၊ အယံ-ဤ စိတ္တနိယာမကို၊ အဓိပ္ပေတော-အလိုရှိအပ်၏။

[ဤပြခဲ့သော စိတ်အစဉ်ကား သောမနဿသဟဂုတ် တိဟိတ်အသင်္ခါရိကကုသိုလ်ကံကြောင့် ဝိပါက်စိတ်တို့၏ဖြစ်ပုံကို ပြသော အစဉ်တည်း၊ ယခုအခါဌ်ဆိုသောမနဿသဟဂုတ် တိဟိတ်သသင်္ခါရိကကုသိုလ်ကံ, ဥပေက္ခာသဟဂုတ်ကံတို့ကြောင့် ဝိပါက်စိတ်တို့၏ ဖြစ်ပုံအစဉ်ကို ပြလိုရှိ ''သသင်္ခါရိကတိဟေတုကကုသလေနာပိ'' စသည်ဖြင့်၊] သသင်္ခါရိကတိဟေတုက ကုသလေနာပိ-ဖြင့်လည်းကောင်း၊ ဥပေက္ခာသဟဂတေဟိ-နှင့်သော၊ အသင်္ခါရိကသသင်္ခါရိကကုသလစိတ္တေဟိပိ-တို့ဖြင့်လည်းကောင်း၊ ကမ္မေ-ကို၊ အာယူဟိတေ-သော်၊ တံ သဒိသဝိပါကစိတ္တေဟိ-ထိုကံနှင့်တူသော ဝိပါက်စိတ်တို့ဖြင့်၊ အာဒိန္နာယ - ယူအပ်ပြီးသော၊ ပဋိသန္ဓိယာ-ဌ်၊ ဧသေဝနယော-တည်း။

ပန-အာထူးကား၊ ဥဒပက္ခာသဟဂတဒ္ဒယေ-ဥပေက္ခာသဟဂုတ်အသင်္ခါရိကသသင်္ခါရိက ၂ ပါးအပေါင်းဌ်၊ ပဌမံ-စွာ၊ ဇ္ဈဓမဇ္ဈတ္တာရမ္မဏဝသေန-ဖြင့်၊

ပဝတ္တိ-ဖြစ်ပုံကို၊ ဒဿေတွာ-ပြပြီး၍၊ ပစ္ဆာ-နောက်မှ၊ ဣဋ္ဌာရမဏဝသေန-ဖြင့်၊ (ပဝတ္တိ-ဖြစ်ပုံကို၊) ဒဿေတဗ္ဗာ-ပြထိုက်၏၊ [သောမနဿတုန်းက ဣဋ္ဌာရုံ၏ အစွမ်းဖြင့် ဖြစ်ပုံကို ရှေးဦးစွာပြ၍, ဣဋ္ဌမဇ္ဈတ္တာရုံ၏ အစွမ်းဖြင့် ဖြစ်ပုံကို နောက်မှပြခဲ့၏၊ ဤ၌ ဥပေက္ခာသဟဂုတ်ကံ ဖြစ်သောကြောင့် ဣဋ္ဌမဇ္ဈတ္တာရုံ၏ အစွမ်းဖြင့် ဖြစ်ပုံကို ရှေးဦးစွာပြ၍, ဣဋ္ဌာရုံ၏ အစွမ်းဖြင့် ဖြစ်ပုံကို နောက်မှ ပြအံ့-ဟု ဆိုလိုသည်။] ဝေပိ-ဤသို့လည်း၊ ကေကသို့-သော၊ ဒွါရေ-၌၊ ဒွါဒသ ဒွါဒသ-၁၂ ပါး ၁၂ ပါးသော ဝိပါက်တို့သည်၊ ဟုတွာ သမသဋ္ဌိ ဟောန္တိ၊ အဂ္ဂဟိတဂ္ဂဟဏေန-အားဖြင့်၊ သောဋ္ဌသဝိပါကစိတ္တာနိ ဥပ္ပဇ္ဇန္တိ။

ဣမသို့ ဌာနေ- ဤ ၁၆ ပါးသော ဝိပါက်စိတ်တို့ကို ပြရာဌာန၌၊ ပဋ္ဌဥစ္ဆု နာဋ္ဌိယန္တောပမ္မံနာမ-၅ ပါးသော ကြံညှစ်ယန္တရားဥပမာမည်သည်ကို၊ ဂဏို့သု-ရှေးဆရာတို့ ယူကြကုန်ပြီ၊ [ကြံညှစ်သောအခါ ကြံရည်ကျဖို့ရန် ကျည်တောက်(ပြွန်တံ)ကလေး ပါသောကြောင့် ထိုယန္တရားကို "နာဋ္ဌိယန္တ"ဟု ခေါ်ဟန်တူသည်။] ကိရ-ချဲ၊ ဥစ္ဆုပီဋ္ဌနသမယေ-ကြံညှစ်ရာအခါ၌၊ ကေသွာ တခုသော၊ ဂါမာ-မှ၊ ကောဒသ-တကျိပ်တယောက်ကုန်သော၊ ယန္တဝါဟာ-ယန္တရားကို ဆောင်နိုင်သူတို့သည်၊ (ကြံညှစ်တတ်သူတို့သည်၊) နိက္ခမိတွာ-ထွက်၍၊ ကေံ-တခုသော၊ ဥစ္ဆုဝါဋ္ဌံ-ကြံခင်းကို၊ ဒိသွာ-မြင်၍၊ တဿ-ထိုကြံခင်း၏၊ ပရိပက္ကဘာဝံ-ရင့်သည်၏အဖြစ်ကို၊ ဥတွာ-၍၊ ဥစ္ဆုသာမိကံ-ကြံခင်းရှင်ကို၊ ဝါ-သို့၊ ဥပသက်မိတွာ-ချဉ်းကပ်၍၊ မယံ-ကျွန်ုပ်တို့သည်၊ ယန္တဝါဟာ-ယန္တရားကို ဆောင်နိုင်သူတို့ပါတည်း၊ (ကြံညှစ်သူတို့ပါတည်း၊) ဣတိ-သို့၊ အာရောစေသုံ-ပြောကြကုန်ပြီ၊ သော-ထို ကြံခင်းရှင်သည်၊ အဟံ-ကျွန်ုပ်သည်၊ တုမှေ ယေဝ-သင်တို့ကိုသာ၊ ပရိယေသာမိ-ရှာနေပါ၏၊ ဣတိ-ဤသို့ပြော၍၊ ဥစ္ဆုသာလံ၊ ကြံညှစ်ရုံသို့- (ကြံစက်သို့၊) တေ-ထိုလူတို့ကို၊ ဂဟေတွာ-ခေါ်၍၊ အဂမာသိ-သွားပြီ၊ တေ-ထို တကျိပ်တယောက်သော လူတို့သည်၊ တတ္ထ-ထို ကြံတင်းကုပ်၌၊ နာဋ္ဌိယန္တံ - ကြံညှစ်ယန္တရားကို၊ သဇ္ဇေတွာ - ပြင်ဆင်ပြီး၍၊ မယံ-ကျွန်ုပ်တို့သည်၊ ကောဒသဇနာ-တကျိပ်တယောက်သော လူတို့သာတည်း၊ အပရံပိ-ကျွန်ုပ်တို့မှ အခြားလည်း ဖြစ်သော၊ ကေံ-တယောက်သောလူကို၊ လဒ္ဓုံ-ရခြင်းငှာ၊ ဝဋ္ဌတိ-သင့်ပါ၏၊ ဝေတနေန-နေ့စာရိက္ခာဖြင့်၊ ဂဏှထ-ခေါ်ယူပါကုန်၊ ဣတိ-သို့၊ အာဟံသု-နိပြီ။

ဥစ္ဆုသာမိကော - ကြံခင်းရှင်သည်၊ အဟမေဝ - ကျွန်ုပ်သည်သာလျှင်၊ သဟာယော-အဖော်သည်၊ ဘဝိဿာမိ-ဖြစ်ပါအံ့၊ ဣတိ-ပြော၍၊ ဥစ္ဆုနံ-ကြံတို့ဖြင့်၊ သာလံ - ကြံညှစ်ရုံကို၊ (ကြံစက်ရုံကို၊) ပူရာပေတွာ - ပြည့်စေ၍၊ တေသံ-ထို တကျိပ်တယောက်သော လူတို့၏၊ သဟာယော-သည်၊ အဟောသိ-ပြီ၊ တေ- ထိုတကျိပ် ၂ ယောက်သော လူတို့သည်၊ အတ္တနော-အတ္တနော-၏၊ ကိစ္စာနိ-တို့ကို၊ ကတွာ, ဖာဏိတပါကေနေဝ - တင်လဲ၏ ကျက်ခြင်းဖြင့်သာ

လျှင်၊ (တင်လဲဖြစ်ရုံ ကျက်ခြင်းဖြင့်သာလျှင်၊) ဥစ္ဆုရသေ-ကြုံရည်သည်၊ ပက္ကေ-ကျက်ပြီးလသော်၊ ဂုဋ္ဌမန္ဓကေန- တင်လဲ ဖွဲ့တတ်သူသည်၊ (ထန်းလျက်, ကြုံသကာလုပ်တတ်သူသည်၊) ဗဒ္ဓေ-ဖွဲ့အပ်ပြီးသော်၊ (ကြုံသကာ အလုံးအခဲ လုပ်အပ်ပြီးသော်၊) ဥစ္ဆုသာမိကေန- ကြုံခင်းရှင်သည်၊ တုလယိတ္ဘာ- ချိန်၍၊ ဘာဂေသု-အဖို့တို့ကို၊ ဒိန္နေသု-ပေးအပ်ပြီးကုန်သော်၊ အတ္တနော အတ္တနော-၏၊ ဘာဂံ- အဖို့ကို၊ အာဒါယ-ယူ၍၊ ဥစ္ဆုသာလံ- ကြုံညှစ်စက်ရုံကို၊ သာမိကဿ-ဥစ္စာရှင်၏လက်၌၊ ပဋိစ္ဆာပေတ္ဘာ-လက်ခံစေပြီး၍၊ (အပ်နှံပြီး၍၊) ဧတေ နေဝ ဥပါယေန- ဤနည်းဖြင့်ပင်၊ အပရာသုပိ- အခြားလည်း ဖြစ်ကုန်သော၊ စတူသု-နှ်သော၊ သာလာသု- ကြုံညှစ်ရုံတို့၌၊ (ကြုံစက်တို့၌၊) ကမ္မံ- အလုပ်ကို၊ ကတ္ဘာ-ပြုလုပ်ပြီး၍၊ ပက္ကမိံသု-ဖဲသွားကုန်ပြီ၊ [ပတိရှေးရှိသော ဣသုဓာတ်ဖြင့် "ပတိစ္ဆန-လက်ခံခြင်း" ဟု ဖြစ်၏၊ ဏာပေပစ္စည်းသက်လျှင် "ပဋိစ္ဆာပေ" ဟု ဖြစ်၍ "လက်ခံစေ,အပ်နှင်း" ဟု အနက်ထွက်၏၊ ထို့ကြောင့် ဤဌ်လည်း "ပဋိစ္ဆာပေတ္ဘာ" သာ ပါဌ်မှန်တည်း၊ ပဋိစ္ဆာဒေတ္ဘာကား ပါဌ်ပျက်။]

တတ္ထ-ထို ဥပမာ စကိားရပ်၌၊ ပဉ္ဇယန္တသာလာဝိယ- ၅-လုံးသော ကြုံညှစ်စက်ရုံတို့ကဲ့သို့၊ (ကထာ)ပဉ္ဇ-၅-ပါးကုန်သော၊ ပသာဒါ-တို့ကို၊ ဒဋ္ဌဗ္ဗာ-နှ်၏၊ ပဉ္ဇ- ၅-ခုကုန်သော၊ ဥစ္ဆုဝါဋ္ဌာဝိယ- ကြုံခင်းတို့ကဲ့သို့၊ (တထာ) ပဉ္ဇ-နှ်သော၊ အာရမဏာနိ- တို့ကို၊ (ဒဋ္ဌဗ္ဗာနိ)၊ ကောဒသ- တကျိပ်တယောက်ကုန်သော၊ ဝိစရဏကယန္တဝါဟာဝိယ - ထိုထို စက်ရုံသို့ လှည့်လည်လျက် ယန္တရားကို ဆောင်သူတို့ကဲ့သို့၊ (ကြုံညှစ်စက်ရုံ ၅-ခုသို့ လှည့်လည်လျက် ကြုံညှစ်စက်ကို ဆောင်သူတို့ကဲ့သို့၊ တထာ)ကောဒသ-တဆယ့်တပါးကုန်သော၊ ဝိပါကစိတ္တာနိ-တို့ကို၊ (ဒဋ္ဌဗ္ဗာနိ)၊ [ကုသလဝိပါက် သမ္ပဋိစ္ဆိုန်း ၁, သန္တီရဏ ၂, တဒါရုံ မဟာဝိပါက် ၈-အားဖြင့် ပေါင်း ၁၁-ပါးတည်း၊] ပဉ္ဇ-၅-ယောက်ကုန်သော၊ ဥစ္ဆုသာလာသာမိနောဝိယ-ကြုံစက်ရုံပိုင်ရှင်တို့ကဲ့သို့၊ (တထာ)ပဉ္ဇဝိညာဏာနိ-တို့ကို၊ (ဒဋ္ဌဗ္ဗာနိ)၊ ပဋမကသာလာယံ- ပဋမက ကြုံစက်ရုံ၌၊ သာမိကေန-ကြုံစက်ရုံပိုင်ရှင်နှင့်၊ သဒ္ဓိံ, ဒ္ဓါဒသန္နံ- တကျိပ် ၂-ယောက်ကုန်သော၊ ဇနာနံ-တို့၏၊ ကေတောဝ- တပေါင်းတည်းသာလျှင်၊ ဟုတ္ဘာ, ကတကမ္မာနံ- ပြုအပ်ပြီးသော အလုပ်ရှိကုန်သည် ဖြစ်၍၊ ဘာဂဂ္ဂဟဏကာလောဝိယ - အဖို့ကို ယူရာအခါကဲ့သို့၊ (တထာ) ကောဒသန္နံ-နှ်သော၊ ဝိပါကစိတ္တာနံ-တို့၏၊ စက္ခုဝိညာဏေန-နှင့်၊ သဒ္ဓိံ- ဧတေတော ဟုတ္ဘာ, စက္ခုဒ္ဓါရေ-၌၊ ရူပါရမဏေ-၌၊ သကသကကိစ္စကရဏကာလော- မိမိ မိမိ ကိစ္စကို ပြုရာအခါကို၊ (ဒဋ္ဌဗ္ဗော)၊ သာလာသာမိကဿ- ကြုံစက်ရုံပိုင်ရှင်၏၊ သာလာယ- ကြုံစက်ရုံကို၊ သမ္ပဋိစ္ဆနကာလောဝိယ- လက်ခံရာ အခါကဲ့သို့၊ (ကထာ) စက္ခုဝိညာဏဿ-၏၊ ဒ္ဓါရ သက်နှိအကရဏံ-သောတဒ္ဓါရ စသည်သို့ ပြောင်းရွှေ့မှုကို မပြုခြင်းကို၊ (ဒဋ္ဌဗ္ဗံ)

[သမ္ပဋိစ္ဆိုန်းစသည်တို့က အခြားအခြား ဒွါရသို့ပြောင်းရွှေ့သော်လည်း စက္ခုဝိညာဉ်၏ မပြောင်းရွှေ့ခြင်းနှင့်, ကြံညှစ်သမားတို့က အခြားအခြား စက်ရုံသို့ပြောင်းရွှေ့သော်လည်း ကြံစက်ရုံပိုင်ရှင်၏ အခြားအခြား စက်ရုံသို့ မပြောင်းရွှေ့ခြင်းသည် တူသည်-ဟူလို။]

ဒုတိယ(သာလာယ)- ဒုတိယ ကြံညှစ်စက်ရုံ၌ ၊ပေ၊ တတိယ(သာလာယ) ၌၊ပေ၊စတုတ္ထ (သာလာယ)- ၌၊ပေ၊ ပဉ္ဇမသာလာယ- ၌၊ ဒွါဒသန္နံ- တကျိပ် ၂-ယောက်သော လူတို့၏၊ ကေတော ဟုတ္ဝာ, ကတကမ္မာနံ- ပြုအပ်ပြီးသော အလုပ်ရှိကုန်သည်ဖြစ်၍၊ ဘာဂဂ္ဂဟဏကာလောဝိယ- ကဲ့သို့၊ (တထာ) ကော ဒသန္နံ-ကုန်သော၊ ဝိပါကစိတ္တာနံ-တို့၏၊ ကာယဝိညာဏေန-နှင့်၊ သဒ္ဓိံ, ကေ တော၊ပေ၊သကသက ကိစ္စကရဏကာလော- ကို၊ ဒဋ္ဌဗ္ဗော၊ [ဒုတိယ သောတ ဝိညာဉ်, တတိယဃာနဝိညာဉ်, စတုတ္ထ ဇိဝှါဝိညာဉ်တို့နှင့်တကွ ဖြစ်ပုံကို ပေယျာလမြှုပ်၍, နောက်ဆုံး ဝိညာဉ်အတွက် "ကာယဝိညာဏေန သဒ္ဓိံ" စသည်ဖြင့် ဆိုသည်၊] သာလာသာမိကဿ- ၏၊ သာလာယ- ကို၊ သမ္ပဋိစ္ဆန ကာလောဝိယ-ကဲ့သို့၊ (တထာ)ကာယဝိညာဏဿ-၏၊ ဒွါရသက်နှိုအကရဏံ- ဒွါရတပါးသို့ ပြောင်းရွှေ့မှုကို မပြုခြင်းကို၊ ဝေဒိတဗ္ဗံ၊ [ရှေ့၌ "ပဉ္ဇပသာဒါ ဒဋ္ဌဗ္ဗာ"ဟု ရှိခဲ့၏၊ ဤ၌ ဝေဒိတဗ္ဗံ"ဟု ရှိသောကြောင့် ရှေနောက်မညီ၊ အက ရဏံတွင် အပြီးသတ်ရာမှ စပ်ပုဒ်မရှိသောကြောင့် "ဝေဒိတဗ္ဗံ"ဟု ထည့်ထား ကြဟန်တူသည်၊] တ္တောဝတာ- ဖြင့်၊ တိဟေတုကကမ္မေန၊ပေ၊ ဟောတိတိ ဝါရော- ဟူသော ဝါရကို၊ ကထိတော- ဆိုအပ်ပြီ၊ (ဆိုပြီးပြီ၊) ပန- ဆက်၊ တေန- ထို တိဟိတ်ကံကြောင့်၊ ယာ ဒုဟေတုကပဋိသန္ဓိ-သည်၊ ဟောတိ- ဖြစ် နိုင်၏၊ သာ- ထို ဒွိဟိတ်ပဋိသန္ဓေသည်၊ ပဋိစ္ဆန္နာဝ- ဖုံးလွှမ်းအပ်သည်သာလျှင်၊ ဟုတ္ဝာ, ဂတာ- သွားပြီ။

တ္တောဝတာ၊ပေ၊ဂတာ။ ။ဟေတုကိတ္တန အစ၌ "တိဟေတုကကမ္မေန ပဋိသန္ဓိ တိဟေတုကာပိ ဟောတိ ဒုဟေတုကာပိ"ဟု စကား ၂-ရပ် ပြခဲ့ရာဝယ် "တိဟေတု ကာပိ ဟောတိ"တိုင်အောင် အကျယ်ပြ၍ပြီးပြီ၊ ဒုဟေတုကာပိ အတွက်ကား အကျယ် မပြတော့ပဲ ဖုံးလွှမ်း၍သွားပြီ၊ ယခုကာလ ပေယျာလမြှုပ်ခြင်းမျိုးတည်း။

ဆက်ဦးအုံ။ ။ဤသို့ပြရာ၌ နာဋ္ဌိယန္တ ဥပမာဝယ် လူပေါင်း တကျိပ် ၂-ယောက် ပြုလုပ်ရပုံကို ပြခြင်းသည် စက္ခုစသော ဒွါရတပါး၌ ဝိပါက်စိတ်ပေါင်း ၁၂-ပါး ဖြစ် ခြင်းနှင့်တူ၏၊ ဤသို့သာ တူသည်၊ လူပေါင်း တကျိပ် ၂-ယောက်သည် ကြံညှစ်မှုကိစ္စ တခုကိုသာပြုသကဲ့သို့ ဝိပါက်စိတ် ၁၂-ပါးကား ကိစ္စတခုကိုသာ ပြုကြသည် မဟုတ်, ဒဿနကိစ္စ, သမ္ပဋိစ္ဆနကိစ္စ စသော ဆိုင်ရာကိစ္စကို အသီးအသီး ပြုကြသည်။[ဒွါဒသဟိ ဝါဟေတဗ္ဗာ နာဋ္ဌိယန္တောပမာ နဒွါဒသန္နံ စိတ္တာနံ ကေသ္မိံ ဒွါရေ ကောရမဏေ သဟ ကိစ္စကရဏဝသေန ဝုတ္တာ၊ အထခေါ ဒွါဒသန္နံ ကေသ္မိံ ဒွါရေ သကိစ္စကရဏ မတ္တဝသေန၊—ဋီကာ။]

[ဟေတုကိတ္တနအခန်း၌ "ဒုဟေတုကေန ဒုဟေတုကာပိ ဟောတိ" စသည်ဖြင့် ဆိုခဲ့သော ဝါရကို ပြလိုရှ် "ဣဒါနိ" စသည်မိန့်၊] ဣဒါနိ-၌၊ ဒုဟေတုက ကမ္မေန၊ ပေ၊ ပဋိသန္ဓိ ဟောတိတိ ဝါရော-ဟူသော ဝါရကို၊ ကထေတဗ္ဗော-၏၊ ဟိ-ချဲ၊ ဒုဟေတုကေန-ဒ္ဒိဟိတ်ဖြစ်သော၊ သောမနဿ၊ ပေ၊ စိတ္တေန-ဖြင့်၊ ကမ္မေ-ကို၊ အာယူဟိတေ-သော်၊ တံသဒိသေနေဝ-ထိုကံနှင့်တူသည်သာလျှင်ဖြစ်သော၊ ဒုဟေတုကဝိပါကစိတ္တေန-ဖြင့်၊ ဂဟိတပဋိသန္ဓိကဿ-ယူအပ်ပြီးသော ပဋိသန္ဓေရှိသောပုဂ္ဂိုလ်၏၊ ဝုတ္တနယေနေဝ-ဖြင့်ပင်၊ ["ဂဗ္ဘာဝါသတော နိက္ခမိတ္ဘာ သံဝရာသံဝရေ" စသည်ဖြင့် ဆိုအပ်ပြီးသော နည်းဖြင့်ပင်၊] စက္ခုဒ္ဒါရေ-၌၊ ဣဋ္ဌာရမဏေ-သည်၊ အာပါတံ-သို့၊ အာဂတေ-သော်၊ တယော-နသော၊ မောဃဝါရာ-တို့သည်၊ (ဟောန္တိ)၊ ဒုဟေတု၊ ပေ၊ ဇဝနာဝသာနေ-ဒ္ဒိဟိတ်သောမနဿသဟဂုတ် အသင်္ခါရိကဇော၏အဆုံး၌၊ တံသဒိသမေဝ-ထိုဇောနှင့်တူသည်သာလျှင်ဖြစ်သော၊ မူလဘဝင်္ဂသင်္ခါတံ-မူလဘဝင် ဟု ဆိုအပ်သော၊ တဒါရမဏံ- သည်၊ (ဟောတိ)၊ သသင်္ခါရိကဇဝနာဝသာနေ-၌၊ တံသဒိသမေဝ-ထိုဇောနှင့် တူသည်သာလျှင်ဖြစ်သော၊ အာဂန္တုကဘဝင်္ဂသင်္ခါတံ-သော၊ တဒါရမဏံ (ဟောတိ)၊ ဣဋ္ဌမဇ္ဈတ္တာရမဏေ-၌၊ ဒ္ဒိန္ဒံ-နသော၊ ဥပေက္ခာသဟဂတဇဝနာနံ-တို့၏၊ အဝသာနေ-၌၊ တာဒိသာနေဝ-ထိုဥပေက္ခာသဟဂုတ်ဇောနှင့် တူသည်သာလျှင်ဖြစ်ကုန်သော၊ ဒ္ဒေ-နသော၊ တဒါရမဏာနိ ဥပ္ပဇ္ဇန္တိ။

ဣဓ-ဤ ဒ္ဒိဟိတ်ကံကြောင့် ဒ္ဒိဟိတ်ပဋိသန္ဓေနေရာ၌၊ ဧကေကသို့ ဒ္ဒါရေ-၌၊ အဋ္ဌအဋ္ဌ-၈ ပါး ၈ ပါးသော ဝိပါက်စိတ်တို့ကို၊ ကတ္ဘာ, သမ စတ္တာလီသ စိတ္တာနိ - အတိကျ ၄၀ သောစိတ်တို့သည်၊ (ဟောန္တိ)၊ [ဒ္ဒိဟိတ်ကံကြောင့် ဉာဏသမ္ပယုတ်ဝိပါက်များ မဖြစ်သောကြောင့် "အဋ္ဌ အဋ္ဌ" ဟု ဆိုသည်။] ပန-ဆက်၊ အဂ္ဂဟိတဂ္ဂဟဏေန-အားဖြင့်၊ စက္ခုဒ္ဒါရေ-၌၊ အဋ္ဌ-၈-ပါးသော ဝိပါတ်စိတ်တို့လည်းကောင်း၊ [စက္ခုဝိညာဉ် ၁, သမ္ပဋိစ္ဆိုန်း ၁, သန္တီရဏ ၂, မဟာဝိပါက် တဒါရုံ ၄ အားဖြင့် ၈ ပါးတည်း။] သောတ၊ ပေ၊ ကာယဝိညာဏာနိ-ဟူကုန်သော၊ စတ္တာရိ-၄ ပါးသောစိတ်တို့လည်းကောင်း၊ ဣတိ-သို့၊ ဒ္ဒါဒသ-၁၂ ပါးသောစိတ်တို့သည်၊ ဟောန္တိ၊ ဧဝံ-သို့၊ ပေ၊ ဥပ္ပဇ္ဇန္တိ၊ အမ္မောပမ ပဉ္ဇနိယာမကထာ-အမ္မေ ပမကထာ, ပဉ္ဇနိယာမကထာတို့သည်၊ ပါကတိကာ ဧဝ-ပင်ကိုယ်အတိုင်းဖြစ်ကုန်သည်သာ၊ [ရှေးနည်းနှင့်တူသည်-ဟူလို၊] ဒုဟေတုက၊ ပေ၊ ဝိပါကေန-ဒ္ဒိဟိတ်ဖြစ်သော ကြွင်းသောစိတ် ၃ ပါးအပေါင်းနှင့် တူသော ဝိပါက်ဖြင့်၊ [ဒ္ဒိဟိတ်ဝိပါက် ၄-ခုတွင် သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကမှကြွင်းသော ကျန်ဒ္ဒိဟိတ်ဝိပါက် ၃ ပါးကိုဆိုသည်၊] ဂဟိတ ပဋိသန္ဓိကပိ-ယူအပ်ပြီးသော ပဋိသန္ဓေရှိသောပုဂ္ဂိုလ်၌လည်း၊ သေဝနယော၊

ပန-အထူးကား၊ တ္ထေ-ဤ ဒိုဟိတ်ကံကြောင့် ဒိုဟိတ်ပဋိသန္ဓေကို ပြရာဝါရ၌၊ ယန္တဝါဟောပမာယ- ယန္တဝါဟောပမာ၌၊ ထတ္တ-ခုနစ်ယောက်ကုန်သော၊ ယန္တဝါဟာ-ယန္တရားကို ဆောင်နိုင်သူတို့သည်၊ (ကြံညှစ်တတ်သူတို့သည်၊) (ဟောန္တိ)၊ တေဟိ-ထို ခုနစ်ယောက်သော ကြံညှစ်တတ်သူတို့သည်၊ တတ္ထ-ထို ကြံညှစ်စက်ရုံ၌၊ ယန္တေနာ-မယန္တရားမည်သည်ကို၊ သဇ္ဇိတေ-ပြင်ဆင်အပ်ပြီးသော်၊ သာလာသာမိကံ- ကြံစက်ပိုင်ရှင်ကို၊ အဋ္ဌမံ- ဂ ယောက်မြောက်ကို၊ ဓတ္တာ, ဝုတ္တနယာနုသာရေန-ဆိုအပ်ပြီးသောနည်းသို့ အစဉ်လျှောက်သဖြင့်၊ ယောဇနာ- ယှဉ်စေခြင်းကို၊ ဝေဒိတဗ္ဗာ [ရှေးနည်း၌ ၁၂ ယောက်ပြခဲ့၏၊ ဤနောက်နည်း၌ကား ဒိုဟိတ်ကံကြောင့် တိဟိတ်ဝိပါက် မဖြစ်ရကား ရှစ်ယောက်ကိုသာ ဥပမာပြသည်။] တ္တောဝတာ-ဖြင့်၊ ဒုဟေတုကမ္မေန၊ ပေ၊ ဟောတိတိ ဝါရော-ဟူသောဝါရကို၊ ကထိတော-ပြီ၊ [ရှေ့၌ "ဒုဟေတုကေန" ဟု ရှိခဲ့၏၊ ဒုဟေတုက ကမ္မေနဟု မရှိခဲ့။]

ဣဒါနိ-ဒိုဟိတ်ကံကြောင့် ဒိုတိတ်ပဋိသန္ဓေကို ပြပြီးရာ ယခုအခါ၌၊ အဟေတုကပဋိသန္ဓိကထာ-အဟိတ်ပဋိသန္ဓေကို ဆိုရာဆိုကြောင်း စကားသည်၊ ဟောတိ-ဖြစ်၏၊ ဝါ-ဖြစ်လတ္တံ့၊ ဟိ-ချဲ၊ စတုန္နံ-နှ်သော၊ ဒုဟေတုကကုသလစိတ္တာနံ-တို့တွင်၊ အညတရေန-တပါးပါးသောစိတ်ဖြင့်၊ ကမ္မေ-ကို၊ (ဒိုဟိတ်ဩမကကံကို၊) အာယူဟိတေ-သော်၊ ကုသလဝိပါက၊ ပေ၊ စိတ္တေန-ကုသလဝိပါက် ဥပေက္ခာသဟဂုတ် အဟိတ်မနောဝိညာဏဓာတ် စိတ်ဖြင့်၊ (ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့်၊) ဂဟိတပဋိသန္ဓိကဿ - ယူအပ်ပြီးသော ပဋိသန္ဓေရှိသောပုဂ္ဂိုလ်၏၊ ပဋိသန္ဓိ-သည်၊ ကမ္မသဒိသာ-ကံနှင့်တူ၏၊ ဣတိ-သို့၊ နဝတ္တဗ္ဗာ-မဆိုထိုက်၊ ဟိ-မှန်၊ ကမ္မံ-သည်၊ ဒုဟေတုကံ-ဒိုဟိတ်ကံတည်း၊ (ဒိုဟိတ်ဩမကကံတည်း၊) ပဋိသန္ဓိ-သည်၊ အဟေတုကာ-အဟိတ်တည်း၊ တဿ-ထိုအဟိတ်ပဋိသန္ဓေနေရသူ၏၊ ဝါ-သည်၊ ဝုစ္စိပ္ပတ္တဿ-ကြီးပွားခြင်းသို့ရောက်လသော်၊ ["ဂဗ္ဘာဝါသတော နိက္ခမိတ္တာ၊ ပေ၊ ဥပဂတဿ" ဟု ဆိုခဲ့ပြီးသောစကားကိုပင် ချုံး၍ "ဝုစ္စိပ္ပတ္တဿ" ဟု ဆိုသည်။] စက္ခုဒ္ဒါရေ-၌၊ ဣဋ္ဌမဇ္ဈတ္တာရမဏေ-သည်၊ အာပါတံ-သို့၊ အာဂတေ-သော်၊ ပုရိမနယေနေဝ-ဖြင့်သာလျှင်၊ တယော မောဃဝါရာ ဝေဒိတဗ္ဗာ။

ပန-ကား၊ စတုန္နံ-နှ်သော၊ ဒုဟေတုကကုသလစိတ္တာနံ-တို့တွင်၊ အညတရဇဝနဿ-တပါးပါးသောဇော၏၊ ပရိယောသာနေ-၌၊ အဟေတုကစိတ္တံ-သည်၊ တဒါရမဏဘာဝေန-တဒါရုံ၏အဖြစ်ဖြင့်၊ ပတိဋ္ဌာတိ၊ တံ-ထိုစိတ်သည်၊

စတုန္နံပန၊ ပေ၊ ပတိဋ္ဌာတိ။ အဟိတ်ပဋိသန္ဓေကို ဖြစ်စေတတ်သော ဒိုဟိတ်ကုသိုလ်ကံနှင့်တူသော ဒိုဟိတ်ဇော၏ အခြားမဲ့၌ အဟိတ်တဒါရုံကို ပြသိုသောကြောင့် "စတုန္နံ၊ ပေ၊ ပတိဋ္ဌာတိ" ဟု မိန့်သည်၊ ဤသို့ ဒိုဟိတ်ဇော၏အခြားမဲ့၌ အဟိတ်တဒါရုံ

မူလဘဝင််—မူလဘဝင်လည်းကောင်း၊ (မူလ ပဋိသန္ဓေစိတ်နှင့်တူသောဘဝင် လည်းကောင်း၊) တဒါရမဏံ-လည်းကောင်း၊ ဣတိ- သို့၊ဒွေ နာမာနိ လဘတိ၊ ဝေံ-ဤသို့လျှင်၊ တွေ-ဤစက္ခုဒ္ဓါရဉ်၊ စက္ခုဝိညာဏံ-လည်းကောင်း၊ သမ္ပဋိစ္ဆနံ၊ လည်းကောင်း၊ ဥပေက္ခာသဟဂတ သန္တီရဏံ - လည်းကောင်း၊ ဥပေက္ခာ သဟဂတမေဝ - ဥပေက္ခာသဟဂုတ်ပင်ဖြစ်သော၊ တဒါရမဏံပိ - တဒါရုံ လည်းကောင်း၊ ဣတိ-သို့၊ တေသု-ထို သန္တီရဏ, တဒါရုံ ၂ မျိုးတို့တွင်၊ ကေံ-တမျိုးကိုသာ၊ ဂဟေတွာ- ယူ၍၊ ဂဏနူပဂါနိ-ရေတွက်အပ်သည်၏အဖြစ်သို့ ရောက်သောစိတ်တို့သည်၊တီဏေဝ-၃ ပါးတို့သည်သာ၊ဟောန္တိ။[ကိစ္စ ၄ကိစ္စရှိ သော်လည်း စိတ်အရေအတွက်မှာ ၃ မျိုးသာ။]

ပန—ကား၊ ဣဋ္ဌာရမဏေ—ဌ်၊ (ဣဋ္ဌမဇ္ဈတ္တာရုံမှတပါး ဣဋ္ဌာရုံဌ်၊) သန္တီရ ဏံပိ—သည်လည်းကောင်း၊ တဒါရမဏံပိ-သည် လည်းကောင်း၊ သောမနဿ သဟဂတမေဝ-သည်သာ၊ (ဟောတိ)၊ တေသု— ဤ သန္တီရဏ တဒါရုံ ၂ မျိုးတို့တွင်၊ ကေံ-တမျိုးကိုသာ၊ ဂဟေတွာ- ယူ၍၊ ပုရိမာနိ-ကုန်သော၊ တီဏိ-၃ ပါးတို့သည်၊ (၃ ပါးတို့က)၊ စတ္တာရိ—၄ ပါးတို့သည်၊ ဟောန္တိ၊ ဝေံ-ဤသို့လျှင်၊ ပဋ္ဌသု-ကုန်သော၊ ဒ္ဓါရေသု-တို့ဌ်၊ စတ္တာရိ စတ္တာရိ- ၄ ပါး ၄ပါးတို့ကို၊ တတွာ, ကောယ၊ပေ၊အာယူဟိတေ-သော်၊ဝီသတိ- ၂၀-သော၊ ဝိပါကစိတ္တာနိ—တို့သည်၊ ဥပ္ပဇ္ဇန္တိ၊ ဣတိ ဝေဒိတဗ္ဗာနိ၊ အဂ္ဂဟိတဂ္ဂဟဏေန ပန-အားဖြင့်ကား၊စက္ခုဒ္ဓါရေ-ဌ်၊ စတ္တာရိ-၄ ပါးတို့လည်းကောင်း၊ သောတ ၊ပေ၊ဝိညာဏာနိ-သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဋ္ဌာဝိညာဉ်, ကာယဝိညာဉ် ဟူကုန်သော၊ စတ္တာရိ-၄ပါးတို့လည်းကောင်း၊ ဣတိ- ဤသို့၊ အဋ္ဌ-၈ ပါး သောစိတ်တို့သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ ဣဒံ-ဤ ၈ ပါးသော စိတ်သည်၊ အဟေတုကဋ္ဌကံနာမ-မည်၏၊ ဣဒံ-ဤအဟေတုကဋ္ဌကကို၊ မနုဿလောကေန-လူ့လောကဖြင့်၊ ဂဟိတံ-ယူအပ်ပြီ။

ပန-ကား၊ စတူသု-ကုန်သော၊ အပါယေသု-တို့ဌ်၊ ပဝတ္တေ-ပဝတ္တိ အခါ ဌ်၊ လဗ္ဘတိ-၏၊ [ပဋိသန္ဓေအခါဌ် ကုသလဝိပါက် မရနိုင်၊ ပဝတ္တိအခါဌ်သာ ရနိုင်သည်-ဟူလို၊] ဟိ-ချဲ၊ ယဒါ—ဌ်၊ မဟာမောဂ္ဂလ္လာနတ္ထေရော—သည်၊ နိရယေ-ဌ်၊ ပဒုမံ-ပဒုမ္မာကြာကို၊ မာပေတွာ-ဖန်ဆင်း၍၊ ပဒုမကဏ္ဏိကာယ— ပဒုမ္မာ ကြာချက်ပေါ်ဌ်၊ နိသိန္နော - ထိုင်နေလျက်၊ နေရယိကာနံ - ငရဲဌ် ဖြစ်သူတို့အား၊ (ငရဲသူ ငရဲသားတို့အား၊) ဓမ္မကထံ-တရားစကားကို၊ ကထေ

ကို ပြထားသော်လည်း တိဟိတ်ဇော၏ အခြားမဲ့ဌ် အဟိတ်တဒါရုံ၏ဖြစ်ခြင်းကို မထား မြစ်အပ်ပါ၊ ဤအတူပင် ဒွိဟိတ်ပဋိသန္ဓေ နေသူ၏အတွက် တိဟိတ်ဇော၏ အခြားမဲ့ဌ် ဒွိဟိတ်တဒါရုံ ဖြစ်ခြင်းကိုလည်း (အဋ္ဌကထာဝယ် ဒွိဟိတ်ပဋိသန္ဓေ နေသူ၏အတွက် မပြစေကာမူ) မတားမြစ်အပ်ဟု မှတ်ပါ။ [အဟေတုကပဋိသန္ဓိ၊ပေ၊အပ္ပဋိသိဒ္ဓံ ဒဋ္ဌဗ္ဗ၊-ဋီကာ။]

နံ ဟိ ရူပဿ၊ပေ၊ နံ သက္ကာ ဝတ္ထုန္တိ။ ။နောက်၌ ကွတိသဒ္ဒါ ရှိသောကြောင့် ဤ "ဟိ"ကို ကာရဏဇောတကဟု မဓု ဖွင့်သည်၊ [နံ ဟိတိ ဟိသဒ္ဒေါ ကာရဏတ္ထော၊ ဟိ ယသ္မာတိ အတ္ထော။] ဟိယသ္မာကိုလည်း "နံ သက္ကာ ကာတုံ, နံ ယုဇ္ဇတိ ၃ ချက်, နံ သက္ကာ ဝတ္ထုံ ၂ ချက်"ဤကြိယာ ၆ ချက်တို့၌ စပ်ပါ။ ကွတိ(တသ္မာ)-ဤသို့ပြုခြင်းငှါ မတတ်ကောင်းသောကြောင့်လည်းကောင်း, မသင့်သောကြောင့်လည်းကောင်း, ဆိုခြင်းငှါ မတတ်ကောင်းသောကြောင့်လည်းကောင်း၊ "တဉ္စ ကေနစိ သမယဝဝတ္ထာနံ ကတ္ဝာ ဘာဇေတုံ နံ သက္ကာ"ဟုပြည့်လျှဉ်ရသည်၊ထို့ကြောင့်"ကသ္မာ၊ပေ၊ နံ သက္ကာ"ဟု ပုစ္ဆာဝါကျလည်း ထည့်ရသည်။ [ကေနစိတိ ရူပေန ဝါ အရူပေန ဝါ။-အနု။]

နံ ဟိ၊ပေ၊ သဟဘုဘာဝတော စ။ ။ဤဝါကျ၌"သဒ္ဓာဝတော, ဝဝတ္ထာနာဘာဝတော, သဟဘုဘာဝတော"ဟိတ် ၃ ပါးသည် နံ သက္ကာ ကာတုံ၌ စပ်ရသော မူလဟိတ်များတည်း၊ "အနေက စိတ္တသမုဋ္ဌာနတ္တာယ, အသမုဋ္ဌာပနတာယ"တို့ကား ဝဝတ္ထာနာ ဘာဝတော၏ အကူအညီ မူလဟိတ်တို့တည်း၊ ထို့ကြောင့် တောပစ္စည်းဖြင့် မထားပဲ"တာယ"ဟု တမျိုး ထားသည်၊ စိတ္တသမုဋ္ဌာနသ စဒ္ဓံ စကို သမုဋ္ဌာနတာယဒ္ဓံ ရှေ့၍လည်းကောင်း, စိတ္တာနုဇ္ဇံ စကို သမုဋ္ဌာပနတာယဒ္ဓံ ရှေ့၍လည်းကောင်း အနက်ပေးရသည်။

အစိတ္တ၊ပေ၊ သဒ္ဓာဝတော။ ။ဤဟိတ်ဖြင့် အဗျာပိတဒေါသကို ပြ၏၊ စိတ္တသမုဋ္ဌာန်မဟုတ်သော ဥတု-အာဟာရ-ကမ္မသမုဋ္ဌာန်ရုပ်များလည်း ရှိသေးသည့်အတွက် စိတ်၏ဖြစ်ခြင်းဖြင့် ရုပ်ဖြစ်ရာ သမယကို သတ်မှတ်လျှင် စိတ္တသမုဋ္ဌာန်ရုပ်တမျိုးသာ ရ၍, အခြား ရုပ် ၃ မျိုး မရသောကြောင့် အဗျာပိတဒေါသ (ရုပ်အားလုံး၌ မပျံ့နှံ့ခြင်းဟူသောအပြစ်)ရောက်ဖွယ်ရှိရကား စိတ်ဖြစ်ခြင်းဖြင့် သမယဝဝတ္ထာန်ကို ပြုခြင်းငှာ မတတ်ကောင်းပါ-ဟူလို။

ရှိသေးသည်၏အဖြစ်ကြောင့်လည်းကောင်း၊ စိတ္တသမုဋ္ဌာနဿ-စိတ္တသမုဋ္ဌာန်ရုပ်၏၊ အနေကစိတ္တသမုဋ္ဌာနတာယ-တပါးမက် များစွာသော စိတ်ကြောင့်ဖြစ်ရသည်၏ အဖြစ်ကြောင့် လည်းကောင်း၊ ဝါ-အတွက်လည်းကောင်း၊ (ဟိတ်ကူ၊) ရူပသမုဋ္ဌာပကစိတ္တာနံ-ရုပ်ကို ဖြစ်စေတတ်သော စိတ်တို့တွင်၊ ကေသဉ္ဇိ-အချို စိတ်တို့၏၊ ကတ္ထစိ-အချိုသော ဘုံဘဝခဏတို့၌၊ အသမုဋ္ဌာပနတာယ စ-ရုပ်ကို မဖြစ်စေနိုင်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဝါ-အတွက်လည်းကောင်း၊ (ဟိတ်ကူ၊) ဝဝတ္ထာနာဘာဝတော-ပိုင်းခြားခြင်း၏ မဖြစ်နိုင်ခြင်းကြောင့် လည်းကောင်း၊ ဝိညတ္တိဒွယဝဇ္ဇိတဿ-ဝိညတ်ဒွေးသည်ကြဉ်အပ်သော၊ ရူပဿ-ရုပ်၏၊ အစိတ္တသဟဘုဘာဝတော စ-စိတ္တသဟဘုမဟုတ်သည့်အဖြစ်ကြောင့်လည်းကောင်းတည်း။

စ-သည်သာမတသေး၊ [နသက္ကာ ဘာဇေတုံ၏ အကြောင်းပြသည်သာမကသေး-ဟူလို။] ရူပါနံ-ရုပ်တို့၏၊ ဥပသမ္ပဇ္ဇ-ပြီးစေ၍၊ ဝိဟရဏေန-နေခြင်းဖြင့်၊ သမယဝဝတ္ထာနံ-သည်၊ နယုဇ္ဇတိ-မသင့်၊ (ကသ္မာ-နည်း၊) မဟဂ္ဂတပ္ပမာဏာနံ-မဟဂ္ဂုတ်, အပ္ပမာဏဖြစ်ကုန်သော၊ ဈာနာနံဝိယ-ဈာန်တို့၏ကဲ့သို့၊ ရူပါနံ-ရုပ်တို့၏၊ ဥပသမ္ပဇ္ဇ-၍၊ ဝိဟာတဗ္ဗတာဘာဝါ-နေထိုက်သည်၏အဖြစ်၏မရှိခြင်း

စိတ္တ၊ပေ၊ ဝဝတ္ထာနာ ဘာဝတော။ ။ဤဟိတ်ဖြင့် အနေကန္တိကအဖြစ်ကိုပြ၏၊ စိတ္တသမုဋ္ဌာန် (စိတ္တဇ) ရုပ်လည်း အမျိုးမျိုးသော စိတ်ကြောင့် ဖြစ်ရကား "မည်သည့်စိတ်ဖြစ်ရာအခါ၌ မည်သည့် စိတ္တဇရုပ်ဖြစ်သည်"ဟု ဧကန်မုချသတ်မှတ်၍ မဖြစ်၊ ဤသို့ ဧကန်မဟုတ်-အနေကန်ဖြစ်သောကြောင့်လည်း စိတ်ဖြစ်ခြင်းဖြင့် သမယဝဝတ္ထာန်ကို ပြုခြင်းငှါ မတတ်ကောင်း။

ရူပ၊ပေ၊ ဝဝတ္ထာနာဘာဝတော။ ။ရုပ်ကို ဖြစ်စေနိုင်သော စိတ်များတွင် အချို့သော ကာမာဝစရကုသိုလ်စသော စိတ်များ၏ အချို့ အရူပဘုံ၌လည်းကောင်း, အချို့သော ပဉ္စဝေါကာရ ဝိပါက်စိတ်များ၏ အချို့သော ပဋိသန္ဓေခဏ စုတိခဏ၌လည်းကောင်း, ရုပ်ကိုမဖြစ်စေနိုင်သည့်အတွက် "မည်သည့်စိတ် ဖြစ်ရာအခါ၌ မည်သည့်ရုပ်ဖြစ်သည်"ဟု ဧကန်မုချ သတ်မှတ်၍မဖြစ်၊ ဤသို့ အနေကန်ဖြစ်သောကြောင့်လည်း စိတ်ဖြစ်ခြင်းဖြင့် သမယဝဝတ္ထာန်ကိုပြုခြင်းငှာ မတတ်ကောင်း။

ဝိညတ္တိ၊ပေ၊ ဘာဝတောစ။ ။ဤဟိတ်ဖြင့်လည်း အဗျာပိတဒေါသကိုပင် ပြ၏၊ စိတ်၏ဖြစ်ခြင်းဖြင့် ရုပ်ဖြစ်ရာသမယကို သတ်မှတ်လျှင် ဝိညတ်ရုပ်ကိုသာ သတ်မှတ်၍ ဖြစ်စရာ ရှိ၏၊ ဝိညတ်မှတပါးသော ရုပ်ကိုကား စိတ်နှင့် အတူဖြစ်-အတူချုပ် မဟုတ်သောကြောင့် သတ်မှတ်၍ ဖြစ်စရာ မရှိ၊ ထို့ကြောင့် ထိုသတ်မှတ်ချက်သည် ဝိညတ်မှတပါးသော စိတ္တသမုဋ္ဌာန်ရုပ်များအပေါ်၌ မပျံ့နှံ့ခြင်းဟူသော အဗျာပိတဒေါသရောက်၏။

နစ၊ပေ၊ ဝိဟာတဗ္ဗတာဘာဝါ။ ။စိတ်၏ ဖြစ်ခြင်းဖြင့် သမယဝဝတ္ထာနကို ပြုခြင်းငှါ မတတ်ကောင်းလျှင် ရှိပါစေတော့၊ "ယသို့ သမယေ၊ပေ၊ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိရဟတိ၊ တသို့ သမယေ"ကဲ့သို့ "ရုပ်တို့ကိုပြီးစေ၍နေခြင်းဖြင့် သမယကို သတ်

ကြောင့်တည်း၊ စ-သည်သာ မကသေး၊ ဥပါဒါရူပေဟိ-ဥပါဒါရုပ်တို့ဖြင့်၊ (သမယ ဝေဇ္ဇာနံ-သည်၊) နှ ယုဇ္ဇတိ၊ (ကသ္မာ-နည်း၊) တေသံ-ထိုဥပါဒါရုပ်တို့၏၊ သဟ၊ပေ၊ ဘာဝေန-သဟဇာတ အစရှိသော ပစ္စည်း၏ အဖြစ်ဖြင့်၊ အပ္ပဝတ္တနတော-မဖြစ်ခြင်းကြောင့်တည်း၊ မဟာဘူတေဟိပိ-မဟာဘုတ်တို့ဖြင့်လည်း၊ (သမယဝေဇ္ဇာနံ)နှ ယုဇ္ဇတိ၊ (ကသ္မာ-နည်း၊) ကေသဉ္စိ-အချို့ကုန်သော၊ မဟာဘူတာနံ-တို့၏၊ ကေဟိစိ-ကုန်သော၊ ဥပါဒါရူပေဟိ-တို့နှင့်၊ ဝိနာ-ကင်း၍၊ ပဝတ္တိတော စ-ကြောင့်လည်းကောင်း၊ အသမာနကာလာနံ-မတူသော ကာလရှိသော ရုပ်တို့၏၊ သဇ္ဇာဝတော စ-ထင်ရှားရှိခြင်းကြောင့်လည်းကောင်းတည်း။

ဟိ-ချဲ့၊ ယသ္မိံ သမယေ-၌၊ ပထဝီဓာတု-သည်၊ ဥပ္ပန္နာ ဟောတိ၊ တသ္မိံ သမယေ-၌၊ စက္ခာယဘနံ ဟောတိ၊ ဣတိ-သို့၊ ဝတ္တုံ နှ သက္ကာ၊ (ကသ္မာ) သောတာ၊ပေ၊ တာယ-သောတ အစရှိသည်တို့၏ မှီရာ ဖြစ်၍ဖြစ်သော၊ ပထဝိယာ-ပထဝီဓာတ်နှင့် လည်းကောင်း၊ စိတ္တာဒိ သမုဋ္ဌာနာယ-စိတ္တ အစရှိသည်တို့ကြောင့်ဖြစ်သော၊ (အာဒိဖြင့် ဥတု အားဟာရ သမုဋ္ဌာန်တို့ကို ယူ၊) ပထဝိယာ စ-နှင့်လည်းကောင်း၊ သဟ-တက္ခ၊ စက္ခာယတနဿ-၏၊ အဘာဝါ-

---

မှတ်လျှင် မသင့်ပါလော''ဟု စောဒနာဖွယ်ရှိသောကြောင့် ''နှ စ''စသည်မိန့်၊ ရုပ်တို့က မဟဂ္ဂုတ် လောကုတ္တရာစသော်မှားကဲ့သို့ ပြီးစေ၍ နေထိုက်သောတရား မဟုတ်သောကြောင့် ထိုသို့သတ်မှတ်ခြင်းလည်း မသင့်။

ဥပါဒါ၊ဓေ၊ အပ္ပဝတ္တနတော၊ ။ဥပါဒါရုပ်တို့သည် သဟဇာတ အညမညစသောသတ္တိ မရှိကြ၊ ထို့ကြောင့် ဥပါဒါရုပ်တို့၏ဖြစ်ခြင်းဖြင့်လည်း အခြားရုပ်များ၏ ဖြစ်ခြင်းကို သတ်မှတ်ခြင်းငှာ မသင့်။ [စိတ်ဖြစ်ခြင်းဖြင့် ဖဿစသည်တို့၏ ဖြစ်ခြင်းကို သတ်မှတ်ရာ၌ စိတ်မှာ သဟဇာတာဒိသတ္တိ ရှိ၏။]

နာဝိ မဟာဘူတေဟိ။ ။မဟာဘုတ်တို့မှာ သဟဇာတာဒိသတ္တိရှိသောကြောင့် ''မဟာဘုတ်တို့၏ဖြစ်ခြင်းဖြင့် ဥပါဒါရုပ်တို့၏ ဖြစ်ရာအခါကို သတ်မှတ်ခြင်းငှာ မသင့်ပါလော''ဟု စောဒနာဖွယ်ရှိသောကြောင့် ''မဟာဘူတေဟိ ပိ''ဟု မိန့်သည်၊ ထိုသို့လည်း သတ်မှတ်ခြင်းငှာ မသင့်၊ ဘာ့ကြောင့်နည်း....အချို့ ကမ္မဇ မဟာဘုတ်တို့က ကမ္မဇမဟုတ်သော ဥပါဒါရုပ်တို့နှင့် ကင်း၍ ဖြစ်ခြင်း (စိတ္တဇ စသည် မဟုတ်သော မဟာဘုတ်တို့က စိတ္တဇ စသည်ဖြစ်သော ဥပါဒါရုပ်တို့နှင့် ကင်း၍ဖြစ်ခြင်း), ဝိညတ် ဥပစယစသော လက္ခဏာရုပ်တို့က မဟာဘုတ်တို့နှင့် ချုပ်ချိန်စသော ကာလချင်း တူပါ ဖြစ်ခြင်း၏ ထင်ရှားရှိခြင်း ဤအကြောင်းများကြောင့် မဟာဘုတ်၏ ဖြစ်ရာကာလဖြင့် ဥပါဒါရုပ်တို့၏ ဖြစ်ရာကာလကို သတ်မှတ်ခြင်းငှာ မသင့်။

နှ ဟိ၊ပေ၊ နှ သက္ကာ ဝတ္တုံ။ ။ဤစကားကား ''နာဝိ မဟာဘူတေဟိ''စသော ရှေ့ဝါကျကို အကျယ်ပြစကားတည်း၊ ထိုတွင် ''နဟိ ပေ၊ ယောဇေတဗ္ဗော''သည် ''ကေသဉ္စိ မဟာဘူတာနံ ကေဟိ စ ဥပါဒါရူပေဟိ ဝိနာ ပဝတ္တိတော''၏ အကျယ်ပြဘည်း၊

ကြောင့်လည်းကောင်းတည်း၊ ဧဝံ-တူ၊ သောတာယတနာဒီသုပိ-တို့၌လည်း၊ ယောဇေတဗ္ဗံ၊ မဟာဘူတေဟိ-တို့နှင့်၊ အသမာနကာလာနိ မတူသော ကာလရှိကုန်သော၊ ဝိညတ္တိဥပစယာဒီနိပိ-ဝိညတ်, ဥပစယ အစရှိသည်တို့သည်လည်း၊ (အာဒိဖြင့် ကျန်လက္ခဏရုပ်တို့ကို ယူ၊) တသ္မိံ သမယေ ဟောန္တိ၊ ဣတိ-ဤသို့၊ ဝတ္တုံ နသက္ကာ၊ ဣတိ-ကြောင့်၊ (တဉ္ဇ ကေနစိ သမယဝဝတ္ထာနံ ကတ္ဟာ ဘာဇေတုံ နသက္ကာ။)

စ-ဆက်၊ ကေသ္မိံ ကာလေ-တခုသောအခါ၌၊ အနေကာနိ-တပါးမက များစွာကုန်သော၊ ကလာပသဟဿာနိ-ရုပ်ကလာပ်အထောင်တို့သည်၊ ဥပ္ပဇ္ဇန္တိစ-ဥပါဒ်လည်း ဥပါဒ်ကုန်၏၊ ပဝတ္တန္တိစ-ဖြစ်တည်လည်း ဖြစ်တည်ကုန်၏၊ ["ဥပ္ပဇ္ဇန္တိ"ဖြင့် ဥပါဒ်ခဏကို ပြ၍ "ပဝတ္တန္တိ"ဖြင့် ခဏဘွယကို ပြသည်။] အရှုပဓမ္မာနံဝိယ နာမ်ဘရားတို့၏ကဲ့သို့၊ ကလာ၊ပေ၊ဘာဝေါ-ကလာပ် ၂-ပါး အပေါင်း၏ အတူတကွ ဖြစ်ခြင်းသည်၊ နအတ္ထိ-မရှိ၊ စ-သည်သာမကသေး၊ ကေသ္မိံ-သော၊ ကလာပေ-သည်၊ ဝတ္တမာနေဝေ-ဖြစ်စဉ်သာလျှင်၊ (ဌီအခိုက်၌ တည်နေစဉ်သာလျှင်၊) အညဿ-အခြားကလာပ်၏၊ နိရောဓော-ချုပ်ခြင်း ဟူသော ဘင်သည်လည်းကောင်း၊ အညဿ အခြားကလာပ်၏၊ ဥပ္ပတ္တိစ-ဖြစ်ခြင်း ဟူသော ဥပါဒ်သည်လည်းကောင်း၊ ဟောတိ-ဖြစ်နေ၏၊ ဣတိ-ကြောင့်၊ သဗ္ဗထာ-အလုံးစုံသောအခြင်းအရာအားဖြင့်၊ ရှုပါဗျာကတံ-ရှုပ်အဗျာကတကို၊ သမယဝဝတ္ထာနံ-သမယကို ပိုင်းခြားသတ်မှတ်ခြင်းကို၊ ကတ္ဟာ ဝိဘဇိတုံ နသက္ကာ၊ (တသ္မာ ဘဂဝါ သမယဝဝတ္ထာနံ ကတ္ဟာ နဝိဘဇတိ။)

"မဟာဘူတေဟိ အသမာန၊ ပေ၊ ဟောန္တိ"ကား "အသမာန ကာလာနဉ္ဇ သဗ္ဗာဝတော"၏ အကျယ်ပြတည်း၊ "ဣတိ နသက္ကာ ဝတ္တုံ"ကား ရှေ့ဝါကျ၌ နသက္ကာ ဝတ္တုံ အတိုင်းတည်း။ [ဝတ္တုန္တိမှ ဣတိကား "တဉ္ဇ၊ပေ၊ ဘာဇေတုံ"ကို ပြန်၍စပ်ရသော ဟိတ်တည်း။]

ကေသ္မိံ၊ ပေ၊ ဥပ္ပတ္တိ ဟောတိ။ ။ဤစကားလည်း မဟာဘုတ်တို့ဖြင့် သမယဝဝတ္ထာန်ပြု၍ မဖြစ်နိုင်ကြောင်းကိုပင် ပြ၏။ ခန္ဓာကိုယ်၌ တချိန်တည်းမှာပင် ကလာပ်ထောင်ပေါင်းများစွာ ဖြစ်တည်နေကြ၏၊ ထို့ပြင်- နာမ်ဘရားတို့သည် အတူတကွ (စိတ်နှင့် စေဘသိက်တို့) ဖြစ်ခြင်း ရှိကြ၏၊ ရုပ်ကလာပ်တို့ကား ကလာပ် ၂ ခုသော်မှ ပေါင်း၍ဖြစ်ခြင်း မရှိ၊ ထို့ပြင်-ကလာပ်တခုက ဌီအခိုက်၌ တည်နေစဉ် အခြားကလာပ်တခုကချုပ်နေ၍, အခြားကလာပ်တခုကဥပါဒ်တုန်းပင်ဖြစ်နေ၏၊ ဤပြခဲ့သောအကြောင်းကြောင့် "အကြင်အခါ မဟာဘုတ်ဖြစ်၏ ထိုအခါ စက္ခုပသာဒ ဥပါဒါရုပ်ဖြစ်၏" ဤသို့စသည်ဖြင့် သမယကို ဝဝတ္ထာန်ပြု၍ (ပိုင်းခြား၍) မရနိုင်။

ဣတိ သဗ္ဗထာ၊ ပေ၊ ဝိဘဇိတုံ။ ။ဤစကားသည် "တဉ္ဇ ကေနစိ သမယဝဝတ္ထာနံ ကတ္ဟာ နသက္ကာ ဘာဇေတုံ"ကို နိဂုံးအုပ်သော စကားတည်း၊ ထို့ကြောင့် "သဗ္ဗထာ-နာမ်တရားဖြင့်ဖြစ်စေ, ဥပါဒါရုပ်တရားဖြင့်ဖြစ်စေ, မဟာဘုတ်တရားဖြင့်ဖြစ်စေ အလုံးစုံသော အခြင်းအရာအားဖြင့်"ဟု ဆိုသည်၊ ဝိဘဇိတုံ၏နောက်၌ "တသ္မာ ဘဂဝါ

ပန-အန္ဓယကား၊ ဧကကာဒီဟိ-ဧကက အစရှိကုန်သော၊ နယေဟိ-နည်းတို့ ဖြင့်လည်းကောင်း၊ (ပါဋ္ဌိတော်ကို ကြည့်ပါ၊) နဟေတုအာဒိနာ-နဟေတု အစရှိသော၊ သဘာဝေန-သဘောအားဖြင့်လည်းကောင်း၊ ဝိဘဇိတုံ သက္ကာ၊ ဣတိ-ကြောင့်၊ တထာ-ထိုဧကက အစရှိသောနည်း, နဟေတု အစရှိသော သဘောအားဖြင့်၊ ဝိဘဇနတ္ထံ-ငှါ၊ (အာဟဉ် စပ်၊) တာဝ-ရူပကဏ္ဍမှ ရှေးဦးစွာ၊ (နိဒ္ဒိဋ္ဌေ-သော၊) စိတ္တုပ္ပါဒကဏ္ဍေ-ဉ်၊ (စိတ္တုပ္ပါဒကဏ္ဍတုန်းက၊ အဝိဘတ္တံ-မဝေဖန်အပ်သေးသော၊ အဗျာကတံ-သည်၊ အတ္ထိ၊ ဣတိ-သို့၊ ဒသေတုံ-ငှာလည်းကောင်း၊ သမယဝဝတ္ထာနေန-နှင့်၊ ဝိနာ-၍၊ အဗျာကတဿ-၏၊ သဘာဝတောယေဝ-သဘောအားဖြင့်သာလျှင်၊ နိဒ္ဒေသေ-အကျယ်နိဒ္ဒေသဉ်၊ ဧကဒေသံ-တစိတ် တဒေသကို၊ နိဒ္ဒိသိတ္ဌာ-ညွှန်ပြ၍၊ နိဂမနကရဏဿ-နိဂုံးကို ပြုခြင်း၏၊ အနုပပတ္တိတော-မသင့်ခြင်းကြောင့်၊ ဝိဘတ္တံစ-ဝေဖန်အပ်ပြီးသော ဝိပါက်ကြိယာ အဗျာကတကိုလည်းကောင်း၊ အဝိဘတ္တံ စ-မဝေဖန်အပ်သေးသော ရုပ်နိဗ္ဗာန်ကိုလည်းကောင်း၊ သဗ္ဗံ-အလုံးစုံကို၊ သင်္ဂဏှန္တော-သိမ်းယူတော်မူလိုသည်၊ (ဟုတ္ဌာ)စ-ကြောင့်လည်းကောင်း၊ ကတမေ၊ ပေ၊ အဗျာကတာတိ-ဟူ၍၊ အာဟ၊ (ကသ္မာ, အဝိဘတ္တံ-ကို၊ သင်္ဂဏှာတိ-နည်း၊) ဟိ(ယသ္မာ), အဝိဘတ္တေ-အကျယ် မဝေဖန်အပ်သေးသည်ဖြစ်၍၊

သမယဝ ဝတ္ထာနံ ကတွာ နဝိဘဇတိ"ဟု ပါဌ်အပိုထည့်၍ ယောဇနာရမည်-ဟု မဓုပြသည်၊ ဤမျှသောစကားအစဉ်ဖြင့် ရူပကဏ္ဍပါဋ္ဌိတော်ဝယ် ရုပ်တို့ကို အကျယ်ဝေဖန်ရာ၌ "ယသ္မိံ သမယေ" စသည်ဖြင့် သမယဝဝတ္ထာနဝါရ ထည့်တော် မမူခြင်း၏ အကြောင်းကို ဖွင့်ပြချက်ပြီးပြီ။

ဧကကာ၊ ပေ၊ ဝိဘဇနတ္ထံ။ ။သမယဝဝတ္ထာန်ကိုပြု၍ ဝေဖန်ခြင်းငှာ မတတ်ကောင်းသော်လည်း ဧကကမှစ၍ ဧကာဒသကတိုင်အောင်သော နည်းတို့ဖြင့်လည်းကောင်း, ရုပ်တို့၏(ဟိတ်မရှိခြင်းစသော)သဘောအားဖြင့်လည်းကောင်း ဝေဖန်ခြင်းငှာ တတ်ကောင်း၏၊ ထို့ကြောင့် ထို ဧကကစသော အခြင်းအရာအားဖြင့် ဝေဖန်တော်မူခြင်းငှာ။

စိတ္တုပ္ပါဒ၊ ပေ၊ အနုပ္ပတ္တိတောစ။ ။စိတ္တုပ္ပါဒကဏ္ဍ၌ အကျယ် မဝေဖန်အပ်သေးသော ရုပ်ကဗျာကတ ရှိသေး၏ဟု ပြခြင်းငှာလည်းကောင်း(အာဟဉ်စပ်၊) ထိုသို့ဆိုလိုလျှင် အဘယ့်ကြောင့် ဝေဖန်အပ်ပြီးသော ဝိပါက်,ကြိယာ အဗျာတတို့ကို သိမ်းယူရသနည်း ဟု မေးဖွယ်ရှိသောကြောင့် "စိတ္တုပ္ပါဒကဏ္ဍေ၊ ပေ၊ အနုပ္ပတ္တိတောစ"ဟု မိန့်သည်၊ သမယဝ ဝတ္ထာန်မပါပဲ ရုပ်အဗျာကတ၏သဘောအားဖြင့်သာ ဧကက စသည်ကို အကျယ်ညွှန်ပြရာ၌ "သဗ္ဗဋ္ဌရူပံ အသခ်တာစ ဓာတု"ဟု အဗျာကတ တစိတ်ကိုသာ ညွှန်ပြ၍ "ဣမေ ဓမ္မာ အဗျာကတာ"ဟု နိဂုံးအုပ်ခြင်း၏ မသင့်သောကြောင့် အဗျာကတအားလုံး (ဝေဖန်အပ်ပြီး မဝေဖန်အပ်သေး)ကို အကျဉ်းချုပ် သိမ်းကြုံးလိုသောကြောင့် ဝိပါက်ကြိယာ အဗျာကတတို့ကိုပါ ပြတော်မူပါသည်။

အဝိဘတ္တေဟိ၊ ပေ၊ သဗ္ဗံ ရူပံ တိ အာဒိ။ ။အကျယ် မဝေဖန်အပ်သေးသည့် အတွက် ဝေဖန်ထိုက်သောတရားကို ရှေးဦးစွာ ပြပြီးမှ အကျယ် ဝေဖန်ခြင်းသည်

ဝိဘဇိတဗွေ-အကျယ်ဝေဖန်ထိုက်သောတရားကို၊ ဒသိတေ- ဥဒ္ဒေသအဖြစ်ဖြင့် ပြအပ်ပြီးသော်၊ (ပြအပ်ပြီးမှ၊)ဉာတုံ-အကျယ်သိခြင်းငှါ၊ ဣစ္ဆာယ-အလိုဆန္ဒကို၊ ဥပ္ပါဒိတာယ - ဖြစ်စေအပ်ပြီးသော်၊ ဝိဘဇနံ - အကျယ် ဝေဖန်ခြင်းသည်၊ ယုတ္တံ-သင့်၏၊ ဣတိ-ထို့ကြောင့်၊ (အဝိဘတ္တ-ကို၊ သင်္ဂဏှာတိ-၏၊) ပန-ဆက်၊ ဧတ္ထ-ဤအဗျာကတတို့တွင်၊ ဝိပါက၊ပေ၊ဗျာကတံ-ဝိပါက် ကြိယာ အဗျာကတကို၊ ဝိဘတ္တတ္တာ - ဝေဖန်အပ်ပြီး၏ အဖြစ်ကြောင့်၊ နဝိဘဇိတဗ္ဗံ - အကျယ် မဝေဖန်ထိုက်တော့၊ အသင်္ခတာစဓာထု - အသင်္ခတဓာတ်ကိုလည်း၊ ဘေဒါ ဘာဝတော- အထူးအပြား၏ မရှိခြင်းကြောင့်၊ (နဝိဘဇိတဗ္ဗာ၊)ပန - ဆက်၊ ဧတ္ထ- ဤအဗျာကတတို့တွင်၊ ယံ-အကြင် ရုပ်အဗျာကတကို၊ ဘေဒယုတ္တတာ-အထူးအပြားနှင့် ယှဉ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ အဝိဘတ္တတ္တာစ-အကျယ် မဝေဖန်အပ်သေးသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဝိသဇိတဗ္ဗံ၊ တံ-ထို ရုပ် အဗျာကတကို၊ ဝိဘဇန္တော၊(ဟုတ္တာ၊)တတ္ထ၊ပေ၊အာဒိ-အစရှိသော (ယံ ဝစနံ အတ္ထိ၊ တံဝစနံ)အာဟ၊ အယံ- ဤ ဆိုအပ်ပြီးကား၊ ဧတ္ထ - ဤ မူလဋီကာ၌၊ ပါဋိယောဇနာ-ပါဋိတော်၌ အနက်အဓိပ္ပာယ်ကို ယှဉ်စေခြင်းတည်း၊ [အဋ္ဌကထာကိုဖွင့်ပြသောစကား မဟုတ်သေး ဟူလို။]

နယံ ဒဿေတွာတိဧတ္ထ-၌၊ ဟေဋ္ဌာ - အောက်ဖြစ်သော ဝိပါက်၌၊ ဂဟဏမေဝ-ယူခြင်းသည်ပင်၊ နယဒဿနံ- နည်းကို ပြခြင်းတည်း၊ တံ-ထိုနည်းပြမှုကို၊ ဝိပါကေသု-ဝိပါက်တို့၌၊ ကတွာ-၍၊ ဝိညာတတ္တာ-သိအပ်ပြီး၏အဖြစ်ကြောင့်၊ ကိရိယာဗျာကတေသု - တို့၌၊ နိသဋ္ဌံ - မယူပဲ စွန့်လွှတ်အပ်ပြီ၊ ဝါ - တနည်း၊ ကာမာဝစရာဒိဘာဝေန- ကာမာဝစရ အစရှိသည်တို့၏အဖြစ်ဖြင့်၊ ဝတ္တဗ္ဗဿ-ဟောတော်မူထိုက်သော၊ ကိရိယာ ဗျာကတဿ-ကြိယာအဗျာကတကို၊ ဒဿနံ ပြခြင်းသည်၊ (နယဒဿနံ - မည်၏၊) တံ - ထို နယဒဿနကို၊ ကာမာဝစရာတိ အာဒိကံ-ကာမာဝစရံ ဤသို့ အစရှိသောစကားကို၊ ဂဟေတွာ-၍၊ ဝုတ္တတ္တာ-ဆိုအပ်ပြီး၏အဖြစ်ကြောင့်၊ နိသဋ္ဌံ - စွန့်လွှတ်အပ်ပြီ။

ပဉ္ဇဝိသတိ ရူပါနီတိ-ကား၊ ပါဋိယံ-၌၊ ဝုတ္တာနိ - နှ်သော၊ ဒသ - နှ်သော၊ အာယတနာနိ- တို့လည်းကောင်း၊ ပဉ္ဇဒသ - နှ်သော၊ သုခုမရူပါနိစ-သုခုမရုပ်

လောကယုတ္တိ ရှိ၏၊ အလင်္ကာကျမ်းအလိုအားဖြင့် ဩစိတြဂုဏ် ရောက်၏၊ ဘာ့ကြောင့် နည်း....သုဏန္တပုဂ္ဂိုလ်တို့အား အကျယ်သိလိုသောဆန္ဒကို အကျဉ်းစကားဖြင့် ဖြစ်စေအပ်ပြီးသောကြောင့်တည်း၊ ဤ အကျဉ်းပြအပ်သော တရားစုတွင် ဝိပါက် ကြိယာမှာ ဝေဖန်အပ်ပြီးဖြစ်၍ ဝိဘဇိတဗ္ဗမဟုတ်, နိဗ္ဗာန်လည်း သဘောအားဖြင့် မပြားသောကြောင့် ဝိဘဇိတဗ္ဗမဟုတ်၊ ရုပ်သည်သာ သဘောအားဖြင့် အကွဲအပြားရှိသောကြောင့် ဝေဖန်ထိုက်၏၊ ထို့ကြောင့် ထိုရုပ်ကို ဝေဖန်တော်မူခြင်းငှာ "ကတမံ သဗ္ဗံရူပံ" ဟု မိန့်တော်မူသည်။

တို့လည်းကောင်းတည်း၊ ဝါ- တနည်း၊ ဥပစယသန္တတိယော- ဥပစယ, သန္တတိ တို့ကို၊ ဇကံတိ - တခုဟူ၍၊ ကတ္တာ- ၍၊ ဟဒယဝတ္ထုံစ - ဟဒယာဝတ္ထုကိုလည်း၊ (ဂဟေတ္ဘာ- ၍၊ ဝုတ္တာနိ)၊ [ဂဟေတ္ဘာ ဝုတ္တာနိတိ သမ္ဗန္ဓေဘ၊ - မဓု၊ ဥပစယသန္တတိတို့ကို ဇာတိရုပ် တခုတည်းအဖြစ်ဖြင့် ယူ၍ ဟဒယဝတ္ထုကို ထည့်လျှင်လည်း အာယတန ၁၀-ပါးနှင့်တကွ ၂၅-ပါး တနည်းဖြစ်သည်–ဟူလို။]

ဆန္နဝုတိတိ - ကား၊ စက္ခာဒိဒသကာ - စက္ခု အစရှိသော ဒသကဟူကုန်သော၊ သတ္တ- ၇ ပါးသော ဒသကတို့လည်းကောင်း၊ (၇၀)၊ ဥတုသမုဋ္ဌာနာဒယော- ဥတုသမုဋ္ဌာန်အစရှိကုန်သော၊ တယော-န်သော၊ အဋ္ဌကာ- အဋ္ဌကဘို့လည်းကောင်း၊ (၂၄) ဥတုစိတ္တဇ-ဥတုဇ, စိတ္တဇဟူကုန်သော၊ ဒ္ဝေ-န်သော၊ သဒ္ဒါစ- သဒ္ဒရုပ်တို့လည်းကောင်းတည်း၊(၂) [ဝေါင်း ၉၆-ပါးဖြစ်သည်။]

ကလာပဘာဝေန-ကလာပ်၏အဖြစ်ဖြင့်၊ ပဝတ္တ ရူပရူပါနိ- ဖြစ်သော ရူပရုပ်တို့ကို၊ ရူပကောဋ္ဌာသာတိ-ဟူ၍၊ ဝုတ္တာနိ၊ (ကသ္မာ-နည်း၊) ရူပ၊ပေ၊ဘာဝတော- ရုပ်ကလာပ်အစိတ်တို့၏ အဖြစ်ခြင်းကြောင့်တည်း၊ စ-ဆက်၊ ကောဋ္ဌာသာတိ - ကား၊ အံသာ - အစိတ်တို့တည်း၊ ဇအဝယဝါ - အစိတ်တို့တည်း၊ ဣတိ အတ္ထော၊ ဝါ-တနည်း၊ ကောဋ္ဌန္တိ-ကား၊ သရီရံ-ကိုယ်တည်း၊ တသာ-ထိုကိုယ်၏၊ အံသာ - အစိတ်ဖြစ်ကုန်သော၊ ကေသာဒယော - ဆံ အစရှိသည်တို့သည်၊ ကောဋ္ဌာသာ- ကောဋ္ဌာသတို့မည်၏၊ ဣတိ-ခြင်း၊ အညေပိ - ကေသ အစရှိသော ကောဋ္ဌာသမှ အခြားလည်းဖြစ်ကုန်သော၊ အဝယဝါ- အစိတ်တို့သည်၊ ကောဋ္ဌာသာဝိယ - ကောဋ္ဌာသတို့နှင့် တူကုန်၏၊ (ဣတိ-ခြင်း၊) ကောဋ္ဌာသာ- ကောဋ္ဌာသတို့ မည်၏။

နိဗ္ဗာနံ၊ပေ၊ဂဟိတန္တိ-ကား၊ သောပါဒိ၊ပေ၊ဘာဝေန-သဉ္ဇာပါဒိသေသ နိရုပါဒိသေသ သဒ္ဒါတို့၏ ဟောနက်၏အဖြစ်, ရာဂက္ခယ အစရှိသော သဒ္ဒါတို့၏ ဟောနက်၏အဖြစ်, အသင်္ခတ အစရှိသောသဒ္ဒါတို့၏ ဟောနက်၏အဖြစ်ဖြင့်၊ [ရာဂက္ခယာဒိဌ္ဌ အာဒီဖြင့် ဒေါသက္ခယ မောဟက္ခယသဒ္ဒါတို့ကိုယူ၊အသင်္ခတာဒိဌ္ဌ "အာဒိ"ဖြင့်အဘိဓာန်ဌ္ဌလာသော "သိဝံ အမတံ" စသော သဒ္ဒါတို့ကိုယူ] ဘိန္နံ-ကွဲပြားသောနိဗ္ဗာန်ကို၊ နိပ္ပဒေသတော- အကြွင်းမရှိသောအားဖြင့်၊ ဂဟိတံ၊ ဟိ-မူန်၊ (တနည်း၊ ကသ္မာ, ဘိန္နံ- သည်၊ သမာနမိ့-လျက်လည်း၊ နိပ္ပဒေသတော, ဂဟိတံ-နည်း၊) ဟိ (ယသ္မာ), အတ္တတော-အနက်တထား ကိုယ်အားဖြင့်၊ ကောဝ- တပါးသာလျှင်ဖြစ်သော၊ အသင်္ခတာ - အသင်္ခတာဖြစ်သော၊ ဓာတု-ဓာတ်တည်း၊ ဣတိ - ခြင်း၊ (ဘိန္နံ သမာနမိ့ နိပ္ပဒေသတော ဂဟိတံ၊) [သဒ္ဒါ၏ ဟောနက် အဖြစ်ဖြင့်သာ ကွဲပြားသည်၊ သဘောအားဖြင့်ကား အသင်္ခတဓာတ်တမျိုးသာဘည်း၊ထို့ကြောင့် အသင်္ခတာဓာတုဖြင့် "နိဗ္ဗာန်ကို အကြွင်းအကျန်မရှိဆောင် ယူအပ်ပြီးဖြစ်သည်"ဟု ဆိုသည်း]

သဗ္ဗန္တိ-ကား၊ သကလံ-အလုံးစုံသော၊ စက္ကဝါဠံ-စကြဝဠာသည်၊ ပရိမဏ္ဍလံ ပရိမဏ္ဍလသဏ္ဌာနံ-ဝန်းဝိုင်းသော ပုံသဏ္ဌာန်ရှိ၏၊ ပရိကွေပတော-အဝန်းအဝိုင်းအားဖြင့်၊ ဆတ္တိံသ သတသဟဿာနိ-၃ သန်း ၆ သိန်းတို့သည်လည်းကောင်း၊ ဒသသဟဿာနိစေဝ-တသောင်းတို့သည်လည်းကောင်း၊ အစုစတုတ္ထာနိ-အခွဲအားဖြင့် ၄-ခုမြောက်ရှိကုန်သော၊ ယောဇနသတာနိစ-ယူဇနာတရာတို့သည်လည်းကောင်း၊ (တနည်း) အစုစတုတ္ထာနိ ယောဇနသတာနိစ-ယူဇနာ သုံးရာ့ငါးဆယ်တို့သည်လည်းကောင်း၊ ဟောန္တိ၊ ဣတိ အတ္ထော၊ စ-ဆက်၊ ဇတ္ထ-ဤဂါထာ၌၊ ဝဋ္ဌံ-အလုံးအဝိုင်းကို၊ ပရိမဏ္ဍလန္တိ-ဟူ၍၊ ဝုတ္တံ၊ စတ္တာရိ နဟုတာနီတိ-ကား၊ စတ္တာလီသသဟဿာနိ-၄ သောင်းတို့သည်လည်းကောင်း၊ [စတ္တာရိ နိယုတာနိဟုလည်း ပါဠိရှိ၏။] နဂဝှယာတိ-ကား၊ နဂါတိ-နဂဟူ၍၊ အဝှာတဗ္ဗာ-ခေါ်ဝေါ်ထိုက်သော၊ နဂသဒ္ဒနာမာ-နဂသဒ္ဒါ၏ အမည်ရှိသော၊ (သာဇမ္ဗူ၌ စပ်၊) ဣတိ အတ္ထော။ [နဂစ္ဆတီတိ နဂေါ-ထိုဤရွှေရှားမသွားတတ်သောကြောင့် သစ်ပင်။]

ဒေဝဒါနဝါဒီနံ-နတ်, ဒါနောရကျိုသ် အစရှိသူတို့၏၊ တိဂါဝုတာဒီ သရီရဝသေန-၃ ဂါဝုတ် အစရှိသော ကိုယ်၏အစွမ်းဖြင့်၊ မဟန္တာ-ကြီးကုန်သည်၊ (ဟူတွာ)၊ ပါတုဘူတာနိ-ထင်ရှားဖြစ်ကုန်၏၊ တတ္ထ-ထိုမဟန္တာနိ ပါတုဘူတာနိ ဟူသော စကားရပ်၌၊ အယုံ-ကား၊ ဝစနတ္ထော-တည်း၊ ဘူတာနိ ဇာတာနိ နိဗ္ဗတ္တာနိ-ထင်ရှားဖြစ်ကုန်သော၊ မဟန္တာနိ-ကြီးကျယ်သော ရုပ်တို့တည်း၊ မဟာဘူတာနိ-ထင်ရှားဖြစ်ကုန်သော ကြီးကျယ်သောရုပ်တို့၊ ဣတိ-ဤ ဆိုအပ်ပြီးကား၊ (ဝစနတ္ထော-တည်း။)

အနေကစ္ဆရိယ ဒဿနေန-တပါးမက များစွာသော အံ့သြဖွယ်ကို ပြခြင်းအားဖြင့်လည်းကောင်း၊ အနေ ၊ပေ၊ ဝသေန-တပါးမက များစွာသော မဟုတ်မမှန် အထူးအဆန်းကို ပြခြင်း၏ အစွမ်းအားဖြင့်လည်းကောင်း၊

ဝဋ္ဌံ ပရိမဏ္ဍလန္တိ။ ။"ပရိမဏ္ဍလံ အာလောပံ ကရိဿာမိ"စသည်၌ ပရိမဏ္ဍလသဒ္ဒါသည် ကြက်ဥပုံသဏ္ဌာန်ကဲ့သို့ ခတ်ယားယား အဝိုင်းအနက်ကိုဟော၏၊ ဤ၌ကား "အလုံးအဝိုင်း"အနက်ကို ယူစေလို၍ "ဝဋ္ဌံ ပရိမဏ္ဍလန္တိ"ဟု ဆိုသည်၊ ကမ္ဆာမြေကြီးသည် စက်ဝိုင်းသဏ္ဌာန်ကဲ့သို့ "လုံးလုံးဝိုင်းဝိုင်းသဏ္ဌာန်ရှိ၏"ဟူလို။

မဟာဘူတာနိ။ ။မဟာဘူတာနိပုဒ်ကို "ဝိသေသန ပရပဒကမ္မဓာရယ်သမာသ်" ဟု ပြလို၍ "ဘူတာနိ၊ ပေ၊ မဟန္တာနိ"ဟု ဖွင့်သည်၊ "ဘူတ" အရ တစ္ဆေ မြေဘုတ် အနက်ကို ယူမည်စိုး၍ "ဇာတာနိ"ဟု ထပ်ဖွင့်သည်၊ ဇာတအရလည်း မွေးဖွားခြင်းအနက်ကို ယူမည်စိုး၍ "နိဗ္ဗတ္တာနိ"ဟု ထပ်ဖွင့်သည်၊ အထင်အရှားဖြစ်ကြသည်-ဟူလို၊ "မဟန္တာနိ"အရ "ကြီးမား" ဟူသည်လည်း မဟာဘုတ်တို့၏ ဓာတ်သဘော၏ ကြီးမားခြင်း မဟုတ်, သက်ရှိ သက်မဲ့ ပုံသဏ္ဌာန်အားဖြင့် ကြီးမားခြင်းတည်း၊ ကြီးမားပုံများကို အဌကထာအတိုင်း သိပါ။

မာယာကာရော·မျက်လှည့်သည်သည်၊ မဟန္တော·ကြီးကျယ်သော၊ ဘူတော·သတ္တဝါတည်း၊ ဣတိ·ကြောင့်၊ မဟာဘူတော-မည်၏၊ ယက္ခာဒယော·ဘီလူးအစရှိသည်တို့သည်၊ (အာဒိဖြင့် ယက္ခိနီကို ယူပါ၊ ဇာတိဝသေနေဝ·အမျိုးဇာတ်၏ အစုမ်းဖြင့်ပင်လျှင်၊ မဟန္တာ·ကြီးကျယ်ကုန်သော၊ ဘူတာ·သတ္တဝါတို့တည်း၊ ဝါ·ဘုတ်ကောင်တို့တည်း၊ ဣတိ မဟာဘူတာ၊ အယံ မဟာဘူတသဒ္ဒေါ·ဣ၏ မဟာဘူတသဒ္ဒါကို၊ တေသု-ထို မျက်လှည့်သည်, ဘီလူးစသူတို့၌၊ နိရုဠ္ဍော·ထင်ရှားသော သဒ္ဒါဟူ၍၊ ဒဋ္ဌဗ္ဗော၊ ပန·ဆက်၊ ဝေဝိယာဒယော·ပထဝီ အစရှိသော ရုပ်တို့သည်၊ မဟာဘူတာဝိယ·မျက်လှည့်သည် ဘီလူးစသူတို့နှင့် တူကုန်၏၊ ဣတိ·ကြောင့်၊ မဟာဘူတာ-တို့မည်၏၊ ဘူတသဒ္ဒဿ-ဘူတသဒ္ဒါ၏၊ ဥဘယလိင်္ဂတ္တာ·ပုံလိင် နပုံလိင်အားဖြင့် ၂ ပါးသော လိင်ရှိသည်၏ ဇာဖြစ်ကြောင့်၊ နပုံသကတာ-နပုံလိင်၏ ဇာဖြစ်ကို၊ ကတာ။ [ဘူတသဒ္ဒါကဲ့လိင် ၂ မျိုးရှိသောကြောင့် ဤနေရာ၌ "စတ္တာရိ မဟာဘူတာနိ" ဟု နပုံလိင်ထားသည်—ဟူလို။]

မဟာ ၊ပေ၊ ဇတ္ထ·၌၊ ဝစနတ္ထံ၊ကို၊ ဝဒန္တော·ဆိုလိုသည်၊(ဟုတ္တာ)၊မဟန္တော·ဟိ ၊ပေ၊ ဘူတာနိတိ·ဟူ၍၊ အာဟ၊ တတ္ထ·ထို ၂ ဝိဂဟ်တို့တွင်၊ ပဗ္ဗိမတ္ထေ·ပစ္ဆိမဝိဂဟ်၏ အနက်၌၊ပုရိမပဒေ·မဟာပရိဟာရာနိ ဟူသော ရှေ့ပုဒ်၌၊ ဥတ္တရပဒဿနောက်ပုဒ်ဖြစ်သော၊ ပရိဟာရသဒ္ဒဿ·ပရိဟာရသဒ္ဒါ၏၊ လောပံ·ခကြြခြင်းကို၊ ကဲတ္တာ၊ မဟာဘူတာနိတိ·ဟူ၍၊ ဝုစ္စန္တိ။

အစိမတောတိ·ကား၊ အဂ္ဂိဆ-မီး၏၊...ကောဋိသတသဟဿံ ကေ·ကောဋိသတသဟဿံ+ကေ ဟူသော ၂ ပုဒ်သည်၊(သန္ဓိဝသေန-သန္ဓိအစုမ်းအားဖြင့်၊) ကောဋိသတသဟဿေကေ·ကောဋိသတသဟဿေကေဟု ဖြစ်၏၊[မဓုဋ္ဌ "ကောဋိသတသဟဿံ ကေ"ဖြင့် တမ္မမာရည်းသမာသ်ကိုပြသည်ဟု မိန့်၏၊စဉ်းစားပါ၊] တံ သဗ္ဗံ·ထို အလုံးစုံသော ကုဋ္ဌေတသိန်းသော စကြဝဠာကို၊ အာဏာခေတ္တဝသေန-အာဏာခေတ်၏ အဖြစ်ဖြင့်၊ ကေ့·တခုတည်းကို၊ ကတ္ဝာ-၍၊ စက္ကဝဠန္တိ·ဟူ၍၊ ဝေါဟရန္တိ·ကေဝုစ်ဖြင့် ခေါ်ဝေါ်ကြကုန်၏၊... ခါရောဒကေန·ဆားငန်ရေကြောင့်၊ဝိလိယတိ·ကြေမွ၏၊ဝိကိရတိတိ·ကား၊ဝိဒ္ဓံသတိ·ပျက်စီး၏။

နိရုဠ္ဍော ဒဋ္ဌဗ္ဗော။ ။"မဟန္တော ဘူတော"အရ မျက်လှည့်သည်မှတပါး အခြားသူများနှင့်လည်း ဆိုင်သည်မဟုတ်ပါလော၊ "မဟန္တာ ဘူတာ"အရ ဘီလူးအစရှိသူတို့မှ တပါးသော အခြားသတ္တဝါများနှင့်လည်း ဆိုင်သည် မဟုတ်ပါလော၊ သို့ပါလျက် အဘယ့်ကြောင့် မျက်လှည့်သည် ဘီလူးစသူကိုသာ"မဟာဘူတ"ဟု ခေါ်ပါသနည်းဟူမေးဖွယ်ရှိသောကြောင့်"နိရုဠ္ဍော၊ပေ၊ ဒဋ္ဌဗ္ဗော"ဟု မိန့်သည်၊ မဟာဘူတ သဒ္ဒါသည် မျက်လှည့်သည် ဘီလူးတို့၌ ထင်ရှားသော အထင်ရှုဠ်သဒ္ဒါဖြစ်သောကြောင့် မျက်လှည့်သည် ဘီလူးစသူတို့ကိုသာ "မဟာဘူတ" ဟု ခေါ်ရပါသည်-ဟူလို၊ ပထဝီစသော ဓာတ်ကြီးတို့ကိုကား သဒိသူပစာအားဖြင့် "မဟာဘူတ"ဟု ခေါ်ရသည်။

ဥပါဒိန္နကေသု - ဥပါဒိန္နက မဟာဘုတ်တို့၌၊ ပီကာရံ - ဖောက်ပြန်ပုံကို၊ ဒဿေန္တော(ဟုတ္တာ)၊ ပတ္ထဒ္ဓေါတိအာဒိမာဟ၊ ကဋ္ဌမုခေနဝါဘိ(ဇ္ဇော)-၌၊ ဝါသဒ္ဓေါ-သည်၊ ဥပမတ္ထော-ဥပမာအနက်ရှိ၏၊ ကဋ္ဌမုခသပ္ပေန-ကဋ္ဌမုခမြွေသည်၊ ဒဋ္ဌော-ကိုက်အပ်သော ကိုယ်သည်၊ ပတ္ထဒ္ဓေါ- လွန်စွာ ခက်ထန်သည်၊ (တောင့်တင်းခိုင်မာသည်၊)ဟောတိ ယထာ, ဝေံ-တူ၊ပထဝီခာတုပ္ပကောပေန-ပထဝီခာတ်၏ ပျက်ခြင်းကြောင့်၊ သော ကာယော-ထိုကိုယ်သည်၊ ကဋ္ဌမုခေဝ-ကဋ္ဌမုခမြွေ၏ ခံတွင်း၌ကဲ့သို့၊ ဟောတိ၊ ကဋ္ဌမုခမုခဂတောဝိယ-ကဋ္ဌမုခမြွေ၏ ခံတွင်း၌ ရောက်သကဲ့သို့၊ ပတ္ထဒ္ဓေါ ဟောတိတိ အတ္ထော။

အထဝါ-ကား၊ ဝါသဒ္ဓေါ-ကို၊ ဝေသဒ္ဓဿ-၏၊ အတ္ထေ-၌၊ ပထဝီ ၊ပေ၊ တေဿ-ဤပုဒ်၏၊ ပရတောစ-နောက်၌လည်း၊ အာဟရိတ္တာ-၍၊ ဝေဒိတဗ္ဗော၊ တတြ-ထို ဒုတိယဝိကပ်၌၊ (တနည်း)တတြ-ထို ဝါသဒ္ဓါ၏ ဝေအနက်ဖြစ်ရာ၌၊ အယံ-ကား၊ အတ္ထော-တည်း၊ ကဋ္ဌမုခေန-ကဋ္ဌမုခမြွေသည်၊ ဒဋ္ဌော-ကိုက်အပ်သည်၊ သမာနောပိ-လည်း၊ ကာယော-သည်၊ ပထဝိခာတုပ္ပကောပေနေဝ-ပထဝီခာတ်၏ ပျက်ခြင်းကြောင့်သာ၊ ပတ္ထဒ္ဓေါ ဟောတိ၊ တသ္မာ, ပထဝီခာတုယာ-နှင့်၊ အဝိယုတ္တော-မကွေမကွာယှဉ်သော၊ သော ကာယော-သည်၊ သဗ္ဗဒါ ကဋ္ဌမုခဂတောဝိယ ဟောတိ၊ ဣတိ-ကား၊ (အတ္ထော-တည်း။)

အထ ဝါ-ကား၊ ဝါသဒ္ဓေါ-သည်၊ အနိယမတ္ထော-အနိယမ အနက်ရှိ၏၊ (အမြဲ မဟုတ်သော အနေကန် အနက်ရှိ၏၊) တတြ - ထို တတိယဝိကပ်၌၊ (တနည်း)၊ တတြ-ထို ဝါသဒ္ဓါ၏ အနိယမအနက် ဖြစ်ရာ၌၊ အယံ-ကား၊ အတ္ထော-တည်း၊ ကဋ္ဌမုခေန-သည်၊ ဒဋ္ဌော-သော၊ ကာယော-သည်၊ ပတ္ထဒ္ဓေါ-သည်၊ ဟောတိ ဝါ-ဖြစ်သည်လည်း ရှိ၏၊ မန္တာဂဒဝသေန-မန္တန်အစွမ်း ဆေးအစွမ်းကြောင့်ကား၊ နဝါ ဟောတိ-မဖြစ်သည်လည်း ရှိ၏၊ ပထဝီခာတုပ္ပကောပေန ပန - ကြောင့်ကား၊ မန္တာဂဒရဟိတော - မန္တန် ဆေးမှု ကင်းသော၊ သော ကာယော-သည်၊ ကဋ္ဌမုခမုခဂတောဝိယ-ကဲ့သို့၊ ဧကန္တပတ္ထဒ္ဓေါ-ဧကန် ခက်ထန်သည်၊ ဟောတိ၊ ဣတိ-ကား၊ အတ္ထော-တည်း။ ပူတိယောတိ-ကား၊ ကုထိတော-ပုပ်သော အနံ့ရှိသည်၊[ဘဝတိ၌ စပ်၊ကုထခာတ်သည် ပူတိအနက်ကို ဟော၏၊ ကုထိတောတိ ပူတိဂန္ဓော၊—မခု။]

အထဝါ၊ ပေ၊ ဝေ သဒ္ဓဿတ္ထေ။ ။ပြခဲ့သော အနက်ပေးပုံ၌ ဝါသဒ္ဓါက ဥပမာတ္ထ ဖြစ်လျှင် "ကဋ္ဌမုခေဝ"၌လည်း "ကဋ္ဌမုခဂတော ဝိယ"ဟု ဥပမာ အနက်ပင် ဖြစ်သော ကြောင့် "အထဝါ၊ ပေ၊ ဝေသဒ္ဓဿတ္ထေ" စသည်ဖြင့် မိန့်သည်။

အထဝါ အနိယမတ္ထော ဝါသဒ္ဓေါ။ ။ဒုတိယဝိကပ်၌လည်း ဝါသဒ္ဓါကို အခြားသော ပုဒ်နောက်သို့ရွှေ့၍ အနက်ပေးရသည့်အတွက် အပြစ်ရှိသေးသောကြောင့် "အထါဝ အနိယမတ္ထော ဝါသဒ္ဓေါ"စသည်ဖြင့် မိန့်ရပြန်သည်။

မဟာဝိကာရုနိဘူတာနီတိ-ကား၊ မဟာဝိကာရုနိ-ကြီးစွာသော ဖောက်ပြန်ခြင်းရှိကုန်သည်၊ (ဟုတ္ဟာ), ဇာတာနိ-ဖြစ်ကုန်သော ရုပ်တို့တည်း၊ ဝါ-တနည်း၊ ဝိဇ္ဇမာနာနိ-ထင်ရှားရှိသော ရုပ်တို့တည်း၊ ဣတိ အတ္ထော၊ စ-ဆက်၊ ဇတ္ထ-ဤ မဟာဝိကာရုနိ ဘူတာနိ ဟူသောပါဌ်၌၊ ပုရိမပဒေ-မဟာဝိကာရုနိ ဟူသော ရှေပုဒ်၌၊ ဥတ္တရပဒဿ-နောက်ပုဒ်ဖြစ်သော၊ ဝိကာရသဒ္ဒဿ-ဝိကာရသဒ္ဒါ၏၊ လောပံ-ကြေခြင်းကို၊ ကတ္ဟာ-၍၊ မဟာဘူတာနီတိ-မဟာဘူတာနိ ဟူ၍၊ ဝုတ္တာနိ-ဟောတော်မူအပ်ကုန်ပြီ။

ပထဝီတိ အာဒိနာ-ပထဝီ ဤသို့ အစရှိသည်ဖြင့်၊ သဗ္ဗလောကဿ-အလုံးစုံသော လူအပေါင်း၏ မျက်စိ၌၊ပါကဋာနိ-ထင် ရှားကုန်သည်၊ (သမာနိ)ပိ-နှ်သော်လည်း၊ ဝိပလ္လာသံ-ဖောက်ပြန်သော မိစ္ဆာအယူကို၊ [တကယ်မြေကြီးဟု ထင်မှတ်မှုကို၊] မုဥ္ဇိတ္ဟာ-လွှတ်၍၊ ယထာ သဘာဝတော - အကြင် အကြင် ဟုတ်မှန်သော သဘောအားဖြင့်၊ ပရိဂ္ဂယှမာနာနိ-ဉာဏ်ဖြင့် သိမ်းယူအပ်ကုန်လသော်၊မဟန္တေန-ကြီးစွာသော၊ဝါယာမေန-လုံ့လနှင့်၊ဝိနာ-၍၊နှ ပရိဂ္ဂယှန္တိ-မသိမ်းယူအပ်, မသိမ်းယူနိုင်ကုန်၊ ဣတိ-ကြောင့်၊ ပါကဋာနိ(သမာနာနိ)ပိ, ဒုဝိညေယျသဘာဝတ္တာ-ခဲယဉ်းသဖြင့် သိအပ်သော သဘော ရှိကုန်သည်၏ အဖြစ်ကြောင့်၊ (သဘောမှန်ကို သိနိုင်ခဲသည်၏ အဖြစ်ကြောင့်၊) မဟန္တာနီတိ-ဟူ၍၊ ဝုစ္စန္တိ။

ဟိ-မှန်၊ တာနိ-ထို မဟာဘုတ်တို့ကို၊ သုဝိညေယျာနိ-လွယ်ကူစွာ သိအပ်ပါကုန်၏၊ အမဟန္တာနိ-မကြီးကျယ်ပါကုန်၊ ဣတိ-သို့၊ ဂဟေတ္ဟာ-မှတ်ယူ၍၊ ဌိတော-တည်သူသည်၊ (မိမိကိုယ်ကို မိမိအထင်ကြီး၍ "မဟာဘုတ်တို့ကို သိဖို့ရန်မှာ လွယ်ကူပါ၏၊ မကြီးကျယ်ပါ"ဟု ယူဆသော ယောဂီပုဂ္ဂိုလ်သည်၊) တေသံ-ထို မဟာဘုတ်တို့၏၊ ဒုပ္ပရိဂ္ဂဟိတတံ-ခဲယဉ်းသဖြင့် သိမ်းယူအပ်ကုန်သည်၏ အဖြစ်ကို၊ ဒိသ္ဟာ-၍၊ တောနိ-ဤ မဟာဘုတ်တို့သည်၊ အဟော မဟန္တာနိ-သြ - ကြီးကျယ်ပါပေကုန်စွ၊ ဣတိ-သို့၊ ပဇာနာတိ-၏။

ဥပါဒါယာတိ ဇေတန-ဥပါဒါယ ဟူသော ဤပုဗ္ဗကာလကြိယာဝိသေသနဖြင့်၊ ဝိညာယမာနာ - သိအပ်သော၊ ပစ္ဆိမကာလကြိယာ - နောက် ဖြစ်သော ကာလကြိယာသည်၊ (အပရကာလကြိယာသည်၊) ပဝတ္တိ-ဖြစ်ခြင်း ကြိယာတည်း၊ ဣတိ ကတ္ဟာ-ဤအကြောင်းကြောင့်၊ ပဝတ္တရူပန္တိ-ဟူ၍၊ ဝုတ္တံ၊ ["ဥပါဒါယ-၍၊ ပဝတ္တံ-သော"ဟု ဥပါဒါယကို ပဝတ္တ၌ စပ်ပါ–ဟူလို။] ဟိ-လဒ္ဓဂုဏ်ကို ဆိုဦးအံ့၊ ဝေံ-ဤသို့ ပဝတ္တရူပံဟု ပဝတ္တသဒ္ဒါထည့်၍ ဆိုအပ်သော်၊ ဥပါဒါယာတိ ဇေတန-ပါဌ်ဖြင့်၊ ပဋိစ္စသမုပ္ပန္နတာ-အကြောင်းကိုစွဲ၍ဖြစ်သော ရုပ်တို့၏ အဖြစ်သည်၊ ဝါ-ကို၊ ဝုတ္တာ၊ ဣတိ-ဤသို့ မှတ်အပ်၏။ [ဤဝါကျ၏ အဓိပ္ပာယ်ကို အဋ္ဌကထာနိဿယ၌ ပြထားပြီ။]

အထဝါ–အင်္ဂကဓာနည်းမူ တနည်းကား၊ ဥပါဒါယတိ နိဿယတိ-မှီတတ်၏၊ ဤတိ-ကြောင့်၊ဥပါဒါယံ–မည်၏၊ [ဥပ+အာ ရွေးရှိသော ဒါဓာတ် ကတ္တားဟော ဏပစ္စည်း၊ အာကို အာယပြု၊] ဥပါဒါယမေဝ–မှီတတ်သည်သာလျှင်ဖြစ်သော၊ ရှုပံ - ရုပ်တည်း၊ ဥပါဒါယရှုပံ - မှီတတ်သည်သာလျှင် ဖြစ်သောရုပ်၊ [“ဧဝ”ဖြင့် မှီအပ်ကို ကန့်၊] ဧတံ - ဤ ဥပါဒါယရှုပံဟူသော သဒ္ဒါသည်၊ အညနိဿယဿာ- မိမိမှတပါး အခြားမဟာဘုတ်ဟူသော မှီရာရှိသော၊ ကေနစိနိဿိတဿာ - ကောန်မှီဘတ်သော်၊ [မဟာဘုတ်တို့ကဲ့သို့ “မှီတတ်,မှီအပ်” ၂-မျိုးမရပဲ မှီတတ်တမျိုးသာရသော၊] ရူပဿာ-ရုပ်ကို၊ အဓိဒေစနံ·ဟောသော သဒ္ဒါတည်း။

ပန-ဆက်၊ တံ-ထိုဥပါဒါယရုပ်ဟူသည်၊ သတ္တသဿတ္တဝါ၏၊နှ(ဥပါဒါယရှုပံ)–ဥပါဒါယရုပ်မဟုတ်၊ ဝေဒနာဒီနောပိ-ဝေဒနာ အစရှိသော နာမ်ခန္ဓာ ၄-ပါး၏လည်း၊ နှ (ဥပါဒါယရှုပံ)၊ ကသ္မာ - နည်း၊ တဒဘာဝေပိ-ထိုဝေဒနာအစရှိသည်တို့ မရှိပါသော်လည်း၊ ဘာဝတော - ဥပါဒါယရုပ်တို့၏ ဖြစ်ခြင်းကြောင့်တည်း၊ [နိဒ္ဒေသမာပတ်ဝင်စားခိုက်, အသညသတ်ဘုံ စသည်ဝယ် ဖြစ်ခိုက်နှင့်သက်မဲ့ရုပ်ဟူသမျှ၌ ဝေဒနာစသည်မရှိပါသော်လည်း ထိုဥပါဒါယရုပ်တို့က ဖြစ်ခြင်းကြောင့်တည်း။] ဤတိ-ဤအနက်ကို၊ ဒဿေတုံ–ဌ၊ စတုန်း၊ ပေ၊ အာဒိမာဟ၊[သတ္တဝါ၏ ဥပါဒါယရုပ်လည်းမဟုတ်, ဝေဒနာစသည်တို့၏ ဥပါဒါယရုပ်လည်း မဟုတ်၊ မဟာဘုတ် ၄-ပါးတို့၏ ဥပါဒါယရုပ် ဖြစ်သည်–ဟူလို။] ဟိ·မှန်၊ နိဿယရုပါနံ-မှီရာသဘောရှိသော ရုပ်တို့၏၊ သာမိဘာဝေါ·သာမီ၏အဖြစ်သည်၊ ဘဝတိ-၏၊ ဤတိ - ဤသို့ မှတ်အပ်၏။

ဘဝတိ ၊ဝေါ၊ ဘာဝေါ။ ။“စတုန်ခံ မဟာဘူတာနံ”အရ မဟာဘုတ် ၄-ပါးသည် ဥပါဒါယရုပ်တို့၏ မှီရာဖြစ်၏၊ မှီရာဆိုလျှင် အာဓာရ+အာဓေယ်အဖြစ်သာသင့်၍ သာမီအဖြစ်သည် မဖြစ်သင့်သည် မဟုတ်ပါလောဟု စောဒနာဖွယ်ရှိသောကြောင့် “ဘဝတိ ဟိ ၊ပေ၊ ဘာဝေါ”ဟု မိန့်သည်၊ မှီရာသဘောရှိသော အရာဝတ္ထုတို့၏ အာဓာရ+အာဓေယ်အဖြစ်ကို မဆိုလိုပဲ သံ+သာမိအဖြစ်ကို ဆိုလိုရာ၌ မှီရာသည်ပင် သာမီဖြစ်နိုင်ပါသည်–ဟူလို။

ဥပမာ – “ရုက္ခဿ + သာခါ – သစ်ပင်၏ + သစ်ခက်”ဟူရာ၌ကဲ့သို့တည်း၊ ဤ၌ သစ်ပင်ကို အာဓာရအဖြစ်ဖြင့် ဆိုလိုလျှင် “ရုက္ခေ+သာခါ”ဟု ဖြစ်နိုင်ပါလျက် ထိုသို့ မဆိုပဲ သာမိအဖြစ်ဖြင့် ဆိုလိုသောကြောင့် “ရုက္ခဿ သာခါ”ဟု ဖြစ်ရသကဲ့သို့တည်း။ [ဘဝတိ ဟိ၊ပေ၊ဘာဝေါတို့ အာဓာရာဓေယျ သမ္ဗန္ဓဝစနိစ္ဆာယ အဘာဝေ အာဓာရဘူတောပိ အတ္ထော သံသာမိသမ္ဗန္ဓ ဝစနိစ္ဆာယ သာမိဘာဝေန ဝုစ္စတိ၊ ယထာ “ရုက္ခဿ သာခါ”တိ အဓိပ္ပာယော၊–အနု။]

တိဝိရှေပသင်္ဂဟ အဖွင့်

ပကိဏ္ဏကဒုကေသု – ပကိဏ္ဏကဒုက်တို့တွင်၊ အဏ္ဏတ္တိကဒုကံ – အဏ္ဏတ္တိက ဒုက်ကို၊ မုဉ္ဇိတွာ-လွှတ်၍၊ အညော-အခြားသော၊ သဗ္ဗဒုကေဟိ- အလုံးစုံသော ဒုက်တို့နှင့်၊ တိကဝသေန - တိက်၏အဖြစ်ဖြင့်၊ ယောဇနံ - ယှဉ်စပ်အပ်သည်၏ အဖြစ်သို့၊ ဂစ္ဆန္တော - ရောက်သောဒုက်မည်သည်၊ နတ္ထိ၊ ဝိညတ္တိဒုကောစ– ဝိညတ္တိဒုက်သည်လည်း၊ ယောဇနံ - သို့၊ နဂစ္ဆတိ၊ ဣတိ - ကြောင့်၊ သဗ္ဗဒုက ယောဂီသု - အလုံးစုံသောဒုက်တို့နှင့် ယှဉ်ခြင်းရှိသောဒုက်တို့တွင်၊ အာဒိဘူတံ- အစဖြစ်၍ဖြစ်သော၊ အဏ္ဏတ္တိကဒုကမေဝ-ကိုသာ၊ ဂဟေတွာ-၍၊ သေသေဟိ– အဏ္ဏတ္တိကဒုက်မှ ကြွင်းကုန်သော၊ သဗ္ဗဒုကေဟိ - အလုံးစုံသော ဒုက်တို့နှင့်၊ ယောဇေတွာ-ယှဉ်စေ၍၊ တိကာ-တိက်တို့ကို၊ ဝုတ္တာ- ဟောတော်မူအပ်ကုန်ပြီ၊ [ပါဋ္ဌိတော်ကြည့်ပါ၊] ဟိ-မှန်၊ ဧတေနနယေန-ဤနည်းဖြင့်၊ (အဏ္ဏတ္တိကဒုက်ကို ကြွင်းသော အလုံးစုံသောဒုက်တို့နှင့် ယှဉ်စေ၍ တိက်ဖြစ်ပုံကို ဟောတော်မူအပ် သော ဤနည်းဖြင့်၊) အညေသံပိ - အဏ္ဏတ္တိကဒုက်မှ တပါးလည်းဖြစ်ကုန်သော၊ ဒုကာနံ - သြဋ္ဌာရိကစသော ဒုက်တို့၏၊ ဒုကန္တရေဟိ - တပါးသော ဒုက်တို့ဖြင့်၊ လဗ္ဘမာနာ-သော၊ တိကယောဇနာ-တိက်အဖြစ်ကို ယှဉ်စေခြင်းသည်၊ ဝါ-ကို၊ ဝိညာတုံ - ၄ါ၊ သက္ကာ၊ ဣတိ - ဤသို့ မှတ်အပ်၏။

စတုဗ္ဗိဓာဒိရှုပသင်္ဂဟ အဖွင့်

စတုက္ကေသု - စတုက္ကတို့၌၊ ဧကန္တစိတ္တ သမုဋ္ဌာနဿ-ဧကန် စိတ္တသမုဋ္ဌာန် ရှပ်၏၊ ဝိညတ္တိဒွယဘာဝတော - ဝိညတ်ဒွေး၏ အဖြစ်ကြောင့်၊ စိတ္တသမုဋ္ဌာန ဒုကော - စိတ္တသမုဋ္ဌာနဒုက်သည်၊ ဝိညတ္တိဒုကာဒီဟိ - ဝိညတ်ဒုက် အစရှိသည် တို့နှင့်၊ (အာဒိဖြင့် စိတ္တသဟဘုဒုက်, စိတ္တာနုပရိဝတ္တိဒုက်တို့ကို ယူ၊) သမာန ဂတိကော- တူသောအသွားရှိ၏၊ ဣတိ- ကြောင့်၊ တေန-ထို စိတ္တသမုဋ္ဌာနဒုက် နှင့်၊ သဟ, ဥပါဒါဒုကဿ - ဥပါဒါဒုက်ကို၊ ယောဇနာယ - ယှဉ်စေခြင်း၌၊ လဗ္ဘမာနောပိ - ရထိုက်ပါသော်လည်း၊ ဝါ - ရထိုက်သည်လည်း ဖြစ်သော၊ ["ယံတံ ရူပံ ဥပါဒါ၊ တံ အတ္ထိ စိတ္တသမုဋ္ဌာနံ၊ အတ္ထိ နစိတ္တသမုဋ္ဌာနံ၊ ယံတံ ရူပံ အနုပါဒါ၊ တံ အတ္ထိ စိတ္တသမုဋ္ဌာနံ၊ အတ္ထိ နစိတ္တသမုဋ္ဌာနံ" ဟု ရထိုက်သည် လည်းဖြစ်သော၊] စတုက္ကော - စတုက္ကကို၊ (ဘဂဝတာ) နဝုတ္တော၊ တထာ-တူ၊ သနိဒဿန ဒုကာဒီနံ - သနိဒဿနဒုက် အစရှိသည်တို့၏၊ [အာဒိဖြင့် သပ္ပဋိဃ, မဟာဘူတဒုက် စသည်တို့ကိုယူ၊] တေန-ထို စိတ္တသမုဋ္ဌာနဒုက်နှင့်လည်းကောင်း၊ တဿ- ထို စိတ္တသမုဋ္ဌာနဒုက်ကို၊ သြဋ္ဌာရိက ဒူရဒုကေဟိစ - သြဋ္ဌာရိကဒုက်, ဒူရဒုက်တို့နှင့်လည်းကောင်း၊ ယောဇနာယ-၌၊ လဗ္ဘမာနာ - ရထိုက်ကုန်သော စတုက္ကတို့ကို၊ နဝုတ္တာ၊ [ရထိုက်ပါလျက် ဟောတော်မမူခြင်း၌ အကြောင်း

ကို ရှာခြင်းဖြင့် အကျိုးမရှိပုံကို ပြလို၍ "ဓမ္မာနံ ဝါ" စသည်မိန့်။] ဝါ-တနည်း၊ ဓမ္မာနံ-ပရမတ္ထတရားတို့၏၊ သဘာဝကိစ္စာနိ-သဘော,ကိစ္စတို့ကိုလည်းကောင်း၊ ဗောဓေတဗ္ဗာကာရဥ-ဝေနေယျတို့ကို သိစေထိုက်သော အခြင်းအရာကိုလည်းကောင်း၊ [မရဉ် "ဗောဓေတဗ္ဗာနံ ပုဂ္ဂလာနံ အာကာရံ အဏ္ဍာသယံ" ဟုဖွင့်၏၊ ထိုအလို "သိစေထိုက်သောပုဂ္ဂိုလ်တို့၏ အခြင်းအရာဖြစ်သော အဏ္ဍာသယကို လည်းကောင်း" ဟု ပေး၊] ယာထာဝတော-မဖောက်မပြန် ဟုတ်မှန်သော အားဖြင့်၊ ဇာနန္တေန-သိတော်မူသော၊ ဘဂဝတာ-သည်၊ တေန-ထို ဝိညတ်ဒွေးနှင့်၊ အညေသံ-အခြားသော ဒုက်တို့ကိုလည်းကောင်း၊ တဿ-ထိုဝိညတ်ဒွေးကို၊ အညေဟိ စ-အခြားသော ဒုက်တို့နှင့်လည်းကောင်း၊ ယောဇနာ-ယှဉ်စေခြင်းကို၊ နကတာ-ပြုတော် မမူအပ်၊ ဣတိ-ကြောင့်၊ တ္ထေ-ဤသို့ယှဉ်စေမှုကို ပြုတော် မမူခြင်း၌၊ ကာရဏ ပရိယေသနာယ-အကြောင်းကိုရှာခြင်းဖြင့်၊ ကိံ-ဘယ်အကျိုးရှိအံ့နည်း၊ အဒ္ဓါ-မချတ်ဧကန်၊ သာ ယောဇနာ-ထို ယှဉ်စေခြင်းကို၊ (ယတော-ကြောင့်၊) နကာတဗ္ဗာ-မပြုထိုက်၊ တတော-ကြောင့်၊ ဘဂဝတာ နကတာ၊ ဣတိ ဝေဒိတဗ္ဗာ။ ["နကာတဗ္ဗာ ယတော" ၌ "နကာတဗ္ဗာ၊ တတော" ဟု ရှိလျှင် ကောင်း၏။]

ပန-ကား၊ အညေ-ဝိညတ္တိ ဒုက်အစရှိသော ဒုက်တို့မှ တပါးကုန်သော၊ ပကိဏ္ဏကဒုကာ-ပကိဏ္ဏကဒုက်တို့သည်၊ ဝါ-တို့ကို၊ အညေဟိ-အခြားကုန်သော၊ ပကိဏ္ဏကဒုကေဟိ-ဥပါဒိန္ဒ, အနုပါဒိန္ဒ အစရှိသော ပကိဏ္ဏကဒုက်တို့နှင့်၊ ယောဇေတုံ-ငှါ၊ ယုတ္တာ-သင့်ကုန်၏၊ တေဟိ-ထို ယှဉ်စေသင့်သောဒုက်တို့နှင့်၊ ယောဇိတာ ဧဝ-ယှဉ်စေအပ်ကုန်သည်သာ၊ ပန-ကား၊ ဝတ္ထုဒုကာဒီသု-ဝတ္ထုဒုက် အစရှိသည်တို့တွင်၊ သောတသမ္ဖဿာရမဏဒုကာဒယော-သောတသမ္ဖဿာရမဏဒုက် အစရှိသည်တို့ကို၊ ဝဇ္ဇေတွာ-၍၊ အညေဟိ-နှ်သော၊ အာရမဏ ၊ပေ၊ ဒုကေဟိ-အာရမဏဒုက်, ဗာဟိရာယတနဒုက် အစရှိသော ရထိုက်သောဒုက်တို့နှင့်၊ ဥပါဒိန္ဒကဒုကဿ-ဥပါဒိန္ဒက ဒုက်ကိုလည်းကောင်း၊ ဥပါဒိန္ဒုပါဒါနိယဒုကဿ စ ဥပါဒိန္ဒုပါဒါနိယဒုက်ကိုလည်းကောင်း၊ ယောဇနာယ-၌၊ စတုက္ကာ-စတုက္ကတို့ကို၊ လဗ္ဘန္တိ၊ စ-ဆက်၊ စိတ္တသမုဋ္ဌာနဒုကဿ-စိတ္တ

သောတသမ္ဖဿ၊ ပေ၊ လဗ္ဘန္တိ။ ။"သောတ သမ္ဖဿာရမဏ" ဟူသည် သဒ္ဒါရုံတည်း၊ ထိုသဒ္ဒါရုံက ဥပါဒိန္ဒမဟုတ်၊ ဧကန် အနုပါဒိန္ဒတည်း ထို့ကြောင့် "ယံ ရူပံ ဥပါဒိန္ဒံ၊ တံ အတ္ထိ သောတသမ္ဖသဿ အာရမဏံ၊ သောတသမ္ဖသဿ နအာရမဏံ" ဟု ဟောတော်မူခြင်းငှာ မတတ်ကောင်းသောကြောင့် ထို ဒုက်တို့ကို ကြဉ်ရ၏၊ အခြားသော ဒုက်တို့နှင့် ဥပါဒိန္ဒ အနုပါဒိန္ဒကဒုက်တို့ကို ယှဉ်စေရာ၌ စတုက္က ရကောင်း၏၊ သို့သော် မြတ်စွာဘုရားသည် ယှဉ်စေတော် မမူအပ်-ဟူလို။ [စတုက္ကာ လဗ္ဘန္တိတိ ဧတ္ထ တေ စတုက္ကာ လဗ္ဘမာနာပိ နယောဇိတာတိ အဓိပ္ပာယော၊—မရ။]

သမုဋ္ဌာနဒုက်၏ သဗ္ဗာရမဏ၊ပေ၊ဒုကေဟိ-သဗ္ဗာရမဏဒုက်, ဗာဟိရုယတနဒုက် အစရှိသော ရထိုက်သောဒုက်တို့နှင့်၊ (ယောဇနာယ စတုက္ကာ လဗ္ဘန္တိ၊) ပန-ကား၊အဝသေသေဟိ-အာရမဏ, ဗာဟိရုယတနအစရှိသော လဗ္ဘမာနဒုက်တို့မူ ကြွင်းသော ဒုက်တို့နှင့်၊ တေသံ-ထို ဥပါဒိန္နဒုက် ဥပါဒိန္နုပါဒါနိယဒုက်တို့ကို လည်းထောင်း၊အညေသံ-အခြားသော ဥပါဒါဒုက်အစရှိသည်တို့ကို၊ သဗ္ဗဝတ္ထု ဒုကာဒီဟိစ- သဗ္ဗဝတ္ထုဒုက် အစရှိသည်တို့နှင့်လည်းကောင်း၊ ယောဇနာယ (စတုက္ကာ) နလဗ္ဘန္တိတိ ဝေဒိတဗ္ဗာ။ ။ဥဒ္ဒေသဝဏ္ဏနာ-သည်၊ နိဋ္ဌိတာ။

ကေကနိဒ္ဒေသအဖွင့်

[အဘယ်ကြောင့် မြတ်စွာဘုရားသည် "သဗ္ဗံ ရူပံ နဟေတုမေဝ"ဟု ဝေသဒ္ဒါဖြင့် ဟောတော်မူပါသနည်း ဟု မေးဖွယ်ရှိသောကြောင့် "အဝိဇ္ဇမာနဝိဘာဂဿ"စသည် မိန့်။] အဝိဇ္ဇမာနဝိဘာဂဿ-ထင်ရှား မရှိသော ဝိဘာဂရှိသော ရုပ်ကို၊(အကျယ်ဝေဖန်၍ မရကောင်းသော ရုပ်ကို၊) ဝိဘာဂါဘာဝဒဿနမေဝ-ဝေဖန်အပ်သောအပြား၏မရှိခြင်းကို ပြခြင်းသည်ပင်၊ နိဒ္ဒေသော-အကျယ် ညွှန်ပြခြင်း မည်၏၊ (ကသ္မာ-နည်း၊) နိစ္ဆယကရဏတော-ဝေဖန်စရာ မရှိဟု ဆုံးဖြတ်မှုကို ပြုနိုင်ခြင်းကြောင့်တည်း၊ တသ္မာ, သဗ္ဗံ ၊ပေ၊ အာဒိနာ-ပါဌ်ဖြင့်၊ ဝိဘာဂါဘာဝါဝဓာရဏေန-ဝေဖန်အပ်သောအပြား၏ မရှိခြင်းကို ပိုင်းခြားသတ်မှတ် ဆုံးဖြတ်တတ်သော၊ ဝေသဒ္ဒေန-ဝေသဒ္ဒါဖြင့်၊ နိဒ္ဒေသံ-အကျယ်ညွှန်ပြခြင်းကို၊ (ဘဂဝါ)ကရောတိ။

ဟေတုဟေတူတိ(ပဒဿ)-၏၊ မူလဟေတု-မူလဖြစ်သော ဟိတ်၊ (ဣတိ အယံ အတ္ထောဝါ-ဤအနက်သည်လည်းကောင်း၊)ဟေတုပစ္စယဟေတု-ဟေတုပစ္စည်းဖြစ်သော ဟိတ်၊ ဣတိ အယံ အတ္ထော ဝါ-သည်လည်းကောင်း၊ (ဟောတိ၊)မဟာဘူတာဟေတူတိ-ဟူသော၊အယမေဝ တ္ထော-ဤအနက်ကိုပင်၊ မဟာဘူတာပစ္စယာတိ ဧတေန-ဟူသော ဤပါဌ်ဖြင့်လည်း၊ ဝုတ္တော၊ ဣတိ-ဤသို့ မှတ်အပ်၏၊ (ကသ္မာ-နည်း၊) ဟေတုပစ္စယသဒ္ဒါနံ-ဟေတုသဒ္ဒါ, ပစ္စယသဒ္ဒါတို့၏၊သမာနတ္ထတ္တာ-တူသော အနက်ရှိကုန်သည် အဖြစ်ကြောင့်တည်း၊ ပစ္စယောဝေ - အကြောင်းသည်ပင်၊ ဟေတု - ဟိတ်တည်း၊ ပစ္စယဟေတု-အကြောင်းသည်ပင် ဟိတ်။

စ - ဆက်၊ ယော - အကြင် မဟာဘုတ်သည်၊ ရူပက္ခန္ဓဿ - ရူပက္ခန္ဓာ၏၊ ဟေတု-အကြောင်းတည်း၊ သော ဝေ-ထို မဟာဘုတ်သည်ပင်၊ တဿ-ထို ရူပက္ခန္ဓာကို၊ ပညာပနာယ-ပညတ်ခြင်းငှာ၊ ဟေတု-အကြောင်းတည်း၊ ဣတိ-သို့၊ ဝုတ္တော၊ (ကသ္မာ-နည်း၊) တဒဘာဝေ-ထို မဟာဘုတ်တည်းဟူသော အကြောင်းမရှိလသော်၊အဘာဝတော-ရူပက္ခန္ဓာ၏ မရှိခြင်းကြောင့်တည်း။

အတီတာနာဂတပစ္စုပ္ပန္နာနံ - အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော၊ ကမ္မသမာဒါနာနံ - ဆောက်တည်အပ်သော ကံတို့၏၊ ဌာနသော - အကျိုး၏ တည်ရာ အကြောင်းအား၊ဖြင့်၊ ဟေတုသော- အကျိုး၏ဖြစ်ကြောင်းအား၊ဖြင့်၊ ဝိပါကံ-အကျိုးကို၊(ပဇာနာတိ၊)ဣတိ ဇတ္ထ-ဤသို့ အကျိုးပေးရာ၌၊အညေသု-ကံမှ အခြားကုန်သော၊ ပစ္စယေသု-အဝိဇ္ဇာတဏှာစသော အကြောင်းတို့သည်၊ ဝိဇ္ဇမာနေသုပိ - နိသေစ်လည်း၊ ဣဋ္ဌာ၊ပေ၊နိယာမကတ္တာ - ဣဋ္ဌ အကျိုး,အနိဋ္ဌ အကျိုးကို သတ်မှတ်တတ်သည်၏ အဖြစ်ကြောင့်၊ ဥတ္တမံ ပဓာနံ-ပြဋ္ဌန်းသော၊ ကုသလာကုသလံ-ကုသိုလ်,အကုသိုလ်ကိုလည်းကောင်း၊(ဟေတူတိ ဝုတ္တံ၌စပ်) ကမ္မမိဝ-ကံကဲ့သို့၊ ပဓာနတ္တာ - ပြဓာန်းသည်၏ အဖြစ်ကြောင့်၊ ဂတိ ၊ပေ၊ နိပ္ပါဒိတံ- ဂတိ,ဥပဓိ,ကာလ,ပယောဂတို့၏ ပြည့်စုံခြင်း,ပျက်စီးခြင်းဟူသော အကြောင်းသည် ဖြစ်စေအပ်သော၊ ဣဋ္ဌာနိဋ္ဌာရမဏဥ့- ဣဋ္ဌာရုံ,အနိဋ္ဌာရုံကို လည်းကောင်း၊ ဟေတူတိ-ဟေတူဟူ၍၊ ဝုတ္တံ၊ ဣတိဣမိနာ အဓိပ္ပာယေန-ဤသို့သော အလိုဖြင့်၊ ကမ္မာရမဏာနိ- ကံ,အာရုံတို့ကို၊ ဥတ္တမဟေတူတိ-တို့ ဟူ၍၊ ဝါ-ပဓာနအကြောင်းတို့ဟူ၍၊ ဝုတ္တာနိ-နိပြီ။

စ-သာဓကကား၊ ဂတိ၊ပေ၊ဟေတူတိ-ဟူ၍၊ ဝက္ခတိ-ဟောတော်မူလတ္တံ့၊ (ဉာဏဝိဘင်းပါဠိတော်၌ ဟောတော်မူလတ္တံ့၊) ဣဓပန- ဤ ရူပကဏ္ဍ၌ကား၊ ကမ္မမိဝ-ကံကဲ့သို့၊ ဥတ္တမတ္တာ-ပဓာန အကြောင်း၏ အဖြစ်ကြောင့်၊အာရမဏံပိ အာရုံသည်လည်း၊ ဟေတုဝစနံ - ဟေတုသဒ္ဒါကို၊ အရဟတိ - ထိုက်၏၊ ဣတိ-ကြောင့်၊ ဥတ္တမဟေတူတိ - ဟူ၍၊ ဝုတ္တံ။

သခ်ါရာနန္ဆိ-ကား၊ ပုညာဘိသခ်ါရာဒီနံ-တို့၏၊ အဝိဇ္ဇာ-ကို၊ သာဓာရဏ ပစ္စယတ္တာ-ဆက်ဆံသောအကြောင်း၏အဖြစ်ကြောင့်၊ ဟေတူတိ-ဟူ၍၊ ဝုတ္တာ၊ ဖရတီတိ-ကား၊ ဂစ္ဆတိ-ရောက်၏၊ပါပုဏာတိ-ရောက်၏၊[ဂစ္ဆတိကို "သွား၏" ဟု ပေးမည်စိုး၍ "ပါပုဏာတိ" ဟု ထပ်ဖွင့်သည်။]

ဂတိ၊ပေ၊နိပ္ပါဒိတံ။ ။ဂတိ, ဥပဓိ, ကာလ, ပယောဂတို့သည် သမ္ပတ္တိဆိုက်နေသောအခါ ဣဋ္ဌာရုံတို့ကို များစွာတွေ့ရ၏၊ ဝိပတ္တိ (ချို့ယွင်း) နေသောအခါ အနိဋ္ဌာရုံတို့ကိုများစွာတွေ့ရ၏၊ထို့ကြောင့် "ဂတိ၊ပေ၊ နိပ္ပါဒိတံ ဣဋ္ဌာနိဋ္ဌာရမဏဥ့" ဟုဆိုသည်၊ စဖြင့် ရှေ့ဝါကျ၌ ကုသလာကုသလံကို ပေါင်းပါ၊ အကျိုးပေးရာ၌ ကုသိုလ်,အကုသိုလ်တို့သာ ပဓာနဖြစ်သည် မဟုတ်သေး, ဤ အာရုံများလည်း (မိမိတို့နှင့်ကင်း၍ မဖြစ်နိုင်သောကြောင့်) ပဓာန ဖြစ်ကြသည်-ဟူလို၊ [သမ္ပတ္တိစ- ပြည့်စုံခြင်းလည်း၊ ဝိပတ္တိစ-ပျက်စီးခြင်း(ချို့ယွင်းခြင်း)လည်း၊ သမ္ပတ္တိ ဝိပတ္တိယော-တို့၊ ဂတိ ၊ပေ၊ ပယောဂါနံ+ သမ္ပတ္တိ ဝိပတ္တိယော ဂတိ၊ပေ၊ဝိပတ္တိယော၊ တာဧဝ-ထို ဂတိ ဥပဓိ ကာလ ပယောဂတို့၏ သမ္ပတ္တိ ဝိပတ္တိတို့သည်ပင် + ဌာနံ - တည်ရာအကြောင်းတည်း၊ ဂတိ ၊ပေ၊ ဌာနံ၊ ဂတိ၊ပေ၊ဌာနေန+နိပ္ပါဒိတံ ဂတိ၊ပေ၊ နိပ္ပါဒိတံ။]

ပဋိက္ကေပနိဒ္ဒေသောတိက္ကဒံ·စကားကို၊ မာတိကာယ-၌၊ (တိက ဒုကမာတိကာ၌၊) ဆာဂတပဋိက္ကေပဝသေန - လာသောဟိတ် စသည်ကို ပယ်ခြင်း၏ အစွမ်းအားဖြင့်၊ ဝုတ္တံ - ဆိုအပ်ပြီ၊ ဇ္ဈဓာန-ဤ ရှုကကဏ္ဍ၌ကား၊ မာတိကာယ-၌၊ ရုပက္ခန္ဓ-၏၊ နဟေတုကဒုဟေတုကပဋိသန္ဓိဝသေန - ကာမဘုံ၌ ဖြစ်သော အစရှိသည်တို့ဖြင့် သိမ်းယူအပ်သည်၏အဖြစ်ကိုလည်း၊ဝုတ္တာ·ဟောဒေတာ်မူအပ်ပြီ၊(ဂဟဿာ·နည်း၊)ရုပသဒ္ဒ၏၊ တံတံသဘာဝတော - ထိုထို သဘောရှိသည်၏ အဖြစ်ကြောင့်တည်း၊ အဝဓာရိတတာစ - ဝေဖြင့် ပိုင်းခြားသတ်မှတ်အပ်သည်၏ အဖြစ်ကိုလည်း၊ (ဝုတ္တာ၊) (ကဲသွာ·နည်း၊)အနညသဘာဝတော - နဟေတုသဘောမှ တပါး သော သဘောမရှိသည်၏အဖြစ်ကြောင့်တည်း။

ရူပီဒုကေ - ရူပီဒုက်၌၊ ရူပီပဒမေဝ - ရူပီပုဒ်ကိုပင်၊ ဣဓ - ဤ ရူပကဏ္ဍပါဠိတော်၌၊ ရူပန္တိ·ဟူ၍၊ ဝုတ္တံ·ဟောတော်မူအပ်ပြီ၊ တေန·ကြောင့်၊ ရူပီ ရူပပဒါနံ·ရူပီပုဒ်, ရူပပုဒ်တို့၏၊ ဧကတ္ထတာ-တူသောအနက် ရှိသည်၏အဖြစ်သည်၊ သိဒ္ဓါ·ပြီးသည်၊ ဟောတိ၊ (ကဲသွာ·နည်း၊) ရူပွနလက္ခဏယုတ္တဿေဝ - ဖောက်ပြန်ခြင်းလက္ခဏာနှင့်ယှဉ်သောရုပ်၏သာ၊ ရူပီ ရူပဘာဝတော- ရူပီမည်သည်၏ အဖြစ်, ရူပမည်သည်၏ အဖြစ်ကြောင့်တည်း။

ဥပ္ပန္နံ၊ပေ၊ဝိညေယျန္တိ - ဟူသော ပါဠိတော်ပါဠ်ဖြင့်၊ အရူပဓတာ·နာမ်မူ၊ ဝိဓုရံ - ပြောင်းပြန်ဖြစ်သော၊ ဝါ - ဆန့်ကျင်ဘက်ဖြစ်သော၊ ရူပသဒ္ဒ·ရုပ်၏၊ သဘာဝံ - သဘောကို၊ ဒဿေတိ၊ (ကသွာ၊ပေ၊ဒဿေတိ၊ ဣတိ ဝိညာယတိ၊) ဟိ(ယသွာ)၊ ဥပ္ပန္နံ-ခဏတ္တယသို့ ရောက်ဆဲဖြစ်သော၊ ဝါ·ပစ္စုပ္ပန်ဖြစ်သော၊ အရူပံ - နာမ်ကို၊ ရူပံယထာ - ရုပ်ကဲ့သို့၊ ဆဟိ ဝိညာဏေဟိ - ၆-ပါးသော ဝိညာဏ်တို့သည်၊ နံ ဝိညေယျံ·မသိထိုက်၊ (တသွာ အရူပတော ၊ပေ၊ဒဿေတိ၊

ပဋိက္ကေပ၊ပေ၊ဝုတ္တံ။ ။ဒုကမာတိကာ၌"ဟေတူ ဓမ္မာ,နဟေတူ ဓမ္မာ"စသည်ဖြင့် တွဲဘက်ရှိရကား "နဟေတုဧဝ" စသည်ဖြင့် ပယ်သောသဒ္ဒါသည် ဒုကမာတိကာ၌ လာသော ဟေတုစသည်ကို ပယ်သောသဒ္ဒါဖြစ်၏၊ ထို့ကြောင့် "ပဋိက္ခေပ နိဒ္ဒေသော" ဟူသောစကားကို မာတိကာ၌လာသော တွဲဘက် အနက်များကို ပယ်ခြင်းကို ညွှန်ပြသော သဒ္ဒါအဖြစ်ဖြင့် ဆိုအပ်သည်။

ဇ္ဈဓ ပေ၊အနညသဘာဝတော။ ။ဤရူပကဏ္ဍအတွက်ကား ထိုကဲ့သို့ ပယ်စရာ တွဲဘက် မပါသောကြောင့် "နဟေတုပုဒ်, ဟေတုဝိပ္ပယုတ္တပုဒ်" စသောပုဒ်တို့ဖြင့် ရုပ်တရားကို သိမ်းယူထားပုံကိုသာ ဟောပြတော်မူ၏၊ ဘာ့ကြောင့်နည်း-ထိုရုပ်တို့မှာ ဟိတ်မဟုတ်သော သဘော, ဟိတ်နှင့်မယှဉ်သောသဘော ရှိသောကြောင့်တည်း၊ "နဟေတုမေဝ"ဟူဝေသဒ္ဒါဖြင့် သတ်မှတ်ခြင်းကား နဟေတုသဘောမှတပါး အခြား ဟေတုသဘောမရှိ, ဟေတုဝိပ္ပယုတ္တသဘောမှတပါး အခြား (ဟေတုသမ္ပယုတ္တ) သဘောမရှိဟု အခြားသဘောကို တားမြစ်လိုသောကြောင့် ဖြစ်သည်။

ဣတိ ဝိညာယတိ၊) တေန-ထိုသို့ ပြသဖြင့်၊ ဥပ္ပန္နံ-သော၊ ရူပံ-ကို၊ ဆဟိ ဝိညာဏေဟိ-တို့သည်၊ ဝိညေယျံ၊ အရူပံ-နာမ်ကို၊ န (ဝိညေယျံ၊) ဣတိ-သို့၊ အရူပတော-နာမ်မှ၊ နိဝတ္တေတွာ-ရုပ်ကို နစ်စေ၍၊ ဝါ-ခွဲခြား၍၊ [မေ့၌ အရူပတောကို "အရူပံ"ဟု ဖွင့်၏၊ အပါဒါန်လည်း သင့်သည်သာ၊]ရူပေဝေ-ရုပ်၌သာ၊ တေံ သဘာဝံ-ဤ ဆဝိညာဏ ဝိညေယျ သဘောကို၊ နိယမေတိ-သတ်မှတ်၏၊ ရူပံ-ကို၊ တေသို့ သဘာဝေ-ဤ ဆဝိညာဏ ဝိညေယျသဘော၌၊ န(နိယမေတိ၊) (ကသ္မာ ရူပံ တေသို့ သဘာဝေ န နိယမေတိ၊)ဟိ(ယသ္မာ)၊ ရူပံ-ရုပ်သည်၊ အတီတာနာဂတံ-အတိတ်, အနာဂတ်ရုပ်သည်လည်း၊ အတ္ထိ၊ ဥပ္ပန္နံ-သော၊ ယုံ-အကြင်ရုပ်သည်၊ ဆဟိ ဝိညာဏေဟိ-တို့သည်၊ ဝိညေယျ သဘာဝံ-သိထိုက်သော သဘောရှိသည်၊ န ဟောတိ၊ (တံ စ-ထိုရုပ်သည်လည်း၊ အတ္ထိ၊) ဣတိ-ကြောင့်း (ရူပံ-ရုပ်ကို၊ တေသို့ သဘာဝေ-ဤ ဆဝိညာဏ ဝိညေယျသဘော၌၊ န နိယမေတိ။)

စ-ဆက်၊ တေမေဝ ဤနိယမံ-နိယမကိုပင်၊ ပုန-တဖန်၊ ဝေသဒ္ဒေန-ဖြင့်၊ နိယမေတိ-သတ်မှတ်၏၊ (ကိုံ-နည်း၊) ယထာဝုတ္တော-အကြင် အကြင် ဆိုအပ်ပြီးသော၊ နိယမော-သတ်မှတ်ခြင်းသည်၊ ရူပေ-ရုပ်၌၊ အတ္ထိဝေ-ရှိသည်သာ၊ အရူပေ ဝိယ-နာမ်၌ ကဲ့သို့၊ နတ္ထိ-မရှိသည်ကား၊ န-မဟုတ်၊ ဣတိ - သို့၊ (နိယမေတိ။)

တေန၊ပေ၊သဘာဝေ။ ။တေနကို နိယမေတိ၌ စပ်၊ထိုသို့ပြသဖြင့် "ပစ္စုပ္ပန်ရုပ်ကို ဆဝိညာဏတို့သည် သိထိုက်၏, နာမ်ကို ဆဝိညာဏတို့ မသိထိုက်"ဟု နာမ်တရားမှ ခွဲခြား၍ ရုပ်၌သာ ဤဆဝိညာဏ ဝိညေယျ သဘောကို သတ်မှတ်၏၊ "ရုပ်မှန်လျှင် ဆဝိညာဏ ဝိညေယျသဘော ရှိသည်"ဟု ရုပ်ကို ဤဆဝိညာဏ ဝိညေယျ သဘော၌ သတ်မှတ်သည် မဟုတ်။

အတ္ထိ ဟိ၊ပေ၊ နံ ဟောတိတိ။ ။"ဘာ့ကြောင် ရုပ်ကို ဆဝိညာဏ ဝိညေယျ သဘော၌ မသတ်မှတ်သနည်း"ဟု မေးဖွယ်ရှိ၍ "အတ္ထိဟိ"စသည် မိန့်၊ ရုပ်သည် အတိတ်ရုပ် အနာဂတ်ရုပ်ဟု ရှိ၏၊ ထိုရုပ်များကို စက္ခုဝိညာဏ်စသော ပဉ္စဝိညာဏ်တို့က မသိနိုင်၊ ပဉ္စာရုံမှတပါးသော အခြားသော ရုပ်များလည်း ပစ္စုပ္ပန် ဖြစ်စေကာမူ ပဉ္စဝိညာဏ်တို့က မသိနိုင်၊ ထို့ကြောင့် "ရုပ်မှန်လျှင် ဤဆဝိညာဏ ဝိညေယျသဘော ရှိ၏"ဟု သတ်မှတ်၍ မဖြစ်။

တေမေဝ စ၊ပေ၊ နတ္ထိတိ။ ။"ဆဟိ ဝိညာဏေဟိ ဝိညေယျ"ဟု သတ်မှတ် အပ်ပြီး ရုပ်ကိုပင် ပါဠိတော်၌ "ဝိညေယျမေဝ"ဟု ဝေဖြင့် ထပ်၍ သတ်မှတ်ခြင်းကို "ပုန ဝေ သဒ္ဒေန နိယမေတိ"ဟု ဆိုသည်၊ ဆိုအပ်ပြီးသော ဆဝိညာဏ ဝိညေယျ သဘောသည် ရုပ်၌ ဧကန်ရှိ၏၊ နာမ်၌ကဲ့သို့ ဧကန် မရှိမဟုတ်-ဟူလို။ [ယထာဝုတ္တော နိယမောတိ-ဥပ္ပန္နဘာဝေ သတိ ဆဟိ ဝိညာဏေဟိ ဝိညေယျဘာဝေါ နိယန္တဗ္ဗတာယ (သတ်မှတ်ထိုက်သည်၏ အဖြစ်ကြောင့်) နိယမောတိ ဝုတ္တော၊-အနူ။]

အထဝါ-ကား၊ သဗ္ဗံ ရူပန္ဆိ-ဟူ၍၊ ဘူတုပါဒါယရူပံ-ဘူတရုပ်, ဥပါဒါရုပ်ကို၊ ကာလဘေဒံ-ကာလအပြားကို၊ အနာမသိတ္ဌာ-မသုံးသပ်မူ၍၊ သဗ္ဗန္ဆိ ဟူ၍၊ ဝုတ္တံ၊ တံ သဗ္ဗံ-ထိုအလုံးစုံသော ရုပ်ကို၊ အရူပေဟိ-နာမ်တို့နှင့်၊ သမာန ဝိညေယျ သဘာဝံ-တူသော သိထိုက်သော သဘောရှိသော၊ အတီတာနာဂတံ-အတိတ်ရုပ်, အနာဂတ်ရုပ်ကို၊ နိဝတ္တေတုံ-ငှာ၊ ဥပ္ပန္နန္ဆိ ဧကေန-ဥပ္ပန္နံဟူသော ဤပါဌိဖြင့်၊ ဝိသေသေတိ-အထူးပြုတော်မူ၏၊ ဥပ္ပန္နံ-သော၊ သဗ္ဗံ-သော၊ တံ ရူပံ-ကို၊ ဆဟိ ဝိညာဏေဟိ-တို့သည်၊ ဝိညေယျမေဝ၊ ဣတိ အတ္ထော-နက်၊ ဧဝံ-ဤသို့ ဖြစ်လျှင်၊ (ပစ္စုပ္ပန်ရုပ် မှန်သမျှ ဆဝိညာဏ ဝိညေယျဖြစ်လျှင်၊) ရူပါယတနဿပိ-ရူပါရုံ၏လည်း၊ သောတဝိညာဏာဒီဟိ-တို့သည်၊ ဝိညေယျတာ-သိထိုက်သည်၏ အဖြစ်သည်၊ အာပဇ္ဇတိ နနု-ဖြစ်သည် မဟုတ်လော၊ ဣတိ-ဤတား စောဒနာတည်း၊ နာပဇ္ဇတိ-မဖြစ်- (ကသ္မာ-နည်း၊) ရူပံ-ကို၊ သဗ္ဗံ-အလုံးစုံကို၊ သမ္ပိဏ္ဍေတ္ဌာ-ပေါင်းပြီး၍၊ ဧကန္တ၊ပေ၊ ဝသေန-ဧကန် လက္ခဏာကို ပြခြင်း၏ အစွမ်းဖြင့်၊ ဧကီဘာဝေန-တခုတည်း အဖြစ်ဖြင့်၊ ဂဟေတ္ဌာ-ယူ၍၊ (ဒဿနတော၌ စပ်၊) အရူပတော-မူ၊ ဝိဓုရဿ-သော၊ ဆဟိ ဝိညာဏေဟိ-တို့သည်၊ ဝိညေယျသဘာဝဿ - သိထိုက်သော သဘောကို၊ ဒဿနတော-ပြခြင်းကြောင့်တည်း။

အထဝါ။ ။ပြခဲ့သောနည်းသည် အဋ္ဌကထာနည်း မဟုတ် မိမိနည်းပင်တည်း၊ သို့သော် တနည်းပြပြန်လို၍ "အထဝါ"စသည်ကို မိန့်သည်၊ ဤနည်း၌ "သဗ္ဗံ ရူပံ" ဟူသော မူလပုဒ်နှင့်တွဲ၍ အဓိပ္ပာယ် ပြသည်၊ ဆိုလိုရင်းကား—"သဗ္ဗံ ရူပံ"အရ ကာလ ၃ ပါးနှင့်ဆိုင်သော ဘူတရုပ်, ဥပါဒါရုပ် အားလုံးကိုရသောကြောင့် ထိုအားလုံးသည် နာမ်တရားကဲ့သို့ မနောဝိညေယျချင်း တူနေရကား အတိတ် အနာဂတ်ရုပ်များကို တားမြစ်၍ ဆဝိညာဏ ဝိညေယျရုပ်ကိုသာ ယူစေလိုသောကြောင့် "ဥပ္ပန္နံ (ပစ္စုပ္ပန်)" ဟု ဝိသေသန ပြုတော်မူသည်-ဟူလို။

နနု၊ပေ၊ အာပဇ္ဇတိတိ။ ။["ဧဝံ"သည် အခြားနေရာ၌ "ဧဝံ သန္တေ"နှင့် သဘောတူ၏၊] ပစ္စုပ္ပန်ဖြစ်သော ထိုရုပ်အားလုံးသည် ဆဝိညာဏ ဝိညေယျဖြစ်လျှင် ပစ္စုပ္ပန်ရူပါရုံလည်း သောတဝိညာဏ်စသော ဝိညာဏ်တို့သည် သိထိုက်သော ရုပ်အဖြစ်သို့ ရောက်ရာသည်မဟုတ်လော၊ ထို့အတူ ပစ္စုပ္ပန်သဒ္ဒါရုံလည်း စက္ခုဝိညာဏ်စသော ဝိညာဏ်တို့ သိထိုက်သော ရုပ်အဖြစ်သို့ ရောက်ရာသည် မဟုတ်လော၊ ဤသို့စသည်ဖြင့် စောဒနာသည်။

နာပဇ္ဇတိ၊ပေ၊ ဒဿနတော။ ။စောဒကတင်တိုင်းသော အပြစ် မရောက်ပါ၊ ဘာ့ကြောင့်နည်း—"ရူပံ သဗ္ဗံ သမ္ပိဏ္ဍေတ္ဌာ (ရုပ်ကို အားလုံးပေါင်းကာ "သဗ္ဗံ ရူပံ" ဟု ဟောတော်မူပြီးလျှင် ဧကန္တလက္ခဏ ဒဿနဝသေန ဧကီဘာဝေန ဂဟေတ္ဌာ ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျံဟု ပစ္စုပ္ပန်ရုပ်၏ ဆဝိညာဏ ဝိညေယျဖြစ်သော ဧကန် လက္ခဏာကိုပြသောအားဖြင့် တပေါင်းတည်း ယူ၍) အရူပတော ဝိဓုရဿ ဆဟိ

ပန - ဆက်၊ ပစ္စုပ္ပန္နရူပမေဝ - ပစ္စုပ္ပန်ရုပ်ကိုသာ၊ ဆဟိ ဝိညာဏေဟိ-တို့သည်၊ ဝိညေယျံ၊ ဣတိ-သို့၊ တေသို့ နိယမေ-ဤ သတ်မှတ်ခြင်းသည်၊ (သတိရှိလသော်၊) သဗ္ဗံ ရူပန္တိတ္ထေ-သဗ္ဗံ ရူပံဟူသော ဤစကားရပ်၌၊ အယံ ဝိညေယျဘာဝနိယမော - ဤ သိထိုက်သည်၏အဖြစ်၌ သတ်မှတ်ခြင်းကို၊ နဝုတ္တော-ဟောတော်မမူအပ်၊ ဝါ - ဟောတော်မူအပ်ရာ မရောက်၊ အထခေါ-စင်စစ်ကား၊ ပစ္စုပ္ပန္နန္တိ (တ္ထေ) - ဟူသော ဤစကားရပ်၌၊ (အယံ ဝိညေယျဘာဝနိယမော-ကို၊ ဝုတ္တော-ဟောတော်မူအပ်ပြီ၊ ဝါ-ဟောတော်မူအပ်ရာ ရောက်၏၊) ဣတိ- ကြောင့်၊ သဗ္ဗရူပဿ- အလုံးစုံသောရုပ်၏၊ ကေန္ဆလက္ခဏနိယမော-ကေန် လက္ခဏာကို သတ်မှတ်ခြင်းသည်၊ ဝါ-ကို၊ ဒဿိတော-ပြအပ်သည်၊ နသိယာ-မဖြစ်ရာ၊ ပါဋ္ဌိယဋ္ဌ- ပါဋ္ဌိတော်၌လည်း၊ ဝိညေယျမေဝါတိ- ဟူ၍၊ ဝေ

ဝိညာဏေဟိ ဝိညေယျသဘာဝဿ ဒဿနတော (နာမ်းတရားမှ ဆန့်ကျင်သော ဆဝိညာဏ ဝိညေယျသဘောကို ပြခြင်းကြောင့်တည်း)၊

ဆိုလိုရင်းကား....နာမ်တရား၌ ပဋ္ဌဝိညာဏ်ဖြင့် သိထိုက်သောသဘော မရှိ၊ ထို့ကြောင့် "ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျံ"ဖြင့် ထိုနာမ်တရားမှ ဆန့်ကျင်သော သဘောကိုသာ တပေါင်းတည်းပြခြင်းဖြစ်သည်၊ "ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျံ" ဟု ဟောတော်မူသောကြောင့် "ပစ္စုပ္ပန်ရူပါရုံကို သောတဝိညာဏ် စသည်တို့လည်း သိထိုက်၏"ဟု အဓိပ္ပာယ်မမှတ်ရပါ, "ပစ္စုပ္ပန်ရူပါရုံကို စက္ခုဝိညာဏ်သာသိထိုက်၏" စသည်ဖြင့် ကိုယ့်အာရုံနှင့် ကိုယ့်ဝိညာဏ်ကို တွဲ၍မှတ်ရမည်ဖြစ်သောကြောင့် စောဒက တင်အပ်သောအပြစ် မဖြစ်ပါ-ဟူလို။

ပစ္စုပ္ပန္နရူပမေဝ။ ။ဤမှနောက်၌ စကားစုသည် အဌကထာကို အပြစ်ပြသော စကားများတည်း၊ အဌကထာ၌"ဥပ္ပန္နံ"ကို "ပစ္စုပ္ပန္နမေဝ"ဟု ဝေထည့်၍ ဖွင့်ထား၏၊ ထို အဖွင့်အတိုင်း ပစ္စုပ္ပန်ရုပ်ကိုသာ ဆဝိညာဏဝိညေယျ ဖြစ်သည်ဟု နိယမပြုလျှင် ဥပ္ပန္နံ၏ ရှေ့ကလိုက်လာသော "သဗ္ဗံရူပံ=ရုပ်အားလုံး၏ သိထိုက်သည်၏ အဖြစ်ဝယ် နိယမကို ဟောတော်မမူအပ်၊ အထခေါ ပစ္စုပ္ပန္နံ-စင်စစ်ကား ပစ္စုပ္ပန်ရုပ် တစိတ်၏သာ သိထိုက်သည်၏ အဖြစ်၌ နိယမကို ဟောတော်မူအပ်ရာ ရောက်၏၊ ["အထဝါ"ဟု အချို့စာရှိ၏၊ "အထခေါ"ဟု ရှိသောစာက ကောင်း၏၊ "ပစ္စုပ္ပန္နန္တိတ္ထေ နိယမော ဝုတ္တော တိ ယောဇနာ"ဟု မရှိသောကြောင့် ထိုအတိုင်း အနက်အဓိပ္ပာယ် မှတ်ပါ။]

ဣတိ၊ပေ၊နသိယာ။ ။[ပစ္စုပ္ပန္နန္တိမှ ဣတိကို "ဣတိ တသ္မာ"ဟု လည်းကောင်း, ကေန္ဆလက္ခဏနိယမောကို "ဆဝိညာဏဝိညေယျ သဘာဝသခ်ါတဿ ကေန္ဆ လက္ခဏဿနိယမော"ဟုလည်းကောင်း မရှုဖွင့်၏၊]ဣတိ တသ္မာ-ဤသို့ "ပစ္စုပ္ပန္နမေဝ"ဟု နိယမပြုလျှင် သဗ္ဗံရူပံ၌ ဝိညေယျအဖြစ်ဝယ် နိယမကို မဟော၊ ပစ္စုပ္ပန်ရုပ်၌သာ နိယမကို ဟောတော်မူရာရောက်သောကြောင့် အလုံးစုံသော ရုပ်၏ ဝိညေယျသဘောကို ပြတော်မမူအပ်ရာ ရောက်သည်၊ အမှန်အားဖြင့်ကား အလုံးစုံသောရုပ်မှာ ဝိညေယျ (သိထိုက်သော)သဘောရှိသည်သာ-ဟူလို။

တာရော - ဧဝသဒ္ဒါကို၊ ဝုတ္တော၊ ဥပ္ပန္နမေဝါတိ - ဟူ၍၊ နု (ဝုတ္တော)၊ တသ္မာ, ဥပ္ပန္နသေဝ- ပစ္စုပ္ပန်ရုပ်၏သာ၊ မနော ၊ပေ၊ ပတ္တိ- မနောဝိညာဏ်ဖြင့် သိထိုက်သည်၏အဖြစ်၌ သတ်မှတ်ခြင်းသို့ ရောက်ခြင်းသည်၊ နတ္ထိ၊ ဣတိ- ကြောင့်၊ သောတပတိတတ္တေန - ပဋ္ဌဝိညာဏ်အယဉ်၌ ကျရောက်သည်၏အဖြစ်ဖြင့်၊ ကိံ- အဘယ်အကျိုးရှိအံ့နည်း၊ တသ္မာ, ဝုတ္တနယေနေဝ-ဖြင့်၊ အတ္ထော-ကို၊ ယောဇေတဗ္ဗော-၏။

ကထံဝိဓံတိ-ကား၊ ဂုဏေဟိ - ဂုဏ်တို့ဖြင့်၊ ကထံသဏ္ဌိတံ - အဘယ်သို့သော ကောင်းစွာတည်သူကို၊ (သီလဝန္တံ ဝဒန္တိ၌စပ်၊).... ဉာဏမေဝ- ရှေးရှေးဉာဏ်သည်ပင်၊ ဉာဏဝတ္ထု - ဉာဏဝတ္ထုမည်၏၊.... သမာနဇာတိကာနံ - တူသောဇာတ်ရှိသူတို့ကို၊ သင်္ဂဟော-သိမ်းယူခြင်းသည်၊ (သဇာတိသင်္ဂဟော- မည်၏၊) ဝါ-တနည်း၊ သမာနဇာတိယာ - တူသောဇာတ်အားဖြင့်၊ သင်္ဂဟော-သည်၊ သဇာတိသင်္ဂဟော-မည်၏၊ ဧတ္ထ-ဤအရပ်၌၊ ဝါ-ဤ စိတ္တုပ္ပါဒ်၌၊ သဋ္ဌာယန္တိ- ကောင်းစွာ ဖြစ်ကုန်၏၊ ဣတိ - ကြောင့်၊ သဋ္ဌာတိ - မည်၏၊ သဋ္ဌာတိယာ- ကောင်းစွာ ဖြစ်ရာဒေသ, ကောင်းစွာဖြစ်ရာ စိတ္တုပ္ပါဒ်အားဖြင့်၊ သင်္ဂဟော- သည်၊ သဋ္ဌာတိသင်္ဂဟော-မည်၏၊ သဋ္ဌာတိဒေသေန-ကောင်းစွာဖြစ်ရာအရပ်, စိတ္တုပ္ပါဒ်အားဖြင့်၊ သင်္ဂဟော-သည်၊ (သဋ္ဌာတိသင်္ဂဟော-မည်၏၊) ဣတိ အတ္ထော။

အည ၊ပေ၊ ဝသေန-အချင်းချင်း လျော်သောကျေးဇူးကို ပြုခြင်း၏အစွမ်းအားဖြင့်လည်းကောင်း၊ အဝိပ္ပယောဂေနစ- မကွေမကွာ ယှဉ်ခြင်းအားဖြင့်လည်းကောင်း၊ သမာဓိဒေသေ-သမာဓိအရပ်၌၊ ဇာတာ-ဖြစ်ကုန်သော၊ သမ္မာသတိအာဒယော-သမ္မာသတိ အစရှိသောတရားတို့ကို၊ သမာဓိက္ခန္ဓေ - သမာဓိဂုဏ်ကျေးဇူး၌၊ သင်္ဂဟိတာ - သိမ်းယူအပ်ကုန်ပြီ၊ စ ဆက်၊ ယတ္ထ - အကြင် စိတ္တုပ္ပါဒ်၌၊ သတိ၊ပေ၊ ဝတော - သတိ အစရှိသော အဖော်သဟဲရှိသော၊

ပါဋ္ဌိယဋ္ဌ ၊ပေ၊ ပတိတတ္တေန။ ။အဋ္ဌကထာအဖွင့်၌ ထပ်၍ အပြစ်ပြလိုသောကြောင့် "ပါဋ္ဌိယဋ္ဌ" စသည်ကိုမိန့်သည်၊ ပါဋ္ဌိတော်၌ "ဝိညေယျမေဝ" ဟု ဝိညေယျ၌သာ ဧဝ ပါ၍, ဥပ္ပန္နံ၌ ဧဝ မပါ၊ ထိုသို့ မပါသောကြောင့် ပစ္စုပ္ပန်ရုပ်သာ မနောဝိညာဏ ဝိညေယျအဖြစ်သို့ မရောက်၊ ထိုသို့ မရောက်သောကြောင့် "မနောဝိညာဏ ဝိညေယျ" သည် "ပဋ္ဌဝိညာဏ် ဒေသနာအယဉ်၌ ပါဝင်၏" ဟူသော အဋ္ဌကထာ စကားလည်း အကျိုးမများတော့—ဟူလို။

တသ္မာ၊ပေ၊ယောဇေတဗ္ဗော။ ။ဤပြအပ်ပြီးသော အကြောင်း များကြောင့် "ဥပ္ပန္နံ ဆဟိ ဝိညာဏေဟိ ဝိညေယျံ"၌ ပဌမ ဖွင့်ပြခဲ့သော "အရူပတော ဝိဓုရံ ရူပသသဘာဝံ ဒသေတိ" စသည်ဖြင့် ဆိုအပ်ပြီးသော အတိုင်းသာ အနက်အဓိပ္ပာယ်ကို ယှဉ်ပါစေ။ [ဝုတ္တနယေနာတိ အရူပတော ဝိဓုရံတိ အာဒိနာ ဝုတ္တနယေန၊—အနူ။]

သမာဓိဿ-၏၊ အတ္တနော-၏၊ ကိစ္စကရဏံ-ကိစ္စကိုပြုခြင်းသည်၊ (ဟောတိ)၊ သော စိတ္တုပ္ပါဒေါ- ထိုစိတ္တုပ္ပါဒ်သည်၊ သမာဓိဒေသော- မည်၏၊ စ-ဆက်၊ သမ္မာ သက်ပ္ပဿ-၏၊ အပ္ပနာဘာဝတော-အပ္ပနာ၏ အဖြစ်အားဖြင့်၊ ပဋိဝေဓသဒိသံ- ပဋိဝေဓ ဉာဏ်နှင့်တူသော၊ ကိစ္စံ-ကိစ္စသည်၊ (ဟောတိ)၊ ဣတိ-ကြောင့်၊ သမာနေန-တူသော၊ ပဋိဝေဓ ကိစ္စေန-ပဋိဝေဓ ကိစ္စဖြင့်၊ ဒိဋ္ဌိသက်ပ္ပါ-သမ္မာဒိဋ္ဌိ, သမ္မာသက်ပ္ပတို့ကို၊ ပညက္ခန္ဓေ-၌၊ သင်္ဟိတာ-နပြီ၊ [ဤဝါကျများ၏ အဓိပ္ပာယ်ကို အဋ္ဌကတာနိဿယ၌ ပြထားပြီ။]—ရူပဝိဘတ္တိ ဧကကနိဒ္ဒေသဝဏ္ဏနာ- ရူပဝိဘတ္တိ၌ ဧကကအဖွင့်သည်၊ နိဋ္ဌိတာ-ပြီ။

ဒုကနိဒ္ဒေသ

ဥပါဒါဘာဇနီယကထာ အဖွင့်

အပ္ပ၊ ပေ၊ ဒဿနံ-အပ္ပရဇက္ခအစရှိသော သတ္တဝါအပေါင်းကို သိမြင်တတ်သော ဉာဏ်သည်၊ ဗုဒ္ဓစက္ခု-မည်၏၊ ဆသု-နဘော၊ အသာဓာရဏညာဏေသု-တို့တွင်၊ ဣန္ဒြိယပရောပရိယတ္တညာဏံ-ဣန္ဒြိယပရောပရိယတ္တဉာဏ်ဟူ၍၊ ဒဋ္ဌဗ္ဗံ၊ [အခြားနေရာ၌ "ဗုဒ္ဓစက္ခု" အရ "အာသယာနုသယဉာဏ်" ကိုလည်း ဖွင့်ကြ၏၊ သဗ္ဗံ၊ ပေ၊ ဒဿနံ-အလုံးစုံသော သခ်တတရား, အသခ်တတရားကို သိမြင်တတ်သော ဉာဏ်သည်၊ သမန္တစက္ခု-မည်၏၊ ဒုက္ခံ-ဒုက္ခသစ္စာတည်း၊ ပရိညေယ္ပ-ပိုင်းခြား၍ သိထိုက်သော တရားတည်း၊ ပရိညာတံ-ပိုင်းခြား၍ သိအပ်ပြီ၊ ဣတိ ဝေမာဒိနာ-သော၊ အာကာရေန-အခြင်းအရာအားဖြင့်၊ ပဝတ္တံ-ဖြစ်သော၊ ဉာဏဒဿနံ-သိမြင်တတ်သော ဉာဏ်သည်၊ ဉာဏစက္ခု-မည်၏၊ [ဝေမာဒိနာ၌ အာဒိသဒ္ဒါကို "ဒုက္ခံ, ပရိညေယ္ပ, ပရိညာတံ" ဟူသော ၃ပုဒ်လုံးတို့၌ အသီးအသီး ယှဉ်စေထိုက်၏၊ ဘာ့ကြောင့်နည်း.... "ဣဒံ အရိယသစ္စန္တိ မေ ဘိက္ခဝေ, ဣဒံ ဒုက္ခသမုဒယော အရိယသစ္စန္တိ မေ ဘိက္ခဝေ" စသည်ဖြင့် ဓမ္မစက္ကပဝတ္တနသုတ် ပါဋ္ဌိတော်၌ ဟောတော်မူသောကြောင့်တည်း၊] တမ္ပိ-ထို ဉာဏစက္ခုသည်လည်း၊ ပုရိမဒ္ဒယမိဝ-ရှေစက္ခု ၂ ပါး အပေါင်းကဲ့သို့၊ ကာမာဝစရံ-ကာမာဝစရတည်း၊ [မဟဂ္ဂုတ် လောကုတ္တရာဉာဏ် မဟုတ်-ဟူလို၊] စတုသစ္စဓမ္မဒဿနံ-၄ ပါးသော သစ္စာတရားတို့ကို သိမြင်တတ်သောဉာဏ်သည်၊ ဓမ္မစက္ခု-မည်၏။

ဥပတ္ထမ္ဘဘူတာ-ပသာဒစက္ခုကို ထောက်ပံ့ဘတ်သည်ဖြစ်၍ ဖြစ်ကုန်သော၊ စတု၊ ပေ၊ သန္တတိယော-၄ ပါးသောအကြောင်းကြောင့်ဖြစ်သောရုပ်ကလာပ်အစဉ်တို့သည်၊ သမ္ဘာရာ - သမ္ဘာရတို့ မည်၏၊ (ယံ-အကြင် စက္ခုသည်၊) သမ္ဘာရေဟိ-တို့နှင့်၊ သဟ (ဝတ္တတိ ဣတိ, တံ-ထိုစက္ခုသည်၊) သသမ္ဘာရံ-

မည်၏၊ သမ္ဘာရဝန္တံ-သမ္ဘာရရှိသော စက္ခု၊....သမ္ဘဝသမ္ဘူတံ-သမ္ဘဝအဖြစ်ဖြင့် ကောင်းစွာဖြစ်သော၊အာပေါဓာတုမေဝ-အာပေါဓာတ်ကိုပင်၊ သမ္ဘဝေါတိ-သမ္ဘဝဟူ၍၊ အာဟ။

ပရိမဏ္ဍလာဒိ သဏ္ဌာနဘူတံ-အဝန်းအဝိုင်း အစရှိသော ပုံသဏ္ဌာန်ဖြစ်၍ ဖြစ်သော၊ ဝဏ္ဏာယတနမေဝ-ဝဏ္ဏာယတနကိုပင်၊ သဏ္ဌာနန္တိ-ဟူ၍၊ (အာဟ)၊ ပန-ဆက်၊ တထာဘူတာနံ-ထိုသမ္ဘဝ, သဏ္ဌာနအခြင်းအရာအားဖြင့်ဖြစ်သည်လည်း ဖြစ်ကုန်သော၊ အတထာဘူတာနံ စ-ထိုသမ္ဘဝ, သဏ္ဌာနအခြင်းအရာအားဖြင့် မဖြစ်သည်လည်းဖြစ်ကုန်သော၊ အာပေါဓာတု ဝဏ္ဏာယတနာနံ-အာပေါဓာတ်, ဝဏ္ဏာယတနတို့၏၊ ယထာ ဝုတ္တေ-အကြင်အကြင် ဆိုအပ်ပြီးသော၊(အဋ္ဌကထာ၌ ဆိုအပ်ပြီးသော၊)မံသပိဏ္ဍေ-အသားဆိုင်၌၊ဝိဇ္ဇမာနတ္တာ-ထင်ရှားရှိကုန်သည်၏ အဖြစ်ကြောင့်၊ တေသံ-ထိုသမ္ဘဝ, သဏ္ဌာနတို့ကို၊ ဝိသုံ-အာပေါဓာတ်, ဝဏ္ဏာယတနတို့မှ သီးခြား၊ ဝစနံ-ဆိုခြင်းသည်၊ (ဟောတိ)၊ ဟိ-မှန်၊ မံသပိဏ္ဍော - သည်၊ စုဒ္ဒသ သမ္ဘာရော-၁၄ ပါးသော ရုပ်ဟူသော သမ္ဘာရ ရှိ၏။ [ဝဏ္ဏ-သဏ္ဌာန ၂ ခုထည့်မှ ၁၄ ပါး ပြည့်၏။]

စတုဓာတုနိဿိတေဟိ - ဓာတ်ကြီး ၄ ပါးကို မှီကုန်သောရုပ်တို့နှင့်၊ သဟ-တက္ခ၊ (တွဲဘက်၍၊) ဝုတ္တဿ-ဆိုအပ်သော၊ သမ္ဘဝဿ-သုက်၏၊ ဓာတုတ္တယ နိဿိတတာ-ဓာတ် ၃ ပါးအပေါင်းကို မှီသည်၏ အဖြစ်ကို၊ ယောဇေတဗ္ဗာ-၏၊ [ကလာပ်တခုတည်း၌ ဓာတ်ကြီး ၄ ပါးရှိရာဝယ် သမ္ဘဝရုပ်က အာပေါဓာတ် ဖြစ်နေသောကြောင့် ကြွင်းသောဓာတ် ၃ ပါးကိုသာ မှီရသည်-ဟူလို] သဏ္ဌာနကား ဥပါဒါရုပ်ဖြစ်သောကြောင့် ဓာတ်ကြီး ၄ ပါးလုံးကို မှီနိုင်သည်။ ဝါ-တနည်း၊ အာပေါ၊ပေ၊ မေဝ-အာပေါဓာတ်, ဝဏ္ဏာယတနတို့၏ချည်းသာ၊ သမ္ဘဝသဏ္ဌာနာဘာဝါ-သမ္ဘဝ, သဏ္ဌာန မဟုတ်ခြင်းကြောင့်၊ [သူတို့ချည်းမက, အခြားရုပ်တွေပါ ပေါင်းမှ သမ္ဘဝ, သဏ္ဌာနဖြစ်ခြင်းကြောင့်-ဟူလို၊] ဝိသုံ-အာပေါဓာတ်, ဝဏ္ဏာယတနတို့မှ သီးခြား၊ ဝုတ္တာ၊ ဣတိ-ကြောင့်၊ စတုဓာဟုနိဿိတတာ စ-ဓာတ်ကြီး ၄ ပါးကို မှီသည်၏အဖြစ်သည်လည်း၊ နဝိရုဇ္ဈတိ-မဆန့်ကျင်။

